
www.burmeseclassic.com

BURMESE CLASSIC .com



www.burmeseclassic.com

# လာခြင်းကောင်းသောအရှင်

## မြသန်းတင့်

# THE LORD COMES

by

Robert Payne

www.burmeseclassic.com

# မြန်မာပြန်သူ၏အမှာ

'လာခြင်းကောင်းသောအရှင်' သည် ဝတ္ထုဆန်ဆန် ရေးထားသော ဗုဒ္ဓဝင်အကျဉ်းချုပ်ဖြစ်သည်။ သိဒ္ဓတ္ထမင်းသား ဖွားတော်မူခန်းမှစ၍ တောထွက်ခန်း၊ ဘုရားဖြစ်တော်မူခန်း၊ ဒေသစာရီကြွခန်း၊ ပရိနိဗ္ဗာန်စံတော်မူခန်းအထိ ဖြစ်သည်။ တစ်နည်းပြောရလျှင် ဝတ္ထုဆန်ဆန်ရေးထားသော ဗုဒ္ဓ၏ ထေရုပ္ပတ္တိဖြစ်သည်။ ဝတ္ထုဆန်ဆန်ဟုဆိုရခြင်းမှာ အခြားကြောင့်မဟုတ်။ ခေတ်စကားပြေဖြင့် ရေးထားခြင်းကို ဆိုလိုခြင်းဖြစ်သည်။

မူရင်းရေးသူမှာ အမေရိကန်သတင်းဆရာနှင့် စာရေးဆရာ ရောဘတ်ပိန်းဖြစ်သည်။ သူသည် တရုတ်ပြည်မှ နာမည်ကြီး တက္ကသိုလ်များဖြစ်သော ဖူတန်တက္ကသိုလ်နှင့် လီယန်တာတက္ကသိုလ်များတွင် အင်္ဂလိပ်စာပေပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သည်။ စစ်ဖြစ်လာသည့်အခါတွင် သူသည် ချုံကင်းတွင် ယဉ်ကျေးမှုဆက်သွယ်ရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။ တရုတ်ပြည်တွင်း စစ်ကာလတုန်းက သတင်းထောက်တစ်ယောက်အဖြစ် မော်စီတုန်းနေထိုင်ရာ ယင်အန်းရှိ ကျောက်ဂူများဆီသို့ သွားရောက်ကာ မော်စီတုန်းနှင့် တွေ့ဆုံပြီး သူ့ဘဝအကြောင်းကို မေးမြန်းပြီး မော်စီတုန်း၏ အတ္ထုပ္ပတ္တိကို ရေးခဲ့သည်။ ထို့ပြင် လီနင်၊ စတာလင်၊ အာရေဗျမှ လောရင့်စ် စသူတို့၏ အတ္ထုပ္ပတ္တိများ၊ ဝတ္ထုများ၊ ခရီးသွားမှတ်တမ်းများ၊ ကဗျာများစသည်တို့ကို စာအုပ်ပေါင်း ၆၀ ကျော်မျှ ရေးသားခဲ့သည်။

ယခုစာအုပ်မှာ ရောဘတ်ပိန်း၏ 'အရှင်ကြွတော်မူလာပြီ'ဆိုသည့် အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော စာအုပ်မှ မြန်မာပြန်ခြင်းဖြစ်သည်။ ရောဘတ်ပိန်းသည် ဗုဒ္ဓဝင်ကျမ်းများ၊ ပိဋကတ်တော်များကို လေ့လာကာ ယင်းတို့ကို အခြေတည်၍ ဗုဒ္ဓ၏ ဘဝဖြစ်စဉ်ကို ရေးပြထားခြင်းဖြစ်သည်။

ရောဘတ်ပိန်း၏ စာအုပ်ကို မြန်မာပြန်ရန် ပြင်ဆင်သည့်အခါတွင် ကျွန်တော်သည် ကျီးသဲလေးထပ်ဆရာတော်ကြီး၏ ဇိနတ္ထပကာသနီကျမ်း၊

ဒုတိယမဲထီး ဆရာတော်၏ မာလာလင်္ကာရ ဝတ္ထုတော်ကြီး၊ ကျီးသဲလေးထပ် ဆရာတော်ကြီး၏ မဟာဝင်ကျမ်း၊ မဲထီးဆရာတော်၏ ထေရဝါဒ သာသနာ ဆက်အလင်းပြဝံသဒီပနီ၊ အရှင်ကဝိန္ဒာဘိဝံသမဟာထေရ်ရေးသားပြု စုသည့် ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုများ၊ အရှင်စန္ဒိမာပြုစုသည့် ဓမ္မပဒဝတ္ထုတော်ကြီး အုပ်တွဲများ၊ ဦးဝိစိတ္တသာရာဘိဝံသပြုစုသည့် မဟာဗုဒ္ဓဝင်ကျမ်းအတွဲများ၊ မင်းကွန်းအရှင်သုန္ဒရာဘိဝံသဆရာတော်ပြုစုသည့် သီရိလလီတဝိတ္ထာရကျမ်း၊ ဝဏ္ဏသီရိပြုစုသည့် ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်းစသည့် ကျမ်းများနှင့် တိုက်ဆိုင်ညှိနှိုင်းပါသည်။

ဤစာအုပ်မှာ သက်ရှယ်အိုမင်းလုပြီဖြစ်သော ညီတော်အာနန္ဒာက သူနှင့်နောင်တော် သိဒ္ဓတ္ထတို့ ငယ်ငယ်ကတည်းက နန်းတော်ထဲတွင် အတူကြီးပြင်းခဲ့ကြပုံ၊ တောလည်ထွက်ကြပုံ၊ မမြဲသောတရားကို ငယ်ရွယ်စဉ်ကတည်းက နောင်တော်သဘောပေါက်ခဲ့ပုံ၊ နန်းစည်းစိမ်ကို စွန့်ပုံ၊ ဒုက္ကရစရိယကျင့်ခဲ့ပုံ၊ ဉာဏ်အလင်းရခဲ့ပုံ၊ သူနှင့်အတူ ဒေသစာရီကြွချီခဲ့ပုံ၊ ပရိနိဗ္ဗာန်စံတော်မူပုံတို့ကို ပြန်ပြောင်းသတိရကာ အမှတ်တရမှတ်တမ်းပုံစံဖြင့် ရေးထားခြင်းဖြစ်သည်။

ဤစာအုပ်တစ်နေရာ၌ အနေကဇာတိသံသာရံအစချီသော ဥဒါန်းဂါထာတော်ကို မြန်မာပြန်ရာတွင် ကျွန်တော်သည် မူကွဲနှစ်ခုကို ဖော်ပြထားပါသည်။ တစ်ခုမှာ မင်းကွန်းဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ ဘာသာပြန်ချက်ဖြစ်ပြီး ဒုတိယတစ်ခုမှာ ဆရာကြီးမင်းသုဝဏ်၏ ဘာသာပြန်ချက်ဖြစ်ပါသည်။

သဘင်မဂ္ဂဇင်းတွင် ဖော်ပြခဲ့စဉ်က 'အတိတ်ကို ဆောင်သည့်ရှိသော်' ဟူသော အမည်ဖြင့် ဖော်ပြခဲ့သော်လည်း စာအုပ်ထုတ်ဝေသည့်အခါ၌ 'လာခြင်းကောင်းသော အရှင်'ဟူသော အမည်ဖြင့် ထုတ်ဝေခဲ့ပါသည်။ ယခုလည်း ထိုအမည်အတိုင်း ထုတ်ဝေပါသည်။

ဤစာအုပ်ကို ပြန်ဆိုရာတွင် ကူညီခဲ့ကြသည့် ကဗျာဆရာမောင်မြင့်မြတ်၊ မဂ္ဂဇင်းဝတ္ထုရှည်အဖြစ်ဖော်ပြပေးခဲ့သော သဘင်မဂ္ဂဇင်း၊ ပထမအကြိမ်ပုံနှိပ်ထုတ်ဝေသော မြတ်စုမွန်စာပေတိုက်နှင့် ဒုတိယအကြိမ်ထုတ်ဝေသော Crystal Palace စာအုပ်တိုက်တို့ကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြပါသည်။

**မြသန်းတင့်**
**၁၃၅၈ ခု၊ နတ်တော်လဆန်း ၇ ရက်နေ့**
**၁၉၉၆ ခု၊ ဒီဇင်ဘာလ ၁၇ ရက်နေ့၊ ရန်ကုန်မြို့။**

## ၁

ဘုရားရှင်ဗုဒ္ဓ၏ ဝမ်းကွဲညီတော်ဖြစ်၍ နှစ်လိုသူဟု အဓိပ္ပာယ်ရသော ကျုပ် အာနန္ဒာသည် အိုမင်းစပြုပြီ။ ထို့ကြောင့် သတိကောင်းစဉ် ဗုဒ္ဓအရှင်တော်သည် ပန်းကုံးတို့ဆင်ယင်၍ တောင်ထွတ်တို့၏ ငြိမ်းချမ်းမှုကို လက်ဖြင့်ကိုင်လျက် ကမ္ဘာလောကကြီးထဲသို့ မည်သို့မည်ပုံ ဝင်ရောက်လာခဲ့ကြောင်းကို နှောင်းသူတို့ သိစေခြင်းငှာ ဤစာများကို ရေးခဲ့ခြင်းဖြစ်၏။

ညချမ်းချိန်ရောက်သည်နှင့် ရဟန်းသံဃာတို့သည် ကျုပ်၏ ကမ္မဋ္ဌာန်းကျောင်းသို့ရောက်လာကြကာ ဗုဒ္ဓရှင်တော်ဘဝနှင့် ပတ်သက်၍ ထိုအချက်၊ ဤအချက်တို့ကို ပြောပြရန် တောင်းပန်ကြ၏။

အရှင်သည် ဗုဒ္ဓရှင်တော်၏အကြောင်းကို အခြားသူထက် သိသူဖြစ်ပေ၏။

ယခုပင်လျှင် အရှင်၏ မှတ်ဉာဏ်တို့သည် မှေးမှိန်စပြုပြီ။ မကြာမီပင် အရှင်သည်လည်း ခန္ဓာဝန်ကို ချရပေတော့မည်။ ထိုအခါတွင် ဗုဒ္ဓရှင်တော်သည် မည်သို့သော ပုဂ္ဂိုလ်ဖြစ်သည်ကို ကျွန်ုပ်တို့ မည်သို့ သိနိုင်တော့မည်နည်းဟု ရဟန်းတို့က မကြာခဏလျှောက်တင်ကြ၏။

တစ်ခါတစ်ရံတွင်မူ ကျုပ်သည် ရဟန်းတို့ စကားကို နားထောင်ပြီးနောက် ဗုဒ္ဓရှင်တော်ပြောသည့်နည်းတူ သူတို့အား ဥပမာလင်္ကာများဖြင့် ပြောပြ၏။

ကျုပ်သည် စိမ်းလန်းသော မြက်ရွက်ကလေးတစ်ရွက် ကိုကိုင်ပြသည်။ သို့မဟုတ် နှင်းပွင့်တစ်ဆုပ်ကို ကောက်ပြသည်။ သို့မဟုတ် ရှဉ့်ကလေးတစ်ကောင်၊ ကျားသစ်ငယ်တစ်ကောင် စသည်ဖြင့် မွေးကင်းစ တိရစ္ဆာန်ငယ်ကလေးတစ်ကောင်ကို ပြမည်။ မည်သို့မျှကား မပြောချေ။ ကျုပ်ပြောလိုသည့် အဓိပ္ပာယ်ကို သူတို့နားလည်မည်ထင်၍ ဤသို့ဘာမျှမပြောဘဲ ဥပမာလောက်မျှသာ ပြခြင်းဖြစ်၏။

ဗုဒ္ဓရှင်တော်မြတ်သည် လောကကြီး၏ ထွန်းသစ်စ မနက်ခင်းသန့် စင်မှုထဲတွင် မွေးဖွားသူဖြစ်ပေ၏ဟု ကျုပ်စိတ်ထဲတွင် ကျုပ်ဘာသာကျုပ် ပြော နေမိ၏။

ယခုမူ ကျုပ်သည် အသက်ကြီးလာပြီဖြစ်သည့်အလျောက် ညညတွင် ကောင်းစွာ အိပ်မပျော်တော့။ ထိုအခါ၌ ဗုဒ္ဓရှင်တော်နှင့် ပတ်သက်သည့် သတိ ရဖွယ်တို့သည် ကျုပ်မှတ်ဉာဏ်ထဲသို့ ရောက်လာကြကာ လှုပတင့်တယ်မှုတို့ ဖြင့် ကျုပ်ကို အိပ်မပျော်အောင် လုပ်နေကြသကဲ့သို့ရှိ၏။

ဗုဒ္ဓရှင်တော်၏ ဂုဏ်ကျက်သရေကို မြင်သည့်အခါတွင် ကြည်နူး ခြင်းကြောင့် ကျုပ်သည် အသက်ကိုပင် အနိုင်နိုင်ရှူရ၏။ ပြန်တွေးလိုက်သည့် အခါတွင် ပန်းကုံးတို့ကို ဆင်ယင်လျက် တောအုပ်တို့အလယ်တွင် လျှောက် သွားနေသည့် နုနယ်ပျိုမျစ်သော လုလင်တစ်ယောက်၏ သဏ္ဌာန်ကို ကျုပ် ပထမဆုံးမြင်တတ်သည်။ သို့မဟုတ်လျှင်လည်း ကချေသည်တို့အလယ်၌ နူတ် ခမ်းတွင် ပျားဖယောင်းနီတို့ စွန်းထင်လျက်၊ မျက်ခွံတွင် ဒန်းစိမ်းတို့ဆိုးကာ ရောင်စုံပိုးထည်တို့ကို ဝတ်ဆင်ထားသည့် မင်းပျိုတစ်ဦး၏ သဏ္ဌာန်ကို မြင် ယောင်နေတတ်ပြန်သည်။ တစ်ခါတစ်ရံတွင်လည်း ထီးနန်းစည်းစိမ်တို့ကို စွန့် လွှတ်ပြီးနောက် နံရိုးတို့သည် ထက်လှစွာသော ဓားများကဲ့သို့ အရေကို စူး ဝင်သည်အထိ ပိန်ချုံးကာ ဒုက္ကရစရိယ ကျင့်တော်မူခဲ့သည့် ကာလကသဏ္ဌာန် ကို မြင်ယောင်တတ်ပြန်သည်။

သို့ရာတွင် ကျုပ်မျက်စိထဲ၌ အထင်အရှားဆုံး သဏ္ဌာန်မှာ ဝါရွှေ သော သင်္ကန်းကိုဆီးထားလျက် သက်ရွယ်ကြီးရင့်တော်မူပြီဖြစ်သည့် ဗုဒ္ဓရှင် တော် သဗ္ဗညုတရွှေဉာဏ်တော်ရတော်မူပြီးနောက် လူအပေါင်းတို့အား တရား ရေအေးတိုက်ကျွေးနေသော ဗုဒ္ဓရှင်တော်၊ ဝေဒနာအပေါင်းတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ဝင်ရန် ပြင်ဆင်လျက်ရှိသော ဗုဒ္ဓရှင်တော်ကိုသာ ကျုပ် ပြက်ပြက်ထင် ထင် မြင်ယောင်နေတတ်သည်။

ဤစာကို ရေးနေစဉ် တစ်ခါတစ်ရံ၌ ကျုပ်သည် ဗုဒ္ဓရှင်တော်၏ အသံကို ကြားမိသည်ဟု ထင်၏။ ပရိနိဗ္ဗာန် စံတော်မူပြီးသည်မှာ နှစ်အတန် ငယ်ကြာပြီဖြစ်သည့်တိုင် ရှင်တော်သည် ကျုပ်ကမ္ဗဋ္ဌာန်းကျောင်းလေးထဲတွင် ရောက်နေသည်ဟု ထင်မိ၏။

ကျုပ်သည် ဗုဒ္ဓအရှင်၏အကြောင်းကို မည်သို့ပြောရမည်နည်း။ ဗုဒ္ဓ ရှင်တော်၏ စိတ်ကို ညစ်ညူးနောက်ကျိနေခဲ့သည့် သောကတို့ကို မည်သို့ရေး ပြရမည်နည်း။ ဗုဒ္ဓရှင်တော်၏ နာကျည်းမှု၊ တိတ်ဆိတ်မှု၊ ဗုဒ္ဓရှင်တော်၏ အပြုံးတို့ ချိုမြပုံကို မည်သို့ ရေးပြရမည်နည်း။ သံမဏိတို့ထက် မာကျောသော

အရှင်၏ လက်တော်တို့အကြောင်းကို ရေးပြရမည်လော။ ကြေးနီကဲ့သို့ တောက်ပသည့် ဦးခေါင်းတော်အကြောင်းကို ရေးပြရမည်လော။ တစ်ခါတစ် ရံတွင်မူ ကျုပ်သည် မျက်လုံးကို မှိတ်၍ စဉ်းစားရာမှ ဖွင့်ကြည့်လိုက်မိသည်။

ထိုအခါမျိုးတွင် ကျုပ်၏ ကမ္ဗဋ္ဌာန်းကျောင်း နံရံထောင့်တွင် မလှုပ် မယှက် ရပ်တော်မူလျက်ရှိသည်ကို မြင်ရ၏။

ဗုဒ္ဓအရှင်သည် မည်သို့မျှ ပြောဆိုခြင်းမရှိ။ မျက်လုံးတော်တို့ကို မဖွင့်။ လက်တော်တို့ကို ဘေးသို့ချထားလျက်ရှိ၏။ ထိုအခါမျိုး၌ ကျုပ်သည် မျက်နှာ တော်၏ တည်ငြိမ်ခြင်းနှင့် အပြုံး၏ လျှို့ဝှက်ဆန်းကြယ်ခြင်းကို ကြည့်ရာမှ ဗုဒ္ဓရှင်တော်သည် ကမ္ဘာကြီး ကျွတ်တမ်းဝင်မည့်အချိန်ကို စောင့်ဆိုင်းလျက်ရှိ သည်တကားဟု အောက်မေ့မိ၏။

ကျုပ်သည် အိုလှပြီ။ ကလောင်ကိုင်ထားသည့် ကျုပ်လက်တို့သည် လည်း တုန်ချိစပြုပြီ။ ကျုပ်မျက်လုံးတို့သည်လည်း မှုန်မွဲသီဝေစပြုကြပြီ။

နောင်ဆိုလျှင် ကျုပ်သည် အခြားသံဃာနှစ်ပါး သုံးပါးတို့ကို နှုတ်မှ ချ၍ အရေးခိုင်းတော့မည်။ ယခု ကလောင်ကိုင်ထားသည့် အချိန်ထိမူကား ဗုဒ္ဓရှင်တော်သည် ကျုပ် ကမ္ဗဋ္ဌာန်းကျောင်းကလေးထဲတွင် ကိုယ်တော်တိုင်ရပ် တော်မူလျက် ရှိသေးသည့်အတွက် ကျုပ်အား အဆုံးတိုင်ရေးနိုင်အောင် စောင်မ တော့မည်ဟု ကျုပ်ယုံကြည်လျက်ရှိ၏။

## ၂

ညဉ့်နက်လှပြီ။

ကျောက်ခုံပေါ်တွင် ထွန်းထားသည့် ဖယောင်းတိုင်သည် တောက်လျက်ရှိသည်။ ညောင်ပင်မှ ညောင်ကိုင်းတို့သည် ကျုပ်ကျောင်းပြတင်းပေါက်ကို လာ၍ ရိုက်ပုတ်လျက် ရှိနေ၏။ အပြင်တွင်ကား လရောင်သည် ဝင်းပလျက်ရှိ၏။ လသည် ပန်းပွင့်များပေါ်မှ ထွက်လာခဲ့လေပြီ။

ဆိတ်ကျောင်းသူငယ်၏ ပလွေသံမှအပ ကျောင်းအရာတစ်ခုလုံးသည် တိတ်ဆိတ်လျက်ရှိ၏။ ဆိတ်ကျောင်းသူငယ်သည် အဘယ်ကြောင့် ကျောင်းဝင်းထဲတွင် ရောက်နေသည်ကို ကျုပ်မသိ။ ဆိတ်ကျောင်းသူငယ်သည် ဗုဒ္ဓအရှင်ကို အောက်မေ့ကြည်ညိုခြင်းပြုစေရန် ကျုပ်ကို သတိပေးဖို့ လာလေသလော။

ထို့ကြောင့်ပင် ကျုပ်သည် ကြည့်လေရာတွင် ဗုဒ္ဓအရှင်၏ တင့်တယ်သော အသရေကို မြင်လျက်ရှိနေခြင်းလော။ နောင်တော်သိဒ္ဓတ္ထသည်လည်း ငယ်စဉ်ကပင် ဤဆိတ်ကျောင်းသူငယ်ကဲ့သို့ပင် ပျို့မျစ်နုနယ်နေခဲ့၏။ ကျုပ်ကိုယ်တိုင်သည်လည်း ထိုစဉ်က သွက်လက်ပေါ့ပါးခဲ့၏။

ထိုစဉ်က ကျုပ်တို့သည် ပြာမှိုင်းသော ဟိမဝန္တာ တောအုပ်အလယ်တွင် လှည့်လည်ခဲ့ကြ၏။ တစ်နေ့လုံး တစ်ညလုံး စကားပြောခဲ့ကြ၏။ ထိုစဉ်က ကျုပ်တို့သည် နန်းမြို့ရိုးဘက်ဆီမှ ခရုသင်းသံများနှင့် ကျုပ်တို့ကို လိုက်ရှာနေသော လယ်သမားများ၏ ခေါ်သံကို ကြားနေကြရသည်။ သို့တိုင်အောင် ကျုပ်တို့သည် မပြန်ကြသေးဘဲ မြက်ရှည်တောထဲတွင် တိတ်တဆိတ် ထိုင်နေကြကာ အရုဏ်တက်သည့်အခါတွင်မှ နန်းတော်သို့ ပြန်ခဲ့ကြသည်။

ဆိတ်ကျောင်းသူငယ်သည် ကျောက်ဖျာထက်တွင် ထိုင်ကာ လမင်းကို ကြည့်၍ ပလွေမှုတ်လျက်ရှိ၏။ ကျုပ်တို့သည်လည်း ဤကျောက်ဖျာထက်တွင် တေးဆိုခဲ့ကြဖူး၏။ ထိုစဉ်က နောင်တော် သိဒ္ဓတ္ထသည် ပလွေကို မှုတ်

လျက်၊ ကျုပ်က ကျုရိုးကို မှုတ်လျက် အင်ကြင်းတို့ ပင်လုံးဝေအောင် ပွင့်နေသည့် တောင်ခြေကို လှမ်းမျှော်ကြည့်ရင်း ကြည်နူးခဲ့ကြဖူး၏။

ထိုစဉ်ကမူ နေမင်းသည် ကောင်းကင်တွင် ယခုအချိန်ထက် ထွန်းလင်းသည်ဟု အောက်မေ့မိ၏။ သစ်ရွက်တို့သည်လည်း ယခုထက်ပို၍ စိမ်းသည်ဟု ထင်ခဲ့မိ၏။ ရေသည်လည်း ယခုထက် ငွေရောင်တောက်ပသည်ဟု မှတ်ခဲ့ကြ၏။

ထိုစဉ်က အရာအားလုံးသည် ယခုထက်ပေါ်များ၏။ အစာငတ်မွတ်သူဟူ၍လည်း မရှိ။ ရေငတ်သူဟူ၍လည်း မရှိ။ ယခုမူ ကမ္ဘာကြီးသည် ပြောင်းခဲ့ပြီ။ လရောင်အောက်တွင် တေးဆို၍ ကခုန်နေသော ဆိတ်ကျောင်းသူငယ်ကို မြင်သည့်အခါ၌ သိုက်မြုံထဲတွင် အိပ်နေသည့် ကျွဲကျောင်းဆက်ရက်ကလေးတွေ လန့်နိုးအောင် ကျုပ်တို့တစ်တွေ ကခုန်မြူးထူးခဲ့ကြသည်ကို ကျုပ်အမှတ်ရ၏။

အခုဆိတ်ကျောင်းသူငယ် တေးဆိုရပ်၍ ပြန်သွားသည့်အခါတွင် လမိုက်သည့် ညတစ်ညကို ကျုပ်ပြန်သတိရ၏။ နွေလယ်ဖြစ်၏။ ကျုပ်တို့သည် ခိုလှုံရာကိုရှာရန် တောထဲသို့ သွားခဲ့ကြသည်။ ထိုစဉ်က နောင်တော်သိဒ္ဓတ္ထမှာ တစ်ဆယ့်ခုနစ်နှစ်ရှိလေပြီ။ ကျုပ်ကမူ သူ့ထက်လေးနှစ်ခန့်ငယ်၏။ နောင်တော် သိဒ္ဓတ္ထသည် ပိုးဝတ်ရုံကို ဝတ်ထားပြီး ခါးတွင် အပြာရောင်ခါးပတ်ကို ဝတ်ထား၏။

မှောင်မိုက်လျက်ရှိသဖြင့် တစ်ယောက်ကို တစ်ယောက် သဲကွဲစွာ မမြင်ကြရ။ တစ်ခါတစ်ခါမှ တောဝက်အုပ်များ အော်သံကို ကြားရပြီး၊ တစ်ချီတစ်ချီတွင်လည်း ကျားချင်းတစ်ကောင့်တစ်ကောင် မာန်ဖီဟိန်းဟောက်နေသံများကြား၏။ တစ်နေရာမှ တိရစ္ဆာန်များ အစွယ်သွေးနေသံတို့ကိုလည်း ကြားရတတ်သေး၏။

နောင်တော်သိဒ္ဓတ္ထသည် ကျုပ်ရှေ့မှ ထွက်သွား၏။ ကျုပ်က သူ့ကို လှမ်းခေါ်သည်။ သို့ရာတွင် ထူးသံမကြားရ။ ညက မှောင်မိုက်လျက်။ ကျုပ်သည် သူ့ကို တစ်ကြော်ကြော်ခေါ်၏။

ကျုပ်အနီးတွင်ပင် ရှိလိမ့်မည်ဟု ထင်သဖြင့် ခေါ်ခြင်းဖြစ်၏။ သူ့အသက်ရှူသံကို ကြားနေရသည်ဟု ကျုပ်ဘာသာ ကျုပ်ထင်နေ၏။ ထို့ကြောင့် ကျုပ်သည် သူ့ကိုအသံကုန်အော်ဟစ်၍ ခေါ်၏။ သို့ရာတွင် ထူးသံမကြားရ။ အဝေးမှ ဝံပုလွေတစ်ကောင်၏ အူသံကိုသာ ခပ်သဲ့သဲ့ကြားရသည်။

ကျုပ်သည် ဘယ်လောက်ကြာအောင် အော်ခေါ်နေသည်မသိ။ သတိရ၍ မော့ကြည့်လိုက်သည့်အခါတွင် ကောင်းကင်သည် မြေခွေးမြီးဖြင့် အုပ်ထား

သကဲ့သို့ မည်းညိုသော တိမ်တိုက်တို့ဖြင့် ဖုံးလျက်ရှိသည်ကို မြင်ရ၏။ မိုးက လည်း သစ်ရွက်များပေါ်သို့ တဖြောက်ဖြောက် ရွာချလျက်ရှိသည်။ ကျုပ်တစ် ကိုယ်လုံး စိုရွဲကာ ကိုယ်ပေါ်တွင် ပုရွက်ဆိတ်တွေ တွားသွားလျက်ရှိသည်ကို တွေ့ရသည်။

ကျုပ်သည် ကြောက်လွန်းသဖြင့် မိန်းမပျိုတစ်ယောက်လို ရှိုက်ကြီး တငင်ငိုနေမိသည်။ ကျုပ်တွင် ဖိနပ်ခြေနင်းလည်း မရှိတော့။ ကျုပ်ခြေထောက် တို့သည် ပွန်းပဲ့ကုန်ကြပြီ။ မိုးကလည်း သဲသဲမဲမဲရွာချနေဆဲ။ ကျားဟိန်းသံများ ကိုလည်း ကြားနေရသည်။ တစ်စ တစ်စနှင့် ကျုပ်တစ်ကိုယ်လုံး ခိုက်ခိုက်တုန် အောင်ချမ်းစပြုလာပြီ။ သားရဲတိရစ္ဆာန်များသည် ကျုပ်အနီးသို့ ရောက်လာပြီ ဟု ကျုပ်စိတ်ထဲတွင် ထင်မိ၏။ မြက်တောထဲရှိ တရှဲရှဲမြည်သံများကို ကြားနေရ သည်။

သစ်ကိုင်းတို့သည် လေပြင်းထဲတွင် ကျိုးကျိုးကျည်ကျည် မြည်လျက် ရှိ၏။ အဝေးရှိ မြက်ရှည်တောပေါ်သို့ မိုးစက်တို့ကျသံ၊ အနီးရှိ သစ်ရွက်များ ပေါ်သို့ မိုးပေါက်များကျသံတို့သည် ကျုပ်နားတွင် ဆူညံလျက်ရှိ၏။

ကျုပ်စိတ်ထဲတွင် အရာအားလုံးတို့ကို မြင်လိုက်ရသည်ဟု ထင်၏။ ကျားတစ်ကောင်၏ အနီရောင်မျက်လုံးကြီးများ၊ ကျားသစ်တစ်ကောင်၏ အ စိမ်းရောင် မျက်လုံးကြီးများတို့နှင့် ခြသေ့်တစ်ကောင်၏ အဝါရောင်လည်ဆံ မွေးများကို မြင်လိုက်သည်ဟု စိတ်ထဲတွင် ထင်မိ၏။ စိတ်တွင်ထင်၏ဟု ကျုပ်ပြောသော်လည်း ကျုပ်စိတ်ထဲတွင် တကယ်အမှန်ဟုပင် ထင်မိသည်။

ကျုပ်သည် ကိုယ့်ကိုယ်ကို ယို့ကာ မျက်နှာကို လက်ဖြင့် အုပ်ထား လိုက်သည်။ သူတို့စားသောက်ဝါးမြိုခြင်းကို ခံရတော့မည်ဟု တွေးမိ၏။ သို့ ရာတွင် ထိုအရာများ ကျုပ်အနီးသို့ ရောက်မလာခဲ့ကြ။ သူတို့သည် ကျုပ်နှင့် မလှမ်းမကမ်းတွင် ရှိနေကြသော်လည်း ကျုပ်ကို မမြင်ခဲ့ကြ။ ထို့နောက်တွင် မှ ကျုပ်သည် အိပ်ပျော်သွားသည်ဟု ထင်လိုက်၏။ ကျုပ်တို့သည် ကြောက် သောအခါတွင် မေ့မြောသွားတတ်ကြသည်ကို ကျုပ်မြင်ဖူး၏။

အိပ်ရာမှ ပြန်နိုးလာသည့်အခါတွင် ကျုပ်သည် မနေ့ညက မြင်ခဲ့ သော ခြောက်အိပ်မက်များကို ပြန်၍ အမှတ်ရလျက်ရှိကာ ကျုပ်တစ်ကိုယ်လုံး သည် အေးစက်တောင့်တင်းလျက်ရှိ၏။ ကျုပ် ပြန်နိုးလာသည့်အချိန်တွင် နေ မင်းသည် ရွှင်လန်းလျက်ရှိလေပြီ။ ရှုခင်းသည် ရွှေရောင်နှင့် မြရောင် ဝိုးဝါး ရောထွေးလျက် ရှိ၏။

မြက်ရှည်တောထဲတွင် နှင်းမြူတို့ ဝေ့ဝဲလျက်ရှိပေ၏။ မော့ကြည့် လိုက်သည့်အခါတွင် ကိုယ်အထက်ပိုင်း ဗလာဖြင့် ခေါင်းတွင် တောပန်းတွေ

ကို ဝေနေအောင် ပန်ထားသည့် နောင်တော် သိဒ္ဓတ္ထကို တွေ့ရသည်။ နောင် တော် သိဒ္ဓတ္ထသည် ပြုံးလျက်ရှိ၏။

"ကြောက်နေသလား အာနန္ဒာ၊ နောင်တော်ရှိနေတာပဲ၊ ဘာ ကြောက်စရာရှိလဲ"

ဟု ကျုပ်ကို မေး၏။ ကျုပ်သည် သူ့အမေးကို မဖြေမိ။

"မျောက်တွေက အော်လို့၊ မြွေစိမ်းတွေက မြက်တောထဲမှာ ခွေ လို့၊ အန္တရာယ်ဟာ အမြဲတမ်းရှိနေတယ် ညီတော်၊ သို့သော်လည်း အန္တရာယ်အပေါင်းတို့အနက် အကြီးဆုံးအန္တရာယ်ဟာ ကြောက်ခြင်း ဖြစ်တယ်။ ဘာဖြစ်လို့ ဒီလောက်တောင် ကြောက်နေရတာလဲ အာ နန္ဒာ"

"အသံမျိုးစုံကို ကျွန်ုပ်ကြားရတယ် နောင်တော်၊ ဟိမဝန္တာ တောင်ရိုးပေါ်က ဝံပုလွေတွေရဲ့ အော်သံတွေလည်း ကြားတယ်။ ကျားတွေနဲ့ ကျားသစ်တွေရဲ့ မျက်လုံးတွေလည်း မြင်ရတယ်။ ဒါ ပေမဲ့ အဆိုးဆုံးကတော့ အအေးဒဏ်နဲ့ သစ်ကိုင်းတွေရဲ့ ကျိုးကျိုး ကျည်ကျည် မြည်သံတွေပဲ"

"အသက်မျှဉ်းမျှဉ်းရှုသံကိုရော မကြားမိဘူးလား"

"မကြားမိဘူး နောင်တော်"

နောင်တော်သိဒ္ဓတ္ထ ရယ်လိုက်၏။

"ညီတော် အနားမှာ နောင်တော် တစ်ချိန်လုံး ရှိနေပါတယ် ညီ တော်၊ ညီတော်ကို လက်နဲ့ လှမ်းထိလိုက်ရင် အနီးကလေးရယ်၊ ညီ တော် ငိုနေတာကိုဖြင့် နောင်တော် အံ့ဩလို့ မဆုံးပါဘူး၊ ညီတော် ဟာ တစ်ခါတစ်ခါမှာ မျက်နှာကို လက်ဝါးနဲ့ အုပ်လို့၊ ယောကျ်ားဆို တာ ဒီလိုပဲ ကြောက်ရသလား ညီတော်၊ သင်ဟာ မိန်းကလေးတစ် ယောက်နဲ့ တူမနေဘူးလား"

"ကျွန်ုပ် မကြောက်ပါဘူး နောင်တော်၊ နောင်တော် ထွက်ထွက် သွားတဲ့အတွက် ပူဆွေးမိတာပါ"

"ဒါဖြင့် ငါထွက်သွားတိုင်း သင် ပူဆွေးနေမှာလား ညီတော်"

"ဟုတ်တယ် နောင်တော်၊ ကျွန်ုပ်ပူဆွေးနေမှာပဲ"

ကျုပ်က ဖြေလိုက်သည်။ နောင်တော်သိဒ္ဓတ္ထသည် ကျုပ်၏ အဖြေကိုကြားလျှင် ပြုံးနေလိမ့်မည်ဟု ကျုပ်ထင်လိုက်သည်။ သို့ရာတွင် နောင်တော်သိဒ္ဓတ္ထ၏ မျက်နှာသည် လေးနက်တည်ငြိမ်သွား၏။ ထို့နောက် အနီးရှိ တောပန်းရိုင်းတစ်ပွင့်ကို ခူးလိုက်သည်။

"ပန်းပွင့်တွေဟာ ပူဆွေးကြသလား အာနန္ဒာ"

"မပူဆွေးကြပါဘူး နောင်တော်၊ သူတို့မှာ ဝေဒနာရယ်လို့ မရှိကြပါဘူး"

"သစ်ပင်တွေဟာရော ပူဆွေးကြသလား"

"သစ်ပင်တွေဟာ ညီတော်တို့ ပူဆွေးကြသလို ပူဆွေးခြင်း မရှိကြပါဘူးဆိုတာ ညီတော်သိသလို နောင်တော်လည်း သိပါတယ်၊ သို့သော်လည်း မိုးကြိုးခတဲ့ သစ်ပုတ်ပင်ကြီးတွေကို ညီတော် မြင်ခဲ့ဖူးပြီ၊ အသီးအပွင့်မဝေတော့တဲ့ သစ်ခြောက်ပင်ကြီးတွေလည်း မြင်ခဲ့ဖူးပြီ၊ ညီတော် စိတ်ထဲမှာတော့ သူတို့ဟာလည်း ပူဆွေးနေကြတယ်လို့ ထင်မိတာပဲ"

ကျူပ်က ဤသို့ ပြောလိုက်သည့်အခါတွင် နောင်တော်သိဒ္ဓတ္ထသည် လက်ထဲတွင်ရှိသည့် ပန်းပွင့်မှ ပန်းလွှာကလေးများကို ခြွေပစ်လိုက်သည်။

"ဆင်းရဲဒုက္ခဟာ အဆုံးမရှိလေဘူး အာနန္ဒာ၊ ပန်းလွှာတို့ဟာ ကြွေကျကြရတယ်၊ မီးဟာ လောင်ကျွမ်းရတယ်၊ နေမင်းဟာ ကောင်းကင်က ကွယ်ရတယ်၊ သို့တိုင်အောင် ဒီအရာအားလုံးဟာ ဘယ်လောက်တင့်တယ်ပြီး ဂုဏ်ကျက်သရေရှိသလဲ အာနန္ဒာ၊ ပန်းလွှာကို သင့်လက်ထဲမှာ ခြေကြည့်စမ်း၊ သင်မွှေးလို့မဝအောင် မွှေးပျံ့တဲ့ ရနံ့တွေ ထွက်လာလိမ့်မယ်၊ လောကမှာ ရက်စက်ကြမ်းကြုတ်ခြင်း ရှိတယ် အာနန္ဒာ၊ သို့သော်လည်း အဲဒီရက်စက်ကြမ်းကြုတ်မှုတွေထဲကနေပြီး ချိုမြိန်ခြင်းတွေ ပေါ်လာတယ်၊ သင်ဟာ တောကြီးမျက်မည်းထဲမှာ တစ်ယောက်တည်း အိပ်ခဲ့တယ်၊ တောတိရစ္ဆာန်တို့ရဲ့ အသံတွေကို ကြားခဲ့ရတယ်၊ သို့သော်လည်း နောက်တစ်နေ့ မနက်လင်းလို့ ရောက်လာတော့ စိတ်သက်သာမှုဟာ သင့်အကြောက်ထက် ကြီးကျယ်ခမ်းနားလာတယ်၊ သင်ဟာ သိဒ္ဓတ္ထကို ပိုပြီးတွယ်တာလာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါဟာ သင်နဲ့အတူ မရှိလို့ဖြစ်တယ်၊ ငါ့ကို ဒီလိုဘာဖြစ်လို့ ကြည့်နေရတာလဲ အာနန္ဒာ၊ လောကကြီးမှာ သံယောဇဉ်ကင်းပြတ်ပြီး ရက်စက်ရမယ်ဆိုလို့ ထူးဆန်းနေသလား၊ သင်ဟာ မနေ့ညက တစ်ညလုံး ငိုခဲ့တယ်၊ ခုတော့ သင်ရယ်နေပြီ"

"ဟုတ်တယ် နောင်တော်၊ ကျွန်ုပ်ရယ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ နေမင်းကြီးထွက်လာလို့ ကျွန်ုပ် ရယ်တယ်"

"မဟုတ်ဘူး ညီတော်၊ သင်လိမ်မပြောနဲ့၊ သင့်အနားကို ငါပြန်ရောက်လာလို့ ရယ်တာ"

ကျုပ်သည် မည်သို့မှ ပြန်မပြောတော့။ နောင်တော်သိဒ္ဓတ္ထကို ဤသို့ တစ်ခါမှ မမြင်စဖူး။ နောင်တော်သည် အလွန်စိတ်သဘောထားနူးညံ့၏။ ယခုမူ နောင်တော်သည် ချက်ချင်း အိုစာရင့်ရော်သွားခဲ့ပြီ။ နှုတ်ခမ်းပေါ်တွင် ရွှေရောင်မွေးညင်းနုကလေးကို ကျုပ်ပထမဆုံးမြင်လိုက်ရ၏။ ညက မိုးရွာပြီး နောက်တစ်နေ့မနက်တွင် ပန်းပွင့်သည် ပွင့်အာလာသကဲ့သို့ နောင်တော် သိဒ္ဓတ္ထ၏ အရပ်အမောင်းသည်လည်း ချက်ချင်း မြင့်မားလာသည်ဟု ကျုပ်စိတ်ထဲတွင် ထင်မိသည်။

"နောင်တော် ပြောင်းလဲသွားတယ်နော်"

"ဘယ်လိုများ ပြောင်းလဲသွားလို့လဲ အာနန္ဒာ၊ အရာခပ်သိမ်းဟာ ပြောင်းလဲနေကြတာပဲ၊ နောင်တော်ဟာ အခုမှ ပြောင်းလဲသွားတာ မဟုတ်ဘူး၊ အရင်တုန်းကလည်း ပြောင်းလဲခဲ့တာပဲ"

နောင်တော်၏ ရုပ်အဆင်း တင့်တယ်ခြင်းကို ထိုနေ့မနက်မှစ၍ ကျုပ်စတင် သတိပြုမိခဲ့သည်ဟု ထင်ပါသည်။ သူ့ ရုပ်ဆင်းတင့်တယ်မှုကို ကြည့်၍ ကျုပ်တို့ ဝမ်းမြောက် ကြည်နူးခဲ့ကြသည်မှာလည်း နောင်တော်သိဒ္ဓတ္ထ အင်ကြင်းပင်တစ်ပင်ကို မှီ၍ရပ်ရင်း မျက်လုံးကို မှိတ်ထားလေရာ နောင်တော် သိဒ္ဓတ္ထ၏ ရုပ်အဆင်းသည် ကျက်သရေရှိလှပေ၏ဟု ကျုပ် အောက်မေ့မိသည်။

နောင်တော်သိဒ္ဓတ္ထသည် မျက်လုံးကို ဖွင့်လိုက်လျက် ကြွေမွနေသည့် ပန်းဝတ်လွှာကို ကိုင်ထားသည့်လက်ကို ကျုပ်ဆီသို့ ဆန့်တန်းလိုက်ရင်း

"အလှဟာလည်း တစ်နေ့မှာ မှေးမှိန်ပျောက်ကွယ်ရတာပဲ အာနန္ဒာ၊ လေခြွေရမယ့် ပန်းပွင့်လွှာကလေးကို ငါခြွေခဲ့ပြီ အာနန္ဒာ၊ အရာခပ်သိမ်းတို့ ဟာလည်း မှေးမှိန်ညှိုးနွမ်းကြရတယ်၊ ပန်းပွင့်ဟာ ရိုးတံက ကြွေကျရတယ်၊ ကြွေသွားတဲ့ ပန်းဝတ်လွှာဟာ နောက်ဆုံးမှာ ရွှံ့နှစ်ရောင်ပေါက်သည်အထိ ညိုမည်းသွားရတယ်၊ ကြည့်စမ်း အာနန္ဒာ၊ ပန်းဝတ်လွှာကလေးတစ်လွှာကို သွေးထွက်သွားသည် အထိ သင်စူးစိုက်ကြည့်ဖူးရဲ့လား၊ ဟုတ်တယ် အာနန္ဒာ၊ ထူးဆန်း လည်း ထူးဆန်းတယ်၊ ကြောက်စရာလည်း ကောင်းတယ်၊ လောက မှာ ဒီလောက် ကြောက်စရာကောင်းတဲ့ သတ္တဝါကြီးရယ်လို့ ရှိတယ် ပြောရင် သင် ယုံမှာတောင် မဟုတ်ဘူး၊ လွန်ခဲ့တဲ့ တစ်ခဏတုန်းက ဒီပန်းဝတ်လွှာကလေးဟာ အလွန်လှတယ်၊ ခုတော့ ဒီပန်းဝတ်လွှာ ကလေးဟာ အရောင်တွေ မှေးမှိန် သွားကြပြီ၊ ကြည့်စမ်း အာနန္ဒာ၊ သူ့မှာ အသက်မရှိတော့ဘူး၊ မီးပုံတစ်ခုကို ကြည့်ပြီး အဲ့ဒီမီးပုံ

လောင်ကျွမ်းကုန်ခန်းသွားတာကို သင်ကြည့်ဖူးရဲ့လား၊ အရာဝတ္ထု
တစ်ခုလောင်ကျွမ်းကုန်ခမ်းသွားတာကို သင်ကြည့်ဖူးရဲ့လား၊ ဒီအရာ
ဟာ ပျောက်ကွယ်သွားတာ၊ ပြာမှုန့်နဲ့ မီးသွေးဖြစ်သွားတာကို သင်
မြင်ဖူးရဲ့လား၊ ပန်းပွင့်တွေလည်း ကြွေကျရတယ်၊ ပန်းလွှာတွေဟာ
လည်း ညှိုးနွမ်းသွားကြရတယ်၊ အဆုံးမှာတော့ ဘာမှ မဟုတ်ဘူး
အာနန္ဒာ၊ ဘာမှ မဟုတ်ပေဘူး”

နောင်တော်သိဒ္ဓတ္ထ၏ မျက်လုံးများသည် ပြန်၍ မှိတ်သွားကြကာ ပါးစပ်မှ တစ်စုံတစ်ရာကို ခပ်တိုးတိုးရွတ်ဆိုလျက်ရှိ၏။ နေရောင်လင်းလာသည့်အတွက် တောအလုံးသည် ရွှေရောင်၊ မြရောင်ဖြင့် လင်းလျက်ရှိသည်။ နောင်တော်သိဒ္ဓတ္ထသည် သစ်ပင်ကို မှီ၍ရပ်ရင်း လက်ထဲတွင် ကြွေမွနေသည့် ပန်းဝတ်လွှာကလေးကို ကြည့်လျက်ရှိသည်။

နေရောင်ထဲတွင် သစ်ပင်တို့သည် စိမ်းမြကာ မြက်ရှည်ပင်များလည်း ယိမ်းနွဲ့လျက်ရှိသည်။ အင်ကြင်းပင် ပင်စည်များအပေါ်တွင် ပုရွက်ဆိတ်အနီကြီးများသည် တက်လျက်ဆင်းလျက် ပြုနေကြသည်။ အနီးရှိ သစ်ပင်များပေါ်တွင် မျောက်တို့က အော်မြည်လျက်ရှိပြီး မြေခွေးမြီးနှင့်တူသည့် တိမ်တိုက်များသည် ကောင်းကင်တွင် တိုက်လေ့တပ်ကြီးများသဖွယ် ရွက်တိုက်လျက်ရှိကြ၏။

အာရုဏ်သည် မောင်းထုသံကဲ့သို့ တဖြည်းဖြည်းပေါ်လာကာ ပတ်ဝန်းကျင် ဝေစည်လျက်ရှိ၏။

“လောကကြီးမှာ ဘယ်ဟာတွေ ရက်စက်တယ်ပဲပြောပြော၊
မနေ့ညက ကျွန်ုပ်ကို ထားခဲ့တာလောက်တော့ ရက်စက်တာမျိုး မရှိ
ဘူး နောင်တော်”

ကျုပ်က မကျေနပ်သံဖြင့် ပြောလိုက်သည်။ နောင်တော်သိဒ္ဓတ္ထက ခပ်တိုးတိုးရယ်လိုက်လျက်

“ဟုတ်တယ် အာနန္ဒာ၊ ဒီလိုလုပ်တာဟာ ကောက်ကျစ်ရာလည်း
ရောက်တယ်၊ မြက်ရှည်ထဲမှာ ပုန်းနေတဲ့ မြွေဟာ ကောက်ကျစ်သလို
ဒီလိုလုပ်တာဟာလည်း ကောက်ကျစ်ရာရောက်တယ်၊ ဟုတ်တယ် ငါ
ဟာ ကောက်ကျစ်တယ်၊ ငါဟာ သင့်အနားကိုလာတယ်၊ ပြီးတော့
ထွက်ပြေးသွားတယ်၊ ငါ့ကို သင်မတွေ့ဘူးနော်၊ တစ်ခါမှာတော့ ငါက
ညီတော်ကို လက်နဲ့ လှမ်းထိလိုက်ပါသေးတယ်၊ ဒါပေမဲ့ ညီ
တော်လန့်ပြီး ညီတော်က အိပ်မက်တွေမက်လို့၊ ညီတော်က
အိပ်ပျော်လို့၊ ချောက်အိပ်မက်တွေမက်လို့၊ ညီတော် နောင်တော့်
လက်မောင်းပေါ်မှာ အိပ်ပျော်နေတာလား”

"အိပ်မပျော်ပါဘူး နောင်တော်၊ သားရဲတိရစ္ဆာန်တွေကို တွေးနေတာ"

"သူတို့လည်း အတူတူပါပဲ အာနန္ဒာ၊ သားရဲတိရစ္ဆာန်တွေဟာလည်း လောင်ကျွမ်းကြရတယ်၊ ချစ်သူတွေဟာလည်း လောင်ကျွမ်းကြရတယ်၊ လောင်ကျွမ်းခြင်းဟာ အဆုံးမရှိလေဘူး၊ အကယ်၍သာ ငါသာ ညီတော့်အနားကို ရောက်လာခဲ့ရင် ညီတော်ဟာ အကြောက်ကို သိတော့မှာ မဟုတ်ဘူး၊ ဒါပေမဲ့ ဆာလောင်နေတဲ့ ကျားငယ်တစ်ကောင်သာ ညီတော့်အနားကို ရောက်လာခဲ့ရင် ညီတော်ဟာ ဒီအကြောက်ကို ဘယ်လိုနာမည်ပေးရမှန်းတောင် သိမှာမဟုတ်ဘူး၊ သားရဲတိရစ္ဆာန်တို့ရဲ့ အစွယ်တွေဟာလည်း မီးလျှံတွေသာဖြစ်တယ်၊ ပန်းဝတ်လွှာတွေဟာလည်း မီးလျှံတွေသာ ဖြစ်တယ်၊ အားလုံးဟာ လောင်ကျွမ်းကြရတယ်"

"ဟုတ်တော့ ဟုတ်ပါတယ် နောင်တော်၊ နေမင်းကြီးဟာလည်း လောင်ကျွမ်းရတာပါပဲ"

ပူပြင်းသော နေမင်းသည် တောအုပ်ထိပ်သို့ ရောက်နေလေပြီ။

ကျုပ်သည် ဆာလောင်စ ပြုလာ၏။ နောင်တော်သိဒ္ဓတ္ထသည် ပြုံးလိုက်လျက် သူ့ခေါင်းတွင်ရှိသည့် ပန်းပွင့်များကို ဖြုတ်ယူနေသည်။

"တကယ်လို့ နောင်တော်များ သင့်ကို ပစ်ပြီး ထွက်ပြေးရင်ဘယ်လိုနေမလဲ ညီတော်၊ နောင်တော်က သင့်ထက်မြန်အောင် ပြေးနိုင်တယ်၊ သင် လိုက်မီမှာ မဟုတ်ဘူး၊ ပူလောင်တဲ့ နေမင်းကြီးကလည်း သင့်ကို အစာရှာကျွေးမှာ မဟုတ်ဘူး၊ အဲဒီအခါမှာ ငတ်လို့ သေရလိမ့်မယ်၊ တောထဲမှာ အရိုးတွေ တောင်လိုပုံနေတာ ငါတွေ့ခဲ့ဖူးပြီ"

နောင်တော်သိဒ္ဓတ္ထသည် ကျုပ်ကို ကျီစယ်သောအားဖြင့် ပြုံးလိုက်၏။

"ဟုတ်တယ် နောင်တော်၊ ညီတော်လည်း မြင်ခဲ့ဖူးတယ်။ ဒါကြောင့် မနေ့ညတုန်းက ညီတော်ကြောက်တာပါ"

"အရိုးတွေထက်ဆိုးတဲ့အရာလဲ ရှိသေးတယ် အာနန္ဒာ"

"ဘာတွေလဲ နောင်တော်"

"အသားတွေနဲ့ ကပ်ငြိဖွဲ့စည်းထားတဲ့ အရိုးတွေလေ"

"ကျွန်ုပ်လည်း မြင်ခဲ့ဖူးပါတယ် နောင်တော်"

"ပန်းဝတ်လွှာကလေးတစ်လွှာ သွေးထွက်သွားတာကို သေသေချာချာ မြင်ဖူးရဲ့လား ညီတော်"

ဟု နောင်တော်သိဒ္ဓတ္ထ ဖြည်းညင်းစွာ ပြော၏။

ကျုပ်စိတ်ထဲတွင် နောင်တော်သိဒ္ဓတ္ထသည် စိတ်ဖောက်ပြန်သွားလေပြီလောဟု ထင်မိသည်။ သူပြောသည့် စကားက ပန်းဝတ်လွှာတစ်လွှာ သွေးထွက်သွားသည်ကို ကြည့်ရမည်ဆိုပါတကား။ သူ့စကားကို ကျုပ်နားမလည်။

ကျုပ်အသက်သည် တစ်ဆယ့်လေးနှစ်လောက်မျှသာ ရှိသေး၏။ နောင်တော်သိဒ္ဓတ္ထသည် လှပတင့်တယ်သည့် မင်းပျိုမင်းလွင်တစ်ပါးဖြစ်သည့်အတွက် ကျုပ်သည် သူ့ကို ချစ်၏။ သူ့လို လှပတင့်တယ်သည့် မင်းပျိုမင်းလွင်တစ်ပါးဖြစ်ချင်၏။ ထို့ကြောင့် ကျုပ်သည် သူ့ကို အတုခိုး၏။ ယပ်တောင်ကိုကိုင်လျှင် သူကိုင်သလို ကိုင်၏။ လမ်းလျှောက်လျှင် သူလျှောက်သလို အရိပ်တစ်ခုလို လှနေအောင် လျှောက်၏။ အစာစားလျှင် သူစားသလို နှုတ်ခမ်းအစုံကို သိမ်းဆည်း၍ စား၏။ အိပ်လျှင် သူအိပ်သလို ခြေအစုံကို ဆန့်၍ အိပ်၏။ နေရာတကာတွင် သူ့ကို လိုက်၍ အတုယူရ၏။ သို့ရာတွင် အတွေးအခေါ်တွင်မူကား သူ့ကို လိုက်၍ ကျုပ်မတုနိုင်ချေတကား။

ကျုပ်တို့အားလုံးသည် အရေပါးပါးကလေးဖြင့် ဖုံးအုပ်ထားသည့် အရိုးစုကြီးမျှသာ ဖြစ်သည်ကို ကျုပ်ကောင်းကောင်းသိပါ၏။ သို့ရာတွင် သိရုံသာသိ၍ ကျုပ်မပြောတတ်ချေတကား။ ယခု နောင်တော်သိဒ္ဓတ္ထသည် ထိုအကြောင်းကို သူပြောပြနေလေပြီ။ အရိုးစုများနှင့် သွေးထွက်သော ပန်းပွင့်အကြောင်းကို သူပြောပြနေပုံမှာ လေးနက်လှသည့်အတွက် ကျုပ်ကြောက်လာ၏။

"ညီတော် ခွန်အားကြီးအောင် ဘယ်လိုလုပ်ရမလဲ နောင်တော်"

"ချစ်ခြင်းကို ပယ်ရလိမ့်မယ် ညီတော်"

ဟု ဆိုကာ နောင်တော်သိဒ္ဓတ္ထသည် ချစ်ခြင်းကို တပ်မက်သူတို့၏ ရက်စက်ကြောက်ဖွယ်ကောင်းပုံကို ပြောပြ၏။

"ငါ့ကို သတို့သမီးငယ်တစ်ယောက်ကို ရှာပေးတယ် ညီတော်၊ ကစားမြူးထူးဖို့ သတို့သမီးငယ်တစ်ယောက်ကို ရှာပေးတယ်။ ဒါပေမဲ့ ဒါဟာ ကစားမြူးထူးခြင်း မဟုတ်ဘူး ညီတော်၊ လောင်ကျွမ်းခြင်းဖြစ်တယ်၊ ဒါကြောင့် လောင်ကျွမ်းခြင်းကင်းမဲ့တဲ့နေရာ၊ မိုးစက်တွေလို အေးမြတဲ့နေရာဖြစ်တဲ့ တောထဲကို ငါထွက်လာတာ ဖြစ်တယ်၊ ဒီမီးထဲမှာ ငါမနေတာဟာ အကောင်းဆုံးပဲ ညီတော်၊ ကြည့်စမ်း ဘယ်လောက်အေးမြသလဲ"

နောင်တော်သိဒ္ဓတ္ထသည် ထိုအကြောင်းကို မပြောလိုသကဲ့သို့ ခေါင်းကို ယမ်းလိုက်သည်။

"ဒါဖြင့် ကျွန်ုပ်တို့ ဘယ်မှာနေကြမှာလဲ နောင်တော်"

"ဒီမှာ မနေဘူး ညီတော်၊ လောင်ကျွမ်းခြင်းရှိရာမှာ မနေဘူး၊ ပန်းပွင့်ကို ခြေမွပစ်လိုက်လို့ အရောင်ပြောင်းသွားတဲ့နေရာမှာ မနေဘူး၊ အရာအားလုံးတို့ ပျက်စီးခြင်းမရှိတဲ့ နေရာမှာ တို့နေကြရမယ်၊ အေးလေ တကယ်တော့ ဒီလိုနေရာမျိုးဟာ လောကကြီးမှာ ရှိချင်မှ ရှိမှာပါ"

နောင်တော်သိဒ္ဓတ္ထသည် တစ်ယောက်တည်း စကားပြောနေသကဲ့သို့ ပြောဆိုလျက်ရှိ၏။ ထိုအခါကျမှ ကျုပ်တို့နှစ်ယောက်တောထဲသို့ ထွက်လာခဲ့ကြပုံကို ကျုပ်သတိရတော့သည်။

ယနေ့သည် နောင်တော်သိဒ္ဓတ္ထ၏ မွေးနေ့ဖြစ်၏။ နန်းမြို့ထဲတွင် ပျော်ပွဲရွှင်ပွဲများ၊ လေးတင်ပွဲများ ကျင်းပလျက်ရှိ၏။ ယခုအချိန်အထိ နောင်တော်သိဒ္ဓတ္ထအတွက် ကြင်ဖော်ကို ရွေးချယ်ခြင်း မပြုရသေး။ ထိုနေ့တစ်နေ့လုံး နောင်တော်သိဒ္ဓတ္ထသည် နေမထိထိုင်မသာဖြစ်လျက်ရှိ၏။ နေ့လယ်ပိုင်းအရောက်တွင် နောင်တော်သိဒ္ဓတ္ထက တောထဲသို့သွားရန် ခေါ်သဖြင့် ကျုပ်လိုက်လာခဲ့သည်။ ကျုပ်တို့သည် တံခါးမှူးတို့ မမြင်အောင် အရှေ့မြို့တံခါးမှ တိတ်တဆိတ်ထွက်လာခဲ့ကြသည်။ သတို့သမီးများအကြောင်းကို ပြောသည့်အခါတွင် နောင်တော်သိဒ္ဓတ္ထသည် ဆံချည်မျှင်ကို ပါးစပ်မှ ရွံရှာစွာ ထွေးထုတ်သကဲ့သို့ စက်ဆုတ်စွာပြော၏။ သို့ရာတွင် ထိုအကြောင်းကို ရှည်ဝေးစွာ ပြောဆိုခြင်း မပြုချေ။

"ကျားတွေကို သတိထားနော်"

ဟု ကျုပ်ကို ပြောတတ်သည်။

ကျုပ်သည် မိုးစက်တို့ တဖြောက်ဖြောက်အောက် မြည်ရှည်တောထဲတွင် လဲလျောင်းရင်း တစ်ညလုံး ထိုစကားများကို ကြားယောင်နေသည်။

"ဘယ်လိုကျားမျိုးလဲ နောင်တော်"

"အသားဖြူတဲ့ ကျားတွေ"

ကျုပ်သည် မြက်တောရှည်ထဲတွင် လှဲရင်း တစ်ညလုံး ထိုအသားဖြူဖြူနှင့် ကျားများအကြောင်းကို တွေးနေမိသည်။

နောင်တော်သိဒ္ဓတ္ထက နေရောင်ထဲတွင် ရုတ်တရက် ရပ်လိုက်သည်။

"သတို့သမီးငယ်တစ်ယောက် ဒီတောကြီးမျက်မည်းထဲကို လာတာမြင်ဖူးသလား ညီတော်"

"မမြင်ဖူးဘူး နောင်တော်"

"အဘွားအိုကြီးတွေ လာတာကိုရော"

"မြင်ဖူးပါတယ်၊ ထင်းခွေ လာကြတာလေ"

"ဟုတ်တယ်၊ သစ်မြစ်ကြီးတွေလို အိုမင်းရွတ်တွဖြစ်တော့မှ တောထဲကို လာရဲကြတယ်နော်"

"ဟုတ်တယ် နောင်တော်"

"ဒါကြောင့်မို့ ငယ်ရွယ်တုန်းမှာ သတ္တိနည်းကြတယ်၊ ကြီးလာတော့ သားရဲတိရစ္ဆာန်တို့၊ ဘာတို့ မကြောက်တော့ဘူး"

"ဟုတ်တယ် နောင်တော်"

"ပြီးတော့ ငယ်ရွယ်တဲ့ သတို့သမီးငယ်များကျတော့ သူတို့အသားဟာ သိပ်နူးညံ့တယ်၊ ဆူးစူးမှာကို ကြောက်ကြတယ်၊ နေပူစပ်ခါးကို ကြောက်ကြတယ်၊ နှင်းတွေရွဲမှာကို ကြောက်ကြတယ်၊ သူတို့ဘဝဟာ အကာအကွယ်တွေနဲ့ ဖုံးကာထားတဲ့ ဘဝဖြစ်တယ်၊ အမွှေးနံ့သာတွေနဲ့ ဖျန်းပက်ထားတဲ့ ဘဝသာဖြစ်တယ်၊ ပိုးပျော့တွေနဲ့ လွှမ်းခြုံထားတဲ့ ဘဝဖြစ်တယ်၊ သူတို့ရဲ့ နီရဲတဲ့လျှာတွေဟာ မြွေတွေရဲ့လျှာတွေလို လှုပ်ယမ်းပြီး မမှန်တဲ့စကားကို ဆိုကြတယ်၊ သူတို့တစ်တွေဟာ အကာအကွယ်နဲ့ ဖုံးထားကြတယ်၊ အရာအားလုံးက ပြောင်းလဲနေတဲ့အချိန်မှာ သူတို့တစ်တွေဟာ သူတို့ကိုယ်ကို သူတို့ မပြောင်းလဲအောင် ကြိုးစားနေကြတယ်၊ သူတို့ဟာ ပန်းပွင့်တွေကို အတုခိုးနေကြတယ်၊ ဒါပေမဲ့ အာနန္ဒာ ပန်းပွင့်တစ်ပွင့်ကို လိုက်အတုခိုးနေတာထက် အဲဒီပန်းပွင့်ဖြစ်တာက ပိုပြီး မကောင်းပေဘူးလား၊ တကယ်တော့ သူတို့ဟာ စက်ဆုပ်စရာကောင်းပါတယ် အာနန္ဒာ"

ထိုအခါကျမှ အဘယ်ကြောင့် ပန်းဝတ်လွှာကလေးကို ခြေမွပစ်ကြောင်း ကျုပ်သဘောပေါက်တော့သည်။

"ဘယ်လိုပြောလိုက်တာလဲ နောင်တော်၊ ရွှေနန်းတော်ကြီးထဲမှာ ရှိတဲ့ သတို့သမီးငယ်တွေကို နောင်တော် အကုန်လုံးသိလို့လား၊ တချို့က ဆိုးပေမဲ့ တချို့က ကောင်းကြပါတယ်၊ ပြီးတော့"

"သူတို့ဟာ အနားမနေကြဘူး ညီတော်၊ သူတို့အရိပ်ကို သူတို့ရေကန်ထဲမှာ ပြန်ပြန်ကြည့်ကြတယ်၊ သူတို့အလှကို သူတို့မှန်ကြေးမုံပြင်မှာ ပြန်ကြည့်ကြတယ်၊ သူတို့အလှကို အစစ်အမှန် ထင်နေကြတယ်၊ မျက်လုံးတွေကို အလှခြယ်ကြတယ်၊ လက်တွေကို ညွှတ်ကွေးကကြတယ်၊ ခြေတွေကို ကန့်ကလျလှမ်းကြတယ်၊ ခန္ဓာကိုယ်ကို ဟိုယိမ်းသည်နွဲ့ လုပ်ကြတယ်၊ တင်ပါးတွေကို လှုပ်ကြတယ်၊ လက်မောင်းတွေက ထောပတ်ဆီလို နူးညံ့နေကြတယ်၊ ဟုတ်တယ်၊ သူတို့ဟာ အနားမနေကြဘူး"

နေရောင်သည် နောင်တော်သိဒ္ဓတ္ထ၏ မျက်နှာနှင့် ပခုံးပေါ်သို့ ဖြာကျလျက်ရှိ၏။ သိဒ္ဓတ္ထသည် ပင်စည်ကိုမှီ၍ ရပ်နေရင်းက

"ထောပတ်ဆီလို နူးညံ့တဲ့ သတို့သမီးငယ်နဲ့ အိုမင်းရွတ်တွနေတဲ့ ထင်းခွေမိန်းမအိုကြီးတို့ ဘယ်သူက ပိုသာမယ်ထင်သလဲ အာနန္ဒာ"

"နောင်တော်ကတော့ အိုမင်းရွတ်တွနေတဲ့ ထင်းခွေမိန်းမကြီးက သာတယ်လို့ ပြောမှာပဲ၊ ကျွန်ုပ်ကတော့ သတို့သမီးငယ်က"

"အင်း ညီတော်က ငယ်ပေသေးတာကိုး၊ ဒါပေမဲ့ အာနန္ဒာ၊ နေလောင်ပြီး သောကတွေပိနေလို့၊ ပခုံးကိုင်းကိုင်းနဲ့ ခဲလုံးတွေ ကျောက်တုံးတွေကြားမှာ သွားနေတဲ့ မိန်းမအိုရွတ်တွကြီးဖြစ်ရတာက သူ့ကိုယ်သူ အမွှေးနံ့သာတွေ ပက်ဖျန်းနေတဲ့ သတို့သမီးငယ်ဖြစ်ရတာထက် ပိုကောင်းတယ်"

နောင်တော်သိဒ္ဓတ္ထသည် စကားလုံးများကို တရစပ်ပြောလိုက်ရာမှ လေးနက်တည်ငြိမ်စွာဖြင့်

"အေးလေ ဘယ်တော့မှ ဒေါသမထွက်နိုင်ရင် အကောင်းဆုံးပါပဲ"

ထို့နောက်တွင် ကျုပ်တို့သည် တောအုပ်ထဲမှ ဖြတ်၍ ပြန်လာခဲ့ကြသည်။ တစ်ခါတစ်ရံတွင် ကျုပ်သည် သူ့ကို မသိမသာ လှမ်းကြည့်မိလိုက်သည်။ နောင်တော်သိဒ္ဓတ္ထ၏ ပခုံးသည် ကျယ်ပြန့်၍ ကိုယ်ခန္ဓာသည် သေးသွယ်သည်။ တင့်တယ်ပြေပြစ်သည့် အသရေကို ဆောင်သည်။

သစ်ပင်များအောက်တွင် လျှောက်လာကြစဉ် နေရောင်သည် သစ်ပင်များကြားမှနေ၍ သူ့လက်မောင်းများပေါ်၊ သူ့ပခုံးပေါ်သို့ ပြောက်ကျား ဝေဖြာကျလျက်ရှိသည်ကို ကြည့်ရခြင်းလောက် တစ်ခါမှ လှပတင့်တယ်ခြင်းမရှိစဖူး။ ဝိုင်းသော မျက်ခွံတို့အောက်မှ မျက်လုံးများက ပြုံးကျယ်လှပနေသည်။ မျက်လုံးများ၏ အရောင်က ပြာလဲ့နက်ရှိုင်းနေကြသည်။ ဆံပင်တို့က ကြေးနီရောင်သမ်းနေသည်။ နှုတ်ခမ်းများကို လှုပ်၍ တိတ်ဆိတ်စွာ လျှောက်လာနေပုံမှာ တစ်စုံတစ်ရာကို လေးနက်စွာ ဆင်ခြင်စဉ်းစားနေသကဲ့သို့ ရှိသည်။

နေမြင့်လာခဲ့ပေပြီ။ သစ်ရွက်များပေါ်တွင် နှင်းစက်တို့မရှိတော့။ တစ်ခါတစ်ရံတွင် နောင်တော်သိဒ္ဓတ္ထသည် ခါးကြားတွင် ထိုးလာသည့် ပလွေကို မှုတ်လိုက်သည်။ တစ်ခါတစ်ရံတွင် အပွင့်ဝါဝါတွေပွင့်နေသော မာလာနွယ်များကို လှမ်းကြည့်ရင်း ပြုံးသည်။ သို့ရာတွင် အများအားဖြင့် တိတ်ဆိတ်လျက်လိုက်ပါလာသည်။ နောင်တော်သိဒ္ဓတ္ထသည် ယခင်ကနှင့်မတူ။ စကားနည်းလာ

သည်ကို ယခုတစ်လောတွင် ကျုပ်သတိထားမိခဲ့သည်။

နေသည် အလျှံတောက်သော ဖန်လုံးကြီးတစ်လုံးကဲ့သို့ ဖြစ်လာခဲ့လေပြီ။ ခဏကြာလျှင် နေလောင်သဖြင့် သူ့ပခုံးပေါ်တွင် အနီပြောက်တွေပေါ်လာကြ၏။ ပြာမွဲမွဲ ပုတ်သင်တစ်ကောင်သည် လမ်းမှဖြတ်၍ ပြေးသွား၏။ နောင်တော်သိဒ္ဓတ္ထသည် အလျားထိုးကာ ပုတ်သင်ကို ဖမ်းလိုက်သည်။ ပုတ်သင်သည် တောက်ပနီရဲသည့် မျက်လုံးများဖြင့် သူ့ကို ကြည့်နေသည်။ ခဏအကြာတွင် ပုတ်သင်သည် ငြိမ်သက်သွား၏။ နောင်တော်သိဒ္ဓတ္ထသည် ပုတ်သင်ကို အိပ်ပျော်သွားအောင် ပွတ်သပ်ပေးပြီးနောက် ပခုံးပေါ်သို့ တင်လာခဲ့သည်။

နန်းတော်သို့အပြန် လမ်းတစ်လျှောက်လုံးတွင် နောင်တော်သိဒ္ဓတ္ထသည် ထူးဆန်းသည့် စကားများကိုသာ ပြောလာခဲ့သည်။ တစ်ခါတစ်ရံတွင်လည်း

"ပန်းပွင့်လေးတွေဟာ သွေးထွက်ကြတယ်။ ပြီးတော့ ငိုကြတယ်"

ဟု ဆိုတတ်၍ တစ်ချီတစ်ချီတွင်မူ

"အားလုံး ငြိမ်သက်နေရင်၊ လေရယ်လို့မရှိရင်၊ ပြောင်းလဲမှုတွေ အားလုံးချုပ်ငြိမ်းသွားရင်" ဟု တစ်ယောက်တည်း ပြောဆိုကာခေါင်းကို ဘယ်ညာယမ်းလျက်ရှိ၏။

"အရာဝတ္ထုတွေအားလုံးဟာ ပြောင်းလဲခြင်းမရှိ၊ လှုပ်ရှားခြင်းလည်း မရှိရင် ပိုမကောင်းပေဘူးလား၊ တောင်ထိပ်တွေပေါ်က နှင်းပွင့်လေးတွေလို ထာဝရ ငြိမ်သက်နေရင် မကောင်းပေဘူးလား"

အဘယ်ကြောင့်မသိ။ နောင်တော်သိဒ္ဓတ္ထသည် နှင်းပွင့်ဟူသော စကားကို ကြားလိုက်သည့်အခါတွင် အနည်းငယ်တုန်လှုပ်သွား၏။ သူသည် နှင်းပွင့်ဟူသော စကားလုံးကို ရေရွတ်နေသည်။

"နှင်းပွင့်တွေကတော့ မပြောင်းဘူးပေါ့ ညီတော်၊ ဒါပေမဲ့ နေမင်းက သူတို့ကို ပြောင်းလဲသွားအောင် လုပ်ပေးတယ်၊ တို့တစ်တွေကိုတော့ နေမင်းလည်း ကြီးရင့်သွားအောင် လုပ်ပေးတယ်၊ နှင်းပွင့်တွေကတော့ အိုမင်းမသွားကြဘူးပေါ့"

"ဒါပေမဲ့ နှင်းပွင့်တွေဟာလည်း အရည်ပျော်ရတာပဲ မဟုတ် လားနောင်တော်"

ကျုပ်သည် သူနှင့်စကားပြောရင်း ကြီးရင့်လာသည်ဟု ထင်ရကာ အိုမင်းမည်ကိုလည်း များစွာ စိုးရိမ်ခြင်းမဖြစ်တော့။

"မဟုတ်ဘူး ညီတော်၊ ဟိမဝန္တာတောင်ထိပ်ပေါ်က နှင်းပွင့်တွေဟာ ဘယ်တော့မှ အရည်မပျော်ဘူး၊ ငါ့ဆရာက ပြောဖူးတယ်၊ နှင်းပွင့် တွေဟာ အသက်ရှူတယ်တဲ့၊ ပူနွေးတယ်တဲ့၊ နှင်းပွင့်တွေမှာ အရောင်မပြောင်းဘူးတဲ့၊ သူတို့မှာ အရောင်မရှိဘူးတဲ့၊ ဟုတ်တယ် အာနန္ဒာ၊ နှင်းပွင့်တွေလိုဖြစ်ရရင် သိပ်ကောင်းမှာပဲ"

ကျုပ်က သူ့မျက်နှာကို ကြည့်၍ ရယ်လိုက်သည်။

"မထူးပါဘူး ထင်ပါရဲ့ နောင်တော်၊ မြည်းတစ်ကောင် ဒါမှမဟုတ် မျောက်တစ်ကောင် ဖြစ်ရတော့ရော ဘာထူးဦးမှာလဲ၊ ရှေးက ရှိခဲ့တဲ့ ဂါထာတွေ အလိုအရဆိုရင် အားလုံးဟာ အသက်ရှင်ပြီး၊ အသက်ရှူပြီး ရှင်သန်နေကြတယ်၊ နောင်တော် ဒီနေ့ ဘာဖြစ်နေတာလဲဟင်၊ နောင်တော်ဟာ အရင်နေ့တွေတုန်းက ပျော်လို့ ပါးလို့၊ ဒီနေ့တော့လည်း ဒီပျော်ရွှင်မှုတွေ ကင်းမဲ့လို့"

နောင်တော်သိဒ္ဓတ္ထသည် ကျုပ်ပခုံးပေါ်သို့ လက်တင်ပြီး ရယ်လိုက်သည်။ သူရယ်သည်ကို မြင်ရသဖြင့် ကျုပ်ကျေနပ်သွားသည်။

"ပုတ်သင်လေးကို ကြည့်စမ်း၊ ညီတော်၊ မျက်လုံးတွေက တဖျပ်ဖျပ် တောက်ပလို့၊ မျက်လုံးတွေ ဘာဖြစ်လို့ ဒီလောက် တဖျပ်ဖျပ် တောက်ပနေသလဲ သိရဲ့လား၊ စူးစမ်းနေလို့ တောက်ပနေတာ ညီတော်၊ သူ့အရေခွံကို ပူနွေးစေတဲ့ အပူရှိန်ရဲ့အကြောင်းကို သူစူးစမ်းနေတယ်၊ ဒီအပူရှိန်ဟာ ငါ့ခန္ဓာကိုယ်က ဖြာထွက်လာတယ်ဆိုတာတော့ သူသိမယ်မဟုတ်ဘူးပေါ့၊ သူ့ရှေ့မှာ လာလာပြီး နေရောင်ကို ကွယ်တဲ့ ညိုညို့ဝါဝါအရာဟာ ဘာလဲဆိုတာကို စူးစမ်းနေတယ်၊ ဒီအရာဟာ သင့်မျက်နှာဖြစ်တယ်ဆိုတာတော့ သူမသိဘူးပေါ့၊ သူ့မျက်နှာရှေ့မှာ ရှေ့တိုးနောက်ငင် လှုပ်ရှားနေတဲ့အရာဟာ သင့်လက်ချောင်းတွေဖြစ်တယ်ဆိုတာကိုတော့ သူမသိဘူးပေါ့၊ သူဟာ"

"နေဦး နောင်တော်၊ ကျွန်ုပ်ပြောမယ်၊ လောကကြီးဟာ ချစ်ခြင်းနဲ့ ဖွဲ့နှောင်ထားတာဖြစ်မယ်၊ ပန်းပွင့်တွေ၊ သစ်သီးတွေ၊ နှင်းပွင့်တွေ ဒါတွေအားလုံးဟာ ချစ်ခြင်းနဲ့ ဖွဲ့စည်းထားတာဖြစ်တယ်၊ ဒါကြောင့် ဘာကိုမှ ကြောက်စရာမရှိဘူးလို့"

"ပန်းပွင့်တွေဟာ ချစ်ခြင်းနဲ့ဖွဲ့စည်းထားတယ်ဆိုတာ ဟုတ်တယ် ညီတော်၊ သို့သော်လည်း ချစ်ခြင်းရှိတာထက် ချစ်ခြင်းမရှိတာက ပိုမကောင်းပေဘူးလား၊ ကချေသည်တွေစတဲ့ ခြွေရံသင်းပင်းတွေ ဝိုင်းဝိုင်းလည်နေတာထက် တစ်ယောက်တည်း အထီးကျန်နေနေရတာ

က ပိုမကောင်းပေဘူးလား၊ တောအုပ်ထဲမှာ သတို့သမီးငယ်ဖြစ်ရတာထက် ထင်းခွေတဲ့ အမယ်အိုဖြစ်ရတာက ပိုမကောင်းပေဘူးလား”

နောင်တော်သိဒ္ဓတ္ထသည် ကျုပ်ကို ပြုံး၍ ထူးဆန်းစွာ ကြည့်နေသည်။

ထိုစဉ်တွင် လယ်ကွင်းထဲကို ဖြတ်ကာ ကျုပ်တို့ထံ ဗုံမောင်းတို့ဖြင့် ပြေးလာသော ကချေသည် တစ်သိုက်ကို မြင်ရ၏။ ကျုပ်တို့နှစ်ယောက် ပျောက်သဖြင့် လိုက်ရှာနေကြရာမှ တွေ့သဖြင့် သူတို့အားလုံး ဝမ်းသာအားရဖြစ်နေကြသည်။

“ဟော သူတို့ လိုက်ရှာနေကြပြီ၊ သူတို့ ခြေထောက်တွေမှာလည်း ရွှံ့တွေပေနေမှာပဲ၊ ဒီလိုပေကျံနေတာပဲ ကောင်းပါတယ် ညီတော်၊ ခဏနေရင် သူတို့ဟာ သူတို့ကိုယ် သူတို့ အမွှေးနံ့သာတွေ ခြယ်သကြဦးတော့မယ်”

နောင်တော်သိဒ္ဓတ္ထသည် သူတို့ထံသို့ ကျားသစ်ပျိုတစ်ကောင်ကဲ့သို့ လျှောက်လာခဲ့သည်။

“သင်တို့ ငါတို့ကို လိုက်ရှာနေကြသလား”

“မှန်ပါတယ် အရှင်”

ကချေသည်တို့က ခေါင်းဦးညွှတ်၍ ပြော၏။

“ဘယ်လောက်ကြာပြီလဲ”

“မနေ့ညက တစ်ညလုံးပါအရှင်”

“သင်တို့ကို ဘယ်သူက အရှာခိုင်းလိုက်လို့လဲ၊ သင်တို့ကို ဘယ်သူက ကြောက်ရွံ့ခန့်ညားမှာလဲ၊ ကြည့်စမ်း ညီတော်၊ ဘယ်လောက်အံ့သြစရာကောင်းသလဲ၊ တကယ်တော့ ဒီကချေသည်တွေဟာ ကျားတွေလိုပဲ ရက်စက်ကြမ်းကြုတ်ကြပါကလား ညီတော်”

“နောင်တော်ရယ်၊ သူတို့ကို စိတ်ပင်ပန်းညှဉ်းဆဲရာရောက်အောင် မပြောပါနဲ့” ဟု ကျုပ်က တားလိုက်သည်။

“မဟုတ်ဘူး ညီတော်၊ ငါ့ကိုယ်ငါ ညှဉ်းဆဲနေတာ”

အဝေးတွင် မုန့်နှစ်ရောင်ရှိသည့် နန်းမြို့ရိုးတို့ကို မြင်နေရလေပြီ။ လယ်ကွင်းများနှင့် အဝေးတောင်စောင်းများပေါ်ရှိ လှေကားထစ် လယ်ကွင်းများတွင် လယ်သမားများသည် လှုပ်လှုပ်ရှားရှား အလုပ်လုပ်လျက်ရှိ၏။

ကလေးအမေများသည် လယ်ကန်သင်းတွင်ထိုင်ကာ ကလေးငယ်များကို ထိန်းကျောင်းလျက်ရှိကြ၏။ တံစဉ်များသည် နေရောင်တွင် လက်ခနဲဝင်းပြက်သွားကြ၏။ ကြေးနီရောင်ကျောပြင်များသည် နေရောင်တွင် ပြောင်လက်နေကြ၏။ ကချေသည်များမှာ ကျုပ်တို့ ပြန်ရောက်လာကြောင်းကို

အကြောင်းကြားရန် နန်းမြို့ရိုးဘက်သို့ ပြန်သွားကြလေသည်။

ကျုပ်တို့နှစ်ယောက်သည် ခရောင်းထနေသော မြေနီလမ်းတစ်လျှောက်တွင် လျှောက်လာခဲ့ကြသည်။ နောင်တော်သိဒ္ဓတ္ထ၏ ကိုယ်ပေါ်တွင် နေလောင်သည့်အတွက် အနီပိမ့်ကြီးများသည် ပို၍ ထင်ရှားလာခဲ့လေသည်။ သူ့ပခုံးပေါ်တွင် လိုက်လာသည့် ပုတ်သင်သည် တစ်ချက်နှစ်ချက် မြည်လိုက်၏။ သို့ရာတွင် နောင်တော်သိဒ္ဓတ္ထက လက်ချောင်းဖြင့် အသာပွတ်လိုက်သည်တွင် ပုတ်သင်သည် ပြန်၍ ငြိမ်သွားသည်။

အရှိန်ရှိန်ထနေသော အပူရှိန်ထဲတွင် သစ်ပင်တို့ကို မမြင်ရ။ အရိပ်တို့မရှိ။ လေညင်းလေပြည်မလာ။ မုန်တိုင်းတိုက်ပြီးစ နွေရက်တစ်ရက်ဖြစ်၏။

လေသည် တိတ်လျက်ရှိကာ နေမင်းသည် အရည်ပျော်နေသည့် ဖန်တုံးကြီးတစ်တုံးနှင့်တူနေသည်။ ကောက်ရိတ်နေသူများသည် ကျုပ်တို့ကို မကြည့်ကြ။ လယ်ကန်သင်းတွင် စာခြောက်နေသည့် သူငယ်ကလေး၏ အုန်းမောင်းခေါက်သံမှအပ အခြားဘာသံမှ မကြားရ။ အုန်းမောင်းခေါက်သံများမှ ပဲ့တင်သံကိုပင် မကြားရ။ လယ်ကန်သင်းများပေါ်တွင် လျှောက်သွားနေသည့် ကျုပ်တို့ခြေသံများသည် တိတ်ဆိတ်နေကြသည်။

ကပိလဝတ်ကို သဲသဲကွဲကွဲမြင်ရလေပြီ။ ပစ္စင်များ၊ မြို့ရိုးများ၊ ပြသဒ်များပေါ်တွင် တလူလူလွင့်နေသည့် တံခွန်ကုက္ကားများကို မြင်ရလေပြီ။ တောအုပ်သို့သွားသည့်လမ်းကိုလည်းကောင်း၊ ဗာရာဏသီသို့သွားသည့် လမ်းကိုလည်းကောင်း မြင်နေရလေပြီ။

လမ်းမများသည် မှိုင်းပြာလျက်ရှိကြ၏။ တောင်တို့သည်လည်း မှိုင်းပြာလျက်ရှိကြလေ၏။ နွေလယ်၌ အဝေးတောင်ထွတ်များပေါ်ရှိ နှင်းပွင့်များသည်ပင် ပြာမှိုင်းနေတတ်သည်ကို ကျုပ်မကြာခဏ သတိပြုခဲ့မိ၏။

နောင်တော်သိဒ္ဓတ္ထသည် ကချေသည်တို့ကို မေ့သွားခဲ့ချေပြီ။ သူတို့၏ ပါးပြင်မှ မှုန်နံ့သာတို့ကိုလည်း မေ့သွားလေပြီ။ မြင်းကသည့်နှယ် သူတို့ခြေဖမိုးကို ခုံ၍ လှပစွာ လမ်းလျှောက်ပုံတို့ကိုလည်း မေ့သွားလေပြီ။ ထိုအခါ နောင်တော်သိဒ္ဓတ္ထ၏ အပြုံးသည် ပို၍ ချိုသာလာ၏။ နူးညံ့လာ၏။

နောင်တော်သိဒ္ဓတ္ထသည် နန်းတော်သို့ မပြန်ဘဲ တခြားတစ်နေရာသို့သာ စိတ်ရောက်လျက်ရှိကြောင်းကို ကျုပ် သတိထားလိုက်မိသည်။ ကျုပ်တို့နှစ်ယောက်သည် ဘယ်ဆီသို့ သွားမည်ဟု မစဉ်းစားမိကြဘဲ ပြသာဒ်များရှိရာသို့ဦးတည်လျှောက်လာခဲ့ကြသည်။ လယ်ကွင်းများသည် ကပိလဝတ်ပြည်မြို့ရိုးအခြေအထိ တစ်မျှော်တစ်ခေါ်ကြီးရှိနေကြ၏။

"နားစရာ ခိုစရာရယ်လို့ ဘယ်နေရာမှ မရှိပါလား အာနန္ဒာ"

နောင်တော်သိဒ္ဓတ္ထက စိတ်ပျက်လက်ပျက်ဖြင့် ညည်းလိုက်သည်။ ကောက်ရိတ်နေသည့် လယ်သမားတစ်ယောက်သည် နောင်တော်သိဒ္ဓတ္ထကို မှတ်မိလိုက်သဖြင့် ဒူးတုပ်၍ အရိုအသေပေး၏။ သူက ပြောလိုက်သဖြင့် အခြား လယ်သမားများလည်း နောင်တော်သိဒ္ဓတ္ထမှန်း သိသွားကြကာ ဒူးတုပ်၍ ခစား ကြသည်။ နောင်တော်သိဒ္ဓတ္ထသည် ထိုအခြင်းအရာကို မြင်လိုက်သည်တွင် စိတ်အနှောင့်အယှက်ကြီးစွာ ဖြစ်ရသည်။

"ဘာဖြစ်လို့များ ငါ့ကို ဒူးတုပ်ခစားနေကြသလဲမသိဘူးညီတော် ရယ်၊ စိတ်ပျက်လိုက်ပါဘိ၊ တကယ်ဆို သူတို့ကို အလင်းပေးနေတဲ့ နေမင်းကြီးကို ခစားပါတော့လား၊ ဘာဖြစ်လို့ ငါ့ကို ခစားနေကြ တာလဲ"

"နောင်တော်က သူတို့သခင်ကိုး၊ ဘုရင့်သားကိုး"

"သူတို့သခင် ဘုရင့်သားဖြစ်ရတာနဲ့ ငါ့ကိုခစားရမှာလား၊ ငါ ကရော သူတို့ သခင်အစစ်ဖြစ်ရဲ့လား၊ ငါ့အမည်ဟာ သိဒ္ဓတ္ထတဲ့၊ မိမိ ရည်ရွယ်ချက်ကို ပြီးမြောက်စေသူတဲ့၊ ဒါပေမဲ့ ငါ့မှာ ဘာရည်ရွယ် ချက်များရှိပြီး ပြီးမြောက်ခဲ့လို့လဲ၊ ကချေသည်တို့ရဲ့ အလယ်မှာ ထိုင် ပြီး သူတို့ ကခုန်နေကြတာကို ကြည့်ခဲ့တယ်၊ ငါ့ဆရာဗမ္ဗျာဏီ သင် ပေးတဲ့ ရှေးဟောင်းဂါထာတွေ မန္တာန်တွေကို ကျက်ခဲ့ရတယ်၊ ဒါဟာ ရည်ရွယ်ချက်ပြီးမြောက်တာလို့ ခေါ်နိုင်ပြီလား"

ခါးအထိ ရွှံ့တွေ ပေကျံလျက်ရှိသော လယ်သမားလုလင်တစ် ယောက်သည် ရှေ့သို့တိုး၍ ခစား၏။ တံစဉ်သည် သူ့ခါးစည်းကြိုးအောက်သို့ တွဲလဲကျနေသည်။ သူကိုယ်တိုင် စုတ်ပြတ်နေသော အဝတ်အစားတို့ကို ဝတ် ဆင်ထား၏။ လူရွယ်သည် ရွှံ့ဗွက်ထဲမှ တစွက်စွက်လျှောက်လာကာ ရှေ့သို့ တိုး၍ ခစားလိုက်၏။ သူ့နောက်မှလည်း သားသည်အမေများနှင့် ဆံပင်တို့ ဖြူဖွေးနေသည့် သက်ကြီးရွယ်အိုများ လိုက်ပါလာကြသည်။

"သူတို့ ဘာကိုလိုချင်လို့လာကြတာတုန်း"

"အရှင့်ကို ကြည့်ချင်လို့ မြင်ချင်လို့ လာကြပါတယ်"

"ဘာကြောင့် ကြည့်ချင်မြင်ချင်ရ ဖူးချင်ကြရတာလဲ"

"ဘာကြောင့်မှတော့ မဟုတ်ပါဘူး အရှင်"

အသက်ကြီးကြီး လူတစ်ယောက်က နောင်တော်သိဒ္ဓတ္ထကို လက်ဖြင့် ထိရန် လက်ကို ဆန့်ရင်းပြော၏။

"ပျော်လို့ ကြည့်ချင်ကြတာပါ အရှင်"ဟု မိန်းမငယ်တစ်ယောက်က ပြန်ပြီးပြော၏။

"အင်း သတ္တဝါတွေ၊ ဘာမှ မသိကြပါကလား၊ ငါက သူတို့ပျော်အောင် တစ်နေကုန်ရပ်အကြည့်ခံရတော့မှာတဲ့လား၊ သူတို့ဟာ ဘာမှ မသိကြဘူး။ သူတို့က ငါ့ဂုဏ်ကျက်သရေတို့ကို ချီးမွမ်းနေကြပေမဲ့ သူတို့အရှင်ဖြစ်တဲ့ ငါဟာလည်း အပုပ်ကောင်ကြီးပါလား၊ အရိုးစုကြီးပါလားဆိုတာ သူတို့ဘာမှ မသိကြလေဘူး၊ ဒီအပုပ်ကောင်ကြီးကိုပဲ သူတို့အရှင်သခင် ထင်နေကြတယ်၊ ငါဟာ ဒီလောက်ပဲ ရပ်ဆင်းကြန်အင်တင့်တယ်သတဲ့လား၊ မဟုတ်ဘူး၊ မတင့်တယ်ဘူး၊ သူတို့ကလည်း ငါ့လိုပဲ တင့်တယ်ခြင်းမရှိကြဘူး၊ ရောဂါတွေ ပြည့်နှက်ပြီးနေတဲ့ အပုပ်ကောင်များသာဖြစ်ကြတယ်"

သူတို့အားလုံးသည် ကျန်းမာသန်စွမ်းသူများချည်းဖြစ်ကြသည့်အတွက် ကျုပ်သည် သူ့စကားကို ကြားသည့်အခါတွင် ရယ်လိုက်၏။ ကျုပ်သည် နောင်တော်သိဒ္ဓတ္ထအကြောင်းကို ခပ်စောစောကတည်းကပင် ရိပ်မိခဲ့သော်လည်း ထိုအခါမှပင် နောင်တော်သိဒ္ဓတ္ထသည် သာမန်ပုဂ္ဂိုလ်တစ်ယောက် မဟုတ်မှန်းကို ပြက်ပြက်ထင်ထင် သိလာခဲ့သည်။ နောင်တော်သိဒ္ဓတ္ထသည် သူ့ကိုယ်ဟန် တင့်တယ်ခြင်းကို ဂုဏ်ယူ၏။ သို့ရာတွင် တစ်ချိန်တည်း၌ ထိုအဖြစ်ကို စက်ဆုပ်၏။

နောင်တော်သိဒ္ဓတ္ထသည် တစ်ခါတစ်ရံတွင် သူ့အဖြစ်ကိုတွေး၍ ဝမ်းနည်း၏။ တစ်ခါတစ်ရံတွင်လည်း ရေကန်ထဲတွင် သူ့အရိပ်ကို ရှာပြန်ကြည့်ကာ သူ့အတ္တကို လိုက်၍ရှာကြည့်၏။ ထိုအရာများကို ကျုပ်သည် ထိုစဉ်ကတည်းက သိခဲ့သည်ဟု ကျုပ်ပြောရဲပါသည်။ သို့ရာတွင် ကျုပ်သည် နောင်တော်သိဒ္ဓတ္ထထက် ငယ်သူဖြစ်သောကြောင့် ထိုအရာများကို ပညာသိဖြင့် သိခြင်းမဟုတ်ဘဲ ပြကတေ့ဉာဏ်ဖြင့် အလိုလိုသိ ခြင်းဖြစ်ရာ သူဘာမှ အကူအညီမပေးနိုင်ခဲ့။ ကျုပ်သည် တစ်ချိန်လုံးလုံး သူ့အပေါင်းအဖော်ဖြစ်ခဲ့၏။ သူနှင့်ကျုပ်သည် တစ်ဖအေတည်းမှ ပေါက်ဖွားခဲ့သော အဖေတူအမေကွဲ ညီအစ်ကိုများဖြစ်ကြ၏။ သို့တိုင် ကျုပ်တို့နှစ် ယောက်ကြားတွင် အသွင်တူသည့် အချက်ဟူ၍ သိပ်မရှိလှ။ နောင်တော်သိဒ္ဓတ္ထ၏မယ်တော် နောင်တော်သိဒ္ဓတ္ထကို မွေးပြီးနောက်မကြာမီတွင် ကွယ်လွန်သွားခဲ့ရာ သူ့ကို ကျုပ်၏မယ်တော်ကပင် ကျွေးမွေးစောင့်ရှောက်ခဲ့ရ၏။

နောင်တော်သိဒ္ဓတ္ထတွင် အထူးခြားဆုံးအချက်မှာ သူ့ဘဝနှင့်သူ၏ကိုယ်ဟန်တင့်တယ်ပြေပြစ်မှုတို့ကို ဥပေက္ခာပြုနိုင်ခြင်းပင် ဖြစ်၏။ တစ်ခါတစ်ခါတွင် သူဥပေက္ခာပြုလွန်းသဖြင့် နောင်တော်သိဒ္ဓတ္ထသည် စိတ်မှမှန်ပါ၏လောဟုပင် ကျုပ်သံသယဖြစ်မိသေးသည်။

နောင်တော်သိဒ္ဓတ္ထသည် စိတ်နာမ်နှင့် ပတ်သက်သည်တို့မှ လွဲလျှင် ကျန်အရာအားလုံးတို့ကို လျစ်လျူရှု၏။ နောင်တော်သိဒ္ဓတ္ထသည် အမျက်ကြီးမည်ဆိုကကြီးနိုင်သူဖြစ်သည်။ အတိုင်းအဆမရှိ သည်းခံမည်ဆိုလျှင်လည်း သည်းခံနိုင်သူဖြစ်၏။ သို့ရာတွင် တစ်ခါတစ်ရံ၌လည်း နောင်တော်သိဒ္ဓတ္ထသည် ယခင်ဘဝက ပြုခဲ့ဖူးသည့် အပြစ်တို့အတွက် နောင်တသံဝေဂရသည့်နှယ် မလှုပ်မယှက်ထိုင်ကာ ဝမ်းနည်းငေးမောနေတတ်သည်။

မြို့ရိုးဘက်သို့ လျှောက်လာခဲ့စဉ် နောင်တော်သိဒ္ဓတ္ထက သူ့အတိတ်ဘဝအကြောင်းကို ပြန်ပြောသည်။

"ငါဟာ အမြဲတမ်း မင်းသားဖြစ်ခဲ့တယ် အာနန္ဒာ၊ ဟောဟိုက လယ်သမားတွေလို လယ်ကွင်းထဲမှာ အလုပ်မလုပ်ခဲ့ဖူးဘူး၊ ငါ့ခေါင်းပေါ်မှာ အမြဲတမ်းသရဖူနဲ့ မကိုဋ်ကိုသာဆောင်းခဲ့ရတယ်၊ ဒါကြောင့်မို့ သူတို့ကို တန်ဖိုးမထားတတ်ဘူး၊ ငါဟာ မာနကြီးတယ်၊ သူတို့ကို အထင်သေးတယ်၊ ဒါပေမဲ့ သူတို့ကို ဘာအထင်သေးစရာရှိသလဲ အာနန္ဒာ၊ ငါဟာ ခတ္တိယနွယ်ဝင်တစ်ဦး ဖြစ်တယ်၊ ဟိုရှေးအစဉ်အဆက်ကတည်းက လေးမြားလက်နက်တွေနဲ့ တိုက်ခိုက်နိုင်အောင် သင်လာခဲ့ရတဲ့ သာကီနွယ်ဝင်တစ်ဦးဖြစ်တယ်၊ တကယ်တော့ သူတို့ကို ကာကွယ်ဖို့အတွက် ငါဟာ ဒီအတတ်တွေကို သင်ခဲ့ရခြင်းဖြစ်တယ်၊ ဒါဖြင့်ရင် ဘာကြောင့် သူတို့ကို အထင်သေးရမှာလဲ အာနန္ဒာ၊ ပင်ပန်းဆင်းရဲစွာ အလုပ်လုပ်ရတာဟာ ဘယ်လောက်ကြီးတဲ့ ဒုက္ခလည်းဆိုတာကို မသိဘဲ ငါတို့တစ်တွေ အချိန်ကုန်ခဲ့ကြတယ်၊ ဟုတ်တယ် ညီတော်၊ ငါတို့ဟာ ပင်ပန်းဆင်းရဲစွာ အလုပ်လုပ်ကြရမယ်၊ ပြီးတော့"

"နောင်တော်ဟာ နှင်းပွင့်တွေလို ဖြစ်ချင်တယ်ဆို၊ နောင်တော် စောစောကပဲ ပြောခဲ့တယ်လေ၊ ခုတော့လည်း နောင်တော်ရဲ့ စိတ်ဟာ ပြောင်းသွားပြန်ပါပကော"

"ဟုတ်တယ်၊ နောက်ဆုံးတော့ နှင်းပွင့်တွေလိုဖြစ်ချင်တာပါပဲ၊ နှင်းပွင့်တွေဟာ ဘယ်တော့မှ ပြောင်းလဲခြင်းမရှိဘူး၊ ငါကတော့ ပြောင်းလဲနေတယ်၊ တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်မှာ မင်းသားတစ်ပါးဖြစ်ခဲ့ဖူးတယ်"

"နောင်တော်ရဲ့ အတိတ်ဘဝအကြောင်းကို မှတ်မိသလား"

"မှတ်မိတာပေါ့၊ အဲဒီမှာ လွင်ပြင်ကြီးတွေချည်းပဲ ရှိတယ်၊ တောင်တွေလည်းမရှိဘူး၊ မြင်းသည်တော်တွေ ရှိတယ်၊ ရေပြာအိုင်ကြီးတစ်အိုင်ရှိတယ်၊ လွင်ပြင်ကြီးတွေထဲမှာ မြင်းကို ဒုန်းစီးရင် လေ

တွေက နားထဲမှာ တရှီရှီမြည်လို့၊ ဒါပေမဲ့ တစ်ခြားဘဝတွေကိုလည်း ငါမှတ်မိပါတယ် ညီတော်၊ တောတွေထဲမှာ၊ တောင်တွေပေါ်မှာ တစ်ခါက သဲကန္တာရကြီးတွေထဲမှာ သဲတွေက ရွှေရောင်ဝင်းလို့၊ အဲဒီတုန်းက ငါ့ဘဝဟာ တိုတိုကလေးရယ်၊ ငါဟာ အဆိပ်သင့်ခံရပြီး ငယ်ငယ်နဲ့ သေခဲ့ရတယ်၊ ငါဟာ ဆယ်ဘဝကိုပဲ မှတ်မိတယ် အာနန္ဒာ၊ ဒါပေမဲ့ အဲဒီဘဝတွေဟာ ငါ့ကိုယ်ပိုင်ဘဝ မဟုတ်ဘူး၊ ငါဟာငါ့ဘဝကို ငါနေပြီး ငါ့သေခြင်းထဲမှာ ငါနေချင်တယ်၊ တကယ်တော့ ငါတို့ဟာ ငါတို့သေခြင်းထဲမှာ နေကြရမယ်၊ ညီတော် အတိတ်ဘဝကို ဘယ်နှစ်ခုမှတ်မိသလဲ"

"မမှတ်မိဘူးနောင်တော်၊ ကျွန်ုပ်မှာ အရင်ဘဝကို မှတ်မိနိုင်စွမ်းရှိတဲ့ ဉာဏ်ပါမလာဘူး"

"ဘာကိုမှ မမှတ်မိဘူးလား"

"ဟုတ်တယ် မမှတ်မိဘူး"

"သင်ကျူးလွန်ခဲ့တဲ့ မကောင်းမှုတွေ အပြစ်တွေကိုရော"

"ဘာကိုမှ မမှတ်မိဘူး၊ ကြောက်စရာကြီး နောင်တော်ရယ်၊ ပြစ်မှုတစ်ခုခုတော့လည်း ရှိချင်ရှိမှာပေါ့"

"သွေးစွန်းခဲ့တဲ့ ပြစ်မှုမျိုးလား"

"ဟင့်အင်း၊ ဘာကိုမှ ကောင်းကောင်းမမှတ်မိဘူး၊ ကျွန်ုပ်စိတ်ဟာ ဟာလာဟင်းလင်းဖြစ်နေတော့တယ်၊ နောင်တော် ကျွန်ုပ်က ထုံထိုင်းတယ်၊ ကျွန်ုပ်တို့ရဲ့ဆရာ ဗမ္မဏီက ပြောတယ်၊ ညီတော်ဟာ ထုံထိုင်းတယ်တဲ့၊ သူသင်ပြတာတွေကို ညီတော်ဘာမှ နားမလည်ဘူး"

ကျုပ်သည် ဆရာဗမ္မဏီသင်ပြသည်ကို ခက်ခဲသော သင်ခန်းစာများကို အမှတ်ရ၍ ပြော၏။ ထို့ပြင် ကျုပ်သည် နောင်တော်သိဒ္ဓတ္ထ၏ အရှိန်အဝါအောက်တွင် မှီခိုနေထိုင်သူဖြစ်ရာ၊ သူနှင့်ယှဉ်လျှင် ထုံထိုင်းသည်သာ ဖြစ်ကြောင်း ကျုပ်သဘောပေါက်၏။

"ဘာကိုမှ မမှတ်မိဘူးဆိုရင် အိပ်မက်တွေ ဘာတွေကော မမက်ဘူးလား"

"ဟင့်အင်း မမက်ဖူးဘူး၊ ချောက်အိပ်မက်တွေသာ မက်ဖူးတယ်"

"အင်း ညီတော် ကံကောင်းတာပဲ၊ ဒီလောကကြီးထဲမှာတင် မှီတင်းနေထိုင်နိုင်ပြီး ပြောင်းလဲခြင်းဆိုတာကို မသိဘူးဆိုတာ ကံကောင်းတယ်လို့ပဲ ပြောရတော့မယ်ထင်တယ်၊ ငါ့မှာတော့ ဘဝမျိုးစုံ

ကျင်လည်ခဲ့ပြီ အာနန္ဒာ၊ ဒါပေမဲ့ ဘဝတိုင်းမှာ ငါ့အဖို့ အကျိုး မရှိခဲ့ဘူး၊ ဘဝတိုင်းမှာ ငါဟာ ပင်ပန်း ဆင်းရဲစွာမနေခဲ့ရဘူး၊ ငါ့အတွက် မကောင်းပေဘူး အာနန္ဒာ၊ ငါ့အတွက် မကောင်းဘူး"

နောင်တော်သိဒ္ဓတ္ထသည် အတိတ်ဘဝတစ်ခုကို ပြန်တွေးနေသကဲ့သို့ အဝေးသို့ ငေးကြည့်နေသည်။

ကျုပ်တို့သည် လယ်ကွင်းများအဆုံးသို့ ရောက်လာခဲ့ကြသည်။ လမ်းတို့သည် သွေးရောင်တောက်ပနေကြ၏။ အချို့ကမူ ထိုလမ်းများပေါ်တွင် စစ်ပွဲတိုက်ခိုက်ခဲ့ကြသောကြောင့် နီရဲနေခြင်းဖြစ်သည်ဟု ဆိုကြ၏။ အချို့ကလည်း မိုးနီကြီးရွာသောကြောင့်နီရဲနေခြင်းဖြစ်ပါသည်ဟု ပြောကြ၏။ သို့ရာတွင် ကျုပ်ကိုယ်တိုင်ကား မိုးနီကြီးရွာသည်ကို တစ်ခါမှ မမြင်ဖူးသေး။ မြေကြီးထဲရှိ သတ္တုတို့ကြောင့် နီခြင်းလည်းဖြစ်နိုင်သည်ဟု ကျုပ်ထင်၏။

ကျုပ်တို့ကို တိုင်းသူပြည်သားများက မှတ်မိမည်စိုးသည့်အတွက် လမ်းမအတိုင်း လျှောက်သွားနေ၍ မဖြစ်။ သို့ရာတွင် ပုန်းကွယ်စရာလည်း မရှိ။ တစ်ခါတစ်ရံတွင် စစ်ရထားများသည် ကျုပ်တို့အနီးမှ ဖြတ်သွားကြသည်။ သို့ရာတွင် ကုန်သည်တို့၏ လှည်းတန်းများကို မတွေ့ရ။ လှည်းတန်းကြီးများရှိလျှင်မူ ထိုလှည်းတန်းများနောက်မှ ကပ်လိုက်သွားလျှင် ဖြစ်နိုင်သည်။ ကျုပ်တို့ကို ပြန်ရောက်လာကြောင်း ကချေသည်များက တွေ့သွားပြီ။ သို့ဆိုလျှင် တံခါးဝတွင် ရှိနေသည့် တံခါးမှူးတို့ကလည်း စောင့်နေတော့မည်။ တံခါးဝတိုင်းတွင် ကျုပ်တို့ကို ရွှေနန်းတော်ကြီးပေါ်သို့ ခေါ်ဆောင်ရန် ရထားတို့ စောင့်နေကြတော့မည်။ ဘုရင်၏ အမိန့်ကို ပယ်လှန်၍ မရစကောင်း။

"ငါတို့ တစ်နေရာရာမှာ ပုန်းနေရရင် မကောင်းပေဘူးလား"

နောင်တော်သိဒ္ဓတ္ထက မေးသည်။

"ဘယ်လိုပုန်းမှာလဲ"

"ပုန်းစရာတွေ အများကြီးပါ ညီတော်၊ ညီတော်က မိန်းကလေး အယောင်ဆောင်၊ အို မဖြစ်သေးပါဘူး၊ လယ်သမားယောင်ဆောင်ကြမယ်"

"ညီတော်တို့ကိုယ်မှာ ပိုးဖဲတွေ ဝတ်ထားတာ၊ ဘယ့်နှယ်လုပ်ပြီး လယ်သမားယောင်ဆောင်လို့ရမလဲ"

နောင်တော်သိဒ္ဓတ္ထသည် လယ်ကွင်းထဲသို့ ဆင်းသွား၏။ လယ်ထဲတွင် လယ်သမားတို့သည် နွံတို့ပေကျံလျက်ရှိသော အဝတ်အစားများဖြင့် အလုပ်လုပ်နေကြ၏။ ကျုပ်တို့သည် သူတို့အဝတ်အစားများဖြင့် လဲ၍ ဝတ်ဆင်လာခဲ့ကြသည်။

နွေလယ်သို့ ရောက်ပြီ။ လမ်းမတွင် ဖုန်မှုန့်တို့ ပူလောင်လျက်ရှိကြ ၏။ ယင်ကောင်တို့သည် တဝီဝီဝဲပျံလျက်ရှိကြ၏။ တံတိုင်းကြီးများသည် မှုန်ကြီးမတ်ရာ၏ အိမ်များ၊ ဥယျာဉ်များကို ဖုံးကွယ်ထားကြသည်။

မြို့ရိုးပတ်ပတ်လည်တွင် နန်းသို့ ထုတ်ချင်းပေါက်သည့် မင်းလမ်းမကြီးများရှိကြ၏။ ခါတိုင်းဆိုလျှင် ကျုပ်တို့သည် ထိုမင်းလမ်းမကြီးများအတိုင်း ရွှေနန်းတော်သို့ ဝင်မြဲဖြစ်သည်။ သို့ရာတွင် ယနေ့၌မူ နောင်တော်သိဒ္ဓတ္ထသည် လူတွေ ရုတ်ရုတ်သဲသဲသွားလာနေကြသည့်အတွက် မြို့တွင်းလမ်းမများအတိုင်း ဝင်မည်ဟု ပြောလေသည်။ ကျုပ်တို့သည် ညစ်ပတ်မည်းမှောင်သည့် လမ်းကြားများအတိုင်း ကွေ့ပတ်ကာ ရွှေနန်းတော်သို့ မှန်းဆလာခဲ့ကြသည်။

ဈေးကွက်တွင် ထမင်းဟင်းချက်ပြုတ်နေသည်တို့ကို ကျုပ်တို့မြင်ခဲ့ကြသည်။ စားဖိုများတွင် နွားချေးမီးထည့်၍ ချက်ကြခြင်းဖြစ်သည်။ ကုန်သည်တို့၏ လှည်းတန်းကြီးများသည် ဖုန်ထူသော လမ်းမများတစ်လျှောက်တွင် တအိအိနှင့် မောင်းနှင်သွားကြ၏။

ကျုပ်တို့သည် မြို့ကြီးထဲတွင် နန်းတော်သို့ သွားသည့် လမ်းကို ရှာမတွေ့ဘဲ ဖြစ်နေကြသည်။ နောင်တော်သိဒ္ဓတ္ထက လမ်းတွေ့သူတို့အား နန်းတော်သို့ သွားသည့် လမ်းကို မေးကြည့်၏။ သို့ရာတွင် ပေရေညစ်ပတ်နေသော ကျုပ်တို့ အဝတ်အစားများကို ကြည့်၍ ကျုပ်တို့ကို မည်သူကမှ အဖက်မလုပ်ကြချေ။

"ကြည့်စမ်း အာနန္ဒာ၊ လွန်ခဲ့တဲ့အချိန်လေးလောက်တုန်းက လယ်သမားတွေဟာ ငါတို့ကို သိပြီး ဒူးတုပ်ခစားခဲ့ကြတယ်၊ ဟောခုတို့မှာ ရွှံ့တွေပေတဲ့ အဝတ်တွေလည်း ဝတ်လာပါရော၊ တို့ကို ဘယ်သူကမှ မမှတ်မိတော့ဘူး"

"နောင်တော်ဟာ ဟိုအတိတ်ဘဝတွေကို မှတ်မိတယ်ဆိုရင် နောင်လာမယ့် ဘဝကိုရော မြင်နိုင်သလားဟင်"ဟု ကျုပ်က သူ့အနားသို့ ကပ်၍ ခပ်တိုးတိုးလေး မေးလိုက်သည်။

" ဟင့်အင်း ခုထိတော့ ငါ မမြင်ရသေးဘူး၊ ငါ့အထင်တော့ ငါ့ဘဝဟာ ဒီမှာတင် ဆုံးမယ်ထင်တာပဲ"

နောင်တော်သိဒ္ဓတ္ထသည် ထိုစကားများကို ပြောရာတွင် စိတ်ပျက်ငြီးငွေ့သံလည်းမပါ။ ယူကျုံးမရဖြစ်သံလည်းမရှိ။

"ကြည့်စမ်း အာနန္ဒာ၊ ငါက ခရီးသွားတွေကို ရွှေနန်းတော်ကြီးသွားတဲ့လမ်းကို မေးတယ်၊ တစ်ချို့က ငါ့ကို တစ်ရပ်တစ်ပါးက လာတယ်ထင်ပြီး၊ မဟုတ်တဲ့ဘက်ကို လမ်းညွှန်လိုက်ကြတယ်၊ ငါဟာ ပိုးဖဲတွေနဲ့လာခဲ့ရင် မင်းသားဆိုတာ ချက်ချင်းသိမှာပဲ"

"ခုလို အဝတ်အစား အစုတ်အပြတ်တွေ ဝတ်လာတော့ရော၊ မင်းသားဖြစ်သေးသလား"

"ငါ့စိတ်ထဲမှာတော့ ငါဟာ ရွှေနန်းတော်ထဲမှာ ကြီးလာပေမဲ့ မင်းသားတစ်ပါးလို့ မထင်ဘူး ညီတော်၊ လယ်ကွင်းတွေထဲမှာ ရောက်နေတယ်လို့ပဲ ထင်မိတယ်၊ ရေက ငါ့ခြေချောင်းတွေ ကြားမှာ ကိုးလို့၊ ငါ့ပခုံးတွေဟာလည်း ကောက်လှိုင်းစည်းတွေနဲ့ တံစဉ်တွေနဲ့ လေးနေတယ်ထင်မိတယ်၊ ခုလည်း တို့တစ်တွေဟာ လယ်သမားတွေလို ခဏရုပ်ဖျက်လာကြတာပေါ့၊ ဒီနေ့ ဒီအချိန် ဒီနေရာမှာတော့ တို့ဟာ လယ်သမားတွေပဲပေါ့"

"အဲဒီအခါမှာ လယ်သမားတွေက နောင်တော့်ကို ရေချမ်းတွေ ကမ်းလှမ်းကြမှာပဲနော်"

"ဒါပေါ့ အမောပြေအောင် ကမ်းလှမ်းကြမှာပေါ့၊ ဒါပေမဲ့ လယ်သမားဖြစ်ရခြင်းဟာ လောင်ကျွမ်းကြရတာပါပဲ အာနန္ဒာ၊ အရာအားလုံးဟာ လောင် ကျွမ်းကြရတာပါပဲ၊ ဒါပေမဲ့ အာနန္ဒာ၊ လောကမှာအရေး ကြီးဆုံးက ကိုယ်ရှေးရှုနေတဲ့အရပ်ကို သိဖို့လိုတယ်၊ ကိုယ်သွားနေတဲ့ ဒေသကို သိဖို့လိုတယ်၊ ကိုယ် ဘယ်အရပ်ကို ရှေးရှုသွားနေသလဲဆိုတာကို သင့်ကို ဘယ်သူများ ပြောမယ် ထင်သလဲ အာနန္ဒာ၊ တောမှီတဲ့ ယောဂီရသေ့တွေက ပြောမယ်ထင်သလား၊ သူတို့ဟာ တောထဲမှာလှည့်လည်ပြီး ယောဂီအကျင့်ကို ကျင့်ကြတယ်၊ တို့ဆရာဗြဟ္မဏီရော ပြောနိုင်မယ် ထင်သလား၊ သူလည်း မပြောနိုင်ဘူး၊ တို့ဆရာဟာ ကျမ်းစာတွေထဲများမှာပဲ နစ်မြုပ်နေကြတယ်"

စင်စစ်အားဖြင့် ရွှေနန်းတော်ကြီးသည် မြောက်ပိုင်းတွင်ရှိ၏။ ယခုကျုပ်တို့ သွားနေသည့်အရပ်မှာ တောင်အရပ်ဖြစ်သည့်အတွက် ကျုပ်တို့ကို တမင်သက်သက်လမ်းလွှဲ၍ ညွှန်လိုက်ကြောင်း ကျုပ်တို့ သိကြသည်။

"အာနန္ဒာမြင်တယ်မဟုတ်လား၊ လောကမှာ အရေးအကြီးဆုံးက ကိုယ်သွားနေတဲ့အရပ်ကို သိဖို့လိုတယ်ဆိုတာ မြင်ပြီမဟုတ်လား"

"နောင်တော်ပြောတဲ့ အေးချမ်းတယ်ဆိုတဲ့ နှင်းပွင့်တွေရော သူတို့ သွားနေတဲ့အရပ်ဒေသကိုရော သူတို့ဘာသာ သူတို့ သိကြသလား"

"နှင်းပွင့်တွေအဖို့တော့ ဒါတွေဟာ အရေးမဟုတ်တော့ပါဘူး ညီတော်၊ နှင်းပွင့်တွေထဲမှာ အရပ်ဒေသအားလုံး ပေါင်းခြုံပါဝင်နေ

ကြတယ်၊ နှင်းပွင့်တွေဟာ အရပ်ဒေသအားလုံးကို ညွှန်ပြနေကြ တယ်၊
ဒါကြောင့် နှင်းပွင့်တွေကို နောင်တော် သဘောကျတာပေါ့"

ကျုပ်တို့သည် လမ်းတစ်လမ်းကို တွေ့လိုက်ကြ၏။ ရွှေနန်းတော်ကြီးကို မြင်နေရလေပြီ။ နန်းတော်ကြီးတစ်ဝိုက်တွင် တံခွန်တွေ တလူလူလွင့်နေသည်ကို မြင်တွေ့နေရ၏။

ခတ္တိယနွယ်ဝင် ဘုရင်မင်းများ၏ အစိမ်းရောင်များတွင် ရွှေနားကွပ်ထားသည့်အလံများ၊ ကျုပ်တို့ ခမည်းတော်မင်းကြီး၏ ရွှေချည်မျှင်ဖြင့် ရက်ထားသည့် အလံများကို မြင်ကြရသည်။

တပ်မှူးများ၊ ကိုယ်ရံတော်တပ်သားများသည် မြင်းကြီးများပေါ်တွင် အဲမောင်း၊ လှံ၊ လေး၊ မြှားစသည်တို့ကို ကိုင်စွဲလျက် ကိုယ့်တာတွင် ကိုယ်ရပ်စောင့်လျက်ရှိနေကြသည်။ သူတို့ကို ကြည့်ရသည်မှာ ကျောက်ရုပ်ကြီးတွေနှင့် တူနေကြသည်။

နောင်တော်သိဒ္ဓတ္ထသည် သူတို့အနီးသို့ လျှောက်သွားကာ

"ဗိုလ်မှူးတို့၊ ဗိုလ်မှူးတို့၊ ရွှေနန်းတော်ကြီးကို ဘယ်ဘက်ကနေ
ဝင်ရပါသလဲ"

ဟု မေးသည်။

သို့ရာတွင် တစ်ယောက်မှ ပြန်မဖြေကြ။ မြင်းကျောကုန်းပေါ်တွင် မလှုပ်မယှက်ထိုင်ကာ ရှေ့တူရူသို့သာ စိုက်ကြည့်လျက်ရှိကြ၏။ သို့ဖြင့် ကျုပ်တို့သည် ရှေ့သို့ တက်လာခဲ့ကြသည်။

"ငါ့ကိုတောင် မမှတ်မိဘူး"

"ဘယ်မှတ်မိနိုင်မလဲ နောင်တော်၊ နောင်တော်က အဝတ်အစား
တွေကလည်း စုတ်ပြတ်လို့၊ ပြီးတော့ သူတို့ကို ကြည့်ရတာလည်း
အိပ်ပျော်နေကြသလိုပဲ"

"အိပ်ခြင်းဟာလည်း မကောင်းပေဘူး ညီတော်"

ဤစကားများသည် ဘာမှ အသစ်အဆန်းမဟုတ်။ သို့ရာတွင် ယနေ့ နောင်တော်သိဒ္ဓတ္ထပြောနေသည့် စကားလုံးတိုင်းသည် လေးနက်ထူးဆန်းသည့် အဓိပ္ပာယ်တစ်မျိုးကို ဆောင်နေသည်ဟု ကျုပ်ထင်မိသည်။

ဝင်လုဆဲ နေရောင်သည် ကျောက်ပြားခေါင်မိုးပေါ်တွင် တလက်လက် တောက်ပလျက်ရှိနေ၏။ အပူရှိန်ထဲတွင် လမ်းများသည် ခြောက်သွေ့ကာ အရောင်အဆင်းကင်းမဲ့နေကြသည်။ စားဖိုဆောင်မှ မီးများသည် တောက်လျက်ရှိနေကြပြီး ကောင်းကင်တွင်လည်း မီးသည် ရှိန်ရှိန်တောက်လျက်ရှိ၏။

ကလေးငယ်များသည် အဝတ်မပါ ဗလာကိုယ်တီးဖြင့် ရေကန်များ

တွင် ဆော့ကစားနေကြသည်။ တစ်ခါတစ်ရံတွင် ရေတွင်းသို့ ရေခပ်ဆင်းရန် လာသည့် လုံမငယ်တစ်ယောက်တလေကို တွေ့ရတတ်သည်။

ရထားကြီးများသည် ကျုပ်တို့အနီးမှ ဖြတ်သွားကြ၏။ ရထားထဲတွင် မှူးမတ်တို့သည် ယပ်တောင်တဖျတ်ဖျတ် ခတ်လျက်လိုက်ပါသွားကြ၏။

ကပ္ပိလဝတ်မြို့ကြီးသည် အကျဉ်းထောင်ကြီးနှင့်တူလှချေ၏ဟု ကျုပ်စိတ်ထဲတွင် အောက်မေ့မိ၏။

စင်စစ် ကျုပ်တို့သည် ကပ္ပိလဝတ်မြို့ကြီးအကြောင်း ကောင်းကောင်း မသိခဲ့ကြ။ ညတိုင်ဆိုလျှင် မြို့ဘက်ဆီမှ အုတ်အုတ်ကျက်ကျက်အသံများသည် ရွှေနန်းတော်ကြီးဆီသို့ လွင့်ပါလာကြသည်။ ကျုပ်တို့သည် မီးတိုင်ဘေးတွင် ထိုင်ကာ ကျုပ်တို့ဆရာ ဗမ္ဗာဏီပြောပြသော ပုံပြင်များကို နားထောင်ရင်း ထို အသံများကို ကြားနေရသည်။ သူပြောပြသည့် သာမန်လူများ၏ အကြောင်း ကိုသာ နားထောင်ကြရသည်။

ရွှေနန်းတော်ကြီးတွင် နေထိုင်ရသည်မှာ မည်မျှ ကုသိုလ်ထူးကြောင်း၊ ရွှေနန်းတော်ကြီးတစ်ဝိုက်တွင် ပန်းမာန်ဥယျာဉ်တို့ဖြင့် တင့်တယ်ကြောင်း၊ ရေကန်တို့မည်မျှသာယာကြောင်း စသည်တို့ကို ပြောဆိုပြီးနောက် 'တပည့်တို့ လေးမြားအတတ်ကို သင်ကြ၊ နူးညံ့သည့် ခန္ဓာကိုယ်ကို ပေါင်းဖော်ကြ၊ သူရိယနေမင်းကြီးကို ကိုးကွယ်ဆည်းကပ်ကြ"ဟု ကျုပ်တို့ကို ဆုံးမသွန်သင်သည်။

ကျုပ်တို့သည် သူပြောသည့် စကားများကို ဘဝင်မကျနိုင်ဘဲ ဖြစ်နေကြသည်။

ယခုမူ ကပ္ပိလဝတ်မြို့ကြီးကို ကျုပ်တို့ မျက်ဝါးထင်ထင် မြင်ခဲ့ကြရပြီ။ ကျုပ်တို့ဆရာ ဗမ္ဗာဏီပြောသည့်အတိုင်း မှန်နေပြီ။ မြို့ကြီးသည် ညစ်ပတ်၏။ ဖရိုဖရဲနိုင်၏။ လမ်းတွေကလည်း စနစ်မရှိ။ ပန္နက်မရှိ။ သွားချင်သည့် သွားချင်ရာ သွားကာ ဆုံးချင်ရာ ဆုံးသွားတတ်၏။

အိမ်များထဲတွင်လည်း လူတွေ ပြွတ်သိပ်လျက်။ အညစ်အကြေးတို့ကလည်း တစ်ပုံတစ်ပင်။ အချို့နေရာများတွင် နံစော်လွန်းလှသဖြင့် ကျုပ်တို့သည် နှာခေါင်းကို လက်ဖြင့်ပိတ်၍ သွားခဲ့ကြရသည်။

သို့ဖြင့် နောင်တော်သိဒ္ဓတ္ထနှင့် ကျုပ်သည် ဦးတည်ရာ ဒေသမရှိဘဲ မြို့ကြီးထဲတွင် တဝဲလည်လည်ဖြစ်နေကြသည်။ ညစ်ပတ်လှစွာသော သူရာအိုးကြီး တစ်အိုးနှင့်တူသည့် မြို့ကြီးထဲတွင် လမ်းလျှောက်နေကြသည်။

"ညီတော်ရေ၊ နောင်တော်တို့တော့ လမ်းပျောက်နေကြပြီ၊
လမ်းစရှာရတာ ခက်သလောက် လမ်းပျောက်ဖို့ကတော့ အလွယ်
ကလေးပါလား ညီတော်"

နောင်တော်သိဒ္ဓတ္ထက ညည်းညူသည်။

“ဒီလမ်းက မရောက်ရင်လည်း တစ်လမ်းလမ်းတော့ ရှိရမယ်”

ဟု သိဒ္ဓတ္ထဆိုသည်။

နောက်ဆုံးတွင် ကျုပ်တို့သည် ရွှေနန်းတော် အရှေ့တံခါးကို ရှာတွေ့ကြ၏။ ညချမ်းချိန်သို့ရောက်လေပြီ။ ကျုပ်တို့သည် ခိုက်ခိုက်တုန်စပြုလာ၏။ နွေညများဖြစ်သည့်တိုင် ကပိလဝတ်၏ ညများသည် အေးစိမ့်နေကြ၏။

နောင်တော်သိဒ္ဓတ္ထ၏ အကြောင်းကိုရေးလျှင် ကျုပ်သည် နတ်လုလင်တစ်ပါးအဖြစ်မှအပ အခြားနည်းဖြင့် ရေးတတ်မည်မထင်။

ထိုအချိန်က ကျုပ်တို့နှစ်ယောက်သည် အမြဲတမ်း မခွဲမခွာ ရှိခဲ့ကြ၏။ ကျုပ်တို့သည် ပိုးစောင်အထည်ထည်ကို ခြုံ၍ အိပ်ခဲ့ကြ၏။ တစ်ယောက်လက်ကို တစ်ယောက်တွဲ၍ လျှောက်လည်ခဲ့ကြ၏။ ကျုပ်တို့နှစ်ယောက်ကြားတွင် လျှို့ဝှက်ချက်ဆို၍ ဘာမှမရှိ။ သူသည် ကျုပ်ထက် အသက်ကြီးသည့်တိုင် အမြဲတမ်း ကျုပ်ကိုသာ အဖော်ပြုခဲ့၏။

ထိုစဉ်က ကျုပ်တို့သည် ငယ်ကလည်း ငယ်ရွယ်၍ သန့်ရှင်းခဲ့ကြ၏။ လောကကြီး၏ မြေနီမှုန့်တို့ဖြင့် ပေကျံခြင်းမရှိခဲ့ကြသေး။ ကျုပ်တို့သည် အတူဝမ်းနည်းခဲ့ကြ၏။ အတူ ရယ်မောခဲ့ကြ၏။ ငှက်တစ်ကောင် ချုံထဲမှ ထပျံသွားလျှင်၊ ပန်းတစ်ပွင့် ကြွေကျသွားလျှင် ကျုပ်တို့နှစ်ယောက်သည် အတူပြိုင်းကာ လောကကြီးကို လှပအောင် လုပ်ပေးသည့် ဤအရာများကို ဘယ်သူကစ၍ မြင်သနည်းဟု မေးသည့်အနေဖြင့် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်မိကြသည်။

ကျုပ်တို့နှစ်ယောက်သည် ရွှေနန်းတော်မြို့ရိုးမှ တိတ်တဆိတ်ထွက်ကာ အပြင်သို့ လျှောက်လည်ရသည့်အရသာကို တွေ့နေကြပြီ။ ကျုပ်တို့သည် တံခါးမှူးများကို တံစိုးလက်ဆောင်ပေးကာ သွားချင်ရာကို သွားတတ်ကြပြီ။ တစ်ခါတစ်ရံတွင် ကျုပ်တို့သည် ကုန်သည်များဖြစ်သော ဝဿမျိုးနွယ်များဟန်ဆောင်ကြ၏။ တစ်ခါတစ်ရံတွင် ကျုပ်တို့သည် ဖုန်းတောင်းယာစကာများသဖွယ် ရုပ်ဖျက်၍ သွားကြ၏။ တစ်ခါတစ်ရံတွင်လည်း သုဒ္ဒမျိုးနွယ်ဝင်များဟန် ဝတ်ဆင်၍ သွားကြ၏။

ထိုအချိန်ကို ပြန်စဉ်းစားလိုက်သည့်အခါတွင် ကျုပ်သည် နောင်တော်သိဒ္ဓတ္ထ၏ ရုပ်ဆင်းကြန်အင်တင့်တယ်မှု၊ သွားလာလှုပ်ရှားမှု၊ ကျက်သရေရှိမှု၊ သူ့အပြုံး၏ တည်ငြိမ်မှုတို့ကို ယခုတိုင် မြင်ယောင်လျက်ရှိသေး၏။

တစ်ခါတစ်ရံတွင် ကျုပ်တို့သည် အရပ်တစ်ပါးသို့ လှည့်လည်နေသည့် ပန်တျာသည်များ ဟန်ဆောင်ကြ၏။ တစ်ခါတစ်ရံတွင် လူလေလူလွင့်

များ ဟန်ဆောင်ကြသည်။ အများအားဖြင့်ကား ကျုပ်တို့ကို လူမသိစေရန် သာမန်ဆင်းရဲသားများကဲ့သို့ပင် သွားလာလေ့ရှိကြသည်။ ကျုပ်တို့သည် လမ်းမတွင်နေကြသည့် ဆင်းရဲသားတို့၏ ဝေါဟာရများကို နားလည်ခဲ့ကြပြီ။ ဈေးကွက်လပ်တွင် တင်ပျဉ်ဖွဲ့ခွေထိုင်ကာ မျက်မမြင်အဘိုးကြီးပြောသည့် ပုံပြင် အသွယ်သွယ်တို့ကိုလည်း နားထောင်ခဲ့ဖူးကြပြီ။

ပွဲတော်နေ့များတွင် ကျုပ်တို့သည် မျက်နှာကို နံ့သာတို့ လိမ်းခြယ်ကာ မီးပုံးများ၏ အလယ်တွင် ကခုန်ခဲ့ကြသည်။ ကျုပ်တို့ ကိုယ်တိုင် ကျုပ်တို့ကိုယ်ကို ကျုပ်တို့မည်သူကမှ မသိဟု ထင်ခဲ့ကြ၏။ ကျုပ်တို့အား မင်းသားတွေဖြစ်ကြောင်းကို အခြားသူများ သိနေကြသည်ကို ကျုပ်တို့ သတိမပြုမိခဲ့ကြ။

နောင်တော်သိဒ္ဓတ္ထသည် နန်းတော်မှ ရထားဖြင့် ထွက်လာသည့်အခါ၌ သူအို၊ သူနာ၊ သူသေနှင့် ရဟန်းတို့ကို မြင်ခဲ့ရကြောင်း၊ ထိုအရာများကို ယခင်က တစ်ခါမှ မမြင်ခဲ့ဖူးကြောင်းဖြင့် နောက်တွင် ပြောဖြစ်ခဲ့ကြ၏။

အမှန်အားဖြင့်ကား ကျုပ်တို့သည် ထိုအရာများကို မြင်ဖူးခဲ့လေပြီ။ သေအံ့မူးမူးလူကိုလည်းကောင်း၊ မီးဖွားအံ့ဆဲဆဲ မိန်းမကိုလည်းကောင်း၊ ညအမှောင်ဝယ် အိမ်ထဲမှ ပေါ်ထွက်လာသော ကြောက်ဖွယ်အော်သံကိုလည်းကောင်း၊ မြစ်ဘေးတွင် မီးသင်္ဂြိုဟ်လျက်ရှိသော အလောင်းကောင်တို့ကိုလည်းကောင်း ကျုပ်တို့ မြင်ဖူးခဲ့ပြီ။

ကျုပ်တို့ကို အခြားသူများက မသိဟု ထင်ခဲ့ကြသူဟူ၍ သုံးယောက်သာရှိသည်။ ယင်းမှာ နောင်တော်သိဒ္ဓတ္ထ၊ ကျုပ်နှင့် ခမည်းတော်မင်းကြီးတို့သာလျှင် ဖြစ်ကြသည်။

မှူးမတ်တို့သည် မင်းကြီးမသိအောင် အစစအရာရာတို့ကို ဖုံးကွယ်ထားကြ၏။ ကျုပ်တို့ မသိအောင် ကွယ်ဝှက်ထားခဲ့ကြ၏။ ထိုစဉ်က ကျုပ်တို့သည် နေမထွက်မီ နှစ်ဂါတိက အလိုတွင် အိပ်ရာမှ ထကြရ၏။ အိပ်ရာမှ နိုးသည်နှင့် ကျုပ်တို့သည် ညောင်စောင်းပေါ်တွင် လှဲလျောင်းကာ တစ်ယောက်မက်သည့်အိပ်မက်များကို တစ်ယောက်ပြန်မက်တတ်သည်။ အိပ်မက်မမက်ခဲ့လျှင်လည်း နောက်နေ့ဘယ်သွား၍ ဘာလုပ်ကြမည်ကို တိုင်ပင်တတ်ကြသည်။ အခြွေအရံတို့သည် ရောက်လာကြကာ ကျုပ်တို့ကို ရေပူကမ်းလှမ်းကြပါသည်။ ကျုပ်တို့သည် ရေပူဖြင့် ကိုယ်လက်သန့်စင်ကြ၏။ ဆေးမြစ်ဆေးမှုန့်တို့ဖြင့် သွားတိုက်ကြ၏။ ပူဇော်ပွဲတွင် လှူဖွယ်ဝတ္ထုတို့ဖြင့် လှူဒါန်းကြ၏။ ထို့နောက်တွင် ကျုပ်တို့ကိုယ်ကို ကျုပ်တို့အမွှေးနံ့သာများဖြင့် လိမ်းကျံကြသည်။ နှုတ်ခမ်းတွင် ဖယောင်းနီဖြင့် ဆိုးကြသည်။ အစွန်းအပြောက်ဟူ၍ မြူမှုမရှိသော

အဝတ်အစားတို့ကို ဝတ်ဆင်ကြသည်။

ထိုစဉ်က ကျုပ်တို့ ပခုံးတွင် ရွှေကြိုးဖြင့် သိုင်းထားသည့် ကြုတ်တစ်လုံးစီ အမြဲပါ၏။ ထိုကြုတ်ထဲတွင် ကွမ်းနှင့် အာခံတွင်းတို့ကို မွှေးစေသည့် အမွှေးအကြိုင်တို့ကို ထည့်ထားလေ့ရှိကြသည်။

တစ်ခါတစ်ရံတွင် ပူဇော်ပွဲ၌ ပူဇော်ပသမှုပြုသည့်အချိန်နှင့် ကျုပ်တို့ အဝတ်အစားလဲလှယ်သည့်အချိန်၌ မနက်စာကို စားကြသည်။

နွားနို့ပါသည့် ယာဂုထမင်းနဲ့၊ နို့ထမင်းနှင့် ပန်းပေါင်ယိုတို့ဖြစ်ကြ၍ တစ်ခါတစ်ရံတွင်လည်း မုန့်ဖြူ မုယောမုန့်နှင့် တင်လဲတို့ကို စားကြသည်။

ယခုအချိန်တွင် ဓလေ့ထုံးစံတို့ ပြောင်းကုန်ကြပြီ။ သို့တိုင်အောင် ရွှေနန်းတော်ကြီးမှ အဆောင်အယောင်တို့ကား ပြောင်းလဲခြင်း မရှိကြသေး။ မြို့ရိုးထိပ်သို့ နေလုံးရောက်သည့်တိုင်အောင် ကျုပ်တို့သည် အဆုံးအမကို နာခံရန်၊ ခမည်းတော်နှင့် မှူးကြီးမတ်ကြီးတို့ ဆွေးနွေးတိုင်ပင်ကြသည်ကို နားထောင်ရန် ညီလာခံခန်းမကြီးသို့ ဝင်ကြရသည်။ ခမည်းတော်မင်းကြီးအပါးတွင် ခစားရသည့် ဝန်တို့မှာ ဆယ့်လေးပါးနှင်နှင်ရှိ၏။ ကျုပ်တို့ဆရာ ဗမ္ဗုဏ္ဏီမှာ အတိုင်ပင်ခံဖြစ်သည်။

ဗမ္ဗုဏ္ဏီသည် ခမည်းတော်မင်းကြီး၏ ခြေတော်ရင်းရှိ စဥ့်ခုံတစ်ခုံတွင် နေရာယူရ၏။

နောင်တော်သိဒ္ဓတ္ထမှာ ခမည်းတော်မင်းကြီး၏ သလွန်တော်နောက်တစ်ဆင့်တွင် ရွှေသလွန်ဖြင့် ထိုင်ရ၏။

ကျုပ်မှာကား မင်းသားငယ်ဖြစ်သည့်အလျောက် ပဌမအဆင့်တွင် နေရာယူရ၏။ ကျုပ်ကား ညီလာခံဝင်ရသည်ကို စိတ်ပျက်လှပြီ။ ညီလာခံတွင် ဆွေးနွေးတိုင်ပင်ကြသည့်အကြောင်းများမှာလည်း ဘာမှမထူးခြားလှ။ ကုန်စည်ဈေးနှုန်းကိစ္စ၊ ကူးသန်းသွားလာရေးကိစ္စ၊ ဆည်မြောင်းကိစ္စ၊ လမ်းပန်းဆက်သွယ်ရေးကိစ္စ၊ လေးမြားပြိုင်ပွဲကိစ္စ၊ အလှူတော်ပေးရေးကိစ္စ၊ ဂါထာမန္တာန်များ၏ ကိစ္စနှင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကိစ္စ စသည်တို့သာ ဖြစ်သည်။

ခမည်းတော်မင်းကြီးသည် ကိန်းများ၊ ဂဏန်းများကို မကြာခဏမေးတော်မူတတ်သည်။ မှူးကြီးမတ်ကြီးများက ပုရပိုဒ်များဖြန့်ကာ ကြောက်ကြောက်နှင့် ရွတ်ဖတ်လျှောက်တင်ကြရသည်။ မှားလျှင် ပြစ်ဒဏ်ခံကြရမည်ဖြစ်သည့်အလျောက် မှူးကြီးမတ်ကြီးများမှာ လျှောက်တင်ရာတွင် မရဲ။ အကြောက်ကြောက် အရွံ့ရွံ့ဖြစ်နေသည်ကို ကျုပ်သတိပြုမိ၏။

ကျုပ်တို့သည် ခတ္တိယနွယ်ဝင်များဖြစ်၏။ ကျုပ်တို့သည် ကပ္ပိလဝတ်ပြည်ကို အတင်းသိမ်းပိုက်ခဲ့ကြခြင်းဖြစ်သည်။ ယခုအချိန်တွင် ခတ္တိယမျိုး

နွယ်တို့သွေးသည် ကပ္ပိလဝတ်ပြည်သူများ၏ သွေးနှင့် သွေးရောနှောသွားခဲ့ကြပြီဖြစ်သည့်တိုင် အချို့သော နယ်စွန်နယ်ဖျားတွင် သူပုန်သူကန်တို့ ထောင်ထားခြားနားကြသဖြင့် နှိမ်နင်းရသည့်အခါများလည်း ရှိတတ်သေးသည်။ ထို့ကြောင့် အရှေ့ဖျားနယ်စွန်ကို အုပ်ချုပ်ရသည့် မှူးမတ်က မိမိနယ်တွင် ဖြတ်ခဲ့ရသော ခေါင်းများ၏ အရေအတွက်ကို အထစ်ထစ်အငေါ့ငေါ့ဖြင့် လျှောက်တင်လျက်ရှိကြ၏။

"ဘယ်လို လျှောက်တင်လိုက်တယ်၊ လူခုနစ်ယောက် သတ်ခဲ့ပြီ ဟုတ်စ"

ခမည်းတော်မင်းကြီးက မေး၏။ မှူးမတ်က ဟုတ်မှန်ကြောင်း လျှောက်တင်သည်။

ထိုအချိန်တွင် နောင်တော်သိဒ္ဓတ္ထသည် သမ်းဝေလျက်ရှိကာ ညီလာခံဝင်လျှင် ဝတ်လေ့ရှိသော သူ၏ ရွှေဝတ်ရုံကြီးကို ငုံ့ကြည့်လျက်ရှိ၏။

ညီလာခံပြီးသည့်နောက်တွင်ကား ကျုပ်တို့အဖို့ သာ၍ ဆိုးသေး၏။ ထိုအချိန်မှာ ကျုပ်တို့ သင်ခန်းစာ လေ့ကျင့်ချိန်ဖြစ်သည်။ ကျုပ်တို့ဆရာ ဗမ္ဘုဏီသည် စာသင်ကောင်းသူ တစ်ယောက်မဟုတ်။ ဆရာသည် ကျုပ်တို့ကို ဂါထာမန္တာန်တို့ကို သင်ကြားပေး၏။ ဇမ္ဗူဒိပ်ကျွန်း၏ ပထဝီကို သင်ကြားပေး၏။ နီတိများကို သင်ကြားပေး၏။ မင်းညီမင်းသားတို့ကို သင်ကြားပေးရသည့်အတွက် ဆရာသည် အနည်းငယ်တုန်လှုပ်ချောက်ချားကာ မျက်နှာမှာ ဖျော့တော့နေသည်ကို ကျုပ်သတိပြုမိသည်။ နောင်တော်သိဒ္ဓတ္ထသည် လက်နှစ်ဖက်ဖြင့် မေးကို ထောက်၍ နားထောင်နေသည်။ စကားသိပ်မပြောလှ။

တစ်ခါတစ်ရံတွင် ဗမ္ဘုဏီသည် ကျုပ်တို့ကို မေးခွန်းတွေမေး၏။ ကျုပ်တို့ကား သင်ခန်းစာပြီးဆုံးကာ အပြင်သို့ ထွက်ချင်လှပြီ။ နောင်တော်သိဒ္ဓတ္ထကို ကျုပ်အံ့ဩသည့် တစ်ချက်မှာ သူ၏ ဉာဏ်ပညာပြည့်စုံခြင်းကြောင့်ထက် အရာကိစ္စများစွာကို ထိုးထွင်းဆင်ခြင်နိုင်ခြင်းတို့ကြောင့်ဖြစ်သည်။ တစ်ခါတွင် ကျုပ်တို့ဆရာက

"ငှက်တွေမှာ ဘာကြောင့်အမွေးအတောင်တွေ ရှိနေတာလဲ"

ဟုမေး၏။ နောင်တော်သိဒ္ဓတ္ထက

"ငှက်အမွေးအတောင်ဆိုတာ လူမှာရှိတဲ့ ဆံပင်မွေးတွေလိုပဲ။ တစ်ခါတုန်းက လူတွေဟာလည်း ကောင်းကင်မှာ ပျံသန်းနိုင်ကြတယ်"ဟုပြောသည်။

"ကျမ်းစာတွေထဲမှာ ပါသလား"

ဗမ္ဘုဏီက မေးသည်။

“ကျမ်းစာတွေထဲမှာတော့ မပါပါဘူး၊ ဒါပေမဲ့ ဟိုရှေးတုန်းက လူတွေဟာ ကောင်းကင်မှာ ပျံသန်းနိုင်တယ်လို့ ကျွန်ုပ်ထင်တယ်”

ဟု နောင်တော်သိဒ္ဓတ္ထက ပြောသည်။

ဗမ္ဗုဏီသည် ခေါင်းညိတ်ပြပြီးနောက် ကျုပ်တို့ကို ပြန်လွှတ်လိုက်သည်။ ဆရာသည် နောင်တော်သိဒ္ဓတ္ထပြောသည့်အတိုင်း မှန်မမှန်ကို ကျမ်းစာတွေထဲမှာ လိုက်ရှာတော့မည်ဖြစ်ကြောင်းကို ကျုပ်သိလိုက်သည်။

ကျုပ်တို့တွင် အခြားဆရာများလည်း ရှိသေးသည်။ ပန်တျာဆရာမှာ အသက်ကြီးကြီးဖြစ်ပြီး မကြာခဏလည်း လည်ပင်းကို ဆတ်ခနဲ ဆတ်ခနဲ ယမ်း၍ ချိုးရင်း အမြဲတမ်း နှာရှုံ့တတ်သည်။ အကသင်သည့် ဆရာမှာ သန်သန်မာမာ ငယ်ငယ်ရွယ်ရွယ်ဖြစ်သည့်တိုင် ပခုံးပေါ်တွင် ဝဲကျနေသည့် ဆံပင်များသည် ဖြူဖွေးလျက်ရှိ၏။

ကျုပ်တို့ကို ယခုအထိ အတတ်ဟု ခေါ်သည့် တရားဥပဒေဓမ္မသတ်သင်ပေးသည့် ဆရာလည်းရှိသေးသည်။ ဓမ္မသတ်ဆရာသည် မျက်နှာတွင် ပြာမှုန့်တို့ လူးထားပြီး လည်တွင် ဗြဟ္မဏတို့ဆင်လေ့ရှိသည့် လက်ဖွဲ့တစ်ခု ဆင်ထား၏။ ထို့အပြင် ကျုပ်တို့မှာ ရှေးပဝေသဏီကျမ်းများကို သင်ပေးသည့် ဆရာလည်း ရှိသေးသည်။ သူကား ရှေးပဝေသဏီက ထုံးစံဓလေ့များကို ပုရပိုဒ် မကြည့်ဘဲ အာဂုံဆောင်နိုင်သူဖြစ်၏။

မွန်းတည့်ချိန်တွင် ကျုပ်တို့ သင်ခန်းစာများ ပြီးဆုံးလေပြီ။

ကျုပ်တို့သည် အဆာခံကာ မွန်းတိမ်းသို့မဟုတ် ညနေစောင်းအစာစားကြ၏။ ဆာလောင်မွတ်သိပ်လျှင် ရဲရင့်သည်ဟူသော ခတ္တိယ အနွယ်တို့၏ အယူအဆကြောင့်ဖြစ်၏။

“ဆာလောင်တယ်၊ ငတ်မွတ်တယ်ဆိုတာ ကောင်းတယ်၊ ဘာဖြစ် လို့လဲဆိုတော့ ဆာလောင်တဲ့အခါကျမှ အာရုံကြောတွေဟာ ထက်မြက်လာကြလို့ ဖြစ်တယ်”ဟု နောင်တော်သိဒ္ဓတ္ထက ကျုပ်ကို ပြောဖူးသည်။

ကျုပ်ကား အမြဲဆာတတ်သူတည်း။ ထို့ကြောင့် ကျုပ်တွင် စားစရာတစ်ခုခုအမြဲပါလေ့ရှိသည်။

ညနေစောင်းလျှင် ကျုပ်တို့သည် ကန်တွင် ရေချိုးကြ၏။ လေးမြားအတတ်ကို လေ့ကျင့်ကြ၏။ ဥယျာဉ်ထဲတွင် စစ်ရထားမောင်းကြ၏။

တစ်ခါတစ်ရံတွင်လည်း ရွှေနန်းတော်ကြီးတွင် ကျင်းပသော ပျော်ပွဲရွှင်ပွဲများသို့ တက်ရောက်ကြသည်။ သို့ရာတွင် သွားခဲလှပါသည်။ တစ်ခါတစ်ရံတွင်မူ ကျုပ်တို့သည် သာလိကာ၊ ကြက်တူရွေးစသည်တို့ကို စကားပြောသင်

ပေးကြသည်။ ကြက်ပွဲကို ကြည့်ကြသည်။ စစ်တုရင် သို့မဟုတ် ကြွေအန် ကစားကြသည်။

ညနေစောင်းလျှင် ကျုပ်တို့သည် နောက်တစ်ကြိမ် ရေမိုးချိုးသန့်စင်ကာ ပူဇော်ပွဲကို တက်ကြရသည်။

ထို့နောက်တွင်မူ ကျုပ်တို့ခန်းမဆောင်သို့ ပြန်လာခဲ့ကြ၍ အဝတ်အစားလဲလှယ်ကြရပြီးနောက် ဝိဒူသျှကခေါ် နန်းတွင်းအပျော်တော်ဆက်တို့သည် ကျုပ်တို့ ခန်းသာဆောင်သို့ အချိန်းအချက်မရှိကြဘဲ ရောက်လာကြကာ မီးတောက်ကို စားပြခြင်း၊ သူတို့ ကိုယ်ခန္ဓာကို ဓားနှင့်ပိုင်းပြခြင်း စသည်တို့ကို ပြုလုပ်ဖျော်ဖြေကြသည်။ သို့မဟုတ်လျှင်လည်း ကချေသည်တို့ လာရောက်ဖျော်ဖြေကြသည်။

ညစာစားသုံးပြီးသည့်နောက်တွင် ကျုပ်တို့သည် လရောင်ထဲတွင် လေးမြားပြိုင်ပွဲကို ကျင်းပကြပြန်သည်။ ထိုစဉ်က ကပိလဝတ်ပြည်တွင် လရောင်ထဲ၌ ပျော်ပွဲရွှင်ပွဲများ ကျင်းပကြလေ့ရှိသည့် ခေတ်စားနေကြောင်းကို ကျုပ်အမှတ်ရနေမိသည်။

လရောင်ထဲတွင် ပန်းချီရေးသူက ရေးကြသည်။ ညဥ့်ငှက်တို့ကို လေ့လာသူက လေ့လာကြသည်။ ကဗျာရေးသူတို့ကလည်း ရေးကြသည်။ ဂီတတီးမှုတ်သူတို့ကလည်း တီးကြ မှုတ်ကြသည်။

တစ်ခါတစ်ရံတွင်မူ ခမည်းတော် မင်းကြီးကိုယ်တိုင် မောင်းမမိဿံခြွေရံတို့ဖြင့် ကြွရောက်လာကာ ကြည့်ရှုတတ်သည်။ ထိုသို့ လူရှုပ်၍ အုတ်အုတ်ကျက်ကျက်ဖြစ်နေပြီဆိုလျှင် ကျုပ်တို့ ညီနောင်နှစ်ယောက်သည် ကပိလဝတ်မြို့ကြီးထဲသို့ လျှောက်လည်တတ်ကြသည်။

၃

ထိုစဉ်က ကျုပ်အသက်သည် တစ်ဆယ့်ငါးနှစ်ရှိပြီ။

ထိုအချိန်တွင် ဒေဝဒတ်သည်လည်း ရွှေနန်းတော်ကြီးသို့ လာရောက်နေထိုင်လျက်ရှိ၏။ ဒေဝဒတ်သည်လည်း နောင်တော်သိဒ္ဓတ္ထ၏ ဝမ်းကွဲညီနောင်ဖြစ်၏။ ဒေဝဒတ်မှာ အသားညိုညိုနှင့်ဖြစ်သည်။ သူ့အသားသည် နွေနှောင်း အင်ကြင်းခေါက်ကဲ့သို့ ညိုမှောင်လျက်ရှိ၏။

ဒေဝဒတ်သည် ဗာရာဏသီတွင် ငယ်စဉ်က ကြီးပြင်းခဲ့သူပီပီ တောင်ပိုင်းသားတို့ ပြောလေ့ရှိသည့် ရုန့်ရင်းကြမ်းတမ်းသော စကားများကို ပြောဆိုတတ်သည်။

သို့ရာတွင် အားခွန်ဗလကောင်း၍ သတ္တိကောင်းသူတစ်ယောက် ဖြစ်သည်။ ရွှေနန်းတော်တွင်း၌ လေးမြားအတတ်တွင် သူ့လောက်ကျွမ်းကျင်သူ မရှိဟူ၍လည်း နာမည်ကြီး၏။

လက်ပန်းပေါက်ခတ်ခြင်းအတတ်တွင်လည်း ကျွမ်းကျင်သည်ဟု ဆို၏။ ဒေဝဒတ်သည် ကျုပ်တို့နှင့် ပညာပြိုင်ရန် ခမည်းတော်မင်းကြီးက ခေါ်သဖြင့် လှည်းတန်းကြီးဖြင့် ရောက်လာခဲ့လေသည်။

ကပ္ပိလဝတ်ပြည်သို့ ရောက်လာသည့်အချိန်မှာ မနက်ဝေလီဝေလင်းဖြစ်၏။ အလင်းရောင်ပင် ကောင်းကောင်းမလာတတ်သေး။ မြို့တံခါးအပြင်ဘက်မှ လှည်းသံများ၊ ခြုသံများကို ကျုပ်တို့ ကြားရသည်။ အစေအပါးတို့၏ ကြမ်းတမ်းစွာ ပြောဆိုသံ၊ ကိုယ်ရံတော်များ၏ ရိုင်းပျစွာ ပြောဆိုနေသံများကိုလည်း ကျုပ်တို့ကြားနေရသည်။ ခဏကြာလျှင် မြို့တံခါးအပြင်ဘက်တွင် တန့်ရပ်လိုက်သော အသံများကြားရသည်။

"ဘယ်သူလာလို့လဲ နောင်တော်"

ကျုပ်က နောင်တော်သိဒ္ဓတ္ထကို မေးသည်။ နောင်တော်သိဒ္ဓတ္ထက အေးစက်သည့် လေသံဖြင့်ပြောသည်။

"ဒေဝဒတ်ရယ်၊ ငါတော့ ဒုက္ခပဲ ညီတော်၊ ခု တို့တစ်တွေနေရ တာ ဘယ်လောက်ပျော်စရာကောင်းပြီး ဘယ်လောက်လွတ်လပ်သ လဲ၊ ခုတော့ တို့ဆရာ ဗမ္ဗာဏီက ထီးနန်းကိုဆက်ခံမယ့် မင်းညီမင်း သားဆိုတာ ဆွေတော်မျိုးတော်၊ မင်းမျိုးမင်းနွယ်တွေရဲ့ အလယ်မှာ နေရမယ်လို့ ပြောလို့ တစ်ရပ်တစ်ပါးက ဆွေတော်မျိုးတော်တွေကိုပါ ခမည်းတော်က ခေါ်ကုန်ပြီ၊ ဒီမင်းမျိုးမင်းနွယ်တွေကြားထဲမှာ ငါတစ် သက်လုံး ဒီလိုပဲ နေရတော့မှာလား ညီတော်၊ ငါတို့ ညီနောင် နှစ် ယောက်တည်းနေရရင် ပျော်ပါပြီ"

ကျုပ်က အိပ်ချင်မူးတူးဖြင့် ခေါင်းညိတ်လိုက်သည်။

မြို့တံခါးဝမှ အတွင်းနှင့်အပြင် စကားပြောနေသံများကို ကြားနေရ သည်။

ပိုက်ဆံချွင်ချွင်မြည်သံ၊ ခြူသံ၊ မြင်းနှင့် ကုလားအုပ်သံတို့ ခွာရုပ်သံ များနှင့် အမိန့်ပေးသံများ စသည်တို့ ထွက်ပေါ်လာသည်။ နှစ်များမကြာမီတုန်း က ပွဲတော်တစ်ခုတွင် ဒေဝဒတ်ကို ပထမဆုံးအကြိမ် မြင်ဖူးလိုက်ခဲ့ခြင်းဖြစ် သည်။

ထိုစဉ်က ဒေဝဒတ်သည် ဝတ်ရုံရှည်ကြီးကို ဝတ်ကာ တိတ်ဆိတ်စွာ နေသည်။ သူ့မျက်လုံးများသည် နောင်တော်သိဒ္ဓတ္ထ၏ မျက်လုံးများကဲ့သို့ ပြာလဲ့ခြင်းမရှိဘဲ မီးငြိမ်းပြီးသော မီးသွေးခဲကဲ့သို့ နက်မည်းမှောင်လျက်ရှိ၏။ ထို့နောက် နန်းမြို့ရိုးများ တံခါးဖွင့်သံ၊ နန်းမြို့ထဲတွင် ဤမျှ များပြားသော မြင်းနှင့် ကုလားအုပ်များကို ထားရန်အတွက် ဇောင်းများမရှိကြောင်း လျှောက် ထားနေသံ၊ ဖရုသဝါစာစကားသံများကို ကြားလိုက်ရသည်။

"ဟုတ်တယ် ဒေဝဒတ်ရယ်၊ ဒေဝဒတ်ကလွဲရင် ဘယ်သူဒီ စကားမျိုး ပြောရဲမလဲ ညီတော်"

နောင်တော်သိဒ္ဓတ္ထသည် အိပ်ရာမှ ထလိုက်ပြီးနောက် အနီရောင် ဝတ်ရုံကို ပခုံးပေါ်သို့ လွှားတင်လိုက်သည်။

နောင်တော်သိဒ္ဓတ္ထသည် တံခါးကို ပိတ်ရန် တံခါးမှူးများကို အမိန့် ပေးလိုက်သည်။ တံခါးကြီးသည် ဂျိမ်းခနဲမြည်၍ ပြန်ပိတ်သွားသည်။

"ဘာဖြစ်လို့ အပိတ်ခိုင်းတာလဲ နောင်တော်"

"ရွှေနန်းတော်မှာ ထုံးစံရှိတယ် ညီတော်၊ နန်းမြို့တံခါးကို နေ မထွက်မီ မဖွင့်ရဘူးဆိုတာ ခမည်းတော်ဘုရားရဲ့ အမိန့်ပဲ၊ ခမည်း တော်ဘုရားရဲ့အမိန့် ဆိုတာဟာ ဥပဒေပဲ၊ ဟုတ်တယ် ဘုရင်နေတဲ့ နန်းမြို့တံခါးဆိုတာ အချိန်အခါမဟုတ် ဖွင့်ပေးလို့မဖြစ်ဘူး၊ ဒေဝဒတ်

က ငါ့ကို ဘယ်သူလဲလို့ မေးတယ်၊ ငါက တံခါးမှူးလို့ ပြောလိုက်တယ်၊ အမှောင်ထဲမှာ သူငါ့ကို မမြင်ပါဘူး ညီတော်၊ သူတို့လက်ထဲမှာ မီးအိမ်တွေ၊ မီးတုတ်တွေ၊ မီးစည်းတွေ ကိုင်ထားကြပေမဲ့ ငါတို့အတွင်းတံခါးဘက်မှာတော့ မီးတွေ ငြိမ်းထားကြတယ်၊ ဒီတော့ ဒေဝဒတ်က ငါ့ကို ကျိန်ဆဲပြီး ကြာပွတ်နဲ့ ရိုက်မယ်လုပ်တယ်၊ ဒါပေမဲ့ ရိုက်တော့ မရိုက်ပါဘူး"

"ဒေဝဒတ်ရော ဟုတ်ရဲ့လား နောင်တော်"

"သေချာပါတယ် ညီတော်ရယ်၊ အသားက မည်းလိုက်တာ၊ မီးသွေးရောင်ပေါက်နေတာပဲ၊ သူ့အသွားက အာရေဗျသူ၊ ကဲ အိပ်တော့ အာနန္ဒာ"

ကျုပ် အိပ်မပျော်တော့။ ကျုပ်တို့တစ်တွေနဲ့အတူ လာရောက်နေထိုင်ကာ ကျုပ်တို့ ပျော်ရွှင်မှုဟူသမျှကို ခွဲဝေပေးရတော့မည့် အခြားမင်းပျိုမင်းလွင် တစ်ယောက်အကြောင်းကို ကျုပ်တွေးနေမိသည်။

ဒေဝဒတ်သည် ကျုပ်ထက် အဆင့်အတန်းမြင့်၏။ ကျုပ်ထက် အသားလည်းမည်း၏။ ကျုပ်ထက် အားခွန်ဗလကောင်း၏။ ကျုပ်အထင်ပြောရလျှင်တော့ ကျုပ်ထက် အသက်နှစ်နှစ်လောက်ကြီးပြီး နောင်တော်သိဒ္ဓတ္ထနှင့် ရွယ်တူလောက်ရှိလိမ့်မည်။

မိုးလင်း၍ အရုဏ်ဖျော့ဖျော့လာသည့်အခါ၌ ဒေဝဒတ်သည် ကျုပ်တို့နှစ်ယောက်အကြားတွင် ရောက်လာတော့မည်။ ကျုပ်လည်း ဘာမှ မတတ်နိုင်တော့ဟု တွေးမိသည်။ သူရောက်လာလျှင် နောင်တော်သိဒ္ဓတ္ထသည် ကျုပ်ကို အပေါင်းအဖော်မလုပ်တော့ဘဲ သူနှင့်ရွယ်တူ ဒေဝဒတ်နှင့်အတူ ပွဲလမ်းသဘင်များသို့ သွားတော့မည်။

သူနှင့်အတူ စစ်ရထားအစီးပြိုင်ကြလိမ့်မည်။ အခမ်းအနားများတွင် သူနှင့်အတူ ယှဉ်၍ ရပ်ကြတော့မည်။ ကြာကန်တွင် သူနှင့်အတူ ရေကူးကြတော့မည်။ ထိုကြာကန်တွင် ကျုပ်နှင့်နောင်တော်သိဒ္ဓတ္ထတို့ အတူ ရေကူးခဲ့ကြဖူးသည်။

ကြာကန်ထဲတွင် ကြာနီ၊ ကြာစိမ်း၊ ကြာနက်တို့ ဝေနေအောင် ပွင့်နေကြသည်။

ဒေဝဒတ်ရောက်လာလျှင် ကျုပ်တို့ညီနောင် နှစ်ယောက်သည် ဝေးကွာ၍ သွားကြတော့မည်။ ဤသည်ကို ကျုပ်သိပြီ။

အနားသို့ နောင်တော်သိဒ္ဓတ္ထရောက်လာတော့မှ ကျုပ်သည် ငိုတော့မလိုဖြစ်နေသည်ကို ကိုယ့်ဘာသာကိုယ် သတိပြုမိတော့သည်။

"ဘာဖြစ်လို့လဲ အာနန္ဒာ"

"ညီတော်ကြောက်တယ် နောင်တော်၊ ဘာကြောင့် ကြောက်မှန်းတော့ ညီတော်မပြောတတ်ဘူး၊ ကြောက်နေတယ်"

ကျုပ်မေးများသည် တဆတ်ဆတ်တုန်နေသည်။ ကျုပ်မျက်ခွံတွင်ဆိုးထားသည့် ဆေးစိမ်းများသည် မျက်ရည်ကြောင့် ပျော်ကျလာ၏။ နောင်တော်သိဒ္ဓတ္ထသည် ရယ်မောကာ ကြေးမုံတစ်ချပ်ကို ကျုပ်ရှေ့တွင် ထောင်ပြ၏။

"တို့ ညီနောင်နှစ်ယောက်ကြားမှာ ဒေဝဒတ်ရောက်လာတော့မယ်ဆိုပြီး ကြောက်နေတာ မဟုတ်လား"

"နောင်တော် ဘယ်လိုလုပ်ပြီး သိသလဲ"

"ညီတော်က မေးတစ်ဆတ်ဆတ် တုန်ပြီး အံတွေကို ကြိတ်နေတယ်၊ ပါးစပ်ကလည်း ဒေဝဒတ်၊ ဒေဝဒတ်နဲ့ ရွတ်လို့၊ ဘာကြောက်စရာရှိသလဲ ညီတော်"

နေရောင် ဖြာကျလာပြီ။ နေရောင်သည် တောင့်တင်းခိုင်မာသည့် နောင်တော်သိဒ္ဓတ္ထ၏ ပခုံးများပေါ်သို့ ကျလာသည်။

နောင်တော်သိဒ္ဓတ္ထသည် ကျုပ်ညောင်စောင်းပေါ်တွင် ထိုင်ရင်း မျက်လုံးများကို မှိတ်ထားကာ သူ့နှုတ်ခမ်းများတွင် လျှို့ဝှက်တည်ငြိမ်သော အပြုံးရစ်ဝဲလျက်ရှိ၏။

ယခုအချိန်တွင် နန်းမြို့တံခါးတွင် ဖွင့်လိုက်လေပြီ။ မိုးမခပင်များကို ကျော်ကြည့်လိုက်သည့်အခါတွင် နန်းမြို့ထဲသို့ ဝင်လာနေကြသော လှည်းတန်းများ ကုလားအုပ်များကို တွေ့မြင်နေရသည်။

"ကြောက်နေတုန်းပဲလား"

"ဟုတ်တယ် နောင်တော်"

"ကြောက်စရာမရှိပါဘူးလို့ နောင်တော် ပြောပြီးပြီပဲ၊ လောကမှာ အဆိုးဆုံးပြစ်မှုဆိုတာ ကြောက်ခြင်းပဲ အာနန္ဒာ"

ကျုပ်သည် ခတ္တိယနွယ်ဝင်ဖြစ်သည့်အတိုင်း မခံချင်စိတ် ဖြစ်လာသဖြင့်

"ဒဏ်ရာအနာတရဖြစ်မှာကို ကျွန်ုပ်မကြောက်ပါဘူး နောင်တော်၊ ဒါပေမဲ့ နောင်တော် ဆုံးရှုံးရမှာတော့ ကျွန်ုပ်ကြောက်တယ်၊ ဒါထက် နောင်တော်ကို ချစ်နေရတဲ့ ကျွန်ုပ်အချစ် ဆုံးရှုံးသွားမှာကိုတော့ ပိုကြောက်တယ်၊ ညီတော်တို့နှစ်ယောက်ဟာအတူနေကြတယ်၊ နောင်တော်ဟာ ပညာရပ်တွေကို၊ အသိတွေကို ဆရာဗမ္ဗျာဏီ သင်ပေးတာထက်တောင် ညီတော်ကို ပိုပြီးသင်ပေးခဲ့တယ်၊ ခု သူ ရောက်လာပြီ

ဆိုရင် ညီတော်တို့၊ နောင်တော်တို့လို့ ဝါရွှေတဲ့အဆင်းမရှိ၊ မည်းနက်တဲ့အဆင်းနဲ့ ကျွန်ုပ်တို့နှစ်ယောက်ကြားမှာ ဝင်ရပ်မှာတော့ မြင်ယောင်နေမိတယ်၊ ပြီးတော့ ဒေဝဒတ်ဟာ ကျွန်ုပ်ကိုစကား မပြောဘူးနောင်တော်၊ ကျွန်ုပ်ကို သူဘာဖြစ်လို့ စကားမပြောတာလဲဟင်”

နောင်တော်သိဒ္ဓတ္ထက မည်သို့မှ မပြော။ ပန်းတစ်ကုံးကို သရဖူပုံသီနေသည်။ နောင်တော်သိဒ္ဓတ္ထသည် ပန်းသီခြင်းကို ရပ်၍ ပြုံးလိုက်၏။ အတန်ကြာမှ တည်ငြိမ်စွာ မွက်ဟသည်။

“နောက် ညီတော် သိလာမှာပေါ့”

အစတွင် ကျုပ်ထင်သည့်အတိုင်း ဒေဝဒတ်သည် ကျုပ်တို့နှစ်ယောက်ကြားတွင် အတားအဆီးဖြစ်လာခဲ့လေပြီဟု ထင်မိသည်။ ကျုပ်တို့နှင့်အမြဲ တတွဲတွဲလုပ်နေသဖြင့် ဒေဝဒတ်သည် ကျုပ်တို့နှစ်ယောက်ကြားတွင် အတားအဆီးဖြစ်ခဲ့လေပြီဟု ကျုပ်တွက်ခဲ့သည်။

ဒေဝဒတ်သည် ကျုပ်ထင်သလောက် အသားမည်းခြင်းမရှိ။ သူတို့ဗာရာဏသီပြည်တွင် လူ့အသားကို ဖြူစေသည့် နွားနို့တစ်မျိုးရှိသည်ဟု ပြောကြသည်။ ထို့ကြောင့်များလား မပြောတတ်။ ဒေဝဒတ်၏ အသားများသည် ကျုပ်ထင်သလောက် မည်းခြင်းမရှိသည်ကို တွေ့ရသည်။ သို့ရာတွင် သူ့မျက်လုံးများကား မီးသွေးကဲ့သို့ မည်းမှောင်နေကြသည်။ လမ်းလျှောက်ပုံကလည်း တင့်တယ်ခန့်ညားခြင်းမရှိ။ ခြေလှမ်းပုံက တောင့်နေသည်။

ကျုပ်သည် သူ့ကို အမြဲသတိဖြင့် စောင့်ကြည့်သည်။ ဒေဝဒတ်ကမူကျုပ်ကို စာရင်းထဲ ထည့်ဟန်မတူ။ ကျုပ်မသိအောင် တစ်စုံတစ်ရာကို ဖုံးကွယ်ထားသည်ဟုလည်း ကျုပ်က ထင်မိသည်။ နောင်တော်သိဒ္ဓတ္ထကို ‘နောင်တော်’ဟု ခေါ်ပြီး ကျုပ်ကိုမူ ‘ဝမ်းကွဲညီ’ဟုခေါ်၏။ ဒေဝဒတ်သည် ခမည်းတော်မင်းကြီးကို အရိုအသေပေးပုံကို ကြည့်၍ ကျုပ်တို့မှာ ပါးစပ်ကို ပိတ်ကာ တစ်ဘက်သို့ လှည့်၍ ရယ်မိကြသည်။

အချိန်မှာ မိုးမချုပ်မီ နွေနှောင်းရာသီဖြစ်၍ ရာသီပူပြင်းလှ၏။

နေမင်းသည် မြေပြင်ကို အနီရောင် ရောင်ခြည်များဖြင့် လွှမ်းခြုံထားသည်။

မြေအပြင်သည် ပန်းနံ့တို့ဖြင့် မွေးဒိုက်နေသည်ဟု ထင်ရ၏။

ကန်ထဲတွင် ကြာပွင့်တွေ ဝေနေအောင် ပွင့်ကြလေပြီ။ မီးပူဖော်သည့်ခန်းဆောင်မှ အစိမ်းရောင် အုတ်ကြွပ်မိုးများသည် နှင်းမြူထဲတွင် အရောင်လက်နေကြ၏။ ကျုပ်တို့သည် မြင်းစီးကျင့်ကြပြီး နန်းမြို့ရိုးထဲတွင်ရှိ ရေကန်တစ်ကန်ဘေးတွင် မောမောနှင့် လဲလျောင်းနေကြသည်။

နောင်တော်သိဒ္ဓတ္ထကမူ ကန်ထဲတွင် ရေချိုးလျက်ရှိ၏။ သူ့ပခုံးပေါ် တွင် ရေစက်ရေမွှားများတင်နေသည်ကို မြင်ရသည်။ ထို့နောက် ရေထဲမှ တက် လာကာ ကျုပ်ကို ကျောပေး၍ ပုရပိုဒ်ပေါ်တွင် တစ်စုံတစ်ရာကို ရေးနေသည်။ ဒေဝဒတ်မှာမူ ရေကန်ထဲတွင် ရေကူးလျက်ရှိနေသည်။

"ဒေဝဒတ်ဟာ နောင်တော် ထင်သလောက်တော့ မဆိုးရှာပါဘူး ကွယ်၊ ညီတော်လည်း ဘာမှ မစိုးရိမ်ပါနဲ့၊ သူဟာ ညီတော်နဲ့ နောင် တော်ကြားမှာ အတားအဆီး မဖြစ်နိုင်ပါဘူး"ဟု ကျုပ်ကို တိုးတိုး လေး လှမ်းပြောသည်။

"နောင်တော် ဘာတွေရေးနေတာလဲဟင်"

"ဘာမှ မဟုတ်ပါဘူး ညီတော်၊ မကြည့်ပါနဲ့၊ ကလေးကလား ဆန်လှပါတယ်၊ နောင်တော်ဟာ ကဗျာလင်္ကာကို ရေးတတ်တော့မှာ မဟုတ်ဘူးထင်ရဲ့"

ကျုပ်က သူ့ပခုံးပေါ်မှ ကျော်၍ ပုရပိုဒ်ကို လှမ်းကြည့်လိုက်သည်။

ကြာပန်းဝတ်လွှာပေါ်မှ နှင်းစက်လျှောကျသကဲ့သို့၊

မျက်နှာဖုံးပဝါသည် စုတ်ပြဲသွားသကဲ့သို့၊

နှုတ်ခမ်းအစုံသည် ကြောက်ဖွယ်ဖြူဖွေးရသကဲ့သို့

ငါတို့နှစ်ဦးကြားတွင်လည်း ပျက်ပြုန်းခြင်း ရှိရမည်သာ။

နောက်က ကျုပ်ရပ်၍ ကြည့်နေသည်ဟု သတိပြုမိပုံရသည်။ နောင် တော်သိဒ္ဓတ္ထသည် ပုရပိုဒ်ကို ဘေးသို့ချကာ ကြာကန်ကို ငေးကြည့်နေသည်။ ပန်းဝတ်လွှာများမှ ထွက်နေသည့် နွေမြူမှုန်တို့ကို ငေးကြည့်နေသည်။

ဒေဝဒတ်သည် ကျုပ်တို့ကို ရယ်မောကြည့်ကာ ကမ်းသို့ ကူးလာ သည်။ ထိုအခါကျမှပင် ဒေဝဒတ်သည် ကျုပ်တို့နှင့် သွေးမည်မျှ နီးကြောင်းကို ကျုပ်သတိပြုမိတော့သည်။ ဒေဝဒတ်ကို လှမ်းကြည့်လိုက်သည်တွင် ဒေဝဒတ် သည် ဒေဝဒတ်မဟုတ်တော့။ ကမ်းဆီသို့ ကူးလာနေသော ကျုပ်ကိုယ်တိုင်ပင် ဖြစ်နေသည်ဟု ထင်လိုက်မိသည်။

ဟုတ်သည်။ ဒေဝဒတ်မဟုတ်။ ကျုပ်ကိုယ်တိုင်ဖြစ်နေသည်။ ရွှေနန်း တော်ကြီးထဲမှ ကြေးမုံများတွင် ပြန်မြင်ရသော ကျုပ်ကိုယ်တိုင်ပင် ဖြစ်နေသည်။

ကျုပ်လို အပြုံးမျိုးကို ပြုံးလျက်၊ ကျုပ်လိုပင် မျက်ခွံတွင် ခနောက် စိမ်းတို့ကို ဆိုးလျက်၊ ကျုပ်လိုပင် သန်မာတောင့်တင်းသည့် ပခုံးကို မတ် လျက်။

ထိုအခါကျမှ ကျုပ်နှင့်ဒေဝဒတ်သည် သွေးအရ မည်မျှနီးစပ်ကြောင်း ကျုပ်သဘောပေါက်တော့သည်။

ကျုပ်သည် နောင်တော်သိဒ္ဓတ္ထကို လှည့်ကြည့်လိုက်သည်။ နောင်တော်သိဒ္ဓတ္ထကို ကြည့်လိုက်လျှင် ကျုပ်ကိုကျုပ် ပြန်မြင်ရသလိုရှိလိမ့်မည်ဟု ကျုပ်ထင်သည်။ သို့ရာတွင် မဟုတ်ချေတကား။

နောင်တော်သိဒ္ဓတ္ထ၏ ရုပ်သွင်သည် ကျုပ်စိတ်ထဲတွင် အဆမတန်ကြီးမားနေသည်ဟု ထင်လိုက်သည်။ မိုးထိမြင့်သော ကြေးရုပ်ကြီးတစ်ရုပ်နှင့်တူသည်ဟု အောက်မေ့မိသည်။

သို့ရာတွင် ကျုပ်တို့ ကပိလဝတ်ပြည်ရှိရာ မြောက်ပိုင်းတွင် နွေရာသီဆိုလျှင် ထိုသို့ တံလျှပ်ထင်သည်မှာ မဆန်းပါ။ ဩကာသလောက၏ ရောင်စုံပြိုးပြက်သော တင့်တယ်မှု၊ ကြီးကျယ်ခမ်းနားမှုတို့ကြောင့် စိတ်တန်ခိုး သတ္တိတို့သည် တစ်ခါတစ်ရံတွင် ညှိုးငယ်သွားတတ်ကြသည်။

ကျုပ်စိတ်ထဲတွင် ပို၍ ထူးဆန်းသွားသည်မှာ ဒေဝဒတ်သည် နေးကွေးလေးလံသွားပြီး မျက်နှာပေါ်တွင် ရေစက်တွေ သီးနေသည့်အတွက် ခါတိုင်းလောက် အသားမညိုတော့ခြင်းဖြစ်သည်။

ပန်းဝတ်လွှာကလေးများသည် မလှုပ်မရှား ငြိမ်သက်သွားသည်ဟု ထင်ရကာ သံဖြင့် သွန်းသည့်နှယ် မာကျောသွားသည်ဟု ထင်ရခြင်းဖြစ်သည်။

ကျုပ်တို့ရောက်နေသည့် မီးပူဖော်သော ခန်းမဆောင်ကြီးသည်လည်း အစစ်အမှန်မဟုတ်ဘဲ ပုရပိုဒ်ချပ်ပေါ်တွင် ရေးထားသည့် အရုပ်သဖွယ် ဖြစ်နေသည်။

"အင်း အရာအားလုံးဟာ အစစ်အမှန် မဟုတ်သလိုပဲလား"

ဟု ကျုပ်တစ်ယောက်တည်း ညည်းနေသည်။ သို့ရာတွင် နောင်တော်သိဒ္ဓတ္ထသည် ကျုပ် ညည်းသံကို ကြားသွားဟန်တူ၏။

"လူ့ပျိုဘဝမှာ တစ်နေရာရာမှာ ပျက်စီးချုပ်ငြိမ်းခြင်းဆိုတာ ရှိတယ်၊ ဘယ်အရာမှ မတည်မြဲလေဘူး ညီတော်၊ ကြာပန်းပေါ်မှာ တင်နေတဲ့ နှင်းစက်များလိုပဲ တစ်နေ့မှာ ချုပ်ငြိမ်းပျောက်ကွယ်သွားရတာပဲ"

နောင်တော်သိဒ္ဓတ္ထသည် စကားကို မဆက်တော့ဘဲ ကျုပ်တို့ဆီသို့ ဖြည်းညင်းစွာ လှမ်းလာနေသည့် ဒေဝဒတ်ကို လှမ်းကြည့်လိုက်သည်။ ရေစိုနေသဖြင့် ဆံပင်များသည် သူ့ပခုံးပေါ်သို့ ဝဲကျလျက်ရှိ၏။

"နောင်တော် ခုနကစပ်တဲ့ လင်္ကာပြီးသွားပလားဟင်"

"ဟင့်အင်း ပြီးအောင် မစပ်ဘူး ညီတော်၊ ဒီနေ့ နောင်တော် မြင်နေရတဲ့ အရာအားလုံးဟာ အတုအယောင်တွေချည်းပဲ ဖြစ်နေတယ်လို့ ထင်တယ်၊ မနက်ဖြန်ကျတော့မှ အစစ်အမှန်ကို"

"ရေထဲက ရေခိုးတွေနဲ့ အပူငွေ့တွေကြောင့် ကြည့်ရတာ တစ်မျိုး ဖြစ်နေတာ ထင်ပါတယ် နောင်တော်ရယ်"

"မဟုတ်ဘူး ညီတော်၊ ရေခိုးရေငွေ့တွေနဲ့ အပူငွေ့တွေဟာ နေ့ တိုင်းလည်း ကန်နားတစ်ဝိုက်မှာ ရှိနေတာပဲဟာ"

ဒေဝဒတ်သည် ကန်ထဲမှ ဖြည်းညင်းစွာ တက်လာသည်။ ကချေ သည်တစ်ယောက်က ပဝါတစ်ထည်လာပေး၏။ ဒေဝဒတ်သည် ကိုယ်ကို ပဝါ ဖြင့် ပွတ်တိုက်ပြီးနောက် ဝတ်ရုံတစ်ထည်ကို ကောက်ဝတ်လိုက်သည်။ ပိုးခါး စည်းကြိုးကို စည်းလိုက်၏။ ကျုပ်တို့ကို စကားတစ်ခွန်းမှ ပြောဆိုခြင်းမပြုချေ။

ကျုပ်တို့စိတ်တွင် ဒေဝဒတ်သည် နန်းတော်တို့ ပြန်လိမ့်မည်ဟု ထင် လိုက်ကြသည်။ သို့ရာတွင် ခဏကြာလျှင် မြို့ရိုးဘေးမှ စစ်ရထားအပြေးမောင်း သွားသံနှင့် ခြုသံများကို ကြားလိုက်ရသည်။ ထိုစဉ်က ကျုပ်တို့သည် ဥယျာဉ် ထဲတွင် ရထားပြိုင်မောင်းရသည်ကို အလွန်ပင် ပျော်မိသည်။

ဥယျာဉ်ထဲတွင် လင်းလွန်းပင်၊ သပြေပင်စသည့် အပင်များဖြင့် ဝေ ဆာလျက်ရှိ၏။ စစ်ရထားများမှာ ခပ်သေးသေးများဖြစ်သည့်အတွက် သစ်ပင် များကြားတွင် မောင်း၍ရ၏။

"ဥယျာဉ်ထဲက ပန်းသစ်ပင်တွေမှာ အပွင့်တွေ မကြွေကြသေး ဘူး၊ သူလုပ်တာနဲ့ပဲ ပန်းတွေ ကြွေကျတော့မယ်၊ ဒါပေမဲ့"

ရထားပြိုင်ပွဲများ ကျင်းပသည့်အခါတွင် ရထားမောင်းသဖြင့် ပန်း ပွင့်တွေ ကြွေကျခြင်းမရှိစေရဟု ပြိုင်ပွဲစည်းကမ်းတစ်ခုရှိ၏။ ထို့ကြောင့်နောင် တော်သိဒ္ဓတ္ထက ဤစကားကို ပြောခြင်းဖြစ်၏။

"တစ်ခုတော့ ရှိပါတယ်လေ၊ ဒေဝဒတ်ဟာ ရထားမောင်းတော့ ကျွမ်းကျင်ပါတယ်၊ ဒေဝဒတ်ဟာ လေးမြားအတတ်ကလွဲလို့ရှိရင် ကျန်တဲ့အတတ် ပညာတွေမှာတော့ တော်တော်ကျွမ်းကျင်ပါတယ်"

"ကျွန်ုပ်ကတော့ ဒီလိုမထင်ဘူး နောင်တော်၊ ဒေဝဒတ်ဟာ လေးမြားအတတ်မှာ ပိုလို့တောင် ကျွမ်းကျင်တယ်လို့ ထင်ပါတယ်"

"ဒါပေမဲ့ ဒေဝဒတ်ဟာ စိတ်မရှည်ဘူး ညီတော်၊ ဒေဝဒတ်ဟာ စိတ်တိုတတ်သူတွေရဲ့ မကောင်းတဲ့ လက္ခဏာချက်တွေ အပြည့်ရှိ တယ်၊ ရွှေနန်းတော်အစဉ်အလာများထဲမှာ စိတ်ကို တည်ငြိမ်စေရ မယ်လို့ သတ်မှတ်ချက်ရှိတယ် မဟုတ်လား"

ကျုပ်တို့မှာ ခတ္တိယနွယ်ဝင်များဖြစ်ကြောင်း၊ ထို့ကြောင့် ကျုပ်တို့ တောင် စိတ်တည်ငြိမ်စွာထားရန် ခဲယဉ်းကြောင်း ကျုပ်က ပြန်ပြောမည်ပြု သည်။ သို့ရာတွင် နောင်တော်သိဒ္ဓတ္ထက စကားဆက်လိုက်၏။

"တစ်ခါတလေတော့ နောင်တော်တွေးမိတယ်၊ စိတ်မရှည်ခြင်း ဟာ ပြစ်မှုတကာတို့အနက် အကြီးဆုံးပြစ်မှု ဖြစ်လိမ့်မယ်ထင်တယ်"

"သူတစ်ပါး အသက်သတ်တာထက်တောင် ကြီးလေးသေးသလား နောင်တော်"

"ကြီးတာပေါ့၊ စိတ်မရှည်မှုထဲမှာ သူတစ်ပါးအသက်ကို သတ်တာလည်း အကျုံးဝင်နေတယ် ညီတော်"

နောင်တော်သိဒ္ဓတ္ထသည် ကျုပ်ကိုကျောပေးကာ ပုရပိုဒ်ပေါ်တွင် တစ်စုံတစ်ရာကို ရေးခြစ်နေသည်။

ခဏကြာလျှင် ဥယျာဉ်ဘက်သို့ ဟင်္သာအုပ်များ ပျံသန်းလာသည်ကို တွေ့ရ၏။ ဟင်္သာအုပ်များသည် မြားတစ်စင်းလို ရင်ပေါင်တန်း ပျံလာကြ သည်။ နေဝင်လုနီးလေပြီ။ အနောက်ဘက်ကောင်းကင်သည် နီရဲလျက်ရှိ၏။ ဟိမဝန္တာတောင်တန်းကြီးသည် ဝင်လုဆဲနေရောင်အောက်တွင် ညိုမှိုင်းလျက်ရှိ၏။

အေးမြသော လေသည် မိုးမခပင်များကြားမှ ဖြတ်သန်းတိုက်ခတ်လာသည်။ နောင်တော်သိဒ္ဓတ္ထမှာ ပုရပိုဒ်ပေါ်တွင် ရေးလျက်ရှိနေပြီး ကျုပ်ကမူ ကန်ထဲသို့ ဆင်း၍ ရေကူးနေသည်။ ရေထဲမှ ကောင်းကင်သို့ မျှော်ကြည့်လိုက်လျှင် ဟင်္သာအုပ်များ လည်ကိုဆန့်တန်းကာ အတောင်တို့ကို တဖျပ်ဖျပ်ခတ်၍ ပျံသန်းသွားကြ၏။

"နောင်တော်ရေ၊ ဟင်္သာတွေ ပျံသွားတာ နိမ့်နိမ့်လေးနော်၊ ပစ်လိုက်ရရင် အသာကလေးရယ်"

ဟု ကျုပ်ပြောလိုက်သည်။

ပြော၍မှ မဆုံးမီ မြားတိုလေးမှ လွတ်လိုက်သည့်အသံ ပေါ်လာကာ မြားတစ်စင်းသည် တက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထို့နောက် တစ်စင်းပြီး တစ်စင်းတက်လာသော မြားတို့ကို မြင်ရ၏။ ထိုအချိန်တွင် ဥယျာဉ်ထဲ၌ နောင်တော်သိဒ္ဓတ္ထ၊ ဒေဝဒတ်နှင့် ကျုပ်တို့ သုံးဦးသာ ရှိနေသဖြင့် ထိုမြားသည် မြို့ရိုးတစ်ဘက်တွင် လေးမြားအတတ်တို့ကို သင်နေကြသည့် ခတ္တိယနွယ်ဝင်တစ်ယောက်ယောက်က ပစ်လိုက်ခြင်းဖြစ်လိမ့်မည်ဟု ကျုပ်ထင်လိုက်၏။

နောင်တော်သိဒ္ဓတ္ထကား ပုရပိုဒ်ပေါ်တွင် စာရေးနေဆဲဖြစ်၏။ ကျုပ်တို့၏ ပတ်ဝန်းကျင်တွင် တိတ်ဆိတ်လျက်ရှိ၏။ ထိုစဉ်ဟင်္သာတစ်ကောင်မှာ ချာချာလည်၍ ကျလာသည်ကို တွေ့ရသည်။ ဟင်္သာ၏ အတောင်ကြားတွင် မြားတစ်စင်း စိုက်လျက်ရှိသည်ကိုလည်း ကျုပ်မြင်လိုက်သည်။

ဟသ်ာသည် ကျုပ်ရပ်နေရာနှင့် မလှမ်းမကမ်း ကြာကန်အစပ်တွင် ကျလာသည်။ နောင်တော်သိဒ္ဓတ္ထကား ဟသ်ာငှက်ကျလာသည့်တိုင် စာကို ဆက်လက်ရေးနေဆဲဖြစ်သည်။

နောင်တော်သိဒ္ဓတ္ထသည် မြေပေါ်သို့ တစ်စုံတစ်ရာ ကျလာသံကို ကြားလိုက်ရ၏။ သို့ရာတွင် အနီးရှိ သပြေပင်များမှ အသီးများကြွေကျသံလော သို့မဟုတ် ဖောင်းထဲရှိ စစ်ရထားပေါ်မှ အစေတော်တစ်ဦး မတော်တစ်ဆလဲကျသည့် အသံပေလောဟု ထင်နေပုံရ၏။

ထိုစဉ် ကြာကန်အနီးရှိ ချုံကြားမှ တဖျပ်ဖျပ် အတောင်ရိုက်နေသံ ကြားလိုက်ရသည်။ ထိုကန်မှာ ကြာနက်တို့ စိုက်ပျိုးထားသည့် ကြာကန်ဖြစ်၏။ မဟူရာရောင် ကြာဖူးတို့သည် ရေပေါ်သို့ ထိုးထွက်နေကြသည်။

နောင်တော်သိဒ္ဓတ္ထသည် အလန့်တကြားဖြင့် ထရပ်လိုက်ကာ တစ်စုံတစ်ရာကို အော်ဟစ်ပြောလိုက်၏။ သဲကွဲစွာ ကြားပင်မကြားလိုက်ရ။ သို့ရာတွင် ဟသ်ာငှက်ကို ပြန်လွှတ်ရန်ကား ပြောနေမှန်း ကျုပ်သတိပြုလိုက်မိသည်။ မည်သူ့အား ပြောနေသည်ကိုမူ ကျုပ်ကောင်းကောင်းမသိချေ။

ဟသ်ာသည် သနားစဖွယ် အတောင်တဖျပ်ဖျပ် ခတ်လျက်ရှိ၏။ လည်ပင်းသည် ဆန့်လျက်ရှိ၏။ ဟသ်ာ၏ လည်ပင်းတွင် မြှားတွေပေကျံလျက်ရှိပြီး မြှားသည် စိုက်လျက်တန်းလန်းမှ နိမ့်ချည်မြင့်ချည်ဖြစ်နေသည်။

"ဟဲ့ ဟသ်ာကို ဒီအတိုင်းကြည့်နေရသလား၊ ဘယ်သူပစ်လိုက်တာလဲ"

ဟု အနီးရှိ ကချေသည်တစ်ဦးကို မေးမြန်းလျက်ရှိသည်။

ကချေသည်ကား ကြောက်လန့်လျက်ရှိလေပြီ။ ထိုစဉ် ဥယျာဉ်ထဲသို့ မောင်းလာသော စစ်ရထားတစ်စင်းမှ ခြူသံများကို ကြားလိုက်ရသည်။

"ပျားရည်နဲ့ ဆေးမြစ်ယူခဲ့ကြပါ၊ မြှားကိုတော့ နုတ်ပစ်လိုက်ပြီး ပါပြီ"

မြှားမှာ မြှားရွက်ကြီးကြီး၊ မြှားတံတိုတိုနှင့် ဖြစ်ပြီး မြှားတံနောက်ပိုင်းတွင် ငှက်မွေးများတပ်ထားသဖြင့် ကျုပ်တို့ သုံးလေ့သုံးထရှိသော မြှားမျိုးမဟုတ်ချေ။ ပျားရည်နှင့် ဆေးမြစ်ရည်ရောက်လာသည့်အခါတွင် နောင်တော်သိဒ္ဓတ္ထသည် ဟသ်ာ၏ တောင်ပံမှ ဒဏ်ရာကို ဆေးမြစ်ရည်ဖြင့် ဆေးကြောပေး၏။ ထို့နောက် ဒဏ်ရာကို ပျားရည်ဖြင့် သိပ်ကာ နှိပ်နယ်ပေး၏။

"ဘယ်သူ ပစ်လိုက်တာလဲ"

အစေတော်များက မည်သို့မှ မပြောကြချေ။ နောင်ဆုံးတွင် ဒေဝဒတ်၏ အစေခံတစ်ဦးဖြစ်သည့် ဒတ္တဆိုသည့် သူငယ်လေးတစ်ဦး ပြေးလာသည်။

ဒတ္တသည် ချောမောခန့်ထည်သော်လည်း ခြေခွင်ခွင်နှင့်ဖြစ်၏။ ဒတ္တသည် မြင်းစီးယောကျ်ားတို့ဝတ်သည့် ချပ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်ထားပြီး သတ္တု ခြေနင်းကို စီးကာ လည်တွင် ပဝါနီတစ်ထည်ဖြင့် ရစ်ပတ်ထားသည်။ သူ့ သျှောင်သည် ပခုံးပေါ်သို့ လျှောကျလျက်ရှိ၏။

ဥယျာဉ်မှာ အတန်ငယ်ဝေးသည့်အတွက် ကျုပ်တို့အနီးသို့ သူရောက် လာသည့်အခါတွင် သူအတော်မောလျက်ရှိနေပြီ။ ဒတ္တသည် နောင်တော်သိဒ္ဓတ္ထ အနားသို့ရောက်လျှင် ဒူးတုပ်ခစားလိုက်သည်။ ဒတ္တသည် နောင်တော်သိဒ္ဓတ္ထ ကို မျက်နှာမကြည့်ရဲဘဲ မျက်နှာကို တခြားသို့ လွှဲထားလိုက်သည်ကို ကျုပ် သတိထားလိုက်မိသည်။

"အကြောင်းကိစ္စကို ဆိုစမ်း ဒတ္တ"

"မှန်လှပါ၊ ကျွန်တော်မျိုး၏ အရှင်မင်းသားပစ်လိုက်တဲ့ ဟင်္သာ ဟာ အရှင့်ဥယျာဉ်ထဲ ကျသွားပါတယ် အရှင်၊ ကျွန်တော်မျိုးအရှင်က ဟင်္သာကို ချက်ချင်းပြန်ပေးလိုက်ဖို့ တောင်းခိုင်းလိုက်လို့ပါ"

ဟင်္သာငှက်မှာ နောင်တော်သိဒ္ဓတ္ထ၏ ပေါင်ပေါ်တွင် ငြိမ်သက်လျက် ရှိလေ၏။ နောင်တော်သိဒ္ဓတ္ထသည် ဟင်္သာငှက်တောင်ပံများနှင့်ရှည်သော လည် တိုင်ကို လက်ဖြင့် အသာအယာပွတ်သပ်ပေးလျက်ရှိ၏။

"သင့်အရှင်က ဘယ်သူလဲ"

"ဒေဝဒတ်မင်းသားပါ အရှင်"

"ငါ့ကို သင်သိတယ် မဟုတ်လား၊ သင်တို့အရှင် ဒေဝဒတ် မင်းသားကို ပြောလိုက်၊ ဟင်္သာငှက်ဟာ သူ့မြားချက်ကြောင့် သေ သွားခဲ့ရင် ငှက်သေကို ငါပေးလိုက်ခွင့်ရှိတယ်၊ ဒါပေမဲ့ ဟင်္သာငှက် ဟာ မသေသေးတဲ့အတွက် သူပိုင်ခွင့်မရှိဘူးလို့ ငါက ပြော လိုက်ကြောင်း သင့်အရှင်ကို ပြောလိုက်"

ဒတ္တသည် လက်အုပ်ချီထားရာမှ မျက်နှာကို တခြားသို့ လွှဲထား လိုက်သည်။ စင်စစ် ဒတ္တတွင် ပြန်ကြားခွင့် ဘာမှမရှိ။ အရှင်စေခိုင်းသည်ကို လုပ်ရုံသာရှိသည်။ ဒတ္တသည် အတန်ကြာမျှ ဆုတ်ဆိုင်းကာ နှေးကွေးသည့် ခြေလှမ်းများဖြင့် ဥယျာဉ်တံခါးမှ ပြန်ထွက်သွားခဲ့သည်။

ထိုအချိန်၌ကား ကျုပ်မှာ ရေကူးပြီး၍ အမွှေးနံ့သာများ လိမ်းကျံကာ ဝတ်ရုံကို ဝတ်ပြီးလေပြီ။ အပေါ်ရုံအင်္ကျီမှာ ရတနာတို့ စီခြယ်ထားပြီး လက် မောင်းနှင့် ပခုံးတို့ကို ရွှေမျှင်များဖြင့် ရက်ထား၏။

"ဘယ်က အစေအပါးလဲ ညီတော်၊ ဒီသူငယ်ကို မြင်လည်း မမြင် ဘူးပါလား၊ စကားအပြောဆိုကလည်း ရိုင်းစိုင်းပါဘိသနဲ့"

"ဗာရာဏသီကလေ၊ နောင်တော်ရဲ့"

ကျုပ် ရယ်ရယ်မောမောဖြင့် ပြောလိုက်သည်။

နောင်တော်သိဒ္ဓတ္ထသည် မျက်မှောင်ကို ကုတ်ကာ ကချေသည်များကို အဝေးသို့ သွားစေရန် ပြောလိုက်ပြီး ကျုပ်ကို အနီးသို့ ခေါ်လိုက်၏။ ဟင်္သာငှက်အချို့သည် နန်းတော်အနီးတွင် ဝဲပျံလျက်ရှိကာ အသံပေးလျက်ရှိ၏။

"ငါ့ဥယျာဉ်ထဲမှာ ကျလာတဲ့ ပစ္စည်းဟာ ငါ့ပစ္စည်းဆိုတာ သူ မသိဘူးလား ညီတော်၊ ဟင်္သာက တောင်ပံမှာ ထိထားတာ၊ မကြာခင် ဒဏ်ရာပျောက် သွားမယ်လို့ ငါထင်တယ်၊ ဒေဝဒတ်လက်ထဲကို ပြန်ပေးလိုက်ရင် ဒေဝဒတ်ဟာ ဒီငှက်ကလေးကို လည်လိမ်သတ်ပစ်တော့မှာ သေချာတယ်"

ကျုပ်သည် ဘာမှ ပြန်မပြောတော့ဘဲ သူ့အနီးတွင် ရပ်ကာ ငှက်မွေးများကို လက်ဖြင့် တယုတယသပ်ပေးနေမိသည်။

အမှောင်စပျိုးလာပြီဖြစ်သဖြင့် အစေတော်များသည် မီးအိမ်များဖြင့် ရောက်လာကြ၏။ မီးရောင်ထဲမှာ ကြည့်လိုက်သည့်အခါကျမှ ဟင်္သာငှက်မှာ အတော်ကြီးသည့် ငှက်ဖြစ်နေကြောင်း သိရ၏။ တဖျပ်ဖျပ်ခတ်လျက်ရှိသော တောင်ပံစွန်းနှစ်ဖက်အထိ အလျားသုံးထွာခန့် ရှိပေလိမ့်မည်။

နောင်တော်သိဒ္ဓတ္ထက ဆက်၍

"ဒီငှက်တွေအကြောင်းကို ဗမ္ဗုဏီကို မေးရဦးမယ်၊ ဟင်္သာငှက်တွေဟာ ဟိမဝန္တာရဲ့ တစ်ဖက်က လာကြတာ၊ အဲဒီမှာ ကန္တာရတွေလည်း ရှိတယ်"

ဟုဆိုကာ ဟင်္သာငှက်တို့၏ ဥဉသားပေါက်သည့် အလေ့အထများအကြောင်းကို ပြောတော့မည်ပြုစဉ် ကျွန်ငယ်ဒတ္တသည် ပြန်ရောက်လာ၏။ သူ့ကိုယ်တွင် ဆွတ်ဆွတ်ဖြူသည့် ဝတ်ရုံကို ခြုံထားသည့်အတွက် ပထမသော် ကျုပ်သည် သူ့ကိုအခြားကျွန်ငယ်တစ်ယောက်ဟု ထင်မိသေးသည်။ သည်တစ်ကြိမ်တွင်မူ ဒတ္တကို ကြည့်ရသည်မှာ ပြင်းစွာ ရိုက်နှက်ခံထားရသည်နှင့်တူ၏။ ထိုဒဏ်ရာများကို ဖုံးရန်အတွက် ကိုယ်တွင် ဝတ်ရုံကို ခြုံလာခြင်းဖြစ်နိုင်သည်။ ဒတ္တသည် ငိုကြွေးလျက်ရှိရာ အပေါ်စား ပုလဲလုံးများနှင့်တူသည့် မျက်ရည်များသည် မျက်လုံးများမှ စီးဆင်းကျလာ၏။

"ဘာဖြစ်လို့ ငိုနေတာလဲ ဒတ္တ"

"ဟင်္သာငှက် သေသလား၊ ရှင်သလားဆိုတာ ဒေဝဒတ္တကုမ္မာက အကြည့်ခိုင်းလိုက်လို့ပါအရှင်၊ အဲဒီ ဟင်္သာငှက်ဟာ သူပိုင်ပစ္စည်း

ဖြစ်တယ်လို့လည်း ပြောလိုက်ပါတယ်၊ ဒီငှက်ကို သူပစ်လိုက်တာတဲ့၊ ဘာဖြစ်လို့ ပြန်မပေးတာလဲလို့ အမေးခိုင်းလိုက်ပါတယ် အရှင်”

ဒတ္တသည် ယဉ်ကျေးသိမ်မွေ့ဟန်ကိုပင် မပြုနိုင်တော့ဘဲ ပြောနေသည်။

နောင်တော်သိဒ္ဓတ္ထပြုံးလိုက်သည်။

“ထိုင်ဦး ဒတ္တငယ်၊ မင်းကို ငါသေသေချာချာ ရှင်းပြမယ်၊ ဒီဟသ်ာကို ငါယူထားလိုက်ရာမှာ အကြောင်းနှစ်ကြောင်းရှိတယ်၊ ပထမအချက်အားဖြင့် ဒီငှက်ဟာ ဥယျာဉ်ထဲကို ကျလာခဲ့တယ်၊ ပန်းပွင့်ကလေးတစ်ပွင့်ဖြစ်စေ၊ ကျွန်ငယ်တစ်ယောက်ဖြစ်စေ၊ မိုးစက်တစ်စက်ပင်ဖြစ်စေ ဒီဥယျာဉ်ထဲကို ကျလာတယ်ဆိုရင် ငါပိုင်တယ် ဒတ္တ၊ ဒုတိယအချက်ကတော့ တခြားမဟုတ်ဘူး၊ ငါဟာ ပြည့်စုံခြင်းကို ရောက်အောင် ကျင့်နေသူဖြစ်တယ်၊ ငါကျင့်နေတဲ့ ပြည့်စုံမှုကို ရလို့ရှိရင် ငါဟာ သတ္တဝါအပေါင်းကို ကယ်တင်စောင့်ရှောက်မယ်၊ သင်ပြောတဲ့အတိုင်း ဒီဟသ်ာငှက်ကို ငါမပိုင်ဘူးဆိုရင် ခတ္တိယအမျိုးမှာရှိတဲ့၊ ပညာရှိတဲ့ ကဝိအပေါင်းတို့ကို ခေါ်ပြီး အဆုံးအဖြတ်ခိုင်းပါလို့ သင့်ရာဇကုမ္မာရကို ပြောလိုက်ပါ”

ကျွန်ငယ် ဒတ္တသည် ခေါင်းကို ညိတ်ကာ ငိုယိုလျက် ထွက်သွားမည်ပြုသည်။ နောင်တော်သိဒ္ဓတ္ထက သူ့ကိုလှမ်းတားလိုက်လျက်

“သင့်သခင် ရာဇကုမ္မာရအကြောင်းကို ငါ့ပြောစမ်းပါ ဒတ္တငယ်၊ သင့်သခင်ဟာ သင့်ကိုရော ရိုက်နှက်သေးသလား” ဒတ္တက ခေါင်းကို ညိတ်ပြလိုက်သည်။

“တော်တော်တော့ ဆန်းသားပဲ ဒတ္တငယ်၊ သင့်သခင်ဟာ အစွယ်ခုနစ်ချောင်းပါတဲ့ ကြာပွတ်နဲ့ ရိုက်တယ်၊ ဒီလိုရိုက်လျက်သားနဲ့ အမှန်ကို ပြောရဲတာကတော့ တော်တော်တော့ ဆန်းတာပဲ၊ ငါပြောတဲ့အတိုင်း ပြန်ပြောလိုက်တဲ့အတွက် သင့်ကို ရိုက်နှက်တာလား”

“မှန်ပါတယ် အရှင်”

“ခုလည်း ငါ့ဆီကို နောက်တစ်ခေါက် လွှတ်လိုက်ပြန်ပြီ၊ သင်လည်း နောက်တစ်ခါ အစွယ်ခုနစ်ချောင်းပါတဲ့ ကြာပွတ်နဲ့ အရိုက်ခံရဦးမှာပေါ့”

“မှန်ပါတယ်အရှင်”

“ဒီလိုဆိုရင် နားထောင်ဦး ဒတ္တ၊ ကိုယ်ခန္ဓာကို ရိုက်နှက်ခြင်းပြုလျှင် နာကျင်တဲ့ ဝေဒနာကို ခံစားရမှာ ဓမ္မတာပဲ၊ ဒါဟာ ပြစ်မှု

မဟုတ်ပေဘူး၊ သို့သော်လည်း အကျိုးမရှိတဲ့အလုပ်အတွက် သင့်ကို သွားချည် ပြန်ချည်၊ ကူးချည်သန်းချည် စေခိုင်းခြင်းကတော့ ပြစ်မှု ဖြစ်တယ်၊ ငှက်တစ်ကောင်ကို ဒဏ်ရာရစေပြီး အဲဒီငှက်သေမယ်လို့ မျှော်လင့်ဆုတောင်းနေခြင်းဟာလည်း ပြစ်မှုဖြစ်တယ်၊ ကြည့်စမ်း ဒတ္တငယ်၊ ဒီငှက်ငယ်ရဲ့ အမွေးအတောင်တွေဟာ ဘယ်လောက်များ နူးညံ့သလဲ၊ ပိုးမျှင်ပိုးသားတွေလို နူးညံ့တယ်၊ ဒီငှက်ငယ်ဟာ ဘယ် လောက်မြင့်မြတ်လိုက်တဲ့ ငှက်လဲ၊ ဒီလိုငှက်မျိုးကို သေစေချင်သ လား ဒတ္တ"

"မသေစေချင်ပါ အရှင်"

"ဒါဖြင့်ရင် သူ့အမွေးအတောင်ကို လိုချင်ရုံမျှဖြင့် သို့မဟုတ် ရှင်လျက်ရှိသော အရာတစ်ခု သေသွားသည်ကို ကြည့်ရခြင်းအားဖြင့် ပီတိဖြစ်လိုရုံနဲ့ အခြားတစ်ပါးသော သတ္တဝါတစ်ခုကို သင်သတ်စေ ချင်သလား ဒတ္တငယ်၊ ဒါမှမဟုတ် အခြားအကြောင်းတစ်ခုခုကြောင့် ရော သတ်ချင်သေးသလား"

"မသတ်စေချင်ပါ အရှင်"

"ဒီလိုဆိုရင် သင့်သခင်ကို ပြောလိုက်ပါ၊ ငှက်ကို လိုချင်ရင် ငါ့ ဆီကို လာခဲ့ပါ၊ သင့်ကို ကြာပွတ်နဲ့ ရိုက်ရင် ငါကလည်း သူ့ကို ရိုက်မယ်၊ ပန်းပွင့် တစ်ပွင့်ဖြစ်စေ၊ ကျွန်ငယ်တစ်ယောက်ဖြစ်စေ ဗာရာဏသီက ရာဇကုမ္မာတစ် ယောက်ဖြစ်စေ၊ ဘယ်အရာမဆို ငါ့ ဥယျာဉ်ထဲကို ကျလာတယ်လို့ဆိုရင် ငါပိုင်ပါတယ်လို့လည်း ပြော လိုက် ဒတ္တ"

ဒတ္တသည် ငိုကြွေးလျက်ရှိ၏။ ရေကန်များ တစ်ဝိုက်တွင် ထွန်းညှိ ထားသည့် မီးပုံများမှ အရောင်သည် သူ့ပိုးဝတ်ရုံဖြူဖြူကို ထိုးကျနေသည်။ သူ့ကိုယ်သည် တုန်ယင်လျက်ရှိနေ၏။

ကောင်းကင်တွင် တိမ်တိုက်တို့သည် မည်းမှောင်စ ပြုလာခဲ့သည်။ ကချေသည်များသည် ပခုံးတွင် ကြိမ်ခြင်းတောင်းများကို ထမ်းကာ ပစ္စည်းများ ကို ထိုမှဤမှ သယ်ဆောင်သွားနေကြလေပြီ။ အဝေးမှ ခေါင်းလောင်းသံများ ကို ကြားနေရပါသော်လည်း မည်သည့်နေရာမှ လာနေသည်ကို ကျုပ်မပြော နိုင်။ အတန်ကြာလျှင် အဆောင်ဆောင် အခန်းခန်းတို့မှ မီးများ လင်းလက်စ ပြုလာပြီ။ ကချေသည်ပျိုတစ်ယောက်သည် ကျားသစ်ရေ လည်စည်းကို ယူလာ ကာ နောင်တော်သိဒ္ဓတ္ထ၏ ပခုံးတွင် ခြုံပေးလိုက်၏။

နောင်တော်သိဒ္ဓတ္ထက ငှက်ငယ် ဒဏ်ရာပျောက်သည်အထိ ထားရန်

ငှက်လှောင်အိမ်တစ်လုံးကို ယူခိုင်းလိုက်သည်။ ဒတ္တမှာ အမှောင်ထဲတွင်ပင် ပျောက်ကွယ်သွားပြီ။ ကျုပ်တို့နှစ်ဦးသည် မြက်ခင်းပြင်တွင် ထိုင်ကာ ရွှေငါး ကလေးများ ကူးခတ်နေသည့် ရေကန်ကို ငေးကြည့်နေကြ၏။ အမှောင်ထဲတွင် ဒတ္တ၏ ခြေသံများသည် တဖြည်းဖြည်း ပျောက်ကွယ်သွားကြလေသည်။

"ငါ့လည်း ငါ့လက်ာကို ဘယ်တော့မှ စပ်လို့ ပြီးမှာ မဟုတ်တော့ဘူး အာနန္ဒာ၊ ဒါပေမဲ့ သင်ခန်းစာတစ်ခုတော့ ရလိုက်တယ်၊ မြတ်နိုးစွာ ကျွေးမွေးပြုစု စောင့်ရှောက်သူဟာ ပိုင်ရှင်ဖြစ်ပြီး ပစ်ခတ်ဖျက်ဆီးသူဟာ ရှုံးနိမ့်သူနဲ့ ပြိုကွဲသူဖြစ်တယ်ဆိုတဲ့ သင်ခန်းစာကို ရလိုက်တယ်၊ မထူးဆန်းဘူးလား အာနန္ဒာ၊ ပစ်ခတ်ခြင်း၊ ဖျက်ဆီးခြင်းအားဖြင့် ငါတို့ဟာ ငါတို့ကိုယ်ကို ငါတို့ပစ်ခတ်နေကြတယ်၊ ဖျက်ဆီးနေကြတယ်၊ ချစ်ခင်ခြင်း၊ မြတ်နိုးခြင်းအားဖြင့် ငါတို့ဟာ ငါတို့ရယ်လို့ ဖြစ်လာကြတယ်"

ကျွန်ငယ်တစ်ယောက်က ကျုပ်ထံ အဖျော်ယမကာများ ယူလာ သည်။ ဟသ်ာငှက်ငယ်မှာ လည်ကို ဆန့်တန်းစပြုလာပြီ။ မီးရောင်ထဲတွင် ဟသ်ာ၏ တောင်ပံများသည် နေမွန်းတည့်ချိန် တောအုပ်၏ အရောင်ကဲ့သို့ စိမ်းပြာရောင်ကို ဆောင်လာကြ၏။ အမွေးအတောင်များထဲ၌ မရမ်းရောင်နှင့် မှိုင်းပြာသော အရောင်တို့သည် တလက်လက် လှုပ်ရှားနေကြကာ နှုတ်သီးသည် ရွှေရောင်တောက်ပလာ၏။

"ဒီဟသ်ာငှက်ကို ဘာလုပ်ရမလဲ နောင်တော်"ဟု ကျုပ်က မေးလိုက်သည်။

"သူ့ဘာသာသူ ပျံသွားသည်အထိ ငါနဲ့အတူ ထားရမှာ ညီတော်၊ သို့သော်လည်း ဒီဟသ်ာငှက်ဟာ သူ့ဌာနကို ပျံတော့မယ်လို့ ငါမထင်တော့ဘူး၊ တိရစ္ဆာန်တွေဟာ ကျေးဇူးတရားကို သိတတ်ကြတယ်၊ အဲဒီကျေးဇူးကို ပြန်ဆပ် တတ်တယ်လို့ ညီတော်သိတယ် မဟုတ်လား၊ သူတို့ဟာ ပြုံးကြတယ်၊ ပြေးကြတယ်၊ ငါတို့လူတွေထက် တဏှာရာဂ ကင်းစင်ကြတယ်"

နောင်တော်သိဒ္ဓတ္ထသည် မှောင်ထဲတွင် ခေါင်းကို ငုံ့နေသဖြင့် သူ့မျက်နှာကို ကျုပ်မမြင်ရ၊ ကျုပ်သည် အသံထွက် ရယ်လိုက်သဖြင့် နောင်တော်သိဒ္ဓတ္ထက ကျုပ်ဘက်လှည့်ကာ

"ငါလုပ်တာ မှန်တယ်မဟုတ်လား ညီတော်"

"လုပ်တာကတော့ မှန်ပါတယ် နောင်တော်၊ ဒါပေမဲ့ တိရစ္ဆာန်တွေမှာ ညီတော်တို့လို လူတွေထက် တဏှာရာဂကင်းစင်တယ်ဆို

တာတော့ မဟုတ်ဘူး ထင်တာပဲ၊ မိတ်လိုက်ချိန်ရောက်ရင် ငှက်တွေ ဟာလည်း မြူးထူးပျော်ပါးကြတာပဲ မဟုတ်လား နောင်တော်၊ ညီ တော်တို့ကမှ သူတို့ထက် တဏှာရာဂ ကင်းစင်လိမ့်ဦးမယ်၊ ဂီတကို နားထောင်လိုက်ရရင် ညီတော်တို့ရဲ့ စိတ်ဟာ တည်ငြိမ်သွားတယ် မဟုတ်လား၊ တည်ငြိမ်တဲ့ စိတ်ထားကို ထားနိုင်တာဟာ မကောင်း ဘူးလား၊ ဒါတွေကို နောင်တော့်ဆီက သင်ယူခဲ့တာပါ နောင်တော်၊ ဟင်္သာကို နောင်တော်မွေးထားချင်တယ်ဆိုရင်လည်း မွေးထားပါ၊ အန္တရာယ် မဖြစ်နိုင်ပါဘူး၊ ဒါပေမဲ့ ဒေဝဒတ်ကတော့ ကျေနပ်မှာ မဟုတ်ဘူး နောင်တော်”

နောင်တော်သိဒ္ဓတ္ထက ပြုံးလိုက်ပြီးလျှင် ဟင်္သာငှက်၏ တောင်ပံများ ကို အသာအယာပွတ်သပ်ပေးနေသည်။ မည်သည့်နေရာတွင် ဒဏ်ရာရှိမှန်းပင် မသိရတော့။

နောက်တစ်နေ့မနက်၌ သူ့ထံသို့ ဒေဝဒတ်ရောက်လာပြီး ဟင်္သာကို ပြန်တောင်းကြောင်း ကျုပ်ကို ပြောပြသည်။ နောင်တော်သိဒ္ဓတ္ထက ငြင်းသည့် အခါ၌ ဒေဝဒတ်က

“တို့နှစ်ယောက်ဟာ ဟင်္သာတစ်ကောင်အတွက် မိတ်ပျက်ရ တော့မလား ညီတော်”

“ခု ပြဿနာက ညီတော်တို့နှစ်ယောက်ရဲ့ မိတ်ဖြစ် မိတ်ပျက် ပြဿနာ မဟုတ်ဘူးနောင်တော်၊ ငှက်တစ်ကောင်ရဲ့ အသက်ကိစ္စပါ၊ ပြီးတော့ ငှက် အားလုံးရဲ့ အသက်အန္တရာယ်ကိစ္စပါ၊ ဒါတင်မကဘူး ညီတော်ရဲ့ ဥယျာဉ်ထဲကို ကျလာတဲ့ ပစ္စည်းကို ညီတော်ပိုင်ခွင့်မရှိဆို တဲ့ ပြဿနာပါ”

“ဒါဖြင့် ညီတော့်ဥယျာဉ်ထဲကို နောင်တော်ကျလာမယ်ဆိုရင် နောင်တော့်ကိုလည်း ပိုင်တယ်ပေါ့”ဟု ဒေဝဒတ်က မေးသည်။

“ဒီလိုတော့လည်း မဟုတ်ပါဘူးလေ နောင်တော်။ ကျရင်တော့ ခွန်အားနဲ့ အနိုင်ယူပြီးမှ ပိုင်နိုင်တော့မှာပေါ့”

ထို့နောက်တွင် သူတို့နှစ်ဦးသည် ကြာနက်တွေ ဖူးလျက်ရှိသည့် ကန် ဆီသို့ သွားကြပြီး တစ်မောင်းကြာမျှ နပန်းသတ်ကြသည်။ ရေကန်ထဲသို့ ပစ် ချနိုင်သူက အနိုင်ရကာ ငှက်ကို ယူကြစတမ်းဟု လောင်းကြေးထပ်ကြသည်။ သူတို့အနီးတွင် ကျွန်တစ်ချို့သာ ရှိကြသည်။ သူတို့နှစ်ယောက် နပန်းသတ်နေ ကြသံကို ကြားသည့်အခါတွင် ကချေသည်များမှာ ကြောက်လန့်သည့်အတွက် ပုန်းနေကြသည်။

တစ်ယောက်က သူတို့ဆရာ ဗမ္မာဏီကို သွားတိုင်သော်လည်း မည်သူမှ ရောက်မလာကြ။ သူတို့နှစ်ဦးသည် နှင်းစိုရွှဲနေသဖြင့် ချောကျိုနေသည့် မြက်ခင်းပေါ်တွင် အတန်ကြာမျှ နပန်းသတ်နေကြသည်။

နှစ်ဦးစလုံးမှာ လက်ဖျံပေါက်ပန်းအတတ်တွင် ကျွမ်းကျင်ကြသူများ ချည်းဖြစ်သည်။ ဒေဝဒတ်မှာ ခြေတံအနည်းငယ်တိုသည့်တိုင် သူ၏ ညိုမောင်းသော ကိုယ်ခန္ဓာမှာ တောင့်တင်းကြွခိုင်သည်။ ပခုံးများက သန်မာပြီး ကျွဲပေါက်တစ်ကောင်ကဲ့သို့ အားကောင်းသည်။

ပန်းတစ်ပွင့်သည် နေရောင်ထဲသို့ ထိုးထွက်သည့်နှယ်၊ သစ်ပင်တစ်ပင်ကို တွယ်တာနေသည့်နှယ် ဒေဝဒတ်သည် မြေကြီးထဲသို့ ခြေဖျားများကို နစ်ဝင်အောင် ရပ်လျက်ရှိ၏။ ဒေဝဒတ်ကို မြင်လျှင် ကျုပ်သည် အရိပ်တို့ဝေဆာကာ မြစ်ပျဉ်းတို့ ရှုပ်လိမ်နေသည့်ညောင်ပင်ကြီးတစ်ပင်ကိုအမှတ်ရလိုက်သည်။

ဒေဝဒတ်သည် ကျား၏အသည်းနှလုံးမျိုးရှိပြီး ကျားသစ်၏ ကောက်ကျစ်ပါးနပ်မှုမျိုးရှိသူဖြစ်သည်။ သို့ရာတွင် နောင်တော်သိဒ္ဓတ္ထသည် သူ့ထက်အရပ်ပိုမြင့်ပြီး ခြေတံလက်တံလည်းရှည်သည်။ ခြေထောက်များသည် ခိုင်မာတောင့်တင်း၍ သွယ်ဖြောင့်ကျစ်လျစ်သည်။ သူတို့နှစ်ယောက်သည် နာရီတစ်မောင်းမျှ နပန်းသတ်ကြသည်။ သို့ရာတွင် မည်သူမှ ရေကန်ထဲသို့ ကျလာခြင်းမရှိကြ။ နောင်တော်သိဒ္ဓတ္ထသည် နပန်းသတ်ပြီး တံခါးအနီးရှိ တဲနန်းဆောင်ကလေးသို့ ရောက်လာပြီး ထိုအဖြစ်အပျက်ကို ကျုပ်အားပြောပြ၏။ သူ့ပခုံးပေါ်တွင် သွားရာတွေထင်လျက်ရှိ၏။ အသားအရေပေါ်တွင်လည်း ဒဏ်ရာတို့ဖြင့် ညိုမည်းလျက်ရှိ၏။ ချွေးတို့ ခန်းခြောက်သွားသည့်နှယ် သူ့အသားသည် ခြောက်သွေ့လျက်ရှိ၏။

နောင်တော်သိဒ္ဓတ္ထသည် မောပန်းနွမ်းနယ်ခြင်းမရှိလေဟန်ဆောင်နေသည်။ သို့ဆောင်ရင်းဖြင့် နောက်ဆုံးတွင် သူ့ကိုယ်သူ မောပန်းနေခြင်းမရှိဟု တကယ်ပင် ယုံကြည်သွားဟန်တူသည်။

"နောင်တော် သူ့ကိုရေကန်ထဲပစ်ချတော့မလို့ လုပ်တုန်းမှာ သူက နောင်တော့်ပခုံးနဲ့ ဝမ်းဗိုက်ကို ကိုက်လိုက်တယ်လေ၊ တို့နှစ်ယောက် နပန်းသတ်နေလိုက်ကြတာ ညီတော်ရာ၊ နှစ်ယောက်စလုံးကို မောနေတာပဲ၊ နောင်တော်တို့ နပန်းသတ်နေကြသံကို ညီတော်မကြားဘူးလား"

"ညီတော် အိပ်ပျော်သွားတယ် နောင်တော်"

"ညီတော် အာနန္ဒာဟာ အချိန်အခါမဟုတ် အိပ်တတ်တဲ့ အကျင့်ကို သိပ်ခုံမင်တာကိုး"

"နောင်တော့်အတွက် စိုးရိမ်နေတယ် နောင်တော်၊ ပြီးတော့ ကျွန်ုပ်ယ် ဒတ္တအတွက်လည်း စိုးရိမ်တယ်၊ ဒတ္တတစ်ယောက် နောက်ထပ် များ ကြိမ်ရိုက်ခံရသေးသလား မဆိုနိုင်ဘူး"

"နောက်ထပ် အရိုက်ခံရတော့မှာ မဟုတ်ဘူး ညီတော်"

နောင်တော်သိဒ္ဓတ္ထသည် သူထိုင်နေကျပုံစံအတိုင်း ဒူးတစ်ဖက်ကို ထောက်၍ တစ်ဖက်ကို လှဲရင်း ကျုပ်အိပ်ရာပေါ် အစွန်းတွင်ဝင်ထိုင်လိုက်သည်။

"တကယ်လား နောင်တော်"

"တကယ်ပါ၊ ဒတ္တငယ်ကို နောင်တော့် အုပ်ထိန်းမှုအောက်မှာ ခေါ်ထားလိုက်ပြီလေ၊ နောင်တော့် မြင်းဇောင်းတွေမှာ မြင်းထိန်း အဖြစ် ခေါ်ထားလိုက်တယ်"

ထိုကိစ္စသည် ပေါ့တန်သော ကိစ္စမဟုတ်ကြောင်းကို ကျုပ်သဘော ပေါက်လိုက်လေသည်။

နောင်တော်သိဒ္ဓတ္ထနှင့် ဒေဝဒတ်တို့သည် နပန်းသတ်ကောင်း သတ်ကြမည်။ ခိုက်ရန်ဖြစ်ပွားကောင်း ဖြစ်ပွားကြမည်။ ဤသည်ကို စိုးရိမ်ခြင်းမရှိ။ သို့ရာတွင် တစ်ယောက်၏ ကျွန်ကို တစ်ယောက်က သိမ်းယူငင်ခြင်းမှာ ပေါ့တန်သည့် ကိစ္စမဟုတ်။ နောက်တွင် အကျယ်အကျယ် မငြိမ်းဖွယ် ဖြစ်လာနိုင်သည့် ကိစ္စဖြစ်သည်။

သူတို့နှစ်ဦးသည် တစ်ဦးကို တစ်ဦး ယဉ်ကျေးစွာ နှုတ်ဆက်ကောင်း နှုတ်ဆက်ကြမည်။ နပန်းသတ်ခဲ့ကြသည်ကို မေ့ပျောက်ကောင်း မေ့ပျောက်ကြလိမ့်မည်။ နှစ်ဦးအတူ စစ်ရထားအပြိုင်မောင်းကောင်း မောင်းကြလိမ့်မည်။ စွန်လွှတ်တမ်း ကစားကောင်း ကစားကြလိမ့်မည်။ သို့ရာတွင် သူတို့နှစ်ဦး၏ ဆက်ဆံရေးသည် သာမန်မဟုတ်တော့၊ တင်းမာသွားကြပြီ။

တစ်နေ့တွင် မီးလျှံတစ်ခုအဖြစ် ပေါက်ကွဲလာနိုင်သည့် အခြေအနေတွင်ရှိနေသည်။ နောင်တော်သိဒ္ဓတ္ထသည် ခေါင်းတွင် ဆောင်းလာသည့် ပန်းသရဖူကို မျက်နှာကြက်ဆီသို့ မြှောက်ပစ်ရင်း ပန်းပွင့်လေးများ ကြွေကျလာသည်ကို ကြည့်နေသည်။

နောက်တစ်နေ့တွင် ဒေဝဒတ်သည် ဗာရာဏသီမှ ရောက်လာသည့် သစ်သီးများကို လက်ဆောင်လာပေး၏။ သစ်သီးဟု ဆိုရသည့်တိုင် လတ်ဆတ်သော သစ်သီးများ မဟုတ်တော့။ ပျားဖယောင်းတို့လိမ်းကျံကာ ပျားရည်စိမ်ထားသည့် သစ်သီးများသာဖြစ်၏။ ဟသ်ာကို ပစ်ချလိုက်သောနေ့က ဗာရာဏသီမှ ရောက်လာသည့် သစ်သီးများ ဖြစ်ဟန်တူသည်။ နောင်တော်သိဒ္ဓတ္ထက ကျုပ်ကို သစ်သီးအချို့ကို လှမ်းပေးရင်း

"သတင်းတွေ ဘာတွေကို ကြားပြီးပလား ညီတော်၊ နောင်တော့်ကို လက်ထပ်ပေးမယ်တဲ့၊ ဗမ္ဘုဏီက ပြောတယ်"

"နောင်တော်ကရော လက်ထပ်ထိမ်းမြားချင်ပြီလား"

"နောင်တော့်သဘောကတော့ လက်မထပ်ချင်သေးဘူးလေ၊ အခုတော့ လက်ထပ်ရတော့မယ်၊ အကယ်၍သာ ဗမ္ဘုဏီက တိုက်တွန်းခြင်း မပြုသေးဘူးဆိုရင်၊ နောင်တော်လက်ထပ်ချင်မှ လက်ထပ်ရဦးမှာ၊ ခုတော့ စကားကမ်းလှမ်းဖို့ စေတမန်တွေ လွှတ်လိုက်ပြီတဲ့၊ အင်းကြောက်စရာကောင်းလှတယ် ညီတော်ရယ်"

နောင်တော့်အဖို့ လက်ထပ်ထိမ်းမြားခြင်း ကိစ္စသည် အဘယ်ကြောင့်ကြောက်စရာကြောင်းနေကြောင်း ကျုပ်မသိ။ ကျုပ်နားမလည်။ ယခုဆိုလျှင်နောင်တော်သည် အချိန်အရွယ်သို့ပင် ရောက်နေပြီ။

ကျုပ်တို့ နိုင်ငံတော်သည် သာယာစည်ပင်လျက်ရှိ၏။ ထိုနိုင်ငံတော်ကို အုပ်ချုပ်ဖို့အတွက် ထီးမွေနန်းမွေကို ဆက်ခံဖို့အတွက် သားစဉ်မြေးဆက်တို့ကို ထားခဲ့ရလိမ့်မည်။

နောင်တော်သည် ကိုယ်ဟန်တင့်တယ်လှပသည်ဟုလည်း ကျော်စောသည်။ လွန်ခဲ့သည့်လအနည်းငယ်က ကောလိယမင်းမျိုးတို့၏အနွယ် မင်းသမီးတစ်ပါး ကျုပ်တို့တိုင်းပြည်သို့ လာရောက်လည်ပတ်ခဲ့ရာ၊ နောင်တော်သည် ထိုရာဇကုမ္မာရီအကြောင်းကို ပြောခဲ့ဖူးသည်။

လရောင်တွင် ရေချိုးနေသည့် မင်းသမီးငယ်ကို မြင်ခဲ့ကြောင်း၊ ထိုမင်းသမီးငယ်နှင့် ဖြူဝင်းသော အသားအရေနှင့် နှိုင်းစာလျှင် ကောင်းကင်တွင် ရွှန်းလက်နေသည့် လဝန်းကြီးသည် ကွဲအက်နေသော ကျောက်ဆောင်ကြီး တစ်ဆောင်နှင့်သာ တူတော့ကြောင်းဖြင့် ကျုပ်ကို ပြောခဲ့သေးသည် မဟုတ်လော။

"ဘာဖြစ်လို့ ကြောက်စရာ ကောင်းရတာလဲ နောင်တော်"

နောင်တော်သိဒ္ဓတ္ထက မျက်မှောင်ကုတ်သည်။

"ညီတော်က ငယ်သေးတယ် အာနန္ဒာ၊ ဒါတွေကို နားလည်ဦးမှာ မဟုတ်သေးဘူး၊ ငယ်စဉ်တောင်ကျေးကလေးအရွယ်ကတည်းက ငါဟာ ဘာလဲ၊ ဘယ်သူလဲဆိုတာနဲ့ ငါ့ရဲ့ အတ္တကို ငါပြန်ကြည့်ဖို့ ကြိုးစားခဲ့တယ်၊ ခု တော့ ငါ့ကိုယ်ကိုပြန်ပြီးမြင်ရတဲ့အရွယ်ကိုရောက်နေပြီ၊ ငါ့ကိုယ်ငါ ကြေးမုံထဲမှာကြည့်ရင် ခတ္တိယနွယ်ဖွားဖြစ်တဲ့ ရာဇကုမ္မာရတစ်ဦးဖြစ်တဲ့ ငါ သိဒ္ဓတ္ထမင်းသားဟာ တစ်နေ့မှာ ဒီတိုင်းနိုင်ငံကို အုပ်ချုပ်မင်းလုပ်ရတော့မယ်၊ ဒါပေမဲ့ ငါဟာ ဒီလောက်နဲ့တင် မကျေနပ်သေးဘူး ညီတော်၊ ညောင်စောင်းပေါ်မှာ ထိုင်နေတဲ့ငါ

ဟာဘာလဲ၊ ဘယ်သူလဲဆိုတာ ပြည့်ပြည့်စုံစုံ သိချင်တယ်၊ ခုဆိုရင် ငါဟာ လက်ထပ်ထိမ်းမြားရတော့မယ်၊ သားငယ်သမီးငယ်လေးတွေ ရတော့မယ်၊ ဒီလိုဆိုရင် ငါဟာ ငါ့အတ္တကို ငါဘယ်မှာ ထိန်းသိမ်းနိုင်ပါတော့မလဲ၊ ငါ့ကလေးတွေဟာ ငါ့အတ္တလား၊ ငါ့ကြင်ရာတော်ရဲ့ အပွေ့ အပိုက်ထဲမှာ နစ်မျောသွားတဲ့ ငါဟာ ငါဘယ်သူလဲ၊ ငါအိမ်ထောင်ရက်သားကျလာလို့ရှိရင် ငါဟာ ကြင်ယာတော်အတွက်၊ သားသမီးတွေအတွက် အချိန်ပေးရတော့မယ်၊ ဒီလိုမှ အချိန်မပေးဘူးဆိုရင် ငါ့သားသမီးတွေဟာ ဘာကိုမှ စဉ်းစား တွေးခေါ်ခြင်းမပြုနိုင်တဲ့ ကျောက်တုံးကျောက်ခဲတွေဖြစ်နေမှာပေါ့၊သူတို့အတွက်ငါ့ဘဝကို ပုံပြီးပေးရတော့မယ်၊ ဒါပေမဲ့ ငါ့အတ္တကိုတော့ မပေးနိုင်ဘူးညီတော်"

ကျုပ်သည် ထူးဆန်းသော သူ့စကားများကိုကောင်းစွာနားမလည်နိုင်။

"ကြင်ရာတော်လောင်းကို ရွေးပြီးပြီတဲ့လား"

"ရွေးပြီးပြီ ညီတော်၊ ငါ့ဆရာ ဗမ္ဗျူဏီက မသိချင်ယောင်ဆောင်နေတာပါ၊ သူ့ဦးနှောက်ကို ခွဲစိတ်ကြည့်ရင် ဦးနှောက်ရဲ့ အကန့်တွေထဲမှာ သူ့ အကန့်နဲ့ သူသီးခြားနေတာကို တွေ့ရမှာပါ၊ တစ်ကန့်မှာ မင်းသားငယ်တွေကို ပညာသင်ကြားရေး၊ နောက်တစ်ကန့်မှာ တိုင်းရေးပြည်ရေးကိစ္စစတဲ့အကြောင်း အရာတွေဟာ သူ့အကန့်နဲ့သူ ရှိပြီးသားပါ ညီတော်၊ ဒီနေ့ ထုံထိုင်းလှချည်လား ညီတော်"

"ညီတော် သိပါတယ် နောင်တော်၊ ဒါပေမဲ့ ညီတော် သဘောပြောရမယ်ဆိုရင် နောင်တော့်ကို လက်မထပ်စေချင်သေးဘူး"

ဒေဝဒတ်က ရန်ပြုလေမည်လောဆိုသည့် ကျုပ်၏ စိုးရိမ်မှုသည် အခြေအမြစ်မရှိကြောင်း ကျုပ်သဘောပေါက်လိုက်သည်။

ယခုအဖြစ်ကမူ ထိုအဖြစ်ထက်ပင် ကြောက်စရာကောင်းနေသေးသည်ဟု ထင်မိသည်။ နောင်တော်သိဒ္ဓတ္ထသည် ကျုပ်နှင့်ခွဲရတော့မည်။ နောင်တော်သိဒ္ဓတ္ထကို ကျုပ်မပိုင်တော့ဘဲနှင့် သူ့ကြင်ရာတော်ကသာ ပိုင်တော့မည်ကို တွေးမိကာ ကျုပ်စိုးရိမ်ထိတ်လန့်ခြင်း ဖြစ်မိသည်။

"ဒီအတိုင်းဆိုရင် ညီတော်နဲ့ နောင်တော် တောတောင်တွေထဲမှာ လျှောက်လည်ကြရတော့မှာ မဟုတ်ဘူးနော်၊ နောင်တော်နဲ့လည်း စစ်ရထားပြိုင် မောင်းကြရတော့မှာ မဟုတ်ဘူး၊ မနက်လင်းရင် ညီတော့်အိပ်ရာဘေးမှာ လာထိုင်နေတဲ့ နောင်တော့်ကိုလည်း မြင်ရတော့မှာ မဟုတ်ဘူး၊ နောင်တော်နဲ့ အတူတူ ဝတ်ကျောင်းကိုလည်း သွားရတော့မှာ မဟုတ်ဘူး၊ မီးရျူးပူဇော်တဲ့ပွဲ ကိုလည်း သွားရတော့မှာ

မဟုတ်ဘူး၊ အမှန်ကတော့ ညီတော့်စကားဟာ ကိုယ်ကျိုးကြည့်ရာ ရောက်နေတယ် နောင်တော်၊ ဒါပေမဲ့ ဖြစ်နိုင်မယ်ဆိုရင် နောင်တော် တစ်ယောက် ရတ်တရက်တော့ ချက်ချင်း လက်မထပ်စေချင်သေး ဘူး၊ ဖြစ်နိုင်ရင် နည်းနည်းလောက် ဆိုင်းပါဦးလား နောင်တော်"

နောင်တော်သိဒ္ဓတ္ထက ပြုံးလိုက်သည်။

မိမိလက်ထပ်ရေးကိစ္စအတွက် စီစဉ်ပြီးသားဖြစ်သည်ဟု မင်းလုလင် များထံမှ ကြားသိရကြောင်း၊ ဓာတာတို့ကိုပါ တိုက်ဆိုင်ညှိနှိုင်းပြီးကြောင်း၊ မှူးကြီးမတ်ကြီးများ လျှို့ဝှက်တိုင်ပင်ပြီးကြောင်း၊ မှူးမတ်တို့ တိုင်ပင် စည်း ဝေးကြရာ သိင်္ဂီစားပွဲတွင် စည်းဝေးတိုင်ပင်ကြကြောင်း၊ တစ်ခါတစ်ရံတွင် ဗမ္ဘာဏီက သဘာပတိအဖြစ် ဆောင်ရွက်သည့်တိုင် အများအားဖြင့်မူ ခမည်း တော် သုဒ္ဓေါဒနမင်းကြီးကိုယ်တိုင် ကြီးမှူးလေ့ရှိကြောင်း၊ ဆောင်းရာသီ ပထမ လ လပြည့်ကျော်နှစ်ရက်နေ့တွင် မင်္ဂလာအခမ်းအနားကို ကျင်းပရန် စီစဉ်ထား ကြောင်း၊ မိမိအား တရားဝင် ထုတ်ဖော်အသိပေးခြင်းမရှိသေးသည့်တိုင် မင်း လုလင်များထံမှ ကြားသိပြီးဖြစ်ကြောင်းဖြင့် ပြောပြသည်။

"ကြင်ရာတော်လောင်းကရော"

"ဘယ်သူဖြစ်ရဦးမှာလဲ ညီတော်၊ ယသော်ဓရာပေါ့၊ ကောလိယ နွယ်ဖွားတွေနဲ့ လက်မထပ်သေးဖူးတဲ့ ကောလိယမင်းသမီးတစ် ပါးနဲ့ လက်ထပ်မှာကို မလ္လာမင်းမျိုးမင်းနွယ်တွေက တယ်ပြီး သဘောမကျလှဘူးတဲ့၊ ကောလိယ မင်းသမီးတစ်ပါးနဲ့ လက်ထပ် တာဟာ နှစ်ပြည့်တစ်ပြည် သဟာယ မိတ်မဟာဖွဲ့ဖို့ လက်ထပ်လိုက် တာလို့ သူတို့က ယူဆကြတယ်လေ၊ ပြီးတော့ ယသော်ဓရာက ချော လည်း ချောပေသကိုး ညီတော်ရဲ့၊ ယသော်ဓရာရဲ့ လက်မောင်းတွေ ဟာ မတ်မံပွင့်များလိုပဲ တယ်ပြီး နူးညံ့တယ်တဲ့"

ကျုပ်က ရယ်လိုက်ရင်း

"ဒါတွေကို နောင်တော် ဘယ်လိုလုပ် သိသလဲ"

"ညီတော်ဟာ ဒီနေ့မနက်မှာ အလွန့်ကို ထုံထိုင်းနေပါလားဟင်၊ နောင်တော့်မှာလည်း အထောက်တော်တွေ ရှိနေတာပေါ့၊ ကချေ သည်တွေကို မေးကြည့်လိုက်ရင် ဒါတွေ အကုန်သိတာပေါ့၊ ညီတော် ဟာ ကချေသည်တွေနဲ့ နေပေမဲ့ သူတို့နဲ့ လေးလေးနက်နက် စကား ပြောတာကို တစ်ခါမှ မမြင်ဖူးဘူး၊ ဒီလိုကိစ္စမျိုးမှာ ကချေသည်တွေ ဟာ ဗမ္ဘာဏီထက် ပိုပြီး တတ်ကျွမ်းတယ် ညီတော်၊ သူတို့ပြောတဲ့ စကားတွေကို သိပ်ပြီး အထင်မသေးနဲ့ ညီတော်"

ထို့နောက်မှစ၍ ကျုပ်သည် ကချေသည်များ၏ စကားကို အလေး အနက်ပြု၍ နားထောင်တော့မည်ဟု ပိုင်းဖြတ်လိုက်၏။ သို့တိုင်အောင် နောင် တော်သိဒ္ဓတ္ထနှင့် ခွဲခွာရတော့မည်ဟု တွေးလိုက်မိတိုင်း ကျုပ်ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားတတ်သည်။

လက်ထပ်သည့်အချိန်အထိ သူနှင့်ပျော်ပျော်ပါးပါးနေမည်ဟု ကျုပ် အတွေးပေါက်လိုက်သည်။ ထို့ကြောင့် ကျုပ်တို့နှစ်ယောက် မြို့ပြင်ဘက်တောင် ခြေသို့သွားရန် ပြော၏။

"ဒီလိုဆိုရင် ဒေဝဒတ်ကိုလည်း ခေါ်မှ ဖြစ်မယ်"

"ဘာဖြစ်လို့လဲ နောင်တော်"

"သူ့ကိုမှ မခေါ်ရင် နောင်တော်က သူ့ကို စစ်ကြေငြာတယ်လို့ သူထင်သွားလိမ့်မယ်"

နောင်တော်သိဒ္ဓတ္ထသည် အတန်ကြာ စဉ်းစားလျက်ရှိ၏။

"ဒီတော့ ဒီလိုလုပ်မယ်လေ။ သူနဲ့အတူတူ တစ်နေရာရာကို သွားပြီး ပြန်လာကြတာပေါ့။ ပြီးတော့မှ ညီတော်နဲ့နောင်တော် နှစ်ယောက်တည်း လယ် သမားယောင်ဆောင်ပြီး သွားကြတာပေါ့"

ကျုပ်သည် အိပ်ရာပေါ်တွင် လဲလျောင်းရင်း ဒေဝဒတ်မပါဘဲ သွား နိုင်သည့်နည်းလမ်းများကို စဉ်းစားကြည့်၏။ နောက်ဆုံးတွင် အခြားနည်းမရှိ တော့သည့်အတွက် ထိုအတိုင်းပင် သဘောတူလိုက်ရသည်။

ကျုပ်သည် နောင်တော်ကို ယသော်ဓရာနှင့်သော်လည်းကောင်း၊ ဒေ ဝဒတ်နှင့်သော်လည်းကောင်း ကွဲအောင် မလုပ်နိုင်ပါ။

တစ်နေ့တွင် နောင်တော်သည် ကျုပ်အား မှူးကြီးမတ်ရာတစ်နေရာ ရာကို ပေးကောင်းပေးမည်။ တစ်ဦး၏ ဥယျာဉ်သို့ တစ်ဦးအပြန်အလှန်လည် ပတ်ခွင့်ရကောင်းရမည်။ သို့ရာတွင် ငယ်စဉ်ကကဲ့သို့ အပူအပင်ကင်းသော ပျော်ရွှင်မှုမျိုးကိုမူ ရနိုင်တော့မည် မထင်တော့။

ကျုပ်က မျက်လုံးကို ဖွင့်ကြည့်လိုက်သည့်အခါ၌ နောင်တော်သိဒ္ဓတ္ထ သည် ကျုပ်အနားမှ တိတ်ဆိတ်စွာပင် ပျောက်ကွယ်သွားခဲ့လေပြီ။

# ၄

ကျုပ်သည် အိပ်ရာမှထကာ အဝတ်အစားများကို ခပ်သုတ်သုတ်လဲသည်။

နောင်တော်နှင့်တွေ့ဖို့ အချိန်လိုနေသေးသဖြင့် ကျုပ်သည် ကျုပ်အတွေးများကို ပြန်၍ ဆက်၏။

ကျုပ်သည် နောင်တော်သိဒ္ဓတ္ထကို ကျုပ်နှင့် မကွေမကွာရှိရအောင် မည်သို့ လုပ်ရမည်နည်း။ မည်သည့်အခွင့်ကောင်းမျိုးကို စောင့်ရမည်နည်း။

ကျုပ်တို့ ဘိုးဘေးများ လက်ထက်ကဆိုရင် ယသော်ဓရာတို့ကိုအဆိပ်ခတ်၍ သတ်ရန် ကြံကောင်းကြံလိမ့်မည်။ သို့ရာတွင် ကျုပ်အဖို့ ဤသို့ လုပ်၍ မဖြစ်။ ဒေဝဒတ်ကို အဆိပ်သတ်ရန်လည်း မဖြစ်နိုင်။ သို့ဆိုလျှင် ကျုပ်ကိုယ်ကျုပ် အဆုံးစီရင်လျှင်ရော။ ဤသည်မှာ သာ၍ပင်မဖြစ်နိုင်။ သူတို့နှစ်ယောက်စလုံးနှင့်ဖြစ်စေ၊ တစ်ယောက်ယောက်နှင့်ဖြစ်စေ နောင်တော်သိဒ္ဓတ္ထကို မရင်းနှီးအောင် လုပ်ရမည်လော။ သို့မဟုတ်လျှင်လည်း စစ်ပွဲတစ်ပွဲဖြစ်လာကာ ကျုပ်တို့နှစ်ဦးစလုံးဖြစ်စေ၊ တစ်ဦးဦးဖြစ်စေ ဂုဏ်ရှိရှိဖြင့် စစ်မြေပြင်တွင် ကျသွားလျှင်လည်း အကောင်းသားဟု ကျုပ်တွေးမိသည်။ အခြားနည်း လမ်းများစွာရှိသည့်တိုင် ထိုနည်းလမ်းများသည်လည်း ဖြစ်နိုင်သော နည်းလမ်းများ မဟုတ်။ နောင်တော်သိဒ္ဓတ္ထက ကျုပ်အပေါ်တွင် ချစ်ခင်မှု လျော့ပါးသွားမည်ကို စိုးရိမ်နေသည်။ သို့ဖြစ်လျှင် ကျုပ်သည် နန်းတော်ကြီးမှ ထွက်ခွာသွားလျှင် အရဉဝါသီအဖြစ် ပျော်မွေ့လျက် မိမိ၏ လွတ်မြောက်ရေးလမ်းကို ရှာရမည်လော။

"အင်း ဒါလည်း ငါ့အဖို့ အကျိုးမရှိပါလား၊ အရဉဝါသီအဖြစ်နဲ့ နေရင် အစားအသောက်ကိုလည်း ခြိုးခြံရတော့မယ်၊ မိုးထဲလေထဲမှာလည်း နေရဦးမယ်၊ ဆန္ဒတွေကို ချိုးနှိမ်ထားရတဲ့အတွက် ငါ့မှာ ဆန္ဒတွေဟာ ပိုပြီး ပြင်းပြလာဦးမယ်၊ ရွှေနန်းတော်ကြီးမှာရှိကြတဲ့ နန်းတော်သူ နန်းတော်သားတွေကိုလည်း တွေ့ရမှာ မဟုတ်တော့ဘူး၊ စစ်ရထားလည်း အပြိုင်စီးရတော့မှာ မဟုတ်ဘူး၊ ဟုတ်တယ်၊ အရ

ညဝါသီအဖြစ် ဝါရွှေတဲ့ သက်န်းကို ခြုံပြီး တရားကျင့်ရင်လည်း ငါ လည်း အခြားသော နေကိုးကွယ်သူများလို နေလုံးကြီးကို မျက်တောင် မခတ်ကြည့်ရင်း မျက်လုံးတွေ လောင်ကျွမ်းရတော့မယ်"

"မျက်လုံးတွေ မလောင်ကျွမ်းဘူးဆိုရင်လည်း မစ္ဆေရစိတ်တွေ၊ အမုန်းတရားတွေနဲ့ လောင်ကျွမ်းရဦးမှာ၊ ရွှေနန်းတော်ကြီးကို လွမ်း ဆွတ်အောက်မေ့တဲ့စိတ်နဲ့သောကတွေဖြစ်နေရဦးမှာ၊ ကြာကန်တွေ၊ အ မွှေးနံ့သာတွေဆွတ်ဖျန်းထားတဲ့ အဝတ်အထည်တွေ၊ ပန်းသရဖူတွေ ကို တောင့်တနေဦးမှာ၊ ဒေဝဒတ်ကတော့ ဗာရာဏသီကိုပြန်သွားမှာ၊ သူက အရေးမကြီးဘူး၊ ငါ့အဖို့ တို့ညီနောင်နှစ်ဦးရဲ့ ချစ်ခြင်းကိုခွဲမှာ က ယသော်ဓရာရယ်၊ ယသော်ဓရာက ငါ့အဖို့ဒေဝဒတ်ထက် အန္တရာယ် ပိုကြီးတယ်၊ မဖြစ်ဘူး၊ ဒီလက်ထပ်ပွဲနဲ့ ပတ်သက်လို့ စိတ်ပျက်သွား အောင်တော့ နောင်တော့်ကို ပြောမှဖြစ်မယ်၊ ဒါပေမဲ့ ငါ့စိတ်ထဲမှာရှိနေ တာကို နောင်တော် မရိပ်မိအောင်တော့ သတိတော့ထားမှ ဖြစ်မယ်"

ဟု ကျုပ်ဘာသာ ကျုပ်တွေးနေမိသည်။

ထိုစဉ် တံခါးခေါက်သံ ကြားလိုက်ရသည်။

ကျွန်တစ်ယောက်က ကျုပ်တို့ ခရီးသွားရန် အချိန်ရောက်ပြီဖြစ် ကြောင်း လာရောက်ပြောကြားသည်။ ကျုပ်သည် လယ်သမားတစ်ယောက် ဝတ်ဆင်သော ရွှံ့တို့ဖြင့် ပေကျံနေသည့် အဝတ်အစားတို့ကို ဝတ်၍ ထွက်လာ ခဲ့သည်။ ကျုပ်တို့သည် ဟိမဝန္တာတောင်တန်းကြီးဆီသို့ ဦးတည်ကာ လယ်ကန် သင်းများအတိုင်း လျှောက်လာခဲ့သည်။ တောစပ်ကွက်တွင် တောင်ဇလပ်ပန်း များ၏ ပတောင်းခတ်အောင် ပွင့်နေကြသည်ကို တွေ့မြင်ရ၏။

အချို့လယ်ကွင်းများတွင် နီရဲသော မုယောနှံ၊ ဘူးဆတ်နှံများကို မြင်နေရသည်။ တိမ်တိုက်တို့မှာ အုံ့ဆိုင်းလျက်ရှိသည့်တိုင် အထက်တွင် နေ ခြည်ဖျန်းသဖြင့် တိမ်လိှုင်းများသည် မကန်းကွက်ထနေသည်။ မိုးရွာပြီးစဖြစ်၍ မြေအပြင်သည် ကြည်လင်သန့်စင်လျက်ရှိနေ၏။ နေရောင်သည် ပြာလဲ့သော ကောင်းကင်မှ နေ၍ မြေပေါ်သို့ ထိုးကျလျက်ရှိသည်။

တောင်ကြားမြေပြန့်သည် ဟိမဝန္တာမှ ကျလာသော ပိုးမျှင်ကဲ့သို့ နူးညံ့သည့် စမ်းရေတို့ကြောင့် အရောင်အသွေးတို့သည် တောင်ပိုင်းမှာထက် ပို၍ တောက်ပနေသည့်တိုင် အရိပ်များသည် ပို၍ မည်းနက်နေကြ၏။

ကျုပ်တို့ရှေ့တွင် အခိုးအငွေ့ပျံတက်နေသော တောအုပ်တစ်ခုရှိ၏။

စိမ်းမှောင်သော ကုက္ကိုပင်များ၊ ရွှေရောင်တောက်နေသော သစ်ဖြူပင် များနှင့်ရဲရဲနီနေသော စိန်ပန်းပင်များသည် တစ်ပင့်တစ်ပင် ကိုင်းချင်းယှက်ကာ

တောင်တန်းတွေအပေါ်ထိ မြင့်တက်သွားကြသည်။ ထိုတောအုပ်များတွင်မူ ဖြူလည်းမဖြူ၊ ပြာလည်းမပြာ တိမ်ခြည်တို့ ကာဆီးပိတ်ဖုံးထားခြင်းမရှိဘဲ မှန်သားရောင်ကဲ့သို့ ကြည်လင်နေသော ဟိမဝန္တာတောင်ထိပ်များကို မြင်ရသည်။ ကျုပ်တို့သည် လယ်ကန်သင်းများပေါ်တွင် လျင်မြန်သွက်လက်သော ခြေလှမ်းများဖြင့် လျှောက်လာခဲ့ကြ၏။ စကားများများ မပြောမိကြ။ နန်းတော်ထဲမှ ထွက်ကာ လွတ်လပ်စွာနေရသည့်အတွက် ဝမ်းသာနေကြသည်။

ကြာကန်တို့ကို မမြင်ရဘဲ လယ်ကန်သင်းများဘေးတွင် ထွန်းနေသည့် ပြာလဲ့သော ရေအိုင်များကို မြင်ရသည့်အတွက် ဝမ်းသာနေကြသည်။

ဟိမဝန္တာတောင်ထွတ်များကို ရေးရေးရိပ်ရိပ်မြင်ရသည့်အတွက် ဝမ်းသာနေကြသည်။

"ဘယ့်နှယ်လဲ နောင်တော်၊ ခုလည်း နောင်တော်ဟာ ပရမတ္တကို ရှာနေတုန်းပဲလား"ဟု ကျုပ်မေးလိုက်သည်။ နောင်တော်သိဒ္ဓတ္ထသည် အတန်ကြာစဉ်းစားနေလိုက်ပြီးနောက်

"ဟုတ်တယ် ညီတော်၊ ငါ လက်ထပ်ရလိမ့်မယ်၊ ခတ္တိယမျိုးနွယ်ရဲ့ အစဉ်အလာအတိုင်း ငါ လက်ထပ်ရလိမ့်မယ်၊ ဒါပေမဲ့ ငါ့ရဲ့ ပရမတ္တဟာ ငါ့ကို နှောင့်ယှက်နေတုန်းပဲ၊ ဒီနေ့မနက်လင်းအားကြီး ကချေသည်တွေ အိပ်ပျော်နေတုန်းမှာ ငါဟာ အိပ်ဆောင်ထဲက ထွက်ပြီး ကြာကန်ဘက်ကို လာခဲ့တယ်၊ ကန်ဘေးမှာ ရပ်နေတုန်း ဘာရယ်လို့ မပြောတတ်တဲ့ အရာတစ်ခုဟာ ကောင်းကင်ထဲက ကျလာပြီး ငါ့ဝိတ်ညာဉ်ထဲကို ဝင်ရောက်သွားတယ်၊ အဲဒီ အချိန်ကလေးမှာ ငါဟာ ဘယ်လိုဖြစ်သွားတယ် မသိဘူး၊ စိတ်ဟာ အလွန်တုန်လှုပ်ချောက်ချားပြီး အလွန်လည်း တည်ငြိမ်သွားတယ်၊ ငါဟာ ပရမတ္တဆိုတဲ့ အတ္တကိုတွေ့ပြီလို့ ထင်တယ်"

"တွေ့တော့ ဘာဖြစ်လဲ နောင်တော်"

"ဘာမှ မဖြစ်ဘူးဆိုရင်လည်း ဟုတ်တယ်၊ ဖြစ်တယ်ဆိုရင်လည်း ဟုတ်တယ်"

ထိုစကားကြောင့် ကျုပ်ဝမ်းသာသွားသည်။ ကျုပ်စိတ်ထဲတွင် အတန်ကြာစဉ်းစားထားသည့် ကိစ္စတစ်ခု ကျုပ်သတိရလိုက်မိသည်။ ယင်းမှာ အခြားမဟုတ်။ ကျုပ်တို့တစ်သက်လုံး မိန်းမနှင့် ကင်းကွာစွာ နေထိုင်သွားရန် အကြံပြုသည်။

"တကယ်တော့ မိန်းမတွေနဲ့ ကင်းရှင်းအောင်နေတာဟာ အကောင်းဆုံးပါပဲ နောင်တော်၊ မိန်းမနဲ့ ကင်းရှင်းစွာနေတာက ပိုပြီး

မြတ်ပါတယ်၊ မိန်းမတို့ရဲ့ အနံ့ဟာ ကြောက်စရာကောင်းလှပါတယ်၊ ဖုံးကွယ်လို့လည်း မရဘူး”

နောင်တော်သိဒ္ဓတ္ထက ပြုံးလိုက်သည်။

ကျုပ်တို့သည် စပါးနှံများ၊ ဒူးဆစ်လောက်ရှိသည့် လယ်ကွင်းထဲကို ဖြတ်လာကြသည်။ လယ်ကွင်းထဲတွင် မိန်းမပျိုတစ်ယောက်သည် ပလွေမှုတ်လျက်ရှိ၏။ နောင်တော်သိဒ္ဓတ္ထသည် သက်ပြင်းကြီးတစ်ချက် ချလိုက်ရင်း

“အကောင်းဆုံးကတော့ တဏှာပေမဆိုတဲ့ ချစ်ခြင်းမရှိတာဟာ အကောင်းဆုံးပါပဲ အာနန္ဒာ၊ ဒါပေမဲ့ တဏှာပေမမပါတဲ့ ချစ်ခြင်း မေတ္တာကတော့ အကောင်းဆုံးပေါ့၊ ညီတော်ဟာ တဏှာပေမ မပါဘဲ နဲ့ မချစ်တတ်သေးဘဲကိုး၊ တဏှာပေမနဲ့ ညွှန်ထဲမှာ နစ်ခဲ့တာကြာ တော့ ဒီတဏှာပေမကို ဖြူစင်သန့်ရှင်းတယ်လို့ ထင်ခဲ့တယ်၊ တ ကယ်တော့ တဏှာပေမနဲ့ယှဉ်တဲ့ အချစ်ဟာ သန့်ရှင်းခြင်းမရှိဘူး၊ ချစ်ခင်နှစ်သက်ပြီး ပီတိဖြစ်နေတဲ့ မိန်းမတစ်ယောက်ရဲ့ မျက်နှာကို သင်မကြာခဏ မြင်ဖူးတယ် မဟုတ်လား၊ သူဟာ ရေပန်းတွေလည်း ချစ်တယ်၊ သစ်ပင် တောကောင်တွေကိုလည်း ချစ်တယ်၊ သူ့ကိုယ် လက်အင်္ဂါ တွေကိုလည်း ချစ်တယ်၊ သူမြင်သမျှ၊ သူသိတွေ့ရသမျှ အရာအားလုံးကိုလည်း ချစ်တယ်”

“တောင်တွေပေါ်က နှင်းပွင့်လေးတွေဟာ သူ့အဖို့ သဘာဝရဲ့ ရတနာတွေနဲ့ အလားသဏ္ဍာန်တူတယ်”

သစ်ပင်တွေပေါ်မှာ ဖူးပွင့်နေတဲ့ အဖူးအပွင့်တွေဟာ သူ့အဖို့တော့ ဇမ္ဗူဒိပ်ကျွန်းက ရတနာတွေထက် ပိုပြီး အဖိုးတန်သလို အဲဒီအရာတွေဟာ လည်း အခြားအရာတွေထက် သူ့အဖို့ အဖိုးတန်နေတယ်။

“မိမိချစ်သူ လာမယ်ဆိုတာ သိတဲ့အခါမှာ အလာကို စောင့်မျှော် နေတဲ့ မိန်းမငယ်တစ်ယောက်ရဲ့ မျက်နှာကို သင်မြင်ဖူးရဲ့လား အာ နန္ဒာ၊ ဘယ်လောက် မြတ်နိုးစရာကောင်းသလဲ၊ ချစ်သူလာမယ့်လမ်း ကို မျှော်နေတဲ့ သူ့မျက်လုံးဟာ ဘယ်လောက်နူးညံ့သလဲ၊ ဒါပေမဲ့ အာနန္ဒာ၊ ကာမပိုင် ယောကျ်ားရှိတဲ့ မိန်းမတစ်ယောက်ရဲ့ မျက်လုံး တွေကိုရော သင်မြင်ဖူးရဲ့လား”

“ဟုတ်တယ်၊ သူတို့မျက်လုံးတွေဟာ သိပ်ကြောက်စရာ ကောင်း တာပဲ” ကျုပ်က ဝမ်းသာအားရပြောလိုက်သည်။

နောင်တော်သိဒ္ဓတ္ထ ဤသို့ ထင်နေလျှင် ယသော်ဓရာနှင့် လက်ထပ် ထိမ်းမြားရေး ကိစ္စကို ဖျက်ရန် ပို၍ လွယ်သွားပြီဟု ကျုပ်ထင်လိုက်၏။

နောင်တော်သိဒ္ဓတ္ထက ပြုံးလိုက်လျက်

"မဟုတ်ဘူး ညီတော်၊ သူတို့မျက်လုံးတွေဟာ တစ်ခါတစ်ရံမှာ ကြောက်စရာကောင်းတာ မှန်ပါတယ်၊ ဒါပေမဲ့ သူတို့မျက်လုံးတွေဟာ အနှောင်အဖွဲ့ကင်းကင်းနဲ့ ချစ်နေကြတယ်၊ သူနဲ့ သူ့ယောကျ်ားကြားမှာ သံမဏိတံတိုင်း ကြီးတွေနဲ့တူတဲ့ သားငယ်သမီးငယ်လေးတွေ ရလာတဲ့အခါကျတော့ သူတို့အချစ်ဟာ အနှောင်အဖွဲ့ကင်းတယ်၊ ဒီတော့ ကာမပိုင်ရှိနေတဲ့၊ လင်ရှိနေတဲ့ မိန်းမတွေရဲ့ အချစ်ဟာ အနှောင်အဖွဲ့ကင်းတယ်၊ ဒါကြောင့် ငါတို့ဟာ သူတို့ဆီက လေ့လာသင်ယူကြရမယ်"

နောင်တော်သိဒ္ဓတ္ထသည် အားရပါးရ ရယ်မောလျက်ရှိနေသဖြင့် သူ့ရင်သည် လှိုင်းထသည့်နှယ် ခုန်လျက်ရှိနေ၏။

"ဘယ်လို လေ့လာရ သင်ယူရမလဲ နောင်တော်"

"စောင့်ကြည့်ခြင်းဖြင့် သင်ယူရမယ် အာနန္ဒာ၊ အခြားသူများ လေ့လာသလို ငါတို့လည်း လေ့လာရမယ်၊ အမှန်ကတော့ လေ့လာသင်ယူခြင်းဆိုတာဟာ သင်ယူစောင့်ကြည့်ခြင်းပဲ"

ထိုအချိန်၌ ကျုပ်တို့သည် လယ်သမားများကို ကျော်လွန်ခဲ့ကြကာ တောစပ်သို့ ရောက်လာခဲ့ကြပြီး တောစပ်အနီးတွင် ရွှေနန်းတော်ကြီးမှ အစောင့်အရှောက်များဖြင့် ထားသည့် ရေကန်များ ရှိသည်။

တစ်ခါတစ်ရံတွင် ကျားသစ်များလာ၍ ရေသောက်တတ်ကြသည်။ မိုးပါး၍ ရေမရှိသည့်အခါများ၌ ကျားသစ်များသည် မြို့ထဲသို့ ဝင်၍ ရေသောက်ကြသည့်အတွက် ယခုကဲ့သို့ ရေကန်များကို တူးပေးထားခြင်းဖြစ်သည်။

ရှေ့တွင် ခရီးဆက်စရာများ ရှိနေသေးသဖြင့် ရေကန်တစ်ခုတွင် ရေချိုးရန် နောင်တော်သိဒ္ဓတ္ထက ပြောလေသည်။

"ညီတော်တို့ သွားရမယ့် ခရီးက ဘယ်လောက်ဝေးသလဲ"

"မိုးချုပ်မှ ရွှေနန်းတော်ကြီးကို ပြန်ရောက်မယ်၊ ညအိပ်ရင်လည်း မပူပါနဲ့ ညီတော်ရယ်၊ ညီတော့်အနားမှာ နောင်တော်ရှိပါတယ်"

ကျုပ်တို့သည် အဝတ်အစားများကို ချွတ်၍ ရေကူးကြ၏။

ဝမ်းကျယ်ကျယ်နှင့် ဖားခုံညင်းကြီးများအလယ်တွင် ဖားပြုပ်ငယ်တစ်ကောင်ကို နောင်တော်သိဒ္ဓတ္ထက မြင်လိုက်ရသည်။

အရောင်မှာ သစ်ပင်အရောင် စိမ်းမြလျက်ရှိနေပြီး ယွန်းဖြင့် ပြုလုပ်ထားသည့်နှယ် ဖြစ်၏။ ဖားပြုပ်ငယ်မှာ တစ်ညိုသာသာခန့်မျှသာ ရှိပေသည်။

နောင်တော်သိဒ္ဓတ္ထသည် ဖားပြုပ်ငယ်၏ တောက်ပလျက်ရှိနေသော ကျောကုန်းမှ အရောင်နှင့် ဖြူဖွေးလျက်ရှိသည့် ဝမ်းဗိုက်တို့ကို စိုက်ကြည့်လျက်ရှိနေ၏။ ထို့နောက် ဖားပြုပ်ငယ်ကို ရေကန်ထဲ ပစ်ချလိုက်သည်။

ဖားပြုပ်ငယ်သည် ကောင်းစွာပင် ရေကူးတတ်ခြင်းမရှိသည်ကို တွေ့ရသည့်အခါ နောင်တော်သိဒ္ဓတ္ထသည် ဖားပြုပ်ငယ်ရှိရာသို့ ကူးသွားကာ လက်ဖြင့် မြှောက်၍ ယူလာပြီး ကူးလာခဲ့ပြန်သည်။

နောင်တော်သိဒ္ဓတ္ထသည် ကမ်းသို့ ရောက်လျှင် ဖားပြုပ်ငယ်ကို ပါးစပ်ဝတွင် တေ့ကာ

"ဒီဖားပြုပ်ငယ်မှာရော ပရမတ္ထရှိသလား၊ သူတို့ပြောနေတဲ့ ဗြဟ္မာကို ဘယ်သူများ မြင်ဖူး၊ တွေ့ဖူးကြသလဲ၊ အဲဒီ ဗြဟ္မာဆိုတာ ဘယ်သူလဲ၊ ဘယ်ကို ပျောက်သွားသလဲ၊ ဗြဟ္မာဆိုတာဟာ လူလား၊ ဒါမှမဟုတ်ဘုရားသခင်တစ်ပါးလား"

နောင်တော်သိဒ္ဓတ္ထသည် ပါးစပ်မှ တတွတ်တွတ်ပြောကာ ဖားပြုပ်ကို လက်မှ လွှတ်လိုက်သည်။ ဖားပြုပ်ငယ်သည် တောငှက်ပျောရွက် တစ်ရွက်အောက်သို့ ဝင်ရောက်ပျောက်ကွယ်သွား၏။

အတန်ကြာသည့်အခါတွင် နောင်တော်သိဒ္ဓတ္ထက

"တိရစ္ဆာန်တွေမှာရော၊ ပရမတ္ထဆိုတာ တွေးနေကြသလား။ ကျားတွေနဲ့ နှင်းဖြူတွေ၊ ကျားသစ်တွေကတော့ ပရမတ္ထဆိုတာကို သိချင်မှ သိမှာပါ၊ သူတို့က လူတွေထက်တောင် အရင်သိချင် သိဦးမယ်။ ဟိမဝန္တာတောင်တန်းကြီးဟာလည်း သူတို့ကို သိမှာပါပဲ၊ ဒါပေမဲ့ ဖားပြုပ်ငယ်တစ်ကောင်သာ သူတို့ကို သိသလား၊ သိဖို့ကောလိုသေးသလား၊ ကိုယ်ခန္ဓာရဲ့ လှုပ်ရှားမှုနဲ့ စိတ်ရဲ့ ပျော်ရွှင်ကြည်နူးမှုကိုသိရင် ပရမတ္ထကိုသိတာပဲ မဟုတ်လား၊ မိမိရဲ့ အတ္တကို သတိမပြုမိဘဲ ပရမတ္ထဆိုတဲ့ တစ်ခုလုံးထဲမှာ ပေါင်းစည်းနိုင်တယ်ဆိုရင် ဗြဟ္မာကို သိတော့တာပဲ မဟုတ်လား၊ ငါတို့တစ်တွေဟာ တစ်ခုလုံးထဲမှာ ပေါင်းစည်းနေတယ်လို့ သိတာဘယ်သူလဲ၊ တစ်ခါတလေမှာတော့ တို့ကိုယ်တိုင်ဟာ တစ်ခုတည်းရှိတယ်ဆိုတာကို သိလိုက်ကြတယ် မဟုတ်လား၊ မနေ့ညကဆိုရင် ငါဟာ တိမ်တိုက်တွေကို ကြည့်ပြီး ငါ့ကိုယ်ငါ မရှိဘူးလို့လည်း ထင်လိုက်တယ်၊ ရှိတယ်လို့လည်း ထင်လိုက်မိတယ်"

"လူတစ်ယောက်ဟာ ဘယ်ကိုယ်ခန္ဓာ အစိတ်အပိုင်းနဲ့ အသက်ရှင်နေနိုင်တာလဲ နောင်တော်"

နောင်တော်သိဒ္ဓတ္ထက အံ့သြစွာဖြင့်

“ဘာဖြစ်လို့ မေးတာလဲ ညီတော်”

“တကယ်လို့သာ ညီတော်တို့ရဲ့ ကိုယ်ခန္ဓာအတ္တဘောကြီးကို တဖြည်းဖြည်း အခွံနွှာသလို နွှာကြည့်လို့ နောက်ဆုံးနွှာလို့ မရတော့တဲ့ အစိတ်အပိုင်းကို ရောက်ရင် ဝိညာဉ်ဆိုတာကို တွေ့လိမ့်မယ်ထင်တယ်၊ ခြေနဲ့လက်မှာတော့ ဝိညာဉ်မရှိတာ သေချာတယ်၊ ဘာဖြစ်လို့လည်းဆိုရင် ခြေနဲ့လက်ကို ညီတော်တို့ ဖြတ်ပစ်လို့ရနေတာပဲ၊ ဒီတော့ ညီတော့်အထင်ကိုပြောရရင် ဒီဝိညာဉ်ဟာ ဝမ်းဗိုက်နဲ့ ဦးနှောက်ထဲမှာ ရှိနေတယ်ထင်တယ်၊ ဒါပေမဲ့ ခြေထောက်နဲ့ လက်တို့မှာတော့ ရှိချင်မှ ရှိမှာပေါ့နော်၊ အဲဒီ ပရမတ္တဆိုတဲ့ ဝိညာဉ်တိုင်းမှာလည်း အခြားသော သန်းပေါင်းများစွာသော ဝိညာဉ်ရှိရမှာပေါ့၊ နေမင်းကြီးဟာ မြင်းကြီးတစ်ကောင်လို့ ကျမ်းပေါင်းများစွာထဲမှာ ဆိုတယ်၊ ဒီလိုဆိုရင် နေမင်းကြီးက သူ့ရဲ့ဝိညာဉ်ကို သိလား၊ ဒါမှမဟုတ် နေမင်းကြီးရဲ့ရောင်ခြည်တွေက သူတို့နေမင်းကြီးရဲ့ ဝိညာဉ်ကို သိတာလား”

ဤသို့ ပြောနေစဉ် လိပ်ပြာများ ပျံသန်းလာသည်ကို ကျုပ်တို့မြင်လိုက်ကြရသည်။ နောင်တော်သိဒ္ဓတ္ထက

“ပရမတ္တတွေ ဘာတွေ အသာထားလိုက်စမ်းပါဦး ညီတော်၊ ကြည့်စမ်း ဟိုမှာလိပ်ပြာတွေ”

ကျုပ်သည် ထိုင်ရာမှ ထ၍ နောင်တော်သိဒ္ဓတ္ထပြရာသို့ လှမ်းကြည့်လိုက်သည်။

ထောင်ပေါင်း သောင်းပေါင်းများစွာသော ပန်းနုရောင်၊ အဝါရောင်လိပ်ပြာများသည် သစ်ပင်ထိပ်ဖျားသာသာမှ မြောက်ဘက်သို့ ပျံသန်းသွားကြသည်ကို မြင်ရသည်။ လိပ်ပြာအုပ်ကြီးများ ကြည့်ရသည်မှာ လေထဲတွင် ပန်းဝတ်ရည် စီးကြောင်းကြီးတစ်ခု စီးဆင်းနေသည်နှင့်တူနေသည်။ လိပ်ပြာများသည် တစ်ကောင့်တစ်ကောင် တိုးဝှေ့ပျံသန်းလျက်ရှိနေရာ တောင်ပံများသည် လမ်းတွင် ပြုတ်ကျကျန်ခဲ့လေသည်။

ကျုပ်သည် ဤမျှများပြားသော ဤသို့ တစ်ကောင့်တစ်ကောင် တိုးဝှေ့ပျံသန်းနေသော လိပ်ပြာအုပ်များကို တစ်ခါမှ မမြင်ဖူးခဲ့။

ဟိမဝန္တာတောင်တန်းကြီးများသည် ပေပေါင်း တစ်သောင်းခုနစ်ထောင်မျှ မြင့်ရာ ထိုတောင်တန်းကြီးများ၏ တစ်ဖက်တွင် ကျုပ်တို့ လူ့ပြည်ထက် သာယာသော ဘုံတစ်ခုရှိနေလိမ့်မည်ဟု ကျုပ်စိတ်တွင် ထင်မိ၏။

ကျုပ်သည် လိပ်ပြာအုပ်ကြီးများကို လှည့်၍ ပျံသန်းကြည့်မည်ဟု ထင်မိသေးသည်။ သို့ရာတွင် မဟုတ်ချေတကား။ လိပ်ပြာအုပ်ကြီးများသည် ဟိမဝန္တာတောင်တန်းကြီးများသို့ တည့်တည့်ကြီး ပျံသန်းနေသည်ကို တွေ့ရသည်။

"ကြည့်စမ်းပါဦး နောင်တော်ရယ်၊ ဒီလောက်များတဲ့ လိပ်ပြာတွေကို ညီတော်တစ်ခါမှ မမြင်ဖူးပါဘူး၊ တံလျှပ်လားဟင် နောင်တော်၊ ကြည့်စမ်းပါဦး၊ လေဟုန်ရာကို လွင့်ပါသွားကြတာ ဘယ်လောက်လှသလဲ၊ ညီတော်အထင်တော့ လိပ်ပြာတွေဟာ အသိန်းအသန်းတော့ ရှိမယ်ထင်တယ်၊ ဒီလောက်လှတဲ့ ရှုခင်းကို ညီတော်ဖြင့် တစ်ခါမှ မမြင်ဖူးသေးဘူး"

"မြစ်နားရောက်လို့ရှိရင် သူတို့တစ်တွေ ဖြတ်သန်းပျံသွားတာကို ညီတော် သတိထားကြည့်စမ်း"

ဟု နောင်တော်သိဒ္ဓတ္ထက ပြောသည်။

ကျုပ်သည် လိပ်ပြာများကို စောင့်ကြည့်သည်။ နောင်တော်သိဒ္ဓတ္ထက ပြောသည့်အတိုင်းပင်။ ပန်းနုရောင်နှင့် အဝါရောင် လိပ်ပြာများ၏ အရိပ်များသည် ရေထဲတွင် ထင်လျက်ရှိနေ၏။ လိပ်ပြာအုပ်ကြီးပျံသန်းနေသည်မှာ အချိန်အနည်းငယ်အတွင်းမျှ ကြာမြင့်လေရာ မြစ်တစ်ပြင်လုံး ပန်းနုရောင်နှင့် ရွှေဝါရောင်ကလေးများ ကူးနေသည်ထင်ရ၏။ ကြီးမားလှသော ဟိမဝန္တာတောင်တန်းဆီသို့ ဦးတည်ပျံသန်းနေသောပုံကို ကြည့်ရသည်မှာ ကြောက်စရာကောင်းနေသည်။

"ညီတော်တော့ ဒါမျိုးကို တစ်ခါမှ မမြင်ဖူးသေးဘူး"ဟု ကျုပ်က ပြောလိုက်သည်။

"နောင်တော်ကတော့ မနှစ်က မြင်လိုက်ရဖူးတယ်၊ ဒီအတိုင်းပါပဲ၊ ဒီလိပ်ပြာအုပ်က ပိုကြီးပြီး အဲ့ဒီတုန်းက တိမ်တိုက်တွေဖုံးနေပြီး လေထန်တာ တစ်ခုပဲကွာတယ်၊ နောင်တော်လည်း နောက်က လိုက်ကြည့်တာ မျက်စိတစ်ဆုံးမှာ ပျောက်ကွယ်သွားတာပဲ၊ လိုက်လို့ မမီတော့မှ ပြန်လာရတော့တယ်၊ နောက်တော့ ငယ်ကျွန်တွေကို လွှတ်လိုက်ပြီး တောင်ရိုးတွေပေါ်ကို လိုက်ကြည့်ခိုင်းတယ်၊ လေးရက်ကြာလို့ သူတို့ပြန်လာတော့မှ ကျိုးနေတဲ့ လိပ်ပြာတောင်ပံတွေ ကောက်လာကြတာ ခြင်းတောင်းနဲ့အပြည့်ပဲ၊ လိပ်ပြာတွေဟာ ဟိမဝန္တာတောင်နံရံတွေနဲ့တိုက်မိပြီး သေကုန်ကြတာပေါ့"

"ဒါဖြင့် သေကုန်ကြတာပေါ့"

"ဒါပေါ့ သေကုန်တာပေါ့၊ ဟိမဝန္တာ တောင်တန်းတွေရဲ့ တစ် ဖက်မှာ သဲကန္တာရတွေ ရှိတယ်လို့ ညီတော်ကို ပြောခဲ့ဖူးတယ် မဟုတ် လား၊ ဒီမှာ ကြည့်စမ်း၊ လောကမှာ ဘာမှ တည်မြဲခြင်း မရှိဘူး၊ ဟိမဝန္တာတောင်တန်းကြီးသည်ပင်လျှင် တည်မြဲခြင်းမရှိဘူးဆိုတာ ကို သက်သေတွေ့နေပြီမဟုတ်လား"

နောင်တော်သိဒ္ဓတ္ထသည် ခြေရင်းသို့ ကျလာသော လိပ်ပြာတောင်ပံ ကျိုးကလေးကို ကောက်၍ လက်ညှိုးနှင့် ထိုး၍ ပြလိုက်သည်။

"မဟုတ်တာ နောင်တော်ရယ်၊ နောင်တော်စိတ်မှ ကောင်းသေး ရဲ့လား၊ ဒီလိပ်ပြာတောင်ပံလေးတွေတောင် တည်မြဲသေးတာဆိုရင် ဟိမဝန္တာတောင်တန်းကြီးက ဘာဖြစ်လို့ မတည်မြဲရမှာလဲ၊ ဒီ ဟိမဝန္တာတောင်တန်းကြီးက ကပ်ကမ္ဘာဆုံးသည့်တိုင်အောင် တည် မြဲနေဦးမှာလို့ ညီတော်ထင်ပါတယ်"

"မမြဲဘူး ညီတော်၊ ကပ်ကမ္ဘာတွေ ဆုံးတဲ့အခါ ဟိမဝန္တာတောင် တန်းကြီးလည်း ရှိတော့မှာ မဟုတ်ဘူး၊ ဒီတောင်တန်းကြီးတွေသာ ထာဝရရှိနေခဲ့ရင် ဒီလိပ်ပြာတွေ၊ တောင်ပံတွေဟာ ဘယ့်နှယ်လုပ်ပြီး ဒီကိုရောက်လာနိုင်မှာလဲ၊ လိပ်ပြာတွေဟာ ဟိုအရင်တုန်းကတည်းက သဲကန္တာရကြီးတွေဆီကို သွားနေခဲ့ကြတာဆိုရင် ဟိုတုန်းက ဟိမဝန္တာတောင်တန်းကြီးတွေ မရှိခဲ့လို့သာ ဖြစ်ရမှာပေါ့" နောင်တော် သိဒ္ဓတ္ထ၏စကားကို ကျုပ်မယုံနိုင်။ ကျုပ်တအံ့တသြဖြင့်

"မဖြစ်နိုင်တာ နောင်တော်ရယ်၊ လိပ်ပြာတစ်ကောင်က ဟိမဝန္တာတောင်တန်းကြီးတွေထက် သက်တမ်းပိုရှည်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

ကျုပ်က အကြောကလေးတွေ ယှက်သန်းနေသည့် လိပ်ပြာတောင်ပံ ကို အလင်းရောင်ထဲတွင် ထောင်ကြည့်လိုက်၏။

နေရောင်ခြည်သည် လိပ်ပြာ တောင်ပံလေးကို ဖောက်ထွင်း၍ လက် ပေါ်သို့ ကျလာသည်။ လိပ်ပြာတောင်ပံတွေ တင်နေသည့် နူးညံ့သည့် အလွှာ ကလေးသည်လည်း ကျုပ်လက်ပေါ်သို့ ကျလာသည်။ သို့ရာတွင် ထိုမျှနှင့် မပြီးသေး။ အတွေးပေါင်းစုံသည် ကျုပ်ခေါင်းထဲသို့ ရောက်လာကြ၏။

လိပ်ပြာကလေးတွေ သက်တမ်းရှည်ပြီး ထာဝရ ရပ်တည်သည်ဆို လျှင် အရည်ဝါသီ တောမှီသည့် ပုဂ္ဂိုလ်များရော မည်သို့ရှိမည်နည်း။

လိပ်ပြာဝါဝါကလေးတွေသည် နှင်းတို့ဖြင့် ပြာလဲ့နေသည့် တောင် တန်းကြီးများကို ဝင်၍တိုးမိကြလေသည်။

အရညဝါသီ ပုဂ္ဂိုလ်တို့မှာမူ နှင်းထုံသည့် တောင်တန်းကြီးများတွင် လှည့်လည်၍ ငြိမ်းချမ်းမှုကို ရှာကြသည်။ ဂူများထဲတွင် တရားအားထုတ်ကြသည်။ နှင်းရည်ကိုသာ သောက်ကြသည်။ သို့ဖြစ်လျှင် အရညဝါသီ ပုဂ္ဂိုလ်များသည်လည်း လိပ်ပြာများလို သေတွင်းသို့ ဆင်းကြသည်လော။

ဟိမဝန္တာတောင်တန်းကြီးများ တစ်ဖက်တွင် သဲကန္တာရတို့ ရှိသည်ဆိုခြင်းမှာ တကယ်ပင်လော။

နောင်တော်သိဒ္ဓတ္ထပြောသည့်အတိုင်း လိပ်ပြာကလေးများသည် ဟိမဝန္တာတောင်တန်းကြီးများထက် တာရှည်ခံသည်ဆိုလျှင် ကြယ်ပွင့်တို့သည် ထို့ထက်ပို၍ တာရှည်မခံနိုင်ပါသလော။

ကမ္ဘာကြီးသည်လည်း ထို့ထက်ပို၍ သက်တမ်းမရှည်နိုင်ပါသလော။

မြစ်ချောင်းသမုဒ္ဒရာတို့သည်လည်း ထို့ထက်ပို၍ သက်တမ်းမရှည်နိုင်ပါသလော။

မြို့ကြီးများသည် ပျောက်ကွယ်ပျက်စီးသွားကြသည်ကို ကျုပ်သိ၏။ လယ်ကွင်းများထဲတွင် ပြိုပျက်နေသော မြို့ရိုးပျက်များကို ကျုပ်မြင်ခဲ့ဖူး၏။ တစ်ခါတစ်ရံတွင် လယ်သမားများသည် မည်သူမျှ မဖတ်တတ်သည့် စာများကို ရေးထားသည့် ကျောက်ပြားအပုံ့အစများကို ယူလာတတ်ကြသည်။

ထိုအရာများသည် မည်သည့်နေရာတွင် အဆုံးစွန်သို့ရောက်၍ ပျက်စီးသွားကြသနည်း။ ကမ္ဘာမြေကြီးသည် အရှိန်အဟုန်ပြင်းစွာဖြင့် ရွေ့လျားလာကာ ဟိမဝန္တာတောင်တန်းကြီးများနှင့် ဝင်တိုက်ပြီး ပျက်စီးသွားရတော့မည်လော။

"နောင်တော်ပြောတာ မဖြစ်နိုင်ဘူး။ လိပ်ပြာတွေ သေသွားရတာဟာ လေတို့ဘာတို့နဲ့ တိုက်မိပြီး၊ မတော်တဆ တောင်ကြီးတွေနဲ့ တိုက်မိပြီး သေသွားတာလည်း ဖြစ်နိုင်တယ်၊ ဒါမှ မဟုတ် မျက်စိမမြင်လို့ ဝင်တိုက်မိတာလည်း ဖြစ်နိုင်တာပဲ၊ ခုထိ ဒါမျိုးဖြစ်တာ နှစ်ခါလောက်ပဲ ဖြစ်ဖူးသေးတယ် မဟုတ်လား"

"နှစ်ခါတော့ မကတော့ဘူး ညီတော်၊ နောင်တော် မွေးပြီးကတည်းက နှစ်တိုင်းဖြစ်နေတဲ့ ဥစ္စာ"

"နေပါဦး နောင်တော်ရယ်၊ ညီတော် ပြောပါရစေဦး၊ ဒီကိစ္စဟာ ညီတော်အဖို့ အလွန်အရေးကြီးနေပါတယ်၊ ငှက်တွေဟာ သူတို့နားခိုနေကျအသိုက်မှာပဲ နားကြတယ်၊ ဒီတော့ လိပ်ပြာကလေးတွေဟာလည်း သူတို့သိနေတဲ့ သိုက်မြုံကို ပျံတယ်ပေါ့၊ အဲဒီသိုက်မြုံဟာ ဟိမဝန္တာတောင်တန်းကြီးရယ်လို့ မရှိခဲ့သေးဘူးပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် အဲဒီလိပ်ပြာတွေမှာ အရင်တုန်းကလို ခွန်အားတွေ မရှိကြတော့ဘူးပေါ့၊ ဟိုတုန်းကတော့ သူတို့ဟာ အမြင့်ကြီးပျံနိုင်ကြတယ်၊ ခုတော့ သူတို့တောင်ပံတွေမှာလည်း အရင်တုန်းကလောက်အားမရှိတော့ဘူးပေါ့"

နောင်တော်သိဒ္ဓတ္ထက အဝတ်အစားများကို ပြန်လဲကာ ပြုံးလိုက်ရင်း

"ဒါတွေကို ဒီလောက်မတွေးပါနဲ့ ညီတော်ရယ်၊ လိပ်ပြာကလေးတွေရဲ့ တောင်ပံတွေဟာ ဟိမဝန္တာ တောင်တန်းကြီးများထက် ပိုပြီး ခံနိုင်ရည်ပိုရှိလို့ နေမှာပေါ့၊ နောင်တော်ကတော့ အရာဝတ္ထုအားလုံးဟာ ခံနိုင်ရည်ရှိတယ်လို့ ထင်တာပဲ၊ နောင်တော်တို့လည်း ဒီအတိုင်းပဲ၊ နောင်တော်တို့ သေသွားရင် နောင်တော်တို့ဟာ ပိုခံနိုင်ရည်ရှိတာပဲ၊ ပန်းပွင့်ဟာ သွေးထွက်ပြီး ပျက်သွားတယ်၊ ဒါပေမဲ့ ပန်းကတော့ ကျန်ရစ်ဦးမှာပဲ၊ ပျက်စီးသွားတဲ့ ပန်းပွင့်ထဲကနေ ပြီး နောက်ထပ်ပန်းပွင့်လေးတွေပေါ်လာဦးမှာပဲ။ ပန်းလွှာဟာ မြေကြီးပေါ်ကို ကြွေကျသွားတယ်၊ မြေကြီးရဲ့ အစာအာဟာရကိုရပြီး ပန်းပွင့်ဟာ ပြန်ရှင်လာတယ်၊ နောင်တော် တို့တစ်တွေဟာလည်း ဘဝတွေ၊ ဘဝတွေဖြတ်သန်းပြီး နောက်တော့ ပြန်ပြီးရှင်သန်လာကြတာပဲ မဟုတ်လား"

ကျုပ်တို့၏ အတိတ်ဘဝများ အကြောင်းကို ကျုပ် မမေးချင်တော့။ ထိုအကြောင်းများကို ကျုပ်တို့ မကြာခဏ ပြောခဲ့ဖူးကြပြီ။ ကျုပ်ခုတင် အိပ်ရာအစွန်းတွင် တင်ပလ္လင်ခွေ၍ ထိုင်ရင်း နောင်တော်သိဒ္ဓတ္ထသည် မီးရောင်များကို စူးစိုက်ကြည့်လျက်ရှိရာမှ ယခင်ဘဝများစွာမှ အသေးစိတ်များကို ပြန်၍ စဉ်းစားခဲ့ဖူးသည်။

"ဒါဖြင့် ဟိမဝန္တာတောင်တန်းကြီးတွေရဲ့ တစ်ဖက်မှာ ကန္တာရကြီးတွေ ရှိနေတယ်ပေါ့၊ ကြောက်စရာကြီး နောင်တော်၊ ဒီလိုဆိုရင် ညီတော်တို့ဟာ ကမ္ဘာကြီးရဲ့ အစွန်မှာ နေနေကြတာပေါ့ မဟုတ်ဘူးလား"

နောင်တော်သိဒ္ဓတ္ထက မည်သို့မှ မဖြေ။ နောက်ထပ် မေးနေလျှင်လည်း အကျိုးထူးမည်မဟုတ်ကြောင်းကို ကျုပ် သိလိုက်ပြီ။

ထို့ကြောင့် ကျုပ်က မနှစ်ကတွေ့ခဲ့သည့် လိပ်ပြာအတောင်များအကြောင်းကို မေးကြည့်ပြီး ယခုနှစ်တွင်လည်း ကျွန်များကို လွှတ်၍ လိပ်ပြာအတောင်များကို ကောက်ခိုင်းရန် ပြော၏။

"အဲဒီ လိပ်ပြာအတောင်တွေဟာ ရေခဲတွေဖုံးနေလို့ သိပ်မာ

ကျောနေကြတယ်၊ လှတော့ သိပ်လှတာပဲ၊ နောင်တော့်မှာ ခုထိ ရှိနေသေးတယ် ညီတော်၊ ကဲပါလေ ဒါတွေ တွေးမနေပါနဲ့တော့”

“ဘာဖြစ်လို့လဲ နောင်တော်”

“ဒီအကြောင်းတွေ တွေးရတာ မီးလျှံကို ကြည့်ရသလို အန္တရာယ်များလှပါတယ်၊ ဒါတွေတွေးရင် စိတ်ပျံ့လွင့်တယ်၊ တစ်စုံတစ်ခုကို စူးစိုက်စွာ တွေးရင် စိတ်ခိုင်တယ်”

ကျုပ်တို့သည် ကုက္ကိုတောအစပ်တွင် ထိုင်နေကြခြင်းဖြစ်၏။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လျက်ရှိသဖြင့် ကျုပ်တို့နှစ်ယောက်သားလည်း နှုတ်ဆိတ်လျက်ရှိသည်။ မုယောခင်းများနှင့် ထူးသတ်ခင်းများသည် လေထဲတွင် လှိုင်းအိခြင်းများထကာ ယိမ်းနွဲ့လျက်ရှိသည်။ နီကြန်ကြန် မြို့ရိုးများနှင့် ဗဟိုရ်စည်စင်များ၊ မြစ်နီကြီးနှင့် မြစ်ပြာနှစ်သွယ်တို့ မြင်ကြရ၏။

ကျုပ်တို့နှစ်ယောက်သည် ကုက္ကိုပင်များအောက်ရှိ တောအုပ်ကလေးများအတိုင်း လျှောက်လာခဲ့ကြသည်။ လမ်းကလေးသည် ချော်ကျိုလျက်ရှိ၏။ ငှက်စိုးစိုးစီစီမြည်သံကို မကြားရ။ ပုရစ်အော်သံ၊ ဖားအော်သံ၊ တောဝက်တစ်ကောင်အော်သံနှင့် အစွယ်သွေးနေသံများကို ကြားရသည်။ တစ်ခါတစ်ရံတွင် သစ်ကိုင်းများပေါ်မှ သစ်ကျုတ်ငှက်တစ်ကောင် ပြေးလွှားနေသံကို ကြားရသည်။ တောအုပ်သည် ညအချိန်ကျမှသာ စစ်တလင်း၏ အသံများကို ကြားရတတ်သည်။ ကတိုးကောင်၏ ခွာရုပ်သံ၊ ပွေးတစ်ကောင်၏ ကျစ်သံကိုလည်း ကြားရ၏။

ညဆိုလျှင် ကန်ထဲမှ ငါးများ၏ ရေကူးသံ၊ ပိုးစုန်းကြူးတို့၏ အတောင်ခတ်သံများကို ကြားရလိမ့်မည်ဟု ကျုပ်ထင်သည်။ သို့ရာတွင် ကြောက်စရာအကောင်းဆုံးအသံများမှာ ဆင်အုပ်တို့၏ သစ်ခေါက်ခွာသံ၊ တောငှက်ပျောပင်တို့ကို ချိုးသံများ ဖြစ်သည်။

ထိုအသံများသည် ကျားဟိန်းသံနှင့် ကျားသစ်ဟောက်သံတို့ထက်ပင် ပို၍ကြောက်စရာကောင်းသေးသည်ဟု ထင်သည်။

တောထဲတွင် မှောင်လျက်ရှိ၏။ သို့ရာတွင် သစ်ပင်ထိပ်ဖျားကြားမှ အလင်းရောင်သည် ပြောက်တိပြောက်ကျား ထိုးကျလျက်ရှိ၏။ အမှောင်ထုကို မြင်ရသည့်အခါတွင် ကျုပ်စိတ်သည် ဒေဝဒတ်အကြောင်းဆီ အလိုလိုရောက်သွား၏။ ထို့နောက် ကြာကန်ဘေး ကျောက်တုံးပေါ်တွင်ထိုင်ရင်း နောင်တော် လက်ာစပ်နေသည်ကို သတိပြုမိသည်။ ထို့ကြောင့် ကျုပ်က

“ကဗျာလင်္ကာတွေကို ဘယ်လိုစပ်ရသလဲ နောင်တော်”

“ကဗျာလင်္ကာစပ်ရတာဟာ မိမိကိုယ်ထဲကို ပရမတ္တဆင်းသက်

လာတာနဲ့တူတယ် ညီတော်၊ ပရမတ္တကတော့ ဝိညာဉ်ထဲရောက်သွားတယ်၊ ဒါပေမဲ့ ကဗျာလင်္ကာဉာဏ်ကတော့ စိတ်စေတသိက်တွေ၊ ခံစားချက်တွေကို ရောက်သွားတယ်၊ အဲဒီလို ရောက်သွားပြီဆိုရင် ကဗျာလင်္ကာကို မစပ်ဘဲ မနေနိုင်တော့ဘူး၊ တစ်ခါတစ်ရံများ အဲဒီ ကဗျာဉာဏ်ဝင်လာရင် ကိုယ်က တခြားအရာကို တွေးတောနေသည့်တိုင်အောင် လင်္ကာစပ်ကြောင်းလေးတွေဟာ ခေါင်းထဲကို ရောက်လာကြတယ်"

နောင်တော်သိဒ္ဓတ္ထသည် အတန်ကြာမျှ တွေးနေပြန်သည်။ ကျုပ်က ကြာကန်ဘေးတွင် သူရေးခဲ့သည့် လင်္ကာကို မေးကြည့်၏။

နောင်တော်သိဒ္ဓတ္ထက ကောင်းစွာ ဖြေဆိုခြင်းမပြု။

ကျုပ်တို့ တောထဲသို့ လျှောက်သွားနေသည်မှာ နာရီတစ်မောင်းခန့် ရှိလေပြီ။ လေသည် စွတ်စို ထိုင်းမှိုင်းလျက်ရှိသဖြင့် ကျုပ်တို့၏ အဝတ်အစားများသည်လည်း စိုစွတ်လျက်ရှိနေသည်။

အမှောင်သည် ကျုပ်တို့ကို လွှမ်းခြုံစပြုလာ၏။

သစ်ရွက်များပေါ်သို့ နှင်းစက်များ တဖြောက်ဖြောက် ကျနေသံကို ကြားရသည်။

ကျုပ်တို့သည် တောငှက်ပျောရွက်များကို ခေါင်းတွင်ဆောင်းထားကြသည်။ တစ်ခါတစ်ရံတွင် ပေါင်းမြက်တို့ ဖုံးကာနေသည့် ကန်ကြီးများကို တွေ့ရသည်။ ကျုပ်တို့သည် တောထဲတွင် လမ်းစရှာမရဘဲ ဖြစ်နေကြသည်။

"နောင်တော်ဒေဝဒတ်နဲ့ ချိန်းထားတယ်လေ၊ သူနဲ့ညီတော်တို့ ဘယ်နားမှာ တွေ့မလဲ၊ ဟို ကျောက်တောင်နီနီကြီးတွေ နားမှာလား"

နောင်တော်သိဒ္ဓတ္ထက ပြုံးလျက်

"ဟုတ်တယ် ဟောဟိုနားက မြို့ရိုးပျက်ကြီးတွေနားမှာပဲ ချိန်းထားတာပဲ၊ ညီတော် မှတ်မိသေးသလား၊ အဲဒီနေရာကို တို့တစ်ခေါက်ရောက်ဖူးသေးတယ်လေ၊ တချို့ကျောက်ဆောင်ကြီးတွေဟာ တောဝက်တွေရဲ့ အစွယ်တွေ၊ သွားတွေ သွေးထားကြလို့ လွှသွားလို ထက်နေကြတာပဲ"

ဟုတ်သည်။ ထိုနေရာကို ကျုပ်လည်း မှတ်မိသည်။ သို့ရာတွင် ကျုပ်တို့ နှစ်ဦးသည် ကိုယ့်အတွေးဖြင့် ကိုယ် လျှောက်လာခဲ့ကြသည့်အတွက် မည်သည့်နေရာတွင် ကျန်ရစ်ခဲ့မှန်း မသိတော့။

"ဒေဝဒတ်ကတော့ စိတ်ဆိုးနေတော့မှာပဲနော်၊ သူ့ကို မဟုတ်ဘဲနဲ့ တမင်သက်သက် ချိန်းတယ်လို့ ထင်မှာပဲ"

ကျုပ်တို့သည် မြို့ရိုးပျက်ကြီးနေရာကို ပြန်ရှာကြ၏။ သို့ရာတွင် ခရီးမတွင်။ တောကြီးမျက်မည်းထဲတွင် လျှောက်နေရသည့်အတွက်ကြောင့် တစ်ကြောင်း၊ လူသွားလမ်းကလေးမှာ ရွှံ့တွေ မြက်တွေနှင့် ချောကျိနေသည့် အတွက်ကြောင့်တစ်ကြောင်း ခပ်သွက်သွက် မသွားနိုင်ဘဲ ခပ်ဖြည်းဖြည်းသာ သွားနိုင်သည်။ ထိုအထဲတွင် ပျားအုံကို တက်၍ ဖွဲ့နေသော ဝက်ဝံများကိုလည်း မကြာခဏတွေ့ရသေးသည်။

သူတို့ရန်ကိုလည်း သတိထားရသေးသည်။ တစ်ခါတစ်ရံတွင် ရွှေရောင်တောက်ပနေသော ဒေါင်းမြီးကွက်များကို ဖြန့်၍ ကနေကြသော ဒေါင်းများကို တွေ့ကြရသည်။ ကျုပ်တို့သည် လာလမ်းအတိုင်း ပြန်လှည့်ခဲ့ကြကာ မြို့ရိုးပျက်နေရာကို ရှာကြသည်။ သို့ရာတွင် အရိပ်အယောင်ပင် မတွေ့ရ။ သစ်ပင်ထိပ်ဖျားများအကြားမှ မီးစုန်းခတ်ကြောင့် တလက်လက်ဖြစ်နေသော သစ်ခေါက်များနှင့် တစ်ခါတစ်ရံတွင် တစ်ပင်လုံးဝေနေသော သစ်ခွပန်းများကို တွေ့ရသည်။

တစ်ခါတွင်မူ ကျုပ်တို့သည် ကျွဲသေကောင်ကြီး တစ်ကောင်တွေ့ရ၏။ ကျွဲကြီးတွင် ထွန်တုံးတပ်လျက် ပုပ်စော်ကလည်း နံလှသည်။ သေနေသည့်ကြားမှ ကျွဲ၏ ချိုကားကြီးနှင့် ခေါင်းသည် တင့်တယ်သော ဣန္ဒြေကို ဆောင်လျက်ရှိနေ၏။ လယ်ကွင်းထဲမှ ထွက်၍ တောထဲသို့ အရောက်တွင် ကျားကိုက်သွားပုံရသည်။

ခဏကြာလျှင် ကျုပ်တို့သည် မြို့ရိုးပျက်ကြီးအနီးရှိ ပေါင်းမြက်တို့ ဖုံးနေသော ကန်ကြီးတစ်ကန် တွေ့လိုက်ရ၏။ ထိုနေရာတစ်ဝိုက်တွင်မူ ကုက္ကိုပင်ကြီးများမရှိတော့။ အောက်သို့ ကိုင်းတွေတွဲလဲကျနေသည့် ညောင်မုတ်ဆိတ်များကို တွေ့ရသည်။

"ဒီနေရာဟာ တစ်ခါတုန်းက နန်းတော်ရာဖြစ်ခဲ့လိမ့်မယ် ညီတော်၊ တွေ့လား လှေကားထစ်ခုနစ်ထစ်နဲ့နေရာ၊ နေနာရီတိုင်ကြီးနဲ့"

ဟု နောင်တော် သိဒ္ဓတ္ထက ပြောသည်။

"ညီတော်တော့ ဘာမှ မမြင်ရဘူး"

ကျုပ်တို့သည် ထိုနေရာအနီးတစ်ဝိုက်တွင် ရပ်၍ ဒေဝဒတ်ကို ရှာကြသည်။ သို့ရာတွင် ဒေဝဒတ်၏ အရိပ်အယောင်ကိုပင် မမြင်ရ။ ရေကန်ဟောင်းထဲမှ စီးကျနေသည့် ရေကျသံမှ လွဲ၍လည်း အခြားဘာမှ မမြင်ရ၊ မကြားရ။ မြို့ရိုးပျက်ကြီးထဲတွင်တော့ ငှက်ပျောပင်တွေ ပေါက်နေကြသည်။

ကျောက်တုံးများပေါ်တွင် ရေညှိတို့ဖြင့် ချောနေကြသည်။ ထိုစဉ် နောင်တော်သိဒ္ဓတ္ထသည် မြေကြီး၌ကုန်း၍ တစ်စုံတစ်ခုကို ကောက်လိုက်ပြီး

ကြည့်လိုက်သည့်အခါတွင် သူ့လက်ထဲ၌ မြေအိုးကလေးတစ်လုံး တွေ့လိုက်ရသည်။

အိုးထဲတွင် ကျောက်မျက်ရတနာများကို တွေ့လိုက်ရသည်။ ကျုပ်သည် ဝမ်းသာအားရဖြင့် သူ့ထံသို့ ပြေးလာခဲ့သည်။

နောင်တော်သိဒ္ဓတ္ထက

"ဒီနေရာဟာ သူတော်စင်တစ်ပါးပါးအတွက် ဆောက်ခဲ့တာ မဟုတ်ဘူး ညီတော်၊ အာဇာနည်တစ်ယောက်ယောက်၊ သူရဲကောင်းတစ်ယောက်ယောက်အတွက် ဂုဏ်ပြုတည်ဆောက်ထားတဲ့နေရာ၊ ဒီကျောက်မျက်ရတနာတွေဟာ နှစ်ပေါင်းများစွာ ကြာလှရော့မယ်၊ အဲဒီတုန်းကတည်းက ဒီနေရာမှာ ရှိနေခဲ့တာ ထင်တယ်"

နောင်တော်သိဒ္ဓတ္ထ၏ လက်ထဲတွင် အနီရောင်၊ အစိမ်းရောင်၊ အဖြူရောင်၊ အပြာရောင်ကျောက်မျက်များသည် နေရောင်ကြောင့် အရည်ယိုစီးကျမည်ကဲ့သို့ တလက်လက် ဖြစ်နေကြသည်။ ဆားငန်ရည်မပါသည့် မိုးရေထဲတွင် အနေကြာခဲ့သည့် ပုလဲလုံးများသာလျှင် မှိန်ဖျော့ဖျော့ဖြစ်နေကြ၏။

"ဟောဒီ နန်းတော်ရာထဲမှာ နောက်ထပ် ရတနာတွေ ဘယ်လောက်များရှိဦးမှာလဲ ညီတော်၊ ဘယ်နှယ့်လဲ ဒီရတနာတွေကို ဒီအတိုင်းထားပစ်ခဲ့ရ မလား၊ တို့တစ်တွေ ကျားထိုးရအောင် ယူခဲ့ရမလား"

"ယူခဲ့ရင်ကောင်းတာပေါ့ နောင်တော်၊ ညီတော်တို့နှစ်ယောက် ဒီတောထဲကို ရောက်ခဲ့တယ်ဆိုတာလည်း အသိအမှတ် အမှတ်တရ ဖြစ်အောင်ပေါ့"

ကျုပ်တို့သည် တွေ့သမျှ ကျောက်မျက်ရတနာများကို သိမ်းကျုံးယူကြသည်။ တောစောင့်နတ်၊ တောင်စောင့်နတ်တို့ စိတ်ဆိုးမည်စိုး၍ သူတို့အဖို့လည်း အနည်းငယ် ချန်ထားခဲ့၏။ နန်းတော်ရာထဲတွင် နောက်ထပ် ကမ္ပည်းကျောက်စာအမှတ်အသားတို့ကို ရှာကြည့်သေး၏။ သို့ရာတွင် ဘာမှမတွေ့ရတော့ပြီ။

ကျုပ်တို့ အဝတ်အစားမှာ ချုံနွယ်တို့ ငြိသဖြင့် စုတ်ပြတ်နေကြသည်။

ဝမ်းဗိုက်ကလည်း ဆာလောင်လှပေပြီ။ ကျုပ်တို့သည် ကျောက်စာများကို တွေ့ရလိုတွေ့ငြား ရေညှိများကို ပွတ်တိုက်ကြည့်ရသေး၏။ သို့ရာတွင် ရေညှိများစင်သွားသည့်အခါ၌ မည်းနက်နေသည့် ကျောက်တုံးများကိုသာ တွေ့ရသည်။

ရေညှိမှ အမြစ်များသည် ကျောက်သားထဲတွင် နက်ရှိုင်းစွာ အမြစ်တွယ်လျက်ရှိနေပြီး လူတို့ရေးထွင်းခဲ့သည့် ကျောက်စာများကို တိုက်စားဖျက်

ဆီးခဲ့လေပြီ။ လိပ်ပြာတောင်ပံသည် ဟိမဝန္တာတောင်တန်းကြီးထက် ခိုင်ခံ့သည် ဟု နောင်တော်ပြောခဲ့စဉ်က ကျုပ်သည် သံသယရှိခဲ့၏။

သို့ရာတွင် ရေညှိကလေးတို့သည် အရှည်ကြာအောင် လူတို့ရေးထွင်းခဲ့သည့် ကျောက်စာများကို ဖျက်ဆီးပစ်ခဲ့ပြီး ရေညှိက မဖျက်ဆီးနိုင်ခဲ့သဖြင့် ကြွင်းကျန်ခဲ့သည့် အရာတို့ကိုလည်း ရေက တိုက်စားဖျက်ဆီးပစ်ခဲ့ကြောင်းကို ကျုပ်တွေ့လာခဲ့ရသည်။ တစ်ခါကမူ လှပသည့် ကျောက်စာများသည် ထို ကျောက်တုံးများပေါ်တွင် အရာထင်ကျန်ခဲ့ပေလိမ့်မည်။ ယခုမူထိုကျောက်စာများကို မတွေ့ရတော့။ ပုံသဏ္ဌာန်ပျက်လျက်ရှိနေသော ကျောက်တုံးကြီးများသာ လျှင် ကျန်ရစ်ခဲ့တော့သည်။

ထိုနေရာတစ်ဝိုက်တွင် ဆင်ချေးပုံများ၊ တောတိရစ္ဆာန်ရိုင်းများ မရှိသည့်အတွက် သာယာသည့် နေရာကလေးဖြစ်၏။

လေသည် ချိုအေးမွှေးလျက်ရှိ၏။ လေတိုးသဖြင့် သစ်ရွက်များ လှုပ်နေသံသည် ပိုးဝတ်စုံမြည်သံကဲ့သို့ တိုးတိတ်ညင်သာလှ၏။

ကျုပ်တို့၏ ခေါင်းထက်တွင် တောပန်း၊ တောင်ပန်းတို့သည် ပန်းဆိုင်းဆွဲထားသကဲ့သို့ တွဲလဲကျနေသည်။ နောင်တော်သိဒ္ဓတ္ထမှာ မြို့ရိုးပျက်ကို ရှာမတွေ့နိုင်သဖြင့် စိတ်ပျက်လျက်ရှိနေပြီ။ ရွှေနန်းတော်ကြီးမှ မင်းမှုထမ်းများ၊ အလုပ်သမားများ ခေါ်အရှာခိုင်းမည်ဟု ပြောသည်။ သို့ရာတွင် ကျုပ်သည် အားမလျှော့သေးဘဲ မြို့ရိုးပျက်ကြီးများကို နောက်တစ်ကြိမ် ပတ်ရှာပြန်သည်။ ကံအားလျော်စွာပင် မြို့ရိုးပျက်ကြီးကို တွေ့ရသဖြင့် လှေကားအတိုင်း တက်လာခဲ့ကြသည်။

မိုးရွာထားသဖြင့် မြို့ရိုးတံတိုင်းများမှာ ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းလျက်ရှိနေသည်။

သစ်ခွပန်းများ၊ အမျိုးအမည်မသိသော တောပန်းများသည် ဝေနေအောင်ပွင့်ကြ၏။

ကျုပ်တို့သည် ဒေဝဒတ်ကို ရှာကြသော်လည်း သူ့အရိပ်အယောင်ကိုသော်မှ မမြင်ကြရ။ ကျောက်ဆောင်တစ်နေရာတွင် ပိုးလည်စည်းနီနီတစ်ခုကို တွေ့လိုက်ရသည်။ ထို့ကြောင့် ဒေဝဒတ်သည် ကျုပ်တို့ကို စောင့်ဆိုင်းသွားကြောင်း ကျုပ်သိလိုက်သည်။

“ညီတော်တို့ ရောက်တယ်ဆိုတာ သက်သေပြတဲ့အနေနဲ့ ဒီပဝါနီနီလေးကို ယူသွားကြရင် မကောင်းပေဘူးလား”ဟု ကျုပ်က မေးသည်။

နောင်တော်သိဒ္ဓတ္ထသည် လက်တွင်ကိုင်လာသည့် ကျောက်မျက်ရတနာများကို ပဝါဖြင့် ထုပ်၏။

ထိုစဉ် ထူးဆန်းသည့် အခြင်းအရာတစ်ခု ပေါ်ပေါက်လာလေသည်။ ထူးဆန်းသည်ဟု ပြောရခြင်းမှာ ကျုပ်တစ်သက်တွင် ထိုအဖြစ်မျိုးကို တစ်ခါမှ မတွေ့ဖူးသောကြောင့်ဖြစ်သည်။

ထိုကွက်လပ်ကလေးသို့ ကျုပ်တို့ ရောက်လာသည်မှာ ဘာမှ မကြာသေး။ ဗီဇနာအနည်းငယ်မျှသာ ရှိဦးမည်။ ကျောက်မျက်ရတနာများသည် ပဝါနီနီလေးထဲတွင် တဖျပ်ဖျပ်တောက်ပနေသည်။ ထိုပဝါနီနီလေးမှာ ကချေသည်တစ်ဦး၏ ပဝါလေးပင်ဖြစ်ပေလိမ့်မည်။

"ဒေဝဒတ်လာရင် ကောင်းမှာပဲ ညီတော်၊ ဒေဝဒတ်ဟာ သူ့ကတိအတိုင်း လာမှလာပါတော့မလားမသိဘူး၊ ဘာဖြစ်လို့များတို့ကို ဒီနေရာကို ချိန်းသလဲ မဆိုနိုင်ဘူး"နောင်တော်သိဒ္ဓတ္ထက ခပ်တိုးတိုး ပြောသည်။

ထို့နောက် ကျောက်မျက်ရတနာအကြောင်းကို ပြောဆိုကြသည်။ ထိုစဉ် ရယ်သံသဲ့သဲ့ကို ပီသစွာ ကြားလိုက်ရသည်။ မည်သို့သော ရယ်သံမျိုးဖြစ်သည်ကိုမူ ကျုပ်ရှင်းမပြတတ်။ သို့ရာတွင် ထိုရယ်သံသည် လှောင်ပြောင်သည့်ရယ်သံ၊ မကောင်းကြံသည့် ရယ်သံဖြစ်ကြောင်းကို ကျုပ်သိလိုက်၏။

တောအုပ်တစ်ခုလုံးမှာ ကြောက်စဖွယ်ကောင်းနေပြီး အမှောင်ရိပ်များသည် တဖြည်းဖြည်းလွှမ်းခြုံစ ပြုလာ၏။ ထိုရယ်သံသည် အရပ်တစ်မျက်နှာလည်းမှ မဟုတ်ဘဲ အရပ်ရှစ်မျက်နှာတိုင်းမှ ပေါ်ထွက်လာခြင်းဖြစ်၏။

"ဒေဝဒတ်ထင်တယ် နောင်တော်၊ အော်ခေါ်လိုက်ရင် မကောင်းဘူးလား"

ရယ်သံသည် တဖြည်းဖြည်း ကျယ်လောင်လာခဲ့ပြီး လေသည် တိတ်လျက်ရှိ၏။ တောအုပ်တစ်ခုလုံးသည် ရယ်သံဖြင့် ဖုံးလျက်ရှိ၏။ ရယ်သံမှအပ အခြားဘာသံမျှ မကြားရ။

"ဘယ်သူလဲ၊ နောင်တော်ဒေဝဒတ်လား"

နောင်တော်သိဒ္ဓတ္ထက မေးသည်။ နောင်တော်၏ အသံသည် အနည်းငယ်ကွဲအက်နေသည်ကို ကျုပ်သတိပြုမိ၏။ နဖူးပြင်တွင် ချွေးသီးတို့စို့နေသည်ကိုလည်း ကျုပ်မြင်လိုက်ရသည်။

"သူတို့တစ်တွေဟာ တို့ကို သေကြောင်းကြံချင်ရင် ဒီနေရာမှာ ကြံမှာပဲ ညီတော်၊ တို့ကို သေကြောင်းကြံပြီးရင် ကန်ထဲမှာ ပစ်ချထားခဲ့မယ်၊ ပြီးတော့ ညကြီးမင်းကြီးမှာ လမ်းမှားပြီး ကန်ထဲလိမ့်ကျတယ်လို့ ပြောမယ်၊ ဒဏ်ရာမပေါ်အောင် ပစ်တဲ့ မြားတွေရှိတယ်မဟုတ်လား ညီတော်"

နောင်တော်သိဒ္ဓတ္ထ၏ အသံသည် ပို၍ တိုးသွား၏။ ထိုစဉ် ဒေဝဒတ်၏ ရယ်သံမှာ ပို၍ ကျယ်လောင်သည်ထက် ကျယ်လောင်လာခဲ့လေသည်။

သူတို့တစ်တွေ သေကြောင်းကြံကောင်း ကြံနိုင်သည်ဟု နောင်တော်သိဒ္ဓတ္ထက ပြောခဲ့ရာ 'သူတို့'ဆိုသည်မှာ မည်သူတွေနည်း။ ဟုတ်ပြီ။ ဒေဝဒတ်သည် ခရီးသွားလျှင် ဗာရာဏသီမှ ခေါ်လာသည့် သူ့နောက်လိုက် နောက်ပါလက်နက်ကိုင်တို့ အမြဲတမ်းပါကြသည် မဟုတ်လော။

ရယ်သံသည် ရုတ်တရက် တိတ်သွားသည်။ ကျုပ်တို့နှစ်ဦးသည် မြားများ၏ ရန်ကို ရှောင်သည့်အနေဖြင့် မြေကြီးတွင်ဝပ်၍ ကိုယ်ကို ကျုံ့ထားလိုက်ကြသည်။

ချုံကြားတွင် အသားမည်းမည်းဖြင့် ကိုယ်အထက်ပိုင်း ဗလာဖြစ်နေသော သူ့နောက်လိုက် နောက်ပါတွေ ချောင်းမြောင်းနေသည်ဟု ကျုပ်၏ စိတ်တွင် ထင်မိသည်။ ကျုပ်တို့နှစ်ဦး ဝတ်ကျောင်းပျက်ထဲမှ ထွက်လာစဉ်ကတည်းကပင် ဒေဝဒတ်နှင့်သူ့လူများသည် ကျုပ်တို့နောက်မှ နောက်ယောင်ခံ၍ လိုက်လာခဲ့လေသလော။ ရယ်သံတိတ်နေသဖြင့် ကန်ပေါက်မှ စီးဆင်းနေသော ရေကျသံနှင့် သစ်ရွက်သံတို့ တဖျပ်ဖျပ်မြည်သံများကိုသာ ကြားနေရသည်။

"တို့အနားကို ရောက်လာကြတော့မယ် ထင်တယ်။ သူတို့ခြေသံတွေကို ကြားမိသလိုလိုပဲ"ဟု နောင်တော်သိဒ္ဓတ္ထက ပြော၏။

"ဘာသံလဲ နောင်တော်"

"တောတိရစ္ဆာန်တွေရဲ့ ချောင်းမြောင်းပြီး လာတဲ့ အသံမျိုးပဲ"

ကျုပ်သည် ကောင်းကင်ကို မော့ကြည့်လိုက်သည်။ ကောင်းကင်တွင် အနီရောင်သည် တဖြည်းဖြည်း မှေးမှိန်စပြုကာ အမှောင်သည် တဖြည်းဖြည်း နက်ရှိုင်းလာခဲ့လေပြီ။

ယနေ့ညတွင်လည်း ယမန်နေ့က ညကဲ့သို့ပင် မိုးသက်မုန်တိုင်းကျမည်လော မဆိုနိုင်။ ကျုပ်တို့နှစ်ဦးသည် ကိုယ်ကို ကုန်းကာ နွယ်ပင်တွေ၊ ချုံတွေကြားမှ တိုးဝှေ့၍ ပြေးလာခဲ့ကြသည်။ သို့ရာတွင် အနည်းငယ်ပြေးမိရုံမျှရှိသေး။ ကျုပ်တို့သည် ရယ်သံကြီးကို ကြားလိုက်ရပြန်သည်။ ခြေလှမ်းတုံ့သွားကြသည်။

ထို့နောက် ကျုပ်တို့မမျှော်လင့်သော တစ်နေရာဆီမှ တောတိရစ္ဆာန်တိုးသကဲ့သို့ ချိုးချိုးချွတ်ချွတ်မြည်သော အသံများကို ကြားလိုက်ရသည်။

ကျုပ်တို့ကို ကျားနှင့် လိုက်လံ သတ်လေမည်လောဟု တွေးလိုက်မိသဖြင့် ကျုပ်သည် အမြဲဆောင်ထားသည့် ခါးကြားမှ ကောလိယဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။ ကျုပ်ဓားမြှောင်မှာ အသွားငါးလက်မခန့်ရှိပြီး အကွေးတွင်

ရွှေကွပ်ထား၏။ ဓားသွားမှာ သံမဏိသွားဖြစ်သည့်အတွက် ပြောင်လက် ပြာလဲ့လျက်ရှိနေသည်။

ထို့နောက် ကျုပ်တို့ဆီမှ တစ်ဟုန်ထိုး ပြေးလာသံကို ကြားလိုက်ရပြီး လျှင် စိမ်းမှောင်သော ချုံကြားမှ တိုးထွက်လာသော နှင်းဖြူကျားသစ်ကြီးကို မြင်လိုက်ရသည်။ နွယ်ပင်များအကြားမှ ထိုကျားသစ်ဖြူဖြူကြီး တိုးထွက်လာသည့်အခါ ရယ်သံကြီးမှာ နားကွဲမတတ် ဆူညံလျက်ရှိပြီး တစ်တောလုံးကို ဖုံးအုပ်သွားခဲ့လေပြီ။

ကျုပ်သည် ဓားမြှောင်ကို တင်းကျပ်နေအောင် ထုတ်ကိုင်၍ အသင့်ပြင်ထားသော အနေအထားဖြင့် ရပ်နေသည်။ ကျုပ်တို့ရပ်နေသည့် မြို့ရိုးပျက် နီနီနှင့် နွယ်ပင်ကြီးများမှာ ကိုက်နှစ်ဆယ်လောက်သာ ဝေးပေလိမ့်မည်။

ဝါထိန်သော မျက်လုံးကြီးများ၊ ဖြူဖွေးသော အစွယ်ကြီးများနှင့် နီရဲသော လျှာကြီးကို မြင်နေရသည်။

ကျုပ်သည် ကြောက်ကြောက်နှင့် မျက်လုံးကို စုံမှိတ်လိုက်ရသည်။ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်နှင့် နောင်တော်သိဒ္ဓတ္ထသည် မြေကြီးပေါ်တွင် လဲလျက်ရှိကာ ကျားဖြူကြီးသည် သူ့ကိုယ်ပေါ်သို့ ရောက်နေသည်ကို မြင်လိုက်ရသည်။

ကျုပ်သည် နူးညံ့သော ကျားသစ်မွေးများနှင့် ပုပ်ဟောင်သော အနံ့ကြီးကို ထိတွေ့ခံစားလိုက်ရသည်။

ရယ်သံကြီးမှာလည်း နောက်တစ်ကြိမ် ပေါ်လာပြန်သည်။ သို့ရာတွင် ထူးဆန်းသည်မှာ နောင်တော်သိဒ္ဓတ္ထသည် ထိုကျားသစ်ဖြူကြီးကို တစ်စုံတစ်ရာ ခုခံခြင်းမရှိဘဲ မြေကြီးပေါ်တွင် ငြိမ်သက်စွာ လဲလျောင်းနေခြင်းပင် ဖြစ်သည်။ လက်မောင်းမှာ ကျားသစ်ကိုက်ထားသဖြင့် သွေးတို့ဖြင့် ယိုစီးလျက်ရှိနေ၏။ ကျားသစ်ဖြူကြီးသည် သူ့ကို နမ်း၍ အနံ့ခံလျက်ရှိသည်။

ကျုပ်သည် နောင်တော်သိဒ္ဓတ္ထလောက် သတ္တိကောင်းသူမဟုတ်။ သို့ရာတွင် ကျုပ်သည်လည်း ခတ္တိယသွေးပါသူတစ်ဦးမဟုတ်လော။

ကျုပ်သည် နောင်တော်သိဒ္ဓတ္ထ၏ လက်မောင်းမှ သွေးတို့ ယိုစီးနေသည်ကို မြင်ရသည့်အတွက်ကြောင့် တစ်ကြောင်း၊ ကျားသစ်ဖြူကြီး၏ အနံ့ကို မခံနိုင်တော့သည့်အတွက်ကြောင့် တစ်ကြောင်း သည်းမခံနိုင်တော့ဘဲ သတ္တဝါကြီးကို ခုန်အုပ်ကာ ဓားဖြင့် ထိုးစိုက်ချလိုက်သည်။

ကျုပ်သည် ကျားသစ်၏ လည်မျိုကို ဓားဖြင့် အချက်ပေါင်းများစွာ ထိုးချလိုက်၏။ ဖြူဖွေးသော အမွေးသည် နီရဲသော သွေးတို့ဖြင့် ခြင်းခြင်းနီလျက်ရှိနေ၏။

နောင်တော်သိဒ္ဓတ္ထသည် ညည်းတွားကာ ဘေးသို့ လိုမ့်ချလိုက် သည်။ ကျုပ်သည် ကျားဖြူ၏ နှလုံးကို တည့်တည့်စိုက်ရန် ကြိုးစားသော် လည်း အခွင့်မသာဘဲဖြစ်နေသည်။ သို့ဖြင့် ကျုပ်သည် ကျားသစ်ဖြူကြီးကို အချက်ပေါင်းများစွာ ထိုးစိုက်လျက်ရှိရာ နောက်ဆုံးတွင် ကျားသစ်ဖြူကြီးသည် တစ်ချက်မျှ အော်ဟစ်၍ လဲကျသွားသည်။ ထိုစဉ် နောင်တော်သိဒ္ဓတ္ထသည် လဲနေရာမှ ထပြေးလာကာ ကျုပ်လက်ထဲမှ ဓားမြှောင်ကို ယူပြီး အဝေးသို့ လွှင့်ပစ်လိုက်၏။

"ဒေဝဒတ်ရဲ့ လက်ချက်ပဲ ထင်တယ် နောင်တော်"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ ညီတော်၊ သူ့ကို မသတ်ပါနဲ့၊ တော်တော် ချစ်စရာကောင်းတဲ့ သတ္တဝါကြီးတစ်ကောင်ပါ"

နောင်တော်သိဒ္ဓတ္ထသည် သွေးတို့ဖြင့် စွန်းပေလျက်ရှိသော ကျားသစ်ဖြူကြီးကို ငုံ့ကြည့်ပြီးနောက် ထိုင်လိုက်ကာ ကျားသစ်ဖြူကြီး၏ နှုတ်ခမ်းနှင့် ကျောပြင်တို့ကို အသာအယာပွတ်သပ်ပေးနေသည်။ ထို့နောက် အနားတွင်ရှိသည့် ပဒိုင်းရွက်များကို ခူးကာ ဒဏ်ရာကို အုံပေးနေသည်။

"နောက်တစ်ခါဆိုရင် တို့ကို ရန်ပြုတော့မှာ မဟုတ်ပါဘူး ညီတော်"

ကျုပ်တို့နှစ်ဦးစလုံးမှာ အသက်ကိုမျှ မရှူနိုင်အောင် မောပန်းနွမ်းနယ်နေကြသည်။ အမှောင်မှာလည်း ပို၍ နက်ရှိုင်းလာခဲ့ပြီ။ အမှောင်ထဲတွင် နောင်တော်သိဒ္ဓတ္ထ၏ ရွှေရောင်တောက်ပသော အသားအရေနှင့် ကျားသစ်ကြီး၏ ကိုယ်လုံးသာလျှင် အထင်းသားပေါ်နေကြသည်။

တောအုပ်တွင် မှောင်သည်ဆိုလျှင် ဖြည်းဖြည်းညင်းညင်းညင်းမှောင်သည်မဟုတ်။ ပြိုကျလာသလို ရုတ်တရက် ချက်ချင်း မှောင်လာသည်။

တပေါင်းလလယ်မျှသာ ရှိသေးသည့်အတွက် မိုးမရွာသေး။ လေထဲတွင် နွယ်ပင်ကြီးများသည် နွယ်ချင်း ရိုက်နေသည်။ ယခုအချိန်တွင် ရယ်သံကြီးမှာ ပျောက်ကွယ်သွားခဲ့လေပြီ။ ခေါင်းပေါ်တွင် မြားသဏ္ဌာန် ပျံသန်းသွားသော ဟင်္သာအုပ်ကြီးများကို မြင်နေရသည်။

ကျုပ်သည် ရွှေနန်းတော်ကြီးထဲက ကြာကန်ကို အမှတ်ရလာကာ အိမ်သို့ ပြန်ချင်လာသည်။ နောင်တော်သိဒ္ဓတ္ထမှာ ကျားသစ်ဖြူကြီးကိုလက်ဖြင့် ပွတ်ပေးနေဆဲဖြစ်သည်။ ဒဏ်ရာများမှာ ကျက်သွားပြီဟု ထင်ရသည်။

နောင်တော်သိဒ္ဓတ္ထသည် လည်ပင်းတွင်ရသည့် ဒဏ်ရာများကို သစ်ရွက်များအုံကာ ကျပ်စည်းပေး၏။ နှုတ်သီးတစ်လျှောက်အတိုင်း ဖြည်းညင်းစွာ ပွတ်သပ်ပေးကာ နောက်တွင် လက်ဖျံရိုးကြားရှိ ကျိုးသွားသော အရိုးတစ်

ချောင်းနေရာကို ဖြည်းဖြည်း ပွတ်သပ်ပေးနေ၏။ တစ်ခါတစ်ရံတွင်လည်း လက်သည်းများကို ပွတ်သပ်ပေးကာ ကြင်နာစွာ စကားပြောလျက်ရှိ၏။

မိမိကို ကိုက်သတ်မည့် တိရစ္ဆာန်တစ်ကောင်အား အဘယ်ကြောင့် ဤမျှ ကြင်နာယုယလျက်ရှိနေကြောင်းကို ကျုပ်စဉ်းစား၍မရ။ သို့ရာတွင် နောင်တော်သိဒ္ဓတ္ထသည် မိမိအား မကောင်းကြံသည့် အရာများအားလုံးကို ချစ်ခင်ခွင့်လွှတ်တတ်ကြောင်း နောင်တွင် ကျုပ်သိလာရသည်။

"ဒီကျားသစ်ဖြူကို နန်းတော်ကြီးထဲ ယူသွားရရင် မကောင်းဘူးလား ညီတော်"

"နန်းတော်ကြီးထဲရောက်တော့ ဘာလုပ်မှာလဲ နောင်တော်၊ နန်းတော်ထဲမှာ မွေးထားတဲ့ တိရစ္ဆာန်တွေကို အများချည်းဖြစ်နေပြီ၊ ခုပဲကျားပေါက်စလေးတစ်ကောင်ရှိနေတာ၊ မြွေပါတစ်ကောင်လည်း ရှိတယ်၊ လင်းယုန်ငှက်တစ်ကောင်လည်းရှိတယ်၊ ဒိပြင်လည်း အများကြီးပဲ၊ ဒီလောက်များတဲ့အထဲမှာ ဘာဖြစ်လို့များ ဒီကျားသစ်ကြီးကို မွေးနေရဦးမှာလဲ"

"ကျားသစ်ဖြူလေးတစ်ကောင်မွေးထားတော့ ကောင်းတာပေါ့ ညီတော်ရ"

"ဘာ ကျားသစ်ပေါက်စလေး ဟုတ်လား၊ နောင်တော်ရဲ့ ကျားသစ်ပေါက်စကလည်း ကြောက်စရာကြီး၊ ခုတောင် ကျားကြီးတစ်ကောင်သာသာလောက် ရှိနေတယ်"

"အေးလေ၊ ဟိုကျတော့ ကျားသစ်လေးတွေ ပေါက်လာမှာပေါ့"

နောင်တော်သိဒ္ဓတ္ထသည် ပြုံးနေ၏။

အမှောင်ထဲတွင် စုတ်ပြဲနေသော သူ့ဝတ်စုံကို မြင်ရသည်။ နောင်တော်သိဒ္ဓတ္ထ၏ ဒဏ်ရာမှာ သွေးတိတ်စပြုနေပြီ။ ထိုဒဏ်ရာများကိုလည်း တောသစ်ရွက်များဖြင့် အုံ၍ ကျုပ်စည်းပေးခဲ့ခြင်းဖြစ်၏။

နောင်တော်သိဒ္ဓတ္ထသည် ဒူးတုပ်ထိုင်ချလိုက်ပြီး ကျားသစ်ကို တီးတိုးညင်သာစွာ စကားပြောနေ၏။ ထို့နောက် နောင်တော်သိဒ္ဓတ္ထသည် နွယ်များကို လိမ်၍ ကြိုးကျစ်လိုက်ပြီး ခေါ်လာခဲ့၏။

ကျုပ်မှာ ဒေဝဒတ်ကို ကြောက်လန့်နေဆဲဖြစ်၏။ ရယ်သံကြီးကို မကြားရတော့။ တောသည် မည်းမှောင်လျက်ရှိ၏။

လလည်းမသာ၊ ကြယ်လည်းမဖြာသဖြင့် တောအုပ်သည် မည်းလျက်ရှိနေ၏။ ကျုပ်တို့သည် မြို့ရိုးပျက်ကြီးအတိုင်း သွားသည့်လမ်းကို သိသော်လည်း ထိုနေရာကို ဒေဝဒတ်ရောက်လာခြင်း ရှိ၊ မရှိကိုမူ မသိနိုင်ပြီ။ မြို့ရိုး

ပျက်ဘေးကျောက်တုံးပေါ်တွင် တင်ထားခဲ့သည့် ပဝါနီလေးနှင့် ကျောက်မျက်ရတနာလေးမှာ ယခုတိုင် ရှိနေသေးသည်။ ကျောက်မျက်ရတနာများသည် စပျစ်သီးများပမာ တောက်ပနေ၏။ ကျားသစ်ဖြူ၏ အနံ့၊ ကျားသစ်ဖြူ၏ ခြေသံတို့ကို ကျုပ်ထိတွေ့ ကြားမြင်နေရသည်။

"မစိုးရိမ်ပါနဲ့ ညီတော်ရဲ့၊ ဒေဝဒတ်ကိုလည်း နောင်တော်မြင်ရမှာ မဟုတ်ပါဘူး၊ သူကလည်း နောင်တော်တို့ကို မမြင်နိုင်ပါဘူး"

ဟုပြောသည်။ အတန်ကြာလျှောက်လာခဲ့သည့်အခါ နောင်တော်သိဒ္ဓတ္ထက

"ရယ်သံဟာ ဒေဝဒတ်ရဲ့ ရယ်သံ ဟုတ်ချင်မှလည်း ဟုတ်မှာပါ ညီတော်၊ ဒေဝဒတ်မှာ အပြစ်ရှိချင်မှလည်း ရှိမှာပါ၊ သူရောက်လာပြီး နောင်တော်ကို မတွေ့တော့ သူရောက်တဲ့အကြောင်းသိအောင်ဆိုပြီး ပဝါနီလေး ချသွားတာလည်း ဖြစ်ချင်ဖြစ်မှာပါပဲ၊ ဒါမှမဟုတ် တခြားလူတစ်ယောက်ယောက်ရဲ့ ပဝါဖြစ်ချင်လည်း ဖြစ်မှာပေါ့၊ နန်းတော်ကြီး ရောက်တဲ့အခါ ဒေဝဒတ်ကို မေးကြည့်လိုက်ရင် သိမှာပါ"

"ကျွန်ုပ်ယ်ဒတ္တကို မေးရင်လည်း သိရမှာပါ၊ သူ့ကိုတော့ ညီတော်တို့ စိတ်ချရတယ်"

နောင်တော်သိဒ္ဓတ္ထက ခေါင်းညိတ်လိုက်၏။ ထို့နောက် ဒေဝဒတ်၏ ကြမ်းတမ်းပြင်းထန်သော ဘဝအကြောင်းကို ပြောပြနေသည်။

"ဒေဝဒတ်က ယသော်ရောရဲ့ ဝမ်းကွဲအစ်ကိုတော်လေ"

ထိုစကားကြောင့် ကျုပ်သည် ပို၍စိုးရိမ်သွား၏။

"ဟုတ်ရဲ့လား နော်တော်ရယ်"

"ဟုတ်ပါတယ် ညီတော်၊ သူလည်း မလ္လာတိုင်းက မင်းသားတစ်ပါးပါပဲ"

"ဒါဖြင့် နောင်တော်ကို ဘာကြောင့် သူမကောင်းကြံနေတာလဲ ဟင်"

ညင်သာသော သူ့အသက်ရှူသံနှင့် ကျားသစ်ဖြူ၏ခြေသံကိုအမှောင်ထဲတွင် ကြားရသည်။

နောင်တော်သိဒ္ဓတ္ထသည် ရတ်တရက် စကားပြန်မပေးသေး။ အတန်ကြာမှ မိမိမယုံကြည်ရသော အကြောင်းအရာများကို ပြောသကဲ့သို့ ဖြည်းညင်းစွာ ပြောနေပြန်သည်။

"နောင်တော်ကို သေကြောင်းကြံချင်တဲ့ စိတ်မျိုး သူ့မှာ ရှိဟန်မတူပါဘူး၊ ဟုတ်ပါတယ်၊ ဟသ်ာငှက်ကိစ္စကြောင့်တော့ နောင်တော်

ကို သူဒီလောက်ထိ ကြံမှာ မဟုတ်ဘူး၊ ဒါပေမဲ့ မနာလိုဝန်တိုမှု ကြောင့် မကောင်းကြံချင်တော့ ကြံနိုင်တယ်၊ အရင့်အရင်ဘဝတုန်း တွေက သူဟာ ရှင်ဘုရင်ဖြစ်ချင်တယ်၊ ဒါပေမဲ့ မဖြစ်ခဲ့ရဘူး၊ နောင် တော်ကသာ ရှင်ဘုရင်ဖြစ်ခဲ့တယ်"

ကျုပ်တို့နှစ်ယောက်သည် စကားမပြောမိတော့ဘဲ ဆက်လာခဲ့ကြသည်။

အတန်ကြာလျှင် နောင်တော်သိဒ္ဓတ္ထက

"နောင်တော်လက်ထပ်မှ ဖြစ်မယ် ညီတော်၊ လက်ထပ်ပြီး သားတွေသမီးတွေ မွေးရမယ်၊ ဒါပေမဲ့ သူ့အပေါ်မှာတော့ သံယောဇဉ် မတွယ်မိအောင် လုပ်ရမယ်၊ ပန်းပွင့်တွေဟာ သွေးထွက်တယ် ညီတော်၊ ဒီတော့ ဒီပန်းပွင့်တွေကို တပ်မက်ခြင်းမဖြစ်အောင် လုပ်ရမယ်"

ထို့နောက် ကျားသစ်၏ လျင်မြန်သော ခြေသံနှင့်အညီလိုက်၍ စကားပြောလိုသည့်နှယ် ခပ်သွက်သွက်ဖြင့်

"ကမ္ဘာကြီးတစ်ခုလုံး လောဘတွေကုန်ဆုံးပြီး ငြိမ်းချမ်းတဲ့အဖြစ်ကို ငါရောက်စေချင်တယ် အာနန္ဒာ၊ ကမ္ဘာလောကကြီးမှာ လောဘ၊ ဒေါသတွေ ကုန်ဆုံးပြီး လူအချင်းချင်း ခင်စေချင်တယ်၊ ဒါပေမဲ့ တဏှာပေမ ယှဉ်တဲ့အချစ် မဖြစ်စေရဘူး၊ တဏှာပေမဟာမီးလိုပဲ လောင်ကျွမ်းစေတယ်၊ ငါဖြစ်စေချင်တာက လူတွေအားလုံးဟာ တပ်မက်ခြင်း၊ စွဲလန်းခြင်းမရှိဘဲ တစ်ဦးကိုတစ်ဦး မေတ္တာသက်ဝင်တဲ့ အချစ်မျိုးကို လိုချင်တာ၊ လောကကြီးဟာ တပ်မက်တဲ့ ချစ်ခြင်းကြောင့် ဒုက္ခတွေနဲ့ ပြွမ်းတီးနေရခြင်းဖြစ်တယ်"

ကျုပ်သည် ထိုစကားများကို နောင်တော့်ထံမှ မကြာခဏ ကြားခဲ့ဖူးခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် ယခုအမှောင်ထဲတွင် ပြောနေသော စကားများသည် ကျုပ်နားထဲတွင် အထူးအဆန်းဖြစ်နေသည်။

"ဘာဖြစ်လို့ အချစ်ရယ်လို့မရှိရမှာလဲ နောင်တော်၊ လောကကြီးမှာ အချစ်ရှိရမယ်၊ အဲဒီလောင်ကျွမ်းမှုထဲမှာ အသွေးအရောင်ရှိတယ်လို့ နောင်တော်ပဲ ပြောဖူးတာပဲလေ"

"ဟုတ်တယ်၊ အချစ်မှာ အသွေးအရောင်ရှိနေတယ်၊ ဒါပေမဲ့ အဲဒီအသွေးအရောင်ဟာ မီးစုန်းခတ်ရဲ့ အသွေးအရောင်မျိုးဖြစ်တယ် အာနန္ဒာ၊ အချစ်ဆိုတဲ့ ပေါင်းအိုးကြီးထဲမှာ အရာအားလုံးဟာ ပျက်စီးကြေမွသွားကြရတာပဲ၊ ငါကတော့ အဲဒီအရာတွေကို ကြေမွပျက်စီးမသွားစေချင်ဘူး"

"ညီတော်ကတော့ နောင်တော်ပြောတဲ့ အရှည်တည်တန့်ခြင်းကို အာရုံစိုက်ပြီး စိတ်ကိုရှုတယ်၊ ဒါပေမဲ့ သိပ်တော့ သဘောမပေါက်လှဘူး နောင်တော်၊ အရာအားလုံးဟာ မကြေပြုန်းနိုင်ဘူးတဲ့၊ နောင်တော်က ပြောတယ်၊ ညီတော်ကတော့ သိပ်နားမလည်ဘူး၊ လိပ်ပြာလေးတစ်ကောင်ရဲ့ အသက်ဟာ လူတစ်ယောက်ရဲ့ အသက်ထက် ကြာရှည်ခံနိုင်ပါ့မလား၊ အရာအားလုံးဟာ တင်စားမှုသာ ဖြစ်တယ်လို့ နောင်တော်ပြောခဲ့တယ်၊ ဒါပေမဲ့ ဟောဒီအာကာသဟင်းလင်းပြင်ကြီးဟာ တင်စားမှုမဟုတ်ဘူး နောင်တော်၊ ဒါပေမဲ့ အချိန်ကာလကတော့ တင်စားမှုသာဖြစ်တယ်"

နောက်ဆုံးတွင် ကျုပ်တို့သည် တောအုပ်အပြင်ဘက်သို့ ရောက်လာခဲ့သည်။ ကောင်းကင်မှ ကြယ်ရောင်များနှင့် သူရဲခိုများမှ တလက်လက်ဖြစ်နေသော မီးရောင်များကို မြင်ရလေပြီ။ တောအုပ်အပြင်ဘက်တွင် လူအရိပ်အယောင်များကို မမြင်ရ။ ဒေဝဒတ်အရိပ်အယောင်လည်း မမြင်ရ။ ကျုပ်တို့ဆွဲလာသည့် ကျားသစ်ဖြူသည် အနံ့ခံရင်း ရှေ့သို့ တိုးသွားနေသည်။

"ဒေဝဒတ်ဟာ ခပ်စောစောတုန်းက ဒီနားက ဖြတ်သွားခဲ့ဟန်တူတယ် နောင်တော်၊ ကျားသစ်ဖြူအနံ့ရလို့ ရှေ့ကို အတင်းဆွဲနေတာ"

ဒေဝဒတ်သည် ကျုပ်တို့ကို အဘယ်ကြောင့် ကျားသစ်ဖြူဖြင့် တိုက်သတ်ချင်ရသနည်း။

ကျုပ်တို့ကို တကယ်လို့ သတ်လိုလျှင် သူ့နောက်ပါနောက်လိုက်များကို အသတ်ခိုင်းလိုက်ရုံသာ။ ကျုပ်တို့အလောင်းများကို တောချုံများအောက်တွင် မြှုပ်ပစ်လိုက်ရုံသာ။ သို့ဆိုလျှင် ခမည်းတော် သုဒ္ဓေါဓနမင်းသည်ပင် စစ်တပ်ကြီးများဖြင့် လိုက်ရှာသည့်တိုင်အောင် ကျုပ်တို့အလောင်းများကို တွေ့နိုင်စရာအကြောင်းမရှိ။ ကျုပ်သည် ထိုသို့ စဉ်းစားရင်း ဒေဝဒတ်၏ ကြံ့ခိုင်သောကိုယ်ခန္ဓာ၊ တောင့်တင်းသော ပခုံး၊ ညိုမြဲသော အသားနှင့် ထူထဲသော မျက်လုံးများကို မြင်ယောင်နေသည်။ ကျုပ်သည် သူ့ကိုပင် ကြောက်ရမည်လော။ သို့တည်းမဟုတ် သူ့ကို ကြောက်နေသည့် ကျုပ်အကြောင်းကိုပင် ပြန်၍ ကြောက်ရမည်လောဟု ဝေခွဲမရအောင် ရှိနေသည်။

ကြယ်ရောင်တို့ကို မြင်ရသည့်အခါတွင် ကျုပ်တို့အကြောက်ပြေသွားကြသည်။

လယ်ကွင်းများထဲမှ ပုရစ်မြည်သံများ ဆူညံနေ၏။ တစ်ခါတစ်ရံ တွင် လယ်ကွင်းထဲမှ မီးရောင်လက်လက်ဖြင့် မြင်ရသည်။ လယ်စောင့်နေသော

လယ်သမားတစ်ယောက်လော။ သို့တည်းမဟုတ် အိမ်တစ်လိမ်စုန်းလောဆို သည်ကို ကျုပ်တို့ မပြောနိုင်ပြီ။

တစ်ခါတစ်ရံတွင်မူ အုပ်လိုက်ပျံသန်းနေကြသော ပိုးစုန်းကြူးများကို မြင်ရ၏။ တစ်ချိန်တစ်ချိန်တွင်လည်း မြို့ရိုးမည်းမည်းကြီးနှင့်တကွ မြို့သို့ လာနေကြသော လှည်းတန်းများကို တွေ့ရသည်။ တစ်ခဏတွင် ကျုပ်တို့နှစ်ယောက်တည်း မြို့ထဲဝင်လာကြသည်။

ကျားသစ်ဖြူကို လှောင်အိမ်ထဲတွင် ထည့်လိုက်ပြီးနောက် ရွှေနန်းတော်ကြီးသို့ ဒေဝဒတ်ပြန်ရောက်လာခြင်း ရှိ မရှိကို အစေတော်တစ်ယောက်အား မေးမြန်းကြည့်သည်။

"ပြန်ရောက်ပါပြီ အရှင်၊ လွန်ခဲ့တဲ့ လေးမောင်းလောက်ကတည်းက ပြန်ရောက်ပါတယ်"

"သေချာရဲ့လား မောင်မင်း"

"မှန်ပါတယ် အရှင်၊ အရှင်သိဒ္ဓတ္ထမင်းသားရဲ့ စံခန်းဆောင်ကို လာပြီး နောင်တော်သိဒ္ဓတ္ထပြန်ရောက်ပြီလားလို့ မေးပါတယ်၊ ပြန်မရောက်သေးဘူး လို့ ပြောတော့ ဒါကို ပေးလိုက်ပါဆိုပြီး ပြောသွားပါတယ်"

အစေတော်သည် မှန်နန်းဆောင်ထဲသို့ ပြေးဝင်သွားကာ နီရဲသော ပဝါတစ်ထည်ကို ယူလာသည်။ ပဝါမှာ ကျုပ်တို့နှစ်ဦး တောထဲတွင် တွေ့ခဲ့ရသည့် ပဝါနီနီနှင့် တစ်သွေးတည်း၊ တစ်ပုံစံတည်း၊ တစ်ရွယ်တည်းဖြစ်နေ၏။ နောင်တော်သိဒ္ဓတ္ထသည် မည်သို့မှ မပြောနိုင်ချေ။ ကျုပ်တို့နှစ်ဦးမှာ ဆာလောင်မွတ်သိပ်နေ၏။

ထို့ပြင် တောထဲတွင် ရလာသည့် ဒဏ်ရာများကိုလည်း သမားတို့ထံသွား၍ ပြသရဦးမည်။ နောင်တော်သိဒ္ဓတ္ထသည် မီးတုတ်မီးစည်းတို့၏ အလင်းရောင်ထဲတွင် ပြုံးနေသည်။

ရွှေနန်းတော်ကြီးတစ်ခုလုံးမှာ အုတ်အုတ်ကျက်ကျက်ဖြစ်လျက်ရှိနေ၏။ နန်းရင်ပြင်တစ်နေရာဆီမှ တေးဆိုသံများကို ကြားနေရပြီး အဝေးရှိသစ်ပင်များပေါ်တွင် မီးပုံးများ ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ လမသာသည့်တိုင် ကြယ်ရောင်များသည် တောက်ပစွာ ပြိုးပြက်နေကြသည်။

နဂါးငွေ့တန်းကြီးကြောင့် ကောင်းကင်တစ်ခွင်လုံးတွင် ထောပတ်ဆီဦးတို့ဖြင့် ပက်ဖျန်းထားသည့်နှယ် ဖြူဖွေးနေသည်။

အတန်ကြာလျှင် နောင်တော်သိဒ္ဓတ္ထသည် ကျုပ်ခန်းဆောင်ထဲသို့ ရောက်လာကာ သူ့ကိုယ်အနှံ့အပြားတွင် ပတ်တီးတွေစည်းထားသည်ကို တွေ့

ရလေသည်။ နောင်တော်သိဒ္ဓတ္ထသည် အဖြူရောင်ပိုးဝတ်စုံကို ဝတ်ထားပြီး ခါးတွင် ပဝါနီလေးကို ညှပ်ထား၏။ ကျုပ်တို့နှစ်ယောက်သည် မီးပူဇော်ပွဲသို့ မသွားရန် ဆုံးဖြတ်လိုက်ကြသည်။

"ဂီတထဲကို ရောပါသွားတာထက် ဂီတကို နားထောင်ရတာပိုပြီး ကောင်းတယ်။ မိုးရေထဲ လမ်းလျှောက်ရတာထက် ဝါးပင်ပေါ်ကို မိုးရေစက်တွေ ကျတာက ပိုပြီး နားထောင်ရတာ ပိုကောင်းတယ် ညီတော်"

ကျုပ်တို့ညီနောင်နှစ်ဦးသည် ညောင်စောင်းပေါ်တွင် လဲလျောင်းနေကြသည်။

တစ်ခါတစ်ရံတွင် ကျားသစ်ဖြူလေး၏ ဟိန်းသံကို ကြားရ၏။

တစ်ချီချီတွင်လည်း ကျောက်တုံးရင်ပြင်ပေါ်တွင် အသာအယာပြေးဆင်းသွားသော အစေတော်များ၏ တဖျပ်ဖျပ်ခြေသံများ ကြားကြရသည်။

တစ်တုံတစ်တုံတွင်မူ ဗုံတီးသံများကြားရသည်။

တစ်ကြိမ်တစ်ကြိမ်တွင်မူ သပြေပင်ထိပ်ဖျားသို့ တက်လာသော မီးရှူးမီးပန်းများကို မြင်ရတတ်သည်။

"တို့များ သေသွားရင် ဘယ်လိုနေမလဲ မသိဘူးနော် ညီတော်၊ ဆိုပါစို့ သူ့လက်ချက်ကြောင့် တို့နှစ်ယောက်သေသွားခဲ့ရင် ဘယ်လိုများနေမလဲ မသိဘူး"

"နောင်တော်ကတော့ နောင်တော့်ဘဝမှာ ဘုရင်ကြီးဖြစ်မှာပေါ့၊ ညီတော်ကတော့ ငရဲကိုလားမှာပဲ"

ကျုပ်သည် ကျားသစ်၏ လည်မျိုကို ဓားဖြင့် စိုက်ခဲ့ရာတွင် ကျားသစ်ဖြူမဟုတ်ဘဲ ဒေဝဒတ်ဖြစ်နေခဲ့လျှင် မည်မျှကောင်းမည်နည်းဟု မကောင်းသော စိတ်ထားခဲ့ဖူးသည်။ သို့ရာတွင် နောင်တော်သိဒ္ဓတ္ထကမူ ကျုပ်ပြောသည်ကို ကြားဟန်မတူပေ။

"တကယ်လို့များ ငါသေသွားခဲ့ရင် ယသော်ဓရာကရော ဝမ်းနည်းပူဆွေးနေမှာလား၊ ခမည်းတော်ကရော ဝမ်းနည်းပူဆွေးမှာလား၊ မှူးမတ်ကြီးတွေကရော ဝမ်းနည်းပူဆွေးမှာလား၊ ငါသေသွားခဲ့ရင် သူတို့ဟာ ပူဆွေးတဲ့ အဆင်အယင်တွေကို ဝတ်ဆင်ကောင်း ဝတ်ဆင်ကြလိမ့်မယ်၊ ရွှေနန်းတော်ကြီးမှာလည်း နန်းတွင်းသူတွေ၊ နန်းတွင်းသားတွေပါ ဝမ်းနည်းပူဆွေးတဲ့ အထိမ်းအမှတ်နဲ့ သီတင်းပတ်လုံး သူတို့ရဲ့ နဖူးတွေ၊ ပါးပြင်တွေမှာပြာမှုန့်တွေ လူးထားကောင်း လူးထားကြမယ်၊ ကချေသည်တွေဟာလည်း သည်း

ထန်စွာ ငိုကြွေးကြပြီး ရင်ကို ထုကောင်းထုကြလိမ့်မယ်၊ အစေတော် တွေကလည်း သူတို့ရဲ့ အရှင်သခင်သစ်ဟာ ဘယ်သူဖြစ်မလဲလို့ တွေးတောကြလိမ့်မယ်၊ နေမင်းကြီးကွယ်ပြီလေဆိုပြီး အောင်လံ တွေ၊ စစ်တံခွန်တွေ၊ စစ်တလေးတွေကို အောက်သို့ လှဲချပြီး မြင်းမွေး တွေနဲ့ ဖုံးကောင်းဖုံးကြလိမ့်မယ်၊ ဒါပေမဲ့ ဒါတွေဟာ ဘယ်လောက် ကြာကြာလုပ်ကြမှာလဲ ညီတော်၊ နက်စွာသော ရေကန်ထဲကို ကျောက် စရစ်ခဲကလေးတစ်လုံးပစ်ချပြီး ပြန်မပေါ်လာတော့သလို သူတို့ရဲ့ ဝမ်းနည်းပူဆွေးမှုတွေဟာလည်း ပျောက်ကွယ်သွားကြမှာပါ၊ ဟုတ် တယ် လောကကြီးမှာ ပူဆွေးသောကဆိုတာ ရှိအပ်တာ မဟုတ်ဘူး၊ မရှိသင့်ဘူး"

"တဏှာပေမရယ်လို့ ရှိခဲ့ရင်၊ သံယောဇဉ်ရယ်လို့ရှိခဲ့ရင် ပူဆွေး သောကဟာ ရှိနေဦးမှာပဲ၊ ငါတို့ဟာ ငါတို့နဲ့ ရင်းနှီးကျွမ်းဝင်သူ တွေကို ချစ်ခင်ကြတယ်၊ ငါတို့တစ်တွေ အိမ်ထောင်သားမွေးမှုပြုပြီး ငါတို့ သေဆုံးသွားသည့်တိုင် ငါတို့သားသမီးတွေဟာ ငိုကြွေးကြ ရဦးမယ်၊ ဟုတ်တယ်၊ ချစ်ခြင်းနဲ့ ပူဆွေးခြင်းဟာ ခွဲခြားလို့မရဘူး"

နောင်တော်သိဒ္ဓတ္ထသည် ကျုပ်ပြောသည့် စကားများကို ကြားဟန် မတူဘဲ တစ်ယောက်တည်း ပြောနေသည်။

ကျုပ်တို့နှစ်ဦးသည် အတန်ကြာမျှ တိတ်ဆိတ်နေကြသည်။

နွေရောက်လုနီးသဖြင့် ညသည် တိတ်ဆိတ်ပူလောင်အိုက်စပ်နေ သည်။ မကြာမီဆိုလျှင် မိုးထစ်ချုန်းရွာတော့မည်။

ထိုညအကြောင်း ပြန်တွေးလိုက်လျှင် ကျုပ်သည် ကျုပ်တို့နှစ် ယောက်၏ စိတ်များ ပျံ့လွင့်နေကြပုံ၊ နောင်တော်သိဒ္ဓတ္ထ၏ ခါးတွင် ပဝါနီနီ သည် ဒဏ်ရာတစ်ခုသဖွယ် ဖြစ်နေပုံ၊ လှောင်အိမ်ထဲမှ ကျားသစ်ဖြူ၏ ဟိန်းသံ နှင့် ထောပတ်ဆီတို့ဖြင့် ထွန်းညှိထားသော မီးရှူးမီးပန်းများထဲတွင် ထိုင်လျက် ရှိနေကြရင်း သောကနှင့် ပရိဒေဝများအကြောင်းတွေးနေပုံ စသည်တို့ကိုသာ ကျုပ်အမှတ်ရမိတော့သည်။

တစ်ခါတစ်ရံတွင် ကျုပ်သည် ချုံး၍ ကျနေသည့်၊ ရှည်လျားနေသည့် ဒေဝဒတ်၏ မျက်နှာညိုညိုသည် အမှောင်ရိပ်ထဲမှ ရုတ်တရက်ပေါ်လာမည် လောဟု ကျုပ်စိတ်ထဲတွင် တွေးမိသေး၏။

ထိုသို့ တွေးမိသည်နှင့် ကျုပ်သည်ခါးကြားတွင် ထိုးထားသည့် ဓား မြှောင် လက်ကိုင်ကို ဆုပ်ကိုင်မိပြီး ဒေဝဒတ်ကိုပင် လာပါစေဟု ဆုတောင်းမိ သေးသည်။

ကျုပ်သည် ထိုသို့တွေးရင်းနှင့် အိပ်ပျော်သွားရာမှ အိပ်ရာနိုးသည့်အခါတွင် ခန်းဆောင်ထဲတွင် နောင်တော်သိဒ္ဓတ္ထမရှိတော့။

နန်းရင်ပြင်တစ်နေရာဆီမှ တေးသံ၊ ဂီတသံများတို့သည် တိတ်ဆိတ်သွားခဲ့ကြပြီ။ တစ်ခါတစ်ရံတွင်မူ ရယ်မောနေသံများကိုသာ ကြားရတော့သည်။

## ၅

နွေပေါက်လာသည်နှင့် တဖြည်းဖြည်းပူစပြုလာသည်။

ခြောက်သွေ့သော လေပူကြီးများသည် အရှေ့ဘက်မှ တိုက်ခတ်စပြုလာသည်။

ကျုပ်တို့ခန်းဆောင် ဆက်ရာများပေါ်ရှိ ပုလဲသီ ကန့်လန့်ကာများတွင် ရေငွေ့တွေ သီးစပြုလာပြီ။ တိမ်တိုက်ကြီးများသည် ဟိမဝန္တာ တောင်ထိပ်ပေါ်တွင် စုရုံးနေလျက်ရှိကြသည်။

လယ်ကွင်းများမှာ ခြောက်သွေ့ကာ ပတ်ကြားအက်များသည် ပင့်ကူအိမ်များကဲ့သို့ လယ်ကွင်းများထဲတွင် အထင်းသား ပေါ်နေကြသည်။

ထယ်များ၊ ထွန်များ၊ ကောက်ဆွများမှာလည်း သုံးစွဲမည့်သူမရှိ။ လယ်သမားများမှာ အားလပ်လျက်။ ကြာကန်မှ အပူငွေ့တထောင်းထောင်းထလျက်။ ကြာပွင့်တို့လည်း ညှိုးနွမ်းကုန်ကြလေပြီ။

ကျုပ်တို့သည် မိုးကိုသာ မျှော်နေကြသည်။

ကိုယ်တစ်ပိုင်းဗလာကျင်းထားသည့် အစေတော်များက ကျုပ်တို့ကို ယပ်ခတ်ပေးကြသည်။

နောင်တော်သိဒ္ဓတ္ထသည် ကျောက်ဖြူသား ကန်ပေါင်ပေါ်တစ်ခုတွင် ထိုင်လျက်ရှိ၏။ ထိုမျှလောက်တင့်တယ်သော ကိုယ်ခန္ဓာကို ကျုပ်တစ်ခါမျှ မမြင် ဖူးသေး။ သူ့ကိုယ်တွင် ဆီမွှေးများ လိမ်းကျံလျက်။ သေးသွယ်ဖြောင့်စင်းသော ပေါင်တံများသည် ကျောက်ဖြူသားနှင့် တစ်သားတည်းရှိနေကြသည်။

တစ်ခါတစ်ရံတွင်လည်း ကျုပ်တို့ညီနောင်နှစ်ဦးသည် ပိဋကတ်တိုက်ထဲတွင် စာပေများကို ဖတ်ရှုကြ၏။ ပေရွက်များကို လှန်သည့်အသံကို ကျုပ်တို့ နည်းနည်းကလေးမျှ သည်းမခံနိုင်။ ထို့ထက် အနီးတွင် ကျုပ်တို့ဆရာ ဗမ္ဗဏ်ရှိနေခြင်းက ပိုဆိုးသည်။ ကျုပ်တို့ဆရာက ကျုပ်တို့အား ဝေဒကျမ်းများ ဖတ်ရန်တိုက်တွန်းသည်။ ကျုပ်တို့ဆရာက ဝေဒကျမ်းများမှ မန္တာန်များကို ရွတ်

သည့် အခါတွင် ကျုပ်တို့သည် သူ့ခြေရင်းတွင်ထိုင်ကာ သူ့ရွတ်သံကို နားထောင်ကြရသည်။

ကျုပ်တို့ ခေါင်းပေါ်တွင် ပိန်ညင်းငှက်မွေးယပ်များသည် လှုပ်ယမ်းလျက်ရှိသည်။ ကျုပ်တို့ဆရာသည် မန္တာန်များကို ရွတ်ဆိုသည့်အခါတွင် မျက်နှာကို ဟိမဝန္တာတောင်တန်းဘက်သို့ မူထားတတ်သည်။

ဆရာသည် အိုလှပြီ။ မကြာမီဆိုလျှင် ဘဝတစ်ပါးသို့ ပြောင်းသွားတော့မည်။ မန္တာန်များကို ရွတ်ဆိုပြီး၍ လက်အုပ်ချီသည့်အခါများတွင် သူ့လက်မောင်းများကို မြင်ရတတ်သည်။

သူက မန္တာန်များကို ရွတ်ဆိုနေသည့် အချိန်၌ကား ကျုပ်တို့သည် ကြာကန်ပေါ်တွင် ဖြာကျနေသည့် အလင်းရောင်တို့ကိုလည်းကောင်း၊ ရေကူးနေကြသော ကချေသည်များကိုလည်းကောင်း၊ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော ဥယျာဉ်ကိုလည်းကောင်း ငေးကြည့်နေတတ်သည်။

ကျုပ်တို့ဆရာ ဗမ္ဗူဏီက ဝရဏနတ်မင်းအကြောင်းကို မေးမြန်းသည့်အခါတွင် ကျုပ်တို့မဖြေနိုင်။ ယင်ကောင်များသည် ရွှေနန်းတော်လေသာပြတင်းတံခါးကို တိုးဝင်လျက်ရှိကြပြီး၊ ဖျော့တော့စိမ်းပြာသည့် အလင်းရောင်သည် မော့ထားသော ဗမ္ဗူဏီ၏ မျက်နှာပေါ်သို့ ထိုးကျလျက်ရှိ၏။

သူ့မျက်နှာသည် ခြောက်သွေ့ရှုံ့တွလျက်ရှိလေရာ လူသေ၏ မျက်နှာနှင့် တူသည်ဟုပင် ကျုပ်စိတ်တွင် အောက်မေ့မိသေးသည်။ ထိုအခါမျိုးတွင် ကျုပ်တို့သည် ပိဋကတ်တိုက်ထဲတွင် မနေနိုင်တော့ဘဲ အပြင်ဘက်နေရောင်ထဲသို့ ခုန်ပေါက်ကစားချင်နေကြသည်။

ကျုပ်တို့ ရွှေနန်းတော်ဝင်းထဲရှိဝတ်ကျောင်းတွင် မကြာခဏပူဇော်ပွဲများ ကျင်းပလေ့ရှိရာ၊ ထိုအခါများတွင် ဝတ်ကျောင်းထဲမှ မီးရှူးမီးတိုင်များအလယ်တွင် ခတ္တိယမျိုးနွယ်တို့၏ ရုပ်တုများ စံပယ်လျက်ရှိကြ၏။

တစ်ခါတစ်ရံတွင်လည်း ဆုတောင်းပွဲများ ကျင်းပကြသည်။ ဆုတောင်းများမှာ ဝေဒကျမ်းလာ မန္တာန်များထက်ပို၍ ရှေးကျသည့်အတွက် ကျုပ်ကောင်းကောင်း မမှတ်မိတော့ပြီ။ ထို့အပြင် ဝတ်ကျောင်းထဲတွင် ရွှေသင်္ကန်းကို စီးထားသည့် ဘုန်းကြီးတစ်ပါးလည်း ရှိသေး၏။ ဘုန်းကြီးသည် ကျုပ်တို့လိုပင် ခတ္တိနွယ်ဝင်တစ်ဦးဖြစ်သည်ဟု သိရပြီး ကျုပ်တို့ကဲ့သို့ ဝါလဲ့သော ဆံပင်များရှိ၏။

လမ်းလျှောက်သည့်အခါတွင် တင့်တယ်သော အသရေကို ဆောင်နေသည့်တိုင် အိုမင်းလှပေပြီ။ နောင်တော်သိဒ္ဓတ္ထသည်ကား နေကို ချစ်မြတ်နိုးသူဖြစ်၏။ ထို့ကြောင့် နေရောင်ခြည်ကို ချီးကျူးသော ဂါထာများကို ရေးလေ့ရှိ

သည်။ နေမင်းအကြောင်းကို ရေးသားထားသည့် စာပေများကို ဖတ်ရှုလေ့ လာပြီး အထူးသဖြင့် နေမင်းကို ချီးကျူးဖွဲ့ဆိုထားသည့် ဥပါနိသျှကျမ်းကို အမြဲဖတ်ရှုတတ်သည်။ တစ်ခါ၌ နောင်တော်သိဒ္ဓတ္ထသည် ကျုပ်အနီးတွင် လဲလျောင်းရင်း

"တစ်ခါတလေကျတော့ နေမင်းကြီးဆီကို အရောက်သွားချင်တယ် အာနန္ဒာ။ နေမင်းကြီးလိုပဲ လောကအလုံးကို အလင်းရောင်ပေးချင်တယ်။ ပြီးတော့ နေမင်းကြီးလိုပဲ မိမိကိုယ်မိမိ လောင်ကျွမ်းစေပြီး ဘယ်တော့မှ ကုန်ခန်းခြင်းမရှိတဲ့အဖြစ်မျိုးကိုရောက်ချင်တယ်"

ကျုပ်ခပ်တိုးတိုးရယ်လိုက်မိသည်။

နောင်တော်သိဒ္ဓတ္ထသည် တစ်ခါတစ်ရံတွင် နှင်းပွင့်တွေလိုဖြစ်ချင်တယ်ဟု ပြောတတ်၏။

တစ်ခါတစ်ရံတွင် နှင်းဆီပွင့်လို ဖြစ်ချင်တယ်ဟု ပြောတတ်၏။

တစ်ခါတစ်ရံတွင် သရက်ပင်အိုမှ ရွက်ကျင်ရွက်ဟောင်းကဲ့သို့လည်းကောင်း၊ ဟိမဝန္တာတောင်တန်းကြီးများထက် အစွန့်ရှည်သော လိပ်ပြာကလေးတစ်ကောင်ကဲ့သို့လည်းကောင်း ဖြစ်လိုသည်ဟု ပြောတတ်ပြန်သေး၏။

"နေမင်းကြီးကရော ထာဝစဉ်ရပ်တည်မှာတဲ့လား နောင်တော်"

"နေမင်းကြီးကတော့ ထာဝရရပ်တည်မှာ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ တစ်ခြားနေမင်းကြီးတွေရှိသေးတယ်၊ အစိတ်အပိုင်းတွေက ပျက်စီးရွေ့လျောသွားကြပေမဲ့ တစ်ခုလုံးကတော့ ပျက်စီးခြင်းမရှိတတ်ပါဘူး၊ ညအခါမှာ ကြယ်တွေ ထွန်းလင်းတောက်ပနေတဲ့အခါ ညကောင်းကင်ကြီးကို ညီတော်မော့ပြီး မကြည့်ဖူးဘူးလား၊ အာကာသဟင်းလင်းပြင်ကြီးဟာ ဘယ်မှာများ အဆုံးအစရှယ်လို့ ရှိလို့လဲ၊ အရာအားလုံးဟာ အတည်မမြဲခြင်းပြောင်းလဲနေကြပေမဲ့ အာကာသဟင်းလင်းပြင်ကြီးကို ကြည့်လိုက်တဲ့အခါမှာတော့ အရာအားလုံးဟာ ပြောင်းလဲခြင်းမရှိ၊ တည်နေတယ်လို့ မထင်ရပေဘူးလား"

နောင်တော်သိဒ္ဓတ္ထသည် ထိုသို့ ပြောဆိုပြီးနောက် ငြိမ်သက်သွားကာ စဉ်းစားလျက်ရှိပေ၏။

လယ်ကွင်းတို့ ခြောက်ယောင်းနေကာ ကြာကန်မှ အငွေ့တွေ ပျံတက်ထွက်လာသည့်အခါမျိုးတွင် ကြယ်ပွင့်တို့သည် ခါတိုင်းထက် ပို၍တောက်ပဝင်းလက်လာကာ ပို၍ကြီးမားနေသည်ဟု ထင်ရ၏။

လောကတည်းဟူသော စက်ကြီးသည် လည်ပတ်လျက်ရှိသည်ဟု ထင်ရကာ လရောင်သည် မှိုင်းမှုန်သွားသည်ဟု အောက်မေ့ရသည်။

ထို ညချမ်းချိန်မျိုးတွင် ကျုပ်တို့နှစ်ဦးသည် ကြာကန်ဘေးတွင် ထိုင်ရင်း ညှိုးရော်နေသော ကြာရွက်များပေါ်သို့လည်းကောင်း၊ ကျုပ်တို့၏ ကိုယ်ခန္ဓာပေါ်သို့လည်းကောင်း၊ ရေစက်ဖြင့် ရေကန်မှ တက်လာသော မောင်းမရုံရွှေတော်များ၏ ကိုယ်ပေါ်သို့လည်းကောင်း ဖြာကျနေသော ကြယ်ရောင်များကို ငေးကြည့်နေမိ၏။

"ကြည့်စမ်း ညီတော်၊ ကြယ်ရောင်တွေဟာလည်း စီးဆင်းနေကြတယ်၊ ငါတို့ရဲ့ ခန္ဓာကိုယ်တွေကတော့ နေမင်းကြီးနဲ့တူတယ်၊ ရေကန်ထဲက တက်လာတဲ့ ရုံရွှေတော်တို့ရဲ့ ခန္ဓာကိုယ်တွေပေါ်မှာ စီးဆင်းနေကြတယ်၊ သူတို့ရဲ့ ပခုံးတွေပေါ်မှာ၊ ဆံပင်တွေပေါ်မှာ၊ ရင်မြွာတွေပေါ်မှာ၊ သူတို့ရဲ့ လက်မောင်းတွေပေါ်မှာ ကြယ်ရောင်တွေ စီးဆင်းနေကြတယ်"

သို့ရာတွင် မိုးရာသီဝင်လာသည့်အခါ၌ ကျုပ်တို့နှစ်ဦးမှာ အပြင်သို့ ထွက်၍မရတော့။ ဒေဝဒတ်မှာ ဗာရာဏသီသို့ ပြန်သွားခဲ့လေပြီ။

ယသော်ဓရာသည် ကျုပ်တို့ ရွှေနန်းတော်သို့ မကြာမီ ရောက်လာတော့မည်။ နယ်စပ်တစ်လျှောက်တွင် စစ်ပွဲများဖြစ်ပွားနေသည်ဟု ကြားရသဖြင့် ကျုပ်တို့ စိုးရိမ်သည်ထက် စိုးရိမ်လာခဲ့သည်။

ကျုပ်မှတ်မိသည်ကား အခြားအဖြစ်အပျက်များ ရှိသေး၏။

တစ်ခါတွင် ကျုပ်တို့သည် မြို့ပြင်ဘက်ရှိလူသတ်ကုန်းသို့ အသည်းသားအယောင် ရပ်ဖျက်၍ သွားကြလေသည်။ ပြစ်မှုကြီးလေးသည့်အတွက် ရာဇဝတ်သားကောင်ကို ကြိမ်ရိုက်၍ သေစားသေစေရန် အမိန့်ချထားသည်။ ဤသို့သော အဖြစ်အပျက်မှာ ကျုပ်တို့ ကပ္ပိလဝတ်ပြည်တွင် ဖြစ်တောင့်ဖြစ်ခဲသော အဖြစ်ဖြစ်၏။

ကျုပ်တို့သည် ခတ္တိယမျိုးနွယ်ပီပီ စစ်တိုက်သည့် လူမျိုးဖြစ်သည့်တိုင် စစ်ပြုခြင်းအမှုကို စွန့်ပစ်ထားခဲ့သည်မှာ ကြာလေပြီ။ စစ်ရထားမောင်းခြင်းနှင့် လေးမြားအတတ်ကို သင်ကြားခဲ့ရသည့်တိုင် အရေးကိစ္စကြုံလာသည့်အခါတွင်မှအပ အခြားအချိန်များတွင် လက်နက်တို့ကို စွန့်ပစ်ထားခဲ့သည်သာ ဖြစ်၏။

ရာဇဝတ်သားဖြစ်သည့် ကျွန်ကို ကားစင်တွင် ချည်နှောင်ထား၏။ ရာဇဝတ်သားမှာ အသက်သုံးဆယ်အရွယ်မျှသာ ရှိသေးသည်။ ချောမောခန့်ညားသော မျက်နှာပေါ်တွင် ခိုင်ခံ့သော မေးရိုးနှင့်ကားသော ပါးရိုးတို့ရှိ၏။

အာဏာသား သုံးယောက်တို့က မှန်စတို့ စီထားသော သားရေကြာပွတ်ဖြင့် တရွှမ်းရွှမ်းရိုက်၊ အဆက်မပြတ် ရိုက်နေသည့်တိုင် ရာဇဝတ်သားမှာ

တစ်ချက်မျှ ရှုံ့မဲ့ခြင်းမရှိရုံမျှမက ထိုမျှပြင်းပြသော ဝေဒနာကို အရသာခံနေသည့်နှယ်ရှိနေ၏။ ကျုပ်တို့သည် မကြည့်ရက်သဖြင့် မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်မိသည်။ ရာဇဝတ်သားသည် အံကို ကြိတ်လိုက်သေး၏။ သူ၏ ဗလာဖြစ်နေသော သူ့ကိုယ်လုံးပေါ်တွင် သွေးစီးကြောင်းတို့ စီးကျနေပုံမှာ ဖဲကြိုးများသဖွယ် အစင်းစင်းဖြစ်လျက်ရှိနေ၏။

တစ်ခါတစ်ရံတွင် သားရေကြာပွတ်တွင် တပ်ဆင်ထားသော မှန်စတို့သည် မျက်နှာကို သွားရောက်ရိုက်မိကြသဖြင့် သွေးအလိမ်းလိမ်းတို့ဖြင့် ယိုစီးကျလာသည်။ သို့ရာတွင် ရာဇဝတ်သားသည် ကြိတ်မှိတ်ခံကာ မြေပေါ်သို့ လဲကျမသွားအောင် ကိုယ်ကို တောင့်တင်းထားသည်။

ထိုနေ့တစ်မနက်လုံးနှင့် တစ်ညနေလုံးတွင် အာဏာသားများသည် ရာဇဝတ်သားကို သားရေကြာပွတ်ဖြင့် တရစပ် ရိုက်နှက်လျက်ရှိနေ၏။

ရာဇဝတ်သားသည် မိမိကိုယ်ပေါ်သို့ ကျရောက်လာသော ဒဏ်ရာဒဏ်ချက်များကို ကြိတ်မှိတ်ခံရင်း နေလုံးကြီးကို မော့ကြည့်နေသည်။ သူ့တစ်ကိုယ်လုံးမှာ သွေးတို့ဖြင့် ခြင်းခြင်းနီရဲလျက် ရှိနေရုံမျှမက သွေးတို့သည် အောက်မြေကြီးပေါ်တွင် ယိုစိမ့်လျက်ရှိနေ၏။ သွေးစီးကြောင်းတို့အကြားတွင် ဖွေးဖွေးကြီးပေါ်နေသော သူ့အဆီပြင်ကြီးကိုလည်း မြင်နေရသည်။

နောင်တော်သိဒ္ဓတ္ထသည် ရာဇဝတ်သားကို ကြင်နာစွာဖြင့်စိုက်ကြည့်လိုက်သည်။ တစ်ခါတစ်ရံတွင် ပြင်းစွာသော ဒဏ်ချက်ကြောင့် ရာဇဝတ်သား၏ ကိုယ်ခန္ဓာသည် တွန့်လိမ်သွားသည့်အခါ နောင်တော်သိဒ္ဓတ္ထသည် ယောင်၍ မအော်မိစေရန် ပါးစပ်ကိုလက်ဖြင့်အုပ်ထားလိုက်သည်ကိုကျုပ်သတိပြုမိသည်။

နန်းတော်ကြီးသို့ ပြန်လာသည့်အခါတွင် လူသတ်ကုန်းတွင် ကျုပ်တို့နှင့်အတူ လူသတ်ပွဲကို ကြည့်ခဲ့သည့် သမားတော်ထံဝင်၍ လူနာ၏ အကျိုးအကြောင်းကို မေးကြည့်ရာ ရာဇဝတ်သားမှာ ယနေ့မနက်ကပင် သေဆုံးသွားပြီဖြစ်ကြောင်း ကြားခဲ့ရသည်။ ထို့နေ့က ရာဇဝတ်သားသည် ကိုယ်ကို ကြံ့ကြံ့ခိုင်ကာ နေမင်းကိုကြည့်ရင်း အရိုက်ခံခဲ့ခြင်းဖြင့် ဖြစ်သော်လည်း ထိုမျှခံနိုင်ခြင်းမှာ နေမင်း၏ တန်ခိုးကြောင့် မဟုတ်ဘဲ သေကာနီး သွေးရူးသွေးတန်းဖြင့် ပြုမူခြင်းသာ ဖြစ်ကြောင်း ပြောပြလေသည်။

"ဒါဖြင့် သူဒီလောက်ခံနိုင်တာဟာ နေမင်းရဲ့ တန်ခိုးကြောင့် မဟုတ်ဘူးပေါ့။ နေမင်းကို ကိုးကွယ်ခြင်းအားဖြင့် သေခြင်းကိုလည်း မကျော်လွှားနိုင်ဘူးပေါ့"ဟု နောင်တော်က မေးသော်လည်း သမားတော်ကြီးကမူ မည်သို့မျှ မဖြေတော့ဘဲ မျက်နှာတစ်ဖက်သို့သာ လွှဲထားလိုက်လေသည်ကို တွေ့ရသည်။

ထိုညက ကျုပ်တို့သည် ကောင်းစွာ အိပ်မပျော်နိုင်ကြ။

ခြောက်သယောင်းနေသော လူသတ်ကုန်း၊ မည်းနက်နေကြသော ကျီးများ၊ ဖြူဖွေးသော အဆီပြင်ကြီးနှင့် ခြင်းခြင်းနီနေသော သွေးများကိုသာ မြင်ရလေသည်။

ကျုပ်တို့ ညီနောင်နှစ်ဦးသည် နောက်တစ်ကြိမ်တွင် တောသို့ထွက်ခဲ့ပြန်သည်။ သည်တစ်ကြိမ်တွင်မူ ကျုပ်တို့ချည်းမဟုတ်တော့။ အခြွေအရံများဖြင့် ထွက်လာခြင်းဖြစ်၏။ ကျုပ်တို့ စားဖွယ်သောက်ဖွယ်များကို ဆင်ပေါက်စလေးဖြင့် တင်ယူလာခဲ့ကြသည်။

တစ်ခါက ကျုပ်တို့ ရပ်နားခဲ့ရာ ကျောက်ဆောင်အနီးသို့ရောက်သည့်အခါတွင် ရပ်နားကြသေးသည်။ သို့ရာတွင် ကျုပ်တို့ထားပစ်ခဲ့သော ပဝါနီနီနှင့် မြကျောက်တုံးများကိုမူ မတွေ့ရတော့ပေ။ လယ်သမားများ တွေ့သွားပြီဖြစ်ဟန်တူ၏။

နောင်တော်သိဒ္ဓတ္ထ လွှင့်ပစ်ခဲ့သည့် ကျုပ်ဓားမြှောင်ကို လိုက်ရှာသည့်အခါတွင် ချုံနွယ်များကြားတွင် သွားတွေ့ရ၏။ ထိုနေရာသို့ အရောက်တွင် ကျုပ်တို့ မသိသေးသောအချက်တစ်ရပ်ကို ရံရွေတော်တစ်ဦးထံမှ သိရသည်။

ကျားသစ်ဖြူကို တွေ့လာသည့်ညက ဒေဝဒတ်သည် ရွှေနန်းတော်သို့ပြန်ရောက်သည့်အခါတွင် ကျုပ်နှင့်နောင်တော်သိဒ္ဓတ္ထတို့နေသည့် အခန်းဆောင်သို့ ရောက်လာခဲ့သည်ဆို၏။ ထိုစဉ်က သူ့လက်ထဲတွင် ငွေဆူးတွေတပ်ထားသည့် သားရေကြာပွတ်တစ်ချောင်းကို ကိုင်လာကြောင်း၊ ဒေါသအမျက်ခြောင်းခြောင်းထွက်နေကြောင်း၊ ပါးစပ်မှလည်း ကျိန်ဆဲလျက်ရှိနေကြောင်း၊ နောင်တော်သိဒ္ဓတ္ထသည် မိမိအဆောင်မှ တိုက်သိန်းငှက်တစ်ကောင်ကို ခိုးယူသွားခဲ့ကြောင်း၊ သူကိုယ်တိုင်မဟုတ်လျှင်လည်း သူ့အစေတော်တစ်ယောက်ယောက် ခိုးယူခဲ့ကြောင်း၊ ခိုးယူသည်ဟု ဆိုသည့်စကားကို တိုက်ရိုက်မပြောသော်လည်း ပျောက်ဆုံးသွားသည်ဟု ပြောခဲ့ကြောင်း၊ သိန်းငှက်ကို နောင်တော်သိဒ္ဓတ္ထ၏ ခန်းဆောင်တွင်တွေ့မည် ထင်သဖြင့် လာရှာခြင်းဖြစ်ကြောင်း၊ ဒေဝဒတ်သည် သိန်းငှက်များအကြောင်းကို အတန်ကြာမျှပြောဆိုနေကြောင်း၊ ထိုသို့ ပြောနေခြင်းမှာ ကချေသည်များက သူ့ကိုစိတ်ဝင်စားအောင်ပြောနေခြင်းသာဖြစ်ကြောင်း ကျုပ်တို့ကို ပြောပြ၏။

နောင်တော်သိဒ္ဓတ္ထမင်းသားသည် သိန်းတိုက်ခြင်းကို ဝါသနာပါခြင်းမရှိကြောင်းကို လူတိုင်းအသိပင်ဖြစ်၏။

ထို့နောက် ဒေါသအမျက်ခြောင်းခြောင်းထွက်နေလျက် ပြန်သွားကာ ဥယျာဉ်ထဲတွင် ကချေသည်များနှင့် ပျော်ပါးလျက်ရှိကြောင်းဖြင့် ပြောဆိုခြင်း

ပြုလေသည်။ ဒေဝဒတ်သည် နန်းတော်သို့ ပြန်လာသည်ဆိုလျှင် တောထဲတွင် အဘယ်ကြောင့် ကျားသစ်ဖြူကို တွေ့ရသနည်း။ မှောင်စပျိုးချိန်တွင် အဘယ်ကြောင့် သူ့ရယ်သံကြီးကို ကြားရသနည်း။

နောင်တော်သိဒ္ဓတ္ထက ကျုပ်တို့တစ်ခါက ထိုင်နေခဲ့ရာ ကျောက်ဆောင်နီကြီးခြေရင်းတွင် တင်ပျဉ်ခွေထိုင်ရင်း

"ဘယ်အချိန်လောက်မှာ သူနန်းတော်ကြီးကို ပြန်လာသလဲ"

နေမဝင်မီ နှစ်ဂါတိက အလိုလောက်တွင် ပြန်လာသည်ဖြစ်မည် ထင်ကြောင်းပြော၏။

"သိမ်းငှက်ပျောက်လို့ လိုက်ရှာတယ်ဆိုတာရော သေချာရဲ့လား၊ ကျားသစ်ဖြူလို့များ မပြောဘူးလား"

"သိမ်းငှက်အရှင်ပျောက်တယ်လို့ ပြောတာ သေချာပါတယ် အရှင်"

နောင်တော်သိဒ္ဓတ္ထသည် ကျုပ်ဘက်သို့ လှည့်လိုက်လျက်

"ဘယ်လိုလဲ ထူးဆန်းပါလား ညီတော်၊ ကချေသည်ရဲ့ စကားကိုသာ မကြားရရင် ငါဒီလောက် စိတ်ပူမယ် မဟုတ်ဘူး၊ ခုတော့ သိမ်းငှက်ပျောက်နေတယ်တဲ့"

တောထဲတွင် ပူလောင်အိုက်စပ်လျက်ရှိနေသဖြင့် ရံရွေတော်များက ရေကြည်တော်ဆက်ကြ၏။

နောင်တော်သိဒ္ဓတ္ထသည် တစ်နေရာကို စူးစိုက်ကြည့်ရင်း ဒေဝဒတ်နှင့် ရန်စကို ပြန်၍ တွေးနေဟန်တူသည်။ တောထဲသို့ ရုတ်တရက်ရောက်လာသော ကျားသစ်ဖြူ၊ တောအုပ်ထဲမှ ကြောက်ဖွယ်ရယ်သံကြီး၊ သူတို့ဆီမှ ပျံဝဲလာသည့် ဓားမြှောင်တစ်ချောင်း၊ ကျားသစ်ဖြူ၏ လည်မျိုမှ ယိုစီးခဲ့သည့် မြက်ခင်းထဲမှ သံချေးနီရောင်သွေးကွက်များ။

နောင်တော်သိဒ္ဓတ္ထသည် အတန်ကြာမျှ ကျောက်ဆောင်နီရှေ့တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေပြီးနောက် တောထဲသို့ ပြန်ဝင်သွားသည်။ ခဏကြာမျှ ပြန်ထွက်လာသည့်အခါတွင် သူ့ကိုယ်တွင် သစ်ရွက်တို့ကပ်လျက်ရှိသည်ကို တွေ့ရသည်။

"ကျားသစ်ဖြူဆိုတာ တော်တော်ဖြူသလား ညီတော်၊ နှင်းပွင့်တွေလိုပဲ ဖြူသလား"

ကျုပ်က ခေါင်းညိတ်ပြလိုက်၏။ နောင်တော်သိဒ္ဓတ္ထသည် ပူလောင်လှသဖြင့် မျက်နှာကို ရေဖြင့် ဆွတ်လိုက်ပြီး

"ဖြူမှာပေါ့ ညီတော်၊ သူ့ကိုလျှောင်အိမ်ထဲမှာလှောင်ထားတာကိုး၊

ဒါပေမဲ့ ဒီလှောင်အိမ်ကို ဘယ်သူကများ ဖွင့်လိုက်သလဲ မသိဘူး”

“ဒေဝဒတ်ပဲ ဖြစ်မှာပေါ့”

“မဟုတ်ဘူး ညီတော်၊ ငါပြောတာက သိမ်းငှက်ကို ပြောနေတာ၊ အေးလေခုတော့ ရှင်းသွားပါပြီ”

“ဘယ်လိုရှင်းသွားတာလဲ နောင်တော်”

“ဒေဝဒတ်ဟာ ကောက်ကျစ်တယ်၊ စဉ်းလဲတယ် ညီတော်၊ သူ ဒီကို အစောကြီးရောက်နှင့်နေပုံရတယ်၊ ကျားသစ်ဖြူကိုလည်း သူယူလာတာပဲဖြစ်ရမယ်၊ ဒါမှမဟုတ်ရင်လည်း စောစောကတည်းက ကျားသစ်ဖြူကို ဒီနေရာမှာ လာထားခဲ့ပုံရတယ်၊ အစာရေစာမကျွေးဘဲ အငတ်ထားပြီး ငါ့အဝတ်အစားတွေကိုပေးထားတော့ ဒီအဝတ်တွေကို ကိုက်ဖြဲနေလိမ့်မယ် ထင်ရတယ်၊ ဒီတော့ ကျားသစ်ဖြူဟာ ငါ့အနံ့ကို သိနေတာပေါ့၊ ဒီတုန်းမှာ သိမ်းငှက်ကို လွှတ်လိုက်တယ်၊ သိမ်းငှက်ဟာ သူ့လှောင်အိမ်ကို ဖွင့်ပေးပါလိမ့်မယ်၊ ဒေဝဒတ်နဲ့ သူ့အပေါင်းအသင်းများက ငါ့ကို မကောင်းကြံဖို့အတွက် သေသေချာချာပြင်ဆင် ထားခဲ့ကြလိမ့်မယ်၊ ဒါပေမဲ့ သူတို့မေ့နေတဲ့ အရာတွေရှိနေတယ်၊ ငါတို့မှာ လက်နက်တွေ ပါလာနိုင်တယ်ဆိုတာ သူတို့မေ့နေကြတယ်၊ နန်းတော်ကို ပြန်လို့ ကျားသစ်ဖြူကို ခေါ်လာတဲ့အခါမှာ ဘယ်လောက်ယဉ်ပါးနေတဲ့ တိရစ္ဆာန်လည်းဆိုတာ ညီတော်မြင်တယ် မဟုတ်လား”

မှောင်ရီရီတွင် ကျုပ်တို့နှစ်ဦးသည် ရွှေနန်းတော်သို့ ပြန်လာခဲ့သည်ကို ကျုပ်သတိရနေသည်။

ထိုစဉ်က ကျုပ်တို့သည် ကျားသစ်ဖြူကို လက်ကောက်ဝတ်ခန့်ရှိသော မြက်ကြိုးများဖြင့် ချည်၍ ပြန်လာခဲ့ကြသည်။ သို့ရာတွင် သိမ်းငှက်ကိစ္စကိုမူ ကျုပ်နားမလည်။ ကျားသစ်ဖြူကို လှောင်အိမ်မှ ဖွင့်လုစ်လိုက်သည့် ကိစ္စကိုလည်း ကျုပ်နားမလည်။ ကျုပ်တို့အား မည်သူက မည်သည့်အကြောင်းကြောင့် သေကြောင်းကြံနေသည်ကို ဆိုသည်ကိုလည်း ကျုပ်နားမလည်။ နောင်တော်သည် ကျုပ်ကို လက်ဖြင့် ဆွဲခေါ်ကာ တောထဲသို့ ခေါ်သွား၏။

တောထဲသို့ ရောက်သည့်အခါ ကျားသစ်လှောင်အိမ်ကို တွေ့ရ၏။ တံခါးမှာ အရှင်လုပ်ထားပြီး ငှက်ကြီးကြီးတစ်ကောင် အပေါ်တွင် နားလိုက်ရုံမျှဖြင့်ပင် တံခါးပွင့်သွားအောင် လုပ်ထားခြင်းဖြစ်သည်။

“ဒီလိုဆိုရင် ကျားသစ်ဖြူ ဟိန်းနေတာကို ညီတော်တို့ ကြားနိုင်တာပဲ၊ ဒါပေမဲ့ ညီတော်တို့ မကြားခဲ့ဘူး၊ ပြီးတော့ ရယ်သံကရော

ဘယ်ကပေါ်လာတာလဲ၊ မဖြစ်နိုင်ဘူးထင်တယ် နောင်တော်၊ လှောင်အိမ်က ကြိမ်နဲ့ရက်ထားတဲ့ လှောင်အိမ်ကလေးပဲ၊ ကျားသစ်ကြီးတစ်ကောင် ရုန်းထွက်လိုက်ရင် အသာကလေးပျက်သွားမှာပေါ့"

ကျုပ်က လှောင်အိမ်တွင်ရက်ထားသည့် ကြိမ်စလေးများကို ကိုင်ကြည့်ရင်း ပြောသည်။ သေချာစွာကြည့်သည့်အခါတွင် လှောင်အိမ်အဆုံးတွင် ကြိမ်တစ်ချောင်းရှိနေပြီး ကြိုးအဖျားတွင် ကြက်တူရွေးတစ်ကောင် ဆွဲထားသည်ကို တွေ့ရသည်။ ကြက်တူရွေးဟုပင် ကျုပ်စိတ်ထဲတွင် ထင်မိသည်။ ကြက်တူရွေးအသေကောင်မှာ နီရဲသည့် နှုတ်သီးနှင့် ခေါင်းခွံတို့သာလျှင် ကျန်တော့သည်။ ကျန်အသားများကိုမူ တောပုရွက်တို့က စားသောက်သွားခဲ့ကြလေပြီ။

ကျုပ်တို့သည် ရုံရွှေတော်များရှိရာသို့ ပြန်လာခဲ့ကြသည်။

သိမ်းငှက်အကြောင်းကို ကျုပ်မပြောချင်တော့။ ဒေဝဒတ်သည် ကျုပ်တို့ကို အဘယ်ကြောင့် အကောက်ကြံရသနည်း။ အဘယ်ကြောင့် ကျနစွာ စီစဉ်ထားခဲ့၍ သေကြောင်းကြံရသနည်း။ ဤသည်ကို ကျုပ်မယုံနိုင်အောင် ဖြစ်ခဲ့ရသည်။ နန်းတော်သို့ ကျုပ်တို့ ပြန်ရောက်လာသည့်အခါတွင် ကျုပ်တို့အား အတွေ့မခံရဲ။ အဘယ့်ကြောင့် ရှောင်နေကြောင်းကို ယခုမှပင် ကျုပ်သဘောပေါက်မိတော့သည်။

ဒေဝဒတ်သည် ကျုပ်တို့ ဉယျာဉ်ထဲသို့ ကျလာသော ဟင်္သာကိစ္စကြောင့် ကျုပ်တို့အပေါ်တွင် ဤမျှအငြိုးကြီးနေခြင်းဖြစ်သလော။ ကျုပ်သည် ထိုအဖြစ်ကို တွေးလိုက်မိရင်း တစ်ကိုယ်လုံး တုန်သွားလေသည်။

ကျုပ်တို့သည် တောထဲသို့ လာခဲ့ကြသည်။ မြို့ရိုးပျက်ကြီးနားရောက်သည့်အခါတွင် ကျောက်မျက်ရတနာတို့ထည့်ထားသော မြေအိုးများကို တွေ့ရသည်။

အစေတော်များတွင် တူရွင်းများ ပါလာသည့်အတွက် နောင်တော် သိဒ္ဓတ္ထက ထိုနေရာတစ်ဝိုက်သို့ အတူးခိုင်းကြည့်ကြသည်။ သို့ရာတွင် နောက်ထပ်ဘာမှ မတွေ့တော့။ ရှေးတုန်းက ကျန်ခဲ့ဟန်ရှိသည့် အရိုးပုတီးတစ်ကုံးကို သာလျှင် တွေ့ရတော့သည်။

ထိုစဉ် မိုးကြီးရွာချလိုက်၏။ မှောင်မည်းနေသော ကောင်းကင်မှ ရုတ်တရက်ရွာချလိုက်သော မိုးဖြစ်လေသည်။ မိုးရေကြောင့် မြေကြီးမှ အငွေ့တွေ ပျံတက်လာရာ ကျုပ်တို့နေရာလေးတစ်ဝိုက်သည် စိမ့်တောကြီးတစ်တောနှင့် တူနေသည်။

ထိုအထဲတွင် မုန်တိုင်းကလည်း မဆင်ဘဲနှင့် တိုက်ခတ်လာပြန်သည်။ ကုက္ကိုပင်ကြီးများသည် မြေအိုးပေါ်တွင် ဆူးခက်ထည့်၍ ခြစ်သည့်နှယ်

တဂျစ်ဂျစ်မြည်လျက်ရှိကြပြီး နွယ်ငန်းကြီးများကလည်း မြေကြီးပေါ်သို့ ကျလာကြသည်။

နီရဲသော မြေပြင်ပေါ်တွင် မိုးရေများသည် သွေးကဲ့သို့ နီနေ၏။ တိမ်တိုက်များသည် တဖြည်းဖြည်းပြိုဆင်းလာခဲ့ရာ နောက်ဆုံး၌ သစ်ပင်ထိပ်ဖျားပေါ်တွင် ဝဲနေသည်ဟု မှတ်ထင်ရလေသည်။

တောတိရစ္ဆာန်များသည်ပင်လျှင် မိုးသံကို ကြောက်လန့်လျက်ရှိကာ မိုးရေထဲတွင် ဟိန်းဟောက်သံများကို ကြားနေရသည်။

ကန်များထဲတွင် ရေတွေ ပြည့်လျှံကုန်ကြပြီ။

သန်းပေါင်းများစွာသော ဖန်ကျည်တောက်တို့ ပေါက်ကွဲသကဲ့သို့ ရှိသော လျှပ်စစ်ရောင်၊ ဂျိုးဂျိုးဂျိမ့်ဂျိမ့် မိုးကြိုးသံတို့ကြောင့် မောင်းမခြွေရံတို့သည်လည်း လန့်ဖျပ်ကာ ဟိုမှသည်မှ ပြေးလွှားကြကုန်၏။

အချို့သည် နွယ်ငန်းကြီးများနှင့် ငြိကာ လဲကျသွားကြသည်။ အချို့သည် ကြီးစွာထိတ်လန့်ခြင်းဖြစ်လျက် ရွှံ့ဗွက်ကြီးများထဲတွင် ငုတ်တုတ်ထိုင်လျက်နေကြသည်။

မိုးပေါက်များသည် သံခဲများသဖွယ် ကျုပ်တို့ ကိုယ်ပေါ်သို့ ကျရောက်လာကြ၏။ ဆင်ပေါက်ကလေးမှာ နှာမောင်းကို မြှောက်ကာ အလန့်တကြားဖြင့် ကျည်ကျည်အော်မြည်လျက်ရှိ၏။

ရံရွေတော်များသည် ကျုပ်တို့ထံ ပြေးလာကာ သူတို့ကို အကာအကွယ်ပေးရန် နောင်တော်သိဒ္ဓတ္ထကို တောင်းပန်ကြသည်။ သို့တိုင်အောင် မိုးမှာ သဲသဲမဲမဲ ရွာမြဲရွာလျက်။ အငွေ့များက တောတစ်ခုလုံးကို ဖုံးအုပ်လျက်ရှိပြီး ကန်ပေါက်သဖြင့် ရေများသည် တဝေါဝေါအော်မြည်စီးကျလာကြသည်။

ဤအချိန်တွင် ဘာကိုမျှ ဆုတောင်း၍ ရမည်မထင်။ မိုးနတ်ဣန္ဒာသည် ဒေါသအမျက်ခြောင်းခြောင်းထွက်လျက်ရှိစဉ် မည်သည့်ဆုတောင်းပတ္ထနာသံကိုမျှ ကြားဟန်မတူတော့။ ကျုပ်တို့သည် နောက်ထပ်သုံးရက်ခန့်ရာသီဥတုကြည်လင်မည်ဟု ဟောလိုက်သော ရွှေနန်းတော်ကြီးမှ ဟူးရားတို့ကို ကျိန်ဆဲကာ မိုးကြီးလေကြီးထဲတွင် လာလမ်းအတိုင်း စမ်းတဝါးဝါးဖြင့် ပြန်လာခဲ့ကြသည်။

ကျုပ်သည် ကြောက်ဖွယ်အိမ်ပြန်ခရီးကို လာရင်း ပိုးပုရွက်တို့ကိုက်သဖြင့် အရိုးစုချည်းသာ ကျန်တော့သော ခန္ဓာကိုယ်နှင့် နီရဲသော နှုတ်သီးရှိသည့် ကြက်တူရွေးငယ်ကိုလည်းကောင်း၊ ကျိုးပဲ့ပျက်စီးလျက်ရှိသော ကြိမ်လှောင်အိမ်ငယ်ကိုလည်းကောင်း၊ ကျုပ်တို့မမြင်လိုက် မကြားလိုက်ရသော သိမ်းငှက်ကိုလည်းကောင်း သတိရနေမိသည်။

တော်သလင်းလကုန်သည်အထိ မိုးရွာလျက်ရှိ၏။

တိမ်တိုက်များသည် ကြောက်ဖွယ် မြည်ဟည်းလျက်ရှိရာ တစ်ခါတစ်ရံတွင် ဟိမဝန္တာတောင်တန်းကြီး ပြိုသကဲ့သို့သော မြည်ဟည်းသံကြီးကို ကြားရတတ်သည်။

ကျုပ်သည် ရွှေနန်းတော်ကြီး ပြတင်းဝတွင် ရပ်ရင်း မိုးနက်ကြီးအောက်တွင် ဖုံးကွယ်နေသော ကြာကန်ကိုလည်းကောင်း၊ ကောင်းကင်မှ ကျလာသော ဝတ်ရုံဖြူဖြူများအောက်တွင် ဖုံးကွယ်နေသည့် သရက်ဥယျာဉ်ကိုလည်းကောင်း လှမ်းမျှော်ကြည့်နေတတ်၏။ သို့ရာတွင် တစ်ခါတစ်ရံတွင်မူ မိုးရွာပြီးသည်နှင့် နေရောင်တို့ ဝင်းလက်ဝင်းပြက်လာတတ်လေရာ ထိုအခါများတွင် ရွှေနန်းတော်ကြီးသည် နေရောင်ထဲတွင် မိုးရေတို့ဖြင့် စိုရွှဲကာ တင့်တယ်သော အသရေကို ဆောင်လျက်ရှိ၏။

သပြေပင်၊ ဩဇာပင်၊ သလဲပင်၊ ရှောက်ပင်တို့တွင်လည်း အပွင့်တွေဝေဆာကြလေပြီ။ ကြာကန်တို့တွင်လည်း ရေဖြင့် ပြည့်နေလေပြီ။

ထိုအချိန်သည် အပြည်ပြည်မှ သံတမန်တို့ ရောက်ရှိလာချိန်ဖြစ်၏။

နိုင်ငံတော်စာရင်းအင်းများ စစ်ဆေးချိန်ဖြစ်၏။ ဆင်များယဉ်ပါးအောင် သွန်သင်ချိန်ဖြစ်၏။ နောင်တော်သိဒ္ဓတ္ထမှာ အသက်တစ်ဆယ့်ကိုးနှစ်ရှိလေပြီ။ ထိုကြောင့် အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်ရ၏။ နောင်တော်သည် မနက်လင်းလျှင် ညီလာခံဝင်ရခြင်း၊ စည်းဝေးတိုင်ပင်ရခြင်းတို့ လုပ်ရသည်ကို ငြီးငွေ့နေဟန်ရှိသည်။

ယခုအချိန်တွင် ငယ်ငယ်ကကဲ့သို့ ဝတ်ရုံတို့ကို ဝတ်ဆင်ခြင်းမပြုတော့ဘဲ၊ မှူးကြီးမတ်ရာတို့၏ အဆောင်အယောင်ဖြစ်သော ရွှေဇာနားသပ်ဝတ်ရုံနီတို့ကို ဝတ်ဆင်ရပြီး ပုလဲစီအင်္ကျီတို့ကို ဝတ်ဆင်ရသည်။ နောင်တော်သည် သဟာယမဟာမိတ်နိုင်ငံများမှ သံတမန်များကို လက်ခံတွေ့ဆုံရခြင်း၊ လွှတ်တော်တက်ရခြင်း၊ ညီလာခံဝင်ရခြင်း၊ တိုင်းရေးပြည်ရေး ကိစ္စရပ်များကို စီမံခန့်ခွဲရခြင်းတို့ကို ငြီးငွေ့သည့်တိုင် သူ့မျက်နှာတွင် ငြီးငွေ့သည့် အရိပ်အယောင်များကို မမြင်ရ။ ပကတိ တည်ငြိမ်သောအမူအရာကိုသာ မြင်ရသည်။

ဝါခေါင်လကုန်လောက်တွင် ဒေဝဒတ်သည် ဗာရာဏသီမှ ကျုပ်တို့နေရာ ကပိလဝတ်ပြည်သို့ ရောက်ရှိလာခဲ့ရာတွင် နောင်တော်သိဒ္ဓတ္ထအား စုလျားရစ်ပတ်လက်ထပ်ပေးတော့မည်ဟူသော ကောလာဟလများကို ပို၍ ကျယ်လောင်စွာ ကြားလာရသည်။

ထိုစဉ်က ယသော်ဓရာသည် ကျုပ်တို့ရွှေမြို့တော်တွင် သူ့ခမည်းတော်နှင့်အတူ လာရောက်နေထိုင်လျက်ရှိ၏။

နန်းတွင်းပန်းချီကျော်တို့ ရေးဆွဲထားသော ယသော်ဓရာ၏ ပုံတူပန်းချီတစ်ခု နောင်တော်ထံတွင်ရှိရာ တစ်ခါတစ်ရံ ကျုပ်ရောက်သွားသည့်အခါတွင် နောင်တော်သည် ထိုပုံတူကို ကြည့်နေသည်ကို တွေ့ရ၏။ ယသော်ဓရာမှာ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အသားအရေရှိပြီး လှပချောမောသည့် သတို့သမီးတစ်ယောက်ဖြစ်သည်ကို တွေ့ရသည်။ ယသော်ဓရာ၏ မျက်နှာသည် ပကတိအပြစ်ကင်း သန့်စင်လျက် ကြည်လင်သော အမူအရာတို့ရှိ၏။

"နောင်တော်ဟာ ယသော်ဓရာကို တကယ်ပဲ မြတ်နိုးသလား၊ ဒါမှမဟုတ် မင်းပျိုမင်းလွင်တို့ထုံးစံ အရွယ်ရောက်လို့ ကြင်ရာတစ်ယောက်ကို ကောက်ယူလိုက်တာမျိုးလား"

ကျုပ်က မေးလိုက်သည့်အခါတွင် နောင်တော်သိဒ္ဓတ္ထသည် ခေါင်းကိုမော့၍ ပြုံးလိုက်သည်။ ထိုပြုံးပုံကို ကျုပ်ဘယ်တော့မှ မေ့နိုင်တော့မည် မထင်။

"မြတ်နိုးလို့ လက်ထပ်တာပဲ ဖြစ်ဖြစ်၊ လက်ထပ်ချင်လို့ လက်ထပ်တာပဲဖြစ်ဖြစ်၊ ထုံးတမ်းစဉ်လာမို့လို့ လက်ထပ်တာပဲဖြစ်ဖြစ် ဒါတွေအားလုံးဟာ နေရောင်ခြည်အောက်မှာ ခဏလက်လိုက်တဲ့ ရေပွက်ကလေးတစ်ပွက်လောက်ပဲ ရှိပါတယ် ညီတော်"

ကျုပ်က မည်သို့မှ မပြောတော့သည့်အခါ၌ နောင်တော်သိဒ္ဓတ္ထသည် နိုင်ငံတော်မှတ်တမ်းကို ဖတ်နေလေသည်။

တစ်ညချမ်း၌ ဒေဝဒတ်သည် ကျုပ်တို့ ခန်းမဆောင်သို့ ရုတ်တရက် ပေါက်ချလာသည်။ သူနှင့်အတူ သုန္ဒရနန္ဒလည်း လိုက်ပါလာ၏။ ကျုပ်တို့သည် သုန္ဒရနန္ဒကို စိတ်ဝင်စားနေ၏။

သုန္ဒရနန္ဒသည် တစ်ခါက မင်းညီမင်းသားတစ်ပါးဖြစ်ခဲ့သော်လည်း နန်းတော်မှ ထွက်ပြေးကာ နပန်းသမားအဖြစ် တိုင်းပြည်တစ်ဝန်းတွင် လှည့်လည်သွားဖူးသောကြောင့်ဖြစ်၏။ သူ့အားအပြစ်ပေးသည့်အနေဖြင့် အဆောင်အယောင်နှင့်ဘွဲ့မည်များအားလုံးကို ရုပ်သိမ်းကာ ဗာရာဏသီအနီးရှိ ပါချမည်သော ရွာကလေးသို့ ပို့ထားခဲ့ပြီး ကန္တရမည်သော ဆာဒူးကြီးတစ်ပါးထံတွင် ပညာသင်စေခဲ့သည်။

သုန္ဒရနန္ဒမှာ အရပ်ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းသည့်တိုင် အနည်းငယ်ဝသည်ဟု ထင်ရသည်။ သူ့တစ်ကိုယ်လုံးသည် အမွေးအမျှင်တွေ ဖုံးအုပ်လျက်ရှိရာ သုန္ဒရနန္ဒသည် ထိုအချက်ကိုလည်း များစွာ ဂုဏ်ယူလျက်ရှိဟန်တူသည်။ ကိုယ်လုံးကိုယ်ပေါက် ကြမ်းတမ်းခက်ထရော်ရှိသည့်တိုင်အောင် တောင်ပိုင်းဗြဟ္မဏတို့၏ စံချိန်ဖြင့်ကြည့်လျှင် အတော်အတန်ပညာတတ်သည့် လူငယ်တစ်ဦးဖြစ်သည်ဟု ဆိုရမည်ဖြစ်၏။

နောင်တော်သိဒ္ဓတ္ထမှာ ကပိလဝတ်ပြည်၏ အပြင်သို့ မရောက်ဖူးသော်လည်း ဗာရာဏသီပြည်အကြောင်း၊ တောင်ပိုင်းသားတို့၏ ထုံးဓလေ့များအကြောင်း မေးမြန်းသည့်အခါတွင် သုန္ဒရနန္ဒသည် လေးစားစွာဖြေဆိုခြင်းပြု၏။ အမှန်အားဖြင့် ကျုပ်နှင့်တကွ ဒေဝဒတ်၊ သုန္ဒရနန္ဒတို့သည် နောင်တော်သိဒ္ဓတ္ထထက် အဆင့်အားဖြင့်လည်းကောင်း၊ မျိုးရိုးအားဖြင့်လည်းကောင်း၊ နိမ့်ကျသူများဖြစ်သည့်အတွက် ကျုပ်တို့အားလုံးကပင် နောင်တော်ကို ရိုသေစွာဆက်ဆံကြရသည်။

ပထမတွင် နောင်တော်သိဒ္ဓတ္ထက သလွန်ပေါ်တွင် လဲလျောင်းလျက်ရှိသည့်အတွက် သုန္ဒရနန္ဒသည် ထိုင်ခြင်းမပြုဘဲ မတ်တတ်ရပ်နေသည်။ နောင်တော်က ယဉ်ကျေးသမှုအနေဖြင့် သလွန်မှထသည့်အခါတွင် သုန္ဒရနန္ဒသည် ထိုင်၍ ခစားခြင်းပြုသည်ကို ကျုပ်သတိထားမိသည်။

ကျုပ်တို့ဆီသို့ သုန္ဒရနန္ဒ ပထမဆုံးရောက်လာပုံကို ကျုပ်မျက်စိထဲတွင် ယခုတိုင် မြင်ယောင်လာ၏။ ထိုစဉ်က သုန္ဒရနန္ဒသည် ရွှံ့ပေသော အဝတ်အစားတို့ဖြင့် ခရီးရောက်မဆိုက် ကျုပ်တို့ထံသို့ အခစားဝင်လာခြင်းဖြစ်သည်။ နောင်တော်ကလည်း အထူးအခွင့်အရေးပေးသည့်အနေဖြင့် သူ့အားထိုအဝတ်အစားများဖြင့်ပင် ခစားခွင့်ပြုလိုက်သည်။

ကျုပ်တို့တစ်တွေ စကားပြောဆိုနေကြစဉ် နောင်တော်သိဒ္ဓတ္ထက ဝတ်ကောင်းစားလှတို့ကို လဲလှယ်ဝတ်ဆင်ရန် ပြော၏။ နောင်တော်သိဒ္ဓတ္ထကိုယ်တိုင်မှာလည်း ထိုအချိန်က မှုးကြီးမတ်ရာဝတ်စုံတို့ကို ချွတ်ကာ ခါတိုင်းဝတ်နေကျ ပိုးဝတ်ရုံနှင့် ပုလဲတို့ကို ဝတ်ဆင်ထားသည်။

"မှန်ပါ အရှင်ခွင့်ပြုမည်ဆိုလျှင်"

သုန္ဒရနန္ဒသည် စကားထစ်နေသည်။ ထိုစဉ် အစေတော်တစ်ယောက်ရောက်လာပြီး သူ့အတွက် ပိုးဝတ်စုံတစ်ထည်၊ ဝက်ဝံရေကွပ်ထားသည့် ရွှေခြေနင်းတစ်စုံနှင့် ပခုံးပေါ်တွင် လွှားတင်ရန်အတွက် ပိုးမွေးခြုံထည်တစ်ထည်ကို ယူလာသည်။ အခြားအစေတော်တစ်ယောက်ကလည်း နံ့သာမွှေးသပ်ထားသည့် ရေဇလုံနှစ်လုံးသုံးလုံးနှင့် ရောင်စုံမျက်နှာသုတ်ပဝါ နှစ်ထည်သုံးထည်တို့ကို ယူလာ၏။

သုန္ဒရနန္ဒသည် ထိုပစ္စည်းများကို အတန်ကြာမျှ ငေးကြည့်နေသည်။ ထိုပစ္စည်းများနှင့် ထိတွေ့ခြင်းမပြုသည်မှာ ကြာခဲ့လေပြီ။ သုန္ဒရနန္ဒသည် ရွှေနန်းတော်သုံးစကားများကိုလည်း ကောင်းစွာ မှတ်မိခြင်းမရှိတော့ဘဲ မနည်းစဉ်းစားပြောနေရ၏။

ဒေဝဒတ်သည် သုန္ဒရနန္ဒအား ဆက်ဆံသည့်အခါတွင် အပေါ်စီးယူ

၍ ဆက်ဆံသော်လည်း နောင်တော်သိဒ္ဓတ္ထကမူ သူ့ကိုအရိုအသေပေးခြင်း မဟုတ်သည့်တိုင် ယဉ်ကျေးစွာ ဆက်ဆံခြင်းပြုသည်ကို တွေ့ရသည်။ သုန္ဒရနန္ဒသည် သူ့တွင်ခြံလာသည့် ညစ်ပတ်သော သားရေဝတ်ရုံကို ချွတ်လိုက်ပြီးနောက် ရေမွှေးသပ်ထားသည့် အင်းထဲတွင် ဆင်း၍ ရေချိုးသည်။

ထို့နောက် နောင်တော်က သူ့ကို စားကောင်းသောက်ဖွယ်များဖြင့် ကျွေးမွေး၏။ သုန္ဒရနန္ဒသည် ခရီးပန်းလာသည့်အတွက် များစွာဆာလောင်နေသည့်တိုင်အောင် ဆာလောင်ခြင်းမရှိလေဟန်ဆောင်လျက် အစားအသောက်များကို တို့ကာပင့်ကာသာစားသည်။ သို့ရာတွင် သူ့မျက်လုံးများက စားကောင်းသောက်ဖွယ်တို့ထည့်ထားသည့် ပန်းကန်ပြားကြီးဆီသာ ရောက်နေ၏။ သူ့မျက်လုံးများသည် ထောပတ်ဆီများ၏ အရောင်ထဲတွင် ရွှေရောင်တောက်ပနေသည်ဟု ထင်ရ၏။

နောင်တော်သိဒ္ဓတ္ထက သူ့နပန်းသမားတို့ ဘဝအကြောင်း မေးမြန်းသည့်အခါ၌ သုန္ဒရနန္ဒသည် ထိုအကြောင်းကို များစွာ ဖြေချင်ဟန်မတူ။ သုန္ဒရနန္ဒသည် သူ့ဘဝအကြောင်းကို ပြောလျှင် ထိုအကြောင်းကို ချန်လှပ်ထားလိုဟန်ရှိနေသည်ဟု အောက်မေ့မိ၏။

နပန်းသမားများသည် အများအားဖြင့် မီးကို စားကြသူများဖြစ်ကြကြောင်း၊ နပန်းသတ်သည့်အခါတွင် သူတို့ကိုယ်တွင် ဆီများရွှဲနေအောင် လူးထားတတ်ကြကြောင်း၊ မိမိသည် တစ်ခါက နပန်းသတ်ရင်း နပန်းသမားတစ်ယောက်၏ လည်ကို လိမ်ချိုးလိုက်မိသဖြင့် နောင်တကြီးစွာ ဖြစ်ခဲ့ရကြောင်း၊ ထို့နောက်မှ စ၍ နပန်းသတ်ခြင်းအလုပ်ကို စွန့်လွှတ်လိုက်ကြောင်း၊ အပျော်သဘောမျိုးဖြင့် နပန်းသတ်ခြင်းသာရှိတော့ကြောင်းဖြင့် ပြောပြသည်။

"သင်ရော မီးကို စားပြနိုင်သလား"

နောင်တော်က မေးသည်။

"စား စားပြနိုင်ပါတယ် အရှင်၊ အရှင်ကြည့်ချင်လို့လား"

"ကြည့်ရရင်တော့ ကောင်းမှာပဲ သုန္ဒရနန္ဒ"

"အမှန်ကတော့ လိမ်လည်လှည့်ဖြားတဲ့ အတတ်ပညာတစ်ရပ်ဖြစ်ပါတယ် အရှင်၊ ပါးစပ်ထဲကို ရွှံ့တွေငုံထားပြီးမှ စားပြတာပဲ၊ မီးဟာ ဘယ့်နှယ်လုပ် လောင်နိုင်ပါတော့မလဲ"

သုန္ဒရနန္ဒသည် ထိုအတတ်ပညာကို ပြချင်ဟန်မတူ။ တဖျစ်ဖျစ်တောက်လောင်နေသော ထောပတ်ဆီမီးခွက်များကို ငေးကြည့်နေသည်။ သုန္ဒရနန္ဒ စကားထစ်နေခြင်းမှာ မီးစားပြသည့်အတွက် ထိုဒဏ်ရာများကြောင့် ဆွံ့အနေခြင်းဖြစ်သည်ဟု ကျုပ်ထင်လိုက်မိသည်။

နောင်တော်သိဒ္ဓတ္ထကမူ စားပြရန် တိုက်တွန်းနေသည်။

နောင်တော်က သူ့တစ်သက်တွင် မီးကိုစားနိုင်သောသူဖြစ်လိုကြောင်းဖြင့် ဟန်ဆောင်၍ ပြောသည်ကို ကျုပ်သိလိုက်၏။ သုန္ဒရနန္ဒမှာ မငြင်းသာတော့ဘဲ အစေတော်တစ်ယောက်ကို ခေါ်ယူကာ ဥယျာဉ်ထဲမှ ရွှံ့စေးခဲတစ်ခဲကို အယူခိုင်းလိုက်ပြီးနောက် ထောင့်တစ်ထောင့်သို့ သွားကာ ဂါထာမန္တရားများကို ရွတ်နေသည်။ ထို့နောက် မီးတုတ်တစ်ခုဖြင့် မီးညှိခိုင်းလိုက်သည်။ အားလုံးပြင်ဆင်ပြီးသည့်အခါတွင် သုန္ဒရနန္ဒသည် ကြမ်းပြင်ပေါ်တွင် ပက်လက်လှန်အိပ်လိုက်ပြီး မီးတုတ်များကို သူ့မျက်နှာပေါ်သို့ ငုံ့ယမ်းလိုက်သည်။ ပါးစပ်မှလည်း တောင်ပိုင်းသားတို့အသံမျိုးဖြင့် ဂါထာများကို ရွတ်ဆိုလျက်ရှိရာ မီးဟုန်းဟုန်းတောက်လျက်ရှိသော မီးတောက်များကို ပါးစပ်ထဲသို့ သွင်းလိုက်ရာ မီးတောက်များသည် ဟုတ်ခနဲ ငြိမ်းသွားတော့မည်လောဟု ထင်လိုက်ရသည်။

သူ့ရင်ထဲတွင် မီးတောက်များ တောက်နေသံကို ကြားနေရသည်ဟု ကျုပ်ထင်လိုက်သည်။ သုန္ဒရနန္ဒသည် ပါးစပ်စေ့ထားသည်တွင် မီးတောက်များသည် သူ့ရင်ထဲတွင် တဟုန်းဟုန်းတောက်နေသည်ဟု ကျုပ်ထင်လိုက်သည်။

သူ့မျက်လုံးများသည် ပြူးထွက်လာကာ ခေါင်းကို ဟိုဘက်သည်ဘက် ယမ်းလျက်ရှိနေ၏။ ထို့နောက်တွင်မူ အသံတစ်ခုကို ပြုကာ မီးတောက်ကို ပါးစပ်ထဲမှ ပြန်ထုတ်လိုက်သည်။ စောစောက ကျုပ်ပြောခဲ့သည့်အတိုင်း ကျုပ်တို့အခန်းမှာ မှောင်လျက်ရှိရာ အခန်းထဲတွင် ကိုယ်တစ်ပိုင်းဗလာဖြင့် အမွေးအမျှင်တွေ ဖုံးနေသော သုန္ဒရနန္ဒသည် မီးတုတ်မှ မီးရောင်များအောက်တွင် ဟိုသည်ယိမ်းလျက်ရှိနေသည်ကိုသာ ခပ်ဝါးဝါးမြင်ရတော့သည်။ ထို့နောက် သူ့ရင်ထဲမှ မီးတောက်များ ရယ်သံကို ကြားရပြန်ရာ ဒုတိယမီးလျှံတစ်ခုကို အန်ထုတ်လိုက်ပြန်သည်။

မကြာခင်တွင် မီးလျှံတစ်ခုပေါ်ထွက်လာပြန်သည်။ သို့ဖြင့် သူ့ပါးစပ်ထဲမှ မီးတောက်များ ငါးကြိမ်ထွက်လာသည်ကို မြင်ရသည်။ နောက်ဆုံးမီးလျှံမှာကား ခပ်စောစောပိုင်းက မီးတောက်များလောက် အရှိန်မပြင်းတော့ဘဲ ဖျော့တော့သွားခဲ့လေပြီ။ မီးတောက်များကို အန်ထုတ်ပြလိုက်ပြီးနောက် သုန္ဒရနန္ဒသည် လာရောက်ခစားသည့်အခါ နောင်တော်သိဒ္ဓတ္ထသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပုံရသည်။

"မီးမျိုတဲ့ အတတ်ပညာနဲ့ နပန်းသတ်တဲ့အတတ်ပညာကိုကျွန်ုပ်ကိုရော သင်မပေးနိုင်ဘူးလား"

"ကျွန်ုပ် မသင်တတ်ပါဘူး အရှင်၊ ကျွန်ုပ်ဒီလောက်လည်း အစွမ်းအစမရှိသေးပါဘူး"

သုန္ဒရနန္ဒသည် သူ့ခေါင်းကို လက်သီးဆုပ်ဖြင့် ထုနေသည်။

"ကျွန်ုပ် အလေးအနက်ပြောနေတာပါ သုန္ဒရနန္ဒ၊ ကျွန်ုပ်တစ်သက်မှာ ဒီလောက်တစ်ခါမှ လေးလေးနက်နက် မရှိခဲ့သေးပါဘူး၊ သင်သိတဲ့အတိုင်း ကျွန်ုပ်ဟာ ရွှေနန်းတော်ကြီးထဲမှာချည်းပဲ အချိန်ကုန်ခဲ့တယ်၊ လောကအကြောင်းကို ဘာမှ ကောင်းကောင်းမသိသေးဘူး၊ မှန်ပါတယ်၊ ကျွန်ုပ်နဲ့ ညီတော် အာနန္ဒာတို့ဟာ တစ်ခါတစ်ရံမှာ ရွှေနန်းတော်ကြီးရဲ့ အပြင်ဘက်ကို ထွက်ပြီး ပျော်ရွှင်မှုကို ရှာခဲ့ကြတဲ့အခါတွေ ရှိတယ်၊ ဒါပေမဲ့ ဈေးကွက်တို့မှာ ညီတော် အာနန္ဒာနဲ့အတူ သွားပြီး ညီတော်က သူ့ကိုယ်မှာ သံချွန်တွေစိုက်ပြ၊ ကျွန်ုပ်က မီးကိုမျိုပြရင် ဘယ်လောက်များကောင်းမလဲ မသိဘူး သုန္ဒရနန္ဒ၊ နိုင်ငံတော်စီရင်အုပ်ချုပ်ပုံစာတမ်းတွေ ဖတ်ပြီးတဲ့နောက် ဒီလိုများပျော်ရွှင်မှုရှာလာရင် ဘယ့်ကလောက်များကောင်းလိုက်မလဲ၊ အသင်ရော ဒီမှာ ဘယ်လောက်ကြာကြာ နေဦးမှာလဲ"

"ကျွန်ုပ်ဟာ မီးကို ဝါးမျိုရအောင် ဒီကိုလာတာ မဟုတ်ပါဘူး အရှင်၊ ယှဉ်ပြိုင်ပွဲအတွက်လာတာပါ"

"အလို ဘာတွေများ ယှဉ်ပြိုင်ဦးမလဲ သုန္ဒရနန္ဒ၊ သြော် ကျွန်ုပ်သိပြီ၊ အမတ်ချုပ်ကြီးပြောထားပေသားပဲ၊ ကျွန်ုပ်လည်း အဲဒီယှဉ်ပြိုင်ပွဲမှာ ပါဝင်ရမယ်တဲ့၊ ယှဉ်ပြိုင်ပွဲတွေကတော့ လေးမြားအတတ်ရယ်၊ စစ်ရထားမောင်းတဲ့ အတတ်ရယ်၊ နပန်းအတတ်ရယ်၊ ပန်တျာအတတ်ရယ် မဟုတ်လား၊ ပြီးတော့ နိုင်တဲ့သူတွေကို ဆုချီးမြှင့်ကြမယ်၊ ပြီးတော့လည်း ပြီးတာပဲ မဟုတ်လား၊ သူတို့ကတော့ မင်းညီမင်းသားတွေ တတ်အပ်တဲ့ပညာတွေကို တတ်အောင်သင်မယ်ဆိုပြီး သင်နေတာပဲ၊ ဒါပေမဲ့ ဒီအတတ်တွေကို တတ်တော့ရော ဘာလုပ်မှာလဲ၊ တကယ်တော့ ကျွန်ုပ်တို့ကို ဒီအတတ်တွေ သင်ပေးနေရအောင် ကျွန်ုပ်တို့ဟာလည်း သူငယ်လေးတွေ မဟုတ်တော့ဘူးလေ"

ခန်းဆောင်ထဲတွင် အလင်းရောင်မှိန်သွားပြန်သဖြင့် နောင်တော်သိဒ္ဓတ္ထက မီးတိုင်များကို အယူခိုင်းလိုက်ပြန်သည်။ ခဏကြာလျှင် မီးတိုင်များရောက်လာ၏။ သုန္ဒရနန္ဒ၏ ခြေသလုံးပေါ်ရှိ အမွေးအမှင်များသည် ရွှေနန်းကြိုးကဲ့သို့ မီးရောင်တွင် ပြိုးပြက်တောက်ပနေကြသည်။

ခဏအကြာ၌ သုန္ဒရနန္ဒနှင့် ထွေရာလေးပါး စကားပြောနေကြစဉ် နောင်တော်က ကျုပ်တို့နှစ်ယောက် တောလည်သွားကြသည့် အကြောင်းကို အမှတ်မထင်ပြောမိရာမှ တောထဲတွင် ကြက်တူရွေးအသေကောင်လေးကို တွေ့

ခဲ့ရသည့်အကြောင်း၊ ထိုကြက်တူရွေးအသေကောင်မှ နှုတ်သီးလေးကို အမှတ်တရသိမ်းထားကြောင်း၊ သိန်းငှက်တစ်ကောင်ကြောင့် ကျားသစ်ဖြူတစ်ကောင်ကိုလည်းတွေ့၍ ဖမ်းလာခဲ့ကြောင်း၊ လက်ကိုင်ပဝါနီနီလေးတစ်ထည်ကို တွေ့ခဲ့ကြောင်း ပြောမိသည်။

ထိုသို့ပြောဆိုနေစဉ် ဒေဝဒတ်သည်လည်း ကျုပ်တို့ ခန်းဆောင်ထဲသို့ ရောက်လျက်ရှိ၏။ ထိုအကြောင်းများကို ပြောဆိုနေစဉ် ဒေဝဒတ်သည် မျက်နှာကို မကြည့်ဘဲ မီးတောက်များကိုသာ ကြည့်နေသည်။

ဒေဝဒတ်သည် အစေတော်တစ်ယောက်ပေးသော သူရာခွက်ကို လှမ်းယူကာ သူရာရည်ကို အရသာခံသောက်ရင်း ပြုံးနေသည်။

ကြက်တူရွေးအသေကောင်လေးအကြောင်းကို ပြောလိုက်သည့်အခါတွင် ဒေဝဒတ်၏ မျက်နှာသည် မဲ့သွားသည်ကို ကျုပ်သတိထားလိုက်မိသည်။ သို့ရာတွင် အခြားအချိန်များတွင်မူ တစ်ချက်မှ မျက်နှာပျက်ခြင်းမရှိ။

သုန္ဒရနန္ဒကမူ ကြိုးဝိုင်းထဲမှ နပန်းသတ်သမားဘဝသည် အောက်တန်းကျကြောင်း၊ တဲကုပ်တွင်နေရပြီး နွားချေးစော်နံလှကြောင်း၊ မီးစားပြသည့် အလုပ်သည် လှည့်ဖြားမှုသာဖြစ်ကြောင်း၊ ထိုအတတ်ပညာမျိုးကို တစ်ခဏအတွင်း၌ လေ့ကျင့်လျှင် ဖြစ်နိုင်ကြောင်းဖြင့် ပြောပြသည်။

သို့ဖြင့် ကျုပ်တို့ စကားပြောဝိုင်းမှာ ညဥ့်နက်လေပြီ။ သုန္ဒရနန္ဒမှာလည်း ခရီးပန်းလာသည့်အတွက် အနားယူချင်လှလေပြီ။

သို့ရာတွင် ဒေဝဒတ်မှာ မပြန်သေးဘဲ ကျုပ်တို့နှင့်စစ်တုရင်ကစားရန် ပြောနေသည်။ ဒေဝဒတ်သည် တောထဲတွင် ဖြစ်ခဲ့သည့် ကိစ္စနှင့် ပတ်သက်၍ နောင်တော်သိဒ္ဓတ္ထ မည်မျှ သိရှိကြောင်းကို သိလိုဟန်တူ၏။

ဒေဝဒတ်သည် သွေးရိုးသားရိုးဖြင့် စစ်တုရင်ကစားရန်ပြောခြင်းလည်း ဖြစ်နိုင်သည်။ သို့ရာတွင် စစ်တုရင်ကစားခြင်းတွင် လူတစ်ယောက်၏ စိတ်နေစိတ်ထားကို အကဲခတ်နိုင်သည် မဟုတ်ပါလော။ ဒေဝဒတ်သည် တစ်ညနေလုံး စကားမပြောဘဲ တုံဏှိဘာဝေလုပ်နေခဲ့ပြီး ယခုအချိန်တွင်မူ သူချည်းစကားပြောလျက်ရှိ၏။ ဤအပြုအမူသည်လည်း ကျုပ်အဖို့ ထူးဆန်းနေသည်ဟု ထင်မိသည်။

"သုန္ဒရနန္ဒဟာ ကန္ဒရဆရာကြီးဆီမှာ အတ္တကိလမထအကျင့်တွေကို ကျင့်ခဲ့ဖူးတယ်"

ဒေဝဒတ်က ပြောသည်။

"အတ္တကိလမထအကျင့်ဆိုတာ ဘယ်လိုဟာမျိုးလဲ"

"အို အစုံပေါ့၊ သံချွန်တွေပေါ်မှာ အိပ်တာ၊ အစာမစားဘဲနေ

တာ၊ လူရဲ့အညစ်အကြေးတွေနဲ့ သူ့ကိုယ်သူ သုတ်လိမ်းတာ”

“ဒီတော့ သူ့ကိုယ်ဟာ ဘာဖြစ်သွားသလဲ”

“ဘာမှ မဖြစ်ဘူး၊ နဂိုအတိုင်းပဲ ရှိနေတယ်၊ သူမွေးလာကတည်းက ဒီအတိုင်းပဲ မွေးလာတာကိုး၊ သုန္ဒရနန္ဒဟာ အားသန်တယ်၊ သူ့နှလုံးသားဟာလည်း ကျွဲတစ်ကောင်ရဲ့ နှလုံးသားလိုပဲခိုင်ခံ့တယ်”

ဒေဝဒတ်သည် စစ်တုရင်ရုပ်များကို ရွှေ့လိုက်ပြီးနောက် မီးလင်းဖို၏ မီးခဲများကို ကြည့်နေသည်။

“တစ်ခုတော့ ရှိတယ်ပေါ့လေ၊ အဲဒီလို အကျင့်တွေကို ကျင့်နေတုန်းမှာ ခေါင်းကိုက်တဲ့ဝေဒနာတော့ ပြင်းပြင်းထန်ထန်ခံစားရသတဲ့၊ နာကျင်လွန်းလို့ တစ်ခါတလေမှာ အော်တောင်နေရသတဲ့၊ အဲဒီလိုအခါမှာတော့ သူ့ကို ဘာခိုင်းခိုင်းလုပ်တော့တာပဲတဲ့၊ မိန်းမတွေအပေါ်မှာ ငွဲ့ညှာသလောက် ယောကျ်ားအချင်းချင်းဆိုရင် ရက်စက်တတ်တယ်၊ သူ့ကိုလူတွေက အထင်သေးဟန်နဲ့ ဝိုင်းပြီး နှိမ့်ချ ကြရင် ‘ငါ့ကို ဘယ်သူမှတ်သလဲ၊ ငါဟာခတ္တိယမျိုးနွယ်ကလာတဲ့လူ’လို့ ထုတ်ပြောတတ်တယ်၊ ပြီးတော့ သုန္ဒရနန္ဒဟာ ဝက်ဝံလိုက်ဝါသနာပါတယ်၊ အရင်ဘဝတုန်းက ဝက်ဝံဖြစ်ခဲ့ဖူးတယ်လို့ သူထင်တယ်”

“ဒါဖြင့် အရင်ဘဝတုန်းက ဝက်ဝံဖြစ်ခဲ့ဖူးတဲ့သူက အခုဝက်ဝံတွေကို သတ်တယ်ပေါ့”

ဒေဝဒတ်က တအံ့တသြဖြင့် ပြောသည်။

“ဒါပေမဲ့ ဝက်ဝံတွေကိုတော့ မသတ်ပါဘူး၊ သူက ကြိမ်လျှောင်အိမ်တွေကို ရက်ပြီး ဖမ်းရုံပဲ ဖမ်းတာပါ၊ ကြိမ်ရက်ရာမှာ အင်မတန်လက်ရာမြောက်တယ်လို့ ပြောကြတယ်၊ သူရက်တဲ့ ကြိမ်လျှောင်အိမ်ထဲကို ရောက်ရင် တော်တော်အားကောင်းတဲ့ တိရစ္ဆာန်များတောင်ရုန်းထွက်လို့ မရဘူးတဲ့”

ကျုပ်သည် ဝါစာအင်္ဂအတတ်ကို ငယ်ငယ်ကတည်းက သိခဲ့ပြီးဖြစ်သည်။ ကျုပ်တို့ ရွှေနန်းတော်ကြီးတွင် သစ္စာဖောက်မှု၊ လိမ်လည်မှု စသည်တို့ ရှိခဲ့လျှင် ထိုအတတ်ဖြင့် ကျုပ်တို့သည် လှည့်ပတ်မေးမြန်း၍ အဖြေရှာခဲ့ကြသည်။

ယခုအချိန်တွင်မူ ကျုပ်တို့ ရွှေနန်းတော်တွင် ထိုသို့သော သစ္စာဖောက်မှုများ၊ လိမ်လည်မှုများ မရှိတော့သည့်အတွက် ထိုအတတ်ပညာကို မသုံးခဲ့သည်မှာ ကြာခဲ့လေပြီ။ ဒေဝဒတ်သည် သူ့အကြံအစည်ကို နောင်တော်ဘယ်မျှအထိ သိသနည်းဟု စူးစမ်းနေသည်။ သို့ရာတွင် နောင်တော်မျက်နှာမှာ

တစ်ချက်မျှ ဣန္ဒြေပျက်ခြင်းမရှိ။ ပကတိတည်ငြိမ်လျက်။ နောင်တော်သည် ကြာကန်ဘေးတွင် ထိုင်ရင်း သမထအကျင့်ကို ကောင်းစွာကျင့်ခဲ့ဖူးပြီးဖြစ်သည့် အတွက် တော်တော်တန်တန်နှင့် သတိချွတ်ယွင်းမှုမရှိတော့။

ခန်းမဆောင်ထဲတွင် အလင်းရောင် မှုန်တိမှုန်မွှားသာ ကျန်တော့သည်။ သို့ရာတွင် စစ်တုရင်ခုံမှာ နီလာနှင့် ပတ္တမြားတို့ကို စီ၍ အကွက်ဖော်ထားခြင်းဖြစ်သည့်အတွက် ထိုကျောက်များမှ ပြန်ဟပ်သော အရောင်များသည် သူတို့နှစ်ဦး၏ မျက်နှာများကို ကောင်းစွာ မြင်ရသည်။ ဒေဝဒတ်၏ နှုတ်ခမ်းသည် မဲ့လျက်ရှိနေသည်ကို ကျုပ်သတိပြုမိသည်။ ဤတွင် ဒေဝဒတ်သည် စစ်တုရင် အရွှေ့မှားသွားရာ နောက်ထပ် နှစ်ကွက်သုံးကွက် ရွှေ့လိုက်မိသည်နှင့် ပွဲလည်း ပြီးသွားတော့သည်။ နောင်တော်သည် ထိုပွဲတွင် အနိုင်ရလိုက်ပြီ။ ဒေဝဒတ်သည် ရွှေစအချို့ကို စားပွဲပေါ်သို့ ပစ်ကြဲ၍ ပေးလိုက်၏။

နောင်တော်က ထိုရွှေစတို့ကို တိတ်ဆိတ်စွာ ကောက်ယူကာ သူ့ကိုယ်တွင် အမြဲဆောင်ထားသော ပဝါနီနီလေးတို့ဖြင့် ထုပ်လိုက်သည်။

အတန်ကြာမျှ စကားမပြောဘဲ ငြိမ်သက်နေကြသည်။ နောင်တော် သိဒ္ဓတ္ထသည် အမှောင်ရိပ်ထဲသို့ လျှောက်သွားကာ ရှေးလွန်လေပြီးသော သူ့အတိတ်ဘဝတစ်ခုအကြောင်းကို ပြောဆိုလျက်ရှိ၏။

ငါဟာ လွန်လေပြီးသော ဘဝတစ်ခုတုန်းက ဟိမဝန္တာတောမှာ ကျားတစ်ကောင်ဖြစ်ခဲ့ဖူးတယ်၊ အဲဒီတောမှာ အလွန်လှတဲ့ ကျားမတစ်ကောင်လည်း ရှိခဲ့တယ်၊ တောတိရစ္ဆာန်တွေဟာ ဒီကျားမကို နှစ်သက်ကြလွန်းလို့ တစ်ကောင်နဲ့တစ်ကောင် မာန်ဖီပြီး ကိုက်ခဲသတ်ဖြတ်ကြတယ်၊ ဒီလိုနဲ့ တောတိရစ္ဆာန်တွေ တဖြည်းဖြည်းနည်းပါးလာတဲ့အခါကျတော့ သူတို့အချင်းချင်း တိုင်ပင်စည်းဝေးပြီး ‘အချင်းတို့၊ ငါတို့သည် ကျားမအတွက်တစ်ကောင်နှင့်တစ်ကောင် ကိုက်ခဲခဲ့ကြ၏။ ဒီလို ကိုက်ခဲသတ်ဖြတ်နေမည့်အစား ကျားမကိုယ်တိုင် သူကြိုက်တာကြင်ဖက်အဖြစ် ရွေးချယ်ခိုင်းရရင် မကောင်းပေဘူးလား”လို့ အချင်းချင်းတိုင်ပင် စည်းဝေးကြတယ်။ အဲဒီတုန်းက ငါဟာ တိရစ္ဆာန်အပေါင်းတို့ရဲ့ ဘုရင်ဖြစ်တယ်။ ပထမဆုံး ကျွဲရိုင်းတစ်ကောင်က ကျားမအနားကို တိုးလာပြီး “အသင်ကျားမ၊ ငါ့ရဲ့အညစ်အကြေးဟာ လူတွေအတွက် အလွန်အသုံးဝင်ပေတယ်၊ ဒါကြောင့် ငါ့ကို ကြင်ဖက်အဖြစ်ရွေးပါ”လို့ ပြောတယ်။ ဒီတော့ ကျားမက “သင့်ပခုံးပေါ်မှာ ဘုကြီးရှိနေတယ်၊ အဲဒီလိုဘုကြီးပေါ်မှာ ထမ်းပိုးတပ်ကြမယ်၊ စစ်ရထားတွေ တပ်ကြမယ်၊ ဒီလိုဆိုရင် သင့်ကို ငါဘယ်လိုလုပ်ပြီး ပိုင်ဆိုင်နိုင်တော့မလဲ”လို့ ကျားမက ပြန်ပြောလိုက်တယ်။ အဲဒီနောက်မှာ ကျားမဆီကို ဆင်ဖြူတစ်ကောင်ပေါက်လာပြီး “ငါဟာ နှင်းတောင်တွင်နေသည့်

သတ္တဝါတို့တွင် အကြီးဆုံး၊ အမြတ်ဆုံးဖြစ်တယ်၊ ကြီးလှစွာသော သစ်ပင်တို့ကို အမြစ်ကနေ ကျွတ်ထွက်အောင် နုတ်ယူပြီး ငါ့ရဲ့ နှာမောင်းနဲ့ ယူဇနာပေါင်း တစ်သောင်းအဝေးကို ပစ်နိုင်တယ်၊ အစာအာဟာရ မှီဝဲခြင်းမပြုဘဲနဲ့လည်း ယူဇနာပေါင်း တစ်သောင်းပြေးနိုင်တယ်၊ ငါဟာ ခံနိုင်ရည်အရှိဆုံးဖြစ်ပြီး စစ်ပွဲတွေမှာလည်း အားအကြီးဆုံးဖြစ်တယ်၊ ဒါကြောင့် ငါ့ကို သင့်ခင်ပွန်းအဖြစ် ရွေးပါ"လို့ ပြောသတဲ့။

ဒီတော့ ကျားမက 'အို ဆင်ဖြူ၊ သင်ဟာ ဘယ်လောက်ပဲအားကြီးတယ်လို့ ပြောပေမဲ့ ခြင်္သေ့ဟောက်သံ၊ ကျားဟိန်းသံတို့ကြောင့် သင်ဟာ ကြောက်လန့်ပြီး ပြေးတာပဲ မဟုတ်လား၊ ဒီတော့ သင့်ကို ဘယ့်နှယ်လုပ်ပြီး ခင်ပွန်းအဖြစ် ရွေးရမှာလဲ'လို့ ပြောပြန်သတဲ့။

ဒီတော့မှ ကျားမင်းဟာ တိရစ္ဆာန်အုပ်ထဲကနေပြီး တည်ငြိမ်တဲ့ ဣန္ဒြေနဲ့ ကျားမထံလျှောက်လာခဲ့ပြီး 'အသင်ကျားမ ငါ့ခန္ဓာကိုယ် အချိုးအစားကို သေချာစွာကြည့်လော့၊ ငါဟာ အချိုးအစားပြေပြစ်သူဖြစ်တယ်၊ ငါ၏ ရှေ့လက်တို့သည် သန်မာထွားကျိုင်း၍ အားကောင်းမောင်းသန်ရှိကုန်၏။ ငါ၏ကိုယ်သည် ရှည်လျားသေးသွယ်ပြီး ချောမွေ့ခြင်းရှိ၏။ ငါသည် နှင်းတောင်ထဲတွင် နေ၍ လွတ်လပ်စွာ အကြောက်အရွံ့မရှိ အသက်ထက်ဆုံး နေထိုင်ခြင်းပြု၏။ အခြားသော တိရစ္ဆာန်တို့၏ ရန်ကိုလည်း ငါသည် ကာကွယ်နိုင်၏။ ငါသည် တိရစ္ဆာန်အပေါင်းတို့၏ အရှင်သခင်ဖြစ်၍ မည်သူမျှ ငါ့အား ယှဉ်ပြိုင်နိုင်စွမ်း မရှိကြ၊ ငါ၏ ဟိန်းသံကို ကြားသည်နှင့် တိရစ္ဆာန်အပေါင်းတို့သည် ကြောက်လန့်ထွက်ပြေးကြကုန်၏၊ ငါ၏ခွန်အားနှင့် ငါ၏တည်ကြည်မှုတို့ကို ထို့ထက်ပို၍ ငါမပြောနိုင်တော့ပြီ၊ ထိုအရာတို့ကိုမူ အသင်သိပြီးဖြစ်၍ ငါပြောဖွယ် မရှိပြီ၊ ထို့ကြောင့် ငါ့အားခင်ပွန်းအဖြစ် ရွေးပါလော့'လို့ ပြောသတဲ့။ ဒီတော့ ကျားမက "မှန်ပေ၏ အသင်၏ ခွန်အားသည် ကြီးမား၏။ အသင်၏ စိတ် ဓာတ်သည် မြင့်မြတ်ရဲရင့်၏။ အသင်၏ ကိုယ်ခန္ဓာနှင့် ကိုယ်လက်အင်္ဂါတို့ သည် ကြီးစွာသော ကျက်သရေကို ဆောင်ပေ၏။ ထို့ကြောင့် အသင့်အား ခင်ပွန်းအဖြစ် ရွေးချယ်အံ့"လို့ ပြောလိုက်သတဲ့။

ကျုပ်တို့သည် အတန်ကြာတိတ်ဆိတ်သွားကြသည်။ မီးတောက်များလည်း ငြိမ်းခဲ့လေပြီ။ မီးလင်းဖိုထဲမှ မီးကျီခဲများ၏ အရောင်ကိုပင်လျှင် မမြင်ရတော့။

ကျုပ်တို့သည် ဝတ်ရုံကြီးများကို ခြုံကာ ထိုင်ခုံပေါ်တွင် ငြိမ်သက်စွာ ထိုင်လျက်ရှိကြရာမှ ည၏ အသံဗလံများကို နားထောင်နေကြသည်။

အမိုးပေါ်သို့ ကျနေသော မိုးစက်များ၏ အသံကို ကြားနေရ၏။

ကျုပ်တို့သည် ရုတ်တရက်ရောက်လာသော သုန္ဒရနန္ဒအကြောင်းကိုလည်း ကောင်း၊ ခပ်စောစောက ကစားခဲ့သည့် စစ်တုရင်ပွဲများအကြောင်းကိုလည်း ကောင်း၊ ဒေဝဒတ်၏ မကောင်းကြံမှုများကိုလည်းကောင်း တွေးမိကြသည်။

ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သည့်အခါတွင် လရောင်မှုန်ရီရီ သာရှိနေသည့်အတွက် မိုးစက်များသည် ငွေရောင်သမ်းနေကြသည်။

တစ်ခါတစ်ခါတွင် လျှပ်ပြက်လိုက်သဖြင့် သရက်ပင်များသည်လည်း ကောင်း၊ သလဲပင်များသည်လည်းကောင်း မရမ်းရောင်သို့ ပြောင်းသွားကြသည်။

ကျုပ်သည် နောင်တော်သိဒ္ဓတ္ထ၏ ညင်သာသော အသက်ရှူသံကို ကြားနေရသည်။

နောင်တော်သိဒ္ဓတ္ထသည် ထိုကြောင်းကို ဒေဝဒတ်အား အဘယ် ကြောင့် ပြောသည်ကို စဉ်းစားမရအောင် ရှိရသည်။

ထောပတ်ဆီခွက်ထဲတွင် ထည့်ထားသည့် မီးစာမှာ ကုန်ခန်းသွားကာ ဆီထဲသို့ နစ်မြုပ်သွားခဲ့လေပြီ။ တိတ်ဆိတ်လျက်ရှိသော အမှောင်ထဲတွင် ကျား သစ်ဖြူ၏ ဟိန်းသံကို ကြားရသည်။

၆

နောက်သီတင်းပတ်များတွင် တဖြည်းဖြည်းမိုးပါးသွားခဲ့သည်။

ကျုပ်တို့မှာ ပြိုင်ပွဲများအတွက် အမြဲတမ်းလေ့ကျင့်နေခဲ့ရ၏။ တစ်ခါတစ်ရံတွင် မိုးဖွဲဖွဲထဲ၌ စစ်ရထားမောင်းရသည့်အခါများလည်း ရှိသည်။

စိုစွတ်သော သစ်ရွက်များက ကျုပ်မျက်နှာကို လာရောက်ရိုက်ခတ်ကြပုံ၊ မြစိမ်းရောင်မြက်ပင်များပေါ်တွင် ငွေရောင်မိုးစက်များ သီးနေပုံ၊ သလဲသီးများအခွံမှ ပေါက်ထွက်တော့မတတ် မှည့်ဝင်းနေကြပုံ၊ လေးညို့မှ ပစ်လိုက်သော မြားတို့ တဝီဝီမြည်နေကြပုံ၊ ခန်းဆောင်များမှ တေးဂီတသံများ စသည်တို့ကို ကျုပ်ကောင်းစွာ အမှတ်ရနေမိသည်။

ထိုအချိန်က ကျုပ်တို့သည် မိကျောင်းတီးသည့် အတတ်နှင့် ပလွေမှုတ်သည့်အတတ်တို့ကိုလည်း သင်ကြားနေရ၏။

ထုံးစံအတိုင်းဆိုလျှင် ကျုပ်တို့သည် ထိုအတတ်ပညာကို ဆရာနှင့်သော်လည်းကောင်း၊ မိမိဘာသာလည်းကောင်း၊ ဥယျာဉ်ထဲတွင် သင်ကြားလေ့ကျင့်ရခြင်းဖြစ်သည်။ သို့ရာတွင် ကျုပ်တို့၏ ဥယျာဉ်များမှာ တစ်ခုနှင့်တစ်ခုကပ်လျက်ရှိနေသည့်အတွက် တစ်ယောက်ကို တစ်ယောက်မမြင်ရသည့်တိုင် အသံများကို ကြားနေရသည်။

ကျုပ်မှာ ထိုအချိန်က နောင်တော်နှင့်အတူ နေထိုင်လျက်ရှိပြီး ကျုပ်တို့ ဥယျာဉ်မှာ သုန္ဒရနန္ဒနေထိုင်ရာ ဥယျာဉ်နှင့် ငါးရာတွင်းခန့်ဝေး၏။

ကျုပ်သည် သုန္ဒရနန္ဒ၏ အသံကို မကြားရသော်လည်း ဒေဝဒတ်၏ လှုပ်ရှားသံကိုမူ အမြဲကြားနေရသည်။ မြားကို လေးညို့မှ ပစ်လိုက်သံ၊ ဒေဝဒတ်၏ စစ်ရထားဘီးတို့ တကျည်ကျည် မြည်နေသံများကို အမြဲတစေကြားနေရ၏။

သုန္ဒရနန္ဒ၏ အသံကိုမူ ဘာမှ မကြားရချေ။ သူ၏ တိတ်ဆိတ်နေမှုသည် ဒေဝဒတ်ဆူညံနေခြင်းထက် ပို၍ ဆိုး၏ဟု ကျုပ်စိတ်ထဲတွင် ထင်နေသည်။

သုန္ဒရနန္ဒသည် ဝတုတ်သော ခန္ဓာကိုယ်ရှိသည့်တိုင် အားခွန်ဗလ ပြည့်စုံသည်ဟု ထင်မိသည်။ ထိုအချိန်မှာ နက္ခတ်တာရာများ ပူးချိန်ဖြစ်သည့် အတွက် မင်းညီမင်းသားများသည် အပျော်အပါးတို့ကို ရှောင်ကြဉ်ရသည့်အချိန် ဖြစ်သည်။

ညချမ်းချိန်သို့ ရောက်လျှင် ကျုပ်တို့သည် နောင်တော်သိဒ္ဓတ္ထ၏ ဥယျာဉ်ထဲရှိ ကြာကန်တစ်ခုဘေးတွင် ထိုင်ကာ စကားစမြည်ပြောကြသည်။

ကြာရွက်တို့မှာ စိမ်းလျက်ရှိ၏။ ကြာပွင့်တို့မှာ ထွားထွားဝေပွင့်လျက် ရှိပြီး အချို့မှာလည်း ပန်းနုရောင်၊ မဟူရာရောင်တို့ဖြင့် ဝေလျက်ရှိကြသည်။ ကြာ ဖူးနက်နက်များကို ကြည့်ရသည်မှာ အမင်္ဂလာဖြစ်သည်ဟု ကျုပ်စိတ်တွင် ထင်မိသေးသည်။ မိုးရွာသည်ဖြစ်စေ၊ မိုးမရွာသည်ဖြစ်စေ ကျုပ်တို့သည် ကြာ ကန်ဘေးရှိ ကျောက်ဖြူကမ်းပါးပေါ်တွင် ကျားသစ်ရေခင်း၍ ထိုင်တတ်ကြ သည်။

တစ်ခါတစ်ရံတွင်လည်း ကြေးနီရောင် ငါးမျှားချိတ်များဖြင့် ငါးမျှား တတ်ကြသည်ဟုဆိုရာတွင် ငါးကောင်းကောင်းရသည်ဟူ၍ မရှိ။ ရလျှင်လည်း ကျုပ်တို့သည် ထိုငါးများကို ရေကန်ထဲသို့ ပြန်လွှတ်လိုက်ကြသည်သာဖြစ် သည်။ တစ်ခါတစ်ရံတွင် ကျုပ်တို့သည် ရေကူးကြသည်။ ကျွမ်းဘားအတတ် တို့ကိုလည်း လေ့ကျင့်ကြသည်။ ငြိမ်သက်လျက်ရှိကြသော ရေကန်ထဲတွင် ရေကူးနေကြသည့် တိမ်တိုက်များကို ငေးမောကြည့်နေတတ်ကြသည်။

ကျုပ်တို့တွင် ကိလေသာအညစ်ကြေးများ ကပ်ငြိမည်စိုးသည့်အ တွက် ထိုအချိန်များတွင်ဆိုလျှင် ကချေသည်များ၊ ရံရွေတော်များကို အနားသို့ ပင် လာခွင့်ပင် ပေးခြင်းမပြုချေ။

ထိုအတောအတွင်းတွင် ကျုပ်သည် သုန္ဒရနန္ဒအကြောင်းကို ပို၍သိ လာခဲ့ရခြင်းဖြစ်သည်။

တစ်ညနေ တိမ်တိုက်တို့ နိမ့်လျော၍ မိုးစက်ကန့်လန့်ကာပါးပါးတို့ က ဥယျာဉ်ကို လွှမ်းခြုံထားသော အချိန်၌ မငြိမ်မသက် လှိုင်းဂယက်တို့ပွက် လျက်ရှိသော ရေကန်ကို ကသိုဏ်းရှု၍ သမထကျင့်ရန် နောင်တော်သိဒ္ဓတ္ထက အကြံပေးသည်။ ကျုပ်တို့သည် ငြိမ်သက်နေသည့် ရေပြင်ကို ကသိုဏ်းရှု၍ သမထကျင့်ခဲ့ဖူးပြီ။ ထိုအခါများ၌ သုန္ဒရနန္ဒသည် ကိုယ်ဝတ်ဗလာဖြင့် တင်ပျဉ် ခွေထိုင်ကာ ရေကသိုဏ်းရှုလျက်ရှိ၏။

ကြာကန်မှ အငွေ့များတက်ကာ အထက်သို့ ပျံတက်လျက်ရှိကြပြီး ကြာရွက်များသည် လှုပ်ရှားနေကြသည်။ ကန်ရေပြင်တွင် ငွေဝလုံးလေးများ ရေးထားသည့်နှယ် ဂယက်ထနေကြသည်။

မိုးဖွဲကလေးများ ရွာနေသည့်တိုင် ကောင်းကင်တွင် တိမ်တိုက်တို့ ထူထပ်စွာ ဖုံးအုပ်ထားခြင်းမရှိ။

တစ်ခါတစ်ရံတွင် ကြာဝတ်ဆံတို့ကို စားလျက်ရှိသော လိပ်ပြာကလေးများသည် ကြာပွင့်များပေါ်တွင် အုပ်ဝဲလျက်ရှိကြပြီး၊ တစ်ချီတစ်ချီတွင်လည်း ငှက်ကလေးတစ်ကောင်သို့မဟုတ် ဖားငယ်တစ်ကောင် ကြာရွက်ပေါ်ခုန်တက်လိုက်သဖြင့် ရေပြင်သည် ပွက်ခနဲ ဖြစ်သွား၏။

နောင်တော်သိဒ္ဓတ္ထသည် ရွှေဝတ်ရုံကို ပခုံးထက်တွင် လျော့ရိလျော့ရဲ တင်ထားပြီး လည်တွင် ပုလဲသွယ်ကြီးတစ်ကုံးကို ဝတ်ဆင်ထားရင်း ကျောက်ဖျာတစ်ချပ်ပေါ်တွင် တင်ပျဉ်ဖွဲ့ခွေထိုင်လျက်ရှိရာ သူ့ရုပ်လက္ခဏာသည် တင့်တယ်သော အသရေကို ဆောင်လျက်ရှိနေသည်။

သီတင်းသုံးလေးပတ်လောက် လေ့ကျင့်လိုက်ခြင်းဖြင့်လည်းကောင်း၊ ဂီတတွင် မွေ့လျော်ခြင်းကြောင်းလည်းကောင်း သူ၏ ခန္ဓာကိုယ်သည် ပို၍လှပတင့်တယ်လာသည်ဟု ကျုပ်ထင်သည်။ ရုပ်မှာမူ အနည်းငယ်အိုစာသွားသည်ဟု ထင်ရပြီး မျက်လုံးများသည် ပို၍ တည်ငြိမ်လေးနက်ကာ မျက်တွင်းထဲသို့ အနည်းငယ်ချိုင့်ဝင်သွားသည်ဟု ထင်ရသည်။

နောင်တော်သည်လည်း သမထအကျင့်ကို ကျင့်နေကြောင်း ကျုပ်သိလိုက်ပြီ။ သမထအကျင့်တစ်မျိုးကို ကျင့်ရာတွင် ကြာပွင့်ကို ကြည့်၍ ကျင့်ခြင်းသည် အကောင်းဆုံးဟု ကျုပ်ထင်သည်။

ကြာရွက်၏ စိမ်းမြသောအရောင်သည် စိတ်စေတသိက်ကို ငြိမ်းအေးစေ၍ ကြာဖူးတို့သည် မနောဝိညာဉ်ကို နိုးကြားစေသည်ဟု ကျုပ်ထင်သည်။

ထိုအချိန်က ကျုပ်တို့သည် သမထကျင့်လျှင် ပထမအဆင့်၌ ရေအောက်တွင် မြုပ်နေကြသော ကြာမြစ်များဆီသို့ အာရုံလွှတ်၍ ကျင့်ကြသည်။

ဒုတိယအဆင့်၌ ရေထဲမှ ထိုးထွက်နေသည့် ကြာရိုးကြာစွယ်ဆီသို့ အာရုံလွှတ်သည်။

တတိယအဆင့်တွင် ကြာရိုးတို့အပေါ်တွင် ငြိကပ်နေသော အမြှေးကကလေးများသို့ အာရုံလွှတ်သည်။ ထိုအမြှေးကလေးများသည် ကြာပွင့်တို့ စားသုံးသည် အာဟာရများ မဟုတ်လော။

စတုတ္ထအဆင့်တွင် ဖြာထွက်လာသော ကြာရွက်များ၊ ထိုကြာရွက်များပေါ်တွင် ထိုးကျသော နေရောင်ခြည်နှင့် ကြာရွက်တို့ကို လှုပ်ခတ်ကစားရသော လေပြေလေညင်းတို့ဆီသို့ အာရုံလွှတ်သည်။

ပဉ္စမအဆင့်တွင် ကြာပွင့်ကြာချပ်တို့အပေါ်တွင် တင်နေသော နှင်းစက်များသို့ အာရုံလွှတ်သည်။

ဆဌမအဆင့်တွင် ဖူးငုံစပြုနေသော ကြာဖူးများနှင့် ကြာပွင့်များဆီ သို့ အာရုံလွှတ်သည်။

နောက်ဆုံးအဆင့်တွင်မူ ကျုပ်တို့သည် မနောဝိညာဉ်ကို ကြာဖူးကြာငုံတို့အထဲတွင် ကိန်းအောင်းသွားစေကာ ကောင်းကင်ကျယ်ကြီးသို့ အာရုံလွှတ်၏။ ထိုအခါ၌ကား ကျုပ်တို့ကိုယ်တိုင် ပန်းပွင့်၏ အရိပ်၊ ပန်းပွင့်၏ ကိုယ်ထည်များ ဖြစ်သွားကြသည်။ ကျုပ်တို့၏ အခြေအမြစ်သည် ကြာခံအောက်နွံထဲတွင်ရောက်နေကာ ကျုပ်တို့ကိုယ်တိုင်သည် စကြဝဠာကြီးဖြစ်သွားသည်ဟု ထင်ရသည်။

ထိုသို့ ကျုပ်သမထကျင့်နေစဉ် အမှောင်သည် တဖြည်းဖြည်း ပြိုဆင်းလာခဲ့သည်။ ထိုစဉ် သုန္ဒရနန္ဒထံမှ ထူးဆန်းသော အသံတစ်ခုကို ကျုပ်ကြားလိုက်ရသည်။ ထိုအသံမှာ ကလပ်ကလပ် မြည်သော အသံဖြစ်၏။

ထိုအချိန်၌ ကျုပ်မှာလည်း သမထ တစ်မျိုးကို ပေါက်နေပြီဖြစ်သည့်အတွက် သူ့ကို ကောင်းစွာ သတိမထားမိ။ ကျုပ်သည် ကြာရွက်တစ်ဝက်၊ လူတစ်ဝက်ဖြစ်နေသည်။

ကြာကန်အောက်ရှိ နွံထဲမှ သစ်ရည်တစ်မျိုးသည် ကျုပ်ကိုယ်လက်အင်္ဂါထဲသို့ စီးဝင်နေသည်ဟု ကျုပ်ထင်မှတ်လိုက်ရသည်။

နေရောင်သည် ကျုပ်ကိုယ်ထဲသို့ စိမ့်ဝင်လာသည်ဟု အောက်မေ့လိုက်ရသည်။

နောက်တစ်ခဏ၌ ကျုပ်သည် ကြာရွက်လုံးလုံးဖြစ်သွားပြီး၊ ထိုမှတစ်ဆင့် အဖူးဖြစ်သွားပြီး၊ တစ်ဖန် အပွင့်အဖြစ်သို့ ပြောင်းသွားပြန်သည်။ သို့ရာတွင် ကလပ်ကလပ်မြည်သံကိုမူ ကျုပ် ကြားနေရဆဲဖြစ်သည်။

အစတွင် ထိုအသံသည် အစေတော်တစ်ယောက်ပါးစပ်မှ မြည်နေခြင်းဖြစ်သည်ဟု ကျုပ်ထင်မိသေးသည်။

ကျုပ်သည် ထိုအသံလာရာသို့ လှမ်းကြည့်လိုက်သောအခါ လက်နှစ်ဖက်ကို ဇော့ယမ်းကာ

"ကျွန်ုပ် ငှက်ဖြစ်သွားပြီ၊ ကျွန်ုပ်ဖြစ်သွားပြီ" ဟူသော သုန္ဒရနန္ဒ၏အသံကို ကြားလိုက်ရသည်။

မိုးမှာ တိတ်သွားခဲ့ပါပြီ။ စာကလေးတစ်ကောင်သည် ကြာရွက်များပေါ်တွင် နားကာ မိုးရေတို့ စိုရွှဲကာနေသည့် အတောင်ပံကို ခါချလျက်ရှိနေ၏။ စာကလေးက တောင်ပံကို ခါလိုက်ရင် သုန္ဒရနန္ဒက တောင်ပံကို ခါချဟန်ပြု၏။ သူ့မျက်လုံးများကမူ မှိတ်ထားလျက်။ ကျုပ်သည် သူ့ကို ကြည့်၍ ရယ်ချင်လာ၏။

နောင်တော်ကို လှမ်းကြည့်လိုက်သောအခါတွင် နောင်တော်သည် မလှုပ်မယှက်။ နောင်တော်သည် သမထအကျင့်တွင်တည်ကာ ကမ္ဘာလောက ကြီးတစ်ခုလုံးနှင့် အဆက်ပြတ်နေသည်ဟု ထင်ရသည်။

နောင်တော်သိဒ္ဓတ္ထကို ကြည့်ရှုရသည်မှာ အာနာပါန ကမ္မဋ္ဌာန်းနှင့် ကသိုဏ်းရှုခြင်းကိစ္စတည်းဟူသော တောင်တန်းနှောင်အိမ်ကြီးထဲတွင် မိမိကိုယ်ကို အကျဉ်းချထားသည်နှင့်သာ တူတော့သည်။

"သုန္ဒရနန္ဒ အသင် ဘယ်ကို ရောက်သွားသလဲဟင်၊ ငှက်တစ်ကောင်ရဲ့ ခန္ဓာကိုယ်ထဲကို ရောက်သွားသလား"

ကျုပ်က ခပ်တိုးတိုးလေး မေးလိုက်သည်။ သမထအကျင့်ကို ကျင့်နေသူတစ်ဦးအနီးတွင် အော်ဟစ်ပြောဆိုခြင်းသည် အန္တရာယ်များတတ်ကြောင်းကို သိပြီးဖြစ်သည့်အတွက် ခပ်တိုးတိုးလေး မေးလိုက်ခြင်း ဖြစ်သည်။

ကျုပ်မေးခွန်းကြောင့် သုန္ဒရနန္ဒသည် သမထမှ ပြန်လည်နိုးထလာဟန်ရှိသည်။ သုန္ဒရနန္ဒသည် မျက်လုံးကို မဖွင့်ဘဲ ကျုပ်ဘက်သို့ လှည့်လိုက်ပြီးလျှင် ပါးစပ်မှ ကလပ်ကလပ်မြည်သော အသံကို ပြုပြန်သည်။ ထိုအချိန်၌ ငှက်ငယ်သည် သရက်ပင်ကိုင်းကြားထဲတွင် တစ်ကိုင်းမှ တစ်ကိုင်းသို့ ကူးပျံလျက်ရှိနေ၏။ သစ်ရွက်များသည် လှုပ်ရှားလျက်ရှိနေပြီး ငှက်ငယ်မှာမူ ဝင်လုဆဲဆဲနေရောင်အောက်တွင် အတောင်ကို ဖြန့်ကာ ကိုယ်ကို အခြောက်လှန်းလျက်ရှိနေသည်။

"သုန္ဒရနန္ဒ အသင်ဟာငှက်ငယ်လေးဖြစ်သွားသေးသလာဟင်"

ကျုပ်က ခပ်တိုးတိုးလေး မေးလိုက်သည်။ ထိုအခါကျမှ သုန္ဒရနန္ဒသည် မျက်လုံးကို ဖွင့်ကာ ကန်ရေပြင်ကို လှမ်းကြည့်ရင်း

"ဟင် ကျွန်ုပ် ဘယ်ကို ရောက်သွားသလဲ မသိဘူး၊ ကျွန်ုပ်ဟာ ငှက်ငယ်လေးတစ်ကောင် ဖြစ်သွားတယ် ထင်တယ်"

သတိပြန်ရလာသည့်အခါ၌ သူ့မျက်နှာသည် သံမျက်နှာဖုံးကို စွပ်ထားသည့်နှယ် ထိတ်လန့်ကြောက်ရွံ့သည့် အသွင်ပေါ်နေ၏။ သို့ရာတွင် တစ်ခဏအကြာတွင် သုန္ဒရနန္ဒသည် မျက်လုံးများကို ပြန်၍ မှိတ်သွားပြန်သည်။ ထိုစဉ် သူ့အနီးသို့ လိပ်ပြာကလေးတစ်ကောင်ရောက်လာရာ သုန္ဒရနန္ဒသည် လိပ်ပြာတောင်ပံခတ်သကဲ့သို့ လက်နှစ်ဖက်ကို မြှောက်ချည်ချချည်ပြုလုပ်နေ၏။ ဤသို့လုပ်နေသည်မှာ အတန်ငယ်ကြာသွား၏။ ကျုပ်သည် သူ့ကိုမထိရဲဘဲ အသာကြည့်နေသည်။

သုန္ဒရနန္ဒသည် ထိုင်ရာမှ ထလာသည်။ မြက်ခင်းပေါ်တွင် ရပ်ရင်း လက်နှစ်ဖက်ကို လိပ်ပြာတောင်ပံခတ်သည့်နှယ်ပြုလုပ်လျက်ရှိလေရာ မြင့်မား

သော သူ့အရပ်အမောင်း၊ ထွားကျိုင်းသော သူ့ခန္ဓာကိုယ်နှင့် အမွေးအမှင်တို့ ထူထပ်စွာ ဖုံးအုပ်နေသည့် သူ့ခန္ဓာကိုယ်ကို ကြည့်ရသည်မှာ ကြောက်စရာကောင်းလှသည်။

သုန္ဒရနန္ဒသည် လိပ်ပြာလေးတစ်ကောင်အဖြစ် ပြောင်းသွားလေပြီလောဟု မဆိုနိုင်။ ကျုပ်သည် ရေကန်ထဲ လိမ့်ကျသွားမည် စိုးသည့်အတွက် နောက်သို့ ပြေးလိုက်သွား၏။ သုန္ဒရနန္ဒသည် သစ်တုံးတစ်တုံးကို တိုက်မိပြီး လဲကျသွားကာ ညည်းလျက်ရှိသဖြင့် အစေတော်တစ်ယောက်ပြေးလာရင်း သူ့ကို ဝတ်ရုံခြုံပေး၏။

သုန္ဒရနန္ဒသည် လက်ကို မြှောက်ချည်ချချည်ပြုရင်း လိပ်ပြာလေးသကဲ့သို့ ပြုနေဆဲပင် ရှိသည်။ အတန်ကြာသည့်အခါ၌ နောင်တော်သိဒ္ဓတ္ထသည်လည်း သမထအကျင့်မှ နိုးလာခဲ့သည်။

ကျုပ်တို့သည် သုန္ဒရနန္ဒကို ပွေ့ချီကာ အတွင်းသို့ သယ်လာခဲ့ပြီး ထိုင်ခုံတစ်ခုပေါ်တွင် တင်ထားလိုက်ကြသည်။ သုန္ဒရနန္ဒသည် ပြင်းစွာ အသက်ရှူလျက် ရှိရာမှ လှုပ်ရှားလူးလွန့်လာခဲ့ကာ မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။

"ကျွန်ုပ်ဘာဖြစ်သွားတာလဲ ဟင်"

သုန္ဒရနန္ဒက ခိုက်ခိုက်တုန်နေလျက် မေးသည်။

"ကျွန်ုပ်စိတ်ထဲမှာ ကျွန်ုပ်ဟာ လိပ်ပြာ၊ ပန်းပွင့်နဲ့ ကြယ်ပွင့်လေးတွေ ဖြစ်သွားတယ်လို့ ထင်ရတယ်၊ ခုတော့ ဒီချမ်းသာ သုခတွေ ကျွန်ုပ်မှာ မရှိတော့ဘူး"

နောင်တော်သိဒ္ဓတ္ထကမူ

"ကျွန်ုပ်စိတ်ထဲမှာတော့ အရာအားလုံးဟာ ပန်းဖူးပန်းငုံလေးတွေထဲကို ရောက်သွားတယ်လို့ ထင်လိုက်တယ်၊ ဒါပေမဲ့ ကြယ်ပွင့်ကလေးတွေတော့ အာရုံထဲမှာ မပေါ်လာပါဘူး"

"ကျွန်ုပ်စိတ်ထဲမှာတော့ ကြယ်ပွင့်တွေဟာ သိပ်အေးမြတာပဲလို့ ထင်တာပဲ"

သုန္ဒရနန္ဒက ပြောသည်။

ထိုစဉ် အစေတော်များသည် အဖျော်ယမကာများကို ယူလာကြသည်။

"ကြယ်တွေထဲရောက်သွားတော့ ဘယ်လိုများ ခံစားရသလဲ ပြောစမ်းပါဦး"

"ကြယ်တွေဟာ အာပေါနဲ့ ဖွဲ့စည်းထားတဲ့ အရာတွေ ဖြစ်တယ် အရှင်၊ အရောင်က စိမ်းတဲ့အခါ စိမ်းပြီး ဖြူတဲ့အခါ ဖြူတယ်၊ ဒါပေ

မဲ့ ပန်းလိပ်ပြာကတော့ ရွှေရောင်တောက်ပနေတယ်၊ ကျွန်ုပ်ရင်ထဲကို ရောက်သွားတဲ့အခါမှာတော့ ကြယ်ပွင့်တွေက လိပ်ပြာအဖြစ်ပြောင်း သွားတယ်လို့ ထင်မိတယ်၊ ဒါနဲ့ အဲဒီ လိပ်ပြာကို ဝမ်းထဲက ပြန် ထုတ်ဖို့ ကျွန်ုပ်ကြိုးစားတယ်၊ အဲဒီအခါမှာ လိပ်ပြာဟာ ငှက်တစ် ကောင် ဖြစ်သွားပြန်တယ်၊ ဒါနဲ့ ကျွန်ုပ်ဟာ ငှက်လိုမြည်ပြီး ပျံသန်းဖို့ ကြိုးစားကြည့်ပြန်တယ်၊ ဒါပေမဲ့ မရဘူးအရှင်၊ ဒီတော့ ကျွန်ုပ် ကြိုး စားရဦးမယ်၊ လမ်းကိုတွေ့ဖို့ ကြိုးစားရဦးမယ်"

"ဘယ်လိုလမ်းများလဲ သုန္ဒရနန္ဒ"

"လေထဲမှာ ရှိတဲ့လမ်းပါ အရှင်၊ အဲဒီလမ်းတွေကလည်း အစိမ်း ရောင်နဲ့ အပြာရောင်ဖြစ်နေကြတယ်၊ အစိမ်းရောင်လမ်းတွေကတော့ လေထဲမှာ ကွေ့ကောက်နေကြတယ်၊ အပြာရောင်လမ်းတွေကတော့ ပင့်ကူမျှင်များလိုပဲ အထက်ကို တက်သွားနေတယ်၊ ဒီလိုလမ်းတွေကို ကြည့်နေတုန်းမှာ ရှေ့နဲ့နောက်ကိုလည်း လှမ်းမြင်ရပါတယ်၊ တစ်ခါ တလေကျတော့လည်း လမ်းမကြီးတွေဟာ လျင်မြန်စွာ ရွေ့လျားနေ ကြတယ်၊ အဲဒီအခါမှာ ကျွန်ုပ်နှလုံးသားတွေဟာ တဒိတ်ဒိတ်ခုန်နေ တယ်"

နောင်တော်သိဒ္ဓတ္ထက ယပ်တောင်ကို ဖြန့်လိုက်ပြီး

"သုန္ဒရနန္ဒ ဘာတွေ ပြောနေသလဲ၊ ငှက်တစ်ကောင်ရဲ့ အသွင် ပြောင်းသွားတယ်ဆိုတာကို ကျွန်ုပ်နားလည်နိုင်ပါတယ်၊ ကျွန်ုပ် ကိုယ်တိုင်လည်း အဲဒီလို အာရုံမျိုးကို ရခဲ့ဖူးပါတယ်၊ ငှက်တစ်ကောင် ရဲ့ အသွင်ပြောင်းသွားတာနဲ့ တစ်ပြိုင်နက် ဝိညာဉ်ဟာလည်း မွန်း ကျပ်ပိတ်ပြီး ထွက်ပေါက်ရှာမရအောင် ဖြစ်သွားတယ်၊ လေထဲမှာ အစိမ်းရောင်၊ အပြာရောင်၊ စက်မျဉ်းတွေ ပေါ်လာတယ်ဆိုတာကို လည်း ကျွန်ုပ်နားလည်နိုင်ပါတယ်၊ ဒါပေမဲ့ ဘာဖြစ်လို့ သွေးတွေ သံ တွေ အကြောင်းကို ပြောရတာလဲ၊ ကဲ ပြောစမ်းပါဦး၊ သင်ဟာ ကြယ်ဖြစ်သွားတယ်၊ လိပ်ပြာဖြစ်သွားတယ်၊ ပြီးတော့ သစ်ရွက်ဖြစ် သွားတယ် နောက်တော့ရော"

သုန္ဒရနန္ဒသည် ခြေထောက်ကို ဆန့်ကာ ပြန်၍ ငုံ့ကြည့်နေသည်။

"နောက်တော့် လိပ်ပြာဖြစ်သွားတယ်၊ သစ်ရွက်ဖြစ်သွားတယ်"

နောင်တော်သိဒ္ဓတ္ထသည် ထိုအချိန်မှစ၍ သုန္ဒရနန္ဒကို အယုံကြီးယုံ သွားတော့ကာ သူ၏အတွင်းရေးများကို ပြောပြတတ်သည်။

သုန္ဒရနန္ဒသည် ရွှေနန်းတော်ကြီးမှ ထွက်ခွာကာ နပန်းသမားအဖြစ်

အသက်မွေးခြင်းမှာ မည်မျှ မှန်ကန်ကြောင်းဖြင့် ပြောပြသည်။ ကျုပ်ကိုယ်တိုင်ပင် နောင်တော်ကဲ့သို့ သုန္ဒရနန္ဒကို အထင်ကြီးလျက်ရှိနေပြီ။

ကျုပ်တို့ မင်းညီမင်းသားများ၏ ပြိုင်ပွဲသို့ တဖြည်းဖြည်းနီးလာခဲ့ပေပြီ။ ထိုအတောအတွင်း၌ ကျုပ်သည် နောင်တော်သိဒ္ဓတ္ထ၏ ခန်းဆောင်သို့ သိပ်မသွားဖြစ်တော့ဘဲ နောင်တော်မှာ သုဇာတိအမည်ရှိ နပန်းသမားကလေးနှင့်သာ နပန်းကျင့်ရင်း အချိန်ကုန်တတ်သည်။

သုဇာတိမှာ အရပ်အမောင်းသင့်သင့်၊ အသားညိုညို၊ ဆံပင်နက်နက်နှင့်ဖြစ်ပြီး ပျော့ပျောင်းသော ကိုယ်ခန္ဓာရှိသူဖြစ်ရာ တစ်ခါတစ်ခါတွင် သူ့ကိုယ်ထဲတွင် အရိုးမှ ရှိပါလေစဟုပင် ကျုပ်စိတ်တွင် ထင်မိလေသည်။

သုဇာတိသည် ဗြဟ္မဏဘာသာတရားကို အလွန်ကိုင်းရှိုင်းသူဖြစ်ပြီး ခါးတွင် ဗြဟ္မဏမျိုးနွယ်တို့ ဝတ်သော စလွယ်ကို အမြဲဝတ်ဆင်တတ်သည်။ ကိုယ်တွင်လည်း ဗြဟ္မဏတို့ ဝတ်ဆင်သော အဖြူရောင်ခါးစည်းကို အမြဲဝတ်ဆင်တတ်ချေသည်။ သုဇာတိသည် ကျွမ်းကျင်သော ကချေသည်တစ်ဦးလည်း ဖြစ်၏။

တစ်နေ့သ၌ ကျုပ်သည် သုဇာတိနှင့်အတူ ဥယျာဉ်ထဲရှိ သရက်ပင်အောက်တွင်ထိုင်ရင်း သုဇာတိတေးဆိုသည်များကို နားထောင်နေစဉ် သူ့လက်ချောင်းကလေးများကို အမှတ်မထင် ကြည့်လိုက်မိသည်။

ကျုပ်သည် သရက်ကိုင်းများတွင် ချိတ်ဆွဲထားသည့် ဆီမီးများ၏ အရောင်တွင် သူ့လက်များကို ကြည့်နေသည်။ ထိုကြည့်လိုက်သည့်အခါတွင် ကြာကန်ဘေးတွင် ထိုင်၍ ကြာပွင့်များကို ကြည့်ကာ သမထကျင့်ရသည်ထက် သူ့လက်ချောင်းများကို ကြည့်၍ သမထကျင့်ရခြင်းက ပို၍ အာရုံရသည်ကို ကျုပ်သတိပြုမိတော့သည်။

သူ့လက်ချောင်းများသည် အမှန်အားဖြင့် အသက်ဝင်လှုပ်ရှားနေကြသည်။ အမှန်အားဖြင့် ကျုပ်တို့ဆရာများက သက်ရှိသတ္တဝါများကို ကြည့်၍ သမထကျင့်ရမည်ဟု ပညတ်ထားခဲ့သည်။ သို့ရာတွင် ကျုပ်သည် ထိုပညတ်များကိုလည်း သတိမရတော့။ ဆီလူးထားသဖြင့် ပြောင်လက် ညိုမောင်းသော လက်မောင်းအဖျားရှိ သွယ်ပျောင်းနေသော လက်ချောင်းများကိုသာ စိုက်ကြည့်မိသည်။

သုဇာတိသည် တေးဆို၍ ကလျက်ရှိသော သူ့လက်ချောင်းများသည် ကွေးချည်ဆန့်ချည်၊ ညွတ်ချည်ဆန့်ချည်ဖြစ်လျက်ရှိကြကာ အမြဲတစေ လှုပ်ရှားလျက်ရှိကြ၏။ လှုပ်ရှားနေကြသည့်တိုင် သူတို့လှုပ်ရှားပုံမှာ လွန်စွာမှပင် ကျက်သရေရှိရကား ကျုပ်သည် ထိုလက်များ လှုပ်ရှားနေခြင်းကိုပင် သတိမရ

တော့။ သို့ဆိုလျှင် လက်ချောင်းများ၌ သူတို့ကိုယ်ပိုင် ဝိညာဉ်ရှိသလော။ ဝိ ညာဉ်သည် လက်ချောင်းများအဖြစ် ကူးပြောင်းသွားနိုင်သလော။ မိမိကိုယ်ကို လက်ချောင်းအဖြစ် ပြောင်းလဲသွားအောင် လုပ်နိုင်လျှင် အကုသိုလ်ဖြစ်စေသ လော။ ကျုပ်အထင်တွင်မူ ထိုသို့မဖြစ်မိ။ သို့ဖြင့် ကျုပ်သည် သူ့လက်ချောင်း များကိုသာ ကသိဏ်းရှုကာ သမထကျင့်နေသည်။ သို့ကျင့်သည့်အခါတွင် ကျုပ်အာရုံသည် တည်ငြိမ်လျက်ရှိနေ၏။

ကျုပ်၏ ပတ်ဝန်းကျင်တွင် မမြင်ရသော အတားအဆီးတစ်စုံတစ်ခု သည် ရှိနေသည်ဟု ကျုပ်ထင်နေသည်။

ထိုအတားအဆီးကို လွန်မြောက်နိုင်လျှင် ထိုအတားအဆီး၏ အခြား တစ်ဖက်တွင် နယ်တစ်နယ်ရှိနေသည်ဟု ထင်နေသည်။ သို့ရာတွင် ထိုအတား အဆီးသည် မည်သို့သော အတားအဆီးနည်း။

ထိုအတားအဆီး၏ တစ်ဖက်တွင် မည်သို့သော နယ်ပယ်ရှိနေသ နည်း။

ထိုနယ်ပယ်ကို ကျုပ်သည် မပြောတတ်နိုင်ပြီ။ ကျုပ်သည် သမထ အကျင့်ကို ထို့ထက်ပို၍ ကျင့်ခြင်းမပြုတော့သဖြင့် ထိုအရာများကိုလည်း မမြင် ရတော့ပြီ။ တစ်ခါတစ်ရံတွင်မူ ထိုသို့ လက်ချောင်းများကို ကြည့်၍ သမထ ကျင့်လျှင် ဘုန်းတန်ခိုးစွမ်းပကား တစ်စုံတစ်ခုရလိမ့်မည်ဟု ကျုပ်ထင်နေ သည်။

ကျုပ်သည် နောင်တွင် ကာလအတန်ကြာသည့်အခါ ကောင်းကင် ဟင်းလင်းပြင်ကြီးရှိ ကြယ်ပွင့်လေးများအကြားတွင် ထိုလက်များ လှပစွာ လှုပ် ရှားနေကြပုံကို အိပ်မက်ထဲတွင် မြင်မက်နေဆဲပင် ရှိသေးသည်။ ယခုပင်လျှင် မီးပွင့်တွေ ထွန်းထားသည့် သရက်ကိုင်းများနှင့် ကြယ်ပွင့်ကလေးများ နောက် ခံတွင် လှုပ်ရှားနေကြသော သုဇာတီ၏ လက်ညိုညိုများသည် လှပသော ပန်း ပွင့်များ အသွင်ကို ဆောင်နေကြသည်။

ပြိုင်ပွဲမတိုင်မီ တစ်ည၌ နောင်တော်သိဒ္ဓတ္ထ၏ ခန်းဆောင်သို့ ရောက် လာခဲ့သည်။

နောင်တော်သည် ကျားရေခင်းထားသည့် ဖုံတစ်လုံးပေါ်တွင် လဲ လျောင်းလျက်ရှိနေသည်။ ကျုပ်တို့သည် ဦးရီးတော်မင်းကြီးပိုင်သော ရွှေနန်း တော်ကြီးမှ မြို့ရိုးအထိ ကျယ်ပြန့်သည့် ဥယျာဉ်ထဲတွင် ကျင်းပမည့် ပြိုင်ပွဲ ကြီးအကြောင်းကို ပြောနေကြသည်။ ယခုအချိန်တွင် အန်စာများကို ခေါက်၍ မဲနှိုက်ပြီးဖြစ်သဖြင့် ကျုပ်မှာ ဒေဝဒတ်နှင့် ယှဉ်ပြိုင်နပန်းသတ်ရန် မဲကျကြောင်း သိရ၏။

ခန်းဆောင်ထဲရှိ ထောင့်တစ်ထောင့်တွင်မူ ဟိန်းနေသော ကျားသစ်ဖြူလေးကို မြင်ရသည်။ နောင်တော်သည် ကျားသစ်ကို ယဉ်ပါးအောင် လုပ်ခဲ့ပြီးပြီလော။ သို့တည်းမဟုတ် ကျားသစ်ဖြူ၏ ပါးစပ်ကို ဝါးချပ်တင်ထားသည်လောဆိုသည်ကိုမူ ကျုပ်သည် မပြောတတ်ပြီ။ ထိုစဉ် နောင်တော်က ယှဉ်ပြိုင်ပွဲတွင် အနိုင်ရသူအား ယသော်ဓရာဒေဝီနှင့် ပေးစားရန် အစီအစဉ်ရှိသည်ဟု ကြားရကြောင်း ပြောသဖြင့် ကျုပ်သည် အံ့အားသင့်ရသည်။

ကျုပ်က ထိုသတင်းမှန်မမှန်ကို ထပ်၍ မေးလိုက်၏။

"သေချာပါတယ် ညီတော်ရ၊ ဒီအစီအစဉ်ကို ယသော်ဓရာဒေဝီကလည်း လက်ခံတယ်၊ အမှန်ကတော့ ယသော်ဓရာဟာ တစ်ဦးတည်းသော ခတ္တိယနွယ်ဖွားမင်းသမီးတစ်ပါးပဲ မဟုတ်လား၊ ခုဆိုရင် သူလည်း အသက်ဆယ့်ငါးနှစ်ရှိပြီဆိုတော့ စုလျားရစ်ပတ်လက်ထပ်ဖို့ အချိန်ရောက်ပြီပေါ့၊ သူ့ကို မာန်နတ်မင်းသားကလည်း လိုချင်နေတယ်"

"နောင်တော်မစိုးရိမ်ဘူးလား"

ယသော်ဓရာ၏ ပုံတူကို သူမြတ်မြတ်နိုးနိုးကြည့်ခဲ့ဖူးသည်ကို သတိရသဖြင့် ကျုပ်က မေးလိုက်သည်။

"မစိုးရိမ်ပါဘူး ညီတော်၊ ငါ့မှာ တဏှာပေမနဲ့ ပတ်သက်တဲ့ အချစ်ရယ်လို့မှ မရှိတာ၊ ငါဟာ ယသော်ဓရာဒေဝီကို ကြင်နာကောင်းကြင်နာမယ်၊ မေတ္တာသက်ဝင်ကောင်း သက်ဝင်မယ်၊ ဒါပေမဲ့ တဏှာပေမနဲ့ ယှဉ်တဲ့စိတ်မျိုးရယ်လို့ မရှိပါဘူး၊ မြတ်နိုးစုံမက်တာမျိုး မရှိပါဘူး၊ ငါဟာ စကြဝဠာကြီးကို မြတ်နိုးကောင်းမြတ်နိုးမယ်၊ ဖြစ်ခဲ့တဲ့နေရာတွေ၊ ဖြစ်ပျက်နေတဲ့အရာတွေနဲ့ ဖြစ်လတ္တံ့သော အရာတွေကို မြတ်နိုးကောင်းမြတ်နိုးမယ်၊ ဒါပေမဲ့ တစ်ယောက်တည်းသော မိန်းမကိုမှ မြတ်နိုးတယ်ဆိုတာမျိုးကတော့ ကြာပွင့်တစ်ပွင့်ကို မြတ်နိုးတာမျိုးလို အဓိပ္ပာယ်ကင်းမဲ့ရာ ရောက်တော့မှာပေါ့၊ ယသော်ဓရာဒေဝီကို ညီတော်ဖြစ်စေ၊ ဒေဝဒတ်ဖြစ်စေ၊ သုန္ဒရနန္ဒဖြစ်စေ ပိုင်ဆိုင်သွားတယ်ဆိုရင်လည်း ငါ့အဖို့တော့ သိပ်ပြီးမထူးလှပါဘူး"

ကျုပ်က ယခုကဲ့သို့ ပြိုင်ပွဲဝင်၍ ကြင်ယာတော်ရွေးခြင်းကိစ္စမျိုးမှာ ယခင်က တစ်ခါဖူးမျှ ရှိသည်ဟု မကြားဖူးခဲ့ကြောင်း၊ ဤသို့ ယှဉ်ပြိုင်ရခြင်းသည် ယှဉ်ပြိုင်ပွဲကိုပါ ပျက်စီးစေတတ်ကြောင်းဖြင့် ညည်းတွားပြောဆိုသည့်အခါ နောင်တော်သည် နတ်ဘုရား ကရိသျှဏနှင့် ဂေါဝီတို့၏ ပုံတော်များကို ရေးခြယ်ထားသည့် အစိမ်းရောင်နှင့် ရွှေရောင်မျက်နှာကြက်ကို မော့ကြည့်ရင်း

"ဒီလိုဆိုရင် အားလုံးပျက်စီးသွားတော့မှာပေါ့"

"ဘာဖြစ်လို့လဲ နောင်တော်"

"ဩော် နောင်တော်တို့တစ်တွေ ဝင်ပြီး ယှဉ်ပြိုင်ခြင်းမပြုတော့ဘူးဆိုရင် ကြည့်တဲ့လူတွေမှာ အရသာ ပျက်ကုန်တော့မှာပေါ့၊ သူတို့ကတော့ မင်းသားဟာဖြင့် စစ်ရထားကို ဘယ်လိုမောင်းတာ၊ ဘယ်မင်းသားကဖြင့် လေးညှို့ကို ဘယ်လိုဆင်တာ၊ ဘယ်မင်းသားကဖြင့် ဆင်ကို ဘယ်လိုချွန်းဖွင့်တာစသည်ဖြင့် ကြည့်ပြီး မျက်စိအရသာ၊ ပါးစပ်အရသာ ခံချင်ကြတာ မဟုတ်လား၊ ညီတော်တို့၊ နောင်တော်တို့ ဝင်မပြိုင်ဘူးဆိုရင် သူတို့ ဘယ်မှာ အရသာခံလို့ရပါ့မလဲ၊ ပြိုင်ပွဲရဲ့ အဓိပ္ပာယ်ဟာလည်း အလကားဖြစ်သွားတော့မှာပေါ့"

"ဒါတော့ နောင်တော်က တမင်သက်သက် ရွဲ့ပြောတာ ထင်တယ်"

"ရွဲ့ပြောတာ မဟုတ်ဘူး အာနန္ဒာ၊ တကယ်ပြောနေတာ၊ အမှန်ပြောရရင် ငါဟာ ဘုရင်လုပ်ရမှာကို ငြီးငွေ့နေပြီ၊ ဘုရင့်သားတော်ဖြစ်ရတာကိုလည်း ငြီးငွေ့နေပြီ၊ ငါ့ရဲ့ အတိတ်ဘဝတွေမှာ ဘုရင်ဖြစ်ခဲ့တဲ့ ဘဝတွေကို များလှပြီ၊ တိရစ္ဆာန်ဘဝမှာတောင် ငါဟာ ဘုရင်ဖြစ်ခဲ့ဖူးတာပဲ၊ ဘုရင်ဖြစ်ရတာဟာ တယ်ပြီးတော့ နွမ်းနယ်ကုန်ခမ်းစရာကောင်းတဲ့ဘဝပေပဲ အာနန္ဒာ၊ ဘုရင်များမှာ ပြည်သူတွေနဲ့ပတ်သက်လို့ လေးနက်ကြီးလေးတဲ့ တာဝန်ဝတ္တရားကြီးတွေရှိသည့်တိုင် ပြည်သူတွေကို ကျေနပ်အောင် လုပ်နေရတာကိုက ငြီးငွေ့စရာ ကောင်းလှတယ်၊ ငါဟာ ဒီလူတွေကို ပျော်ရွှင်နေရအောင် လုပ်ရတာမျိုး မလုပ်ချင်ဘူး အာနန္ဒာ၊ ငါဟာ လူတွေကို မေတ္တာထားပါတယ်၊ လူတွေမှာရှိတဲ့ အရည်အချင်းတွေ၊ ထူးခြားချက်တွေကိုလည်း တန်ဖိုးထားပါတယ်၊ ဒါပေမဲ့ အာနန္ဒာ ငါ့ခမည်းတော်နဲ့တကွ ငါ့ဆွေတော်မျိုးတော်တွေဟာ လူတွေကို ဘယ်လိုကျေနပ်အောင် လုပ်ခဲ့ကြတယ်၊ သူတို့ကိုယ်တိုင် မြှောက်ပင့်ခံရရင်လည်း သူတို့ဘယ်လောက် ကျေနပ်နေတယ်ဆိုတာကို မြင်ခဲ့ဖူးပေါင်းများလှပြီ၊ ဒီတော့ ဒါတွေ ကိုကြည့်ပြီး ဘုရင်မျိုးနွယ် ဖြစ်ရမှာကို စက်ဆုပ်လာတယ်၊ ဒါကြောင့် နောင်ဘဝများမှာ ရှင်ဘုရင်မဖြစ်ပါစေနဲ့လို့ ငါဆုတောင်းတယ်"

"ဒီလိုဆိုရင် မေးပါရစေဦး နောင်တော်၊ ညီတော်တို့အားလုံးရဲ့ တာဝန်ဟာ ညီတော်ရဲ့ ဘိုးဘွားတွေ၊ မိဘတွေ၊ ပညာရှိသုခမိန်တွေ၊ လူတွေ၊ နတ်တွေကို ပျော်ရွှင်မှု စည်းစိမ်ပေးဖို့ပဲ မဟုတ်လား"

"မဟုတ်ဘူး အာနန္ဒာ၊ ပျော်ရွှင်မှု စည်းစိမ်ကို ငြိမ်းအောင်လုပ်ဖို့၊ ပျော်ရွှင်မှုစည်းစိမ်ကို သတ်ပစ်ဖို့"

ကျားသစ်ဖြူလေးမှာ ခန်းဆောင်ထဲတွင် ထိုမှဤမှ သွားလာလျက်ရှိ၏။

ပုလဲကန့်လန့်ကာကွယ်မှ အဖျော်ယမကာတို့ကို ငွေခွက်ထဲသို့ ငှဲ့နေသံများကို ကြားနေရသည်။

ကျုပ်သည် ထိုင်ခုံပေါ်တွင် တင့်တယ်စွာ လဲလျောင်းလျက်ရှိနေသည့် နောင်တော်ကို ကြည့်ရင်း နောင်တော်သည် အဘယ်ကြောင့် ထိုစကားမျိုးကို ပြောနေသနည်းဟု စဉ်းစားမရနိုင်အောင် ဖြစ်ရသည်။

နောင်တော်သည် ပင်ပန်းလွန်းသောကြောင့် ထိုစကားမျိုးကို ပြောလေသလော။ ယခင်တုန်းက နောင်တော်သည် လေးတင်ပွဲကျင်းပမည့်ရက်ကို စောင့်မျှော်ကာသာ စိတ်အားထက်သန်ခဲ့၏။

နောင်တော်တွင် အဘယ်ကြောင့် ထိုစိတ်အားထက်သန်မှုတို့ ရုတ်ခြည်း လျော့ပါးသွားလေခဲ့ရသနည်း။ ယခုမူ နောင်တော်သည် လေးတင်ပွဲကိုလည်း တန်ဖိုးထားဟန်မတူတော့။

အရင်တုန်းကလည်း နောင်တော်သည် ထိုသို့လောကီကို ငြီးငွေ့သည့် စကားများကို ဆိုခဲ့ဖူးပြီ။ ဘုရင်၏ သားဖြစ်ရခြင်းသည် စိတ်ပျက်ဖွယ်ကောင်းကြောင်း၊ ကံကြမ္မာ၏ ဝန်ထုပ်ဝန်ပိုးမည်သည် အလွန်လေးလှကြောင်း၊ မိမိသည် နိုင်ငံတာဝန်များကို ငြီးငွေ့လာကြောင်း၊ နပန်းသမားတစ်ယောက်ဖြစ်ကာ နိမ့်မြင့်မရွေး လူအားလုံးနှင့် ရောနှောနေရခြင်းက ပို၍ကောင်းကြောင်း၊ ပရမတ္တဟူသော အရာနှင့်ပေါင်းစည်းရန် အစဉ်အမြဲအားထုတ်ကြိုးပမ်းနေခြင်းကို စိတ်ပျက်ကြောင်း၊ လောကကြီးတွင် အထီးတည်းနေရခြင်းသည် မကောင်းကြောင်း၊ နောက်ဆုံး၌ ပန်းပွင့်၊ နေစကြာ၊ ကြာဖူး၊ ရွှံ့ခဲ စသည့်အရာများ အပါအဝင်ဘာမှ ဖြစ်လိုစိတ်ပင်မရှိတော့ကြောင်းဖြင့် အလျဉ်းသင့်သလို ကျုပ်ကို ပြောခဲ့ဖူးသည်။

ထိုစဉ်တုန်းက ကျုပ်သည် သူ့စကားများကို အရေးတကြီးမထားခဲ့။

သူ့နှုတ်ခမ်းပေါ်မှ အပြုံးသည် ပျောက်ကွယ်သွားသကဲ့သို့ ထိုစိတ်ကူးများသည်လည်း အချိန်တန်လျှင် ပျောက်ကွယ်သွားလိမ့်မည်ဟု ကျုပ်ထင်ခဲ့သည်။

သို့ရာတွင် ယခုမူ နောင်တော်သည် "သံယောဇဉ် အနှောင်အဖွဲ့တို့ကို ဖြတ်တောက်ပစ်ရမည်ဟူ၍လည်းကောင်း၊ ကာမဂုဏ်စည်းစိမ်ချမ်းသာတို့ကို သတ်ပစ်ရမည်"ဟူ၍လည်းကောင်း ပြောဆိုလာပြန်သောအခါတွင် နောင်တော်

တွင်ရှိခဲ့သော စိတ်ကူးတို့သည် ပိုမို၍ ကြီးမားသော ထုထည်ဖြင့် ပြန်လည်ပေါ် ပေါက်လာကြပြန်လေပြီဟု ကျုပ်သံသယစိတ်ဖြစ်လာမိသည်။

ကျားသစ်ဖြူလေးမှာ သူ့ခြေရင်းတွင် ဆောင့်ကြောင့်ထိုင်ကာ သူ့ဒူး ကို လျှာဖြင့် လျက်လျှက်ရှိနေ၏။ ဆီမီးများသည် လင်းထိန်စွာ တောက်ပလျက် ရှိပြီး အုတ်ကြွပ်မိုးပေါ်သို့ မိုးစက်များ တဖြောက်ဖြောက်ကျသံကို ခပ်ညင်း ညင်းလေး ကြားနေရသည်။

"ကာမဂုဏ် စည်းစိမ်ချမ်းသာတွေကို သတ်ပစ်ရမယ်ဆိုတာ တကယ်ပြောတာလား နောင်တော်။ ဒါဖြင့်ညီတော်တို့မီးထွန်းပွဲတော် ကို မသွားသင့်တော့ဘူးပေါ့။ ဝတ်ကောင်းစားလှတွေကို မဝတ်သင့် တော့ဘူးပေါ့။ ပိုးဖဲကတ္တီပါတွေ ကျောက်မျက်ရတနာတွေကို မဆင် သင့်တော့ဘူးပေါ့။ ညီတော်တို့ တစ်တွေလည်း ပျော်ပျော်ပါးပါး မနေသင့်တော့ဘူးပေါ့"

"ဟုတ်တယ် ညီတော်၊ လောကမှာ ကာမဂုဏ်စည်းစိမ်ချမ်းသာ နဲ့ ဆင်းရဲဒုက္ခနှစ်ခုစလုံးဟာ ကြောက်စရာကောင်းတာချည်းပဲ၊ ဒါ ပေမဲ့ ကာမဂုဏ် စည်းစိမ်ချမ်းသာက ဆင်းရဲဒုက္ခထက် ပိုပြီး နာ ကျင်စေတယ်၊ လောကကြီးမှာ ကာမဂုဏ်စည်းစိမ်ချမ်းသာလည်း မရှိ၊ ဆင်းရဲဒုက္ခလည်း မရှိတဲ့နေရာများမှာ နေချင်စမ်းပါဘိတော့ ညီတော်ရယ်၊ လောကမှာ အဲဒီလို နေရာမျိုးများရှိရင် ဘယ်လောက် များ ကောင်းလိုက်လေမလဲ"

"နတ်တွေမှာရော ကာမဂုဏ်စည်းစိမ်းချမ်းသာ ရှိတယ်မဟုတ် လား"

"မိမိကိုယ်ကို မိမိ မြတ်တယ်လို့ ထင်နေတာဟာ စည်းစိမ်ချမ်း သာ လို့ထင်နေရင် နတ်တွေမှာလည်း အဲဒီစည်းစိမ်ချမ်းသာရှိတယ် ညီတော်၊ ဒီလိုချည်းသာနေရရင် ဘယ်လောက်များ ငြီးငွေ့စရာ ကောင်းလိုက်မလဲ၊ ငါကတော့ လောကသစ်တစ်ခု၊ ကမ္ဘာသစ်တစ်ခု၊ ဘုံသစ်တစ်ခု ရောက်ချင်တယ်၊ အဲဒီဘုံဟာ နတ်တွေရဲ့ဘုံလည်း မဟုတ်ဘူး၊ အဖန်ဖန်အလဲလဲ ပြန်ပြီး မွေးဖွားနေတဲ့ ဘုံလည်းမဟုတ် ဘူး။ လူတွေ မှီတင်းနေထိုင်တဲ့ ဟောဒီလောကီဘုံကြီးလည်း မဟုတ်ဘူး။ ဒီဘုံတွေကို ငါပြန်မရောက်ချင်ဘူး"

နောင်တော်သည် စူးရှသည့် အသံတော်ဖြင့် ထိုစကားများကို လေး နက်စွာ ပြောဆိုနေလျက်ရှိ၏။

ကျုပ်သည် မည်သို့ပြုရမည်မသိဘဲ နောင်တော်ကို ငေးကြည့်ရင်း

“နောင်တော် ညီတော်ရယ်လေ၊ အာနန္ဒာလေ၊ သတိထားလေ နောင်တော်”ဟု ပြောနေမိသည်။

ကျုပ်သည် နောက်ဆုံး၌ ဘာမှ မတတ်နိုင်တော့ဘဲ မနက်ဖြန်လေး တင်ပွဲအကြောင်းကိုသာ တွေးနေမိသည်။

တလူလူလွင့်နေသော တံခွန်များ၊ ခရုသင်းသံများ၊ လေးတင်ပွဲမှ ညာသံများ၊ စစ်ရထားဘီးသံများ၊ ခားလုံတို့၏ တချွင်ချွင်မြည်သံများကို မြင်ယောင်ကြားယောင်လာသည်။

အတန်ကြာတော့မှ နောင်တော်သည် မိမိစိတ်ကို ပြန်၍ သိမ်းဆည်းဟန်ဖြင့် ငြိမ်ကျသွားသည်။ ကျားသစ်ဖြူမှာ သူ့ခြေရင်းတွင် ထိုင်နေရင်း သူ့ခြေထောက်များကို လျက်ပေးနေသည်။

“နောင်တော့်အနားမှာ ညီတော်ရှိနေတဲ့အတွက် နောင်တော်ဝမ်းသာတယ် အာနန္ဒာ၊ ငါ့ခေါင်းထဲမှာလည်း ထူးဆန်းတဲ့ အတွေးတွေ ပေါ်နေတယ်၊ အိပ်လို့လည်း မရဘူး၊ လေးတင်ပွဲမှာ ငါအနိုင်ရလိမ့်မယ်လို့ ထင်နေပေမဲ့ ဒီလိုအနိုင်ရတာဟာ အချည်းနှီးပဲလို့ ငါ့စိတ်ထဲမှာ ထင်နေတယ်၊ ရှေ့ကို ငါခြေလှမ်းသုံးလှမ်း လှမ်းလိုက်ရင် ဘယ်တော့မှ မဆုံးနိုင်တဲ့ လမ်းကြီးကို တွေ့ရတော့မယ်၊ ဒါပေမဲ့ ဘယ်ဘက်ကို ခြေလှမ်းနှစ်လှမ်း လှမ်းလိုက်ရင် အင်မတန်နက်တဲ့ ချောက်ကမ်းပါးကြီးကို တွေ့ရတော့မယ်၊ လူသတ္တဝါရယ်လို့ ဖြစ်လာတော့ တွေးတယ်၊ ကြံတယ်ဆိုတာတွေ ပေါ်လာတယ်၊ တိရစ္ဆာန်များမှာတော့ တွေးလည်း မတွေးဘူး၊ ပူပင်သောကလည်း မရှိဘူး၊ ဝမ်းသာတာလည်း မရှိဘူး”

“သိပ်ပြီးတော့လည်း တွေးမနေပါနဲ့ နောင်တော်ရယ်၊ တွေးတောတာဟာ ပင်ပန်းပါတယ်”

“မတွေးလို့မရဘူး ညီတော်၊ ငါတွေ့ကြုံနေရတဲ့ အဖြစ်တွေကို ဘယ်မှာ မတွေးဘဲ နေလို့ရပါ့မလဲ၊ ခု ငါ့ကို ကြည့်စမ်း၊ ငါက ထိုင်ခုံပေါ်မှာ လဲလျောင်းလို့၊ အစေတော်တွေက ငါ့ကို ယပ်ခတ်ပေးကြပြီး ငါ့အနားမှာ ခစားကြလို့၊ ဒီတော့ ငါရောက်နေတဲ့ ပတ်ဝန်းကျင်ကိုငါ မသာယာဘဲ၊ မပျော်မွေ့ဘဲ နေနိုင်ပါ့မလား၊ လူတိုင်းပဲ ဒီလိုပဲ သာယာမိကြမှာပဲ၊ ဒါပေမဲ့ တကယ်တွေးကြည့်လိုက်တဲ့အခါကျတော့ ဒီအရာတွေဟာ ဘာမှ မက်မောစရာ မဟုတ်ပေဘူး ညီတော်၊ ငါဟာ သျှီဝနတ်မင်းလိုပဲ အဆိပ်ရည်များကို သောက်သုံးမိလို့လားမသိဘူး၊ ငါ့စိတ်တွေဟာ မငြိမ်သက်ဖြစ်လွန်းတဲ့အခါမှာ ငါဟာ မောပန်း အား

ကုန်သွားစေတဲ့ အတ္တကိုလမထအကျင့်တွေ ကျင့်ရတယ်၊ အဲဒီ အခါကျတော့ ငါ့စိတ်ဟာ အနည်းငယ်တည်ငြိမ်သွားတယ်၊ ဒီတော့ ငါ့စိတ်ကို ထာဝရ ငြိမ်းချမ်းရအောင် အတ္တကိုလမထအကျင့်ကိုပဲ ကျင့်ရတော့မလား၊ ဒါမှမဟုတ် ကဗျာလင်္ကာတွေကိုပဲလေ့လာနေရ မလား၊ ဒါမှမဟုတ်ရင်လည်း ကြင်ဖက် သက်နံ့တွေကို ရှာရမလား၊ ကလေးတွေကို မွေးပြီး ပျိုးထောင်ပေးရမလားဆိုပြီး ငါစဉ်းစားကြည့် နေတယ်၊ ဒါပေမဲ့ ဒီအရာတွေဟာလည်း စိတ်ကိုတည်ငြိမ်အောင်၊ တကယ် ငြိမ်းချမ်းအောင် တတ်နိုင်မှာ မဟုတ်ပါဘူးလို့ ငါထင်တယ် ညီတော်"

"ညဉ့်နက်ပြီ နောင်တော်၊ အိပ်ကြစို့၊ မနက် အရဏ်တက်ကျရင် လေးတော်တင်ပွဲကို ဝင်ရဦးမယ်၊ လေးတင်ပွဲမှာ နောင်တော်မပါဘူး ဆိုရင် ဦးရီးတော်မင်းကြီး စိတ်ဆိုးလိမ့်မယ်"

သို့ရာတွင် နောင်တော်သည် ကျုပ်စကားကို ကြားဟန်မရှိ။

ထိုမနက်ခင်းလောက် သာယာသော မနက်ခင်းရှိမည် ကျုပ်မထင်။ မြက်ခင်းတို့သည် ငွေရောင်တောက်ပသော အခိုးအငွေ့တွေ ပျံ့နေလျက်ရှိ၏။

သစ်ပင်များသည် အသီးတို့ဖြင့် ပြွတ်သိပ်လျက်ရှိ၏။

မြို့ရိုးမှ ရွှေနန်းတော်ကြီးတိုင် ကျယ်ဝန်းသည့် ဥယျာဉ်ကြီးထဲတွင် ပန်းနံ့၊ သစ်သီးနံ့ စသည့် အနံ့ပေါင်းစုံတို့နှင့် လန်းဆန်းမှုသည် တစ်ခါမျှ သည်မျှ မရှိစကောင်း၊ သရက်ပင်များအောက်တွင် ထိုးထားသည့် ရွက်ထည်တဲ ဖြူဖြူလေးများကို မြင်ရ၏။

တံခွန်ရောင်များနှင့် အဝါရောင်ပိုးသားအောင်လံကြီးများသည် ပြအိုး များပေါ်တွင် တလူလူလွင့်လျက် ရွှေရောင်၊ စိမ်းပြာရောင်၊ နီညိုရောင်တို့ ရော စွက်နေသည့် ဒေါင်းများက အတောင်တို့ကို ဖြန့်ကာ သရက်ပင်များအောက် တွင် လမ်းသလားနေကြသည်။

ရေကန်ထဲတွင် ငန်းနက်တို့က ကူးခတ်လျက်၊ ဥယျာဉ်ကြီးထဲတွင်ရှိ သည့် ကန်ကြီးလေးကန်မှာ မြစ်နီမြစ်ကို သွယ်ယူထားသည့်အတွက် ကန်ရေ ပြင်သည် အုတ်ခဲနီရောင်ရဲလျက်၊ နန်းဆောင်များ၊ ပြအိုးများ၊ ပန်းဦးစမုတ် ဆောင်များသည်လည်း ဆေးသစ်ခြယ်ထားသည့်အတွက် သစ်လွင်တောက်ပ နေကြ၏။ ပန်တျာသည်တို့မှာ သားမင်းအင်္ကျီများဝတ်ကာ ခါးတွင်ဓားများကို ချိတ်ထားကြသည်။

ကျောက်သံပတ္တမြားတို့ စီခြယ်ထားသည့် ဓားနှောင့်များသည် ဂီတ ကို စည်းလိုက်ပေးသည့်နှယ် တစ်ချက်တစ်ချက်တွင် ပြိုးခနဲ ပြက်ခနဲ တောက်

ပသွားကြ၏။ ခရုအသံများကို ကြားရပြီးနောက် လေးတင်ပွဲစသည်နှင့် တစ်ကွင်းလုံးတိတ်ဆိတ်သွားသည်ကို ကျုပ် ယခုတိုင်ပင် သတိရနေသေးသည်။

ကျုပ်တို့မှာ နောက်ဆုံးမှ ယှဉ်ပြိုင်ရ၏။ မနမင်းသားမှာ လေးတင်ပွဲကို ကြီးကြပ်သူဖြစ်ပြီး ထိုအခမ်းအနားတွင် ရွှေငှက်တောင်၊ ရွှေကိုယ်ကျပ်အင်္ကျီ၊ ဒူးကျဘောင်းဘီနှင့် ရွှေခြေနင်းစသည့် စစ်သူရဲအဆောင်အဆောင်အပြည့်ဝတ်ဆင်ထား၏။ အချို့မင်းသားများမှာ သွေးစပ်ထားကြသဖြင့် အချို့က ဆံပင်ဝါလဲ့လဲ့၊ အချို့က ဆံပင်ကြေးနီရောင်၊ အချို့က ဆံပင်နက်နက်စသည်ဖြင့် အရောင်အသွေးများစုံလျက်ရှိကာ ငှက်တောင်စိုက်မောက်လူများကို ဆောင်းထားကြပြီး ကျောတွင် ကျည်တောက်ဘူးများကို လွယ်ထားကြသည်။

ရှုခင်းတစ်ခုလုံးသည် မူးယစ်ဝေရီစရာကောင်းလောက်အောင်ပင် ကြီးကျယ်ခမ်းနားနေသည်။ ဂီတသံကြောင့်လော။ ကန်ကြီးလေးကန်မှ ရေတို့၏ အရောင်ကြောင့်လော။ ဤမျှများပြားသော မင်းပျိုမင်းလွင်တို့ကြောင့်လော ကျုပ်မသိနိုင်ပြီ။

လေးတင်ပွဲသို့ အနိုင်နိုင်ငံမှ သံတမန်များလည်း လာရောက်ကြသည်။ မင်းဝင်းအတွင်း၌ မြင်းချောကြီးများကို စီးကာ အထူးထူးသော ဝတ်စုံများကို သက်ဆိုင်ရာနိုင်ငံအလိုက် ဝတ်ဆင်ထားကြသည်။

မင်းဝင်းထဲတွင် ရာဇဂြိုဟ်ပြည်ဘုရင် ဗိမ္ဗိသာရမင်းကြီးကိုလည်းကောင်း၊ ကောလိယမင်းသားများကိုလည်းကောင်း၊ မလ္လာမင်းများကိုလည်းကောင်း၊ အပြည်ပြည်မှ သံအဖွဲ့များကိုလည်းကောင်း မြင်ရသည်။

အချို့က ကျွန်များကို လက်ဆောင်ပဏ္ဏာအဖြစ် ယူလာခဲ့ကြ၏။

အချို့ကလည်း ဝက်ဝံရေကြီးများကို ခြုံကာ မုတ်ဆိတ်ကျင်စွယ်များ အပြိုင်းပြိုင်းဖြင့် သူတို့ ကိုးကွယ်သော ပုစ္ဆာန်းဆရာများကို ပင့်လာခဲ့ကြ၏။

အသားညိုညို၊ လင်းယုန်မျက်လုံး၊ ကျွဲရိုင်းတို့၏ ပခုံးမျိုးဖြင့် သန်မာတောင့်တင်းသော သာဂလတိုင်းသားတို့ကိုလည်း တွေ့ရသည်။ ယင်းတို့အားလုံးသည် မိမိတို့ မျိုးရိုး၏ ဝတ်စုံကို ဝတ်ဆင်ကာ လေးတင်ပွဲသို့ လာနေကြသည်။ ရောက်ပြီးဖြစ်သူများတွင်လည်း အချို့က သစ်ရိပ်တွင် ထိုင်လျက်၊ အချို့က ကွမ်းဝါးလျက်၊ အချို့က ရပ်လျက်။

သို့ရာတွင် ထိုအရာများထက် လှပသည့်အရာမှာ မြို့ရိုးမှသည် ရွှေနန်းတော်ကြီးတိုင်အောင် ကျယ်ပြန့်သည် ဥယျာဉ်ကြီးဖြစ်လျက် ထိုဥယျာဉ်ထဲရှိ သစ်ပင်ရိပ်များအောက်တွင် ဒရယ်များသည် ဟိုမှသည်မှ သွားလာမြူးထူးနေကြသည်။

ဒေါင်းများကလည်း ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်သူများနှယ် အတောင်ကို ဖြန့်ကာ လူးလားလျက်ရှိကြသည်။

မိုးစက်များမှာ သစ်ရွက်များပေါ်တွင် တင်နေဆဲဖြစ်ပြီး ငွေရည်ကို လောင်းချလိုက်သကဲ့သို့ နေခြည်တို့ ဖြာကျသည့်အခါတွင်မူကား အရာအားလုံး သည် သတ္တုကဲ့သို့ တလက်လက်တောက်ပနေကြသည်။

ရေပန်းရေမြွှာတို့က ဖြာထွက်လျက်၊ မြင်းများက ခေါင်းလည်တဆန့် ဆန့်ဖြင့်ရှိကြသဖြင့် ချူသံတို့က တချွင်ချွင်မြည်လျက်။

ထိုနေ့ကို ကျုပ်ပြန်စဉ်းစားလိုက်လျှင်ပင် ကျုပ်စိတ်ထဲတွင် ယခုတိုင် လှုပ်ရှားနေဆဲဖြစ်သည်။

အရောင်အသွေးတို့ကြောင့်လည်း မဟုတ်။

အနံ့အသက်တို့ကြောင့်လည်း မဟုတ်။

ပြိုင်ပွဲကြောင့်လည်း မဟုတ်။

အသံတို့ကြောင့်လည်း မဟုတ်။

နေရောင်တွင် တပြောင်ပြောင်လက်နေသော သတ္တုရောင်တို့ကြောင့် လည်းမဟုတ်။

ပြာလဲ့တောက်ပနေသော ကောင်းကင်ကြီးအောက်တွင် ထိုအရောင်၊ ထိုအသွေး၊ ထိုအနံ့၊ ထိုအသံပေါင်းစုံတို့၏ အစုအဝေးကြီးနှင့် အဝေးသို့တိုင် မှိုင်းပြာနေသည့် သစ်ပင် မဟာတောတောင်ရေမြေစသည့် ရုပ်ဒြပ်အပေါင်းတို့ ကြောင့် ကျုပ်သည် ရှုခင်းတို့ကို ယနေ့တိုင် မမေ့နိုင်သေး။ ကျုပ်တို့ရပ်နေရာ အမြင့်မှ ကြည့်လိုက်သည့်အခါ၌ အရာအားလုံးတို့သည် သေးငယ်လျက်ရှိကာ စစ်တုရင်ခုံပေါ်မှာ တင်ထားသည့် အသွေးအရောင်စုံ ကျောက်မျက်ရတနာပွင့် များနှင့်တူနေသည်။

အချိန်မှာ မနက်ဆယ်မောင်းခန့်ရှိလေပြီ။

ထိုစဉ် ဘာကြောင့်မှန်းမသိ။ ရုတ်တရက်နှင်းတွေ တဖွဲဖွဲကျလာကာ လူများ၊ အသံများ၊ တံခွန်များသည် မှုန်ဝါးဝါးဖြစ်သွားကြသည်။

ဆင်များ၊ ကုလားအုပ်များပေါ်တွင် စိုက်ထားသော အသံများသည် နှင်းဖြူဖြူများကြားတွင် ဟိုမှ သည်မှ ရွေ့လျားလျက်ရှိနေကြသည်။

ပန်းပွင့်များ၊ သစ်ပင်များ၊ ကြိုးဝိုင်းထားသည့် စင်မြင့်များကိုလည်း မမြင်ရတော့။ သံခမောက်မည်းမည်းနှင့် မြင့်မားသော ကိုယ်လုံးကိုယ်ထည်ရှိ သည့် သတ္တဝါကြီးများကိုသာ မြင်ရတော့သည်။

ကန်ကြီးလေးကန်မှာမူ အရိပ်ကြီးများသဖွယ် ဖြစ်နေသည်။

နောင်တော်သိဒ္ဓတ္ထက

"ကြည့်စမ်း ညီတော်၊ စောစောက မြင်လိုက်ရတဲ့ အရာတွေဟာ မှုန်ဝါးသွားကြတယ်၊ စောစောက ထင်ထင်ရှားရှားမြင်ရတဲ့အရာတွေ ဟာ ပုံသဏ္ဍာန်တစ်မျိုးကို ဆောင်သွားကြတယ်၊ အဲဒါ ဝိပလ္လာသပဲ၊ မာယာပဲ၊ နောက်ပြီး ဘာဖြစ်ဦးမလဲ မသိသေးဘူး၊ နှင်းတွေပျောက် သွားရင် ဆင်တွေ၊ မြင်းတွေဟာ ပြောင်းပြန် ဓောက်ထိုးတွေ ဖြစ်ကုန် ကြမလား မသိဘူး"

သို့ရာတွင် ဘာမှမဖြစ်။ နှင်းများသည် ရတ်တရက်ဝေဆိုင်းလာသ ကဲ့သို့ ယခုချိန်တွင်လည်း ရုတ်ခြည်းပျောက်ကွယ်သွားကြသည်။ နန်းတော်နှင့် တကွ ဥယျာဉ်ရှုခင်းကြီးတစ်ခုလုံးမှာ ထင်ထင်ရှားရှားမြင်လာရသည်။

သည်လိုအဖြစ်မျိုးသည် တောင်ပိုင်းရာသီဥတုတွင် ဖြစ်လေ့ဖြစ်ထရှိ သည်ကို ကျုပ်သိပြီးဖြစ်သည်။ အထူးသဖြင့် ဇာရာဏသီပြည်တွင် ဖြစ်မြဲဖြစ် ၏။

ထိုအရာမျိုးကို ကျုပ်တို့တောင်ပိုင်းသားတို့က နှင်းတံလျှပ်တစ်မျိုး ဟု ခေါ်ကြသည်။ ရတ်တရက် နှင်းမြူတို့ ဝေဆိုင်းလာကြပြီးနောက် ရုတ်တ ရက်ကြည်လင်သွားခြင်းဖြစ်သည်။ သို့ရာတွင် ယခုလို ပြိုင်ပွဲကျင်းပချိန်တွင် တိုက်တိုက်ဆိုင်ဆိုင်ဖြစ်လာခြင်းကမူ အံ့သြစရာကောင်းနေသည်။

ထိုအချိန်မှာ နှစ်လည်မင်္ဂလာအခါ တစ်ခုနှင့်လည်း တိုက်ဆိုင်နေ သည်ဟု ကျုပ်မှတ်မိ၏။

စစ်ပွဲတစ်ပွဲအောင်သည့် နှစ်လည်အထိမ်းအမှတ်လော၊ သို့တည်း မဟုတ် ခမည်းတော် သုဒ္ဓေါဓနမင်းကြီး၏ မင်္ဂလာနှစ်ပတ်လည်လော ဆိုသည် ကိုမူ ကျုပ်ကောင်းကောင်း မမှတ်မိတော့ပြီ။ ပြိုင်ပွဲများမှာလည်း အထူးထူးအ ဆန်းဆန်းသော ပြိုင်ပွဲများဖြစ်သည်။ အချို့ပွဲများမှာ ရက်စက်ကြမ်းကြုတ် သည်ဟုပင် ကျုပ်စိတ်ထဲတွင် ထင်မိသေးသည်။

ဥပမာအားဖြင့် ကွင်းထောင့်တစ်နေရာတွင် နံငယ်ပိုင်းကိုသာ ဝတ် ဆင်ထားသည့် လူတစ်ယောက်သည် ဝက်ဝံတစ်ကောင်ဖြင့် သတ်ပုတ်နေ သည်။ အခြားတစ်နေရာတွင် လက်ဝှေ့သည်များက လက်ဝှေ့သတ်နေကြ သည်။ ကန်အနီးရှိ ကြိုးဝိုင်းတစ်ခုထဲတွင် ဓားချင်းယှဉ်၍ ခုတ်နေကြသည်။

တစ်နေရာတွင် မိန်းမငယ်တို့သည် ပန်းချင်းပြိုင်ပေါက်နေကြသည်။ ပန်းချင်းပြိုင်ပေါက်ပွဲတွင်လည်း ပန်းတို့ဖုံးမိ၍ သေသူတွေရှိတတ်ကြောင်း ကျုပ်သတိရမိ၏။

ဤသည်တို့မှာ အပြင်ဘက်ကွင်းများတွင် ကျင်းပနေသည့် ပြိုင်ပွဲ များဖြစ်၏။

မင်းစင်ရှိရာ တောင်ကုန်းအောက်ခြေတွင်မူ အခိက ပြိုင်ပွဲများရှိ သည်။ ပထမပွဲမှာ ဆင်ချင်းစီးထိုးပွဲများဖြစ်သည်။ ဆင်အပေါ်တွင် လိုက်ပါ လာသည့် စစ်သူရဲများသည် လှံများဖြင့် တစ်ယောက်ကို တစ်ယောက်ထိုးကြ သည်။

နောက်တစ်ပွဲမှာ လှံကိုင်သူရဲများနှင့် ဆင်တို့၏ ထိုးပွဲဖြစ်သည်။ ကျုပ်သည် ထိုဆင်စီးချင်းထိုးပွဲမျိုးကို ယခင်က တစ်ခါမှ မမြင်ဖူးသည့်အတွက် ဆင်ကြီးများ၏ ထူထဲသော အသားအရေပေါ်မှာ နီရဲသော သွေးတို့၏ ယိုစီးမှုများကို မြင်ရသည့်အခါတွင် မကြည့်ရဲ မကြည့်ရက်နိုင်အောင် ဖြစ်နေရ သည်။

အချို့ဆင်ကြီးမှာ နှာမောင်းကြီးများကိုမကာ ကျည်ကျည်ကျာကျာ အော်မြည်လျက် မိမိတို့၏ ရန်သူများကို ထိုးအံ့ဟု လိုက်ရင်း မြေပေါ်သို့ ဗုန်းဗုန်းလဲကျသွားကြရသည်။

ဆင်များ၏ ခြေတွင် ခဲကြီးများဆွဲထားသည့်တိုင် ထိုပြိုင်ပွဲမျိုးမှာ အန္တရာယ်များလှသည်ဟု ကျုပ်စိတ်ထဲ ထင်မိ၏။

ထို့ပြင် အလားတူ မြင်းစီးချင်းထိုးပွဲများလည်း ရှိသေးသည်။ ပြောင် ချောကာ လည်ဆံမွေးတို့ဖွာလန်ကြဲလျက် အမြီးတွင် ပန်းပွားတို့ ဆွဲထားသော မြင်းချောကြီးများပေါ်၌ ကိုယ်တစ်ပိုင်းဗလာဖြင့် လည်တွင် ပုလဲသွယ်ကြီးများ ကို ဆွဲကာ လှံကြီးတွေကိုင်လျက် လိုက်ပါလာကြသော မြင်းစီးသူရဲများကို လည်း မြင်ရ၏။

နောင်တော်သိဒ္ဓတ္ထကား ထိုအရာများကို အကြိမ်ပေါင်းများစွာ မြင်ခဲ့ ဖူးပြီးဖြစ်သည့်အလျောက် ငြီးငွေ့နေလေပြီ။

နောင်တော်သိဒ္ဓတ္ထသည် ယနေ့၌ ပို၍ တင့်တယ်သော အသရေကို ဆောင်လျက်ရှိ၏။ ခေါင်းပေါင်းပေါ်တွင် ပုလဲသွယ်များသည် အပြိုင်းအရိုင်း ဝဲကျလျက်ရှိကြပြီး လည်တွင် ကျောက်မျက်ရတနာတို့ စီခြယ်အပ်သော လည် ဆွဲတို့ကို ဝတ်ဆင်လျက် ခါးတွင် အနီရောင်ကိုယ်ကျပ်အင်္ကျီဝတ်စုံကို ဝတ်ဆင် ထားသည်။

အဖျားတွင် ဦးချွန်သော ရွှေအိုရောင် နန်းစဉ်ခြေနင်းကိုလည်း စီး ထားသေးသည်။ ထိုနန်းစဉ်ခြေနင်းများမှာ ရာဇဝင်ရှိသော ခြေနင်းများဖြစ်ကြ ၏။

ကျုပ်တို့ခတ္တိယနွယ် ဘိုးတော်ဘေးတော်များ လက်ထက်က စစ် ထွက်သွားလျှင် ခြေနင်းတွင် သံဆူးများတပ်ဆင်ထားကာ ထိုသံဆူးများဖြင့် ရန်သူမင်းတို့ကို ထိုးနင်းသတ်ဖြတ်ကြသည်ဟုဆို၏။

ယခုမူ ကျုပ်တို့ ခြေနင်းများတွင် သံဆူးများ မရှိတော့သော်လည်း ဦးချွန်များကိုမူ ထားမြဲထားနေရသေးသည်။ ကျုပ်တို့ ခတ္တိယမျိုးတွင် ဦးချွန် ခြေနင်းများကိုသာ စီးခွင့်ရသည်။ ကျုပ်မှာမူ ထိုဦးချွန်ခြေနင်းကို ဝတ်ဆင်ထား သည့်တိုင် ပထမဆုံးအကြိမ် ဝတ်ဆင်ရခြင်း ဖြစ်သည့်အတွက် ချော်လဲမည်ကဲ့ သို့ဖြစ်သဖြင့် မနည်းကြီး သတိထားနေရသည်။

နောင်တော်သိဒ္ဓတ္ထကား သူ့ကိုယ်ဟန်တင့်တယ်ခြင်းကို သတိပြုမိပုံ မရ။

ပရိသတ်များသည် သူ့ကို မြင်လျှင် သတိမထားမိကြ။ သေးသွယ် ဖြောင့်စင်းသော အရပ်အမောင်း၊ တောင့်တင်းကျစ်လျစ်သော ကိုယ်၊ နူးညံ့ သော အသားအရေ၊ ပခုံးထိဝဲကျနေသော ရွှေရောင်ဆံပင်များနှင့် လူရွယ်တစ် ဦးကို မြင်ရသည်ဟုပင် သာမန်မျှသာ အောက်မေ့ကြလေသည်။

နောင်တော်သည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကဲ့သို့ တည်ငြိမ်စွာ ရပ်လျက်ရှိသည့်တိုင် တစ်ခါတစ်ရံတွင် ပြိုင်ပွဲကို အားပေးသည့်နှယ် ဩဘာ လက်ခုပ်ပေးသည်ကို ကျုပ်မြင်လိုက်ရသည်။ တစ်ခါတစ်ရံတွင်လည်း ကျောက် ဖြူသားလက်ရန်းမှနေ၍ ငုံ့ကြည့်ရင်း

"ကြည့်စမ်း ညီတော်၊ လုံကိုင်သူရဲကို ကြည့်လိုက်စမ်း၊ ဆင်ကြီး ဘာမှ မတတ်နိုင်တော့ဘူး"

ကျုပ်ကို လှမ်းပြောလိုက်သည်။ လုံကိုင်သူရဲသည် သွက်လက်ပေါ့ ပါးစွာဖြင့် ဆင်ကြီးလိုက်ထိုးသည်ကို ရှောင်ကာ ချက်ကောင်းကို စောင့်နေ သည်။

ခဏကြာသည့်အခါတွင်မူကား လုံကိုင်သူရဲကို ဆင်ကြီးက နှာ မောင်းဖြင့်ပွေ့ယူကာ နင်းချေပစ်လိုက်လေပြီ။ ထိုအခါမျိုး၌ နောင်တော်သိဒ္ဓတ္ထ သည် မျက်နှာကို လက်ဝါးဖြင့် အုပ်လိုက်ပြီး ငိုကြွေးဟန်ဖြင့် ပခုံးစများ လှုပ် နေသည်ကို မြင်ရသည်။

လုံကိုင်သူရဲမှာကား ဆင်ကြီး၏ ခြေဖဝါးအောက်တွင် သွေးခြင်းခြင်း နီသော စက္ကူချပ်ကြီးကဲ့သို့ ပြားကပ်လျက်ရှိလေပြီ။

နောင်တော်သည် မင်းချင်းတို့ကို ခေါ်ကာ လုံကိုင်သူရဲ၏ မိသားစု များ အကြောင်းကို မေးမြန်းစုံစမ်းခြင်းပြုသည်။

လုံကိုင်သူရဲမှာ တောင်ပေါ်ဒေသမှ မီးသွေးဖုတ်သမား၏ သားတစ် ယောက်ဖြစ်သည်ကို သိရသည့်အခါတွင် နောင်တော်သည် ထိုလုံကိုင်သူရဲ၏ ဆွေမျိုးသားချင်းများကို စောင့်ရှောက်ခြင်းပြုရန် မှာကြားနေသည်။

ထိုစဉ် ခရာသင်းမှုတ်သံများကို ကြားရပြီးလျှင် မင်းစင်မဏ္ဍပ်ပေါ်

သို့ ယသော်ဓရာဒေဝီရောက်လာသည့်အတွက် သူ့ကိုယ်ပိုင်သုံးတံခွန်တစ်လက်ကို စိုက်ထူလိုက်သည်။

ကျုပ်တို့အားလုံးသည် ယသော်ဓရာရှိရာသို့ မသိမသာလှည့်ကြည့်လိုက်သည်။ ထိုခေတ်က မိန်းမပျိုတစ်ဦးအား ယောကျ်ားပျိုတစ်ဦးက ဆိုးခနဲဆတ်ခနဲ လှည့်ကြည့်ခြင်းသည် ရိုင်းပျသည့် အပြုအမူဖြစ်သည်ဟု ယူဆကြသည့် အလျောက် ထိုသို့ မသိမသာ စောင်းငဲ့ကြည့်ခြင်းဖြစ်သည်။

ယသော်ဓရာဒေဝီ၏ အလှထက် ယသော်ဓရာ၏ အပြုံးက ကျုပ်ကိုပို၍ ကွဲကြေဗျာဝေဖြစ်စေကြောင်းကို ကျုပ်ဝန်ခံလိုပါသည်။ ထိုအချိန်က ယသော်ဓရာသည် မျက်နှာမှပဝါကို လှပ်ထားကာ သေးသွယ်သည့် ခြေထောက်များကို ရွှေပြားပါးပါးလေးဖြင့် အုပ်ထားပြီး ဘေးတစ်ဖက်တစ်ချက်တွင် ရွှေညှပ်ကလေးများဖြင့် တွယ်ညှပ်ထားသည်။

သူဝတ်ထားသည့် ဝတ်စုံမှာ အရောင်သုံးမျိုးဖြင့် ရက်ထားသည် တိုင်းခြားဖြစ် ပစ္စည်းဝတ်စုံဖြစ်လျက် ကျောက်မျက်ရတနာတို့စီခြယ်ထားသည့် ခါးစည်းကို ခါးတွင်စည်းကာ ရင်မြွာနှစ်စုံတွင်မူ ပန်းပြောက်ပန်းပွင့်တို့ရေးခြယ်ထားသည့် ရွှေခွက်ရင်စည်းများဖြင့် ဖုံးထားသည်။

သို့ရာတွင် ကျုပ်အံ့အားအသင့်ဆုံးမှာ သူ့အပြုံးနှင့်ခေါင်းတွင် မကိုင်ဘဲ အစားပန်ထားသော ပန်းပွင့်ကလေးတစ်ပွင့်ပင် ဖြစ်သည်။

နောင်တော်သိဒ္ဓတ္ထနှင့် သုန္ဒရနန္ဒတို့သည် ယသော်ဓရာဒေဝီအနီးသို့ သွား၍ နှုတ်ဆက်ကြသည်။

ကျုပ်အာရုံသည် သူ့အပြုံးဆီမှ သူ့မျက်လုံးဆီသို့ ရောက်သွားကြသည်။ ယသော်ဓရာ၏မျက်လုံးများသည် ကျုပ်တို့ ခတ္တိယမျိုးနွယ် အမျိုးသမီးများ၏ မျက်လုံးများထက် ပို၍ နက်မှောင်သည်ကို တွေ့ရသည်။ ယသော်ဓရာသည် သူ့မျက်လုံးများကို ငွေပြာရောင်ခြယ်သထားသည်ကို ကျုပ်သတိပြုမိ၏။

"ဒီနေ့ လေးတင်ပွဲမှာ ယသော်ဓရာဒေဝီကို ဘယ်သူရမယ်ထင်သလဲ"

ဟု ဒေဝဒတ်က ကျုပ်နားကပ်၍ ခပ်တိုးတိုးမေးလိုက်သည်။

သို့ရာတွင် ဒေဝဒတ်သည် နောက်ပြောင် ကျီစယ်ပြောခြင်းဖြစ်သည့်အတွက် ကျုပ်ကလည်း အမှုမဲ့ အမှတ်မဲ့သာနေလိုက်၏။

ပြိုင်ပွဲများမှာ ပြီးဆုံးကာနီးလာပြီ။ အစေတော်များသည် ချိုချဉ်ခဲဖွယ်များကို ယူလာကြ၏။ အချို့ရုံရွှေတော်များမှာ ပြိုင်ပွဲသို့ ယသော်ဓရာဒေဝီ ရောက်လာရသည့်အကြောင်းကို ယခုမှပင် သိရှိကြသည့်အတွက် သူတို့အချင်းချင်းတစ်ဦးကို တစ်ဦး တိုးတိုးပြောလျက်ရှိကြသည်။

ထိုစဉ် ကျုပ်တို့ မင်းစင်အောက်ရှိ ပရိသတ်ဆီမှ ခပ်ကြိတ်ကြိတ်ညြ ဘာသံများကြားလိုက်ရသဖြင့် အောက်သို့ ကျုပ်လှမ်းကြည့်လိုက်သည်။ ကျဉ်း မြောင်းသည့် ခြံကလေးထဲတွင် ကျွဲရိုင်းတစ်ကောင်ကို လှောင်ထားရာမှ လွှတ် လိုက်သည့်အခါတွင် ကျွဲသည် တစ်ဟုန်ထိုးပြေးထွက်လာသည်ကို မြင်လိုက်ရ ၏။

ခြံနှင့် မလှမ်းမကမ်းတွင်မူ လူတစ်ယောက်သည် ဓားမြှောင်တစ် ချောင်းကိုကိုင်၍ ဒူးထောက်ကာ အဆင်သင့်စောင့်နေသည်။ ကျွဲရိုင်းသည် လူကိုမြင်သည်နှင့် ဖုန်တထောင်းထောင်းထအောင် ခွာကို ရုပ်လိုက်ပြီးနောက် ထိုင်စောင့်နေသည့် လူငယ်ကလေးဆီသို့ တစ်ဟုန်ထိုးပြေးလာခဲ့သည်။

လူငယ်ကမူ သူ့နေရာမှာပင် မလှုပ်မယှက်ထိုင်မြဲထိုင်နေသည်။

ကျွဲရိုးကြီးသည် တစ်ဟုန်ထိုးပြေးလာကာ လူငယ်ကို ချိုဖြင့် ပင့်ကာ ခတ်ချလိုက်၏။ လူရွယ်သည် တိမ်းရှောင်ပေးပြီး ကျွဲ၏ လည်မျိုကို ဓားဖြင့် တစ်အားစိုက်ချလိုက်သည်။ ခဏကြာလျှင် လူရွယ်သည် သွေးသံရဲရဲဖြင့် ဓား မြှောင်ကို ကောက်မြှောက်ပြလိုက်သည်။ ကွင်းပြင်ထဲမှ ထွက်လာသည်။

ထိုနေ့မှာ ရာသီဥတု သာယာသည့် နေ့တစ်နေ့ဖြစ်သည်။

ကျုပ်နေထိုင်ရာ မင်းစင်မဏ္ဍပ်မှာ ဝေးသဖြင့် မြင်ကွင်းကို ကောင်း စွာ မမြင်ရချေ။ နောင်တော်သည် ငယ်စဉ်တောင်ကျေးကတည်းကပင်လျှင် သွေးသံရဲရဲကို နှလုံးနာသူဖြစ်သည်။ နောင်တော်ဖွားမြင်ပြီးနောက် မကြာမ တင်မှာပင် ငွေလင်ပန်းတစ်ချပ်ကို နောင်တော်ရှေ့သို့ ချပြကြသည်ဟုဆို၏။

ငွေလင်ပန်းထဲတွင် ဓားမြှောင်များ၊ လက်ဝတ်တန်ဆာများ၊ ဝါးပုတီး စေ့များ၊ မင်းမြောက်တန်ဆာများနှင့် ဘုရင်တို့ဆောင်းလေ့ရှိသည့် သင်းကျစ် တော်စသည်တို့ ထည့်ထားသည်ဆိုသည်။ နောင်တော်အား ထိုအရာများနှင့် ကစားရန် ပေးသည့်အခါတွင် နောင်တော်သည် ထိုအရာများကို လက်ဖြင့်ပင် တို့ထိခြင်းမပြုဟု ကျုပ်ကြားဖူးသည်။

နောင်တော်သည် မိန်းကလေးတို့ဆွဲသည့် ပုလဲပုတီးတစ်ကုံးကို ကောက်ယူမည်ဟု လက်တဝဲဝဲလေးလုပ်သေးသော်လည်း ထိုအရာကိုလည်း လက်ဖြင့်ပင် ထိတို့ခြင်း မပြုတော့ဘဲ နောက်ဆုံးတွင် ငွေလင်ပန်းတစ်ချပ်လုံး ကို ကောက်ယူ၍ သွန်ပစ်လိုက်သည်ဟု ကျုပ်ကြားဖူးသည်။

ယခုပွဲတွင်လည်း နောင်တော်သည် ထိုပြိုင်ပွဲများကို ထုံးစံရှိ၍သာ ကြည့်နေရသည့်တိုင် များစွာနှစ်ခြိုက်ပျော်ရွှင်ခြင်းရှိပုံမရ။ နောင်တော်သည် ကွင်းပြင်ကြီးထဲတွင် ကျွဲရိုင်းများ၊ ဆင်များနှင့်ယှဉ်ပြိုင်သတ်ပုတ်နေကြသည့် လုံကိုင်သူရဲများကို ကြည့်မည်ဆိုရုံမျှသာ ကြည့်၏။

ကျုပ်တို့ထံ အမွှေးနံ့သာရည်တို့ လာရောက်ဆက်သသည့် အစေတော်တို့ကို ကြည့်သကဲ့သို့ သာမန်ဖြစ်သော ကြည့်ခြင်းမျိုးဖြင့်သာ ကြည့်နေသည်။

"ယသော်ဓရာဒေဝီဟာ တော်တော်အံ့သြဖို့ကောင်းတဲ့ အမျိုးသမီးပေပဲ ညီတော်၊ သူ့ကို ကြည့်ရတာ နည်းနည်းလေးမှ ဣန္ဒြေပျက်ခြင်းမရှိဘူး၊ တို့ကိုကြည့်တဲ့နေရာမှာလည်း မလ္လာမင်းသားတွေကို ကြည့်သလို ရဲရဲရင့်ရင့် ကြည့်တာပါပဲ၊ ဒီလိုကြည့်တတ်အောင် အကျင့်ရခဲ့ဟန်တူတယ်၊ တို့တစ်တွေ နန်းတော်ကြီးထဲမှာကြည့်ရင် အားလုံးဟာ စိတ်ဝင်စားစရာကောင်းတဲ့ သတ္တဝါတွေ သို့မဟုတ်ရင်လည်း အားလုံးဟာ စိတ်ဝင်စားစရာ မကောင်းတဲ့သတ္တဝါတွေအဖြစ် တစ်မျိုးတည်းပဲ ကြည့်တတ်အောင် သင်ပေးကြတယ် ထင်တယ်၊ ဒီလိုကြည့်ရတာ တယ်ပြီး ငြီးငွေ့စရာကောင်းပေတာပဲ ညီတော်ရယ်၊ တကယ်ကတော့ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် တူမှ မတူကြတာကလား၊ ပရမတ္တကို သွားရာမှာလည်း ကိုယ့်နည်းနဲ့ကိုယ်၊ ကိုယ့်လမ်းနဲ့ကိုယ် သွားကြတာပဲ မဟုတ်လား၊ ဒီတော့ မတူတဲ့ လူတွေကို မတူတဲ့အမြင်နဲ့ ကြည့်မှသာလျှင် မှန်ပေမပေါ့"

နောင်တော်သည် သက်ပြင်းချလိုက်၏။

ပြိုင်ပွဲများမှာ ပြီးဆုံးခါနီးလေပြီ။ နောက်ထပ်ပြိုင်ပွဲအနည်းငယ်မျှသာ ကျန်တော့သည်။ ထို့နောက်တွင်မူ မင်းညီမင်းသားများချည်း ယှဉ်ပြိုင်ရန်အတွက် အချက်ပေးခရုသင်းသံများ ကြားရသည်။

ကျုပ်တို့သည် စားသောက်ပွဲတွင် အစာကို အနည်းငယ်မျှသာ စားသောက်ထားကြ၏။ ကျုပ်အထင်တွင် သုန္ဒရနန္ဒသည် အနည်းငယ်မျှ စိတ်လှုပ်ရှားနေဟန်ရှိပြီး မကြာခဏဆိုသလိုပင် ယသော်ဓရာရှိရာသို့ လှမ်းမျှော်ကြည့်တတ်သည်ကို မြင်နေရသည်။

ထိုမျှမက

"တယ်ပြီးလှပေတာပဲ၊ တယ်ပြီး ကျက် သရေရှိပေတာပဲ"

ဟု ပါးစပ်မှ တတွတ်တွတ်ရွတ်ဆိုနေသဖြင့် ကျုပ်က ကျုပ် ဓားဖြင့် သူ့လက်ကောက်ဝတ်ကို နာနာကလေးရိုက်၍သတိပေးလိုက်သည့်အခါတွင်မှ ရပ်သွားတော့သည်။

"ဘာဖြစ်လို့ လက်ကောက်ဝတ်ကို ရိုက်ရတာလဲ"

မျက်လုံးများကို ယသော်ဓရာထံမှ လွှဲဖယ်ခြင်းမပြုဘဲ ကျုပ်ကို မေးသည်။

“မတော်လို့ ခိုက်မိသွားတာပါဗျာ၊ ဒါပေမဲ့ နောက်မှာတော့ ဒီလို အငမ်းမရတဲ့မျက်နှာနဲ့ သိပ်မကြည့်နဲ့ဗျ၊ ကြည့်ရင် ဒီလိုပဲ မတော် တဆ ချိတ်မိတာတွေ ဖြစ်ချင်ဖြစ်ဦးမှာ”

ကျုပ်က ထိုသို့ ပြောလိုက်သည့်အခါတွင် သုန္ဒရနန္ဒသည် စိတ်ဆိုးရမည့်အစား ရှက်အမ်းအမ်းဖြင့်

“ကျွန်ုပ်ကိုလည်း သူက အရေးမစိုက်ပါဘူးဗျာ”

ဟု ခပ်တိုးတိုးပြောသည်။

မင်းသားများ၏ ယှဉ်ပြိုင်ပွဲစသည့်အချိန်တွင် ညနေသုံးမောင်းရိုက်ပြီးခဲ့လေပြီ။

ယင်းပြိုင်ပွဲမှာ ရှေးထုံးစံဓလေ့အတိုင်း အစဉ်အလာများကို ပြုလုပ်နေရသည့်အတွက် လွန်စွာ ပျင်းရိငြီးငွေ့ဖွယ်ဖြစ်သည့်ယှဉ်ပြိုင်ပွဲများဖြစ်လေသည်။

ပြိုင်ပွဲစခါနီးတွင် အစီအစဉ်ကို ပြောင်းပစ်လိုက်ပြီး ပန်တျာပြိုင်ပွဲကို စတင်လိုက်၏။ ကျုပ်တို့သည် ကျုပ်တို့ဖွဲ့နွဲ့ထားသော တေးသီချင်းများကို ပလွေများဖြင့် တီးမှုတ်သီဆို၏။

ကျုပ်တို့တစ်တွေ ကောင်းစွာ တတ်ကျွမ်းခြင်းမရှိသည့်တိုင် အများကမူ ကျုပ်တို့ကိုခွင့်လွှတ်၍ နားထောင်ကြပါသည်။ ဖွဲ့နွဲ့သည့် စာသားများမှာ ရွှေနန်းတော်ကြီးကို ဖွဲ့ဆိုသည့် အကြောင်းများဖြစ်ပြီး စာသားများကို ရွှေနန်းတော်ကြီးတွင် ရှိသည့် ပန်တျာဆရာများက ပေထက်အက္ခရာတင်၍ ရေးမှတ်ထားကြသည်။ ထိုပြိုင်ပွဲတွင် ထူးထူးဆန်းဆန်း ဒေဝဒတ်က အနိုင်ရသွားသည်။

နောက်ပြိုင်ပွဲတစ်ခုမှာ လူဝံပစ်ပြိုင်ပွဲဖြစ်သည်။

လူဝံပစ်ပြိုင်ပွဲတွင် လူဝံဆိုသော်လည်း အရှင်မဟုတ်ပါ။ သံဖြင့်သွန်းထားသည့် လူဝံရုပ်ကြီးများကို ထောင်ထားပြီး အဝေးမှ သံမဏိမြားဖြင့် ပစ်ခတ်ရခြင်းဖြစ်သည်။

ပစ်ခတ်နေစဉ်အတွင်း ပန်တျာသည်များက တီးမှုတ်ပေးကြရသည်။ လူဝံရုပ်တွင် စူးဝင်နေအောင် မြားကို ပစ်လွှတ်ရမည်ဖြစ်သည့်အတွက် လေးကြိုးများကို အခိုင်ဆုံးသမင်အူများဖြင့် ငင်ထားကြရသည်။

ထိုအချိန်က ကျုပ်တို့အထက် ကောင်းကင်တစ်ခိုတွင် မြားများ တရွှီရွှီ ပျံဝဲသံများဖြင့် ကျုပ်တို့အား သြဘာပေးသံများဖြင့် ဆူညံနေတော့သည်။

အမှန်အားဖြင့် ထိုမျှ အားကောင်းသော လေးကြိုးများကို ကျုပ်တို့ ညှိနိုင်ခြင်းမှာ အခြားကြောင့် မဟုတ်။ ကျုပ်တို့တစ်တွေ ထိုသို့အားကောင်း

သော လေးကြိုးများကို ညှိရန် ကလေးဘဝကတည်းက လေ့ကျင့်ခဲ့ကြသော ကြောင့်ပင်ဖြစ်သည်။

ဤလေးတင်ပွဲတွင် အားလုံးက မျှော်မှန်းထားကြသည့်အတိုင်း သုန္ဒရနန္ဒက အနိုင်ရသွားသည်။

ထို့နောက် နပန်းပြိုင်ပွဲ ကျင်းပသည်။ တစ်ကိုယ်လုံး ဆီတွေ သုတ်လိမ်းကာ နပန်းသမားတို့ ဝတ်နေကျအဝတ်နီ နံငယ်ပိုင်းကလေးကိုသာ ဝတ်ဆင်ရသည်။ နောင်တော်က သုန္ဒရနန္ဒနှင့် နပန်းသတ်ရန်မဲကျပြီး ကျုပ်မှာမူ ဒေဝဒတ်နှင့် နပန်းသတ်ရန် မဲကျသည်။

ကျုပ်သည် ဒေဝဒတ်နှင့် နပန်းသတ်ခါနီးတွင် ဒေဝဒတ်၏ သစ္စာမဲ့မှုကို တွေးတောမိသဖြင့် စိတ်ကိုတည်ငြိမ်အောင် မထိန်းနိုင်ဘဲ ဒေါသထွက်နေသည်။ ဟသ်ာငှက်ကိစ္စ၊ တောထဲတွင် ကျုပ်တို့အား လုပ်ကြံရန် အကောက်ကြံခဲ့ပုံ၊ ကျားသစ်ဖြူကလေးကို လွှတ်ထားခဲ့ပုံကို ကျုပ်အမှတ်ရနေသည်။

သို့ဖြင့် ကျုပ်သည် စိတ်တိုနေ၍လော မပြောတတ်။ ခွန်အားတွေ တိုးလာသည်ဟု ထင်လိုက်ရကာ ဒေဝဒတ်ကို ကောင်းစွာ အနိုင်ရလိုက်သည်။

ကျုပ်တို့နှစ်ဦး၏ နပန်းပွဲသည် တော်တော်နှင့်မပြီးနိုင်။ ကျုပ်တို့နှစ်ဦးသည် တစ်ယောက်ကို တစ်ယောက် တကယ်ပင် နာကျင်အောင် နပန်းသတ်ကြခြင်းဖြစ်သည်။

ဆီတို့ သုတ်လိမ်းထားသည့် ဒေဝဒတ်၏ ခန္ဓာကိုယ်သည် ကျုပ်လက်ကြားထဲမှ မကြာခဏ လွတ်ထွက်သွားတတ်သည်။ သို့ရာတွင် ကြာလာသောအခါတွင် ကျုပ်သည် ဒေဝဒတ်၏ ကြွက်သားများပုံစံကို ကျုပ်မှတ်မိနေလေပြီ။ ဤတွင် ကျုပ်သည် ဒေဝဒတ်၏ ဆီရွှဲနေသည့် ကိုယ်လုံးကို မဖမ်းတော့ဘဲ အရေခွံအောက်ရှိ သန်မာသည့် ကြွက်သားများကို ဖမ်းယူနိုင်ခဲ့သည်။

သူ့လက်မောင်းမှ ကြွက်သားများသည် ငွေရောင်နှင့် သွေးရောင်၊ သူ့ကိုယ်ခန္ဓာမှ ကြွက်သားများမှာမူ ငွေရောင်နှင့် အပြာရောင်၊ သူ့ခြေထောက်မှ ကြွက်သားများမှာမူ ငွေရောင်နှင့် အနက်ရောင်တို့ ထွက်နေသည်ကို ကျုပ်သတိပြုမိသည်။

ကျုပ်သည် ငွေရောင်နှင့် အနက်ရောင်ရောနေသည့် သူ့ပေါင်သားကို အလိုလိုမှန်းနေသည်။ ထို့ကြောင့် ကျုပ်သည် သူ့ပေါင်ကြွက်သားများကို ဖမ်းဆုပ်၍ ကိုင်ပေါက်လိုက်သည်တွင် ကျုပ်မျှော်လင့်ထားသည်ထက် လွယ်ကူစွာ အနိုင်ရလိုက်သည်ကို တွေ့လိုက်သည်။

အမှန်အားဖြင့် ကျုပ်နပန်းသတ်ပုံသည် စည်းကမ်းနှင့် ဆန့်ကျင်ခြင်း မရှိသည့်တိုင် ကျုပ်တို့လိုက်နာရမည့် ရှေးထုံးစံဓလေ့များနှင့် ဆန့်ကျင်နေ

သည်။ ဒေဝဒတ်သည် နှာခေါင်းမှ သွေးယိုစီးနေလျက် မြေကြီးပေါ်တွင် လဲကျနေသည်။ ပွန်းပဲ့နေသော အရေခွံအောက်တွင် ကြွက်သားများသည် တုန်ယင်လျက်ရှိသည်။

နောက်များ မကြာမီတွင် ကျုပ်သည် သုန္ဒရနန္ဒနှင့် မျက်နှာချင်းဆိုင်၍ ရပ်လိုက်ကြသည်။

သုန္ဒရနန္ဒသည် ကြမ်းတမ်းခိုင်မာသော ခွန်အားရှိသူဖြစ်သည်။ ညိုမည်းလျက်ရှိသော ဝမ်းဗိုက်သည် အမွေးအမျှင်တို့ဖြင့် ဖုံးအုပ်လျက်ရှိပြီး ရင်အုပ်သည် သားမွေးပြီးကာစ မိန်းမ၏ ရင်ကဲ့သို့ မို့မောက်ကားထွက်လျက်ရှိနေသည်။ ခြေထောက်များမှာမူ သေးငယ်သည့်အတွက် သူ့ခန္ဓာကိုယ်ကြီးကို အနိုင်နိုင်ထမ်းထားရသကဲ့သို့ရှိနေသည်။

သုန္ဒရနန္ဒသည် ကျုပ်ထက် အဆမတန် ခွန်အားသာလွန်ကြောင်းကို ကျုပ်သိပါသည်။

သူနှင့် ယှဉ်ပြိုင်ပြီး သတ်ရာတွင် ကျုပ်သည် ခွန်အားကို အားကိုး၍ မဖြစ်တော့။ ပရိယာယ်ကိုသာ အားကိုးရမည်။ သို့မှသာ သူ့ကိုအနိုင်ရတော့မည်။

သို့တိုင်အောင် ကျုပ်သည် ဆင်ခြေဖဝါးအောက်တွင် ရောက်နေသည့် လုံကိုင်သူရဲငယ်ကလေးကဲ့သို့ အားကိုးရာမဲ့ဖြစ်နေသည်။ သို့ရာတွင် ကံအားလျော်စွာပင် ကျုပ်သည် သူ့ခြေထောက်ကို တစ်ချက်ခုတ်လိုက်ရာ သုန္ဒရနန္ဒသည် ဒေဝဒတ်ကဲ့သို့ပင် မြေကြီးပေါ်သို့ ဗိုင်းခနဲ လဲကျသွားတော့သည်။

ထို့နောက်တွင် စစ်ရထားပြိုင်ပွဲကျင်းပရာ ထိုပွဲ၌ နောင်တော်သိဒ္ဓတ္ထမှာ အလွယ်တကူပင် အနိုင်ရခဲ့သည်။

နောင်တော်အနိုင်ရခဲ့ခြင်းမှာ နောင်တော်၏ ကျွမ်းကျင်မှု၊ ရဲရင့်မှုတို့နှင့်တကွ ရထားမောင်းကျွမ်းကျင်မှုတို့ကြောင့်သာမက နောင်တော်၏ အနီစအုပြောက်မြင်းကြီး၏ လျင်မြန်ခြင်းကြောင့်လည်းဖြစ်နိုင်၏။ ကျုပ်တို့အား စစ်သူရဲများ၊ ဗိုလ်ပါပရိသတ်များက သောင်းသောင်းဖျဖျ ဩဘာပေးကြကာ ပန်းကုံးများ၊ ပန်းသရဖူများ ဆင်ယင်ပေးကြသည့်တိုင် ကျုပ်တို့ နှစ်ဦးစလုံး၏ စိတ်ထဲတွင် ထိုအောင်ပွဲသည် ကြာကန်ထဲတွင် တိတ်ဆိတ်စွာ သမထကျင့်ရင်း ရခဲ့သည့် ကျုပ်တို့အောင်ပွဲများနှင့် နှိုင်းစာလိုက်လျှင် အသေးအဖွဲကလေးမျှသာဖြစ်နေကြသည်။

ပြိုင်ပွဲတွင် အနိုင်ရသူကို ယသော်ဓရာဒေဝီနှင့် လက်ဆက်ပေးမည်ဆိုသော စကားကို ထိုအချိန်တွင် မေ့နေကြသည်။

ကျုပ်နှင့် နောင်တော်သိဒ္ဓတ္ထသည် မင်းမဏ္ဍပ်ဆီသို့ စစ်ရထားကိုယ်

စီဖြင့် မောင်းလာခဲ့ကြရာတွင် မှူးကြီးမတ်ကြီးများ စည်းဝေးတိုင်ပင်နေကြ သည်ကို မြင်ရသည့်အခါတွင် အံ့အားသင့်နေကြသည်။ မနမင်းသားသည် သူ့နှုတ်ခမ်းမွေးများကို လိမ်နေရင်းက တစ်စုံတစ်ရာကို စဉ်းစားနေပုံရလေ သည်။ ကျုပ်စိတ်ထဲတွင်မူ သူ့မျက်နှာသည် အကောက်ကြံသည့်လက္ခဏာကို ဖော်ပြနေသည်ကို ထင်မိသေး၏။

စည်းဝေးပွဲတွင် ခမည်းတော် သုဒ္ဓေါဓနမင်းကြီးကို မတွေ့ရချေ။ ယသော်ဓရာဒေဝီကိုလည်း မမြင်ရချေ။ သို့ရာတွင် တစ်ဖက်ပခုံးဆီမှ ယသော် ဓရာ၏ ရယ်သံသဲ့သဲ့ကို ကြားလိုက်ရသည်ဟု ကျုပ်စိတ်ထဲတွင် ထင်လိုက် မိသေးသည်။

တံခွန်များ၊ အလံများသည် လေပြင်းထဲတွင် တဖျပ်ဖျပ်လွင့်လျက်ရှိ နေ၏။

မကြာခင် မိုးရွာတော့မည်။ မိုးကောင်းကင်ကြီး တဖြည်းဖြည်းမှောင် လာခဲ့ကာ မှုန်ဖျော့နေသည့် အလင်းရောင်ထဲတွင် အရာဝတ္ထုများသည် အိပ်မက် ထဲတွင် တွေ့ရသည့်နှယ် ဝိုးတိုးဝါးတားဖြစ်နေကြသည်။

ကျုပ်တို့နှစ်ဦးသည် ထိုရှုခင်းများကို ကြည့်ကာ သဘောကျနေကြ သည်။ ကျုပ်တို့ ကိုယ်ကျပ်အင်္ကျီများတွင် ဆင်ယင်ထားသည့် ကျောက်သံ ပတ္တမြားတို့ အရောင်မှာ တဖိတ်ဖိတ်လက်နေကြ၏။

တံခွန်များ၊ အလံများသည် စိန်ပန်းခိုင်များသဖွယ် တလက်လက် တောက်နေကြသည်။

အဝေးကွင်းပြင်ကျယ်ကြီးများထဲတွင် စစ်သူရဲများ၊ ဆင်များ၊ မြင်း များ၏ အုတ်အုတ်ကျက်ကျက်အသံများကြားရပြီး၊ ထိုကွင်းပြင်ကျယ်ကြီးထဲ တွင်ရှိကောင်းကင်တစ်ခိုတွင်မူ ကြီးမားတောက်ပသည့် သက်တန့်ကြီးသည် ထင်းထင်းကြီး မိုးယုက်နေသည်ကို မြင်လိုက်ရသည်။

ထိုစဉ် မနမင်းသားသည် ကျုပ်တို့အနီးသို့ ရောက်လာကာ

"ပြိုင်ပွဲမှာ အားလုံးအမှတ်တူနေကြတယ်၊ ဒီတော့ ယသော်ဓရာ နှစ်သက်ရာကို ရွေးဖို့ အမတ်ကြီးတွေက သဘောတူနေကြတယ်"ဟု လာပြောသည်။

ကျုပ်တို့နှစ်ယောက်ကလည်း အမတ်ကြီးများ၏ အစီအမံကို သ ဘောတူလိုက်ကြသည်။

ကျုပ်တို့အဆင့်အတန်းအရဝတ်သော ပိုးဝတ်စုံများကို ဝတ်ရလျှင် ပိုကောင်းမည်ဖြစ်ကြောင်းဖြင့်လည်း ကျုပ်တို့ကို ပြောလိုက်ကြသည်။ သို့ရာ တွင် ထိုဝတ်စုံများကို လဲလှယ်ရန် အချိန်မရှိတော့ပြီ။ မိုးစက်မိုးပေါက်များ

သည် တဖွဲဖွဲကျစပြုလာ၏။ ကျုပ်တို့မှာ ကိုယ်တွင် ချွေးသံရွှဲရွှဲဖြစ်ကာ အစေတော်များကလည်း ယခုတိုင် ချွေးသုတ်ပဝါများ ယူဆောင်လာခြင်း မရှိကြ သေး။

ထိုစဉ် ယသော်ဓရာဒေဝီသည် ကျုပ်တို့ရှိရာသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ ယသော်ဓရာသည် မည်သူမည်ဝါကို ရွေးမည်ဆိုသည်ကို နဂိုကတည်းကပင် ဆုံးဖြတ်ပြီးဖြစ်ခဲ့ဟန်တူသည်။

ကျုပ်တို့အားလုံးသည် သံချပ်ဝတ်ရုံ၊ ပိုးပဝါခေါင်းပေါင်းနှင့် ကျောက်မျက်ရတနာတို့ စီခြယ်ထားသည့် အင်္ကျီတို့ကို ဝတ်ဆင်ကာ မင်းစင်ပေါ်တွင် တန်းစီရပ်နေကြသည်။ ခါးတွင်လည်း ဓားများကို ချိတ်ထားကြ၏။

နောင်တော်သိဒ္ဓတ္ထမှာမူ လည်တွင် ပုလဲပုတီးတစ်ကုံးဆွဲထားသည်ကို ကျုပ်သတိပြုမိ၏။ ယသော်ဓရာသည် ကျုပ်တို့အနီးသို့ ရောက်လာခဲ့သည်။ ယသော်ဓရာသည် ကျောက်ဆစ်ဆရာတို့ ထုလုပ်ထားသော နံ့သာမီးတိုင်ခွက်တစ်ခွက်နှယ်တူနေသည်။

မိုးစက်မိုးဖွဲကလေးများသည် ယသော်ဓရာ၏ ဆံပင်နှင့် ပခုံးပေါ်သို့ ကျနေကြသည်။

ယသော်ဓရာသည် ဒေဝဒတ်ရှေ့သို့ ရောက်သည့်အခါတွင် ခေတ္တမျှ ရပ်ပြီး ဦးတည်နှုတ်ဆက်လိုက်သဖြင့် ဒေဝဒတ်ကို ရွေးချယ်လိုက်လေပြီလော ဟု ကျုပ်တို့စိတ်ထဲတွင် ထင်လိုက်မိ၏။

တစ်ဖန်ဆက်၍ လျှောက်လာခဲ့ရာ သုန္ဒရနန္ဒရှေ့သို့ ရောက်သော်မျက်တောင်များကြားမှနေ၍ ကျုပ်တို့ကို ပြုံး၍ ကြည့်နေသည်။ မည်သို့မျှကား ပြောဆိုခြင်းမရှိချေ။

နောက်ဆုံးမှ ယသော်ဓရာသည် နောင်တော်သိဒ္ဓတ္ထ၏ ရှေ့သို့ ဒူးထောက်ထိုင်ချလိုက်ပြီးလျှင် "နောင်တော်သိဒ္ဓတ္ထမင်းသားသာလျှင် ကျွန်ုပ်၏ အရှင်သခင်ဖြစ်ပေသည်"ဟု နှုတ်မှ ရွတ်ဆိုလိုက်သည်။

နောင်တော်သည် ဝမ်းသာသဖြင့် ကိုယ်ကို ရှေ့သို့ အနည်းငယ်ကိုင်းလိုက်သေး၏။ ထို့နောက်မှ သတိရသွားဟန်ဖြင့် ကိုယ်ကို ပြန်မတ်လိုက် သည်။ ထိုအချိန်၌ အစေတော်များ၊ ရံရွေတော်များမှာ တစ်ယောက်တစ်ပေါက်တီးတိုးပြောဆိုနေကြသဖြင့် အုတ်အုတ်ကျက်ကျက် ဖြစ်နေသောကြောင့် မှူးမတ်များက ရံရွေတော်များကို အော်ဟစ်ငေါက်ငမ်းပစ်ရသေးသည်။

ယသော်ဓရာ၏ တံခွန်ကို နောင်တော်သိဒ္ဓတ္ထ၏ တံခွန်နှင့် ပေါင်းလိုက်ကာ ဝက်သစ်ချတံခွန်တိုင်ကြီးတွင် ချလိုက်ပြီးနောက် တိုင်ထိပ်သို့ လွှင့်တင်လိုက်သည်။

မင်္ဂလာမောင်နှံတို့ကို နှုတ်ခွန်းဆက်ရန်အတွက် အတိုင်းတိုင်းအပြည် ပြည်မှ သံတမန်များလည်း ခရုသင်းတို့ကို မှုတ်စေလျက် မင်းနှစ်ပါးရှိရာ စင်မြင့်မဏ္ဍပ်သို့ လာရောက်ခဲ့ကြသည်။

မြို့တွင်းရှိ ရွှေနန်းတော်ကြီးသို့လည်း မင်းချင်းတမန်များကို လွှတ်၍ ထိုသတင်းများကို အကြောင်းကြားလိုက်သည်။ နောင်တော်သည် မိမိလည် တွင် ချိတ်ဆွဲထားသည့် ပုလဲကုံးကြီးကို ချွတ်ယူလိုက်ပြီးနောက် ယသော်ဓရာ ၏ လည်တွင် ဆွဲပေးလိုက်သည်။

ထိုအချိန်၌ကား ထောင်ပေါင်းများစွာသော တိရစ္ဆာန်များ၏ ဟိန်း သံတို့ကဲ့သို့လည်းကောင်း၊ ထောင်ပေါင်းများစွာသော စည်ကြီးတို့ကို အစဉ် မပြတ်တီးလိုက်သော အသံကဲ့သို့လည်းကောင်း၊ မြည်ဟည်းသော ဩဘာသံ ကြီးသည် မြို့ရိုးဘက်ဆီမှာ တစ်ခဲနက်ပေါ်ထွက်လာခဲ့လေသည်။

တဖြည်းဖြည်းနှင့် မှောင်စပြုလာခဲ့သည်။

နောင်တော်သိဒ္ဓတ္ထသည် ကြင်ရာတော်ယသော်ဓရာ၏ လက်ကို ဆွဲ ကိုင်လျက် လက်တစ်ဖက်ဖြင့် လွယ်ထားသည် ဓားမှ ရွှေဓားနှောင့်ကို ဆုပ်ကိုင် ကာ ကြင်ရာတော်ကို ခမည်းတော် သုဒ္ဓေါဓနမင်းကြီးရှေ့တော်သို့ ခစားဝင် ရောက်လိုက်သည်။

နောင်တော်သည် ဝမ်းသာဝမ်းနည်းဖြစ်နေသည့်အတွက် သူ့ဘေး တွင် ယသော်ဓရာဒေဝီ ငိုရှိုက်နေသည်ကို သတိထားမိဟန်မတူ။ ရံရွေတော် များသည် ပန်းကုံးများကို ယူလာကြကာ ယသော်ဓရာ၏ လည်တွင် ဆွဲပေး ကြသည်။ အမွှေးနံ့သာများကို ပက်ဖျန်းကြသည်။ အဝေးကွင်းပြင်ဘက်ဆီမှ တိုက်ဆင်ကြီးများ၏ ကျည်ကျည်ကျာကျာ အော်မြည်နေသံများကို အတိုင်း သား ကြားနေကြသည်။ တစ်မြို့လုံးအနှံ့အပြားရှိ မီးကျည်မီးပန်းများကို တရစပ်ပစ်ဖောက်နေသံများနှင့် ခတ္တိယမျိုးနွယ်တို့၏ သီကျူးလေ့ရှိသည့် ဂါ ထာရွတ်ဖတ်သံများကိုလည်း ကြားနေရသည်။

ညရောက်သည့်အခါတွင် ကြယ်တို့သည် ခါတိုင်းထက် ဝိုးဝိုးဝင်းဝင်း ပြိုးပြက်လျက်ရှိပြီး နန်းမြို့ဥယျာဉ်ထဲမှ ရေပန်း ရေမွှာတို့သည်လည်း ခါတိုင်း ထက်ပိုမိုမြင့်ကာ ပန်းတက်လျက်ရှိကြသည်။

ကြယ်ရောင်၊ မီးရှူးမီးပန်းတို့၏ အရောင်၊ ကောင်းကင်တွင် ပြူ ထွက်နေသော ဆန်းသစ်စ လရောင်များသည် ရေပန်းရေမွှာများထဲတွင်လာ၍ အရိပ်ထင်နေကြသည်။

ထိုနေ့ည၌ ခမည်းတော် သုဒ္ဓေါဓနမင်းကြီးသည် နန်းမြို့လေးပြင် လေးရပ်တွင် စတုဒိသာပွဲတော်ကြီးများကျင်းပကာ ယုတ်လတ်မြတ်မရွေးလာ

သမျှ လူအားလုံးတို့ကို အလှူကြီးပေး၏။ မြို့ရိုးတံခါးများကို တစ်ညလုံး ဟင်းလင်းဖွင့်ပေးထားကြကာ ပျော် ပွဲရွှင်ပွဲသို့ တံခါးမရှိ ဓားမရှိ ဝင်စေထွက်စေ၏။

တံခွန်တို့သည် လေတွင် တဖျပ်ဖျပ်လှုပ်ရှားကြ၏။

ခရုသင်းတို့သည်လည်း အဆက်မပြတ် မြည်ကျူးကြ၏။

လမ်းမပေါ်တွင် ကသူ၊ ခုန်သူ၊ သီသူ၊ ဆိုသူတို့ဖြင့် ပြည့်နှက်၏။

အမှောင်ရိပ်များတွင် ချစ်သူတို့သည် တစ်ယောက်ကို တစ်ယောက် ကယုကယင် ချစ်တုံ့တင်ကြ၏။ ထိုညသည် ကပိလဝတ်၏ မင်္ဂလာအခါတော်ကြီးမဟုတ်လော။ ကျုပ်တို့ ပြည်ထောင်တွင် ထိုနေ့ညကလောက် ပျော်ရွှင်မြူးထူးဖွယ် ကောင်းသည့် ညမျိုး၊ ထိုနေ့ညကလောက် ပျော်ရွှင်စရာ လုလင်ငယ် လုံမငယ်တို့ ပျော်ရွှင်သည့် ညမျိုးဟူ၍ တစ်ခါဖူးမျှ မရှိဖူးသေး။

အလို အလို မင်္ဂလာစီတန်း လှည့်လည်ပွဲကြီး စတင်နေပါပကော။ ဗဟိုရ်စည်စင်ကြီးများပေါ်တွင် မီးတုတ်စည်းကြီးများသည် ထိန်ထိန်ညီးညီး တောက်ပလျက်ရှိနေကြသည်။ တွေ့သမျှ မြင်သမျှ လူအပေါင်းတို့သည် အဝတ်အစား သစ်သစ်လွင်လွင် တောက်တောက်ပပတို့ကို ဝတ်ဆင်ထားကြသည်။

ရွှေမြို့တော် ဈေးကွက်လမ်းတွင်းရှိ ရေပန်းရေမြွှာတို့သည် ခါတိုင်းကဲ့သို့ ပန်းထုတ်ခြင်း မပြုကြတော့ဘဲ ယမကာများနှင့် နံ့သာရည်များကိုသာ ပန်းထုတ်နေကြသည်။

သန်းခေါင်သို့ ရောက်သည့်အခါ၌ကား ရတနာဆင်တော်ကြီးများသည် ရွှေနန်းတော်၏ အနောက်တံခါးပေါက်မှ ထွက်ကာ မြို့ထဲသို့ ထွက်လာခဲ့ကြသည်။

ဆင်ကျောကုန်းများပေါ်တွင် တင်ထားသည့် ဆင်ကများအားလုံးမှာ ရွှေသားအတိပြီးသည့် ရတနာဆင်ကများဖြစ်ကြသည့်အလျောက် လွန်စွာမှပင် အလေးချိန်စီးသည့်အတွက် ထိုဆင်ကြီးများသည်ပင်လျှင် ထိုဆင်ကကြီးများအောက် ပိကျနေသည်ဟု ထင်ရတော့သည်။ ထိုဆင်ကတို့အထက်တွင်မူ ရတနာဗိမာန်ကျက်ထားသည့် ရွှေသံလျင်း၊ ထိုအထက်တွင်မှ ရွှေထီးတို့ကို စိုက်ထားသည်။ ရှေ့ဆုံးမှ ရတနာဆင်တော်များပေါ်တွင် ခမည်းတော် သုဒ္ဓေါဓနမင်းကြီးနှင့် နောင်တော်အား ငယ်စဉ်တောင်ကျေး ကလေးအရွယ်ကစ၍ နို့ချိုတိုက်ကျွေးမွေးမြူလာခဲ့သည့် မိထွေးတော် ပဇာပတိဂေါတမီတို့ လိုက်ပါလာကြသည်။

ထို့နောက် ဆင်အသီးသီးပေါ်တွင် ဒေဝဒတ်၊ သုန္ဒရနန္ဒနှင့် ကျုပ်အာနန္ဒာတို့ လိုက်ပါလာကြသည်။ နောက်ဆုံးဆင်တော်ပေါ်မှ နောင်တော်သိဒ္ဓတ္ထ

နှင့် ယသော်ဓရာတို့ လိုက်ပါလာကြသည်။ ဘေးပတ်ဝန်းကျင်တွင် ပစ်လွှတ် လိုက်သော မီးရှူးမီးပန်းများမှ အရောင်ဝါဝါများတွင်လည်းကောင်း၊ ဆင်က ပေါ်တွင် ယိမ်းလှုပ်နေကြသည့် မီးအိမ်များပေါ်မှ အရောင်ဝါဝါများတွင်လည်း ကောင်း ယသော်ဓရာ၏ ဝင်းဝါကျော့ရှင်းသော မျက်နှာကို မြင်ရ၏။

နောင်တော်သည် တစ်ခါတစ်ရံတွင် အရိပ်ထဲသို့ တိုး၍ သူ့မျက်နှာ ကို ကွယ်ထားလိုက်ပြီးနောက် သူ့လည်တွင် ဆွဲထားသော ပန်းကုံးမှ ပန်းပွင့် ကလေးများကို ခြွေယူလိုက်ကာ လမ်းပေါ်တွင် ကခုန်နေကြသူများထဲသို့ ကြဲ ချလိုက်ကြသည်။

သို့ဖြင့် ရတနာဆင်တန်းကြီးသည် မြို့တွင်းသို့ လှည့်လည်လျက်ရှိ လေရာ တအိအိသွားနေသော ဆင်ခြေသံများကို ကျယ်လောင်စွာ ကြားရခြင်း မှာ ကျုပ်တို့အဖို့ ထိုအကြိမ်သည် ပထမဆုံးအကြိမ်ပင်ဖြစ်သည်။ မြို့လယ်သို့ ရောက်လျှင် ထာဝစဉ် မီးတောက်လျက်ရှိသည့် ဝတ်ကျောင်းတန်ဆောင်းပေါ် တွင် ရပ်၍ လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်းသည်။ ထို့နောက်အချို့သော မှူးကြီး မတ်ကြီးများ အိမ်ရှေ့တွင် ရပ်သည့်အခါ ရပ်သည်။ တစ်ခါတစ်ရံတွင် အချို့ သော ဆရာရဟန်းတို့ သီတင်းသုံးရာအရပ်တွင် ရပ်သည်။ တစ်ခါတစ်ရံတွင် လည်း နောင်တော်သိဒ္ဓတ္ထ၏ မျက်နှာကို မြင်ဖူးရန် စောင့်ကြည့်ကြသည့် ပရိ သတ်လူထုများသည် အတိတ်ဆိတ်ကြီး တိတ်ဆိတ်နေကြသည်။

ထိုည ချစ်သူတို့ အိပ်စက်နေကြသည့် အချိန်အထိ မြို့သူမြို့သား များသည် "နောင်တော်သိဒ္ဓတ္ထ၊ ယသော်ဓရာ၊ နောင်တော်သိဒ္ဓတ္ထ၊ ယသော်ဓ ရာ"ဟု မြည်တမ်းရွတ်ဆိုနေသံများကို ကျုပ်ကြားနေရသည်။

## ၅

နောက်နှစ်များ၌ ကျုပ်သည် သံအဖွဲ့တစ်ဖွဲ့ကို ခေါင်းဆောင်ကာ မလ္လာမင်းတို့ ၏ တိုင်းပြည်သို့ ထွက်လာခဲ့သည်။

ကျုပ်တို့သည် ဘုရင့်ဆင်ကျုံးပေါ်မှ စွယ်စုံဆင်ကြီးများတို့တွင် ရွှေချည်ထိုး ပိုးနီစအုပ်သည့် ဆင်ကများကို တင်ကာ အခမ်းအနားဖြင့် အဆောင်အယောင်အပြည့် ထွက်လာခဲ့ကြသည်တွင် ရောက်လေရာရာ ပြည်နယ်များ၌ ကျုပ်တို့အား သံတမန် အဆောင်အယောင်အပြည့်ဖြင့် ဆီးကြိုခြင်းပြုကြလေသည်။ ရောက်လေရာရာတွင် ကျုပ်တို့အား လက်ဆောင်ပဏ္ဏာများ၊ ရုံရွှေတော်များ ဆက်သကြလေသည်။ ဂင်္ဂါမြစ်ရေထည့်ထားသည့် ရွှေခွက်များ ဆက်သကြသည်။

မလ္လာမင်းတို့၏ ရွှေနန်းတော်ထဲသို့ ရောက်သည်နှင့် ကျုပ်တို့သည် ပစ္စည်းတစ်ခုကိုမျှပင် ယောင်၍ပင် မကြည့်ရဲ။ ကြည့်မိသည်နှင့် ခဏကြာလျှင် ထိုပစ္စည်းကို အခြွေအရံများက လာရောက်ဆက်သတော့သည်။

လောကတွင် ဤမျှလိုတိုင်းရနေလျှင် မကောင်းတော့။ အမှောင်ဖုံးစပြုလာပြီ။ ကာမဂုဏ်ချမ်းသာကို ခံစားစံစားသည်နှင့်အမျှ စိတ်ဓာတ်လည်း အားနည်းဖျော့တော့လာသည်။

ကျုပ်တို့သည် မနက်အစောကြီး အိပ်ရာမှ နိုးသည်နှင့် ကိုယ်လက်သန့်စင်ပြီးနောက် ကြာကန်ဘေးတွင် ထိုင်ရင်း အဖျော်ယမကာတို့ကို သောက်သုံးကြသည်။

ညနေတိုင်းလျှင် တောငန်း၊ ရေဘဲ၊ တောဝက်စသည်တို့ကို လိုက်လံပစ်ခတ်ကြသည်။ မောပန်း၍ ပြန်လာလျှင် မလ္လာမင်းတို့က ချစ်ခင်မြတ်နိုးခြင်းမှအပဖြစ်သော အခြားသော ကြမ်းတမ်းခက်ထန်သည့် ပျော်ရွှင်မှုအမျိုးမျိုးကို ဖန်တီးပေးကြသည်။

ညချမ်းတိုင်လျှင် ကျုပ်တို့သည် ပါးလွှာသော ပန်းဝတ်ရုံတို့ကိုသာ ဝတ်ဆင်ထားသည့် ကချေသည်တို့ မီးပုံဘေး၊ မီးတုတ်မီးစည်များဘေးတွင် ကခုန်ကြသည်ကို ကြည့်ကြသည်။

ထိုအခါ၌ မလ္လာမင်းတို့သည် ထိုင်ခုံကြီးများပေါ်တွင် လဲလျောင်း ကာ ရေသွင်းသည့် ဆေးတံရှည်ကြီးများကို ရှူနေကြသည်။

မျက်လုံးတွင် အစိမ်းရောင်နှင့်အဝါရောင်များဆိုးထားပြီး နားထင်တွင် ဆေးနီဆိုးထားရင်း တစ်ဦးကို တစ်ဦး ကဗျာလင်္ကာများအကြောင်းကို ပြောဆိုနေကြသည်။

သူတို့၏ နှလုံးသွေးများသည် ထိုဆေးနီများကဲ့သို့ပင် နီရဲနေကြ လိမ့်မည်ဟု ကျုပ်ထင်သည်။ အကြောင်းမူ ညအခါများ၌ မီးတုတ်မီးစည်းများ အောက်တွင် ဓားများ မကြာခဏလက်သွားသည်ကို ကျုပ်တို့မြင်နေရသော ကြောင့် ဖြစ်သည်။

မင်းညီမင်းသားတစ်ပါးသည် အသွင်တစ်မျိုးမျိုးဖြင့် ရုပ်ပြောင်းရုပ် လွှဲလုပ်နိုင်ရမည်။ အရာအားလုံးကို မြင်နိုင်စွမ်းရှိရမည်။ အရာအားလုံးကို သိနိုင်စွမ်းရှိရမည်ဟု နောင်တော်သိဒ္ဓတ္ထက ပြောဖူးသည်။

သို့ရာတွင် ပိုးဝတ်ရုံတို့ကို ဝတ်ဆင်ထားကာ ခါးတွင် ပြောင်လက် သော ဆေးဓားတို့ကို ချိတ်ထားသော ဆေးနံ့ရုံတွင် တင့်တယ်လျောက်ပတ်ခြင်း မရှိ၊ ညစ်ညမ်းသော ပန်းချီတို့ကိုသာ ရေးဆွဲထားသည့် နန်းထဲတွင် ကြီးပြင်း လာခဲ့သော မလ္လာမင်းသားတို့မှာလည်း ဘာကိုမှလည်း မသိ၊ ဘာကိုမှလည်း မမြင်၊ ဘာကိုမှလည်း နားမလည်ကြပေတကား။

ကျုပ်တို့ သံအဖွဲ့သည် ကိစ္စပြီးသည်နှင့် ကပိလဝတ်ပြည်သို့ ပြန် လာခဲ့ကြသည်။ မြစ်နီမြစ်ကို ကျော်၍ အဝေးရှိတောင်တန်းကြီးများကို မြင်ရ သည့်အခါတွင် ကျုပ်တို့သည် ဝမ်းမြောက်ဝမ်းသာနှင့် ဆင်များကို အပြင်းနှင်ကာ မြို့တံခါးသို့ ဝင်ကြသည်။

ဆင်ကြီးများ၏ တဒုတ်ဒုတ်မြည်သော ခြေသံများနှင့် ဝါကြန့်သော ဖုန်လုံးကြီးများအောက်တွင် မြေကြီးသည် ပင့်သက်ရှူနေသည်ဟု ကျုပ်စိတ် ထဲတွင် ထင်လိုက်မိသေးသည်။

ကျုပ်တို့သံအဖွဲ့သည် မလ္လာမင်းတို့၏ တိုင်းပြည်တွင် လေးနှစ်ကြာ ခဲ့သည်။ ကျုပ်ပြန်ရောက်သည့်အခါတွင် နောင်တော်က ဝမ်းသာအားရဖြင့် ကြိုဆိုခြင်းပြု၏။

သို့ရာတွင် အမူအရာသည် တစ်စုံတစ်ရာကို ငြီးငွေ့သည့်နှယ် ဖြစ်နေ ခြင်းကို ကျုပ်သတိပြုမိသည်။

နောင်တော်သိဒ္ဓတ္ထကို ကြည့်ရသည်မှာ ရင့်ရော်သွားခြင်းမရှိ။ မျက်လုံးအောက်တွင်လည်း အရေးအစင်းများစွာ မရှိသေး။ နှုတ်ခမ်းမှာလည်း ခါတိုင်းထက်ပင် ခိုင်မာဖြောင့်တန်းနေသည်ဟု ထင်ရ၏။

ကျုပ်တို့က မလ္လာမင်းတို့၏ ဓလေ့ထုံးစံများကို ပြောပြသည့်အခါ တွင် နောင်တော်၏ မျက်နှာပေါ်တွင် မနှစ်မြို့သည့် အရိပ်အယောင်များကို ကျုပ်သတိပြုလိုက်မိသည်။

"မလ္လာမင်းသားတွေဟာ သူရာရည်ကို တစ်နေ့လုံး သောက်သုံးကြပေမဲ့ မူးယစ်ခြင်းမရှိကြဘူး နောင်တော်၊ ပြီးတော့လည်း ကာမဂုဏ် စည်းစိမ်ချမ်းသာဆိုတာကို အချိန်နဲ့အမျှ ခံစားစံစားနေကြတာပဲ၊ သူတို့မှာ အလိုရှိတာ၊ လိုချင်တာတွေ အကုန်ရတယ်၊ တစ်ခါတစ်ရံမှာ တစ်ယောက်ကို တစ်ယောက် သတ်ကြဖြတ်ကြတယ်၊ သူတို့မှာ တဏှာရမ္မက်ကလည်း ပြင်းထန်ကြတယ်၊ ပြင်းထန်တဲ့အတိုင်းလည်း အဲဒီတဏှာရမ္မက်ရဲ့ အလိုကို လိုက်ပြီး အတတ်နိုင်ဆုံးလိုက်လျောကြတာပဲ၊ အဲဒီလိုလိုက်ပြီး ရမ္မက်ကုန်ခန်းသွားတဲ့အခါမှာ သူတို့ဟာ ရမ္မက်ကုန်ခန်းတဲ့လူတွေလို ဖြစ်သွားကြတယ်၊ အာသဝေါကုန်စင်တဲ့လူတွေလို ဖြစ်သွားကြတယ်"

နောင်တော်သည် နားစွင့်၍ ကျုပ်စကားများကို နားထောင်နေရာမှ ကျုပ်အား အခန်းတွင်းသို့ ခေါ်သွားသည်။

"ဒီလိုဆိုရင် နောင်တော်ကို သူတို့အကြောင်း သေသေချာချာ ပြောပြစမ်း ညီတော်၊ သူတို့ဟာ ရမ္မက်အလိုကိုလိုက်ပြီး ဘာဖြစ်သွားကြသေးလဲ၊ ကုန်ခန်းသွားကြသေးသလားဟင်၊ အဲဒီလို ရမ္မက်ကုန်ခန်းသွားပြီးတဲ့နောက်ရော ဘာဖြစ်သွားကြသေးလဲ"

"ဘယ်လိုမှ မဖြစ်ပါဘူး နောင်တော်၊ ကုန်ခန်းသွားပြီးတော့နောက် တစ်ခါရမ္မက်တွေကို အလိုဆန္ဒထပ်ဖြစ်ပေါ်လာကြပြန်တယ်၊ ရမ္မက်အလိုကို လိုက်ကြပြန်တယ်၊ ကာမသုခလ္လိကာနုယောဂအကျင့်ကို ကျင့်ကြပြန်ရော"

"သူတို့ရဲ့ ရုပ်လက္ခဏာကရော ဘယ်လိုနေသလဲဟင်၊ သူတို့မျက်နှာအမူအရာတွေကရော"

"ဘယ်လိုမှ ထူးထူးခြားခြားတော့ မရှိဘူး နောင်တော်၊ သူရာရည်ကို အလွန်အကျွံမှီဝဲခဲ့တဲ့သူတွေလိုပဲ၊ သူတို့မျက်နှာတွေဟာ ဖောသွပ်ပြီး ရယ်ချင်လို့ရယ်တာတောင်မှ ရယ်တဲ့အမူအရာနဲ့ မတူတော့ဘဲ ငိုကြွေးတဲ့မျက်နှာ အမူအရာနဲ့ တူနေတယ်"

"အင်း သူတို့ကိုချည်း အပြစ်ပြောလို့ မဖြစ်ဘူးလေ"

ဟု နောင်တော်က ခပ်တိုးတိုးပြောသည်။

ထို့နောက် နောင်တော်သည် ကျုပ်မရှိသည့် အတောအတွင်း ရွှေနန်းတော်ကြီးမှ အဖြစ်အပျက်ကိုပြောပြ၏။

ယသော်ဓရာအကြောင်းကိုမူ များစွာပြောဆိုခြင်းမရှိပေ။ ကျုပ်မရှိသည့် နောက်ပိုင်းတွင် သုန္ဒရနန္ဒသည် မာဂဓတိုင်းမှ မင်းသမီးတစ်ပါးနှင့် စုလျားရစ်ပတ်လက်ထပ်သွားခဲ့ကြောင်း၊ ကျုပ်ထွက်သွားပြီး တတိယမြောက်နှစ်တွင် ကျုပ်တို့ ကပိလဝတ်ပြည်တွင် ခေါင်းပါးခြင်းဘေးကြီးဆိုက်ရောက်ကြောင်း၊ သို့ရာတွင် ငတ်မွတ်ခြင်းဘေးဆိုက်သည့်အထိမူ မဖြစ်ခဲ့ကြောင်း၊ နောင်တော်သည် သူ့နန်းရင်ပြင်ထဲက ကွက်လပ်ထဲတွင် ဆန်ရေစပါးတို့ကို စိုက်ပျိုးစေ၍ လယ်သူ ကျေးလက်တောင်သူ မိလက္ခူတို့အား ပေးဝေကြောင်း ဖြင့်ပြောပြလေသည်။

"စပါးနှံတွေဟာ ပန်းပွင့်တွေထက် လှပေတာပဲ ညီတော်"

ထို့နောက် နောင်တော်က သူ၏ ကြာကန်ကြီးဘေး ကန်ကြီးတစ်ကန်ကို တိုးချဲ့၍ ဆောက်လုပ်လိုက်ပြီးနောက် ထိုကန်ထဲတွင် လှေလှော်ကြောင်း၊ သို့ရာတွင် မြို့ရိုးကြီးများ ကာရံထားသဖြင့် လေကောင်းစွာ မရသောကြောင့် လှေရွက်ကို ကောင်းစွာ မတိုက်ကြောင်း၊ လှေဝမ်းထဲတွင် လဲလျောင်းကာ ကောင်းကင်ကြီးကို ကြည့်၍ သမကျင့်ကြောင်း စသည်ဖြင့် ပြောပြနေသည်။ နောင်တော်က ဖိတ်သဖြင့် ကျုပ်နှင့် နောင်တော်သည် သူ၏ ကြာကန်ကြီးတွင် လှေစီးကြသေးသည်။

ကိုယ့်ရပ်ကိုယ့်ရွာသို့ ပြန်ရောက်သည့်အတွက် ကျုပ်ဝမ်းသာနေသည်။ ရွှေနန်းတော်ကြီးထဲတွင် များစွာ အပြောင်းအလဲမရှိသေးသည့်တိုင် ကျုပ်စိတ်တွင် အရာရာသည် ပြောင်းလဲနေသည်ဟု ထင်နေသည်။ ကျုပ်သည် အားလုံးကို မှတ်မိသည့်တိုင် ကျုပ်မရှိသည့်အတွင်း အချို့မှာ အညစ်အကြေးတို့တက်သဖြင့် အနည်းငယ်ဟောင်းနွမ်းနေသည်ကို ကျုပ်သတိထားမိသည်။

ကျုပ်တို့ စီးသောလှေမှာ ကျနစွာ ထွင်းထားသည် လှေတစ်စင်းဖြစ်ပြီး ထိုခုံအနိကြီးများကို ရောတွင် မြှုပ်၍ ခင်းထားပြီး၊ ရွှေပိန်းချ လင်းယဉ်တိုင်၊ နီလာကျောက်တို့ကို မြှုပ်ထားသည့် ရွက်တိုင်တို့ကို ထုထားလျက် ခတ်တက်များမှာ ငွေပြားများကို ခပ်သွန်းထားသည့် ခတ်တက်များဖြစ်ကြသည်။

ခတ်ကွင်းများကို ကျောက်စိမ်းများဖြင့် ထုထားသည်။ လှေကြီးက လှပတင့်တယ်သလောက် နှင်းဆီချုံတွေ ဝိုင်းပတ်ကာ ဝင်လုဆဲဆဲနေရောင်ခြည်တို့ ပက်ဖျန်းထားသည့် ကြာကန်ကြီးကလည်း လှပတင့်တယ်နေပါသည်။

ကြာကန်ထဲရှိ လှေပေါ်သို့ ကျုပ်တို့ ရောက်သွားသည့်အချိန်တွင် ညချမ်းအချိန်ဖြစ်ရာ ခဏကြာသည်နှင့် လစန်းသည် တငြိမ့်ငြိမ့်ထွက်လာကာ ကျောက်ဖြူသား နန်းတော် နန်းဆောင်များကို လရောင်ဖြင့် လွှမ်းခြုံပေးလိုက် သည်။ လှေတော်သားတို့ ခတ်တက်သားများကို ခတ်လိုက်ကြသဖြင့် ငွေ ကွင်းကလေးများ ထောင်ပေါင်းများစွာကို ပစ်ချလိုက်သည့်နှယ် ကန်ရေပြင် တွင် လှိုင်းဂယက်များ ထလျက်ရှိ၏။ နောင်တော်သိဒ္ဓတ္ထသည် ခါတိုင်းဝတ်နေ ကျ ဝတ်ရုံကို ဝတ်ဆင်ထားပြီး ကျောက်စိမ်းပန်းပွားတစ်ခုကို တွဲလောင်းချ ထားသည့် မကိုဋ်ကို ဆောင်းထား၏။ ရင်တွင် ကျောက်မျက်တို့ စီခြယ်ထား သည့် ရင်လွှမ်းတန်ဆာကို ဝတ်ဆင်ထားသည်။

ကြေးနီရောင် ပေါက်နေသော နောင်တော်၏ ရင်အုပ်ကို ကျောက် မျက်တို့ကြားမှ တစ်ပိုင်းတစ်စ မြင်နေရသည်။ ခါးတွင်လည်း ကျောက်မျက် တို့ စီခြယ်ထားသည့် ခါးစည်းကို ဝတ်ထား၏။

တစ်ခါတစ်ခါတွင် ကျောက်မျက်ချင်း ပွတ်တိုက်သဖြင့် ချွင်ချွင်မြည် သော အသံများကြားရတတ်သည်။ ကျုပ်တို့သည် ယသော်ဓရာ လှေပေါ်သို့ ဆင်းလာမည့်အချိန်ကို စောင့်ရင်း နောင်တော်က မိမိသည် တစ်ခါက စည်းစိမ် ချမ်းသာကို အလျှံပယ်ကြွယ်ဝသော ဘဝမျိုးကို တောင့်တခဲ့ဖူးကြောင်း၊ သို့ရာ တွင် ယခုမူ ထိုအရာများကို မိမိသည် တောင့်တခြင်းမရှိတော့ကြောင်း၊ မိမိပိုင် သည့် ကျောက်မျက်ရတနာများ၊ လက်ဝတ်တန်ဆာများတို့ကို အခြားသူများ အား ပေးဝေလျက်ရှိကြောင်းဖြင့် ကျုပ်ကို ပြောပြသည်။

မိမိသည် ဟိမဝန္တာတောတွင် သမထအကျင့်ကို ကျင့်လျက်ရှိသော ခတ္တိယအနွယ်ဝင်တစ်ဦးကို တွေ့ခဲ့ကြောင်း၊ ဟိမဝန္တာတော၌ နှင်းပွင့်တို့သည် ထာဝစဉ် ကျရောက်တတ်သည်ဖြစ်၍ သမထတရားအားထုတ်ရန် အလွန် ကောင်းမြတ်သော နေရာဖြစ်ကြောင်း၊ တစ်နေ့တွင် မိမိလည်း လိုက်ပါသွားရန် စိတ်ကူးလျက်ရှိကြောင်းဖြင့် ကျုပ်ကို ပြောပြနေသည်။

ထိုစဉ် ကျုပ်တို့နားသို့ ယသော်ဓရာ ရောက်လာသည်။

ကျုပ်တို့တစ်သက်တွင် မိန်းမပေါင်းများစွာကို မြင်ဖူးခဲ့သော်လည်း ယသော်ဓရာဒေဝီလောက် လှပသည့် မိန်းမမျိုးကိုကား တစ်ခါမျှ မမြင်ဖူးခဲ့ချေ။

ယသော်ဓရာသည် ရိုးသား၍ အပြစ်ကင်း၏။ ဟန်ဆောင်ခြင်းကင်း ၏။ အဆင်အပြင်အခြယ်အသတို့ ကင်း၏။

ယသော်ဓရာသည် ပိုးဝတ်ရုံဖြူတစ်ထည်ကို ဝတ်ဆင်ထားကာ ရင် တွင် ရွှေပြားခွက်နှစ်ခွက်ကို လွှမ်းထား၏။ ဆံပင်နှင့် လက်တို့တွင်လည်း ကျောက်မျက်ရတနာတို့ ဆင်သထားခြင်းမရှိ။ ဝဲဘက်လက်ခလယ်တွင် ကြီး

မားလှပသည့် ရွှေလက်စွပ်ကြီးတစ်ကွင်းကိုသာ ဝတ်ဆင်ထားသည်။

ထိုရွှေလပ်စွပ်ကြီးမှာလည်း လှပကျွမ်းကျင်လှစွာသော ပန်းထိမ် သည်တို့ သွန်းလုပ်ထားခြင်းဖြစ်ပြီး နောင်တွင်မည်သည့်အခါမှ ချွတ်၍ ရမည် မထင်ချေ။

ကျုပ်ကို မြင်လိုက်ရသည့်အခါ ယသော်ဓရာသည် ကိုယ်ကို ညွတ်၍ နှုတ်ဆက်လိုက်ပြီးနောက် ကျုပ်မရှိသည့်အတောအတွင်း မည်မျှ အမှတ်ရနေကြောင်း၊ မလ္လာမင်းသားတို့၏ အနေအထိုင်အကျင့်အကြံတို့ကို ကြားသိရသည့်အတွက် များစွာ အံ့ဩမိကြောင်းဖြင့် ပြောဆိုကာ ဟိမဝန္တာတောင်တန်းကြီးဆီသို့ ငေးကြည့်နေလေသည်။

ထိုစဉ် အစေတော်များ ရောက်လာကြကာ ဒေါင်းမြီးယပ်များနှင့်ငွေချည်နန်းကြိုးတို့ဖြင့် ရက်လုပ်သည့် ပန်းကန်များတွင် ထည့်ထားသော သစ်သီးများကို ယူလာကြသည်။

ယသော်ဓရာသည် လှေဝမ်းထဲသို့ ဆင်းလာသည်တွင် သူ့ကိုယ်ထည်သည် အမွေးဆီတို့ဖြင့် လိမ်းကျံထားသည့်အတွက် ကန်ထဲမှ လိုင်းကြက်ခွပ်ကလေးများသည် သူ့ကိုယ်တွင်လာ၍ ထင်နေကြသည်။

နောင်တော်က

“ညီတော် ပြည်တော်ကို ပြန်လာခဲ့တဲ့ အထိမ်းအမှတ်အနေနဲ့”

ဟု ဆိုကာ ယမကာအဖျော်ရည်ခွက်ကို နှုတ်ခမ်းသို့ တေ့လိုက်သည်။ ထို့နောက် ယသော်ဓရာကို လှမ်းကြည့်လိုက်လျက်

“အာနန္ဒာဆိုတဲ့ အမည်ဟာ ချစ်ခင်နှစ်သက်လိုတတ်သူလို့ အဓိပ္ပာယ်ထွက်တယ် နမတော်၊ ဒီနာမည်ဟာ ညီတော်နဲ့လည်း ကိုက်ညီပါတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ညီတော်က အရာရာဟာ ချစ်ခင်နှစ်လိုဖွယ်ကောင်းခြင်း ဆိုတဲ့ မေတ္တာဓာတ်က ဖြာထွက်တယ်လို့ ယုံကြည်သူကိုး၊ ခု မလ္လာမင်းသားတွေက ရာဂမှာ မူးမေ့ကြတာကို မြင်တဲ့အခါကျတော့ အရာရာဟာ ချစ်ခြင်းက အစပြုတယ်လို့ ယုံကြည်သေးရဲ့လား”

“ချစ်ခြင်းဟာ အပြစ်မကင်းပေဘူးလား နောင်တော်”

ယသော်ဓရာက ခေါင်းညိတ်ပြကာ ကျုပ်ကို လေးနက်စွာ ကြည့်လိုက်သည်။

ရေပြင်တွင် လာထင်နေကြသော လှိုင်းဂယက်စိမ်းကလေးများသည် မျက်နှာဖုံးဇာပါးမှ လှိုင်းတွန့်ကလေးများသဖွယ် သူ့ပါးပြင်တွင် အရိပ်ထင်နေကြသည်။

"ဒါပေမဲ့ အပြစ်ကင်းစင်ခြင်းဆိုတာရော ဘာလဲ အာနန္ဒာ၊ ပန်းပွင့်တစ်ပွင့်ဟာ အပြစ်ကင်းတယ်၊ ဂေါရီအရွယ်မိန်းကလေးက အပြစ်ကင်းတယ်၊ ဒါပေမဲ့ အဲဒီအပြစ်ကင်းစင်တဲ့ဟာလည်း ဘယ်မှာ များတာရှည်ခံလို့လဲ၊ ခဏကြာတော့ ပျက်စီးယိုယွင်းသွားတာပဲ မဟုတ်ဘူးလား၊ ပြည့်စုံခြင်းကို ရောက်ချင်တယ်ဆိုရင် အပြစ်ကင်းစင်တာထက် အရည်အချင်းတစ်မျိုးရှိဖို့ လိုလိမ့်မယ် အာနန္ဒာ"

"ဒါဖြင့် အဲဒီအရည်အချင်းဟာ ဘာလဲ နောင်တော်"

နောင်တော်သိဒ္ဓတ္ထက ယသော်ဓရာဘက်လှည့်၍ ပြုံးလိုက်ပြီး

"ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားပေါ့ နမတော်၊ အဲဒီတရားဟာ ဟိမဝန္တာက နှင်းပွင့်နှင်းခဲတွေထက် အသက်ရှည်တယ်"

ကျုပ်သည် သူပြောသည့်စကားကို ကောင်းကောင်းနားမလည်။ လင်းယဉ်တိုင်တွင် ချိတ်ထားရာမှ လှုပ်ယမ်းနေသော မှန်အိမ်ကို ငေးကြည့်နေသည်။

"ညီတော်မရှိတုန်းမှာ နောင်တော်ရော ဘယ်လိုပညာမျိုးတွေ သင်ယူခဲ့ပြီးပြီလဲ၊ ဘယ်လို အသိတွေများ ရခဲ့ပြီလဲ"

"ကြာပွင့်ထဲမှာရှိတဲ့ ရတနာဟာလည်း တစ်နေ့မှာ ညှိုးနွမ်းသွားရတယ်ဆိုတာကို ငါသိခဲ့တယ် အာနန္ဒာ"

"သြော် မောင်တော် မောင်တော်၊ မောင်တော့်မှာလည်း အတွေးတွေ ဖိစီးနှိပ်စက်နေတာကိုပဲ ခံစားနေရပါလား"

ယသော်ဓရာက ခပ်တိုးတိုးလေး ညည်းတွားလိုက်သည်။ နောင်တော်သည် ကြင်ယာတော်၏ စကားများကို ကြားဟန်မတူ။

"မောင်တော်ဟာ အရာရာကို တွေးတော စဉ်းစားလွန်းနေတယ် အာနန္ဒာ၊ ပျော်ရွှင်ကြည်နူးနေတုန်းမှာလည်း သူ့မှာ ဒီလို ပျော်ရွှင်ကြည်နူးတာတွေက မှန်ရောမှန်ရဲ့လား၊ ပျော်ရွှင်ရော ပျော်ရွှင်သင့်သလားဆိုတာ စဉ်းစားနေတယ်၊ တစ်ခါတလေကျတော့လည်း မောင်တော်ဟာ စကားတစ်လုံးမှ မပြောတော့ဘဲ ဆရာဗမ္ဘူဏီရဲ့ ကမ္ဗဋ္ဌာန်းကျောင်းနဲ့ မလှမ်းမကမ်းမှာရှိတဲ့ ဂူကျောင်းကလေးထဲမှာ ဝင်ပြီး တရားကျင့်နေတော့တာပဲ၊ ပြီးတော့ ပုရပိုက်တွေကို လှန်လှောနေတော့တာပဲ"

"ပေပုရပိုက်တွေထဲမှာ အသိဉာဏ်တရားမရှိပါဘူးနော် ယသော်ဓရာ၊ ကျမ်းစာတွေထဲက စာလုံးတွေဟာ ဗမ္ဘူဏီရဲ့မုတ်ဆိတ်က အမွေးတွေနဲ့ အတူတူပါပဲ"

နောင်တော်သည် တစ်ခါက ရှေးဟောင်းကျမ်းစာများတွင် ပါသည့် ဂါထာမန္တာန်များကို ကိုးကွယ်ခဲ့သည်ကို အမှတ်ရသည့်အတွက် ကျုပ်က

"ဝေဒကျမ်းများထဲက စာတွေကိုရော နောင်တော်၊ ကျေးလက်တောင်သူ မိလက္ခုများဟာ ဝေဒကျမ်းများတို့ထဲက ဂါထာတွေကို ရွတ်ဖတ်နိုင်ကြပေမဲ့ ဘာမှ အဓိပ္ပာယ်မသိကြဘူး မဟုတ်လား"

"ကျေးလက်တောင်သူ မိလက္ခုတွေဟာ ဝေဒကျမ်းများမှာပါတဲ့ ဂါထာမန္တာန်တွေကို ရွတ်ကြသော်လည်း အနက်အဓိပ္ပာယ်ကို နားမလည်ကြဘူး မဟုတ်လား၊ ဒီတော့ အမှန်တရားဟာ တစ်ခုတည်းပဲ ရှိတယ် ညီတော်၊ ဟောဒီမှာ မြေကြီးရယ်လို့ ရှိတယ်၊ အရိုးရှိတယ်၊ အသားရှိတယ်၊ အရာအားလုံးဟာ လှုပကြတယ်၊ ဒါပေမဲ့ နောက်ဆုံးမှာ ညှိုးနွမ်းသွားရတာပါပဲ"

နောင်တော်သည် ထိုသို့ပြောကာ ကြာကန်ထဲသို့ ရေဆင်းချိုးသွားသည်။ လှေပေါ်တွင် ကျုပ်နှင့် ယသော်ဓရာတို့ ကျန်ရစ်ခဲ့ကြ၏။ ယသော်ဓရာက

"မတ်တော်မောင်ရော မလ္လမင်းသားတွေနဲ့အတူ နေခဲ့တုန်းက သမထတို့ကို ကျင့်ခဲ့သေးသလား"

ကျုပ်က မလ္လာမင်းသားတို့၏ တိုင်းပြည်တွင် ထိုသို့သော အလုပ်များကို လုပ်ရန် အချိန်မရခဲ့ကြောင်း၊ ညတွင်သာ ခဏတဖြုတ်လေ့ကျင့်ခဲ့ရကြောင်းဖြင့် ပြောပြသည်။

ကျုပ်လည်း ကန်ထဲသို့ ရေဆင်းချိုးကာ အတန်ကြာလျှင် နောင်တော်နှင့်အတူ လှေပေါ်သို့ ပြန်တက်လာခဲ့ကြသည်။

ကျုပ်တို့ညီနောင်နှစ်ဦးသည် လှေဦးတွင် ဖိုထားသည့် မီးဖိုတွင် လှုံ၍ အချမ်းပြေစေပြီးနောက် ကချေသည်များ ဖြေဖျော်သည်ကို ကြည့်ရှုကြသည်။

သံအဖွဲ့ဖြင့် ကျုပ်ခရီးမထွက်ခင်တုန်းက ကချေသည်၏ လက်များလှုပပုံကို ယသော်ဓရာကို ပြောပြဖူးသည်။ သူ့လက်ချောင်းများ၏ အကွေးအညွတ်၊ သူ့လက်ချောင်းများ၏ အပြေအပြန့်၊ သူ့လက်ချောင်းများ၏ အသွယ်အလျ၊ သူ့လက်ချောင်းများ၏ အဖြောင့်အစင်းတို့သည် နံရံပေါ်တွင် လာ၍ အရိပ်ထင်ကြသည့် သစ်ရွက်များ၏ အရိပ်ထက်လှုပကြောင်းဖြင့် ကျုပ်ပြောပြခဲ့ဖူးသည်။

ယခုယသော်ဓရာက ထိုကချေသည်၏ အကကို ကြည့်လိုသည်ဟု ဆိုသဖြင့် ကျုပ်သည် ကချေသည်လုလင်ကို အစေတော်တစ်ယောက်အား စေလွှတ်၍ ခေါ်ခိုင်းလိုက်သည်။ ကချေသည်ရောက်လာသည့်အခါတွင် ကချေ

သည်သည် ပလွေနှင့်ခွက်ခွင်းတို့၏ တူရိယာသံဖြင့် ကပြအသုံးတော်ခံသည်။

"ကြည့်စမ်းပါဦး နောင်တော်၊ ဒီလက်ချောင်းလေးတွေဟာ ဘယ်လောက်များ အပြစ်ကင်းသလဲ၊ နောင်တော်ပြောတဲ့ ဟိမဝန္တာ က နှင်းဖြူပွင့်တွေထက် အပြစ်မကင်းပေဘူးလား"ဟု ကျုပ်စိတ် ထဲမှ ပြောနေမိသည်။

သို့ရာတွင် ကျုပ်အသံသည် ထွက်မလာ။ နောင်တော်သည် ကျုပ်ကို ထူးဆန်းစွာ ကြည့်နေသည်ဟု ကျုပ် စိတ်ထဲထင်လိုက်မိသည်။

ယသော်ဓရာကမူ ထိုင်ခုံတွင် ကိုယ်တစ်ပိုင်းမှီကာ ကြာပွင့်ပေါ်တွင် နားနေသည့် ဗျိုင်းတစ်ကောင်ကို ငေးကြည့်လျက်ရှိ၏။

ပတ်ဝန်းကျင်တစ်ခုလုံးသည် အတိတ်ကြီးတိတ်လျက်ရှိရာ ကြောက်ဖွယ်တစ်စုံတစ်ရာ ဖြစ်လာတော့မည်ဟု ကျုပ်စိတ်တွင် ထင်နေသည်။ ကျုပ်သည် အသက်ရှုကျပ်လာသည်။ ကျုပ်သည် အသက်ရှု၍မဝတော့ဘဲ ရင်ထဲတွင် လေးလံတင်းကျပ်လာသည်။

အမွှေးတိုင်ထည့်သည့်ခွက်များထဲမှ အမွှေးတိုင်များမှာ လောင်ကျွမ်းလျက်ရှိသည့်တိုင် မီးလင်းဖိုမှ မီးတောက်မှာမူ ငြိမ်းသွားခဲ့လေပြီ။ အမွှေးတိုင်မှ အူထွက်နေသည့် မီးခိုးများ၊ ထိုင်ခုံပေါ်တွင် မှီထိုင်နေသည့် ယသော်ဓရာ၊ ကြာပွင့်ကြာဖူးများကြားတွင် နားနေသည့် ဗျိုင်းများ။

ကျုပ်မျက်စိထဲတွင် ထိုအရာများသည် ရောထွေးလျက်ရှိနေသည်ဟု ထင်မိသည်။ ထိုစဉ် အရိပ်တစ်ခုသည် ကချေသည်၏ အနီးသို့ ရောက်လာကာ လက်တွင်ကိုင်ထားသည့် ဓားဖြင့် ကချေသည်၏ လက်ကို ဓားဖြင့် ပိုင်းချလိုက်သည်။ လက်မောင်းတစ်ဖက်သည် ပြတ်ထွက်သွားကာ လေ့ရောကြမ်းပြင်သို့ ပြတ်ကျသွားသည်။ ပြတ်ကျသွားသောလက်သည် တဖျပ်ဖျပ်လှုပ်ရှားကာ လက်ချောင်းကလေးများသည် ကွေးချည်ဆန့်ချည်ဖြင့် ကနေကြဆဲဖြစ်သည်။

သွေးအိုင်ထဲတွင် ကနေသော လက်ချောင်းများပေါ်သို့ လရောင်သည် ရွှန်းလင်းစွာ ဖြာကျလျက်ရှိနေသည်။ ညိုမည်းသော သွေးများသည် ပြတ်ကျသွားသော လက်ကောက်ဝတ်နေရာတွင် ရေပန်းထွက်သည့်နှယ်ငေါက်တောက် ပန်းထွက်လျက်ရှိပြီး လက်ချောင်းများမှာလည်း ကနေကြဆဲဖြစ်၏။ သို့ဖြင့် လက်ချောင်းကလေးများသည် တလှုပ်လှုပ်တရွရွဖြင့် ကလျက်ရှိကြရာမှ အတန်ကြတော့မှပင် ငြိမ်သက်သွားကြသည်။

"ဟင် ဘယ်လိုလုပ်ကြတာလဲ၊ အလှအပကို ဒီလိုပဲ ဖျက်ဆီးပစ်ကြတော့မှာလား"

ဟု ကျုပ်ကအော်လိုက်သည်။

ကျုပ်သည် နောင်တော်ကို လှမ်းမေးလိုက်သည်။ သို့ရာတွင် နောင်တော်က မည်သို့မှ မဖြေ။ ကျုပ်ကို စိုက်ကြည့်နေသည်။

ကန်ရေပြင်ကို လှမ်းကြည့်လိုက်သည့်အခါတွင် ဂယက်စိမ်းကလေးများသည် ကမ်းခြေမှ ကန်လယ်သို့ တဖြည်းဖြည်းလာနေကြသည်ကို တွေ့ရသည်။ ကြာပွင့်များပေါ်တွင် နားနေကြသည့် ဗျိုင်းများမှာ ပျံသွားကြလေပြီ။ ယသော်ဓရာသည် မျက်နှာမှ ပဝါကို ခွာလိုက်ကာ မီးအိမ်ထွန်းထားရာ ကျောက်ဖြူခန်းဆောင်တစ်ခုဆီသို့ လှမ်းကြည့်လိုက်သည်။

"နောင်တော်တို့ ဘယ်လိုလုပ်ကြတာလဲဟင်။ အလှအပတစ်ခုကို ဒီလိုပဲ ဓားမြှောင်တစ်လက်နဲ့ ဖျက်ဆီးပစ်လိုက်တော့မလို့လား"ဟု ကျုပ်က မေးသည်။ သို့ရာတွင် ကျုပ်ပါးစပ်မှ ဘာသံမှ ထွက်မလာ။

ကျုပ်သည် အတန်ကြာမျှ သတိမေ့မြောသွားသည်ဟု ထင်၏။

ကျုပ်နဖူးပြင်သည် ရေအေးဆွတ်ထားသည့် အဝတ်ဖြင့် အုပ်ပေးနေသည်ကို ကျုပ်တွေ့ရသည်။ ယသော်ဓရာသည် ကျုပ်ကို သနားကြင်နာစွာဖြင့် စိုက်ကြည့်နေသည်။ ကန်ရေပြင်မှ ဂယက်စိမ်းများပေါ်တွင် ပိုးသားမျှင်လို နူးညံ့သော သူ့ကိုယ်ပေါ်တွင် အရိပ်ထင်ရွေ့လျားနေကြသည်။

"ညီတော် ညီတော် ဘာဖြစ်လို့လဲ၊ ထတော့လေ၊ ညီတော် လန့်ပြီးအော်နေတယ်၊ အိပ်မက်မက်နေတယ် ထင်တယ်"

ကျုပ်သည် မျက်လုံးများ ပွတ်၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

လှေဦးသည် ကမ်းစပ်ကျူပင်များအကြားထဲတွင် ထိုးဆိုက်ထား၏။ လှေတော်သားတစ်ယောက်က ခတ်တက်များကို အသာတင်ထားသည်။

"ညီတော် နေထိုင်ကောင်းရဲ့လားဟင်၊ ခရီးပန်းလာပုံရတယ်၊ ခန်းဆောင်ကို ပြန်ပြီး အနားယူလိုက်ပါလား"

ကျုပ်သည် နောင်တော်၏ခါးကို လှမ်းကြည့်လိုက်သည်။ နောင်တော်ခါးတွင် စိန်လက်ကိုင်ရိုးတပ် ဓားမြှောင်မပါ။ သူ့ဝတ်စုံသည် ရေတို့ စိုရွှဲလျက်ရှိပြီး လှိုင်းကြက်ခွပ်များမှ အရောင်သည် လက်တွင်ဆွဲထားသည့် စိန်ပွင့်များပေါ်သို့ လာ၍ ကျနေ၏။ နောင်တော်က ကျုပ်အနားသို့ ရောက်လာကာ ငုံ့ကြည့်လိုက်ပြီးလျှင်

"ညီတော်ဟာ ဘာများ အိပ်မက်မက်နေတာလဲဟင်၊ အလှအပတွေကို ဓားမြှောင်တစ်လက်နဲ့ ဖျက်ဆီးတော့မှာလားတဲ့၊ ပြီးတော့ နောင်တော်ရဲ့ အမည်ကိုလည်း အော်ခေါ်နေသေးတယ်၊ ဘာတွေများ မက်လို့လဲ"

"ညီတော်ခရီးပန်းသွားတယ်ထင်တယ် နောင်တော်၊ အိပ်မက်

ဆိုးတွေ မက်တယ်၊ အဲဒီအိပ်မက်ထဲမှာ နောင်တော်လိုလို၊ ဘယ်သူ ဘယ်ဝါလိုလို လူတစ်ယောက်က ကဈေသည်ကလေးရဲ့လက်ကို ဓား နဲ့ ဖြတ်ချလိုက်သတဲ့၊ ခရီးပန်းလာလို့ပဲ ဖြစ်မှာပါ နောင်တော်၊ ညီ တော် ခန်းဆောင်ကို ပြန်ပြီး နားတော့မယ်”

နောက်ရက်များ မကြာမီတွင် ကျုပ်၏ကဈေသည် သုဇာတိသည် အကတစ်မျိုးကို တီထွင်ကြောင်း၊ ထိုအကမှာ ပြတ်နေသော လက်၏ ကဟန် ဖြစ်ကြောင်းဖြင့် ကျုပ်သိရသည်။

“သုဇာတိဟာ အကတစ်မျိုးကို တီထွင်လိုက်တယ်လို့ ကြားရ တယ်၊ အဲဒီအကကတော့ ပြတ်သွားတဲ့လက်ချောင်းရဲ့ ကဟန်တဲ့၊ တော်တော်ထူးခြားတဲ့ ကဟန်ပဲ၊ ကနေတုန်းမှာ လက်ဟာ လက် ကောက်ဝတ်က ပြတ်သွားတဲ့ ဟန်ဖြစ်ပြီး လက်ချောင်းကလေးတွေ ချည်းပဲ ကနေတာတဲ့”

ကျုပ်သည် သုဇာတိ၏ တီထွင်ဉာဏ်ကို တအံ့တသြဖြစ်နေသည်။

သုဇာတိသည် သူ့ခန္ဓာကိုယ်၊ သူ့စိတ်၊ သူ့ဝိညာဉ်၊ သူ့ဆန္ဒ၊ သူ့အ တွေးများအားလုံးကို သူ့လက်ချောင်းတို့၏ ကဟန်ဖြင့် သရုပ်ဖော်ပြနေသကဲ့ သို့ရှိသည်။ တစ်နည်းပြောရလျှင် သုဇာတိလက်ချောင်းများသည် သူ့ကိုယ်နှင့် သီးခြားဖြစ်နေပြီးလျှင် ထိုလက်ချောင်းများတွင် ကိုယ်ပိုင်ဝိညာဉ်၊ ကိုယ်ပိုင် ဆန္ဒစသည်တို့ရှိသည့်နှယ် ထင်ရ၏။ တစ်ခါသော် ကျုပ်သည် မဟူရာကျောက် စားပွဲတွင် တင်ထားသော သူ့လက်ချောင်းများကို မသိမသာ စိုက်ကြည့်လိုက် သည်။ လှလိုက်သည့် လက်၊ လက်ချောင်းများသည် အသက်ရှူနေသည်ဟု ထင်ရ၏။

ယဉ်ပါးနေသော သတ္တဝါတစ်ကောင်၊ ငှက်တစ်ကောင်ကို ပွတ်သပ် ပေးနေသကဲ့သို့ ပွတ်သပ်ပေးနေဖို့ ကောင်းသည့် လက်ချောင်းများဖြစ်သည်။ ကျုပ်သည် ထိုလက်ချောင်းများကို စိုက်ကြည့်နေစဉ် လက်ချောင်းများသည် တရွရွဖြင့် မသိမသာ လှုပ်ရှားစပြုလာကြသည်။

သူ့လက်ချောင်းများ လှုပ်ရှားကခုန်နေပုံမှာ မသိမသာ လှုပ်ရှားပုံမျိုး ဖြစ်သည်။ သူ့လက်ချောင်းများ တရွရွလှုပ်ရှားပုံကို ကြည့်လိုက်လျှင် ပန်းပွင့် တစ်ပွင့်မည်သို့ပွင့်လာပုံ၊ သစ်ပင်တစ်ပင် မည်သို့ သစ်စေ့မှ ပေါ်လာပုံတို့ကို ကောင်းစွာ နားလည်နိုင်သည်ဟုပင် ကျုပ်ထင်သည်။

ကျုပ်သည် တစ်ခါတစ်ရံ၌ မလ္လာမင်းသားတို့ တိုင်းပြည်မှ စိတ်ညစ် ညူးဖွယ်ရာ အကြောင်းတို့ကို တွေးမိ၍ စိတ်ဝမ်းမကြည်မသာဖြစ်ပြီဆိုလျှင် သုဇာတိကို အခေါ်ခိုင်းပြီး အကခိုင်းသည်။

တစ်တိုင်တည်းသော ဆီမီးတိုင်အောက်တွင် သူကနေပုံကို ကြည့်ရသည်မှာ စိတ်ချမ်းမြေ့ဖွယ်ရာကောင်းသည်။ သူ့လက်ချောင်းတို့မှ အရိပ်များ သည် ကန့်လန့်ကာပေါ်တွင် လာထင်ကာ အထူးထူးသော ပုံသဏ္ဌာန်များကို ဖြစ်ပေါ်စေသည်။ သူ့လက်ချောင်းများသည် ဝါးပင်မှ ဝါးကိုင်းများဖြစ်သွားကြသည်။ တစ်ခါတစ်ရံတွင် တောင်ဟုန်ချီနေသော ငှက်များဖြစ်သွားကြသည်။ တစ်ခါတစ်ရံ ကချေသည်၊ တစ်ခါတစ်ရံတွင် မြစ်ရေလျှဉ်း၊ တစ်ခါတစ်ရံတွင် ထုထည်ကြီးမားသော တံခါးကြီးများ စသည်ဖြင့် ကျပ်မျက်စိထဲတွင်ပုံသဏ္ဌာန် အမျိုးမျိုးဆောင်နေကြသည်။

သူ့လက်ချောင်းများက ဖော်ပြနိုင်စွမ်းမရှိသည့် အကမှာ တစ်မျိုးတည်းသာ ရှိ၏။ ယင်းမှာ အခြားမဟုတ်။ ပရမတ္တခေါ် ဝိညာဉ်လွတ်မြောက်မှုကို ဖော်ပြသည့်အမူအရာဖြစ်လေသည်။ ထိုအမူအရာကိုကား သူ့လက်ချောင်းများက အကများဖြင့် ဖော်ပြခြင်းမပြုနိုင်။

# ၈

တစ်ခါသော် ကျုပ်နှင့်နောင်တော်တို့နှစ်ဦးသည် ဥယျာဉ်ထဲတွင် မြင်းစီးနေကြသည်။

နောင်တော်က မြင်းပေါ်တွင် ထိုင်လိုက်လာရင်း

"ငါဟာ မြင့်မြတ်တဲ့ လူတစ်ယောက်ဖြစ်ချင်သလား၊ စကြဝတေးမန္တတ်မင်း ဖြစ်ချင်သလား၊ ကမ္ဘာမှာ အလှအပဆုံးဆိုတဲ့ မောင်းမတွေကို ပိုင်ဆိုင်ပြီး အကောင်းဆုံး၊ အဖိုးအထိုက်ဆုံးတွေဆိုတဲ့ ရတနာတွေကို ပိုင်ဆိုင်ချင်သလား၊ မပိုင်ဆိုင်လိုဘူး အာနန္ဒာ၊ ဒါတွေကို ငါတစ်ခုမှ မပိုင်ဆိုင်လိုဘူး"

"မြင့်မြတ်ခြင်းဆိုတာရော မပိုင်ဆိုင်လိုဘူးလား နောင်တော်"

"မြင့်မြတ်ခြင်းဟာ မတည်မြဲတဲ့အရာဆိုလို့ရှိရင် အဲဒီအရာကိုလည်း ငါမပိုင်ဆိုင်လိုဘူး ညီတော်"

တစ်ခါတွင်လည်း ခမည်းတော် သုဒ္ဓေါဓနမင်းကြီးက

"သားတော်ဟာ မင်းစည်းစိမ်ကို တွယ်တာခြင်းမရှိဘူး၊ သူ့မှာ အမြဲတစေလေ့လာနေတာနဲ့ပဲ အချိန်ကုန်နေတော့တာပဲ"ဟု ညည်းသည်တွင် နောင်တော်သည် ခမည်းတော်ကို ဂါရဝပြုရာမှ ခပ်တိုးတိုးဖြင့်

"မင်းသားအဖြစ်ကနေပြီး မင်းအဖြစ်ကို ခံရတာဟာ မြစ်ရေထဲကို အဝတ်ဗလာနဲ့ ဆင်းပြီး အလွန်လေးလံတဲ့ အဝတ်တန်ဆာတို့ကို ဝတ်ဆင်ပြီး ကမ်းပေါ်တက်လာရသည်နှင့် တူလှပါသည် ခမည်းတော်ဘုရား"

ဟု လျှောက်တင်သံကို ကြားလိုက်ရဖူးသည်။

တစ်ညနေ၌ ကျုပ်တို့သည် ကြာကန်ဘေးရှိ ထိုင်ခုံပေါ်တွင် ထိုင်ရင်း ကချေသည်များ သီဆိုဖျော်ဖြေနေကြသည်ကို နားထောင်ရာမှ နောင်တော်

သိဒ္ဓတ္ထသည် သစ္စာပန်းပွင့်များကို ခူးကာ ပန်းလွှာကလေးများကို ရေထဲသို့ ပစ်ချလျက်ရှိ၏။ ထိုသို့ ပန်းလွှာကလေးများကို ခြွေ၍ ပစ်နေရာမှ ကျုပ်ဘက်သို့ လှည့်ကာ

"ကြည့်စမ်း ညီတော်၊ ရေကန်ထဲမှာဆိုတော့ ပန်းဝတ်လွှာကလေးတွေဟာ ဘယ်ကိုမှ မျောမသွားကြဘဲ တစ်နေရာတည်းမှာပဲ ဝဲလည်နေကြတယ်၊ မြစ်ထဲမှာဆိုရင်တော့ ခုလောက်ဆိုမျောပါသွားကြပြီ၊ အဝေးကို ရောက်သွားလောက်ပြီ"

ထို့နောက် နောင်တော်သိဒ္ဓတ္ထသည် မဟူရာရောင်နက်မှောင်နေသော ရေကန်ထဲသို့ ကျောက်စရစ်ခဲလေးတစ်လုံးကို ကောက်၍ ပစ်ချလိုက်သည်။ ခပ်စောစောက ကန်ရေပြင်ထဲတွင် ရွှေနန်းတော် အဆောင်အဆောင်အနန်းနန်းမှ ထွန်းညှိထားသော မီးရောင်တို့သည်လည်းကောင်း၊ ကချေသည်များ၏အရိပ်များသည်လည်းကောင်း၊ ကျုပ်တို့၏ အရိပ်များသည်လည်းကောင်း၊ ကန်ရေပြင်တွင် ထင်လျက်ရှိကြ၏။ သို့ရာတွင် နောင်တော်သိဒ္ဓတ္ထက ကျောက်ခဲကလေးများကို ပစ်ချလိုက်သောအခါ၌ကား ထိုအရာအားလုံးတို့သည် မှုန်ဝါးပျောက်ကွယ်သွားကာ ရေထဲတွင် ဝိုးတိုးဝါးတားအရောင်များကိုသာ မြင်ရသည်။

ခဏကြာသည့်အခါတွင်မူ ကန်ရေပြင်သည် ပြန်၍ ငြိမ်သက်သွားကာ မီးရောင်များနှင့် အရိပ်များသည် ခပ်စောစောကအတိုင်း ပုံမှန်ပြန်၍ ပေါ်လာကြ၏။

"မြင်တယ် မဟုတ်လား ညီတော်၊ ငါတို့ရဲ့ ဘဝတွေဟာလည်း ဒီရေပြင်ထဲက အရိပ်တွေနဲ့ ဘာများထူးသေးလို့လဲ၊ သျှိဝဟာ ဖန်ဆင်းတယ်၊ ပြီးတော့ ဖျက်ဆီးပစ်တယ်၊ တို့တစ်တွေ သေလွန်တဲ့နောက်ပိုင်း တို့တစ်တွေဟာ ပြန်လည်မွေးဖွားလာကြပြန်တယ်၊ ပျက်ချင်ရင်လည်း တစ်ခဏလေးပဲ၊ မိုးကြိုး စက်ခမှ၊ ကမ္ဘာ့သေရည်ကို မျိုမှ မဟုတ်ဘူး၊ ခဲကလေးတစ်ဆုပ်ကြဲလိုက်ရုံနဲ့လည်း တို့ဘဝတွေ၊ တို့ရုပ်သွင်တွေဟာ ပျက်စီးသွားနိုင်တာပါပဲ"

ဤသည်တို့မှာ ထိုအချိန်လောက်က နောင်တော်သိဒ္ဓတ္ထပြောဖူးသော စကားများကို ကျုပ်မှတ်မိသလောက် ပြန်ရေးပြခြင်းဖြစ်သည်။

ကျောက်စရစ်ခဲလေးများကို ကြဲပက်နေသော နောင်တော်၏ လက်မောင်းညိုညိုများ၊ မဟူရာကျောက်နက်တို့ စီခြယ်ထားသည့် ကြာကန်၊ ရေထဲတွင် အရိပ်တွေရောယှက်သွားသည့် ကချေသည်တို့ အရိပ်များနှင့် ငြိမ်သက်သွားသည့်အခါတွင် တစ်ဖန် ပြန်ပေါ်လာသည်။

နောင်နှစ်များ၌ ကျုပ်သည် ဟိမဝန္တာတောင်ခြေရင်းရှိ ပြည်နယ်တစ် ခုသို့ သံအဖွဲ့တစ်ဖွဲ့ဖြင့် သွားနေရသည်။ ထိုပြည်နယ်သို့ ရောက်သည့်အချိန် မှစ၍ ကျုပ်သည် နောင်တော်သိဒ္ဓတ္ထထံသို့ စာများရေးခဲ့သည်။ သို့ရာတွင် နောင်တော်ထံမှမူ စာတစ်စောင်မှ ပြန်စာမရခဲ့။

မျှော်လေတိုင်းတွင် တောင်တန်းပြာကြီးများ၊ ဖြူပြာသော ကမ်းပါး စောက်များ၊ အင်ကြင်းတောများကိုသာ မြင်နေရသည်။ ကျုပ်သည် နေပြည် တော်မှ သည်မျှကြာကြာထိ တစ်ခါမှ မခွဲစဘူး။ ထောပတ်ဆီတို့ဖြင့် ထွန်း ထားသည့် ဆီမီးခွက်များနှင့် အေးစက်သော လက်ဖက်ရည်ကြမ်းများကို သောက်ရင်း ကျုပ်သည် လူ့ဘဝမှ ပြောင်းလာကာ အခြားဘုံသို့ ရောက်နေ သည်ဟုပင် ကျုပ်စိတ်ထဲတွင် ထင်လိုက်မိသေးသည်။

သို့ဖြင့် ကျုပ်သည် အားအားရှိလျှင် တင်ပျဉ်ခွေထိုင်ကာ သမထကျင့် သည်။

ဇဏီသားမင်တို့၏ ချေးဖြင့် ရှို့သောမီးပုံဘေးတွင် ကျားရေကိုခင်း ၍ ထိုင်ရင်း နေပြည်တော်ကိုသာ သတိရနေခဲ့သည်။ အထူးသဖြင့် ကျုပ်သည် နောင်တော်သိဒ္ဓတ္ထကို သတိရနေသည်။ တစ်ခါတစ်ရံတွင်မူ နောင်တော်သည် ကျုပ်ဘေးတွင် လာရောက်ထိုင်နေတတ်သည်ဟုပင် စိတ်ထဲတွင် အောက်မေ့ လိုက်မိသည်။

တာဝန်ပြီးဆုံး၍ ကျုပ်တို့သံအဖွဲ့သည် ကပိလဝတ်ပြည်သို့ ပြန်လာ ကြသည်။ ကျုပ်တို့သည် တောင်ကြားလမ်းများအတိုင်း ဆင်းလာခဲ့ကြစဉ် ကပိ လဝတ်ပြည်အကြောင်းကို တွေးတောရင်း လိုက်လာခဲ့ကြသည်။

ကပိလဝတ်ပြည် နယ်စပ်အနီးရောက်သည့်အခါ၊ တောအုပ်များနှင့် ကွင်းပြင်ကျယ်ကြီးများကို မြင်လိုက်သည့်အခါတွင် ကျုပ်ဝမ်းသာပုံမှာ ဆိုဖွယ် မရှိတော့ပြီ။ ကိုယ့်ဇာတိရပ်ရွာသာလျှင် ကိုယ့်ကိုပိုင်ဆိုင်သည်သာ။ လူတစ် ယောက်၏ တစ်သက်တာတွင် ဇာတိရပ်ရွာသည် ကိုယ့်ကို အမြဲလက်ယပ်ခေါ် လျက်ရှိသည်သာ။

နောင်တော်သိဒ္ဓတ္ထသည် သူကိုယ်တိုင် ကျုပ်ကို လာရောက်ကြိုဆို ခြင်းပြုသည်။ ကျုပ်တို့ ဝန်တင်တိရစ္ဆာန်ဖြစ်သည့် ကုလားအုတ်များမှာ ခမည်း တော်မင်းကြီးထံပေးပို့လိုက်သော လက်ဆောင်ပဏ္ဏာများနှင့် ပြည့်လျက်ရှိနေ ၏။

သားမွေးများ၊ အမွှေးနံ့သာများ၊ ပိုးထည်များဖြစ်၏။ လက်ဆောင် ပဏ္ဏာပေးလိုက်သည့် သားမွေးများသည် ကျုပ်တို့ရွှေနန်းတော်ကြီးတစ်ခုလုံး တွင်ရှိသည့် နန်းတွင်းသူ နန်းတွင်းသား အားလုံးဝတ်လောက်၏။ နန်းတွင်း

သူနန်းတွင်းသားအားလုံးခြံ၍ အိပ်လောက်၏။ သားမွေးသည် ဗာရာဏသီတစ်ပြည်လုံးတွင်ရှိသည့် သားမွေးများထက်ပင် များပြားသေး၏။

နောင်တော်သိဒ္ဓတ္ထ၏ တံခွန်ကို တလူလူမြင်ရသည့်အခါတွင် ကျုပ် သည် မြင်းခပ်သုတ်သုတ်စီးလာခဲ့သည်။ နောင်တော်သည်လည်း မြင်းတစ်စီး ဖြင့် ကျုပ်တို့ဆီသို့ ရောက်လာ၏။

မြင်းစီးလာခဲ့ရသည့်အတွက် ဖုန့်မှုန့်များပေကျံနေသည်မှအပ နောင်တော်မှာ မည်သို့ ပြောင်းလဲခြင်း မရှိပေ။

ရွှေနန်းတော်ကြီးသို့ ပြန်ရောက်သည့်အခါတွင် ကျုပ်သည် ကြေးမုံတွင် ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်မိသည်။ နေလောင်သဖြင့် ကျုပ်အသားအရေတို့သည် ညိုနေသည်။

သို့ရာတွင် နောင်တော်မှာမူ ကျုပ်နှင့်ကွဲကွာနေရသည့် လေးနှစ်အတွင်းမည်သို့မှ ထူးခြားစွာ ပြောင်းလဲဟန်မရှိ။ အနည်းငယ် အရပ်ပိုမြင့်လာသည်ဟုကား ကျုပ်စိတ်ထဲတွင် ထင်မှတ်လိုက်လေသည်။ သို့ရာတွင် နောင်တော်သည် သားမွေးအင်္ကျီများကို ဝတ်ထားသည့်အတွက်ကြောင့် တစ်ကြောင်း၊ အရပ်ပိုမြင့်လာကြောင်းကိုမူ ကျုပ်ခန့်မှန်းမရချေ။ နောင်တော်ကို ကြည့်ရသည်မှာ နုနယ်ပျိုမျစ်နေရုံမျှမက သေးသွယ်လျက်ရှိနေသည့်အတွက် ကျုပ်သည် သူ့ကို လူငယ်လေးတစ်ဦးဟု ရုတ်တရက် ထင်လိုက်မိသေးသည်။ ထို့ကြောင့် ကျုပ်တို့နှစ်ဦး တောလည်သွားကြသည်ကို သတိရနေသည်။

ထိုစဉ် နောင်တော်က

"နမတော် ယသော်ဓရာလည်း သားတော်တစ်ပါး ဖွားမြင်တယ် ညီတော်"

ထိုစကားကြောင့် ကျုပ်ဝမ်းမြောက်ဝမ်းသာကြောင်း သူ့ကိုလှမ်းပြောလိုက်သည်။ နောင်တော်ကို ကြည့်ရသည်မှာလည်း ဝမ်းမြောက်နေဟန်ရှိနေသည်။ သို့ရာတွင် နောင်တော်သည် ချက်ချင်းဆိုသလိုပင် မျက်မှောင်ကုတ်လိုက်သည်။

"သားတော်လေးကို ရာဟုလာလို့ အမည်ပေးထားတယ်၊ ရာဟုလာဆိုတာ အတားအဆီးကိုခေါ်တာ" ဟု ပြောသည်။

ကျုပ်တို့နှစ်ယောက်သည် စကားတပြောပြောဖြင့် ရွှေနန်းမြို့တွင်း ဝင်လာကြသည်။ နော်တော်က ကျုပ်သွားရောက်ခဲ့စဉ်က သံအဖွဲ့အကြောင်း၊ ကျုပ်တွင် နေလောင်ထားသောအရေမှလွဲ၍ အခြားမည်သည့်အန္တရာယ်မှ ကပ်ငြိခြင်းမရှိဘဲ ပြန်ရောက်လာခဲ့သဖြင့် ဝမ်းသာကြောင်း စသည်တို့ကို ပြောဆိုလာသည်။ ထိုသို့ပြောရင်း ဒေဝဒတ်သည်လည်း လွန်ခဲ့သော သုံးလလောက်

ကပင် ဗာရာဏသီမှ ပြန်ရောက်ခြင်းဖြင့် ပြောပြ၏။

"ဒါပေမဲ့ ဒေဝဒတ်ကို ကြည့်ရတာ တော်တော်ကြီးကို ပြောင်းလဲလာတယ်၊ လူက စကားပြောနည်းလာပြီး ပိုပြီးလည်း ကောက်ကျစ်လာတယ်၊ ခမည်းတော် နတ်ရွာစံရင် ထီးနန်းအရိုက်အရာကို ခတ္တိယမျိုးနွယ်ထဲက သူဆက်ဆံချင်တဲ့ပုံပဲ၊ သူဆက်ခံချင်တယ်ဆိုရင်လည်း နောင်တော်က ရှောင်ပေးဖို့ အဆင်သင့်ရှိပါတယ်၊ ဝမ်းအသာဆုံးပေါ့၊ ဒါပေမဲ့ နှမတော် ယသော်ဓရာကတော့ သူ့သားတော် ရာဟုလာကို ထီးနန်းဆက်ခံစေချင်ပုံရတယ်၊ ဒီတော့ နောင်တော့်အနေနဲ့ ခမည်းတော်အရိုက်အရာကို မဆက်ခံလိုပေမဲ့ ရှောင်လွဲလို့မရဖြစ်နေတာပေါ့၊ နောင်တော်တော့ အဲဒါကိုစိတ်အဆင်းရဲဆုံးပဲ ညီတော်"

နောင်တော်သိဒ္ဓတ္ထသည် သက်ပြင်းကြီးတစ်ချက်ကို ချလိုက်၏။

ကပိလဝတ်ပြည်သည် ဘာမှ ပြောင်းလဲခြင်းမရှိ။ ရွှေနန်းတော်ကြီးမှာလည်း ယခင်အတိုင်းပင်။ ရွှေနန်းတော်မြို့ရိုးရှေ့တံခါးမှ ကျုပ်တို့ဝင်လာကြသည်။

ကျုပ်တို့ဝင်လာသည့်အခါတွင် ပြအိုးများနှင့် ဗဟိုရ်စည်ကြီးများပေါ်ရှိ အစောင့်များက ခရသင်းများကို မှုတ်ကြသည်။ လူအများကလည်း ကျုပ်တို့ကို ငေးကြည့်နေကြသည်။

လမ်းမတွင် ယခင်ကကဲ့သို့ ဖုန်မှုန့်ခပ်ကျင်ကျင်များ၊ ယခင်ကကဲ့သို့ပင် ကလေးသူငယ်တို့ အော်ဟစ်ကစားကြမြဲ၊ ယခင်ကကဲ့သို့ပင် မီးကိုမျိုပြသူများလည်း မျိုပြကြလျက်၊ သြော် ကပိလဝတ်ပြည်သည် ဘာမှ ပြောင်းလဲခြင်း မရှိချေတကား။

ရွှေနန်းတော်သို့ ရောက်လျှင် ကျုပ်သည် ခမည်းတော် သုဒ္ဓေါဓနမင်းကြီးကို ဝင်၍ ဖူးမြော်သည်။ ညချမ်းချိန်ရောက်ပါပြီ။ ရွှေနန်းတော်ကြီးတစ်ခုလုံးသည် ရောင်စုံမီးပုံးများဖြင့် ပြိုးပြိုးပြက်ပြက်လက်လျက်ရှိ၏။ ကျုပ်သည် လက်ဆောင်များနှင့်တကွ တောင်ပေါ်ဒေသတို့မှ ခေါ်ဆောင်လာသော လက်အောက်ခံအကြီးအကဲများကို မင်းကြီးအား ဆက်သပြီးနောက် ကျုပ်ခန်းဆောင်သို့ ပြန်လာခဲ့သည်။

ခန်းဆောင်တွင် ကျုပ်ကို စောင့်ကြိုနေသည့် သုဇာတိကို မြင်တွေ့ရ၏။ သုဇာတိမှာ မုတ်ဆိတ်တို့ ဖြူဖွေးစပြုနေပြီ။

ထို့နောက်တွင် ကျုပ်တို့ သံအဖွဲ့ပြန်ရောက်သည့် အထိမ်းအမှတ်အဖြစ် ရွှေနန်းတော်ထဲတွင် ပျော်ပွဲရွှင်ပွဲများကို လေးရက်တိုင်တိုင်ကျင်းပကြသည်။

လေးတင်ပွဲများ၊ ကြက်တောင်ရိုက်ပွဲများ၊ စစ်တုရင်ပြိုင်ပွဲများ ကျင်းပကြသည်။ စစ်တုရင်ကို ထိုးကြရင်း ကျုပ်က အချစ်သည် စစ်တုရင်ထိုးခြင်းနှင့်တူကြောင်း၊ စစ်တုရင်ထိုးရာတွင် မိမိ၏ရွှေ့ကွက်နှင့်တစ်ဖက်လူ၏ရွှေ့ကွက် ဟူ၍ရှိကြောင်း၊ ယခုလည်း အလားတူပင်ဖြစ်ကြောင်း၊ မိမိကလည်း ချစ်၍ မိမိအချစ်ခံရသူလည်း ပြန်ချစ်ဖို့လိုကြောင်း။

မကြာမီတစ်ညနေတွင် ကျုပ်တို့နှစ်ဦးသည် ဥယျာဉ်ထဲတွင် လမ်းလျှောက်နေကြသည်။ ဤတွင် နောင်တော်က တုံ့ခနဲ ရပ်လိုက်ပြီးလျှင်

"ခမည်းတော်တော့ ညီတော်တစ်ယောက်အတွက် ကြင်ရာတော်တစ်ယောက်တွေ့ထားပြီ"

ကျုပ်မှာ ထိုစကားကြောင့် အံ့အားသင့်လျက်

"ညီတော် လက်မထပ်ချင်သေးဘူး နောင်တော်၊ ညီတော်ဟာ ခုမှ နှစ်ဆယ့်ငါးနှစ်ပဲ ရှိသေးတယ်။ ခုအချိန်မှာ သွားပြီးလက်ထပ်ရင် ညီတော်အဖို့ ဘာပျော်ရွှင်မှုရမှာလဲ နောင်တော်၊ အချိန်စောသေးတယ်လို့ ထင်ပါတယ်"

နောင်တော်ပြုံးလိုက်၏။

"ညီတော်ဟာ မင်းညီမင်းသားတစ်ပါးမဟုတ်လား၊ ဒီတော့ မင်းညီမင်းသားတို့ရဲ့ တာဝန်ကို ယူရလိမ့်မယ်။ ဒီတော့ဘယ်လိုပဲဖြစ်ပါစေ၊ ညီတော်ဟာ မင်းသမီးတစ်ပါးပါးနဲ့တော့ စုလျားရစ်ရပေလိမ့်မယ်"

"ဘယ်သူနဲ့တဲ့လဲ နောင်တော်၊ မလ္လာမင်းသမီးတစ်ပါးပါးနဲ့များလား မသိဘူး"

ကျုပ်က မဖြစ်နိုင်ဟု တွေးမိသဖြင့် နောက်ပြောင်၍ ပြောလိုက်ခြင်းဖြစ်သည်။ နောင်တော်က ခေါင်းညိတ်ပြလိုက်၏။

ကျုပ်စိတ်ထဲတွင်မူ မလ္လာမင်းသားတို့ သေသောက်ကျူးပုံ၊ ကာမဂုဏ်စည်းစိမ်တို့ကို အလွန်အကျွံခံစားပုံတို့ကို မြင်ခဲ့ရကတည်းက စိတ်ပျက်လျှက်ရှိရာ ယခု ကျုပ်အား မလ္လာမင်းသမီးတစ်ပါးပါးနှင့် လက်ထပ်ပေးတော့မည်ဟု သိရသည့်အတွက် များစွာ စိတ်ပျက်မိလေ၏။

ထိုစဉ်တစ်နေ့သ၌ နောင်တော်သိဒ္ဓတ္ထအတွက် ထူးဆန်းသည့် အခြင်းအရာတစ်ခု ပေါ်ပေါက်ခဲ့လေသည်။

နောင်တော်သည် မနက်လင်း၍ မြက်ခင်းများပေါ်တွင် နှင်းပေါက်ကလေးများ သီးနေချိန်မျိုးဆိုလျှင် ဥယျာဉ်တော်ထဲတွင် လမ်းလျှောက်ထွက်တတ်၏။ ထိုအခါမျိုးတွင် ရထားထိန်းနှင့် ရထားတို့က ခပ်လှမ်းလှမ်းမှ လိုက်

ပါလာကြသည်။ နောင်တော်သည် အပြင်သို့ သွားရလျှင် ရထားထိန်းဆန္ဒက လိုက်ပါရမြဲဖြစ်သည်။ ထိုနေ့မနက်၌ နောင်တော်သည် ဆန္ဒကို ခေါ်လျက် ဥယျာဉ်တောထဲတွင် လမ်းလျှောက်ထွက်လာခဲ့သည်။

ဥယျာဉ်တော်ထဲတွင် နှင်းရည်တို့ကို ခံထားသည့် ကျောက်ကရားများချထားသည်ကို တွေ့ရသည်။ ထိုအချိန်က ဒေဝဒတ်လည်း နန်းမြို့ရိုး တွင်းရှိ ဥယျာဉ်တော်တစ်ခုမှ နန်းဆောင်တစ်ဆောင်တွင် တည်းခိုလျက်ရှိနေသည်။ (ထိုနေ့က နောင်တော်သိဒ္ဓတ္ထတို့ ဥယျာဉ်ထဲတွင် လာရောက်နေသည့် အကြောင်းကို သူသိကြောင်း၊ ရထားမှ ခြူသံများကို အဝေးမှပင် ကြားနေရကြောင်းဖြင့် နောင်တွင် ကျုပ်ကို ပြောပြသည်။)

နောင်တော်သည် ဥယျာဉ်ထဲသို့ ဆင်းလာရာ ဆန္ဒမှာ ရထားပေါ်မှ ဆင်းသက်ကာ သူ့နောက်မှ လိုက်ပါလာ၏။

ရထားမြင်းမှ ကကြိုးတန်ဆာများသည် နေရောင်တွင် ပြောင်လက်နေကြသည်။ နောင်တော်သည် ငှက်ငယ်များကိုလည်းကောင်း၊ ပန်းပွင့်များကိုလည်းကောင်း ကြည့်ရှုရင်း ဥယျာဉ်ထဲသို့ လျှောက်လာခဲ့၏။ နှင်းတို့မှာ တဖြည်းဖြည်းလွင့်ပြယ်စပြုလေပြီ။ ထိုစဉ်တွင် သူ့စိတ်ထဲ၌ တစ်စုံတစ်ရာ ပြောင်းလဲသွားသည်ဟု ထင်လိုက်မိသည်။ မည်သည့်အရာပြောင်းလဲသွားခြင်းကို သူလည်း ကောင်းကောင်းမသိ။ လေထဲတွင် တစ်စုံတစ်ရာ ပြောင်းလဲသွားသည်ကို သိလိုက်၏။ သစ်ပင်များကို ကြည့်သော်လည်း ပြောင်းလဲမှုကို မတွေ့ရ။ သစ်သီးများ၊ သစ်ရွက်များတွင်လည်း ဘာမျှ ပြောင်းလဲခြင်းရှိသည်ကို မတွေ့ရ။ သို့ရာတွင် တစ်စုံတစ်ရာပြောင်းလဲနေမှုန်းကိုကား နောင်တော်သိလိုက်သည်။

လေထဲတွင် တစ်စုံတစ်ရာသော အနံ့ကိုရသည်ဟု ထင်လိုက်မိ၏။ ထို့ကြောင့် နောင်တော်သည် ခြေလှမ်းများကို နှေးလိုက်ကာ နောက်မှလိုက်လာသော ဆန္ဒကို စောင့်နေသည်။ သို့ရာတွင် ထိုအခြင်းအရာကို တစ်ယောက်တည်းမြင်လိုက်ရသည့်အတွက် ရှေ့သို့လည်း ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။ ထိုစဉ်တွင် နောင်တော်မြင်လိုက်ရသည့် အခြင်းအရာမှာ တခြားမ ဟုတ်။ သူအိုကြီးတစ်ယောက်၏ပုံ ဖြစ်နေ၏။

သူအိုကြီးမှာ အိုမင်းလှပြီဖြစ်သည့်အတွက် ဦးခေါင်းမှ အရေတို့ပင် လျှင် ဦးခေါင်းခွံထဲသို့ ရှုံ့ဝင်နေကြလေပြီ။ ဖြူဖွေးသော ဆံပင်တို့သည် အထွေးထွေးဖြစ်ကာ ပခုံးပေါ်သို့ ဝဲကျနေကြသည်။

ပထမသော် နောင်တော်သည် ပြန်၍လှည့်မည်ဟု စိတ်ကူးလိုက်သေးသည်။ စိတ်တွင် ထင်ခြင်းဖြစ်လေသလောဟု စဉ်းစားမိ၏။ သို့ရာတွင် မိမိနှင့် အတူလိုက်ပါလာသည့် ဆန္ဒမှာလည်း ပါးစပ်အဟောင်းသားဖြစ်ကာ ဥယျာဉ်

တံတိုင်းအနီးရှိ သူအိုကို ကြည့်လျက်ရှိသည့်အတွက် ယခုမြင်ကွင်းမှာ မိမိ၏ စိတ်တွင်ပေါ်လာသည့် မြင်ကွင်းမဟုတ်ဘဲ တကယ့်အမှန်ဖြစ်ကြောင်းကို နောင်တော်သိလိုက်၏။ နောင်တော်၏ တစ်သက်တာတွင် ထိုမျှလောက် အိုမင်းသော သူအိုတစ်ယောက်ကို မမြင်ဖူးသေးချေ။

"သူ ဘယ်ကလာတာလဲ၊ ဒီကို ဘာရည်ရွယ်ချက်နဲ့ လာတာလဲ"

ဟု နောင်တော်စိတ်ထဲမှ ရွတ်ဆိုနေသည်။

"သူတို့ရဲ့ အနံ့ကြောင့် လေထဲမှာ အနံ့တစ်မျိုးပြောင်းသွားခြင်း ဖြစ်ကြောင်းပါ"ဟု ဆန္ဒက လျှောက်လာသည်။

နောင်တော်သည် သူအိုထံသွား၍ မကြည့်တော့ဘဲ ဆန္ဒကို ခေါ်ကာ စေလွှတ်ပြီး လိုအပ်သည်ကို ထောက်ပံ့စေလိုက်သည်။

လူစိမ်းသူစိမ်းတို့ ဥယျာဉ်ထဲသို့ အဘယ်ပုံဝင်ရောက်လာကြောင်းကို စုံစမ်းစစ်ဆေးစေကာ မိမိနန်းတော်သို့ ပြန်လာကြကာ သူအိုမှာ အသက်အရွယ်အလွန် အိုမင်းလျက်ရှိနေပြီဖြစ်သည့်အတွက် စကားကိုသော်မှ မပြောနိုင်တော့ကြောင်း၊ ဥယျာဉ်တော်ထဲသို့ မည်သို့ဝင်ရောက်လာကြောင်း မည်သူမှ မသိကြကြောင်း၊ ထိုမျှလောက်အိုမင်းရွတ်တွနေသူတစ်ဦးကို မည်သူမျှ မမြင်ဖူးကြောင်း ပြောကြသည်။

"ငါ့ကို တစ်ခုခု နိမိတ်ပြနေတာ ဖြစ်မှာပဲ"ဟု နောင်တော်တွေးနေသည်။

နောက်တစ်နေ့မနက်တွင် နောင်တော်သည် ဥယျာဉ်ထဲသို့ ဆင်းရမည်ကို စိုးရွံ့လျက်ရှိနေ၏။ ယနေ့လည်း မနေ့ကကဲ့သို့ နိမိတ်တစ်မျိုးမျိုးကို မြင်ရလေနိုးမည်လောဟု စိတ်တွင်ထင့်လျက်ရှိနေသည်။

ရာသီမှာ ကဆုန်လရာသီဖြစ်လျက် ညောင်ပင်တို့တွင် ညောင်ပွင့်တို့ ဝေစပြုလေပြီ။ ဒုတိယမြောက်နေ့တွင်မူ နောင်တော်သည် ခါတိုင်းကဲ့သို့ပင် ဥယျာဉ်တော်ထဲသို့ ဆင်းလာခဲ့သည်။

နောင်တော်သည် ပထမသော် ဘာကိုမှ ကောင်းစွာမမြင်ရ။ နှင်းမြူတို့ဝေဆိုင်းကာ သစ်ပင်များပေါ်တွင် ကျေးငှက်တို့က အော်မြည်လျက်ရှိကြ၏။

ဆန္ဒကလည်း သူ့မြင်းများကို တီးတိုးစကားပြောလျက်ရှိနေသည်ကို တွေ့ရသည်။ ထိုစဉ်က နောင်တော်သည် တစ်နေရာတွင် မြက်တောထဲ၌ အိုင်းအနာကြီးတို့ထကာ သွေးတွေ၊ ပြည်တွေ အလိမ်းလိမ်းဖြင့်လဲကျနေသော လူတစ်ယောက်ကို တွေ့မြင်ရလေသည်။ ထိုသူသည် မြက်လျှောမြွေတစ်ကောင်ကဲ့သို့ သူတို့နှစ်ဦးအနီးသို့ တွားသွားနေသည်ကို မြင်ရ၏။ (ဤသည်တို့မှာ နောင်တော်က ပြန်ပြော၍ သိရခြင်းဖြစ်သည်။)

"အလို ဒီလိုအခြင်းအရာမျိုးဟာ မဖြစ်နိုင်တဲ့ အခြင်းအရာမျိုး ပဲ"

ဟု နောင်တော်က ပြောသည်။

"ဥယျာဉ်တော်ထဲကို ဘယ်လိုများ ရောက်လာတာတဲ့လဲဟင်"

နောင်တော်က ဆန္ဒကို လှမ်းမေးလိုက်သည်။ ဆန္ဒသည် ရထားအနီးတွင် ရပ်နေရာမှ နောင်တော်ဆီသို့ လျှောက်လာသည်။

"အင်း တကယ်တော့ တို့များရဲ့ အဖြစ်ဟာလည်း ထောင်တန်းနောင်အိမ်ထဲရောက်နေရတာနဲ့ အတူတူပဲကလား၊ နောက်မှာ ဆန္ဒက စောင့်ကြပ်လို့၊ ရှေ့မှာ ပြည်ပုပ်ပြည်ဆွေးတွေပေကျံပြီး တစ်ကိုယ်လုံး အိုင်းအနာတွေ စွဲနေတဲ့ သူနာကြီးက ရှေ့မြက်တောထဲမှာလဲလို့"

မြက်တောထဲတွင် တရွေ့ရွေ့တွား၍ လာနေသည့် သူနာသည် နောင်တော့်အနီးသို့ ရောက်လာသည်။ ကျောပြင်ကြီးတစ်ပြင်လုံးသည် အနာစိမ်းတွေ ပေါက်ကာ သွေးသံတို့ဖြင့် ရဲလျက်ရှိနေ၏။ တင်ပါး၊ လက်မောင်း၊ ဝမ်းဗိုက် စသည့်နေရာများတို့တွင်လည်း အနာများပြည့်လျက်။ ခြေထောက်များမှာလည်း သွေးမရှိတော့သကဲ့သို့ ပြာမွဲလျက်ရှိနေသည်။

ထိုအရာသည် ပါးစပ်မှ တအင့်အင့်ညည်းညူကာ သူတို့အနီးသို့ ရောက်လာသည်။

ခေါင်းကို မော့၍ သူတို့ကို ကြည့်လိုက်သည်။ ထိုအခါ၌ကား ထိုသူနာ၏ မျက်နှာပေါ်တွင် အနည်းငယ်မျှ တင့်တယ်ခြင်းမရှိသော အနိဋ္ဌာရုံကြီးကို ပြက်ပြက်ထင်ထင်မြင်လိုက်ရလေပြီ။ သူနာ၏ မျက်နှာတစ်ပြင်လုံးသည် အနာကြီးတွေဖြင့် ထူပိန်းလျက်ရှိနေကာ မျက်ခွံကြီးတွေလည်း ဖူးယောင်လျက်ရှိနေ၏။ ပါးစပ်ကိုကား ရှာ၍ပင်မတွေ့ချေ။ နောင်တော်သည် ရုတ်တရက် ယောင်၍ အော်လိုက်သည်။ ဆန္ဒသည် နောင်တော်၏ အော်သံကြောင့် ပြေးလာခဲ့ရာ ထိုအနိဋ္ဌာရုံကို မြင်လိုက်သည်နှင့် ပျို့တက်လာကာ တဝေ့ဝေ့ထိုးအန်နေသည်။ မြင်းများမှာလည်း ထိုရှုခင်းကို မြင်ကာ ကြောက်လန့်သွားဟန်ဖြင့် အဝေးသို့ ထွက်ပြေးလေရာ ခြုံသံများကိုပင် ခပ်သဲ့သဲ့ကြားရလေသည်။

နောင်တော်သိဒ္ဓတ္ထသည် ကိုယ့်ကိုယ်ကို အားတင်းကာ သူနာကို ငုံ့ကြည့်လိုက်သည်။ မည်သူမည်ဝါပင်ဖြစ်၍ မည်သည့်အရပ်မှ ဖြစ်ကာ မည်သည့်အကြောင်းကြောင့် သည်နေရာသို့ ရောက်လာသနည်းဟု မေးမြန်းစုံစမ်းချင်သည့်တိုင် ထိုသူနာထံမှ အဖြေကိုမကြားရ။ တအင့်အင့် ညည်းသံကိုသာ ကြားနေရသည်။

မြက်တောထဲတွင် တွားသွားလျက်ရှိနေဆဲဖြစ်၏။ ပြည်တစိုစိုနှင့်

ဖြစ်နေသော အနာကြီး ဖူးယောင်နေပုံ၊ ပုပ်ပွနေပုံကို ကြည့်ရသည်မှာ ကြက်သီးထစရာကောင်းလှသည်။

ဆန္ဒသည် အစေတော်များကို ပြေးခေါ်ကာ သူနာကို မွေ့ရာ၊ ခေါင်းအုံး၊ စောင်တို့ဖြင့် လွှမ်းထားစေ၏။

ပြီးနောက် သူနာကို တခြားသို့ သယ်ဆောင်သွားစေသည်။ နောင်တော်သည် ထိုမြင်ကွင်းကြောင့်များစွာ စိတ်တုန်လှုပ်ချောက်ချားလာကာ နန်းတော်သို့ ပြန်လာခဲ့သည်။ မိမိမြင်ခဲ့ရသည့် ရှုခင်းသည် တကယ့်ရှုခင်းလော၊ မိမိစိတ်က ထင်ခြင်းလောဆိုသည်ကို ဝေခွဲမရအောင် ဖြစ်နေသည်။ နောင်တော်သည် ဥယျာဉ်ထဲမှ နန်းတော်ဆီသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့ သည်။

နန်းတော်သို့ ပြန်ရောက်သည့်အခါတွင် နောင်တော်သည် မိမိနှင့်လိုက်ပါလာသည့် ရံရွေတော်များအား မည်သည့်ထူးခြားသော အခြင်းအရာမျိုး မြင်ခဲ့ရသနည်းဟု မေးကြည့်သည်။

ဘာမျှထူးခြားသော အခြင်းအရာကို မမြင်ခဲ့ရကြောင်းဖြင့် ရံရွေတော်များက ဖြေကြသည်။ နောင်တော်သည် မကျေနပ်သည်နှင့် မိမိနှင့်လိုက်ပါ၍ အခြားရံရွေတော်များကိုလည်း မေးမြန်းကြည့်ပြန်သည်။

သူတို့ကလည်း အလားတူပင် ဘာမျှ မမြင်ခဲ့ရကြောင်း ဖြေကြသည်။

နောက်ဆုံး၌ သူနာကို ပြုစုကာ ပတ်တီးစည်းနှောင်ပေးသည့် အစေခံများကို တွေ့သည့်အခါမှ မိမိမြင်ခဲ့ရသည့် အခြင်းအရာသည် စိတ်ကထင်ခြင်း မဟုတ်ဘဲ တကယ်တွေ့ကြုံခဲ့ရခြင်းဖြစ်ကြောင်း နောင်တော်သည် သဘောပေါက်တော့သည်။

အစေတော်များသည် သူနာအား မည်သည့်နေရာသို့ ခေါ်သွားမည်နည်း။ ဤနေရာသို့ မည်သို့မည်ပုံ ရောက်လာသနည်း။ ယခုကဲ့သို့ အနာရောဂါများကို မည်သို့မည်ပုံရလာသနည်းဟု အကျိုးအကြောင်းမေးမြန်းစုံစမ်းသော်လည်း ဘာမှ မေးမြန်းစုံစမ်း၍ မရချေ။ ဤတွင် အစောင့်များကို ဆင့်ခေါ်၍ စစ်ဆေးကြည့်သည်။

သူတို့သည် ယနေ့နံနက်တွင် မည်သည့်အခြင်းအရာကိုမှ ထူးထူးခြားခြားမတွေ့ရကြောင်း၊ နန်းတော်ဝင်းထဲတွင် ထိုသူနာမည်သို့ရောက်လာသည်ကိုလည်း မည်သူမှ မသိကြောင်းဖြင့် ပြောဆိုကြသည်။

ခဏကြာတွင် ယသော်ရောလည်း မျက်နှာဖြူရော်ကာ ပြန်ရောက်လာသည်။ နောင်တော်သည် သမားတို့ကို ပင့်၍ ထိုသူနာကို အိမ်တွင် ပြုစုစေသည်။ ထိုသူ၏ အမျိုးအမည်ကိုလည်း မောင်းကြေးနင်းခတ်စေရန် ကပိလဝတ်ပြည်လုံးတွင် စုံစမ်းစေသည်။

သို့ရာတွင် ထိုသူ၏ အမျိုးအနွယ်ကို မည်သူမှ မပြောနိုင်ကြ။

မိမိဥယျာဉ်ထဲသို့ ရောက်လာသည့် သူနာသည်လည်း ရေဆိုးမြောင်း အတိုင်းလိုက်လာကာ ဥယျာဉ်ထဲတွင် အေးအေးချမ်းချမ်းဖြင့် လာရောက်အိပ်စက်နေသူတစ်ဦးဖြစ်လိမ့်မည်ဟုသော မျှော်လင့်ယူဆလိုက်၏။

လွန်ခဲ့သည့်နှစ်များ မကြာမီကလည်း အပြင်လူတစ်ယောက်သည် ရေဆိုးမြောင်းအတိုင်းလိုက်လာကာ မင်းသားငယ်တစ်ပါး၏ ဥယျာဉ်ထဲသို့ ရောက်လာခဲ့ဖူးသည် မဟုတ်လော။

၉

နောင်တော်သည် အစေတော်တစ်ယောက်ကို လွှတ်ကာ သူ့ထံလာရန် ကျုပ်ကို ခေါ်ခိုင်းလိုက်၏။ ကိစ္စအရေးကြီးသဖြင့် အမြန်လာရောက်ရန်လည်း မှာလိုက်လေသည်။

သူ့နန်းဆောင်သို့ရောက်လျှင် အမွေးတိုင်များ ပတ်ပတ်လည် ထွန်းထားသည့် ဝက်ဝံရေကော်ဇောပေါ်တွင်ထိုင်ရင်း သူမြင်ခဲ့ရသည့် အခြင်းအရာ များကို ပြောပြလေသည်။

"ဒေဝဒတ်ကများ ဒီအခြင်းအရာတွေကို ငါမြင်အောင် ပြနေရသလား မသိဘူး၊ တော်တော်ထူးဆန်းတယ် ညီတော်၊ ဥယျာဉ်တော်ထဲကို ထွက်တိုင်း ဒီအခြင်းအရာတွေကို မြင်နေရတယ်ဆိုတော့ ဆန်းလွန်းနေတယ်"

နောင်တော်သည် ထိုအခြင်းအရာများကြောင့် များစွာ နှလုံးမသာမယာဖြစ်လျက်ရှိနေသဖြင့် ကချေသည်များကိုခေါ်ကာ ကပြ ဖျော်ဖြေစေ၏။

ကချေသည်များသည် တင်ပါးလှုပ်ခြင်း၊ အမွှေးနံ့သာရည်များဖြင့် ပစ်ပေါက်ခြင်း၊ ပခုံးတို့ကို လှုပ်ပြခြင်း စသည့်နည်းအမျိုးမျိုးဖြင့် ကပြဖျော်ဖြေသည့်တိုင် နောင်တော်သည် ထိုအရာများကို စိတ်မဝင်စားနိုင်ဘဲ မြင်ခဲ့ရသည့် ရူခင်းကိုသာ တစ်ဖန်တလဲလဲ စဉ်းစားနေဟန်တူလေသည်။

"ငါ့ကိုမှ ဘာဖြစ်လို့ ဒီအဖြစ်မျိုးတွေ ခဏခဏ လာတွေ့နေရတာလဲ၊ ဒါဟာ ငါ့ကို နိမိတ်တစ်ခုခု ပြနေတာလား၊ ငါများ တစ်ခုခု ပြုမှားတာ ရှိလို့လား"

နောင်တော်သည် ထိုအကြောင်းကိုသာလျှင် စိတ်ရောက်လျက်ရှိသဖြင့် အစေတော်တစ်ယောက်ကို ရွှေအိတ်ထဲတွင် ရွှေအပြည့်ထည့်စေပြီး ထိုသူနာများ ရှိသေးသလောဟု အမေးခိုင်းလိုက်သည်။

ထိုအခါတွင် အနာကြီးများပေါက်လျက်ရှိသည့် သူနာမှာ ခုတိုင် သမားတော်ကြီးများ၏ ပြုစုစောင့်ရှောက်မှုအောက်တွင် ရှိနေသေးကြောင်း၊ သို့ရာတွင် သူအိုမှာ ပျောက်ကွယ်သွားပြီဖြစ်ကြောင်းဖြင့်လျှောက်တင်ခြင်းပြု သည်။

ထိုညက ကောင်းကင်၌ မကြုံစဖူး ထူးကဲသည့် ကြယ်တံခွန်ကြီးတစ် ခုမြင်ရပြီး တော်လဲသံကြီးများလည်း ကြားရသည့်အတွက် ကျုပ်တို့များစွာ ထိတ်လန့်တုန်လှုပ်သွားခြင်း ဖြစ်ကြရသည်။

နောင်တော်သိဒ္ဓတ္ထသည် ကျုပ်ကို သူ့ခန်းဆောင်ထဲသို့ ခေါ်သွား သည်။ ခန်းဆောင်ထဲတွင် ပျားဖယောင်းတိုင်များ ထွန်းညှိထားသဖြင့် မီးတိုင် များသည် ပျားရည်နံ့သင်းလျက်ရှိကြသည်။

ကချေသည်များက ကပြလျက်ရှိပြီး ယသော်ဓရာကမူ ဝက်ဝံရေခင်း ထားသည့် ထိုင်ခုံပေါ်တွင် လဲလျောင်းရင်းဖြင့် သားငယ်ရာဟုလာကို ယပ် တောင်တစ်ချောင်းဖြင့် ယပ်ခတ်ပေးနေသည်။ နောင်တော်သည် ကြင်ရာတော် ၏ အလှကိုလည်းကောင်း၊ သားတော်၏ အပြုံးကိုလည်းကောင်း ဂရုထားမိ ဟန်မတူပေ။ ခါတိုင်းဆိုလျှင် နောင်တော်သည် ထိုပတ်ဝန်းကျင်ကို ငြီးငွေ့သည့် တိုင် ယခုကဲ့သို့ ကြင်ရာတော်၊ သားတော်တို့နှင့်တွေ့လျှင် အနည်းဆုံး ချစ်ဟန် ပြလိုက်သေးသည်။ ဂရုစိုက်ဟန်ရှိသေးသည်။ သို့ရာတွင် ယနေ့မူကား ပင်ပန်း နွမ်းနယ်စွာ ပြုံးလျက်ရှိသည်ကိုသာ တွေ့ရသည်။ ဘာကိုမှလည်း စိတ်ဝင်စား ဟန်မရှိချေ။

ယခုအချိန်တွင် ရာဟုလာမှာ နှစ်ခါလည်သားအရွယ်သို့ ရောက်လေ ပြီ။

နူးညံ့တွန့်လိမ်သော ဆံပင်မွေးနုနုကလေးများသည် ဝဲကျနေ၏။ လုပသေးငယ်သည့် ခြေထောက်ကလေးများကို ကော့ကော်ကန်ကားလုပ်ကာ ဖုံးအုပ်ထားသည့် ဝတ်ရုံကို ကန်ကျောက်လျက်ရှိနေ၏။

ရာဟုလာ၏ မျက်နှာသည် နောင်တော်သိဒ္ဓတ္ထ၏ ချိုသာ နူးညံ့ခြင်း နှင့် တွေးတောငေးမောသည့် အမူအရာတို့ ပေါင်းစပ်ထားသည်ဟု ကျုပ်ထင် လိုက်မိသည်။

နံနက်လင်းသည့်အခါတွင် နောင်တော်ကကျုပ်အနားသို့ကပ်လာကာ

"ညီတော် နောင်တော်နဲ့ ဥယျာဉ်တော်ကို လိုက်ခဲ့ပါ"

သို့ရာတွင် ထိုနေ့မနက်က ကျုပ်တို့သည် ဥယျာဉ်တော်သို့ မသွား ဖြစ်ခဲ့။ ကျုပ်အိပ်ရာမှ နိုးလာသည့်အခါ သားတော်ရာဟုလာကို ချီလျက် ကျုပ် အခန်းသို့ ရောက်နေသည့် နောင်တော်ကို တွေ့လိုက်ရသည်။

ရာဟုလာသည် ရွှေပန်းစက္ကူ ရောင်စုံတို့ဖြင့် လုပ်ထားသည့် ဘော လုံးကလေးကို မြှောက်ချည်ဖမ်းချည် ကစားနေလျက်ရှိ၏။

"ဒီနေ့မနက် နောင်တော်တစ်ယောက်တည်း ဥယျာဉ်တော်ထဲကို ရောက်ခဲ့သေးတယ်။ ဘာမှ မတွေ့ခဲ့ရပါဘူး"

ထို့နောက် ယမန်နေ့က ကြယ်တံခွန်ကြီး ကပိလဝတ်ပြည်ထဲ ကျ ရောက်ကြောင်း ပြောသည်။

"ဟုတ်လား နောင်တော်၊ ဒီလိုဆိုရင် မင်္ဂလာနိမိတ်ပေါ့နော်၊ မဟုတ်လား"

"ဒါတင် မကသေးဘူး ညီတော်ရဲ့၊ ဟူးရာတွေဆီက ခုပဲ အမှာ စကား ရောက်လာတယ်၊ ကြယ်တံခွန်ကြီးကျတာဟာ ကောင်းတဲ့ နိမိတ်တဲ့၊ ပြီးတော့ သူအိုနဲ့ သူနာကိုတွေ့တာလည်း ကောင်းတဲ့ နိမိတ်တဲ့၊ နောက်ထပ် သားသမီး ရတနာရရင်လည်း ရနိုင်တယ်၊ ဒါမှမဟုတ်ရင်လည်း"

နောင်တော်သည် စကားကို ဆုံးအောင် မပြောတော့ဘဲ မျက်လုံးများ ကို မှိတ်လိုက်ပြီးနောက် ဝတ်ရုံဖြူ ရွှေလက်ဖွဲ့ကို ဝတ်ဆင်ထားသည့် ဟူးရား တို့ ပြောလိုက်သော စကားများကို ပါးစပ်မှ ရွတ်ဆိုနေသည်။ ထို့နောက် နောင် တော်သည် သားတော်ရာဟုလာကို ပခုံးထက်တွင် ထမ်းလိုက်ရင်း

"ကဲ လာ ညီတော်၊ ခု တို့မြင်ခဲ့ရတဲ့ အခြင်းအရာတွေဟာ ဒေဝ ဒတ်ရဲ့လက်ချက်လည်း မဟုတ်ဘူး၊ အသုဘနိမိတ်လည်း မဟုတ် ဘူး၊ ကောင်းတဲ့ သုခနိမိတ်သာ ဖြစ်တယ်၊ နတ်ဗြဟ္မာများက ပေးတဲ့ မင်္ဂလာနိမိတ်ဖြစ်တယ်"

နောင်တော်၏ နန်းရင်ပြင်ထဲရှိ ဥယျာဉ်တော်သည် အလွန်သာယာ လှပကြောင်း ကျုပ်တစ်နေရာတွင် ပြောခဲ့ဖူးသည်။

အထူးသဖြင့် ထိုစဉ် ကဆုန်လရာသီတွင် နောင်တော်၏ ဥယျာဉ် သည် မသာယာစကောင်း သာယာနေသည်ဟုပင် ကျုပ်စိတ်ထဲတွင် ထင်မိသေး ၏။

ပန်းပေါင်းစုံရနံ့တို့က မွှေးထုံလျက်။ ကျေးငှက်တို့၏ မြည်ကျူးသံ တို့က နစ္စဂီတကို ဖြစ်စေလျက် ကြာပွင့်ဝေလျက်ရှိသော ကြာကန်၊ ရွှေရောင်၊ မြရောင် ရောထွေးသည့် ရွှေဒင်္ဂါးပန်းများ၊ အဝေးတွင် ရဲပတောင်းခတ်အောင် ပွင့်နေကြသည့် အင်ကြင်းပင်များ၊ သစ်ငုတ်ကြီးများနှယ် အဖုအထစ်တို့ဖြင့် ပြည့်နှက်နေသည့် အလုစိုက်ကျောက်ဆောင်ကြီးများ၊ ရွှေလှောင်ချိုင့်များတွင် ထည့်ထားသည့် ငှက်ငယ်များ၊ ဒေါင်းများနှင့် ကျားသစ်ဖြူစသည့်

အရာအားလုံးတို့သည် ကမ္ဘာလောကကြီး၏ အစောဦးလတ်ဆတ်သန့်ရှင်းမှု တို့ကို သောက်သုံးနေကြသည့်နှယ် ရှိတော့သည်။

မြင်မြင်သမျှ ရုပ်၊ ဒြပ်အပေါင်းတို့သည် နှင်းစက်များဖြင့် တုန်ယင်နေကြသည်။ သေလုဆဲ မက်မုံပင်များပေါ်မှ ပိုးမျှင်ပိုးသားလို နူးညံ့သည့် သစ်ရွက်ပေါ်တွင် တင်နေသည့် နှင်းစက်များသည် နေခြည်နုနုတွင် နောင်တော်သိဒ္ဓတ္ထ၏ ရင်တွင် လွှမ်းထားသော ကျောက်မျက်ရတနာများထက်ပင် တောက်ပနေသေးသည်။

ကျုပ်တို့အထက်တွင်မူ ပြာလဲ့နက်ရှိုင်းသည့် ကောင်းကင်ကြီးများ။ မိုးကုပ်စက်ဝိုင်းအောက်အစပ်တွင်မူ မြေကြီးမှ ရောင်ပြန်ဟပ်သည့်အတွက် အစိမ်းရောင်လဲ့လဲ့ ပြေးနေသည်။

ကျုပ်တို့သည် စကားပြောစရာတွေရှိသဖြင့် ခပ်ဖြည်းဖြည်းလျှောက်လာခဲ့ကြသည်။

မကြာမီတွင် ကျုပ်ကျင်းပမည့် ကျုပ်လက်ထပ်ပွဲအကြောင်း၊ ပန်းချီကျော်တို့အကြောင်းနှင့် အခြားအကြောင်းများဖြစ်ကြသည်။ ကျုပ်မှာ သူ့ထက်လေးနှစ်ငယ်သည့်အတွက် နောင်တော်က

"ညီတော်မှာ နုနယ်ပျိုမျစ်ခြင်းတွေ ရှိနေတယ် ညီတော်၊ ဒီအရွယ်မှာ ကိုယ်ရော စိတ်ပါ လျင်မြန်တယ်၊ ငါ့မှာတော့ ဘာကြောင့်ရယ်လို့ မပြောတတ်ဘူး၊ ဒီလိုလျင်မြန်မှုတွေ မရှိတော့ဘူး ညီတော်"

နောင်တော်က ထိုသို့ပြောရင်း ပြုံးလိုက်သည်။

ဆန္ဒသည် ပန်းပွားဆွဲထားသည့် ဇက်ကြိုးကို ကိုင်လာရင်း ရထားကို မောင်းလာသည်။

နောင်တော်သည် အနားသို့ ရောက်လာသည်နှင့် သားတော်လေးကို ကိုယ်တိုင် ပွေ့ချီ၍ ရထားမောင်းပြန်အံ့ဟု ရထားပေါ်သို့ တက်သွားသည်။ ခဏကြာလျှင် နောင်တော်၏ ရထားလေးသည် ဖုန်လုံးကြီးထဲတွင် ပျောက်ကွယ်သွားတော့သည်။

အတန်ကြာသည့်အခါ၌ နောင်တော်သည် ရထားကို မောင်း၍ ပြန်လာခဲ့သည်။ နောင်တော်သည် သားငယ်ကို ရင်ခွင်တွင် တင်းကျပ်စွာ ပွေ့ပိုက်ထား၏။

"ညီတော်ရေ၊ နောင်တော်မှာတော့ ကျိန်စာများ မိနေပြီလား မဆိုနိုင်ဘူး၊ တစ်ခုခုကို မြင်ခဲ့ပြန်ပြီ"ဟုဆိုကာ နောင်တော်သိဒ္ဓတ္ထသည် သူမြင်ခဲ့သည့်အရာကို သားတော် မမြင်စေလိုဟန်ဖြင့် ရာဟုလာ၏ မျက်နှာကို လက်ဝါးဖြင့် အုပ်ပေးထားသည်။

"ဘာတွေများ မြင်ခဲ့သလဲ နောင်တော်"

နောင်တော်သိဒ္ဓတ္ထသည် မည်သို့မျှ ပြန်မပြောနိုင်သေးဘဲ တစ်ကိုယ်လုံးတုန်ယင်လျက်ရှိနေ၏။

"ခုလည်း စိတ်ကထင်တာပဲလား မပြောတတ်တော့ဘူး ညီတော်၊ နောင်တော်မှာ တစ်ခုခုတော့ တစ်ခုခုဖြစ်မယ်ထင်တယ်၊ ခပ် စောစောက သူနာကို မြင်ခဲ့ပြီးပြီ၊ သူအိုကိုလည်း မြင်ခဲ့ဖူးပြီးပြီ၊ ခု မြင်ခဲ့တဲ့ အရာကတော့ အဲဒီ သူအိုတို့ သူနာတို့ထက် ဆိုးတယ် ညီတော်"

နောင်တော်ကို ကြည့်ရသည်မှာ တစ်စုံတစ်ရာကို လန့်နေပုံရသည်။ ကျုပ်နားထဲတွင် ကြေးစည်သံနှင့် ခရသင်းသံများကို ကြားလာရပြီး လူများ သွားလာနေသံများကို ကြားနေရသည်။ လှမ်းကြည့်လိုက်သည့်အခါတွင် အသုဘတစ်ခုချလာသည်ကို တွေ့ရှိလိုက်ရသည်။ မိန်းမတစ်သိုက်သည် အလောင်းဘေးမှ လိုက်လာကာ ငိုကြွေး၍ လိုက်ပါလာသည်။ အချို့သည် ဆံပင်ကို ဖြေချကာ ရင်ကို ထုရိုက်လျက်ရှိကြ၏။

နောင်တော်သည် သူနာကို ပထမမြင်ခဲ့ရသည်။ ထို့နောက် သူအိုကို မြင်ခဲ့ရသည်။ ယခုတစ်ကြိမ်တွင်မူ သူသေကို မြင်ရပြန်လေပြီ။ အသုဘလည်း ကျုပ်တို့အနီးမှ ဖြတ်၍ ချသွား၏။ ရာဟုလာမှာ ထိုအရာများကို မြင်ကာ ငိုကြွေးလျက်ရှိလေပြီ။ နောင်တော်သည် သစ်ပင်ရိပ်တွင် သွား၍ ရပ်ရင်း

"ငါ သူတို့ကို အမိန့်ပေးတယ် ညီတော်၊ ဒါပေမဲ့ ငါ့အမိန့်ကို ဘယ်သူမှလည်း နားမထောင်ကြပါကလား၊ ဒီအရာတွေဟာလည်း ငါ့ဥယျာဉ်တော်ထဲကို ဘယ်ပုံဘယ်နည်းရောက်လာကြတာလဲဟင်၊ ဒါတွေကို ငါနေ့တိုင်း တွေ့နေတော့တာပဲလား"

ကျုပ်သည် သူ့ကိုနှစ်သိမ့်စကားပြောမည်ပြုသေး၏။ သို့ရာတွင် ကျုပ်အသံသည် သူတို့ငိုကြွေးသံများ ကြားထဲတွင် နစ်မြုပ်သွားလျက်ရှိနေသည်။

အသုဘလူတန်းကြီးအဝေးသို့ရောက်သွားသည်အထိ ကျုပ်တို့သည် တိတ်ဆိတ်နေကြသည်။ ခပ်စောစောက ရာဟုလာသည် ငိုကြွေးလျက်ရှိနေသော်လည်း ယခုမူ ငိုကြွေးခြင်းမရှိတော့ပေ။

"သူသေဆိုတာ ဒါပဲလားဟင် ညီတော်၊ ဟိုတုန်းကတော့ ကြယ်တံခွန်ပေါ်ရင် မင်္ဂလာနိမိတ်လို့ ခေါ်ကြတယ်၊ ခု ဒီကြယ်တံခွန်ပေါ်လာတာကတော့ အသုဘနိမိတ်ဖြစ်နေပြီလားဟင် ညီတော်၊ အသုဘနိမိတ်မဖြစ်နိုင်ပေဘူးလား၊ သူနာရယ်၊ သူအိုရယ် မြင်ခဲ့ပြီး သူသေ

ကို မြင်ရပြန်ပြီ၊ ဒီနောက်တော့ ဘာကိုမှ မြင်စရာမရှိတော့ဘူး ထင်တယ် ညီတော်”

နောက်ရက်များတွင် ကျုပ်တို့ လက်ထပ်ပွဲအတွက် ပြင်ဆင်ရသည့် ကိစ္စများဖြင့် အလုပ်များနေကြသည်။

ကျုပ်မှာလည်း နောင်တော်နှင့် သိပ်မတွေ့ဖြစ်တော့။ ကျုပ်တို့မြင်ခဲ့ ရသည့် နိမိတ်များသည် နောင်တော်အတွက်လော၊ ကျုပ်အတွက်လောဆိုသည် ကို ကျုပ်ဝေခွဲမရ။ ကျုပ်၏ ကံဇာတာသည် မည်သို့ရှိနေလေသနည်း။ နောက် ထပ်မည်သို့သော ကြယ်တံခွန်များ ပေါ်လေဦးမည်နည်း။ မည်သည့်မြစ်များ သည် ကမ်းအထိ ရေလျှံကြဦးမည်နည်း။

ကျုပ်တို့၏ လက်ထပ်မင်္ဂလာပွဲကို ဝါဆိုလတွင် ကျင်းပ၏။ ပွဲလမ်း သဘင်များကို သုံးရက်တိုင်တိုင်ကျင်းပလေသည်။

ကျုပ်တို့မင်္ဂလာပွဲတွင် အစဉ်အလာအရပြုလုပ်ရသော အခမ်းအနား များ၊ မင်္ဂလာပွဲတွင် ရွတ်ဆိုရသော ဂါထာများ၊ မန္တန်များ၊ ဂင်္ဂါမြစ်ထဲသို့ ရေ ချိုးဆင်းကြရသည့် မင်္ဂလာပွဲကျင်းပပုံများကို ကျုပ် အကျယ်မရေးတော့ပြီ။ ထိုနေ့က နောင်တော်သည် ကျုပ်မင်္ဂလာပွဲသို့ လာရာတွင် အထူးရွှင်ပျနေသည် ကို သတိပြုမိ၏။

ယခင်အခါများကမူ နိမိတ်ကြီးများကို မြင်ခဲ့သဖြင့် နောင်တော်သည် စိတ်လက်မအီမသာဖြစ်နေခဲ့သည်။ ယခုမူ ဘာမှ မဖြစ်တော့။ နောင်တော်သည် အထူးပေါ့ပါးရွှင်လန်းလျက်ရှိသည်ဟုပင်ကျုပ်စိတ်ထဲတွင်ထင်လိုက်လေသည်။

“မကြာခင်မှာ နောင်တော်လည်း ခရီးတစ်ခုကို သွားရလိမ့်မယ် ထင်တယ် အာနန္ဒာ၊ ညီတော်ပါလာရင် သိပ်ကောင်းမှာပဲ”ဟု ကျုပ် ကို ပြောသည်။

ကျုပ်တို့ မင်္ဂလာပွဲကို လှည့်လည်စဉ် နောင်တော်လည်း လိုက်ပါလာ ခဲ့သည်။ နောင်တော်သည် သူ့ရထားကို ပန်းများဖြင့် ကြဲနေသည့် ကိသာဂေါ တမီအမည်ရှိ မိန်းမငယ်အား လည်တွင် ဆွဲထားသည့် ပုလဲတစ်ကုံးကို ချွတ်၍ ပစ်ပေးခဲ့သည်။

ထိုစဉ်က ထိုအပြုအမူသည် နောင်တော်သိဒ္ဓတ္ထအနေဖြင့် လူ့လောက ကြီးတွင် နောက်ဆုံးပြုခဲ့သည့် ကုသိုလ်ကောင်းမှုဟု ကျုပ်မသိခဲ့။ ထို့ပြင်မက ထိုနေ့မနက်က သူ၏ ဉယျာဉ်တော်ထဲတွင် ဝါရွှေသော သင်္ကန်းကို ဝတ်ဆင် ထားသည့် ရဟန်းတစ်ပါးကို တွေ့ခဲ့ရကြောင်းကိုလည်း ကျုပ်မသိခဲ့။ ထိုနေ့ မနက်က နောင်တော်သည် ခါတိုင်းကဲ့သို့ ဉယျာဉ်ထဲသို့ ဆင်းလာစဉ် ဝါရွှေ သော သင်္ကန်းဆီးထားသည့် ရဟန်းတစ်ပါးနှင့်တွေ့ခဲ့သည်။

ထိုရဟန်းမှာ များစွာ ကြည်ညိုဖွယ်ကောင်းပြီး စကားပြောဆိုရာတွင်လည်း တည်ငြိမ်အေးချမ်းသည်ဟု ဆို၏။

နောင်တော်က မည်သည့်တံခါးမှ ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ မည်သည့်အကြောင်းကြောင့် ဥယျာဉ်ထဲသို့ ရောက်လာခြင်းဖြစ်ကြောင်း မေးလျှောက်သည်တွင် ရဟန်းက သစ်သီးဆွမ်းအလှူခံရန် လာသည်ဟု ဖြေ၏။ မည်သည့်တံခါးမှ ဝင်ရောက်လာခြင်းဟု မေးသည့်အခါတွင် ရဟန်းသည် ဖြေဆိုခြင်းမပြုဘဲ မိမိသည် ကမ္ဘာလောကကြီးအတွက် ငြိမ်းချမ်းခြင်းကို ယူဆောင်လာမည့် မင်းသားတစ်ပါးကို ရှာရန် ဟိမဝန္တာတောင်သို့ လာခဲ့ခြင်းဖြစ်ကြောင်း ပြောပြသည်ဆို၏။

"အဲဒီမင်းသားဟာ ကျွန်ုပ်များလားအရှင်"

ဟု နောင်တော်က မေးသည့် အခါတွင် ရဟန်းသည် ဖြေဆိုခြင်းမပြု။ နောင်တော်သည် ရဟန်းနောက် သို့လိုက်ပါသွားကာ

"ကျွန်ုပ်ကို တစ်စုံတစ်ရာပြောဆိုစရာများ ရှိသေးသလားအရှင်"

"ကျွန်ုပ်တွင် အသင့်အား ပြောစရာ ဘာမှ မရှိ။ ရှိလျှင်လည်း ယခုအချိန်တွင်ပြော၍ အချည်းနှီးသာဖြစ်မည်"

ဟု ရဟန်းက ဖြေသည်။

နောင်တော်သည် ရဟန်း၏ စကားများကို သေချာစွာ စဉ်းစားကြည့်ရင်း ကျန်ရစ်ခဲ့သည်။ ထိုစဉ်က မိမိသည် သမထအာရုံတွင် လေးနက်စွာ ဝင်စားနေခဲ့မိသည့်အတွက် ထိုရဟန်းတော်ပျောက်ကွယ်သွားသည်ကို မသိလိုက်ကြောင်း၊ သို့ရာတွင် ရဟန်းတော်မှာမူ မိမိစိတ်ကထင်ခြင်းမဟုတ်ဘဲ လူစစ်စစ်ပင်ဖြစ်ကြောင်း၊ တည်ကြည်လေးနက်သော သိက္ခာရှိပြီး ဘုရင်တစ်ပါးကဲ့သို့ တင့်တယ်ခြင်းမျိုးရှိကြောင်းဖြင့် ကျုပ်ကို ပြောပြသည်။

နောက်တစ်နေ့မနက်တွင် ကျုပ်သည် မလ္လာမင်းသားတို့၏ တိုင်းပြည်ဖြစ်သော ကုသိနာရုံသို့ထွက်လာခဲ့သည်။ ထို့နောက်တွင် နောင်တော်နှင့် နှစ်ပေါင်းများစွာ ကွဲခဲ့ကြ၏။

နောင်တော်နှင့် ကျုပ်တို့သည်လည်း လူလားမြောက်ခဲ့ပြီ။ နောင်တော်နှင့် ကျုပ်တို့သည် ကလေးအရွယ်တွင် အတူကြီးပြင်းလာခဲ့သည်။

လူရွယ်ဘဝလေးတွေကိုလည်း အတူဖြတ်သန်းခဲ့ကြသည်။ မနက်ခင်း၏ လတ်ဆတ်မှုထဲတွင် ဟိမဝန္တာတောင်တန်းကြီးကို ကြည့်၍ ကျုပ်စိတ်သည် တွေဝေထိုင်းမှိုင်းခြင်းဖြစ်ခဲ့သလောက် နောင်တော်၏ စိတ်မှာမူ အစဉ်လန်းဆန်းနေကာ ပန်းပွင့်ကဲ့သို့ ဖြစ်နေခဲ့သည်။

နောင်တော်သည် စကြဝတေးမင်းဖြစ်နိုင်သော မင်းမျိုးမင်းနွယ်ဖြစ်

လျက် နှိမ့်ချတတ်သော နှလုံးသားရှိသူဖြစ်၏။ ကြီးစွာသော ဉာဏ်ပညာရှိသူ လည်းဖြစ်သည်။

နောင်တော်သည် သူ့ကိုချစ်သူများ လမ်းကြောင်းတွင် ကြယ်ကြီးတစ်စင်းကဲ့သို့ အစဉ်အမြဲတောက်ပနေအောင် ထွန်းလင်းလျက်ရှိသူဖြစ်သည်။ နောင်တော်သည် သူ့အို၊ သူနာနှင့် သူသေတို့ကို မြင်ခဲ့ရပြီ။ ထိုနိမိတ်တို့သည် နောင်တော်သိဒ္ဓတ္ထကို ကိုယ်ထင်ပြပြီးနောက် ပျောက်ကွယ်သွားကြကာ ဝါရွှေ သောသင်္ကန်းကို ဆင်မြန်း၍ ပြန်ရောက်လာခဲ့သည်။ နောင်တော်သိဒ္ဓတ္ထသည် သမ္မာသမ္ဗောဓိအဖြစ်ရတော်မူပြီးနောက် ကျုပ်တို့၏အလယ်တွင် တင့်တယ်စွာ စံပယ်ကာ လူသတ္တဝါအပေါင်းတို့အား နိမိတ်တို့မှ လွန်ရာကို လမ်းပြနိုင်တော်မူခဲ့လေပြီ။

သေခြင်းတရားသည် နူးညံ့သိမ်မွေ့သူများကို ခေါ်ဆောင်သွားတတ်သည်။ ငယ်ရွယ်စဉ်က နောင်တော်သည် ကျုပ်တို့အားလုံးထဲတွင် အနူးညံ့ဆုံးဖြစ်သည်။ မည်သည့်အချိန်၊ မည်သည့်နေရာ၌မဆို နောင်တော်သည် အစဉ်နူးညံ့သိမ်မွေ့ဖြစ်သည်။

ဤသည်တို့မှာ ဝါရွှေသော သင်္ကန်းကို မဆီးမီ ပုထုဇဉ်လောကီသားဟူသော မြေနီဖုန်တောတွင် နောင်တော်ဖြတ်သန်းခဲ့စဉ်က အကြောင်းများကို ကျုပ်မှတ်မိသရွေ့ပြန်လည်ရေးသားလိုက်ခြင်းဖြစ်ပါသည်။

# ၁၀

ဗုဒ္ဓအရှင်၏ ညီတော်ဖြစ်၍ ချစ်ခင်နှစ်လိုသူ အာနန္ဒာဟု အမည်ရှိသော ကျုပ် သည် ဤအကြောင်းများကို ညညတွင် ရေးသားခြင်းဖြစ်သည်။

ညဆိုလျှင် နွားကျောင်းသူငယ်၏ ပလွေသံကို တလင်းအပြင်ဘက် မှ အမြဲလိုလို ကြားနေရမြဲဖြစ်သည်။ ယခုအချိန်တွင် လသည် အနောက်ဘက် သို့ အတော်စောင်းသွားလေပြီ။

နွားကျောင်းသူငယ်သည် တလင်းပြင်တွင် ရှိကောင်းရှိနေဦးမည်ဖြစ် သော်လည်း နောက်တစ်နေ့ည လရောင်မထိုးမချင်း သူ့ကို ကျုပ်မြင်နိုင်ဦးမည် မဟုတ်။ လရောင်၌ စိတ်သည် အနှောင်အဖွဲ့မှ ကင်းလွတ်သည်ဖြစ်၍ ချမ်းသာ ခြင်းသုခ ခံစားနေရသည်တကား။

အရာဝတ္ထုအပေါင်းတို့ကို နဂိုပကတိအတိုင်း မြင်ရသည်တကား။

နဂိုအသွေးအရောင်အတိုင်း တွေ့နေရသည်တကား။

မူလ ပြကတေ့ အဆင်းအတိုင်း၊ မူလပြကတေ့ အနံ့အတိုင်း တွေ့ နေရပေသည်တကား။ ပလွေသံကို ကြည်လင်ပီသစွာ ကြားရမြင်ရခြင်းသည် ပင်လျှင် မြတ်သော မင်္ဂလာတစ်ပါးပေတကားဟု ကျုပ်ဥဒါန်းကျူးရင့်မိသည်။

ကျုပ်လက်ထဲတွင် ကိုင်ထားသည့် ကညစ်သည် ရှေ့သို့အတင်းတိုး နေသည့်တိုင် ကျုပ်လက်များသည် ကောင်းစွာ မလိုက်နိုင်တော့။

"အပ္ပမာဒေန သမ္ပာဒေထ၊ မမေ့မလျော့ သတိရှိကြကုန်"ဟု ဗုဒ္ဓရှင်တော်က ဆုံးမတော်မူခဲ့၏။

"ရဟန်းတို့၊ လာကြကုန်၊ သင်တို့၏ ဆီမီးခွက်များကို လင်းကြ စေကုန်၊ သင်တို့၏ ကညစ်တို့ကို သွေးကြကုန်၊ သက်န်းတို့ကို သိမ်း ဆည်းကာ ငါပြောသည့်အတိုင်း အကြောင်းအရာတို့ကို ဂရုတစိုက် မှတ်သားကြကုန်"

ကျုပ်လက်ထပ်ပွဲကျင်းပသည့်ည၌ နောင်တော်သိဒ္ဓတ္ထသည် သူ့နန်း

ဆောင်သို့ ပြန်သွားခဲ့သည်။ သူ့မကိုဋ္ဌနှင့် သူ့ဝတ်ရုံတို့တွင် ပုလဲလုံးများစီကုံးထားသည်ကို ကျုပ်သတိပြုမိသည်။ နောင်တော်သည် ထိုပုလဲလုံးများကို သေချာစွာ ဖြုတ်ယူကာ ထိုင်ခုံပေါ်တွင် ပစ်ကြဲချလိုက်သည်။ အလင်းရောင်တွင် သေချာစွာကြည့်နေသည်။

နောင်တော်သည် မိမိအပါးတွင် ခစားနေသည့် ရံရွေတော်များကို အဝေးသို့ လွှတ်လိုက်ပြီးနောက် နေမင်းကိုလည်းကောင်း၊ ဘုံလေးပါးကိုလည်းကောင်း၊ ခတ္တိယမျိုးနွယ်ကိုလည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်းများနှင့် မိမိချစ်ခင်နှစ်သက်သူများကိုလည်းကောင်း ဆုတောင်းမေတ္တာပို့သည်။

နောင်တော်သည် ခန်းဆောင်ထဲသို့ ပြန်အဝင်တွင် မီးတိုင်တစ်တိုင်ကို ယူခဲ့သည်။

မျက်နှာကြက်မှ အိမ်အမိုးပေါ်သို့ တွဲလဲကျနေသည့် ပုလဲလုံးများကို မော့ကြည့်သည်။ ပုလဲလုံးတစ်လုံးနှင့် တစ်လုံး အရိပ်ထင်လျက်ရှိနေသည်။

တစ်လုံး၏ အရိပ်သည် အခြားတစ်လုံးပေါ်တွင် ပေါ်လျက်ရှိ၏။ လက်ထဲတွင် ပုလဲတစ်လုံးကို ကိုင်၍ ကြည့်လိုက်သည်နှင့် ထိုလက်နှင့် ထိုပုလဲလုံးတို့၏ အရိပ်သည် ခန်းဆောင်ထဲတွင် ချိတ်ဆွဲထားသည့် ကန့်လန့်ကာများနှင့် ခန်းဆီးများ၊ မျက်နှာကြက်များရှိ ထောင်ပေါင်းများစွာသော ပုလဲလုံးများတွင် သွား၍ အရိပ်ထင်ကြသည်။

ပုလဲလုံးများပေါ်တွင် လာထင်သည့် အခြားပုလဲတစ်လုံး၏ အရိပ်သည်လည်း အခြားပုလဲတစ်လုံးတွင် အလားတူသွား၍ ထင်လျက်ရှိရာ ဤသို့ဖြင့် နောင်တော်၏ ခန်းဆောင်ထဲတွင် ပုလဲလုံးပေါင်းများစွာတို့၏ အရိပ်များသည် သန်းပေါင်းများစွာသော ပုလဲလုံးများ၏ အရိပ်သို့ ကူးပြောင်းသွားကာ မယုံနိုင်သော အရောင်များကို ဖြာထွက်စေသည်။

နောင်တော်သည် ဤအခြင်းအရာကို ယခင်က တစ်ခါမှ သတိမထားမိခဲ့။ သို့ဆိုလျှင် မိမိခန္ဓာကိုယ်၏ လှုပ်ရှားမှုတိုင်းတွင်လည်း အရိပ်သဖွယ်ထင်ဟပ်နေရလိမ့်မည်။ သို့ဆိုလျှင် လူသူသတ္တဝါများသည်လည်း လောကကြီး၏ အရိပ်ကြီးထဲတွင် ထင်ဟပ်နေရသည့် အရာများဖြစ်ရလိမ့်မည်။

နောင်တော်သည် ပုလဲကန့်လန့်ကာများကို သတိမရတော့။ လောကကြီး၌ အရာရာတိုင်းသည် တစ်ခုတည်းမဟုတ်။ အရာရာတိုင်းသည် ဆက်စပ်နေကြသည်မဟုတ်လော။ လောကတွင် မတည်မြဲသည့် အရာတွေချည်း ဖြစ်ကြသည့်တိုင် တစ်နေရာရာတွင်မူ တည်မြဲသည့်အရာဟူ၍ ရှိရလိမ့်မည်။

အထပ်ထပ်အဖန်ဖန် ဖြစ်ပျက်နေကြသည် မဟုတ်လော။ သူတစ်ပါးကို သတ်ခဲ့သူသည် နောင်ဘဝတွင် ပြန်၍ အသတ်ခံရဦးမည်။

သူတစ်ပါးကို မကောင်းမှုပြုခဲ့သူသည် နောင်တွင်ပြန်၍ မကောင်း မှုပြုခံရဦးမည်။ ဤနည်းအားဖြင့် လောကကြီးသည် အထပ်ထပ်အဖန်ဖန်ဖြစ် ပျက်နေသည်မဟုတ်လော။ လောကကြီးသည် အဖန်တလဲလဲဖြစ်ပျက်နေသည့် အခြင်းအရာမဟုတ်လော။

သို့တိုင် အထပ်ထပ်အပြန်ပြန် ရစ်ပတ် ဖြစ်ပျက်နေခြင်း မရှိသည့် နေရာသည် တစ်နေရာတွင်သာရှိလိမ့်မည်။ တည်မြဲသည့်နေရာသည် တစ် နေရာတွင်သာ ရှိရလိမ့်မည်။ မည်သို့ဖြစ်စေ မိမိသည် နောင်တွင် တရစ်ပတ် ပတ်ဖြစ်ပျက်သည့် အဖြစ်မျိုးကိုမူ မလိုချင်တော့ပြီ။

နောင်တော်သည် ဤသို့တွေးရင်း အမွေးနံ့သာ ပက်ဖျန်းထားသည့် စက်ရာတွင် လဲလျောင်းရင်း ဆုတောင်းခြင်းပြု၏။ ကချေသည်များ၊ ရံရွေတော် များကို ခပ်စောစောက မောင်းထုတ်ထားသော်လည်း မည်သည့်အချိန်က ပြန် ရောက်လာသည်မသိ။ အချို့က တေးသီလျက်။ အချို့က ကခုန်လျက်။

ထို့နောက်တွင်မူ နောင်တော်သည် အိပ်ပျော်သွား၏။

ပြန်နိုးလာသည့်အခါတွင်မူ သူ့တစ်ကိုယ်လုံး အေးစက်နေလေပြီ။ ရံရွေတော်များ၊ ကချေသည်များသည် ကြမ်းပြင်ပေါ်တွင် လဲလျောင်းကာ အိပ် ပျော်လျက်ရှိနေ၏။

အချို့က ကနေသည့်အနေအထားဖြင့် အိပ်ပျော်နေကြ၏။ အချို့က အိပ်ရင်း သမ်းဝေလျက်။ ခပ်စောစောက သူတို့ကိုယ်မှ ရနံ့များသည် သင်းပျံ့ လျက်ရှိနေသော်လည်း ယခုမူ ပူအိုက်မွန်းကျပ်နေသောလေထဲတွင်သူတို့ကိုယ်မှ အနံ့များ ပုပ်ဟောင်နံစော်လျက်။ ဆီမီးခွက်တို့မှ မီးစာများသည် လောင်စာဆီ တို့ ခန်းခြောက်လျက်။ မီးခိုးမှိုင်းတို့ စွဲလျက်။ တူရိယာပစ္စည်းတို့သည် ကြမ်း ပေါ်တွင် ပြန့်ကြဲလျက်။ အားလုံးသည် ကျက်သရေကင်းမဲ့နေသည်ဟု ထင်ရ သည်။

"ငါ ဘယ်လိုများ ဖြစ်နေပါလိမ့်မလဲ"

ဟုနောင်တော်တွေးသည်။

သူ့မျက်စိထဲတွင် သူအို၊ သူနာ၊ သူသေနှင့် ရဟန်းတို့ကို မြင်ယောင် လာသည်။ နောင်တော်သည် သေခြင်းတရားကို ပြက်ပြက်ထင်ထင်မြင်လာ ကာ သံဝေဂကြီးစွာဖြစ်သည်။

"အင်း သင်္ချိုင်းတွေမှာလည်း ဒီလိုပဲ နေမှာပဲ၊ မှောင်မည်းတဲ့ အရပ်တွေထဲမှာလည်း ဒီလိုပဲ နေမှာပဲ"ဟု နောင်တော်ဆိုမိသည်။

နောင်တော်သည် သေခြင်းတရားကို ဆက်မတွေးချင်။ သေခြင်း တရားအကြောင်းတွေးရသည်မှာ ထိတ်လန့်ဖွယ် ကောင်းလှသည်။ အထူးသ

ဖြင့် ပျိုရွယ်သည့် သူ့အရွယ်တွင် ထိုအကြောင်းကို တွေးရသည်မှာ ပို၍ ထိတ်လန့်ဖွယ်ရာ ကောင်းသည်။

ယခု ကချေသည်တို့ကို ကြည့်ရင်း သေခြင်းတရားကို တွေးရသည်။ ကချေသည်တို့သည် ပိုးလိုးပက်လက်ဖြင့် အိပ်ပျော်နေကြသည်။

ချွေးနံ့၊ အာပုပ်နံ့တို့ဖြင့် နံစော်လျက်။ သူတို့ခေါင်းတွင် ပန်ထား သည့် ပန်းပွင့်များမှာ ညှိုးရော်လျက်။ ပိုးလိုးပက်လက် အိပ်ပျော်နေကြသော ကချေသည်များကို ကြည့်ရသည်မှာ ယမင်းရုပ်များကို ရိုက်ချိုးကာ အခန်းထဲတွင် ပစ်ထားသည်နှင့်သာ တူနေတော့သည်။

"ကြည့်စမ်း သူတို့တစ်တွေဟာ အိပ်ပျော်မသွားမီထိ ငါ့ကို ကျေနပ်အောင် ဖြေဖျော်နေခဲ့ကြတယ်"

ပုလဲလုံးများသည် ကြေးနီရောင်မှန်အိမ်မှ မီးရောင်ထဲတွင် တဖျပ်ဖျပ်တောက်ပနေဆဲဖြစ်သည်။ နောင်တော်သိဒ္ဓတ္ထသည် သူ့ရုပ်ပုံကို ကြေးနီမှန်အိမ်ထဲတွင် လှမ်းကြည့်လိုက်သည်။

သူ့မျက်နှာသည် မကြည်မလင်ဖြစ်ကာ နဖူးတွင် အရေတွန့်နေသည်ဟု ထင်ရ၏။

ကြေးမှန်အိမ်မီးတောက်မှာ တောက်လောင်နေမြဲဖြစ်ရာ ထိုမီးတောက်ကို မြင်ရသည်ကပင် ထိတ်လန့်စဖွယ် ကောင်းနေသည်။

နောင်တော်သည် ခပ်လှမ်းလှမ်းတွင် အိပ်ပျော်နေသော ကချေသည်တစ်ယောက်ကို လှမ်းကြည့်လိုက်သည်။

ဘာခြားနားသေးသနည်း။ ကချေသည်၏ အာရုံခံစားမှုတို့သည် ရပ်တန့်သွားပြီဟု ထင်ရသည်။ မှန်သည်။ အတွေ့အာရုံတို့သည် အစစ်အမှန်မဟုတ်။ အတုအယောင်မျှသာ။ ထိုအတွေ့အာရုံတို့သည် ရသကိုလည်း ပေး၏။ ဝေဒနာကိုလည်းပေး၏။ စင်စစ်ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းတို့သည် ပူခြင်း၊ အေးခြင်းနှင့် အတူတူပင် မဟုတ်ပါလော။

နောင်တော်သည် သူနေထိုင်ရာအခန်းစက်ရာဆောင်ခန်းကို ရွံ့ရှာလာခဲ့ပြီ။ မည်သည့်အခါကမှ မငြိမ်းတော့သော မီးလျှံတစ်ခုကို အစဉ်မြင်နေရသူ တစ်ဦးလည် ထိုမီးလျှံကို မုန်းတီးစက်ဆုပ်လာခဲ့လေသကဲ့သို့ နောင်တော်သည်လည်း မိမိနေထိုင်ရာပတ်ဝန်းကျင် စက်ရာခန်းဆောင်ကို ရွံမုန်းသည်ထက် ရွံမုန်းလာခဲ့လေပြီ။

ဗေဒင်ဟူးရားတို့က ကြယ်တံခွန်ကြီးပေါ်ခြင်းသည် ကောင်းသည့် မင်္ဂလာနိမိတ်ဖြစ်သည်ဟု ဆိုကြ၏။

ယခုထိုမင်္ဂလာနိမိတ်သည် အဘယ်မှာနည်း။ နောင်တော်သည်

'မင်္ဂလာနိမိတ်'ဟူသော စကားသည် တဖွဖွရွတ်ရင်း နန်းဆောင်တံခါးဆီသို့ လာခဲ့သည်။

ကောင်းကင်တွင် အသိန်းအသန်း မကသော ကြယ်တို့သည် လင်းလက်နေကြသည်။ လေထဲတွင် စွတ်စိုဓာတ်ပါနေသည့်အတွက် ကြယ်ဖြူတို့ သည် ခါတိုင်းထက်ပင် ပို၍လင်းနေသည်ဟုထင်ရသေးသည်။

ကြယ်တို့ကို ကြည့်ရသည်မှာ ကောင်းကင်ပြင်ကြီးထဲတွင် ကြယ်ရေ တံခွန်ကြီးအဟုန်ပြင်းစွာ စီးဆင်းနေသည်နှင့်တူနေသည်။

ပူနွေးသည့်ညလေပြည်ထဲတွင် ခန်းဆောင်အမိုးတံစက်မြိတ်အောက် တစ်လျှောက်တွဲလဲဆွဲထားသော နံ့သာအိတ်ကလေးများကို နောင်တော်မော့ ကြည့်သည်။ နောင်တော်သည် နံ့သာအိတ်ကလေးတစ်အိတ်ကို ဖြုတ်ယူလိုက် ပြီး ခြေဖြင့်နင်းချေပစ်လိုက်သည်။ နံ့သာအိတ်ကလေးသည် ပင့်ကူတစ်ကောင် ကဲ့သို့ မြေတွင် ပြားနေသည်။ နောင်တော်သည် ဥယျာဉ်ထဲသို့ ထွက်လာခဲ့ သည်။

ဥယျာဉ်ထဲတွင် လေက အေးမြလျက်။ ခန်းဆောင်တွင်းမှ ပူစပ် လောင်အိုက်သော လေနှင့်မူ ကွာခြားဘိခြင်း။

နောင်တော်သည် ရထားထိန်းဆန္နကို ခေါ်၍ စီးတော်မြင်းဖြစ်သည့် ကဏ္ဍကကို အပြင်ခိုင်းရန် ဆုံးဖြတ်ကာ ဆန္န၏ အဆောင်သို့ ထွက်လာခဲ့ သည်။ နောင်တော်သည် ဆန္နကို အိပ်ရာမှ အသာလှုပ်နှိုးကာ

"ဆန္န၊ ပြင်လော့"ဟု ပြောသည်။

နောက်ထပ် ဘာမှ ပြောစရာမလိုတော့။ ဆန္နသည် သခင်၏ အလို ကိုနားလည်နေလေပြီ။ နောင်တော်သည် ယသော်ဓရာနှင့် ရာဟုလာတို့ကို နှုတ်ဆက်ရန် သတိရသည်။ ထို့ကြောင့် ယသော်ဓရာနှင့် သားတော်ရာဟုလာ တို့ရှိရာ ခန်းဆောင်သို့ လာခဲ့၏။

"ယသော်ဓရာကတော့ ငါ့ကို သွားခွင့်ပြုမှာ မဟုတ်ဘူး။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် သူ့ကိုတွေ့ပြီးသည့်တိုင်အောင် ငါ့အဓိဋ္ဌာန် မပြောင်းလဲ ဘူးဆိုရင် ငါ့ကိုယ်ငါ စမ်းသပ်စစ်ဆေးပြီးသား ဖြစ်ပေတာပေါ့"

နောင်တော်သည် ကြာခြည်ကိုလှပ်ကာ ခန်းဆောင်ထဲ ဝင်လာခဲ့ သည်။

ကြင်ရာတော်ယသော်ဓရာသည် ပရပ်သား ညောင်စောင်းပေါ်တွင် နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိနေ၏။

ဖြူဖွေးသေးသွယ်သော လက်မောင်းတစ်ဖက်ဖြင့် သားတော်လေးကို ပွေ့ပိုက်လျက်။ နောင်တော်သည် တစ်စုံတစ်ရာနှင့် ခလုတ်တိုက်မိလိုက်သည်

ဟု စိတ်တွင်ထင်လိုက်သည်။ မည်သည့်အရာမှန်းမသိ။ မိမိခလုတ်တိုက်မိလိုက်သည်မှာ မိမိ၏ စိတ်အနှောင်အဖွဲ့ပင်ဖြစ်သည်ဟု နောင်တွင် နောင်တော်က ပြန်ပြောသည်။

ယသော်ဓရာမှာ နိုးနေလေပြီ။

"မောင်တော်လာလို့ ဝမ်းသာလိုက်တာ မောင်တော်ရယ်၊ အိပ်မက်တွေ မကောင်းဘူး၊ အိပ်မက်ဆိုးတွေကိုချည်းပဲ မက်မက်နေ တယ်၊ နှမတော်တို့ အနီးတစ်ဝိုက်မှာရှိတဲ့ မြေကြီးဟာ သွက်သွက်ခါ အောင် လှုပ်လို့၊ မြေကြီးဟာ ပင်လယ်ကြီးလို လှိုင်းတံပိုးမောက်ထ နေတယ်၊ မိုးနတ်က္ကန္ဒာရဲ့ လက်နက်ဖြစ်တဲ့ မိုးကြိုးစက်သွားကြီးဟာ လည်း ထက်ပိုင်းကျိုးပြတ်ပြီး မြေကြီးပေါ်ကို ကျလာသတဲ့၊ ပြီးတော့ နေ၊ လနဲ့ ကြယ်တာရာတွေဟာလည်း လူတွေ တောင်ကမ်းပါးပေါ် က လိမ့်ကျလာသလို ကောင်းကင်ပြင်ကြီးထဲကနေပြီး ပြုတ်ကျတယ် လို့ အိပ်မက်မက်နေတယ်၊ နှမတော် အသည်းတုန်၊ အူတုန်ရှိလိုက် တာ မောင်တော်ရယ်၊ ဘယ်လိုသဘောကြောင့်များ ဒီလိုအိပ်မက်ဆိုး တွေ မက်ပါသလဲ မသိဘူး၊ မောင်တော်ရှင်းပြပါဦး၊ ဘာအဓိပ္ပာယ် လဲဟင် မောင်တော်"

"ဘာအဓိပ္ပာယ်မှ မဟုတ်ဘူး နှမတော်၊ သွေးလေချောက်ချားလို့ မက်တာပါ"

နောင်တော်သည် နူးညံ့သည့်ချိုသာသည့် အသံဖြင့်ပြော၏။ သို့ရာတွင် ယသော်ဓရာ၏ ညောင်စောင်းအနီးသို့ ကပ်လာခြင်းမပြု။

"အိပ်မက်က တော်တော်နဲ့ မဆုံးနိုင်ဘူး မောင်တော်၊ ဒီလိုအိပ်မက်မျိုး နှမတော် တစ်ခါမှ မမက်ဖူးသေးဘူး၊ ပြီးတော့ ရထားထိန်း ဆန္ဒက အနားရောက်လာပြီး နှမတော်ရဲ့ မကိုဋ်မှာရှိတဲ့ အဖိုးထိုက်ဆုံး၊ အကောင်းဆုံးဆိုတဲ့ ကျောက်မျက်ရတနာတွေကို ဖြုတ်ယူသွားသတဲ့၊ ဘာဖြစ်လို့ ဒီလို အိပ်မက်တွေကို မက်တာလဲ မောင်တော်၊ မွှေးကြိုင်သင်းပျံ့ပြီး နူးညံ့ချောမွေ့နေတဲ့ နှမတော်ရဲ့ ခန္ဓာကိုယ်ဟာလည်း အရေတွေရှုံ့တွပြီး နံစော်သွားသတဲ့၊ နှမတော်ရဲ့ လက်တွေ၊ ခြေတွေဟာလည်း တစ်ခုစီ တစ်ခုစီ ပြုတ်ကြွေကျသွားသတဲ့၊ ရတနာတွေ စီခြယ်ထားတဲ့ သလွန်ညောင်စောင်းကြီးဟာလည်း မြေကြီးပေါ်ကို ပြိုကျသွားပြီး သစ်ဆွေးတုံးကြီး ဖြစ်သွားသတဲ့၊ သလွန်ညောင်စောင်းပေါ်မှာ ခင်းထားတဲ့ ပိုးဖဲကတ္တီပါ အိပ်ရာခင်းတွေဟာလည်း စုတ်ပြတ်ပြီး ဆံခြည်ထွေးလို အထွေးထွေးအယှက်ယှက်ဖြစ်

ကုန်ကြသတဲ့၊ တယ်လည်း ဆန်းကြယ်ပါလား မောင်တော်ရယ်၊ လေပြင်းကြီးတိုက်တဲ့အခါမှာ နေမင်းကြီး ကွယ်ပျောက် ပြီးတော့ ရွှေနန်းတော်ဝင်းကြီးရဲ့အထဲမှာရှိတဲ့ ဇမ္ဗူသပြေပင်ကြီးဟာလည်း မြေကြီးပေါ် ဗုန်းဗုန်းလဲကျသွားတယ်၊ နန်းမြို့တံခါးမှာရှိတဲ့ အစောင့်တွေဟာလည်း သစ်သားရုပ်တုကြီးတွေလို ဖြစ်သွားသတဲ့၊ တချို့ကျတော့ ရင်ဘတ်ကို တီးပြီး အော်ဟစ်ငိုကြွေးနေကြသတဲ့၊ ကပိလဝတ်မြို့ကြီးတစ်မြို့လုံးဟာလည်း သိုးတစ်ကောင်၊ ပန်းတစ်ပွင့်ကိုမှ မမြင်ရတော့ဘဲ လွင်တီးခေါင် ကန္တာရကြီးလို ဖြစ်နေသတဲ့၊ ပန်းပင်၊ သစ်ပင်တွေဟာလည်း အရွက် ကျိုးကျဲဖြစ်၊ ကန်တွေဟာလည်း ခန်းခြောက်ကုန်ကြသတဲ့၊ မြင်မက် ပုံ ဆန်းလှချည်လား မောင်တော်၊ ဘယ်လိုလုပ်ရပါ့မလဲ၊ နှမတော်ကို မကယ်နိုင်တော့ဘူးလား မောင်တော်"

ယသော်ဓရာသည် ငိုကြွေးလျက်နေသည်။ ရာဟုလာမှာအိပ်ပျော်ဆဲ။ ဆီမီးတိုင်မှ အလင်းရောင်သည် ယသော်ဓရာ၏ ဖြူဖွေးဝင်းဝါသော အသားနှင့် လက်တွင် ဝတ်ထားသည့် ကျောက်စိမ်းရတနာပေါ်သို့ ဖြာကျလျက်ရှိသည်။

နောင်တော်သည် အနီးသို့ ကပ်လာကာ

"သွေးလေချောက်ချားလို့ မက်တာပါ နှမတော်၊ ဘာမှ မဖြစ်ပါဘူး၊ အိပ်ပါ"ဟု ပြော၏။

ယသော်ဓရာသည် နောင်တော်၏ စကားကို စိတ်ချယုံကြည်သွားကာကိုယ်ကို တစ်ဖက်သို့ စောင်းပြီးလျှင် မကြာမီ အိပ်ပျော်ခြင်းသို့ ရောက်သွားသည်။

ယသော်ဓရာ၏ အသက်ရှူသံ မှန်မှန်ကို ကြားနေရသည်။

တစ်ခါတစ်ရံတွင်မူ ယသော်ဓရာသည် အဘယ်ကြောင့်မသိ။ မျက်လုံးကို ဖွင့်၍ ကြည့်လိုက်သည်ကို တွေ့ရသည်။

"နှမတော် အိပ်လေ၊ ဒီတစ်ခါဆိုရင် မကောင်းတဲ့ အိပ်မက်တွေကို မက်တော့မှာ မဟုတ်ပါဘူး နှမတော်၊ အိပ်မက်ကောင်းတွေကို မက်မှာပါ"

ဟု နောင်တော်က ပြောသည့်အခါတွင် ယသော်ဓရာက မျက်လုံးကို ပြန်၍ မှိတ်ထားသည်။

ရထားထိန်းဆန္နသည် မြင်းကို ပြင်နေသည်။ သို့အတွက် ချိုးချိုးချွတ်ချွတ် ဇက်ကြိုးမြည်သံများကို ကြားနေရသည်။

နောင်တော်သည် ခန်းဆောင်အမှောင်ရိပ်ထဲသို့ ပြန်ဝင်လာခဲ့သည်။

ကြင်ရာတော် ယသော်ဓရာကို လှမ်း၍ ကြည့်လိုက်၏။

ထိုအခါ၌ ယခင်တစ်ခါမှ မရှိခဲ့ဖူးသည့် မေတ္တာဓာတ်တစ်မျိုးတို့ သည် နောင်တော်၏ တစ်ကိုယ်လုံးတို့တွင် ယိုစီးစိမ့်ဖြာလျက်ရှိလာခဲ့ပြီ။ နောင် တော်သည် ယသော်ဓရာအား နက်နဲသိမ်မွေ့သည့် မေတ္တာဓာတ်ဖြင့် ရစ်ပတ် လိုက်မိလေပြီ။ မိမိခန်းဆောင်ထဲတွင် လင်းလက်ကာ ပြင်ပအရိပ်များကို ထင် ဟပ်စေသည့် ထောင်ပေါင်းများစွာသော ပုလဲလုံးများကို နောင်တော်သတိရ လိုက်သည်။ အရာဝတ္ထုများသည် ပုလဲလုံးများထဲတွင် လာ၍ အရိပ်ထင်ခြင်း မျှသာမဟုတ်လော။ မိမိသည်လည်း ထိုအထဲမှ အရိပ်တစ်ခုမျှသာ မဟုတ် လော။ ထိုအထဲမှ အိပ်မက်တစ်ခုမျှသာ မဟုတ်လော။

နောင်တော်သည် ကြင်ရာတော် ယသော်ဓရာကို ပွေ့ဖက်နှုတ်ဆက် ချင်သည်။ သားတော်ရာဟုလာကို ပွေ့ချီကာ သားတော်၏ ခြေထောက်နုနုထွေး ထွေးကလေးများကို ရင်ဝယ်အပ်ထားလိုက်ချင်သည်။

သူတို့သားအမိ အိပ်နေကြပုံသည် မည်မျှ တင့်တယ်လှပသည့် ရှုခင်း ပေနည်း။ မည်မျှ အပြစ်ကင်းသည့် ရှုခင်းပေနည်း။ ထိုရှုခင်းကို နောင်တော် မျက်တောင်မခတ် ကြည့်ချင်သည်။

ကဏ္ဍကာ၏ ဇက်ကြိုးသံ တချွင်ချွင်ကို နားထောင်ရင်း နောင်တော် သည် သူနှင့်ကြင်ရာတော်တို့ ကယုကယင်ချစ်တုံ့တင်ခဲ့သည်ကို ကြားယောင် မြင်ယောင်နေမိသည်။

ထို့နောက်တွင်မူ နောင်တော်၏ စိတ်သည် လေးမှ ပစ်လိုက်သော မြားတစ်စင်းကဲ့သို့ ခပ်စောစောက သူထွက်လာခဲ့သော စက်ခန်းဆောင်ဆီသို့ ပြန်ရောက်သွားကာ ပိုးလိုးပက်လက်အိပ်ပျော်နေကြသော ရံရွေတော်များ၊ က ချေသည်များထံသို့ ပြန်ရောက်သွားသည်။

"မြင်းပြင်ပြီးပါပြီအရှင်"ဟု ခပ်တိုးတိုးပြောလိုက်သော ဆန္န၏ အသံ ကို ကြားရ၏။ သို့ရာတွင် နောင်တော်သည် အတန်ကြာမျှ ဆိုင်းနေပြီးနောက် သူ့ခန်းဆောင်သို့ ပြန်၍လာကာ ကိုယ်ကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်း သည်။

ပုလဲစီ ကိုယ်ရုံကို ဝတ်သည်။ ဝက်ဝံရေကော်ဇောပေါ်တွင် ထောင် ထားသည့် ကြေးမုံထဲတွင် သူ့ကိုယ်သူ နောက်ဆုံးအကြိမ် ပြန်ကြည့်သည်။

"ဒီဘဝဟာ ငါ့အဖို့ ကုန်ဆုံးခဲ့ပြီ၊ ငါသည် ယနေ့မှစ၍ ကာမ ဂုဏ်အာရုံတို့ကို ဖြတ်တောက်ပစ်အံ့"

နောင်တော်သည် ဥယျာဉ်ထဲသို့ ဆင်းလာကာ ဆန္နစောင့်ဆိုင်းနေ သည့် နေရာသို့ လာခဲ့သည်။

ဥယျာဉ်ထဲရှိ ငွေရောင်ဖြာသော ကန်ငယ်ကို မြင်သည့်အခါ အသုဘကို တွေ့ခဲ့သည့်အဖြစ်ကို အမှတ်ရလာကာ ထိုအသုဘဝင်လာရာ တံခါးမှနေ၍ မြို့အပြင်ဘက်သို့ ထွက်လာခဲ့သည်။

မိမိသည် ဖွားဖက်တော်ဆန္နနှင့်အတူ ဤခရီးကို သွားတော့မည်။ မည်သည့်အတားအဆီး၊ မည်သည့်အနှောင့်အယှက်တို့ကို တွေ့သည်ဖြစ်စေ နောက်ကြောင်း ပြန်မလှည့်တော့။

ဖွားဖက်တော် မြင်းကြီး ကဏ္ဍကသည် မြက်တောထဲတွင် တဖြုတ်ဖြုတ်မြက်ဝါးနေသည်။ နောင်တော်သည် သူကစားခဲ့ရာ နေရာများကို မြင်သည်။

သူဝတ်ဆင်ခဲ့ရာ သံချပ်အင်္ကျီတို့ကို ကြည့်သည်။ လက်နက်တိုက်ထဲမှ သူကိုင်ဆောင်ခဲ့သော ဓားလှံတို့ကို ကြည့်သည်။ ပြိုင်ပွဲများတွင် သူဝတ်ဆင်ခဲ့သော ပန်းပွားများ၊ စလွယ်များ၊ သရဖူများကို ကြည့်သည်။

မိမိသည် လေကဲ့သို့ လျင်မြန်ခြင်းနှင့် သွားတော့မည်။ လေဆောင်ယူရာသို့ လိုက်ပါသွားတော့မည်။

နောင်တော်သည် ကဏ္ဍကကျောပေါ်သို့ ဖြည်းညင်းစွာ တက်လိုက်ပြီးနောက် တံခါးငယ်မှ နန်းမြို့ပြင်ဘက်သို့ ထွက်လာခဲ့သည်။

## ၁၁

တောအားလုံးသည် မည်းမှောင်လျက်ရှိ၏။

လေသည် အရှေ့ဘက်နှင့် မြောက်ဘက်မှ ပြင်းထန်စွာ တိုက်ခတ်လျက်ရှိနေသည်။ မျောက်များ လန့်ဖျပ်အော်သံများကြောင့်လည်းကောင်း၊ တစ်ခါတစ်ရံတွင် ဝိုးခနဲ ဝက်ခနဲ ပြက်လိုက်သော လျှပ်စီးရောင်များကြောင့်လည်းကောင်း ကျောက်တုံးခင်းထားသည့် လမ်းကလေးကို ရှာတွေ့ခြင်းဖြစ်သည်။

လမ်းကို ရှာတွေ့သည့်တိုင် ထိုလမ်းသည် မည်သည့်နေရာသို့ သွားသည့် လမ်းဖြစ်ကြောင်းကို နောင်တော်လည်း မသိ။ ဆန္ဒလည်း မသိ။ လဝန်းသည် တောင်တန်းများအောက်တွင် ငုပ်လျှိုးနေဆဲဖြစ်သည်။

နောင်တော်သည် ကိုယ်တွင်လွှမ်းထားသော ဝတ်ရုံကို တင်းကျပ်စွာ ရစ်ပတ်လွှမ်းခြုံလိုက်ပြီးနောက် အမှောင်ထဲတွင် ဆန္ဒကို ရှာကြည့်သည်။

သို့ရာတွင် သူ့ရှေ့တွင် မားမားကြီးရပ်နေသည့် သရက်ဖြူပင်ကြီးမှ အပ အခြားဘာမျှ မမြင်ရ။ အဝေးတွင် တိုက်ခတ်နေသော လေပြင်းသည် အနီးသို့ ရောက်လာမှန်းကို သိလိုက်ရသည်။ ခဏကြာလျှင် အမှောင်ထဲမှ မြင်းခွာသံများကို ကြားရသဖြင့် သူ့အနားသို့ ဆန္ဒရောက်လာကြောင်း သိလိုက်ရသည်။

နောင်တော်သည် ခေါင်းကို မော့လိုက်၏။ ပထမဆုံးကျလာသော မိုးသီးမိုးပေါက်များကို ထိတွေ့လိုက်ရသည်။

"ဆန္ဒ သင်ဘယ်မှာလဲ"

"အနားမှာ ရှိနေပါတယ် အရှင်"

လျှပ်စီးပြက်လိုက်သည့် အရောင်ထဲတွင် မိမိ၏ ခြေနင်းမှ ရွှေဆူးများကို နောင်တော်မြင်လိုက်ရသည်။

"ငါတော့ ငြိမ်းချမ်းခြင်းကို ရပြီ ဆန္ဒ"

ထိုညမှာ မိုးသက်မုန်တိုင်းတို့ ပြင်းစွာ တိုက်ခတ်သော ညရိုင်းဖြစ်၏။

ထိုသို့သော ညမျိုးကို သူတို့ဘဝတွင် တစ်ခါမှ မတွေ့စဖူး။ သစ်ပင်တို့သည် ကျိုးကျိုးကျည်ကျည်မြည်ကာ အပိုင်းပိုင်းပြတ်ကျကာ လမ်းတွင် ကန့်လန့်လဲကျကုန်၏။

မိုးသားတို့ ထူထပ်စွာ ဖုံးအုပ်နေသည့်တိုင် အချို့နေရာများတွင် ကြယ်ရောင်တို့ လင်းနေသည်ကို မြင်ရ၏။ ကြယ်တို့၏ အလင်းရောင်နှင့် လျှပ်စီးရောင်တို့ကို အားပြုကာ နောင်တော်နှင့် ဆန္ဒသည် တောထဲသို့ ဝင်ခဲ့ကြ၏။

သူတို့ကိုယ်တွင် မိုးရေတို့ စိုရွှဲနေလျက်။ ငှက်များသည် ချုံကြားမှ လန့်၍ ပြေးကြသည်။ တစ်ခါတွင်မူ ကဏ္ဍိက၏ ခြေရင်းရှိ မြက်တောရှည်ထဲမှ သိမ်းငှက်များထ၍ ပျံပြေးသည်ကို မြင်လိုက်ရသည်။ ထိုညမျိုးသည် နတ်ဗြဟ္မာတို့ အိပ်စက်ခြင်းမရှိကြ၊ သတိရှိကြသော ညမျိုးဖြစ်၏။

ထိုညမျိုးသည် ကြယ်တံခွန်တို့ မြူး၍ တောအလုံးတို့ ဘီလူး၏ ရယ်ခြင်းမျိုးဖြင့် ရယ်သောညမျိုးဖြစ်၏။

မိုးစက်မိုးပေါက်တို့သည် အဖျားချွန်သော အပ်များဖြင့် ပေါက်သည့်နှယ် သူတို့မျက်နှာနှင့် နှုတ်ခမ်းများပေါ်သို့ ကျရောက်ကုန်၏။ သစ်ကိုင်းများ၊ ကျိုးကျသံ၊ မိုးကြိုးထစ်ချုန်းသံ၊ တော်လဲသံ၊ မြင်းခွာသံတို့သည် ကြောက်ဖွယ်ရာ မြည်ဟည်းကြကုန်၏။ သို့ရာတွင် နောင်တော်သိဒ္ဓတ္ထနှင့် ဆန္ဒတို့ကား လေကို ဆန်ကာ တောသို့ ဝင်ကြ၏။

"နတ်ဗြဟ္မာတို့ နိုးကြားနေမှာပဲ အရှင်"ဟု ဆန္ဒက လျှောက်သည်။

"ဟုတ်တယ်၊ ဒီလိုညမျိုးတွေမှာ နတ်တွေ၊ ဗြဟ္မာတွေ အိပ်စက်ခြင်းမရှိ၊ နိုးကြားနေကြရလိမ့်မယ်၊ ဒီလိုညမျိုးမှာ နန်းမျှော်စင်တွေဟာ ပြိုကျကြတယ်၊ တို့ပတ်ဝန်းကျင်မှာ နတ်သိကြားတွေရှိကြတယ်၊ သူတို့တစ်တွေဟာ တို့ကို စောင့်ရှောက်နေကြတယ်၊ မစိုးရိမ်နဲ့ ဆန္ဒ၊ ဒီ့ထက် မှောင်ကြီးကျလာရင် တို့ကို နတ်သိကြားတွေ စောင့်ရှောက်ကြလိမ့်မယ်"

တစ်ချက်တစ်ချက်တွင် ပြက်လိုက်သည့် လျှပ်ရောင်ထဲ၌ နောင်တော်သိဒ္ဓတ္ထသည် မြင်းနံပါးကို ဒူးနှစ်ဖက်ဖြင့် တင်းကျပ်စွာ ညှပ်ကာ လည်ဆံမွေးတို့အား ဆုပ်ကိုင်လိုက်သည်ကို ဆန္ဒမြင်လိုက်ရသည်။

နောင်တော်သိဒ္ဓတ္ထသည် ရွှေနန်းတော်ကြီးတွင် ထိုင်ခုံပေါ်၌ ပုလဲစီဝတ်ရုံအင်္ကျီကို ဝတ်ကာ လဲလျောင်းနေသော မင်းပျိုတစ်ပါးမဟုတ်တော့။ ရွှေရောင်ဝတ်ရုံကြီး တလွင့်လွင့်ဖြင့် မြင်းကို အပြင်းနှင်ကာ မြင်းစီးယောကျာ်း ခရီးသွားတစ်ဦးဖြစ်နေပေပြီ။ နောင်တော်ကို ကြည့်ရသည်မှာ ရွှေနန်းတော်

မုခ်ဦးနဖူးစည်းတို့တွင် ပန်းပုကျော်တို့ ထွင်းထုထားသော မြင်းစီးသူရဲ၏ ရုပ်ပုံနှင့်ပင် တူတော့သည်။

"တို့နောက်ကို လိုက်လာတဲ့ အသံတွေကို ကြားတယ် မဟုတ်လား ဆန္န"

"မှန်ပါ ကြားကြောင်းပါ၊ ခရုသင်းသံတွေ၊ တံပိုးခရာသံတွေ ကြားနေရတယ်၊ ခရာသံတွေက ပိုပြီး ကျယ်လောင်ပါတယ် ဘုရား၊ နန်းတော်စောင့်တပ်တွေကို စုပုံနေပုံရတယ် ဘုရား၊ ကျွန်တော်တို့ သွားတဲ့လမ်းကို သူတို့ တွေ့သွားပါပြီ ဘုရား"

"အေးလေ၊ တို့သွားတဲ့လမ်းကို သူတို့တွေ့ရမှာပေါ့၊ တို့နောက်ကိုလည်း သူတို့လိုက်ရပေမှာပေါ့၊ သူတို့ဟာ ငါ့ကို ဒုက္ခခံပြီး လိုက်ရှာနေကြတယ်၊ ဒါပေမဲ့ ဆန္န၊ ငါဟာသူတို့ကိုဒုက္ခပေးနေတာမဟုတ်ဘူး၊ ရွှေနန်းတော်မှာ ငါဆက်နေရင် သူတို့မှာ သည့်ထက်ပို ဒုက္ခကြီးမှာ၊ ခု ငါလုပ်နေတာ သူတို့ကို ဒုက္ခနည်းအောင် လုပ်နေတာ"

နောင်တော်သိဒ္ဓတ္ထသည် ကဏ္ဍက၏ တင်ပါးကို ရွှေဆူးဖြင့်ထိုးကာ ခပ်သုတ်သုတ်စီးသည်။ ထိုအချိန်၌ မိုးလည်းစဲခဲ့လေပြီ။ အောက်တွင် မြက်တောတို့ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်ကို တွေ့ရ၍ မြင်းခွာသံကိုလည်း ကောင်းစွာမကြားရတော့။ နောင်တော်သည် ပခုံးကို မြင်းလည်ဆံမွေးထိသည် အထိ ကိုယ်ကိုကိုင်း၍ စီးသည်။

ဆန္နက နောက်သို့လှည့်ကြည့်ရင်း

သူတို့နောက်မှ စည်မောင်းသံ၊ ခရုသင်းသံ၊ တံပိုးခရာသံများသည် တဖြည်းဖြည်း ကျယ်လောင်လာသည်။ ခြေမြန်တော်များ၏ အော်ဟစ်သံများကိုလည်း ကြားရသည်။ သို့ရာတွင် နောင်တော်မှာမူ နောက်သို့ တစ်ချက်မှ လှည့်ကြည့်ခြင်းမရှိ။

"လက်နက်တွေ ကိုင်ဆောင်တဲ့ ဗိုလ်ပါတွေတော့ လိုက်လာကြပြီ ဘုရား"

နောင်တော်သိဒ္ဓတ္ထက မည်သို့မှ ပြန်မပြော။ မိုးစဲသွားသည့်တိုင် လျှပ်စီးများကမူ ပြက်နေကြဆဲဖြစ်၏။

နောင်တော်နှင့်ဆန္နသည် မြင်းကို ဒုန်းစိုင်း၍ စီးလာခဲ့ကြသည်။

လျှပ်စီးရောင်ထဲ၌ နောင်တော်သိဒ္ဓတ္ထသည် နှင်းခဲသီးတို့ဖြင့် ထုလုပ်ထားသည့် အရုပ်တစ်ခုနှင့်တူနေသည်။

ကောင်းကင်တစ်ခုလုံးတွင် လျှပ်ပန်းလျှပ်နွယ်တို့ အဆုပ်လိုက် အခိုင်လိုက် ပွင့်နေကြသည်။ မိမိတို့သည် မြန်မြန်ခရီးနှင်မှဖြစ်မည်။ နောက်မှ

လိုက်လာသူများသည် ဗေဒင်ဟူးရားတို့ကို တိုင်ပင်မေးမြန်းပြီးဖြစ်သည့်အ တွက် သူတို့သွားနေသည့်အရပ်ကို သိပြီးကြပြီမဟုတ်လော။

"သူတို့ငါ့ကို ရှာချင်ရှာပေ့စေ ဆန္န၊ ငါက ကိုယ်ထင်မပြရင် သူတို့ ငါ့ကို တွေ့မှာမဟုတ်ဘူး၊ ငါကရော ဘာဖြစ်လို့ ကိုယ်ထင်ပြရ မှာလဲ၊ အချိန်လင့်ပြီ ဆန္န၊ ဒီလောက်ဆိုရင် ရွှေနန်းမှာ ရုံးရွှေတော် တွေ နိုးကြရော့မယ်၊ သူတို့တစ်တွေ မီးရှူးမီးတိုင်တွေကို ထွန်းပြီး ငါ့ ကို ရှာကြပေမယ့်လည်း မတွေ့နိုင်တော့ပါဘူး၊ ခရီးက ဝေးလွန်းလှ တယ်၊ ဒါပေမဲ့ ဒီခရီးကို မသွားလိုတဲ့ သူတွေကတော့ ညကပိုပြီး ရှည် လိမ့်မယ် ဆန္န၊ ဒီမှာ ဆန္န၊ ကောင်းကင်မှာ ဖြစ်နေတဲ့ နိမိတ်တွေကို ငါသိတယ် ဆန္န၊ ကောင်းကင်မှာ မိုးကြိုးတွေပစ်ပြီး လျှပ်စီးတွေ လက်နေတာ တခြားကြောင့်မဟုတ်ဘူး၊ နတ်ဗြဟ္မာတွေ နိုးနေကြလို့ ဖြစ်တယ်၊ တို့သွားရမယ့် ခရီးဟာ ရှည်လျားလှတယ် ဆန္န၊ ဒီတော့ တို့ခရီးမဆုံးချင်း သူတို့လည်း အိပ်ရဦးမှာ မဟုတ်ဘူး၊ ကဏ္ဍကက သင်ဟာ ငါ့ကို လမ်းမှန်ပို့ခဲ့ပြီ၊ သင့်ကျောပေါ် ငါစီးတာဟာ နောက်ဆုံး အကြိမ်ပဲ ကဏ္ဍက၊ ဒီခရီးဒီအချိန်ဟာ ငါ့ခရီးနဲ့ ငါ့အချိန်ပဲ ဖြစ်ပါစေ"

အရုဏ်ကျင်း၍ လင်းလုလုဖြစ်လာသည့်အခါတွင်ကား နောင်တော် သိဒ္ဓတ္ထတွင် မင်းတို့၏ အဆောင်အယောင်တို့ကို ပယ်လိုက်ပြီး ဖြစ်လေပြီ။

ကဏ္ဍက၏ ကိုယ်ပေါ်တွင်လည်း ဆင်ထားသည့် အဝတ် ကကြိုး တန်ဆာတို့သည်လည်း စုတ်ပြတ်ခဲ့လေပြီ။

နောင်တော်၏ ရွှေရောင်ဝတ်ရုံသည်လည်း သစ်ခက်သစ်ကိုင်းတို့ ငြိသဖြင့် စုတ်ပြတ်ခဲ့လေပြီ။ နောင်တော်သိဒ္ဓတ္ထသည် လတ်ဆတ်သင်းပျံ့သော လေကို ရှူရှိုက်ရင်း

"နောက်က စစ်သည်ဗိုလ်ပါတွေ လိုက်လာသံ ကြားလိုက်သေး သလား ဆန္န"

"မကြားတော့ပါ ဘုရား"

"ဒီလိုဆိုရင် ဒီနေရာဟာ သင်ခွဲခွာဖို့ နေရာဖြစ်တယ် ဆန္န၊ တို့ နှစ်ယောက် ခွဲခွာဖို့နေရာရောက်ပြီ"

ဆန္နသည် သူ့သခင်၏ စကားကို မယုံနိုင်။ သူတို့ခရီးသည် ဤသို့ အဆုံးသတ်မည်ဟု မမျှော်လင့်။ ဆန္နသည် မြင်းပေါ်မှ ဆင်းနေသော နောင် တော်သိဒ္ဓတ္ထကို ငေးကြည့်နေသည်။

"ကျွန်တော်မျိုးတို့ ဘယ်ကို သွားရမလဲ ဘုရား"

"ငါ့ခမည်းတော် မင်းကြီးဆီကို သင်ပြန်တော့ ဆန္န၊ ငါဟာ အရ

ညဝါသီတောမှီတဲ့ ရဟန်းတစ်ပါးအဖြစ်နေခဲ့တော့မယ်လို့ မင်းကြီးကို လျှောက်လိုက်ပေတော့၊ ကဏ္ဍကကိုလည်း သင်နဲ့အတူ ပြန်ခေါ်သွားပေတော့”

လင်းအရုဏ်တွင် ဆန္န၏ မျက်နှာသည် ညှိုးငယ်ဖြူရော်လျက်ရှိ၏။

“နောက်ပြီးတော့ရော ကျွန်တော်မျိုး ဘာဆက်လုပ်ရမလဲ အရှင်”

“ဘာမှ လုပ်စရာမလိုဘူး ဆန္န၊ သင်ဟာ သစ္စာရှိရှိနဲ့ ငါ့အပေါ်မှာ တာဝန်ကျေအောင် လုပ်ခဲ့၊ အမှုတော်ထမ်းခဲ့ပြီးပြီပဲ၊ သင်ပြန်ပေတော့ ဆန္န၊ သင်ပြန်ဖို့ အချိန်တော်ပြီ”

နောင်တော်သိဒ္ဓတ္ထ၏ သရဖူပေါ်မှ ပုလဲတို့သည် နှင်းပေါက်များကြောင့် တဖျပ်ဖျပ်တောက်ပနေကြသည်။ ရွှေရောင်ဝတ်ရုံပေါ်တွင် နှင်းစက်တွေသီးနေကြသည်။

“သင်ပြန်ဖို့ အချိန်တန်ပြီ ဆန္န၊ ပြန်ဖို့ အချိန်တန်ပြီ”

နောင်တော်သိဒ္ဓတ္ထသည် ထိုစကားလုံးများ အဖန်ဖန်ရွတ်လျက်ရှိ၏။

“ရွှေနန်းတော်ကြီးတစ်ခုလုံးဟာ အရှင့်အတွက် ငိုကြွေးနေကြပါတယ် ဘုရား၊ အရှင့်အတွက် နန်းတော်သူနန်းတော်သားတွေဟာလည်း ငိုကြွေးနေကြပါတယ် ဘုရား၊ ကလေးတွေဟာလည်း ငိုကြွေးနေကြပါတယ် ဘုရား၊ အရှင် ပြန်မလာဘူးဆိုရင် သူတို့ငိုခြင်းဟာ ဘယ်တော့မှ အဆုံးသတ်တော့မှာ မဟုတ်ဘူး ဘုရား”

နောင်တော်သိဒ္ဓတ္ထက မျက်မှောင်ကြုတ်လိုက်သည်။

“ဟုတ်တယ်၊ သူတို့ရဲ့ ငိုကြွေးခြင်းဟာ ဘယ်တော့မှ အဆုံးသတ်မှာ မဟုတ်ဘူး၊ ငါပြန်လာသည်ဖြစ်စေ၊ ပြန်မလာသည်ဖြစ်စေ၊ သူတို့ဟာ ငိုကြွေးကြတော့မှာပဲ ဆန္န၊ ဒါကြောင့် သူတို့ရဲ့ ငိုကြွေးခြင်းကို ရပ်အောင် ငါဟာ နန်းစည်းစိမ်ကို စွန့်ပြီး အရညဝါသီအဖြစ် ကျင့်ဖို့ ထွက်တာဖြစ်တယ်၊ ငါတို့ဟာ အလွန်အမင်းအိုမင်းတဲ့အခါကျတော့မှပဲ ငိုခြင်းကို ရပ်ကြရမယ် ဆန္န၊ ငါဟာ ခု အိုမင်းခဲ့ပြီ၊ သင်မြင်ဖူးခဲ့သမျှ ငါဟာ ကမ္ဘာလောကကြီးနဲ့ အဆက်ဖြတ်တော့မယ်၊ ဒါကြောင့် ငါဟာ အိုမင်းသွားခဲ့ပြီ”

“ဘာဖြစ်လို့ ကမ္ဘာလောကကြီးက စွန့်ခွာသွားရမှာလဲ အရှင်ဘုရား”

“မစွန့်ခွာလို့ မဖြစ်တဲ့အတွက် စွန့်ခွာခြင်းဖြစ်တယ် ဆန္န”

နောင်တော်သိဒ္ဓတ္ထသည် လည်တွင် ဆင်ထားသည့် ပုလဲသွယ်နှင့် သရဖူတို့ကို ချွတ်လိုက်ပြီးနောက် ဆန္နသို့ လှမ်းပေးလိုက်သည်။

"ဒီပစ္စည်းတွေကို ခုယူသွားပြီး ခမည်းတော်ကို ဆက်သလိုက်ပါ ဆန္ဒ၊ ဟောဒီက ငါ့သန်လျက်နဲ့ တခြားပစ္စည်းတွေကိုလည်း ယူ သွားပြီး ခမည်းတော်ကို ဆက်သလိုက်ပါ၊ ဒါပေမဲ့ သန်လျက်ကို ယူမသွားနဲ့ဦး၊ ငါ့ဆံပင်ကို ပယ်ပေးခဲ့ပါ"

ဆန္ဒက မည်သို့မှ လှုပ်ရှားခြင်းမပြု။

"မိဘတို့အပေါ်မှာ ထားရှိအပ်တဲ့ မေတ္တာ၊ သားသမီး ဆွေမျိုး ဉာတိတို့ အပေါ်ထားရှိခဲ့တဲ့ နှောင်ဖွဲ့မှုတို့ကို ငါစွန့်လွှတ်ရတော့မယ် ဆန္ဒ၊ ငါ့ဆံပင် နဲ့ အသားအရေဟာ ရွှေအဆင်းရှိတယ်၊ ငါ့အသား အရေဟာ တောင့်တင်းပြီး ငါ့ခန္ဓာကိုယ်ဟာ ပြေပြစ်တယ်၊ တင့်တယ် တယ်၊ နေခြည်ထဲမှာ ငါ့အရောင်အဝါဟာ ရွှေအဆင်းလို ဝင်းဝါ တယ်၊ ဒါပေမဲ့ ဒီအရောင်အဝါ၊ တင့်တယ်မှုတွေ၊ ဒီအလှအပတွေကို ငါစွန့်လွှတ်တော့မယ် ဆန္ဒ၊ ငါပြောတဲ့အတိုင်းသာ လုပ်ပေတော့။ ငါ့ဆံပင်ကို ငါ့သန်လျက်နဲ့ ဖြတ်ပေတော့"

နေသည် အရှေ့ဘက်မှ တငြိမ့်ငြိမ့်ထွက်ပေါ်လာကာ စိုစွတ်အေးမြ သော တောအုပ်နှင့်တကွ သစ်ရွက်များကို နေခြည်ပက်ဖျန်းပေးသည်။

နွယ်တို့အကြားတွင် ပုန်းကွယ်နေသည့် ပိုးမွှားများ၊ မြစ်ချောင်းများ၊ စမ်းရေတံခွန်များပေါ်သို့ ပက်ဖျန်းလိုက်သည်။ တက်သစ်စနေသည် ဝါရွှေ သော နောင်တော်သိဒ္ဓတ္ထ၏ ကိုယ်ပေါ်သို့လည်း နေခြည်ဖြင့် ပက်ဖျန်းလိုက် သည်။ လေအေးကြီးတိုက်လာသဖြင့် တစ်ကိုယ်လုံး စိမ့်သွား၏။ နောင် တော်သည် ခိုက်ခိုက်တုန်အောင် အေးသွားလျက်ရပ်နေသည်။ စိုစွတ်သော အဝါရောင် ဝတ်ရုံသည် သူ့ကိုယ်ပေါ်တွင် ဝဲကျနေ၏။

"ဆန္ဒ အသင်ဘယ်လိုဖြစ်နေတာတုန်း၊ အသင်ဟာ အရင်တုန်း က ငါ့အမိန့်ကို တစ်ခါမှ မလွန်ဆန်ခဲ့ဖူးဘူး၊ ရွှေနန်းတော်မှာဖြစ်ဖြစ်၊ စက်ရာခန်းမှာပဲဖြစ်ဖြစ် သင့်ကို ငါအမိန့်ပေးလိုက်ရင် သင်ဟာ အမြဲ နာခံခဲ့တာချည်းပဲ၊ ငါ့မှာ ဦးပြည်းချည်းကျန်သည်အထိ ငါ့ဆံပင် တွေကို ရိတ်ပေးတော့ ဆန္ဒ"

စိန်စီသည့် သန်လျက်ကို ကိုင်ထားသည့် ဆန္ဒ၏ လက်မှာ တုန်ယင် လျက်ရှိနေသည်။ ဆန္ဒသည် နောင်တော်၏ ဆံပင်တို့ကို ရိတ်ပေးလိုက်သည့် အခါ ဆံပင်တို့သည် အထွေးလိုက်ဖြစ်ကာ နောင်တော်၏ ပခုံးပေါ်သို့ ကျလာ သည်။ အချို့ဆံပင်တို့ကား အောက်မြက်ပင်များပေါ် ကျသွားကြသည်။

ဆန္ဒသည် အောက်တွင်ကျသော ဆံပင်များကို လိုက်လံ သိမ်းဆည်း ပေးလျက်ရှိရာမှ အနီးသို့ ရောက်လာကြမည့် ရဲမက်ဗိုလ်ပါတို့၏ အသံကို

နားစွင့်နေသည်။ နောင်တော်က ပြုံးလိုက်လျက်

"မစိုးရိမ်ပါနဲ့ ဆန္န၊ သူတို့ငါတို့အနားကို ရောက်လာကြတော့မှာ မဟုတ်ဘူး၊ သူတို့လမ်းမှားပြီး လိုက်သွားကြပြီ၊ ငါ့ဆံပင်ကို ပယ်ပြီး လေပြီ၊ ငါ့အဖို့ ပြန်လမ်းမရှိဘူး ဆန္န"

ဆန္နသည် မြက်ပင်ပေါ်တွင်ကျနေသော ဆံစများကို လိုက်ကောက်နေသည်။

"ကျွန်တော်မျိုး လက်တွေ တုန်နေတယ် ဘုရား"

"လက်တွေတုန်ရင် သန်လျက်ကို မြဲမြဲကိုင် ဆန္န၊ လူတစ်ယောက်ကို သတ်သလို သန်လျက်ကို မြဲမြဲကိုင်ပြီး ဆံပင်တွေကို လှီးဖြတ်ခုတ်ချလိုက်၊ တကယ်တော့ သင်ဟာ မင်းသားတစ်ပါးကို သတ်နေတာပဲ ဆန္န၊ ဒီမင်းသား မရှိတော့တဲ့နောက်မှာ မင်းသားဟာ ဖန်ရည်ဆိုးတဲ့ သင်္ကန်း၊ တွဲလဲဆွဲသော ခြေတို့ဖြင့် လျှောက်သွားပြီး သစ်သီးသစ်ဥတို့ စားနေတဲ့ ရဟန်းကိုပဲ တွေ့ရတော့မယ် ဆန္န၊ ငါ့ဆံပင်တွေ ရဲရဲဖြတ်စမ်းပါ မစိုးရိမ်ပါနဲ့"

နောက်ဆုံး၌ ဆံပင်များကို ရိတ်ပြီးသွားသည့်အတွက် ဆန္နသည် ဆံပင်များကို လက်တွင်ကိုင်ထားသည်။

"ဟောဒီက ပုလဲသွယ်ရယ်၊ ဟောဒီက ခြေနင်းရယ်၊ ဟောဒီက ငါ့ခါးဝတ်ရယ်၊ ပုလဲခါးစည်းကြိုးရယ်၊ ဒါတွေ အားလုံးနဲ့တကွ ငါ့မင်းမြောက်တန်ဆာတွေအားလုံးကိုယူပြီး ခမည်းတော်ဘုရားမင်းကြီးကို ဆက်သလိုက်တော့ ဆန္န"

ထိုသို့ပြောဆိုပြီးနောက် နောင်တော်သိဒ္ဓတ္ထသည် လက်ဝတ်တန်ဆာများကို တစ်ခုပြီးတစ်ခုချွတ်၍ ဆန္နလက်သို့ထည့်လိုက်သည်။ နောက်ဆုံး၌ နောင်တော်သိဒ္ဓတ္ထ၏ ကိုယ်ပေါ်တွင် မင်းညီမင်းသားတို့ ဝတ်ဆင်သော အဝတ်တန်ဆာဟူ၍ ဘာမှ မရှိတော့။

"အရှင်ရဲ့ လက်ဝတ်တန်ဆာတစ်ခုလျှင် အဖိုးအနဂ္ဃထိုက်တန်ပါတယ် ဘုရား၊ တောထဲမှာ မှတ်၊ ခြင်၊ ယင်တို့ရဲ့ အန္တရာယ်ကကင်းဝေးအောင် ဝတ်ထားသင့်ပါတယ် ဘုရား"

ထိုစဉ် သမင်ရေကို ဝတ်ဆင်ထားသည့် မုဆိုးတစ်ယောက် သူတို့ထံလာနေသည်ကို တွေ့မြင်လိုက်ရ၏။ မုဆိုး၏ ဆံပင်တို့မှာ ရှုပ်ထွေးလိမ်ကောက်လျက်ရှိနေပြီး မုဆိုးပေါ်တွင် မြားထည့်သည့် မြားကျည်တောက်မှအပ အခြားဘာမှမတွေ့ရပေ။ မုဆိုးကို ကြည့်ရသည်မှာ များစွာ ပင်ပန်းနွမ်းနယ်နေလျက်ရှိ၏။

"အသင်မုဆိုး၊ ကျွန်ုပ်၏ အရှင်သည် သင့်ကိုယ်ပေါ်တွင် ဝတ်ထားသည့် သမင်ရေကို လိုချင်၏။ သင့်အား အရှင်၏ ကိုယ်တွင် ဝတ်ထားသည့် အဝတ်အစားတို့ဖြင့် လဲပါဘိ"

ဤတွင် မုဆိုးလည်း ကောင်းပြီဟုဆိုကာ အဝတ်အစားတို့ကို ချွတ် ၍ လဲသည်။ ယခုအချိန်တွင် နောင်တော်၌ မင်းတို့အဆောင်အယောင်အားလုံး ကို စွန့်ပယ်ပြီး ဖြစ်လေပြီ။

ခေါင်းဆောင်းထားသည့် ပုလဲမကိုဋ်ကိုလည်းကောင်း၊ အထည်အုပ် တစ်သန်းလျှင် သမီးကညာတစ်ယောက်တည်း မ,နိုင်လောက်အောင် ပေ့ါပါး၊ ပါးလွှာသော ဝတ်ရုံကိုလည်းကောင်း၊ ကျောက်မျက်ရတနာတို့ စီခြယ်ထား သည့် ခါးစည်းကိုလည်းကောင်း စွန့်ပယ်ပြီးခဲ့လေပြီ။

မုဆိုးထွက်သွားသည့်အခါတွင် နောင်တော်သည် သမင်ရေဖြင့် ဖုံး ထားသည့် သူ့ကိုယ်ကို ရေပြင်တွင် ငုံ့ကြည့်ရင်း ပြုံး၏။

"မြင်တယ် မဟုတ်လား ဆန္ဒ၊ ငါပြောတဲ့ စကားတွေ၊ ငါ့ အပြု အမူတွေကို ခမည်းတော်ကို လျှောက်လိုက်ပေတော့၊ ငါဟာ မင်း စည်းစိမ်ကိုစွန့်ပြီး တောရပ်ကိုမှီတဲ့ ရဟန်းတစ်ပါးဖြစ်သွားပြီး တရား ကျင့်တော့မယ်ဆိုတာ ခမည်းတော်ကိုလျှောက်လိုက်ပေတော့၊ ငါ့ ကိုမည်သူမှလည်း လိုက်လံရှာမနေကြစေနဲ့တော့၊ ပြီးတော့ ယသော် ဓရာနဲ့ သားတော်တို့ကိုလည်း သင်စောင့်ရှောက်လိုက်ပေတော့၊ ရုံရွှေ တော်တို့ကိုလည်း သင်စောင့်ရှောက်လိုက်ပေတော့၊ တခြား ကူညီ စောင့်ရှောက်ထိုက်သူမှန်သမျှကို သင်စောင့်ရှောက်လိုက်ပေတော့၊ ကဲ ပြန်တော့ ဆန္ဒ"

နောင်တော်သိဒ္ဓတ္ထသည် အတန်ကြာမျှ တွေးနေ၏။

"ယခုဘဝမှာ မီးလျှံတစ်ခုကထွက်တဲ့ မီးခိုးကလေးတွေ ထက် တောင် သက်တမ်းတိုနေပါသေးတယ် ဆန္ဒ၊ ငါဟာ ဒီတောထဲမှာ ရှစ် နှစ်ကာလပတ်လုံးတရားကျင့်တော့မယ်၊ ရှစ်နှစ်တရားကျင့်ရင် လုံ လောက်ပါပြီ"

"နောင်တော့ရော ဘုရား"

"လူရွယ်သည် လောကကြီးကို ထွက်ပြီး မျိုးစေ့ကို ကြဲသကဲ့သို့ ငါလည်း လောကကြီးထဲကို ထွက်၍ မျိုးစေ့ကြဲရမှာပေ့ါ ဆန္ဒ၊ ခု လောလောဆယ်တော့ တောရပ်ကိုလည်း ဝင်ရဦးမယ်"

နောင်တော်သည် ထိုသို့ပြော၍ တောအုပ်သို့ ဝင်သည်။

နန်းတော်ကြီးသို့ ဆန္ဒပြန်ရောက်လာသည့်အချိန်တွင် မှောင်စပြုနေ

ပြီ။ သည်လောက်ထူးခြားသည့်နေ့မျိုး တစ်သက်တာတွင် တစ်ခါမှ မတွေ့စဖူး။ ဥယျာဉ်များသည် လူသူကင်းရှင်းကာ တိတ်ဆိတ်နေကြသည်။

ပိုးစာရွက်များ ပွတ်ထိသံနှင့် ရေကန်ထဲတွင် ငါးကလေးများ ရေကူးနေသံ ကြားနေရသည်။ အစောင့်တို့က ပစ္စင်၊ ပြအိုးများတွင် စောင့်ကြပ်လျက် နန်းတော်ထဲ၌ ငိုကြွေးသံများ ကြားနေရသည်။ ဆန္နသည် ကဏ္ဍကကို လက်တွင် ဆွဲကာ ဥယျာဉ်ထဲမှဖြတ်၍ နန်းတော်သို့ ဝင်လာသည်။

ဆန္န၏ ခြေလှမ်းများသည် လေးနေကြ၏။ အဆုံးမရှိသော ထိုနေ့ သည် သူ့အဖို့ ကမ္ဘာကြီးပျက်သုဉ်းသွားသည့်နေ့ဟု ထင်မိ၏။

ကြေကွဲဝမ်းနည်းစရာကောင်းသည့် နေ့၊ တည်ကြည်လေးနက်စွာပိုင်းဖြတ်သောနေ့၊ သောကပရိဒေဝရောက်ရသည့်နေ့ဟု သူထင်သည်။ နောင်တော်သိဒ္ဓတ္ထ၏ ရုပ်ပုံရိုက်နှိပ်ထားသည့် တံခွန်များသည် လေထဲတွင် တလူလူလွင့်နေလျက်ရှိရာ သူ့သခင် မရှိသည့်အခါတွင် သူ့ရုပ်ပုံကို တမင်မြင်သာအောင် နတ်သိကြားများက လွှင့်တင်ထားလေသလောဟုပင် ထင်ရသည်။

ရွှေနန်းတော် လေသာပေါက်များမှ မျက်လုံးများသည် သူ့ကို ချောင်းမြောင်းကြည့်နေကြသည်ဟု ဆန္နထင်သည်။ အစောင့်များ၏ ခရုသင်းသံများနှင့် တံပိုးခရာသံများကို ကြား၏။

"ငါဟာ မကောင်းသတင်းကို ယူလာတဲ့သူ" ဟု ဆန္နက သူ့ကိုယ်သူ ပြောနေမိသည်။ ဗဟိုနန်းရင်ပြင်သို့ ရောက်သည့်အခါတွင် ဆန္နသည် သူ့ကိုယ်သူ ဣန္ဒြေရအောင် ခဏမျှနားသည်။

ခမည်းတော် သုဒ္ဓေါဓနေ၊ သခင်မ ယသော်ဓရာနှင့် နန်းတော်သူ နန်းတော်သားအားလုံးသည် သူ့ကို စောင့်နေကြခြင်းဖြစ်ကြောင်း သူသိသည်။ သို့မဟုတ် သူသိသည်ဟု ထင်သည်။

ဆန္န၏ မျက်နှာသည် ဖြူရော်လျက်ရှိပြီး အဝတ်အစားများသည် ဆူးချုံနွယ်များနှင့် ငြိသဖြင့် စုတ်ပြတ်နေကြသည်။ လူသူကင်းရှင်းနေသော ဥယျာဉ်ထဲတွင် မီးတိုင်တို့လင်းနေပြီး ကချေသည်တို့တေးဆိုနေသံများကြားနေရသည်။ ဆန္နသည် ပင်ပန်းနွမ်းနယ်သောခန္ဓာကိုယ်ကြီးကို အနိုင်နိုင်သယ်ကာ ယသော်ဓရာ၏ နန်းတော်ဆောင်သို့လာခဲ့ပြီးနောက် သူ့သခင်ပေးလိုက်သည့် မကိုဋ်၊ စလွယ်၊ အခြားပစ္စည်းများကို ယသော်ဓရာလက်သို့ အပ်လိုက်သည်။

## ၁၂

နောင်တော်သည် သစ်သီး၊ သစ်ဥများကို မှီဝဲခြင်းပြု၏။

တောအုပ်ထဲရှိ တစ်ခုသော အင်ကြင်းတောတွင် အတန်ကြာမျှ တစ်ဦးတည်းနေထိုင်ပြီးနောက် ခရီးဆက်လာခဲ့သည်။ ကြာကန်ထဲသို့ ကျောက်စရစ်ခဲလေးများ ပစ်ချလိုက်သည့်အခါတွင် ကန်ထဲ၌ လှိုင်းဂယက်တို့ ပေါ်သကဲ့ သို့ နောင်တော်၏ စိတ်ထဲတွင်လည်း လှိုင်းကဲ့သို့သော အခြင်းအရာများသည် အဆက်မပြတ်ပေါ်လျက်ရှိနေသည်။

နောင်တော်သည် မိမိစိတ်ထဲတွင် ပေါ်နေသည့် လှိုင်းဂယက်များ နောက်သို့ လိုက်ကြည့်သည်။

မိမိသည် သမထအကျင့်ကို တစ်နေ့လုံး ကျင့်ပါ၏လော။ မိမိသည် ထိုသို့ သမထကို ကျင့်ခြင်းအားဖြင့် ဘဝ၏ သစ္စာကို ရှာ၍ ရနိုင်ပါ၏လော။ မြင့်မြတ်ခြင်းဟူသမျှသည် သမထအကျင့်ထဲ၌ တည်သလောဟု နောင်တော် စဉ်းစားလျက်ရှိသည်။ နောင်တော်သည် ထိုပြဿနာများကို တွေးတောစဉ်းစားရင်းဖြင့် သမင်ရေအဝတ်ဝတ်ဆင်ကာ တောထဲတွင် လှည့်လည်နေထိုင်ခြင်းပြု၏။

နောင်တော်သည် တောထဲတွင် မည်သည့်အရပ်ကို သွားနေမှန်းလည်း မသိ။ မည်သည့်အရပ်သို့ ဦးတည်နေသည်ကိုလည်း မစဉ်းစားဘဲ ခြေဦးတည့်ရာသို့သာ သွားနေသည်။

မည်သည့်ဒေသသို့ သွားမည်နည်း။

မည်သည့်မြို့၊ မည်သည့်ရွာသို့ သွားရအံ့နည်း။

နောင်တော်သည် တစ်ခါတစ်ရံတွင် စိတ်မှာ မသိဘဲ သစ်ခုတ်သမားတို့ မီးဖိုထားရာ မီးဖိုအနီးသို့ ရောက်သွားတတ်သည်။

အမှန်အားဖြင့် ထိုနေရာများသည် သူ့အတွက် အန္တရာယ်များလှ၏။ ရွှေနန်းတော်အစောင့်များသည် တောအုပ်သို့ ဘီးစိပ်တိုက်သည့်နှယ်ရှိအောင်

တောနင်း၍ သူ့ကို ရှာကြရာ သစ်ခုတ်သမားတို့ သတင်းသွားပေးခဲ့လျှင် မည်သို့လုပ်မည်နည်း။ တစ်ခါတစ်ရံတွင် မိမိအနားမှ ခတ္တိယမျိုးနွယ် စစ်သည်များဖြတ်သန်းသွားသံကို ကြားလိုက်ရသဖြင့် နောင်တော်သည် သစ်ပင်ရိပ်တွင်လည်းကောင်း၊ လျှိုမြောင်များထဲတွင်လည်းကောင်း သူတို့မမြင်အောင် ရှောင်ပုန်းနေရသည်။

နောင်တော်၏ ခြေဖဝါးများသည် နုနယ်လှသည်ဖြစ်ရာ ခရီးရှည်သွားသည့်အခါတွင် ခြေတို့သည် ပေါက်ကြကုန်၏။

ငယ်စဉ်တုန်းကမူ နောင်တော်နှင့်အတူ တောလည်သွားတိုင်း ကျူပ်ပါသည်။ သို့ရာတွင် ယခုမူ နောင်တော်သည် တစ်ဦးတည်း တောထဲတွင် လျှောက်သွားနေလေပြီ။

နောင်တော်သည် အစားအသောက်ကိုလည်း ခြိုးခြံ၏။ အစားအသောက်ကို ခြိုးခြံရသည့်အတွက် စိတ်သည် ကြည်လင်လာ၏။ နိဝရဏတို့မှ ကင်း၏။ သမထကို ကောင်းစွာ အားထုတ်နိုင်၏။

ညအခါတွင်မူ စိတ်တို့သည် ပို၍ ပျံ့လွင့်ခြင်းတို့ဖြစ်၏။ တစ်ခါတစ်ရံတွင် သူ့အနီးသို့ ကျားသစ်များဖြတ်သွားတတ်၏။ တစ်ခါတစ်ရံတွင်လည်း သူ့အနီးမှ အမျိုးအမည်မသိသော သူတို့ မြင်းခွာသံ တဖြောက်ဖြောက်ပေးကာ ဖြတ်သန်းသွားကြသည်။

လရောင်ထဲတွင် သူတို့၏ ပြာမွဲဖြူရော်သော မျက်နှာများကို မြင်ရရုံမျှမက သူတို့ကိုယ်မှ အနံ့များကိုပင်ရသည်ဟု နောင်တော်၏ စိတ်ထဲတွင် ထင်လိုက်မိသေးသေည်။ သို့ရာတွင် သေချာစွာ ကြည့်လိုက်သောအခါ ထိုအရာများသည် ကျောက်တုံးများနှင့် မြေပေါ်သို့ ဖြာကျနေသော လရောင်ရိပ်များဖြစ်ပြီး တဖြောက်ဖြောက်မြည်သော အသံများသည်လည်း သစ်ရွက်များပေါ်သို့ နှင်းစက်များ ကျနေသံဖြစ်ကြောင်း တွေ့ရသည်။

ထိုအသံများသည် တစ်ညလုံး သူ့ကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိကြသဖြင့် နောင်တော်သည် တရားကို ကောင်းစွာ မကျင့်နိုင်။

သီတင်းတစ်ပတ်လောက် ကြာသည့်အခါမှ နောင်တော်သည် မည်သည့်အရာကိုမှ ကြောက်ရွံ့စိုးရိမ်ခြင်းမဖြစ်တော့ဘဲ တရားကို ကောင်းစွာကျင့်နိုင်တော့သည်။

နေ့လယ်နေ့ခင်းအခါများထိ နောင်တော်သည် မောပန်း၍ အားကုန်သည်အထိ လက်ကတီးကြားမှ ချွေးတို့ယိုစီးကာ ကိုယ်ကိုမောပန်း ကုန်ခန်းစေအောင် လျှောက်သွား၏။ ထိုသို့ မောပန်းသည့်အခါမျိုးတွင် နောင်တော်၏ အတွေးများသည် ပို၍ ကြည်လင်လာသည်ဟု ထင်မှတ်ရသည်။ နောင်တော်

သည် သစ်သားဖြင့် သူကိုယ်တိုင် သပိတ်တစ်ခုထွင်းထု၏။ အဝတ်ဟောင်း ဖြင့် သူကိုယ်တိုင် ရေစစ်တစ်ခုလုပ်၏။ တိရစ္ဆာန်အသေကောင်တို့မှ အရေတို့ ဖြင့်လည်းကောင်း၊ နွယ်တို့ဖြင့်လည်းကောင်း သက်နီးတစ်ထည်ရက်လုပ်၏။

နောင်တော်သည် မိမိပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် အခြင်း အရာမှန်သမျှကို မှတ်သား၏။ နှင်းစက်ကလေးများ သစ်ရွက်ပေါ်မှ လျှောဆင်း သွားပုံ၊ နေရောင်ခြည်တို့ ခလုတ်တိုက်သည့်အခါတွင် နှင်းစက်ကလေးများ ကွဲ၍ လွင့်ပြယ်သွားကြပုံ၊ သစ်ကိုင်းထိပ်ဖျားတွင်ရှိသည့် သစ်ကိုင်းများမှာ ဝါကြန့်ဖြောင့်တန်းနေပြီး အောက်ခြေပင်စည်တို့ မည်းနက်ကာ ဖုထစ်ကောက် ကွေးနေကြသည်။

နာရီပေါင်းများစွာ ရေကို ကသိဏ်းရှုသည်။ မင်းသားဘဝတုန်းက နောင်တော်သည် ကန်ရေကို ကြည့်ခဲ့ဖူးပြီး ရေသည် အစဉ်ပြောင်းလဲနေသည့် အရာဖြစ်သည်။ လှိုင်းများတွန့်နေပုံသည် တစ်ခါနှင့်တစ်ခါ မတူချေ။ ပထမ လှိုင်းဂယက်သည် နောက်လှိုင်းဂယက်နှင့် တခြားစီဖြစ်၏။ တစ်ခုစီဖြစ်၏။

တောထဲသို့ ရောက်သည့်အခါတွင် နောင်တော်သည် သစ်ရွက်က လေးများကို ကြည့်သည့်အခါလည်း ကြည့်သည်။ သစ်ရွက်ကလေးသည် ညှာ တံတွင် လှုပ်ရှားနေရာမှ ပြုတ်ကြွေကျကာ မြေကြီးပေါ်သို့ ကျသွားသည်။ ထိုအခါတွင် နောင်တော်သည် လောကကြီးတွင် အသစ်အဆန်းတစ်စုံတစ်ခုဖြစ် ပွားသည့်နှယ် ထိုအကြောင်းကို လေးနက်စွာ တွေးတောစဉ်းစား၏။

ထိုအခါ သစ်ရွက်ကလေးတစ်ရွက်ကြွေကျခြင်းသည်လည်း လူတစ် ယောက်သေခြင်း၊ တောင်တစ်လုံးပြိုခြင်း၊ ငလျင်တစ်ခုလှုပ်ခြင်း၊ မြို့ကြီးတစ် မြို့ပျက်သုဉ်းခြင်းစသည်တို့နှင့်သဘောအတူတူသာဖြစ်ကြောင်း တွေ့လာခဲ့ရ သည်။

တစ်ခါတစ်ရံတွင်လည်း နောင်တော်သည် တောတိရစ္ဆာန်တို့၏ ခြေ ရာကို ကြည့်၍ သမထကျင့်သည်။ တစ်ခါတစ်ရံတွင်လည်း ညအခါ ကန်တစ် ကန်အနီးသို့ တင်ပျဉ်ဖွဲ့ကာ တိရစ္ဆာန်တို့ ရေသောက်ဆင်းသည်ကို ထိုင်ကြည့် ရင်း သမထကျင့်သည်။ ထူးဆန်းသည်မှာ နောင်တော်သည် ထိုသို့ အဆင်းရဲ ခံသည့်တိုင် အားအင်ကုန်ခန်းခြင်းမရှိဘဲ ပို၍ပင်သန်မာတောင့်တင်းလာခြင်း ဖြစ်သည်။

နောင်တော်သည် ရွှေနန်းတော်မှ စိုးရိမ်သောကတို့ မရှိတော့ပြီ။ ထို အရာတို့သည် ကုန်ဆုံးလွန်မြောက်ခဲ့ကြပြီ။ ရွှေနန်းတော်ကြီး၏ ကံကြမ္မာသည် သူ့အဖို့ သစ်ရွက်ကလေးတစ်ရွက်၏ ကံကြမ္မာနှင့် ဘာမှ မခြားတော့ပြီ။ ယခင် တုန်းကဆိုလျှင် သမကျင့်တိုင်း ကသိဏ်းဝန်းကို ရှုရ၏။ ကြာပွင့်စိမ်းစိမ်းကို

ရှာ၏။ သို့ရာတွင် ယခုမူ ဘာမှ ရှာစရာမလိုတော့။ တွေ့သည့် ပစ္စည်းကို က သိုဏ်းရှူကာ သမထကျင့်တတ်သည့် အလေ့ကို ရနေပြီ။ လက်ဖဝါးတွင် ပန်းခြောက်ကလေးတစ်ပွင့်ကို တင်ကြည့်၍လည်း သမထကျင့်၍ ရနေပြီ။

တစ်ခါတစ်ရံတွင် နောင်တော်သည် သူရရှိသည့် သစ်ဥသစ်ဖုတို့ကို မီးတွင်ဖုတ်ကင်၍ စားသောက်ခြင်းပြု၏။

နောင်တော်သည် ထင်း၊ မီးစသည်တို့ကို မီးဆိုက်ရသည့်အခါတွင် လည်း ထင်းအရင်းမှ ထွက်လာသော အဆီများကို ကြည့်သည်။ ထင်းအဖျား မှ ထွက်သော မီးတောက်များကိုလည်း ကြည့်သည်။

ရွှံ့ဖြင့် အိုးလုပ်ပြီးနောက် သစ်သီးတို့ကို ပြုတ်၍ စားသည်။ သမင်မ တစ်ကောင်မှ နို့ကို ညှစ်ယူ၍ နို့တို့ကျိုချက်သည်။

နို့အိုးထဲတွင် နို့ခမ်းတို့ကို ပွက်ပွက်ဆူကာ ဘောင်ဘင်ခတ်နေသည် ကို ကြည့်ရင်း ထိုနို့ခမ်းထဲတွင် ကမ္ဘာလောကကြီးနှင့် ပတ်သက်၍၊ ဘဝနှင့် ပတ်သက်၍ မေးခွန်းတို့ အစဉ်မပြတ်ပေါ်ပေါက်နေပုံနှင့် တူလှချေ၏ဟု နောင်တော် အောက်မေ့မိသည်။

နောင်တော်သည် ကမ္ဘာကြီးမည်သို့ ဖြစ်တည်လာပုံ၊ မည်သို့အဆုံး သတ်နိုင်ပုံတို့ကို စဉ်းစားသော်လည်း ထိုအချက်များထက် ပြောင်းလဲခြင်းဟူသော ဘီးမှလူတို့ မည်သို့မည်ပုံ လွတ်မြောက်နိုင်မည်ဆိုသည့်နည်းလမ်းကို အဓိကထား၍ စဉ်းစားသည်။

တစ်မနက်၌ နောင်တော်သည် အိပ်ရာမှ နိုးလာစဉ် မိမိအနီး မြေတလင်းပေါ်တွင် ရပ်နေသော သမဏဗြဟ္မအိုတစ်ယောက်ကို တွေ့လိုက်ရသည်။ အဘိုးအိုမှာ အသက်ကြီးလှပေပြီ။ အဝတ်အစားများသည် စုတ်ပြတ်လျက်ရှိနေ၏။ အဘိုးအိုသည် စုတ်ပြတ်နေသော သမင်ရေကို ခြုံထား၏။

ထိုအဘိုးအို၏ မျက်နှာမှာ ဥယျာဉ်ထဲတွင် သူမြင်ခဲ့ရသည့် ရဟန်းနှင့် ခပ်ဆင်ဆင်တူသော်လည်း ယခုအဘိုးအိုမှာ တင်းမာကာ မာနရှိသည့် မျက်နှာကို ဖော်ပြလျက်ရှိသဖြင့် သူ့ကိုယ်တွင် ကိလေသာစိတ်များ ကျန်ရှိနေသေးကြောင်း သိသာနိုင်သည်။

နောင်တော်သည် အဘိုးအိုအား ပဋိသန္ဓာရစကားကို ဆိုပြီးနောက် သူ့ကို ဆီးကြိုခြင်းပြု၏။ အဘိုးအိုသည် ရေအိုင်ကလေးတစ်ခုကို ငုံ့ကြည့်ပြီးနောက်

"ရေဟာ စီးဆင်းနေကြပေမဲ့ တိမ်တွေကတော့ နဂိုအတိုင်းပဲ နော်"

ဟု ပြောသည်။

နောင်တော်က

"သင်ပြောတဲ့ စကားကို ကျွန်ုပ်နားမလည်ပါ။ ကျွန်ုပ်၏ အမြင်တွင်မူ ရေအိုင်ထဲမှ ရေသည် စီးဆင်းခြင်းမရှိဘဲ ဝပ်လျက်ရှိသည် ကိုသာ မြင်ရတယ်"

"တိမ်တွေကတော့ ရွေ့နေတယ်လို့ မထင်မိဘူးလား"

"တချို့တိမ်တွေကတော့ ရွေ့နေပြီး၊ တချို့တိမ်တွေကတော့ နဂိုနေရာမှာ ရှိနေကြတယ်လို့ ထင်ပါတယ်"

"အသင် ဒီတောကို ရောက်လာတယ်ဆိုတာကို ကျွန်ုပ်သိတာကြာပါပြီ၊ အသင်ဟာ ခတ္တိယမျိုးနွယ်ဝင် သိဒ္ဓတ္ထမဟုတ်လား"

"အရင်တုန်းကတော့ ဟုတ်ပါတယ်၊ ခုတော့ ကျွန်ုပ်မှာ အတ္တပျောက်ခဲ့ပြီ၊ ကျွန်ုပ်မှာ မြက်ပင်လေးတစ်ပင်နှယ်ဖြစ်သွားလိမ့်မယ်လို့ ထင်ပါတယ်"

ရဟန်းကြီးသည် အတန်ကြာမျှ တိတ်ဆိတ်နေသည်။

"သြော် သင်က မြက်ပင်လေးတစ်ပင် ဖြစ်ချင်ပေသကိုး၊ မြက်ပင်လေးတစ်ပင်ဖြစ်ချင်တဲ့ ရဟန်းဆိုလို့ ကျွန်ုပ်ဖြင့် တစ်ခါမှ မတွေ့ဖူးသေးဘူး"

"မြက်ပင်တစ်ပင်ဖြစ်ချင်တယ်ဟု ကျွန်ုပ်မပြောပါ၊ သင်က ကျွန်ုပ်၏ အမျိုးအမည်နှင့်အတ္တကို မေးခြင်းဖြစ်တဲ့အတွက် ဖြေရခြင်းဖြစ်တယ်၊ ကျွန်ုပ်ဟာ သစ်ပင်ပေါ်မှ တေးဆိုနေတဲ့ငှက်ကို ကြည့်ရင်ငှက်ဖြစ်သွားတယ်လို့ ထင်လိုက်မိတယ်၊ အလားတူပဲ မြက်ပင်တစ်ပင်ကို ကြည့်ရင်လည်း မြက်ပင်လေးဖြစ်သွားတယ်လို့ ထင်လိုက်မိတယ်၊ အဲဒီအချိန်မှာ ကျွန်ုပ်ဟာ သိဒ္ဓတ္ထမင်းသား မဟုတ်တော့ဘူး"

ရဟန်းသည် နောင်တော်ကို ပြုံး၍ ကြည့်နေသည်။ နောင်တော် သိဒ္ဓတ္ထက ဆက်၍

"ကျွန်ုပ်ဟာ တောထဲမှာ တရားလာကျင့်တာ သုံးပတ်ရှိပြီ၊ ညအခါတောလိုက်တဲ့ မုဆိုးများမှအပ တခြားဘယ်သူ့ကိုမှ မတွေ့ရသေး၊ တခြားတွေ့တဲ့ သတ္တဝါတွေဟာလည်း"

"အသင်တစ်ယောက်တည်း ဇကစာကျင့်ရတာကို ငြီးငွေ့သလား"

"မငြီးငွေ့ပါဘူး၊ တစ်ယောက်တည်း ဇကစာကျင့်လေလေ မိတ်ဆွေရောင်းရင်းများနှင့် စကားပြောခြင်းဟာ မလိုအပ်ဘဲ ကိုယ့်အတွေးကို ကိုယ်ပြန်ဖုံးပစ်တတ်လေလေဖြစ်တယ်ဆိုတာ တွေ့လာရ

တယ်၊ မိတ်ဆွေနဲ့တင် မကဘူး၊ ရန်သူနဲ့တွေ့ရင်လည်း စကားတော့ ပြောမိမှာပဲလေ"

"သင့်ရန်သူဟာ ဘယ်သူလဲ"

"မာယာနဲ့တကွ အခြားသော နောက်လိုက်များပါဖြစ်တယ်၊ သင်လည်း တောထဲမှာနေတဲ့ ပုဂ္ဂိုလ်ဆိုတော့ မာယာကို သိမှာပေါ့"

"ဟုတ်တယ် ကျွန်ုပ်သိတယ်၊ မာယာနဲ့တကွ သူ့စစ်သည်တွေ ဟာ အထောင်အသောင်းရှိတယ်၊ နောင်တော်သိဒ္ဓတ္ထမင်းသားကို တွေ့တယ်သွားပြောရင် ကျွန်ုပ်ကို ဖျက်ဆီးမယ့် မာရ်နတ်တစ်ပါး ရှိသေးတယ်၊ အဲဒါကတော့ ရွှေဆုတွေပဲ၊ သွားပြောရင် သူတို့က ကျွန်ုပ်ကို ဘယ်လောက်များ ရွှေတွေငွေတွေ ပေးမလဲမသိဘူး"

နောင်တော်သိဒ္ဓတ္ထသည် သူ့စကားကြောင့် မျက်နှာမော့ကြည့်လိုက်သည်။ နောင်တော်သိဒ္ဓတ္ထသည် ညစ်ပတ်သည့် သင်္ကန်း၊ ကောက်လိမ်ရှုပ်ထွေးနေသည့် ဆံမုတ်ဆိတ်များနှင့် သန်းတို့ တရွရွတက်နေသည့် ရဟန်းကြီးကို ကြည့်နေသည်။ ထိုရဟန်းကြီးသည် တောထဲတွင် ငြိမ်းချမ်းကို တွေ့ခဲ့ပြီလော သို့တည်းမဟုတ် ရောင့်ရဲကျေနပ်မှုရခဲ့ပြီလော။

"အသင် ဘယ်သူလဲ"

"ကျွန်ုပ်ဟာ အာဠာရကာလမ ရသေ့ဖြစ်တယ် သိဒ္ဓတ္ထ၊ ကျွန်ုပ်ဟာ လောကီစျာန်သမာပတ် ခုနစ်ရပ်ကို ရခဲ့ပြီ"

"လောကီစျာန်သမာပတ်ကို ရအောင် ဘယ်လိုကျင့်ခဲ့သလဲ အာဠာရ"

"ကျွန်ုပ်၏ ချက်ကို ကြည့်၍ သမထကျင့်တယ် သိဒ္ဓတ္ထ၊ ကျွန်ုပ်ရဲ့ချက်မှာ အမွေးအမှင်တွေရှိတယ်၊ အဲဒီအမွေးအမှင်တွေကို ကြည့်ရင်း ကျွန်ုပ်ဟာ ဇာတိကို ပြန်ရောက်သွားတယ်၊ ဝမ်းတိုက်တစ်ခုမှ ဝမ်းတိုက်တစ်ခုသို့ ရောက် သွားတယ်၊ အဲဒီအခါကျတော့ ကျွန်ုပ်ရဲ့ ဇာတိကို သွားတွေ့တယ်၊ အဲဒီလိုကနေပြီး တစ်ဖန်ပြန်စရတယ်"

အာဠာရရသေ့သည် ကိုယ်တွင်ရုံထားသည့် သမင်ရေသင်္ကန်းကို ချွတ်လိုက်ပြီးလျှင် နောင်တော်သိဒ္ဓတ္ထထိုင်နေသည့် မြက်ဖျာပေါ်တွင် တင်ပျဉ်ခွေထိုင်ပြီးနောက် ပိန်ချုံးချိုင့်ဝင်နေသည့် သူ့ဝမ်းဗိုက်ကို စိုက်ကြည့်နေသည်။

အာဠာရရသေ့သည် အသက်ကို ပြင်းစွာရှူရှိုက်လျက်ရှိလေရာ မုတ်ဆိတ်များသည် သူ့ရင်ဘတ်ပေါ်တွင် နိမ့်ချည်မြင့်ချည် ဝဲလျက်ရှိနေ၏။ ပခုံးနှင့် ခါးသည် ကုန်းသွားကာ သစ်ကိုင်းခြောက်နှစ်ချောင်းနှင့်တူသော ခြေသလုံးရိုးပေါ်သို့ ညွတ်ကျလျက်ရှိနေ၏။

နောင်တော်သိဒ္ဓတ္ထသည် သမထအကျင့်ကို ကျင့်ခဲ့ဖူးပြီဖြစ်ရာ ယခု အာဠာရရသေ့၏ အကျင့်မှာမူ မိမိကျင့်ဖူးသည့် အကျင့်များထက် လွယ်ကူဟန် ရှိသည့်အပြင် ထိရောက်ဟန်လည်း ရှိနေသည်ဟု အောက်မေ့မိ၏။

အခြားသောအကျင့်များဆိုလျှင် သမာဓိရအောင် အချိန်အတန်မျှ စောင့်ဆိုင်းကာ သမာဓိရမှ သမထအကျင့်ကို စတင်၍ ကျင့်ရလေသည်။

ယခု အာဠာရရသေ့၏ အကျင့်ကမူ ဘာမှ ခက်ဟန်မရှိ။ နှလုံးတစ်ချက်ခုန်နှင့် နောက်တစ်ချက်ခုန်ကြားတွင် သမာဓိကို ချက်ချင်းရနိုင်သည်ဟု ထင်ရသည်။ ယခုသူ့နည်းအတိုင်းချက်ကိုကြည့်၍ ကျင့်မည်ဆိုလျှင်လည်း ဘာအရေးနည်း။ မိမိသည် သစ်ငုတ်များ၊ သစ်မြစ်များကို ကြည့်၍ နာရီပေါင်းများစွာ ကျင့်ခဲ့ဖူးသည်မဟုတ်လော။ ယခုချက်ကို ကြည့်၍ ကျင့်မည်ဆိုလျှင်လည်း ဘာကြောင့်မကျင့်နိုင်ရမည်နည်း။

"ကဲ ဒီလိုကျင့်ခဲ့တော့ ဘာကိုတွေ့ရသလဲ အာဠာရ"

"အတ္တကိုတော့တွေ့တယ်၊ အတ္တမဟုတ်တာလည်း တွေ့ရတယ်"

"ဒီပြင်ရော ဘာတွေ့သေးလဲ"

"အမှောင်တိုက်နဲ့ သွေးမျှင်တွေကိုလည်း တွေ့တယ်၊ အဓိက တွေ့တာကတော့ အတ္တနဲ့ အတ္တမဟုတ်ခြင်းကိုတွေ့တာပဲ၊ ဒါပေမဲ့ ဒီလောက်လေးနဲ့ မလုံလောက်သေးဘူး သိဒ္ဓတ္ထ၊ ချက်ကို ကြည့်ပြီး ကျင့်တာထက် ကောင်းတဲ့ နည်းများရှိရင် ကျွန်ုပ်ကိုလည်း ပြောပြစမ်းပါဦး၊ ကျွန်ုပ်ဟာ ဒီတောထဲမှာ အနှစ် လေးဆယ်လုံးလုံး လှည့်လည်ပြီး တရားရှာခဲ့တယ်၊ တောင်ပို့ဘေးမှာ အိပ်ခဲ့တယ်၊ သွေးစုနာ ပေါက်ခဲ့တယ်၊ ဒါပေမဲ့ ကျွန်ုပ်မှာ ချက်ကိုပဲ ရခဲ့တယ်၊ တခြားရသေ့တစ်ပါးကတော့ သူခြေချောင်းလေးတွေ ကြွေကျသည်အထိ စိုက်ကြည့်ပြီး တရားရှာခဲ့တယ်"

"တချို့ကလည်း ကျားခြေရာတွေကို ကြည့်ပြီး ကျင့်ခဲ့သေးတယ် မဟုတ်လား"

"ဟုတ်တယ်၊ ဒါလည်း ကြားဖူးတာပဲ"

"တချို့ကလည်း လကိုကြည့်ပြီး ကျင့်ကြသေးတယ်တဲ့"

"ဟုတ်တယ်၊ ဒါကိုလည်း ကျွန်ုပ်ကြားဖူးတယ်၊ ကျွန်ုပ် အဖို့တော့ ချက်ကိုကြည့်ပြီးတော့ ကျင့်တာဟာ အကောင်းဆုံးပဲ ထင်တယ်၊ ချက်ဟာ သင့်ဝိညာဉ်ချက်ကြိုးတစ်လျှောက်သွားပြီးတော့ ဝမ်းကြာတိုက်တစ်ခုကနေ နောက်တစ်ခုကို ရောက်သွားတယ်၊ ဒီ နည်းနဲ့နောက်ဆုံးအစသို့မဟုတ် အဆုံးကို သွားတွေ့တယ်၊ ချက်ကို

ကြာကြာစိုက်ကြည့်ရင် သင်ဟာ အဆုံးကို ရောက်သွားမှာပဲ၊ ဒါပေမဲ့ စိတ်ရှည်ဖို့တော့ လိုတယ်နော်၊ ကျွန်ုပ်ဟာ အနှစ်လေးဆယ်လုံးလုံး အတ္တနဲ့ အတ္တမဟုတ်ခြင်းကို ကျော်လွန်သွားပြီး ဝိညာဉ်ဟာ အချုပ်အနှောင်က လွတ်ပြီး ပရမတ္တနဲ့ ပေါင်းစည်းသွားတာကို တွေ့ခဲ့ရတယ်၊ အဲဒီ ရောက်တဲ့အခါကျတော့ မီးပွားလေးကိုတွေ့ရတယ်၊ အဲဒီ မီးပွားလေးတွေဟာ ဘာလဲလို့ မေးကောင်းမေးမယ်၊ အနှစ်လေးဆယ်လုံးလုံး တရားကျင့်ခဲ့တဲ့အတွင်းမှာ ကျွန်ုပ်သိခဲ့တဲ့ အချက်နှစ်ချက်ရှိတယ်သိဒ္ဓတ္ထ၊ အဲဒါကတော့ ဝိညာဉ်ဟာ ကျောက်ဘီးတပ်ထားတဲ့ ဓားသွေးစက်နဲ့ အလားသဏ္ဍာန်တူတဲ့ အချက်ပဲ၊ ဓားသွေးစက်ပေါ်မှာ ဓားသွေးလိုက်တဲ့အခါ မီးပွင့်တွေ ပွင့်သလို ဝိညာဉ်ဟာလည်း မီးပွင့်တွေလို ဖြာထွက်နေတယ် သိဒ္ဓတ္ထ၊ နောက် ကျွန်ုပ်သိတာ တစ်ချက်ကတော့ မြေကြီးဟာ အာပေါဆိုတဲ့ရေပေါ်မှာ တည်ဆောက်ထားတယ်၊ အာပေါဟာလည်း ဝါယောဆိုတဲ့ လေပေါ်မှာ တည်ဆောက်ထားတယ်၊ လေဟာလည်း အာကာသပေါ်မှာ တည်ဆောက်ထားတယ်၊ တကယ်ကတော့ ငယ်လည်းငယ် အတွေ့အကြုံကလည်း နုနယ်သေးတော့ သင့်ကို ကျွန်ုပ်လမ်း ပြပေးနေရတယ် သိဒ္ဓတ္ထ၊ သင်လိုက်မယ်ဆိုရင် ကျွန်ုပ်နေတဲ့ နေရာကို သင့်ကိုခေါ်သွားမယ်၊ သစ်ခေါင်းတွေဟာ ကျွန်ုပ်မှီတင်းရာဖြစ်တယ်"

"အသင်ဟာ သစ်ခေါင်းထဲမှာ နေတယ်ပေါ့"

"ဟုတ်တယ်၊ ကျွန်ုပ်ဟာ သစ်ပင်တွေ၊ သစ်ခေါင်းတွေမှာနေတယ်၊ သစ်ပင်တွေပေါ်ကိုရောက်ရင် နေမင်းကြီးကို ပိုပြီး နီးစပ်လာတယ်၊ အဝေးကြီးကို လှမ်းမြင်ရတယ်၊ ကျွန်ုပ်သမထကျင့်တဲ့အခါမှာ ချက်ကို ကြည့်ပြီး ကျင့်သည့်တိုင် ဘာဖြစ်လို့ အဝေးကို ကြည့်ချင်သေးသလဲလို့ သင်က မေးကောင်းမေးမယ်၊ ကျွန်ုပ်ရှင်းပြမယ် သိဒ္ဓတ္ထ၊ လူတစ်ယောက်ရဲ့ မျက်လုံးဟာ ချက်တစ်နေရာတည်းကို ကြည့်ပြီး ကြာရှည်စိုက်မကြည့်နိုင်ဘူး၊ ဒါကြောင့် ကျွန်ုပ်ဟာ သစ်ပင်အမြင့်ကြီးပေါ်ကို တက်ပြီး အဝေးကို ကြည့်ကျင့်တယ်၊ ဆယ်တိုင်၊ အတိုင်နှစ်ဆယ်၊ အတိုင် သုံးဆယ်အထိ အဝေးကို မြင်အောင် တက်ကြည့်တယ်"

"ဒီနောက်တော့ မိုးကုပ်စက်ဝိုင်းအထိ မြင်အောင်ကျင့်တယ်၊ အရင်တုန်းကတော့ ကျွန်ုပ်ဟာ မျက်စိမှုန်သူဖြစ်တဲ့အတွက် မိုးကုပ်စက်ဝိုင်းကို မြင်အောင် မကြည့်နိုင်ဘူး၊ နောက် ဒီထက်အကျင့်ကို

ကျင့်ပြီးတဲ့အတွက် လေးပြင် လေးရပ်ကို လှမ်းမြင်နိုင်ပြီ သိဒ္ဓတ္ထ”

“ဒါဖြင့် အဲဒီလေးပြင်လေးရပ်မှာရော ဘာများမြင်ရသလဲ အာဠာရ”

အာဠာရက အထင်သေးသည့် မျက်နှာထားဖြင့်

“လူတွေဟာ အစားအစာချက်ပြုတ်ဖို့ မီးတွေဖိုနေကြပြီး နို့ခမ်းတွေကို လုပ်နေတာပဲ မြင်တယ်၊ ဘာမှ မထူးလှပါဘူး၊ ဒါတွေကို ကြည့်လို့ကတော့ ဘာမှ မထူးခြားဘူး၊ ဘာမှလည်း ပညာတိုးတက်မှာ မဟုတ်ဘူး၊ ဒီတော့ လောကကြီးမှာ ကိုယ့်ချက်ကို ကိုယ်ကြည့်နေတာလောက် ဘယ်ဟာမှ မကောင်းဘူး၊ ဒါပေမဲ့ ဒီလိုကြည့်နိုင်ဖို့အတွက်တော့ သင့်ချက်ကို သင်ရှင်းပေးဖို့ လိုတယ်၊ မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် သန့်ရှင်းပေးရမယ်၊ မသန့်ရှင်းရင် ပိုးလောက်လန်းတွေ တွယ်နိုင်တယ်၊ တစ်ခါက ကျွန်ုပ်ဟာ ချက်ကို မသန့်မရှင်းထားခဲ့လို့ ပိုးလောက်လန်းတွေ တွယ်နေတာ တွေ့ခဲ့ဖူးတယ်၊ ကျွန်ုပ်စိတ်ထဲမှာတော့ အတ္တကိုတွေ့ပြီဆိုပြီး ဝမ်းသာမိတယ်၊ ဒါပေမဲ့ သေသေချာချာ ကြည့်မိတော့မှ အတ္တမဟုတ်ဘူး၊ ပိုးလောက်လန်းတွေ ဖြစ်နေတာ တွေ့ရတယ်၊ ကျွန်ုပ်တော်တော်လေး စိတ်ပျက်သွားတယ် သိဒ္ဓတ္ထ”

“ဒီလောက်လည်း စိတ်ပျက်စရာ မလိုပါဘူး အာဠာရ၊ ကျွန်ုပ်လည်း ကြာဖူးတွေ၊ ကြာပွင့်တွေ စီးနေရတဲ့ ရေအလျဉ်တွေကို ကြည့်ပြီး သမထကျင့်ခဲ့ဖူးတာပဲ၊ သမထတရားကို ကျင့်တဲ့သူအဖို့တော့ ဘယ်အရာကိုမဆို အတူတူပါပဲ၊ နွားချေးပုံကို ကြည့်ကြည့်၊ ပိုးလောက်လန်းကိုပဲ ကြည့်ကြည့် အတူတူပါပဲ”

“သိဒ္ဓတ္ထ ကျွန်ုပ်နဲ့ သစ်ပင်ထိပ်ဖျားကိုလိုက်ပြီး တရားကျင့်ကြည့်လှည့်ပါလား”

အာဠာရခေါ်သည်။ သိဒ္ဓတ္ထသည် သူ့ဖိတ်ခေါ်ချက်ကို ငြင်းသည်။

သိဒ္ဓတ္ထသည် အဝေးသို့ ထွက်သွားသော အာဠာရကို ကြည့်၍ စိတ်မကောင်းဖြစ်နေသည်။ တောထဲသို့ တရားကျင့်ရန်ထွက်လာခဲ့ရာတွင် ထိုသို့သော ရဟန်းမျိုးကိုတွေ့လိမ့်မည်ဟု နည်းနည်းကလေးမှ မျှော်လင့်ခဲ့ခြင်းမရှိခဲ့။ အာဠာရသည် အဘယ်ကြောင့်များ သစ်ပင်ထိပ်ဖျားသို့ တက်နေလေသနည်း။

မြေမှတွယ်မည့် ပိုးလောက်လန်းတို့ကို ကြောက်သဖြင့် သစ်ပင်ထိပ်သို့ တက်နေလေသလော။ တောထဲတွင် အန္တရာယ်များစွာ ရှိနိုင်သည်ကို နောင်တော်သိဒ္ဓတ္ထတွက်ခဲ့ပြီးသားဖြစ်၏။

သို့ရာတွင် ဤတောအုပ်ထဲရှိ သစ်ပင်တစ်ပင်ခွကြားတွင် ထိုင်ကာ ကိုယ့်ချက်ကို ကိုယ်ပြန်ကြည့်ပြီး သမထအကျင့်ကို ကျင့်သည့် ကြုံလှီဖျော့တော့သည့် လူတစ်ယောက်ကို တွေ့မည်ဟူကား နည်းနည်းမှ မမျှော်လင့်ခဲ့။ နောင်တော်သိဒ္ဓတ္ထသည် သူ့အကြောင်း ရက်အတန်ကြာမျှ တွေးနေမိသည်။

အာဠာရသည် အသိဉာဏ်နုံနဲ့သူလော သို့တည်းမဟုတ် မိမိလေ့လာရမည့်သူတစ်ဦးလော။ အာဠာရသည် ရွှေငွေဆုတော်များအကြောင်း ပြောသွား ၏။

သို့ဆိုလျှင် အာဠာရသည် နီးရာမြို့သို့ သွားပြီး သိဒ္ဓတ္ထမင်းသားအား တွေ့ပြီဟု သတင်းပေးမည်လော။ နောင်တော်သိဒ္ဓတ္ထသည် ရှုပ်ပွေနောက်ကျိသောစိတ်ဖြင့် ခရီးဆက်လာခဲ့သည်။

သို့ရာတွင် တောအုပ်မှ မခွာနိုင်။ တောအုပ်သည် သူ့ကိုဖမ်းစားထားလေပြီ။ ကျားသစ်ပေါက်စလေးများက ပျားဖယောင်းရောင်ခြေသည်းများကို အုပ်ကာ နေစာလှုံနေကြသည်။

ပန်းနုရောင် ဆင်ပေါက်ကလေးများက မိခင်၏ ဝမ်းဗိုက်အောက်၌ နို့စို့နေကြသည်။ တစ်ခါတစ်ရံတွင် ဖျိုင်းတစ်ကောင်က သူ့အနီးမှ ဖြတ်၍ပျံသွားသည်။ ထိုအခါမျိုး၌ နောင်တော်သည် သမထအကျင့်ကို ကျင့်နေချိန် မဟုတ်လျှင် ဖျိုင်းတို့၏ ပျော့ပျောင်းသော တောင်ပံလှုပ်ရှားသံကို သတိပြုမိသည်။

နောင်တော်သည် တောတိရစ္ဆာန်များ၏ မျက်လုံးများကို ကြောက်ရွံ့ခြင်းမရှိတော့။ သူတို့မျက်လုံးများသည် မိမိတို့လူသားများ၏ မျက်လုံးများထက်ပင် ကြည်လင်တောက်ပနေသည်ကို တွေ့ရသည်။ တစ်ခါတစ်ရံတွင် မိမိချက်ကို မိမိကြည့်ကာ တရားကျင့်နေသည့် အာဠာရကာလာမကို သတိရသော်လည်း ကြာသောအခါ သတိမေ့သွားတော့သည်။

အဆုံးအစမရှိသော ကောင်းကင်ကြီးကို ကြည့်ကာ နောင်တော်သည် ပရမတ္ထမနှင့် ပုလဲလုံးများထဲတွင် လာ၍ အရောင်ဟပ်နေသော မီးအိမ်တို့ကို သတိရမိသည်။

"မီးအိမ်ဟာ ငါ့ရင်ထဲမှာရှိနေတယ်၊ ငါတို့အားလုံးရဲ့ ရင်ထဲမှာ မီးအိမ်ရဲ့ အရောင်ဟာ အမှောင်ထဲမှာ လင်းနေတယ်၊ သို့သော်လည်း ဒီအမှောင်ကြီးဟာ ဘယ်မှာစပြီး ဘယ်မှာ ဆုံးသလဲဆိုတာ ဘယ်သူမှ မသိနိုင်ဘူး၊ တရားကို ကျင့်ကြံခြင်းအားဖြင့်သာ ဒီအမှောင်ရဲ့ အဆုံးအစကို မြင်နိုင်တယ်၊ တို့တစ်တွေ မရောက်လှမ်းနိုင်တဲ့ နေရာတစ်နေရာမှာ ဘုံတစ်ခုရှိမယ်၊ မြေမရှိတဲ့ မြေတစ်ခုရှိတယ်၊ ကောင်း

ကင်မရှိတဲ့ ကောင်းကင်တစ်ခုရှိတယ်၊ ရေမရှိတဲ့ ရေရှိနေတယ်၊ ဒါပေမဲ့ ဒီဘုံကို တို့များ ဘယ်လိုလုပ်ပြီး ရောက်နိုင်ပါ့မလဲ”

နောင်တော်သည် တရားကျင့်၍ အားလပ်သည့် အချိန်များတွင် ဤသို့ တွေးနေသည်။ သူ့မျက်စိထဲတွင် ဘုံတစ်ခုခုကို မြင်နေသည်။ ထိုဘုံ သည် သူသေတို့ရှိရာ ဘုံမဟုတ်။ မိမိနေ့စဉ် တွေ့ဖူးသည့် ဘဝထက်ပို၍ တောက်ပသော ပို၍ငြိမ်းအေးသော၊ ပို၍ လင်းထိန်သော၊ ပို၍ပြည့်စုံသော ဘုံဖြစ်သည်။ ထိုဘုံမှ လူများ၏ မျက်နှာများသည် အေးငြိမ်းသော အသွင်ကို ဆောင်နေကြသည်။ ထိုဘုံတွင် မရှိခြင်းသည်မရှိ၊ မည်သူမှမသေ၊ မည်သူမှ မနာ၊ မည်သူ့ကိုမှ ထိခိုက်နာကျင်အောင် လုပ်မည့်သူမရှိ၊ အားလုံးသည် သန္တိ သုခကို ရနေကြသည်။

အထူးသဖြင့် ဆာလောင်မွတ်သိပ်ခြင်း၊ ကိုယ်စိတ်နှလုံးအေးချမ်း နေသည့်အခါမျိုးတွင် နောင်တော်၏ မျက်စိထဲတွင် ထိုဘုံကို ပို၍ ထင်ရှား မြင်လာရသည်ဟု ထင်၏။ သို့ဖြင့် နောင်တော်သည် ထိုဘုံကို မျှော်မှန်းကာ ထိုဘုံသည် ပရမတ္တမဘုံဖြစ်သည်ဟု စိတ်ထဲတွင် ထင်မိ၏။

အရာမှန်သမျှ၊ အလင်းရောင်မှန်သမျှ၊ တောက်ပပြိုးပြက်မှုမှန်သမျှ၊ နေဝင်ချိန်ရောက်သမျှ၊ အရုဏ်ဦးမှန်သမျှသည် ပရမတ္တဝိညာဉ်တော်တည်းဟူ သော တစ်ခုလုံး၏ အစိတ်အပိုင်းလေးမျှသာဖြစ်သည်ဟု ထင်မိ၏။

တစ်ချိန်တည်းတွင် တစ်ခုလုံးဟုလည်း အောက်မေ့မိ၏။ ဟင်းလင်း ပြင်တွင် ဆော့ကစားနေကြသည့် ခြသေ့်ပေါက်ကလေးများသည်လည်းကောင်း၊ ကျောက်မျက်ကဲ့သို့သော လှပသည့် မျက်လုံးများရှိကြသည့် မြေခွေးပေါက်က လေးများသည်လည်းကောင်း၊ သစ်ရွက်တို့ကြားတွင် ပိုးမွှားလေးကို လိုက်လံ ထိုးသုတ်နေကြသည့် ငှက်ငယ်တို့သည်လည်းကောင်း ထိုအရာအားလုံးတို့ သည် ပရမတ္တမ၏ အစိတ်အပိုင်းဖြစ်သည့်နည်းတူ တစ်ခုလုံးလည်း ဖြစ်သည် ဟု နောင်တော်ထင်၏။

နောင်တော်သည် ရွှေနန်းတော်ထဲတွင် ရှိစဉ်ကကဲ့သို့ တစ်ခုတည်းကို သာ အာရုံစိုက်၍ သမထမကျင့်တော့ဘဲ အရာအားလုံးကို စူးစိုက်၍ ကျင့်၏။ မိမိ၏ ဘဝနှင့် မိမိမြင်ခဲ့ရသည့် ဘဝဟူသမျှ၏ ဘဝတို့သည် မိမိအပေါ်တွင် တည်မှီနေသကဲ့သို့ အာရုံစူးစိုက်ကျင့်၏။

အစာအာဟာရကို စားသောက်ခြင်းမပြုဘဲ ကျင့်လျှင် ပို၍ သမာဓိရ သည်ဟု နောင်တော်ထင်၏။

တောထဲသို့ ရောက်၍ လများမကြာမီ နောင်တော်သည် မိမိ၏ထွက် သက်ဝင်သက်တို့ကို ချုပ်နိုင်သော အကျင့်ကို ရလာသည်။

ထိုအချိန်၌ မိမိ၏ စိတ်သည် အထူးကြည်လင်ကာ နိဝရဏတို့မှ ကင်းစင်လျက်ရှိနေသည်ကိုလည်း စိတ်တွင်ထင်မိ၏။ ပင်လယ်အောက်သို့ ငုပ်လျှိုးသွားသော ရေကူးသမားသည် ရေအောက်ရောက်သည်နှင့် အရာအားလုံးကို ကြည်လင်ပီသစွာ မြင်သကဲ့သို့ ထိုအကျင့်ကို လေ့လာစူးစိုက်၍ ကျင့်၏။

နိဝရဏတို့မှ ကင်းသော နောင်တော်၏ စိတ်သည်လည်း အရာအားလုံးကို ထင်ရှားစွာ မြင်ရ၏။

ရေကူးသမားတစ်ယောက်သည် ပင်လယ်အောက်သို့ ငုပ်သည့်နည်း တူ နောင်တော်သည်လည်း အားထုတ်မှုအတွင်းသို့ နက်ရှိုင်းစွာ ဝင်ရောက်၏။ သို့ရာတွင် ရေကူးသမားသည် ရေအောက်သို့ရောက်သည်နှင့် အရာဝတ္ထုတို့ကို ကြည်လင်စွာ မမြင်သော်လည်း နောင်တော်မှာမူ အားထုတ်မှုထဲသို့ နက်ရှိုင်းစွာ ဆင်းသည်နှင့်အမျှ အရာဝတ္ထုတို့ကို ပို၍ ပီသကြည်လင်စွာ မြင်လာခဲ့လေပြီ။

ပင်လယ်၏ အောက်ခြေတွင် နက်ကျိုနေသော ရွှံ့အိုင်တို့မရှိ။ သို့ဖြင့် နောင်တော်သည် ထွက်သက်ဝင်သက်တို့ကို ချုပ်၍ တရားအားထုတ်ခဲ့ရာ တစ်ညတွင် သူမမျှော်လင့်သည့် အရာကို တွေ့လိုက်ရသဖြင့် လန့်ဖျပ်သွားကာ ညပေါင်းများစွာ အိပ်မပျော်နိုင်အောင် ဖြစ်ခဲ့ရသည်။ အစပထမတွင်မူ သူမြင်လိုက်သော အရာသည် တံလျှပ်တစ်ခုကို သူထင်လိုက်သေးသည်။

ထိုအနက်ရှိုင်းထဲတွင် ဘာကိုမှ သဲကွဲစွာမမြင်ရဘဲဖြစ်နေသည်။ သို့ရာတွင် သေသေချာချာကြည့်လိုက်သည့်အခါတွင်မူ အရာဝတ္ထုတို့ကို သေချာသဲကွဲစွာ မြင်လာခဲ့ရလေပြီ။

တရားအားထုတ်မှု အမြင့်ဆုံးအချိန်ရောက်သွားသည့်အခါ၌ နောင်တော်သည် သူ့ရှေးက ဆရာများတွေ့မြင်ခဲ့သည်ဆိုသော ဗြဟ္မာကို သွား၍ တွေ့ခြင်းမဟုတ်။ သူတွေ့ခဲ့သော အရာသည် ဗြဟ္မာမဟုတ်။ သူမြင်တွေ့ခဲ့ သော အရာသည် လောကကြီးဖြစ်သည်။

သို့ရာတွင် လောကကြီးထဲတွင် အရာအားလုံးသည် အသစ်ဖြစ်နေကြသည်။ တောက်ပနေကြသည်။ ရွေ့လျားခြင်းမရှိဘဲ တစ်နေရာတည်းတွင် အမြဲတည်နေကြသည်။ ထိုသို့သော သမာဓိမျိုးကို ရသည့်အချိန်၌ နောင်တော်သည် ဥရုဝေလတောမည်သော နိဂုံးနှင့်မဝေးမနီးရှိသော တောအုပ်တွင် ရဟန်းငါးဦးနှင့် တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

ရဟန်းငါးဦးမှာ ငယ်ရွယ်သူများဖြစ်ကြပြီး၊ ရှည်လျားသော မုတ်ဆိတ်နှင့် တောင့်တင်းသော ခန္ဓာကိုယ်ရှိကြသည်။

ယင်းတို့အနက် အဿဇိသည် ချမ်းသာသော ကုန်သည်မျိုးမှ ဆင်းသက်လာသူဖြစ်သည်။ ကောဏ္ဍညမှာ သူတို့အထဲတွင် ဉာဏ်အကြီးဆုံးဖြစ်ပြီး ဆားကုန်သည်တစ်ယောက်၏ သားဖြစ်သည်။ ဝပ္ပနှင့် ဘဒ္ဒိတို့မှာ လူငယ်များဖြစ်ပြီး မြို့စားငယ်လေးများ၏ သားများဖြစ်ကြသည်။

မဟာနမ်မှာ ကပိလဝတ်ပြည်မှ မှူးမတ်ကြီးတစ်ဦးဖြစ်၏။ သူတို့ငါးဦးသည်လည်း လောကီကာမဂုဏ်အာရုံများကို ငြီးငွေ့သဖြင့် တရားကျင့်နေကြခြင်းဖြစ်သည်။

သို့ရာတွင် သူတို့သည် ကာမဂုဏ်ကို သတ်သောအားဖြင့် မိမိတို့ ကိုယ်ကို မိမိတို့ပြင်းထန်စွာ ညှဉ်းဆဲသည့်နည်းများကို သုံး၍ ကျင့်ကြခြင်း ဖြစ်သည်။

သေလုနီးပါးဖြစ်သည်အထိ အစာမစားဘဲ နေခြင်း၊ မိမိတို့ကိုယ်ကို နွားချေးတို့ဖြင့် လိမ်းကျံခြင်း၊ မျက်လုံးများ ယောင်ယမ်းနီရဲလာသည်အထိ မြစ်ထဲသို့ဆင်း၍ ရေငုပ်ခြင်း၊ ကိုယ်အနှံ့အပြားတွင် ဆူးများစိုက်ခြင်း စသည့် အကျင့်တို့ကို ကျင့်လျက်ရှိရာ သူတို့ကို ကြည့်ရသည်မှာ လူနှင့်ပင်မတူတော့။

နောင်တော်သိဒ္ဓတ္ထသည် သူတို့နှင့် သုံးလအတူနေထိုင်၍ တရားကျင့်ခဲ့သည်။ သူတို့ကျင့်သည့် အတ္တကိလမထအကျင့်များသည် အာရုံများကို ထက်မြက်စေသည်။ မှန်ပါသည်။ သို့ရာတွင် အာရုံများအားလုံး တစ်ပြိုင်နက်တည်း ထက်မြက်လာသည့်အခါတွင် အာရုံတစ်ခုနှင့်တစ်ခုတို့ ရောထွေးယှက်တင်ဖြစ်ကုန်ကြ၏။ တစ်ခုနှင့်တစ်ခု ပဋိပက္ခဖြစ်ကုန်ကြသည်။

အသံတစ်ခုကြားလျှင် အသံဟုမထင်ဘဲ မည်းမှောင်သည့်အရောင်တစ်ရောင်ဟု ထင်တတ်ကြသည်။ အနံ့တစ်ခုကို အနံ့ဟုမထင်တော့ဘဲ ဥသြငှက်တစ်ကောင်၏ တောင်ပံဟု ထင်မိလားထင်မိတတ်ကြသည်။

တစ်ခါတစ်ရံတွင်လည်း သူတို့၏ အတ္တကိလမထအကျင့်သည်ပင်လျှင် ကာမဂုဏ်အာရုံခံစားမှုတစ်ရပ်အလားဟု နောင်တော်တွေးမိသည်။

မိမိတို့အသားများထဲသို့ ဓားမြှောင်များ၊ ကျားစွယ်များ၊ ဆူးများသွင်းထားပါလျက် ပြုံးရယ်နေခြင်းသည် အာရုံခံစားနည်းတစ်ရပ်မဟုတ်ပေလော။ ထိုသို့ ခံနိုင်ရည်ရှိခြင်း၊ သူတို့အသားအရေများ စုတ်ပြတ်နေခြင်း၊ သူတို့ကိုယ်တွင် သွေးစိမ်းရှင်ရှင်တို့ ထွက်နေခြင်းတို့ကို ဂုဏ်ယူဝင့်ကြွားနေခြင်းသည်လည်း အာရုံခံစားမှုတစ်မျိုး မဟုတ်ပေလော။

"သူတို့ဟာ ဘာဖြစ်လို့များ သူတို့အကျင့်ကို ဂုဏ်ယူကျင့်နေရတာလဲ၊ ဝင့်ကြွားနေကြရတာလဲ၊ တကယ်တော့ သူတို့ရဲ့ အတ္တကိလမထအကျင့်ဟာလည်း ကာမဂုဏ်ခံစားမှုတစ်မျိုးပဲ မဟုတ်

လား၊ သူတို့ဟာ အသားထဲမှာ စူးဝင်သွားတဲ့ အာရုံခံစားမှုကို တောင့်တကြတယ်၊ ဒါကို ဗြဟ္မလို့ ပြောကြတယ်၊ လောကီစျာန်တစ်မျိုးလို့ ဆိုကြတယ်၊ သူတို့ပြောတဲ့အတိုင်း ဟုတ်ရောဟုတ်ရဲ့လား”ဟု နောင်တော်တွေးမိသည်။

အသဇိက “စျာန်ကို သင်သိရဲ့လား၊ စျာန်ဆိုတာ ဝေဒနာ အပြင်းအထန်ဆုံး ခံစားခြင်းကို ခေါ်တာ၊ ကျားစွယ်တစ်ချောင်းကို ယူ၊ ဆံချည်တစ်မျှင်တစ်ချောင်းလောက် ချွန်ထက်နေအောင် သွေး ကြည့်၊ ပြီးတော့ အဲဒီကျားစွယ်နဲ့ သင့်အသားကို ထိုးကြည့်ရင် ခံစား ရတဲ့ ဝေဒနာဟာ စျာန်ကိုရရှိခြင်း ဖြစ်တယ်”

နောင်တော်က လက်မခံပေ။

“သင်ဟာ ဘာမှ နားမလည်ဘူး သိဒ္ဓတ္ထ၊ ကြာကန်နားမှာ ကျား သစ်နက်ရေခင်းပြီး တင်ပျဉ်ခွေထိုင်ပြီးကျင့်တဲ့ မင်းသားငယ်တစ်ပါး ပဲရှိသေးတယ်၊ ကာမဂုဏ်ထဲမှာ အာရုံငါးပါးက ခံစားနိုင်တဲ့အရာ တွေဟာ အပြင်းပြ၊ အထက်သန်ဆုံးဖြစ်တယ် သိဒ္ဓတ္ထ၊ ဒီတော့ ဒီ အာရုံခံစားမှုတွေကို ပြင်းပြသည်ထက် ပြင်းပြအောင်၊ ထက်သန် သည်ထက် ထက်သန်အောင်လုပ်ရမယ်၊ ဒါမှသာ သူတို့ကို ပယ် ဖျောက်နိုင်တယ်၊ အစွန်းရောက်အောင် သွားရမယ်၊ သင့်ကိုယ် ပေါ်မှာ နွားချေးတွေမံရမယ်၊ ဒီလိုမံခြင်းအားဖြင့် နောက်ဆုံးမှာ သင်ဟာ ရွံ့မုန်းမှုကို သင်ကျော်လွှားနိုင်ပြီး စျာန်ကိုရလိမ့်မယ်၊ အကျွတ်တရား ရလိမ့်မယ်၊ ညစ်ပတ်တယ်ဆိုရင်လည်း အစွန်းကုန်ညစ်ပတ်အောင် သင့်ကိုယ်သင်လုပ်ရလိမ့်မယ်၊ ဒီနည်းအားဖြင့် ညစ်ပတ်မှုကို ကျော် လွှားနိုင်ပြီး အကျွတ်တရားကို ရနိုင်လိမ့်မယ်”

“ကျွန်ုပ်ကတော့ ဒါဟာ မြတ်သောအကျင့်ရယ်လို့ မမြင်သေး ဘူး၊ ဒါဟာလည်း ကာမဂုဏ်အာရုံခံစားမှုတစ်မျိုးပဲလို့ မြင်တယ်”ဟု နောင်တော်က ပြောသည်။

သို့ရာတွင် နောင်တော်သိဒ္ဓတ္ထသည် သူတို့နှင့် ခွဲခြားခြင်းမပြုသေးဘဲ သူတို့နှင့်အတူ ပြင်းထန်သော အကျင့်တို့ကို ကျင့်၏။

သူတို့ကဲ့သို့ နွားချေးတို့လိမ်းကျံကာ နွားချေးတို့ကိုကိုးကွယ်၏။ ဆူးတို့ကိုနင်း၏။ ဆူးတို့ကို ကိုးကွယ်၏။ မအိပ်သောအကျင့်ကိုကျင့်၏။ သို့ရာတွင် ထိုထိုကျင့်သည်နှင့်အမျှ နောင်တော်သည် သူတို့အကျင့်ကို စက်ဆုပ်လာခဲ့ပြီ။ သူတို့သည် စိတ်မရှည်နိုင်ဘဲ တရားတို့ရအောင် အပြင်းအထန်ကျင့်နေသည်တကားဟု နောင်တော်ယူဆလာခဲ့လေသည်။ သူတို့၏ အကျင့်သည်

ခန္ဓာကိုယ်ကို ညှဥ်းပန်းနှိပ်စက်တတ်သည့်အကျင့်ဖြစ်၏။ သူတို့သည် ခန္ဓာကိုယ်ကြီးကို ငြင်းဆန်ကန့်ကွက်ခြင်း မပြုနိုင်လောက်အောင် ခန္ဓာကိုယ်ကို ညှဥ်းပန်းနှိပ်စက်ကြ၏။

တိရစ္ဆာန်များနှင့်အတူနေ၏။ သေလုဆဲဆဲ တိရစ္ဆာန်များနှင့်အတူ အိပ်၏။ မိမိတို့ ခန္ဓာကိုယ်ကြီးကို အညစ်အကြေးများတို့၏ သိုမှီးရာကြီးဖြစ် အောင် ရှိသမျှ၊ တွေ့သမျှ အညစ်အကြေးတို့ဖြင့် လိမ်းကျံခြင်းဖြင့် ခန္ဓာကိုယ် ကြီးကို ဖျက်ဆီးကြ၏။

ညအခါတွင် အော်ဟစ်မြည်တမ်းကြ၏။ တစ်နေ့လုံး တွေ့ကြုံခဲ့ရသော ကြောက်မက်ဖွယ်တို့ကြောင့် ညတွင် မျက်လုံးပြူးကာ သူရူးကြီးများနှယ် ဖြစ်ခဲ့ကြ၏။

တစ်ခါတစ်ရံတွင် စိတ်ငြိမ်သက်သည့်အခါများတွင်မူ မီးဖိုဘေးတွင် ထိုင်ကာ သူတို့ရှာဖွေနေသည့်အရာကို ဆွေးနွေးကြ၏။ ထိုအခါမျိုး၌ သူတို့ငါးဦးသည် ဝမ်းဗိုက်၊ တင်ပါးနှင့် ပခုံးတို့တွင် ဆူးချောင်းတွေစိုက်လျက် ယောင်ယမ်းဖြူရော်ကာ တစ်ကိုယ်လုံး အနာတွေသည်းလျက် အဟိတ်တိရစ္ဆာန်များသဖွယ် မီးဖိုနားသို့ တွားသွားကြပြီးနောက် သူတို့ရှာဖွေနေရသည့်အကြောင်းအရာကို ပြောဆိုကြသည်။

"ဒီလိုပဲ ကျင့်နေတော့မှာလား ငါ့ရှင်တို့"

ဟု နောင်တော်က မေး၏။

"ဟုတ်တယ်၊ လောကီစျာန်မရမချင်း ကျင့်ရမှာပဲ၊ လောကီစျာန်ကို ရပြီးတဲ့နောက်မှာ သတ္တဝါတွေကို အကျွတ်တရားရအောင် ကယ်တင်ရမယ်"ဟု အဿဇိက ဖြေ၏။

"အဲဒီအခါမှာလည်း ပြင်းထန်တဲ့ အကျင့်တွေကို ကျင့်ရဦးမှာလား"

"အဲဒီအခါကျရင်တော့ မကျင့်တော့ပါဘူး၊ ကျွန်ုပ်တို့တစ်တွေဟာ လူသတ္တဝါတွေကို ကယ်တင်ဖို့ လိုက်ပြီး တရားဟောရမှာပါ၊ အစွန်းရောက်ခြင်း၊ အလွန်အကျွံကျင့်ခြင်းအားဖြင့်သာလျှင် အကျွတ်တရားကို ရနိုင်တယ်၊ ပရမတ္တမဝိညာဉ်တော်အတွက် အရာရာကို စွန့်လွှတ်ရမယ်ဆိုတာ လူတွေကို လိုက်ပြီးတရားပြရမှာပေါ့၊ ကျွန်ုပ်တို့ရဲ့ မျက်လုံးတွေထဲမှာ ဟိမဝန္တာတောင်ကြီးကို ထည့်ထားမယ်၊ ပြီးတော့ ကျွန်ုပ်တို့ ဝတ်ဆင်တဲ့ နားတောင်းတွေထဲမှာ မေရုတောင်ကြီးကို သိမ်းထားမယ်"

"နောက်တော့ရော"

မီးလင်းဖိုမှ မီးရောင်ထဲတွင် သူတို့ရုပ်သဏ္ဌာန်များသည် ကြောက်စရာကောင်းနေသည်။ သူတို့အားလုံးမျက်နှာတွင် ဆူးတွေစိုက်လျက်၊ ကိုယ် တွင် နွားချေးတို့ လိမ်းကျံလျက်။

"ပြီးတော့ ဘာလိုသေးလဲ သိဒ္ဓတ္ထ၊ ကျွန်ုပ်တို့ နားတောင်းတွေထဲမှာ တောင်ကြီးတွေ သိမ်းထားမယ်၊ ကျွန်ုပ်တို့က ခြေနင်းတွေ ပေါ်မှာ သစ်တောတွေ တင်ထားနိုင်ပြီ၊ ကျွန်ုပ်တို့ကိုယ်ပေါ်မှာ မြေ ကြီးကို အဝတ်တန်ဆာလုပ်ပြီးပြီပဲ၊ ဘာလိုသေးသလဲ၊ ကျွန်ုပ်တို့ ခန္ဓာကိုယ်တွေမှာ ပိုးလောက်တွေ တရွရွတက်နေ ဖို့ လိုသေးသလား"

နောင်တော်သည် သူတို့ပြောသောစကားများကို ကောင်းစွာနားမလည်။ ကြောက်လန့်အောင်လုပ်ခြင်းသည်ပင် အတ္တကိလမထလုပ်ခြင်းတစ်မျိုးပင်ဖြစ်လေသည်။

သူတို့တစ်တွေသာ တကယ်ပင် ဗြဟ္မကို လိုက်ရှာနေခြင်းဖြစ်ပါသလော။

သို့မဟုတ်လျှင်လည်း သူတို့ပြောသည့် ဗြဟ္မသည် လောက်အလိန်းလိန်းတက်နေသည့် ခန္ဓာကိုယ်ကြီးတစ်ခုဖြစ်ပါသလော။

သို့ဆိုလျှင် မြင့်မြတ်ခြင်းကို ရနိုင်ပါဦးမည်လော။

သူတို့နှင့်အတူ ကျင့်ခြင်းထက် တစ်ဦးတည်းကျင့်ခြင်းက ပို၍ကောင်းမည်ဟု နောင်တော် သဘောပေါက်လာသည်။

တစ်ခါတစ်ရံတွင်လည်း သမဏဗြဟ္မဏငါးဦးတို့၏ အကျင့်သည် သူတို့စရိုက်နှင့် သူတို့ကိုက်ပေသားပဲဟု နောင်တော် အောက်မေ့မိသည်။

တစ်ခါတစ်ရံတွင်လည်း သူတို့သည် သမထကျင့်စဉ်တစ်ခုလုံး အဓိပ္ပာယ်မဲ့သည့်အဖြစ်သို့ ရောက်အောင် သမထကို အစွမ်းကုန်ကျင့်ပစ်လိုက်ကြသည်။

ထိုအခါမျိုး၌ သူတို့အားလုံးသည် ဝိညာဉ်မဲ့သွားသည့်နှယ် တစ်ကိုယ်လုံး မလှုပ်မယှက် ဖြစ်နေတတ်ပြီး အတန်ကြာသည့်အခါတွင်မှ ဝိညာဉ်ပြန်၍ ရောက်လာသည့်နှယ် လှုပ်ရှားလာကြသည်။

တစ်ခါတွင်မူ အဿဇိက

"ကျွန်ုပ်ဟာ မိမိကိုယ်မိမိ အမှုန်ဖြစ်သွားအောင် ကျင့်တာ ဖြစ်တယ်၊ အဲဒီအမှုန်ဖြစ်သွားတော့မှ တစ်ဖန်သေးငယ်တဲ့ အမှုန်အနည်းငယ်ဖြစ်သွားအောင် ထပ်ကျင့်တယ်၊ အဲဒီအမှုန်ကလေးတွေကို ထပ်ပြီး ကြိတ်လိုက်တဲ့အခါ ကျတော့ အလွန်ကိုသေးငယ်တဲ့ အမှုန်ကလေး နည်းနည်းလေးသာ ကျန်တော့တယ်၊ တစ်ခါ အဲဒီအမှုန်

လေးတွေလည်း အလွန်သေးငယ်ပြီး သင့်ကိုယ်မှ အကြောအမျှင်လေးတွေလောက်သာ သေးငယ်တဲ့ အမှုန်ကလေးသာ ကျန်တဲ့အထိကျင့်တယ်၊ အဲဒီလို ကျင့်ကျင့်သွားလိုက်တာ နောက်ဆုံးတော့ ဝိညာဉ်ဟာလည်း ပျောက်ကွယ်ချုပ်ငြိမ်းသွားတော့တယ်"

"ဒါဖြင့် ဝိညာဉ်ဟာ ချုပ်ငြိမ်းသွားပြီလား"

နောင်တော်က မေးသည်။

"လုံးဝတော့ မချုပ်ငြိမ်းသေးဘူး၊ ဝိညာဉ် ငွေ့ငွေ့ကလေးကျန်သေးတယ်"

"အဲဒီတော့ အဲဒီအကျင့်ကို ရအောင် ကျင့်နိုင်ရန် ပြောင်းပြန်လည်း ရအောင် ကျင့်လို့ရတယ်၊ ကိုယ့်လက်ထဲက သွေးကြောမျှင်လောက်ရှိတဲ့ အမှုန်လေးကို နည်းနည်းပွားလိုက်၊ တစ်ခါနည်းနည်းထပ်ပွားလိုက်၊ ဒီနည်းအားဖြင့် နောက်ဆုံးမှာ အစိုင်အခဲရယ်လို့ဖြစ်လာပြီး လူရယ်လို့ ပြန်ဖြစ်လာနိုင်တယ်"

အဿဇိသည် မျက်လုံးကြီးပြူးကာ စိတ်အားထက်သန်စွာဖြင့် ပြောဆိုလျက်ရှိရာ နောင်တော်သည် သူ့အမူအရာကို ကြည့်၍ စိုးရိမ်ထိတ်လန့်ခြင်းဖြစ်မိသည်။

"ဒါဖြင့် ငါ့ရှင် ဒီအကျင့်ကို တကယ်ယုံကြည်သွားပြီပေါ့"

"ယုံကြည်တာပေါ့၊ လောကီစျာန်ကို ရချင်ရင် အစွန်းရောက်အောင် ကျင့်ရတယ်"

"ဒါဖြင့် ကျွန်ုပ်တို့အားလုံးဟာ ဘယ်အာရုံမှာမဆို အစွန်းရောက်အောင် ကျင့်ကြံရမယ်ပေါ့"

"ဟုတ်တယ်၊ သင့်မှာရှိသမျှ အာရုံတွေဟာ နောက်ဆုံးအဆင့်ကိုရောက်အောင်အထိ ထက်မြက်စူးရှလာအောင် ကျင့်ရမယ်၊ သင်ယခုလို မစားဘဲကျင့်ရုံနဲ့ တရားထူးမရနိုင်ဘူးဆိုတာ ကျွန်ုပ်ပြောပြီးပြီပဲ"

သူတို့အကျင့်သည် မြတ်သော အကျင့်မဟုတ်ကြောင်းကို နောင်တော်သိသည်။ သို့ရာတွင် မည်သည့်နေရာတွင် မှားနေသည်ဟူကား နောင်တော်မသိသေး။ အချို့သူများအတွက် ထိုအကျင့်များကိုရရန်၊ လောကီစျာန်ကိုရရန်အတွက် သင့်လျော်သောနည်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

သို့ရာတွင် ကောင်းသောအကျင့်ကသာလျှင် ကောင်းသောရလဒ်ကိုပေးပြီး မကောင်းသောအကျင့်သည် မကောင်းသောရလဒ်ကို ပေးမည်သာဖြစ်သည်။ ယခုသူတို့ငါးဦးကျင့်နေသည့်အကျင့်သည် ကောင်းသောရလဒ်ကို ပေါ်ပေါက်စေနိုင်မည်မထင်။ ထို့ကြောင့် နောင်တော်သည် တစ်နေ့တွင် သူတို့နှင့်

လမ်းခွဲလိုက်ရန်ဆုံးဖြတ်ကာ စင်ကြယ်သည့် သင်္ကန်းတစ်ထည်ကို လဲလှယ်ပြီး သူတို့ကို နှုတ်ဆက်သည်။ သမဏဗြဟ္မဏငါးဦးသည် စုတ်ပြတ်သောအဝတ်အစားများကို ဝတ်လျက် ဒယီးဒယိုင်ထ၍ နောင်တော့်ကို အပြန်အလှန်နှုတ်ဆက်ကြသည်။

"အသင်သိဒ္ဓတ္ထ၊ မင်းသားဘဝကို ပြန်သွားတော့မလား"

ဟု အဿဇိက မေးသည်။ နောင်တော့်ကို လှောင်သည်။

"မင်းသားတစ်ပါးဖြစ်ရတာ ကောင်းပါတယ် ငါ့ရှင်၊ ဒါပေမဲ့ ငါဖြစ်လိုတဲ့ မင်းသားက နန်းတော်ထဲက မင်းသား မဟုတ်ဘူး၊ ငါ တရားထူးကို ရတဲ့အခါကျရင် ဗာရာဏသီမှာ တွေ့ကြသေးတာပေါ့" နောင်တော်က ပြောသည်။

"ဗာရာဏသီမှာ ကျွန်ုပ်တို့ ဘယ်တော့လောက် တွေ့ရမှာလဲ"ဟု အဿဇိက ထပ်၍ လှောင်သည်။

"တစ်နှစ်လောက်ကြာတဲ့အခါ တွေ့ကြတာပေါ့ ငါ့ရှင်"

သမဏဗြဟ္မဏငါးဦးသည် နောင်တော်သိဒ္ဓတ္ထကို လက်ယှက်နှုတ်ဆက်လိုက်ရင်း နေခြည်ထဲတွင် ဝါရွှေသော သင်္ကန်းကို ဆီး၍ ထွက်သွားသော နောင်တော့်ကို ငေးကြည့်ကျန်ရစ်ခဲ့သည်။

ထိုအချိန်မှာ နောင်တော်တောထွက်ပြီးနောက် ခုနစ်နှစ်မြောက်ဖြစ်ပေ၏။

၁၃

ထို့နောက်တွင်မူ နောင်တော်သိဒ္ဓတ္ထသည် ဒုက္ကရစရိယာအကျင့်ကို ပြင်းစွာကျင့်သည်။

နောင်တော်သည် ဥရုဝေလတောမှ မိုင်ခုနှစ်ဆယ်ကျော်အကွာရှိ နေရဥ္စရာမြစ်အ နီးတွင် ဒုက္ကရစရိယာအကျင့်ကို ဆက်၍ကျင့်သည်။

နောင်တော်သည် မြက်ခင်းပေါ်တွင် တင်ပျဉ်ဖွဲ့ခွေထိုင်ကာ တသွင် သွင်စီးနေသော ရေလျဉ်ကို ကသိုဏ်းရှုသည်။ မြစ်ရေထဲတွင် ရော်ရွက်များ၊ အမှိုက်သရိုက်များ၊ အသေကောင် အပုပ်ကောင်များ မျောပါသွားကြသည်။ မြစ်ရေထဲမျောပါလာသည့် ပစ္စည်းများသည် ခဏအတွင်းအဝေးသို့ ရောက် ကာ ပျောက်ကွယ်သွားကြသည်။

မိုးတွင်းဖြစ်၍ တောင်ကျရေကြောင့် မြစ်ရေသည် ကမ်းပြည့်လျှံတက်ကာ ရွှံ့တို့ဖြင့်နောက်ကျိနေသည်။

နောင်တော်သည် အစာရေစာငတ်မွတ်ခြင်းကြောင့် ကယောင်ကတမ်းဖြစ်လုနီးပါးဖြစ်နေလေပြီ။ စိတ်ထဲတွင် ကြည်လင်လျက်ရှိသော်လည်း သူ့တစ်ကိုယ်လုံးသည် လေးလံပင်ပန်းလျက်ရှိကာ ချွေးသီးချွေးပေါက်တို့သည် လက်ကတီးကြားမှ ယိုစီးကြကုန်သည်။

အသက်ကို ရှူသည့်အခါတွင် ဖားဖိုမှ လေမြည်သကဲ့သို့ သူ့နားထဲမှ လေတို့ထွက်ကာ တဝီဝီမြည်နေကြသည်။ တစ်ခါတစ်ရံတွင် မိမိ၏ ခေါင်းသည် ထက်လှစွာသော ဓားဖြင့်ခွဲစိတ်လိုက်သည့်နှယ် အက်ကွဲပွင့်ထွက်သွားသည့်အလား ထင်လိုက်ရလေသည်။

နောင်တော်သည် အစားမစားဘဲနေသည့်အခါတွင် ပထမ၌ ခေါင်းတွင် ပေါ့ပါးကြည်လင်လျက်ရှိသော်လည်း နောက်ပိုင်းတွင် တစ်ကိုယ်လုံးပင်ပန်းနွမ်းနယ်လာသည်။

တရားကိုမရဘဲ နောင်တော်သည် အသေမခံနိုင်သေး။ ထို့ကြောင့် နောင်တော်သည် အစာကို ပြန်စား၏။ လက်တစ်ဆုပ်စာ ဆုပ်နိုင်သမျှသော အစာကိုပဲ မှီဝဲ၏။ သို့တိုင်အောင် နောင်တော်သည် ပိန်ချုံးမြဲပိန်ချုံးလျက်ရှိ နေ၏။ တင်ပါးတို့သည် ကုလားအုပ်၏ ခြေရာကဲ့သို့ ချွက်ဝင်နေ၏။ ဝမ်းဗိုက် ကို စမ်းကြည့်သောအခါ နောက်ကျောရိုးကို အတိုင်းသားစမ်းမိ၏။ ဆံပင်တို့ သည် အထွေးထွေးကျွတ်ကြကုန်၏။

နောင်တော်သည် မိမိ၏ ဉာဏ်မျက်စိထဲတွင် မြင်ဖူးခဲ့သမျှသော အရိပ်မထွက်သည့် မီးအိမ်ကို မျှော်ကြည့်သော်လည်း ထိုမီးအိမ်ကို မမြင်ရ။

သူ့စိတ်သည် ဆောက်တည်ရာမရ ပျံ့လွင့်နေသည်။

သူ့စိတ်သည် ငယ်စဉ်တောင်ကျေးဘဝဆီသို့ ရောက်၏။ ဇမ္ဗူ့သပြေ ပင်များဆီသို့ ရောက်၏။ ကြာကန်ဆီသို့ ရောက်၏။ စစ်ရထားများဆီသို့ ရောက်၏။ မင်းသားပျိုဘဝသို့ ပြန်ရောက်၏။ ရုံရွှေတော်တို့ဆီသို့ ပြန်ရောက် ၏။ နှင်းဆီပွင့်များကြဲပက်ထားသည့်စက်ရာသို့ ရောက်၏။ သားမွေးခြုံထည် များသို့ ရောက်၏။ နန်းတော်တို့၏ စည်းစိမ်ချမ်းသာများသို့ ရောက်၏။

နောင်တော်သည် တရားကို အားမထုတ်နိုင်။ အလင်းရောင်ကို ရှာ၍ မမြင်။ အန္တေးဓာတ်ကို ရှာမတွေ့။ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်ကာ ဒူးနှစ်ဖက် တို့ တဆက်ဆက်ရိုက်လျက်ရှိကြ၏။ လက်နှစ်ဖက်ကို ပြင်းစွာ တုန်လှုပ်လျက် ရှိ၏။

"မဖြစ်ဘူး၊ ဒီဝေဒနာကို လွန်မြောက်အောင် လုပ်ရမယ်"ဟု

နောင်တော်တွေးသည်။ သို့ရာတွင် မည်သို့မည်ပုံလုပ်ရမည်ကို မသိ။

နောင်တော်သည် စကားပြောနိုင်သည့် ခွန်အားလည်းမရှိတော့။ နောင်တော်၏ လျှာသည် ကွဲစိတ်ပြတ်သတ်ကာ အာခေါင်တွင် ကပ်နေသည်ဟု ထင်ရသည်။ အသားတို့သည် တရိရိပုပ်ကာ ဆွေးပြတ်ကုန်သည်ဟု ထင်ရ၏။

ထိုအခိုက်တွင် သုဇာတာမည်သော သတို့သမီးသည် တောထဲသို့ ပန်းခူးထွက်လာခဲ့ရာတွင် သရက်ဖြူပင်ရင်း တရားအားထုတ်လျက်ရှိနေသော နောင်တော်ကို တွေ့ရသည်။

သုဇာတာသည် နောင်တော်အား စကားပြော၏။ သို့ရာတွင် နောင် တော့်ထံမှ စကားပြန်မရ။

သုဇာတာသည် ရွာထဲသို့ လျင်မြန်စွာ ပြန်လာခဲ့ရာတွင် မိမိသည် မင်းညီမင်းသားတစ်ပါးနှင့်တူသူ တစ်ယောက်ကို တွေ့ခဲ့ရကြောင်း၊ ထိုသူမှာ သိဒ္ဓတ္ထမင်းသားပင်ဖြစ်ကြောင်း၊ သိဒ္ဓတ္ထမင်းသားသည် တောထဲတွင် အစာငတ် ခံ၍ တရားကျင့်နေကြောင်း ပြောပြသည်။

ရွာသားများက အကျိုးအကြောင်းကို မေးမြန်းကြသည်။ သုဇာတာက

"သိဒ္ဓတ္ထမင်းသားဟာ သိပ်ပြီး ပိန်ချုံးနေပြီ၊ သူ့ကိုယ်ပေါ်မှာ အသားဆိုလို့လည်း မရှိတော့ဘူး၊ အရိုးနဲ့အရေပဲ ကျန်တော့တယ်၊ သူ့အရေဟာလည်း အရိုးတွေကို ဖွဲ့စည်းပေးရုံလောက်ပဲ ကျန်တော့တယ်၊ သိဒ္ဓတ္ထတစ်ကိုယ်လုံးဟာ သန့်ရှင်းပြီး မျက်နှာဟာ လည်း သန့်စင်နေတယ်၊ ဒါပေမဲ့ အလွန်ပူအိုက်တဲ့ အချိန်မှာတောင် သူ့တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေတယ်"

သို့ဖြင့် ထိုသတင်းသည် ရွာနီးချုပ်စပ်များသို့ ပျံ့နှံ့သွားကာ နောက်ခြောက်လအကြာတွင်မူ ကပိလဝတ်ပြည်သို့ ရောက်လာသည်။

## ၁၄

ထိုအချိန်၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးမှာ အိုမင်းခဲ့လေပြီ။

ခမည်းတော် သုဒ္ဓေါဒနသည် အမည်ခံရုံသာဖြစ်ပြီး တကယ့်အာဏာမှာမူ ဒေဝဒတ်လက်သို့ ရောက်နေလေပြီ။ ဒေဝဒတ်သည် အခွန်အကောက် များကို တိုးကောက်ကာ တိုင်းပြည်ကို သူထင်တိုင်း အုပ်ချုပ်နေသည်။

စစ်တပ်ကြီးကို တစ်တပ်စုစည်းကာ သူ့အနီးတွင် အကျင့်ပျက်သည့် မင်းမှုထမ်းများဖြင့် ဝိုင်းရံထား၏။ အကျင့်ပျက်သည့် ကချေသည်များဖြင့် ပျော်ပါးကာ ကာမဂုဏ်အာရုံနှင့် အချိန်ကုန်နေသည်။

ထိုစဉ်က ကျုပ်မှာ မလ္လာမင်းတို့၏ တိုင်းပြည်မှ ပြန်ရောက်လာပြီ ဖြစ်သည့်တိုင် ကျုပ်မှာလည်း မည်သည့်အာဏာမှ မရှိ။ ရွှေနန်းတော်ကြီးတစ်ခုလုံးသည် ဒေဝဒတ်၏ သူလျှိုများဖြင့် ပြည့်နေပြီး မည်သည့်စကားကိုမျှ မပြောရဲလောက်အောင် ဖြစ်နေသည်။

ထိုအချိန်က အချို့နယ်များတွင် ဒုဗ္ဘိက္ခန္တရကပ်ဘေးကြီး ဆိုက်ရောက်နေလျက်ရှိပြီး ဟိမဝန္တာတောင်တန်းပေါ်တွင် ဆီးနှင်းတို့ အရည်ပျော်နေသဖြင့် အခိုးအငွေ့များသည် ကောင်းကင်ကြီးတစ်ခုလုံးကို ရက်ပေါင်းသုံးဆယ်မျှ ဖုံးလျက်ရှိနေ၏။

ဗေဒင်ဟူးရားတို့မှာလည်း အသံတိတ်လျက်ရှိနေသည်။ ဒေဝဒတ်၏ လက်ထဲကို အာဏာရောက်သွားလျှင် တိုင်းပြည်ကြီးပျက်လိမ့်မည်ဟု ဟောသဖြင့် ဗေဒင်ဟူးရားတို့ကို သတ်ပစ်လိုက်သည်ဟုလည်း သတင်းထွက်လျက်ရှိနေ၏။

တစ်ညချမ်းတွင် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ကျွန်ယုံတစ်ယောက်ကို စေလွှတ်၍ ကျုပ်ကို ခေါ်ခိုင်းလိုက်သည်။

ကျုပ်သည် ပန်တျာသည်တစ်ယောက်၏အသွင် ရုပ်ဖျက်ကာ ခမည်းတော်၏ ခန်းဆောင်သို့ တိတ်တဆိတ်ဝင်ရောက်သည်။ ဒေဝဒတ်၏ လူယုံတော်များ၊ သူလျှိုများရှိနေသည့်အတွက် ထိုသို့လျှို့ဝှက်သွားရခြင်းဖြစ်သည်။

ကျုပ်သည်မျက်ခွံတွင် ဆေးစိမ်းခြယ်ကာ ကျောက်မျက်ရတနာတို့ ကို ဝတ်ဆင်ပြီးနောက် ခမည်းတော်မင်းကြီးတို့ စက်ရာဆောင်သို့ ဝင်လာခဲ့ သည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးမှာ နောင်တော်သိဒ္ဓတ္ထအသက်မသေ သေးဘဲ တစ်နေရာတွင် ရှိနေသေးသည်ဟုကြားသိရသည့်အတွက် နောင်တော် အား သွားရောက်ခေါ်ဆောင်ပေးရန် ကျုပ်ကို စေခိုင်းခြင်းဖြစ်သည်။

ခမည်းတော်ကြီးကို ကြည့်ရသည်မှာ မျက်နှာဖြူဖပ်ဖြူရော်ရှိလျက် စကားကိုပင် ကောင်းစွာ မပြောနိုင်အောင် စိတ်ချောက်ချားနေသည်ကို တွေ့ရ သည်။ ခမည်းတော်၏ စက်ရာဆောင်တွင် ယသော်ဓရာကိုလည်း တွေ့ရ၏။

ယသော်ဓရာသည် ခမည်းတော်မင်းကြီး၏ အသက်ကို ဒေဝဒတ် ရန်ရှာမည်စိုးသည့်အတွက် စိုးရိမ်နေပုံရသည်။ မျက်လုံးတွင် မျက်ရည်တွေ စို့ရွှဲလျက်ရှိနေ၏။

"သားတော်ကို သွားပြောချေစမ်းပါ အာနန္ဒာ၊ အမြန်ပြန်ခဲ့ပါလို့၊ အချိန်နောက်မကျသေးပါဘူးလို့ သွားပြောချည်စမ်း"ခမည်းတော်က ခပ်တိုးတိုးပြောသည်။

ကျုပ်သည် လေးကြိမ်ဦးညွှတ်ပြီးနောက် ခမည်းတော်၏ လက်ကို နမ်းရှုပ်လိုက်ကာ အမှောင်ရိပ်သို့ခို၍ ကျုပ်ခန်းဆောင်သို့ ပြန်လာခဲ့သည်။

ကျုပ်၏ လှုပ်ရှားမှုကို ဒေဝဒတ်သည် သူ၏ လူများသိမသိကို ကျုပ် မပြောနိုင်။ ကျုပ်၏ အထင်တွင်မူ သူတို့သိလိမ့်မည်ဟု ထင်သည်။ ကျုပ်သည် ကျုပ်၏ လူယုံအစောင့်များကို ခေါ်ယူ၍ အကျိုးအကြောင်းကို ပြောပြပြီးနောက် ထိုနေ့ညတွင်းချင်းပင် နောက်လိုက်အချို့နှင့်အတူ ကပိလဝတ်ပြည် ရွှေနန်းမှ ထွက်ခွာလာခဲ့သည်။

မုတ်သုန်ရာသီဖြစ်၍ မြစ်ဖျားတွင် ရေပြည့်နေပြီး ကောင်းကင်တွင် တိမ်များဖုံးနေသဖြင့် ကြယ်ပွင့်တို့ကိုလည်း မမြင်ရချေ။ မြို့ထဲသို့ ဖြတ်လာ သည့်အခါတွင်မူ တစ်မြို့လုံးသည် ကြိမ်မီးအုံးသည့်နှယ် ပူဆွေးသောကရောက် နေသည်ကို တွေ့ရသည်။

နောင်တော်နှင့်တွေ့ရန် မည်သည့်ခရီးအထိ ကျုပ်သွားရမည်ကို မသိ သေး။ နောင်တော်သည် အသက်နှင့်ကိုယ်ခန္ဓာမှ အတူတကွ ရှိနေပါ၏လော သို့တည်းမဟုတ် ဝေးလံသီခေါင်သော တောအုပ်အလယ်တွင် သစ်ရွက်တို့ဖုံး ကာ နွားချေးပိုးတို့ ဝါးမျိုစားခြင်းကို ခံနေရပြီလော သို့မဟုတ်လျှင်လည်း နောင်တော်သည် ကမ္ဘောဇာန်းရုပ်ကြီးတစ်ခုသဖွယ် အရိုးပေါ်အရေတင်လျက်သာ တွေ့ရမည်လော။ ကျုပ်သည် နောင်တော်အား တွေ့ရမည့်ပုံပန်းကို တွေးရင်း နှလုံးမသာမယာဖြစ်နေသည်။

သို့ဖြင့် ကျုပ်သည် ခရီးပြင်းနှင်လာခဲ့ရာ သီတင်းသုံးပတ်မျှကြာပြီး နောက် ဂယာမည်သော ရွာနိဂုံးသို့ ရောက်လာသည်။ ထိုနေ့ည၌ ကျုပ်သည် နောင်တော်ကို တွေ့ခဲ့သည့် တစ်ဦးတည်းသောသူဖြစ်သည့် သုဇာတာကို သွား ရောက်တွေ့ဆုံ၏။ သုဇာတာကို ကြည့်ရသည်မှာ များစွာ ချောက်ချားနေပုံရ သည်။ ကယောင်ကတမ်းဖြစ်နေဟန်ရှိသည်။

ရွာသားများကမူ သူ့အကြောင်းကို လေသံမျှပင် ပြောကြသည်။ သုဇာတာကို စုန်း၊ အပဟု ဆိုကြသည်။ ထို့ကြောင့် ကျုပ်က သုဇာတာအားမေးသည့်အခါ ကျုပ်ကို နေထိုင်စရာနေရာထိုင်ခင်းမပေးကြဘဲ မောင်းထုတ်ကြ သည်။ သို့ရာတွင် ညဦးနက်သည့်အခါတွင်မူ သုဇာတာသည် ပျားဖယောင်း တိုင်တစ်တိုင်ကို ထွန်း၍ တိတ်တဆိတ်ထွက်လာသည်။ သူ၏မျက်လုံးများ သည် ပြူးကျယ်လျက်ရှိနေသည်။

"နောင်တော်သိဒ္ဓတ္ထကို ဘယ်တုန်းက တွေ့တာလဲ သုဇာတ"

"လွန်ခဲ့တဲ့ လေးလလောက်ကပါ"

"ဒီနောက်တော့ရော"

သုဇာတာသည် ခေါင်းကို ယမ်းပြ၏။

ညသည် မည်းမှောင်လျက်ရှိပြီး လေပြင်းပြင်းထန်စွာ တိုက်ခတ်လျက်ရှိ၏။ သုဇာတာပေးလိုက်သော ပျားဖယောင်းမှာ ငြိမ်းသွားလေပြီ။ ကျုပ်တို့သည် နောက်ထပ်ဖယောင်းတိုင် တစ်တိုင်ထွန်းကာ မီးတောက်ကို ကိုယ်ဖြင့် ကာပြီး တောထဲဝင်လာခဲ့ကြသည်။

ဤမျှလောက် မျှော်လင့်ချက်ကင်းမဲ့သော ရှာဖွေမှုမျိုးရှိမည်ဟု ကျုပ်မထင်ခဲ့။ လွန်ခဲ့သည့် လေးလလောက်က သေအံ့မူးမူး လူတစ်ယောက်ကို တွေ့ခဲ့သည်ဆိုသော သတင်းသန့်သန့်ကြောင့် ထိုသူကို ကျုပ်လိုက်ရှာရသည်မှာ မည်မျှ မျှော်လင့်ချက်ကင်းမဲ့သော အလုပ်မျိုးဖြစ်လိုက်ပါသနည်း။ ယခုအချိန်လောက်တွင်ဆိုလျှင် သူသည် သေလောက်ပြီ မဟုတ်လော။ သားရဲတိရစ္ဆာန်တို့၏ အစာမဖြစ်နိုင်တော့ပြီလော။ သို့မဟုတ်လျှင် ငတ်ပြတ်၍ လမ်းဘေးတွင် အသက်ဆုံးရှုံးရလောက်ပြီ မဟုတ်လော။

ကျုပ်သည် သုဇာတာသတို့သမီးကို အမျိုးမျိုးလှည့်ပတ်၍ မေး၏။ ဖြစ်နိုင်ချက်များကို ပြောပြ၏။ သို့ရာတွင် သုဇာတာသည် ခေါင်းကိုသာ တွင်တွင်ယမ်းနေသည်။

သုဇာတာသည် မှားမြင်ခြင်း မဖြစ်နိုင်ရာ။ သုဇာတာက မျက်စိမမှားနိုင်ဟု အခိုင်အမာဆိုသည်။ ထိုသူ၏ အသားသည် ရွှေလိုဝင်းနေသည်ဟု ဆို၏။

ကျုပ်က သေသေချာချာမေးမြန်းသည့်အခါတွင် နောင်တော်သိဒ္ဓတ္ထ မင်းသားပင်ဖြစ်နိုင်ကြောင်းပြောပြသည်။

ကျုပ်တို့သည် သားရဲတိရစ္ဆာန်များ၏ ရန်ကို ကြောက်သဖြင့် ဓားကို လက်ဖြင့် ဆုပ်ကိုင်ထားကြသော်လည်း မည်သည့်သားရဲတိရစ္ဆာန်ကိုမှ မတွေ့။

ကျုပ်တို့သည် ညမှောင်ကြီးမည်းမည်းတွင် တောအုပ်အလယ် နောင်တော်ကိုလိုက်ရှာနေကြသည်။ သို့ရာတွင် အရိပ်အယောင်ကိုမျှ မတွေ့ရ။

ပင်လည်း ပင်ပန်းလှပြီ။ စိတ်လည်းတိုလှပြီ။ တစ်ခါတွင်မူ ကျုပ် သည် အသားတို့အခုတိုင်ရှိနေသော အရိုးပုံတစ်ခုကို တက်နင်းလိုက်မိသည်။ ကြည့်လိုက်သောအခါတွင် တောဝက်တစ်ကောင်၏ အရိုးပုံဖြစ်နေသည်ကို တွေ့ရသည်။ သုဇာတာသည် တောထဲသို့ လိုက်ရသည့်တိုင် ကြောက်လန့်နေလေပြီ။

မီးတိုင်မှာ မီးငြိမ်းသွားသည့်အတွက် ကျုပ်တို့အားလုံးသည် မှောင်ကြီးမည်းမည်းတွင် ရောက်နေကြပြီ။ ထိုအချိန်တွင် လမှာလည်း ဝင်သွားခဲ့ပြီ။ ကျုပ်တို့သည် နောက်ထပ်မီးတိုင်တစ်တစ်တိုင်ကို ထွန်းကြရသည်။

သုဇာတာပြောသည့်အတိုင်း မြစ်ကမ်းဘေးမှ နေရာကို တွေ့ရသည့်တိုင် နောင်တော်၏ အရိပ်အယောင်ကိုမှ မတွေ့ရတော့။ မြက်ခင်းပြင်ကိုသာ တွေ့ရသည်။

ကျုပ်တို့သည် အရဏ်တက်သည့်တိုင် လိုက်ရှာကြသည်။

နောက်ဆုံးတွင်မူ ကျုပ်တို့သည် သစ်ပင်ရိပ်ကြီးတစ်ခုတွင် နောင်တော်ကိုတွေ့လိုက်ကြရသည်။ နောင်တော်သည် အဝါရောင်သင်္ကန်းကို ဝတ်ထားသည့်တိုင် သင်္ကန်းမှာ ဟောင်းနွမ်းနေပြီး အညိုရောင်သန်းလျက်ရှိနေလေပြီ။ နောင်တော်၏ ကိုယ်ခန္ဓာသည် လွန်စွာပိန်ချုံးနေပြီး ယခင်ကထက်ပို၍ အရပ်ရှည်နေသည်ဟု ထင်ရသည်။

မျက်နှာသည် ပက်ကြားအက်ကွဲသို့ ခြောက်သွေ့နေလျက်ရှိသည်။ မျက်ကွင်းတို့သည် ဟောက်ပက်ချုံးကျနေသည်။ နောင်တော်သည် ကျုပ်ကို မြင်သည့်အခါတွင်မည်သို့မှ စကားဆိုခြင်းမပြု။ အရိုးနှစ်ချောင်းနှင့်တူသော လက်နှစ်ဖက်ကို ပေါင်ပေါ်တွင်တင်ကာ ထိုင်လျက်ရှိနေသည်။

"ပြည်တော်ကို ပြန်ဖို့အချိန်တန်ပါပြီ နောင်တော်"

ကျုပ်က နောင်တော်မကြားမည်စိုးသည့်အတွက် ခပ်ကျယ်ကျယ် ပြောလိုက်သည်။

ကျုပ်သည် ခုနစ်ဆယ်အိုကဲ့သို့ ဖရိုဖရဲဖြစ်လျက်ရှိသော နောင်တော်၏ နံရိုးများကို ကြည့်၍ လန့်ဖျပ်သွားသည်။ နောင်တော်၏ တစ်ကိုယ်လုံးတွင်

နှင်းတွေ စိုရွှဲနေ၏။ နောင်တော်သည် ကျုပ်ကို မော့ကြည့်ခြင်းမပြု။

"ပြည်တော်ကို ပြန်ချိန်တန်ပါပြီ နောင်တော်"

သို့တိုင်လည်း နောင်တော်သည် ကျုပ်ပြောသည့် စကားများကို ကြားဟန်မတူ။ ကျုပ်သည် နောင်တော်၏ သမာဓိဟူသော သံချပ်အင်္ကျီထဲတွင် မည်သည့်နေရာတွင် အပေါက်ရှိနေလေသနည်းဟု စဉ်းစားကာ ထိုအပေါက်မှ နေ၍ နောင်တော်ကို ထိုးရန် စိတ်ကူးနေသည်။

"ခမည်းတော်ကြီးဟာ အိုမင်းလှပါပြီ နောင်တော်၊ ခမည်းတော်ကြီးက နောင်တော်ကို မျှော်နေပါတယ်"

"ခမည်းတော်ဟာ အရွယ်လွန်ပြီ အာနန္ဒာ၊ အရွယ်လွန်ရင် သေဆုံးကြတော့မှာပဲ မဟုတ်လား"

ကျုပ်သည် နောင်တော်အား ခမည်းတော်ကြီးအကြောင်းပြ၍ ပြည်တော်သို့ ပြန်ရန် လျှောက်တင်သော်လည်း အကြောင်းမထူး။ ထို့ကြောင့် သားတော်ကို အကြောင်းပြ၍ ပြည်တော်သို့ ပြန်ရန် လျှောက်ပြန်သည်။ ဤတွင်လည်း အကြောင်းမထူး။ တစ်ဖန်တိုင်းသူပြည်သားများကို အကြောင်းပြ၍ ပြည်တော်ပြန်ရန် လျှောက်သည်။ ထူးမခြားနားမျှသာ။

နောင်တော်သည် ကျုပ်ရောက်နေကတည်းက ထိုအနေအထားဖြင့် ထိုင်နေခြင်းဖြစ်သည်။ လက်အနေအထားကိုလည်း မပြောင်း။ ထိုင်နေပုံအနေအထားလည်း ပြောင်းလဲခြင်းမရှိ။

"ဒါဖြင့် နောင်တော်ရဲ့ ခမည်းတော်ကြီးနဲ့ ကြင်ရာတော်တို့အတွက် ဘာမှ အမှာစကားမရှိတော့ဘူးလား ဘုရား"

"မရှိတော့ဘူး အာနန္ဒာ"

"သားတော် ရာဟုလာအတွက်ရော ဘုရား"

"သူ့အတွက်လည်း ဘာမှ မှာစရာမရှိတော့ဘူး"

ကျုပ်သည် နောင်တော်အား နို့ဆွမ်းကို ကပ်၍ ဘုဉ်းပေးရန်လျှောက်၏။ သို့ရာတွင် နောင်တော်သည် မလှုပ်မယှက်။

နောင်တော်သည် မိုးရေတို့ဖြင့် ရွှဲနေသော တောအုပ်ထဲတွင် ဖန်ရည်စွန်းသည့် သင်္ကန်းကို ဆင်မြန်းလျက် တရားကို ကျင့်မြဲကျင့်သည်။ အဝေးမှ ချောင်းရေစီးသံ၊ မြစ်ရေစီးသံတို့ကို တဝေါဝေါကြားနေရသည်။

ကျုပ်သည် နောင်တော်၏အဓိဋ္ဌာန်ကို ကျိုးပေါက်အောင် စွမ်းဆောင်ခြင်းမပြုနိုင်တော့ နောက်ဆုံးတွင် နောင်တော်သည် သုဇာတာနှင့် နန္ဒိကတို့ ကပ်လှူသည့် နို့ဆွမ်းကို သုံးဆောင်တော်မူ၏။

အစားအစာကို သုံးဆောင်ပြီးနောက် ခန္ဓာကိုယ်ကို မွေးမြူပြီးလျှင်

နောင်တော်သည် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်နှင့် စတုတ္ထစျာန်တို့ ကို ဝင်စားတော်မူ၏။ ထိုညဉ့်၏ ပထမယံတွင် နောင်တော်သည် ပုဗ္ဗေနိဝါသ ဉာဏ်ကိုရခဲ့ကာ ကျင်လည်ခဲ့ရသော ဘဝများစွာကို ပြန်လည်အောက်မေ့၏။ ထိုည၏ မဇ္ဈိမညယံတွင် ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရခဲ့၏။

ထို့နောက်တွင် နောင်တော်သည် အနေကဇာတိသံသာရံအစရှိသော ဥဒါန်းဂါထာကို ကျူးရင့်တော်မူ၏။

**"အနေကဇာတိ သံသာရ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ၊**
**ဂဟကာရံ ဂဝေသန္တော ဒုက္ခဇာတိ ပုနပ္ပုနံ။**
**ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ၊**
**သဗ္ဗာတေ ဖာသုကာဘဂ္ဂါ၊ ဇတကူဋံ ဝိသင်္ခတံ။**
**ဝိသင်္ခါရံ ဂတံ စိတ်၊ တဏှာနံ ခယမဇ္ဈဂါ"။**

ဘဝသံသရာ ဖန်ခါခါလျှင် ခန္ဓာဝဋ်ဇာတ် အမြစ်မပြတ်နိုင်ဘဲ ယောနိလေးတွေ လှည့်ပတ်ဖွေလျက် သန္ဓေစွဲမှီတည်နေဖြစ်ပွားရခြင်းသည် သန္ဓေဇာတိခန္ဓာရှိလျှင် ဗျာဓိဇရာ မရဏတို့မကွာ နောက်ဆက်ဝင်နှိပ်စက်သဖြင့် သက်သက်လျမ်းသာ မဟုတ်ပါဘဲ လွန်စွာညှိုးနွမ်း ပင်ပန်းဆင်းရဲလှဘိ၏။ ဘုရား အချာ သူမြတ်ငါသည် ဒုက္ခယုက်လိမ် ခန္ဓာအိမ်ကို အကြိမ်ကြိမ်ကြိုးကုတ် တည်ဆောက်လုပ်သည့် အယုတ်တမာ အကြောင်းရင်း သမုဒယသစ္စာဖြစ် သော တဏှာယောကျ်ားလက်သမားကို လက်သည်စစ်စစ် ဘယ်သူဖြစ်ဟု စိစစ်ထောက်လှမ်း စူးစမ်းရှာဖွေလျက် (ဝါ) စူးစမ်းရှာဖွေသော ဘုရားအလျာ သူမြတ်ငါသည် တဏှာယောကျ်ားလက်သမားကို ပိုင်းခြားထင်ထင် လင်းလင်းမြင်သည့် သဗ္ဗညုတာဉာဏ်မဟာကို သမ္ဘာနုကွေး ငါမရသေးသည်ဖြစ်၍ (ဝါ) ငါမရသေးသောကြောင့် ဘဝများစွာ သံသရာကာလပတ်လုံး ခန္ဓာငှားလျက် ဒုက္ခစက်ကို ကြောက်လျက်ပင်လျှင် ငါမခင်ဘဲ သံသရာ ဝဋ်ချားရဟတ်၌ မရပ်မနား တဖားဖားလျှင် ပြေးလွှားကျင်လည်ခဲ့ရလေပြီ။

ဒုက္ခယုက်လိမ်ခန္ဓာအိမ်ကို ကြိမ်ကြိမ်ကြိုးကုတ် တည်ဆောက်လုပ်သည့် အယုတ်တမာအကြောင်းရင်း သမုဒယသစ္စာဖြစ်သော တဏှာယောကျ်ားဟယ် လက်သမား။ ဘုရားဖြစ်လာ ယခုအခါ၌ သင်တဏှာယောကျ်ားသည် လက်သမားကို သဗ္ဗညုတဉာဏ်ကိုရသဖြင့် ဒိဋ္ဌထင်ထင် ငါမြင်အပ်သည်ဖြစ်ပေ၏။ သင်တဏှာ ယောကျ်ားလက်သမားသည် ဒုက္ခယုက်လိမ် ခန္ဓာအိမ်ကို အတ္တဘောတည်းဟူသော အိမ်ကို နင့်ခြေလက် နင့်အသက်ကို လေးမဂ်လျှံရှိန် ဉာဏ်ပုဆိန်ဖြင့် လေးကြိမ်ဖြတ်ခုတ် အမြစ်ပြုတ်သည့် သစ်ငုတ်တိုဟန် နင်ဖြစ်ပြီမှန်သောကြောင့် တစ်ဖန်ထပ်ဆောက် နင်ဆောက်နိုင်တော့မည် မဟုတ်

ချေ။ သင်တဏှာယောကျ်ားလက်သမား၏ တစ်ခုမကြွင်း ခပင်းဥဿုံ အလုံးစုံ ကုန်သော အခိုင်အမာ တည်ဆောက်ခဲ့သော အိမ်တည်းဟူသော ဘုံကွန်းပျောက်၏ ထုတ်လျှောက် ဒိုင်းမြှားကိလေသာတရားတို့ကို ဝါသနာအငွေ့အသက်နှင့် တကွ အနုသယသတ္တိ ကျန်မရှိအောင် စိစိကြေညက် ချိုးဖိတ်အပ်ကုန်သည်။ သစ္စာလေးဟန် နိဗ္ဗာန်လွင်ကို မြင်ခွင့်မပေး ဝေးသထက် ဝေးအောင် အရေးကန့်လန့်တား ပိတ်ကာ အဝိဇ္ဇာတည်းဟူသော အိမ်ကို အိမ်၏ အထွဋ်ကို မှုန့်မှုန့်ကြေမွ ငါဖျက်ချလေပြီ။ ကိလေသာဟူ မြူအညစ်အကြေး ကင်းဝေးဖြူလွင် ငါဘုရား၏ စိတ်အစဉ်သည် သင်္ခါရစက်ကွင်းဒုက္ခခပင်းမှ လွတ်ကင်းရာမှန် နန်းနိဗ္ဗာန်သို့ အာရုံမျက်မှောက် သန္တိဓာတ် သိဒ္ဓိပေါက်သဖြင့် ဆိုက်ရောက်သက်ဝင်မိလေပြီ။ သုံးလောကထွဋ်ထား ငါဘုရားသည် တဏှာတရား ရပ်ပြစ်ရှစ်ပါး၏ ပျက်ပြား ကုန်ခန်းရာ အာသဝက္ခယ စတုတ္ထမဂ်ဖိုလ်သို့ စက္ကဝါရိုက်ချောင်း တိုက်တစ်သောင်းမှ နတ်ပေါင်းဗြဟ္မာ ကောင်းကင်သာလျက် ကြည်သာဝမ်းမြောက် ငါဆိုက်ရောက်ခဲ့လေပြီ။

(တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏အနက်ပြန်ချက်)
အိမ်ဆောက်သမား အိုယောကျ်ား၊
ခုကား သင့်ကို ငါတွေ့ပြီ။
နောင်ခါတစ်ဖန် အိမ်ဆောက်ရန်ကို
မကြံစည်နှင့်တော့၊ မရတော့။
ခေါင် လျှောက် ယက်မ ဟူသမျှကို
ဖြိုချဖျက်ချိုးပစ်လိုက်ပြီ။
ငါ၏ စိတ်လျှင် ငါ့ဝိညာဉ်သည် ပြုပြင်ကင်းရာ ရောက်ခဲ့ပါ၍
တဏှာကုန်ခန်းခဲ့ပြီတကား။
(မင်းသုဝဏ်၏ ပြန်ဆိုချက်)

နောင်တော်က ထိုဥဒါန်းဂါထာကို ကျူးရင့်လျက်ရှိစဉ် သုဇာတာနှင့် နန္ဒိကသည် မည်သို့မှ မလှုပ်ရှားနိုင်ဘဲ မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြင့် နောင်တော်ကို ကြည့်နေကြသည်။

"အရှင် ရွတ်ဆိုလိုက်တဲ့ ဂါထာဟာ ဘယ်အဓိပ္ပါယ်ပါလဲ ဘုရား"

"ငါသည် အတုမရှိ မြတ်လှစွာသော သမ္မာသမ္ဗောဓိဉာဏ်တော်ကို ရခဲ့ပြီ"

ဟုဆိုကာ ဂေါတမဗုဒ္ဓသည် ထိုဂါထာ၏ အဓိပ္ပာယ်ကို သုဇာတာအား ရှင်းပြတော်မူပါသည်။

# ၁၅

နောင်တော်သည် သမ္မာသမ္ဗောဓိဉာဏ်တော်ကို ရရှိပြီးနောက် ဥရုဝေလတောတွင် မိမိအား ပြုစုစောင့်ရှောက်ခဲ့ကြသည့် ရဟန်းငါးဦးကို သတိရ သည်။ ထို့ကြောင့် သူတို့အား တရားရေအေးတိုက်ကျွေးရန် ဗာရာဏသီသို့ ပြန်ကြွတော်မူခဲ့သည်။

ဗုဒ္ဓရှင်တော်သည် လှည်းတို့သွားရာလမ်းကြောင်းအတိုင်း တောင်ဘက်သို့ ကြွခဲ့သည်။ ခရီးသည် ရှည်လျားကြမ်းတမ်း၍ ဖုန်ထူထ၏။

မိုးရာသီကုန်တော့မည်။ ဗုဒ္ဓရှင်တော်သည် မိုးနှောင်းကာလ ပြောင်းခင်းများနှင့် ကျောက်ဆောင်ရိပ်တို့ကိုခိုကာ ကြွလာခဲ့သည်။

လမ်းတွင် နွားချေးမီးနံ့ မီးဖိုထဲတွင် တဖျစ်ဖျစ်မြည်၍ တောက်လောင်ကြရာ ထင်းစည်းများ၊ တောက်ပသည့် ကြေးအိုး၊ ကြေးခွက်တို့ကို ကိုင်ထား၍ သွားလာနေကြသော မိန်းမများ၊ လမ်းမများတွင် ဝက်ဝံပွဲပြသနေသည့် မျက်လှည့်ဆရာများ၊ လင်းတနှင့် တောင်နေးအုပ်များ၊ ခြောက်သွေ့သော လွင်ပြင်တွင် ဖော့ယမ်းတိုက်ခတ်သော လေပွေများ။

နောင်တော်သည် ဗာရာဏသီသို့ လာရာလမ်းတစ်လျှောက်တွင် ထိုအရာများ မြင်လာခဲ့သည်။ တစ်ခါတစ်ရံတွင် ညအချိန်ရွာအနီးမှ ဖြတ်သန်းသွားလာသည့်အခါမျိုးတွင် ရွာထဲမှ တီးခတ်သံများ ကြားနေရတတ်၏။ သို့ရာတွင် နောင်တော်၏ နားထဲတွင်မူ ထိုဆိုင်းသံ၊ ဗုံသံတို့ကို မကြား။ မိမိရွတ်ဆိုခဲ့သော အနေကဇာတိသံသာရံအစရှိသော ဥဒါန်းဂါထာတော်ကြီးကို ကြားယောင်နေသည်။

နောင်တော်သည် နန်းစည်းစိမ်၊ ထီးစည်းစိမ်တည်းဟူသော တိုင်ကြီးကို ဖြိုလှဲပြီးနောက် လက်ကိုင်တွင် သပိတ်နှင့် တောင်ဝှေးမျှသာ ကိုင်စွဲခဲ့သော အရိယာပုဂ္ဂိုလ်သူမြတ်ဖြစ်နေပြီ။

ကမ္ဘာမြေကြီးသည် ကွယ်ဝပြည့်ဖြိုးလေပြီ။ နောင်တော်သည်လည်း ကျေနပ်ရောင့်ရဲခြင်းဖြင့် စိတ်အေးချမ်းခြင်းရှိလေပြီ။

နောင်တော်သည် သင့်လျော်ရာတစ်နေရာတွင် ညအိပ်ကျိန်းစက်ပြီးနောက် မနက်လင်းသည်နှင့် ဗာရာဏသီသို့ ခရီးဆက်ခဲ့ပြန်သည်။ မနက်လင်း၍ နွားချေးထင်းမီးခိုးများနှင့် ကြေးနီရောင်ပေါက်နေသော ကလေးငယ်များ ဖြင့် ရှုခင်းသည် လှပတင့်တယ်နေ၏။ မနက်ခင်းသည် နှင်းရည်တို့ဖြင့် တလက်လက်တောက်ပလျက်ရှိနေ၏။

မွန်းတည့်ချိန်တွင်မူ လောကအားလုံးသည် တိတ်ဆိတ်လျက်ရှိနေပြီး အပူရှိန်ပြင်းလှသည့်အတွက် နောင်တော်သည် ကျောက်ဆောင်ရိပ်တွင် နားခို ရ၏။ ကျောက်ဆောင်ရိပ်မှ မျှော်ကြည့်လိုက်လျှင် မိုးကုပ်စက်ဝိုင်းနှင့်ထိစပ်နေ သော မြေပြင်ကို တစ်ဝန်းတစ်လျားကြီးမြင်ရ၏။

ထိုမြေပြင်တွင် မွေးဖွားခဲ့ကြသောလူများသည် ဆင်းရဲဒုက္ခတို့ကို တွေ့ရ၏။ သေဆုံးခဲ့ကြ၏။ ဇာတိနှင့်မရဏကြားတွင် သူတို့သည် ကာမဂုဏ်အာရုံတို့ကို ခံစားခဲ့ကြ၏။ အလိုရမ္မက်နောက်သို့လိုက်မှားခဲ့ကြ၏။

ဗာရာဏသီသို့ လာခဲ့ရသည်။ အခြေအနေမည်သို့ရှိမည်ကို နောင်တော်မသိ။ တစ်ညတွင်မူ နောင်တော်သည် ခရီးသွားရင်း တောင်ကုန်းတစ်ခုပေါ်သို့ တောင်ဝှေးကို ထောက်၍ တက်လာခဲ့သည်။

တောင်ကုန်းထိပ်သို့ ရောက်သောအခါ တောင်ကုန်းအောက်ခြေတွင် ရစ်ခွေစီးဆင်းလျက်ရှိသော မြစ်တစ်သွယ်ကို မြင်ရ၏။ မြစ်အပြင်တွင် မီးပွင့်များ၊ မီးရောင်များကို ဟပ်နေပုံမှာ ကျောက်မျက်ရတနာများ ဖြန့်ကြဲထားသည်နှင့်တူနေသည်။

မြို့ကြီးသည် ညအယံတွင် အိပ်မောကျနေ၏။ ကျောက်မျက်တို့ခြယ်အပ်သော အင်္ကျီကို ဝတ်ရင်း အိပ်မောကျနေသည့် ကချေသည်တစ်ဦးနှင့်ပင် တူနေသေးတော့သည်။

မြစ်တစ်ဖက်ကောင်းကင်တွင် နှင်းမြူတို့ ဆိုင်းလျက်ရှိနေသဖြင့် ကြယ်တို့၏အရောင်သည် မှိန်ဖျော့လျက်ရှိ၏။

ဘုရား ကျောင်း ခေါင်းမိုးတို့တွင် ဝင်းလက်စပြုနေသော ခုနစ်စင်ကြယ်ကိုမြင်ရသည်။ ခုနစ်စင်ကြယ်မှာ မှုန်မွှားမွှားသာဖြစ်၏။ တစ်မြို့လုံးမှာ မီးရောင်တွေ မီးပွင့်တွေ တထိန်ထိန်သာလျက်ရှိနေ၏။ မြို့ရိုးပေါ်တွင် ကြေးပစ္စည်းတို့ အရောင်၊ မီးတုတ်၊ မီးစည်တို့၏ အရောင်၊ အသုဘမီးပုံများမှ မီးရောင်များဖြင့်မီးရောင်မျိုးစုံကို မြင်နေရသည်။ ထိုမီးရောင်များသည် ပင်ကိုယ်မီးရောင်များဖြစ်၏။ မြစ်ထဲတွင် ရောင်ပြန်ဟပ်နေသည့် မီးရောင်များကိုလည်း မြင်ရသေးသည်။ မြို့ထဲတွင် မောင်းနှင်သွားနေကြသော ယာဉ်ရထားများ၊ မလှုပ်မယှက်နေသော မီးရောင်များကိုလည်း မြင်ရ၏။

"အင်း အဲဒီအလင်းရောင်တွေဟာ မတည်မြဲကြဘူး၊ မြစ်ထဲမှာ အရောင်ဟပ်နေတဲ့ သူတို့ရဲ့အရောင်များ၊ အရိပ်များဟာလည်း မတည်မြဲကြဘူး" ဟု နောင်တော်၏ စိတ်ထဲတွင် အောက်မေ့မိ၏။

နောင်တော်သည် တောအုပ်မှထွက်၍ ခရီးထွက်ခဲ့သည်မှာ ရက်ပေါင်းအတန်ကြာခဲ့လေပြီ။ သို့ရာတွင် နောင်တော်သည် မောပန်းခြင်းမရှိ၊ နွမ်းနယ်ခြင်းမဖြစ်မိ။ လေ့သမ္ဗာန်တို့ စုန်ဆန်ကူးခတ်လူးလားကာ မီးရောင်တို့ထင်ဟပ်နေသည့် မြစ်ပြင်ကြီးကို မြင်လိုက်ရသည့်အခါတစ်ရံရောအခါက ညချမ်းတစ်ခုကို သွား၍ သတိရမိသည်။ ထိုစဉ်၌ လေညင်းက တသုန်သုန်။ အင်ကြင်းကိုင်းတို့က လေပြည်ထဲတွင် ယိမ်းလူ့ပ်လျက်။ ဗုဒ္ဓအရှင်သည် ပင်ပန်းလှသည့်အတွက် သစ်ရိပ်တွင် ထိုင်ကာ နား၏။ မြေပြင်တွင် တင်ပျဉ်ဖွဲ့ခွေကာ နဖူးမှ ချွေးတို့ကို သင်္ကန်းဖြင့် သုတ်၏။

ထိုစဉ် မီးအိမ်ကို ကိုင်လာသော အဘိုးအိုတစ်ယောက်နှင့်တွေ့သည်။ မီးအိမ်ထဲမှ မီးတောက်ကိုမူ ကောင်းစွာ မမြင်ရ။ ဆီမီးခွက်ထဲမှ မီးတန်းလေးကိုသာ မြင်ရသည်။

"အချိန်လင့်ပြီ၊ အဘယ်အရပ်သို့ သွားမည်နည်း၊ လသာသော ညတွင် အဘယ်ကြောင့် မီးအိမ်ကို ထွန်းလာခဲ့သနည်း"

ဟု ဗုဒ္ဓက မေးတော်မူ၏။

အဘိုးအိုမှာ မောပန်းသဖြင့် အသက်ပြင်းစွာ ရှူနေရ၏။

"အဘယ့်ကြောင့် မီးအိမ်ကို ထွန်းခဲ့ရသနည်း" ဟု ဗုဒ္ဓက မေးတော် မူပြန်သည်။

"ဆီမီးအိမ်သည် ကျွန်ုပ်အတွက် ထွန်းခဲ့ခြင်းမဟုတ်။ သင့်အတွက် ထွန်းခဲ့ခြင်းဖြစ်၏။ မှောင်မိုက်သော အကာလ၌ ကျွန်ုပ်ကို အသင်တိုက်မည် စိုးသည့်အတွက် ထိုမီးအိမ်ကို ထွန်းခဲ့ခြင်းဖြစ်၏"

"လရောင်တို့ ထိန်လင်းလျက်ရှိနေသည် မဟုတ်လား"

"လရောင်ကို မည်သူအားကိုး၍ ရသနည်း အသင်ရဟန်း၊ လရောင်သည် ကောင်းကင်တွင် ချိတ်ဆွဲထားသည့် ကျောက်တုံးတစ်တုံးသာဖြစ်၏။ အချိန်မရွေးပြုတ်ကျနိုင်သည်သာဖြစ်၏"

"ကျွန်ုပ်၏ တစ်သက်တာတွင်လည်းကောင်း၊ သင်၏ တစ်သက်တာတွင်လည်းကောင်း လဝန်းသည် ကြွေကာကျဦးမည် မဟုတ်၊ အသင်ဘယ်ကြောင့် ဆီမီးအိမ်ကိုကိုင်၍ လာခဲ့သနည်း"

"သစ္စာတရားကို ရှာရန်အတွက် ငါသည် ကိုင်၍ လာခြင်းဖြစ်သည် ရဟန်း"

"သို့ဖြစ်လျှင် သစ္စာတရားကို သင်တွေ့ခဲ့ပြီလော"

"မတွေ့ခဲ့သေးပါ"

"သစ္စာတရားကို ဆီမီးခွက်ဖြင့် လိုက်ရှာ၍ မရနိုင်၊ အကယ်၍ အသင်ကိုင်သည့် ဆီမီးခွက်သည် နေမင်းကဲ့သို့ အစဉ်အမြဲ မယိမ်း မယိုင် ထွန်းလင်းတောက်ပနိုင်သည်ဆိုလျှင် ကျွန်ုပ်နားလည်နိုင်သေး ၏။ ယခုမူ သင်၏ မီးအိမ်သည် လေတိုက်တိုင်း ယိမ်းလူပ်လျက်ရှိ နေ၏။ ထိုအရာဖြင့် သစ္စာတရားကို ရှာ၍ မရနိုင်"

"ငါ့ရှင်၊ သင်၏ ဣန္ဒြေသည် ကြည်လင်၏။ သင့်အရေအ ဆင်းသည် သန့်ရှင်း၏၊ သင်သည် မည်သည်ကို ရည်စူး၍ ရဟန်း ပြုပေသနည်း။ မည်သည့်တရားကို သင်ကြားခဲ့သနည်း၊ မည်သူ၏ တရားကို သင်ကြားခဲ့သ နည်း၊ သင်၏ ဆရာသည် မည်သူပေနည်း၊ ကျွန်ုပ်ကား ဥပကမည်သော အာဇီဝဖြစ်ပေ၏"

"ဥပက၊ ငါသည် အလုံးစုံကို သိအပ်ပြီးပြီ၊ အလုံးစုံကို စွန့်အပ် ပြီးပြီ၊ ကိလေသာမှ လွတ်မြောက်ခဲ့၍ တဏှာ၏ ကုန်ရာနိဗ္ဗာန်ကို တွေ့ခဲ့ပြီ၊ ကိုယ်တိုင် အထူးသိမြင်ပြီးဖြစ်၍ မည်သည့်ဆရာမှ ငါ့အား ညွှန်စရာမရှိ၊ ဥပကရဟန်း၊ ငါ့၌ ဆရာမရှိ၊ လောက၌ ငါသည် ရဟန္တာဖြစ်၏။ အလုံးစုံသော တရားတို့ကို မှန်စွာသိသော တစ်ဆူ တည်းသော ဘုရားဖြစ်၏။ ကိလေသာမီးငြိမ်းသည်ဖြစ်၍ ငါသည် ချမ်းမြေ့၏။ ငါသည် ဓမ္မစကြာတရားကို ဟောရန် ဗာရာဏသီသို့ သွားအံ့၊ တရားတည်းဟူသော အမြိုက်စည်ကြီးကို တီးခတ်ပေအံ့"

ဥပကအာဇီဝသည် အစတွင် ဗုဒ္ဓမြတ်စွာကို သာမန်ရဟန်းတစ်ပါးဟု သာ အောက်မေ့မိ၏။ သို့ရာတွင် သဗ္ဗညုတဉာဏ်တော်ကိုရသည့် သမ္မာ သမ္ဗောဓိစင်စစ်ဖြစ်ကြောင်းကိုမူ ကြားသိရသည့်အခါတွင်မူ သံသယတို့သည် ပျောက်ကွယ်သွားကြကုန်၏။ ခပ်စောစောကလောက် လှောင်ပြောင်သရော် သည့် စကားမျိုးမရှိတော့။ ဥပကသည် မြေကြီးတွင်ထက်ဝယ်ဖွဲ့ခွေထိုင်လျက် ရှိသော ဗုဒ္ဓကို သေချာစွာကြည့်၏။

"ငါ့ရှင် သင်ဝန်ခံသည့်အတိုင်း သဗ္ဗညုတဉာဏ်တော်ကိုရသည့် ဘုရားစင်စစ် ဧကန်ဖြစ်ပါသလော"

"ဥပက၊ အာသဝေါတရား ကုန်ခန်းခြင်းသို့ ရောက်ကုန်သော ငါကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် ဇိနမည်ကုန်၏။ ငါသည် အကုသိုလ် တရားတို့ကို အောင်မြင်အပ်ပြီးသည်ဖြစ်သောကြောင့် ဇိနမည်ပေ ၏"

"အသင်လာသည်ကို ကျွန်ုပ်ကြားပြီးဖြစ်၏၊ အကုသိုလ်တရားတို့ကို အောင်နိုင်ပြီးဖြစ်၍ ဗာရာဏသီတစ်ပြည်တစ်လုံးကိုလည်း သင်အောင်နိုင်၏လော"

"တစ်ညတည်းဖြင့် အောင်မည်မဟုတ်၊ သို့ရာတွင် ဗာရာဏသီပြည်ကို ငါအောင်ရမည်ဖြစ်၏။ ဤအချက်ကိုမူ ငါအကြွင်းမရှိယုံပေ၏။ လောင်မြိုက်သော မီးတို့ကို ငြိမ်းသတ်နိုင်ရန်နှင့်အမျှ ငါသည် ဗာရာဏသီပြည်ကို အောင်မြင်ပေအံ့"

ဥပကအာဇီဝသည် ခေါင်းကို ညိတ်ကာ

"သင်ပြောသည့်စကားအတိုင်း ဟုတ်ကောင်းဟုတ်ပေရာ၏။ ကျွန်ုပ်ကမူကား ကျွန်ုပ်မီးတိုင်ဖြင့် သစ္စာတရားကို ဆက်လက်ရှာဖွေတော့အံ့"ဟု ဆို၍ ဥပကသည် ခရီးဆက်မည်ပြုသည်။

ဗုဒ္ဓအရှင်သည် ဥပကရဟန်းကို တားဆီးလိုက်ရင်း

"သင်၏ ဆီမီးတိုင်ကို ထို့ထက်ပို၍ လင်းစေရန် ဒီပစ္စည်းကို ယူသွားလေတော့ ငါ့ရှင်"

ဟုဆိုကာ ဥပကလက်ထဲသို့ တစ်စုံတစ်ရာကိုထည့်လိုက်လေသည်။

"ဘယ်အရာနည်း ငါ့ရှင်၊ ဤအလင်းရောင်ထဲတွင် သင်ပေးသည့်ပစ္စည်းကိုပင် ငါမခွဲခြားနိုင်"

"နှမ်းစေ့တစ်စေ့ ဖြစ်ပေ၏"

"နှမ်းစေ့တစ်စေ့ကို စိုက်ပျိုးလေ၊ ထိုအစေ့မှ နှမ်းပင်ပေါက်ရာ၏၊ ထိုနှမ်းပင်မှ နှမ်းဆီထွက်ရာ၊ ထိုနှမ်းပင်မှ သန်းပေါင်းများစွာသော နှမ်းပွင့်တို့ ပွားများရာ၏။ ထိုအခါတွင် သင့်ဆီမီးခွက်ကို ထွန်းရန် လုံလောက်သော ဆီတို့ရပေလိမ့်မည်"

"ကောင်းပါပြီ ငါ့ရှင်"

ဟုဆိုကာ ဥပကလည်း မီးတုတ်ကို ကိုင်၍ ခရီးဆက်လာခဲ့သည်။

## ၁၄

ထိုနေ့ညဥ့် မိဂဒါဝုန်တောရှိ ရဟန်းငါးဦးတို့သည် ရဟန်းဂေါတမအကြောင်း ကို တိုင်ပင်နှီးနှောလျက်ရှိကြ၏။

ရဟန်းငါးဦးတို့ကိုယ်တွင် ဆူးခက်သက်န်းများဝတ်ဆင်လျက်။ သစ်ရွက်တို့ကို ရစ်ပတ်လျက်။ ဆူးလည်ဆွဲပုတီးတို့ကို လည်တွင်ဆွဲလျက်။ သူတို့ကိုယ်တွင် ဖုန်မှုန်နှင့်အညစ်အကြေးတို့ လိမ်းကျံလျက်။ ရဟန်းငါဦးတို့သည် ယခုတိုင် မီးကို လုပ်ကျွေးပူဇော်လျက်ရှိကြဆဲဖြစ်ပြီး ဝင်လုဆဲနေမင်းကို ချီးကျူးသည့် ဥဒါန်းဂါထာတို့ကို ရွတ်ဆိုလျက်ရှိကြ၏။

နေဝင်သွားသည့်အခါ၌ပင် ရဟန်းငါးဦးတို့သည် ပျားဖယောင်းတိုင် များထွန်းညှိကာ တောအုပ်တစ်နေရာတွင် စုဝေး၍ မီးပူဇော်လျက်ရှိကြသည်။

သူတို့အထဲတွင် အသက်အကြီးဆုံးဖြစ်ပြီး တရားကို အပြင်းထန်ဆုံးကျင့်သူတစ်ဦးဖြစ်သည့် အဿဇိက နှာခေါင်းပေါက်ထဲမှ ဆူးများကျလာအောင်ကျင့်နေရင်းမှ မြေကြီးကို ဗုန်းဗုန်းမြည်အောင် လက်သီးဖြင့်ထုရိုက်လိုက်ရင်း

"ရဟန်းဂေါတမသည် မင်းသားတစ်ပါးမျှသာဖြစ်၏။ ထို့ကြောင့် တရားအားထုတ်ခြင်းကြောင့် မသေမပျောက်ကြွင်းကျန်ရစ်ခဲ့သည်ဆိုလျှင် ငါတို့ဆီ မုချပြန်ရောက်လာမည်ဖြစ်၏။ မိမိသည် သမ္မာသမ္ဗောဓိအဖြစ်ကိုရအောင် သေသည်အထိ ကျင့်တော့အံ့ဟု ငါတို့ကို ပြောသွား၏။ ငါ့အထင်တွင်မူ ရဟန်းဂေါတမသည် သမ္မာသမ္ဗောဓိအဖြစ်ကို သေပြီးနောက်မှပင်ရတော့အံ့ဟု ထင်သည်"

အတန်ကြာသည့်အခါတွင် ကောဏ္ဍညက

"ငါ့ရှင်တို့ တစ်စုံတစ်ယောက်လာနေသည့် ခြေသံများ မကြားသလော" ဟုမေးသည်။

အဿဇိက

"မည်သည့်ခြေသံကိုမှ မကြားပြီ ငါ့ရှင်၊ ယခုလောက်ဆိုလျှင် ရဟန်းဂေါတမသည် သေကြေပျက်စီးအံ့ပြီထင်သည်၊ ရဟန်းဂေါ

တမအား အာနန္ဒာ လာ၍ ရွှေနန်းတော်သို့ ပြန်လိုက်ရန် ခေါ်သည်ဟု ပြောသည်။ ရဟန်းဂေါတမသည် မည်သို့မှ မပြောဘဲမျက်လုံးကို မှိတ်ကာ တိတ်တိတ်သာနေသည်ဟုလည်း ငါပြောသံ ကြားရသည်”

ရဟန်းငါးဦး၏ အသံများကို အတန်ကြာမျှ တိတ်ဆိတ်သွားသည်။ သစ်ရွက်တို့ လေတိုးသံ၊ ပိုးပုရစ်တို့မြည်သံ၊ ညဥ့်ငှက်တို့မြည်သံ၊ နွေးထွေး သည့် လရောင်ထဲတွင် သမင်များနှင့် ဒရယ်များ ပြေးလွှားသံများကြားရသည်။

“ရဟန်းဂေါတမသည် ငါတို့ထံသို့လာတော့မည်မဟုတ်”

အဿဇိက ပြောသည်။

ထိုစဉ် အရှေ့ဘက်မှ တောစပ်အတွင်း လမင်းကြီးသည် တငြိမ့်ငြိမ့် ပေါ်ထွက်လာခဲ့သည်။ လရောင်ထဲတွင် မိဂဒါဝုန်တောဘက်သို့ ကြွလာနေ သော ဗုဒ္ဓကို သူတို့ မြင်လိုက်ရသည်။ ဂင်္ဂါမြစ်ဘက်မှ တိုက်ခတ်လာသော လေပြည်လေညင်းကြောင့် ဘုရားရှင်၏ ကိုယ်တော်တွင် ရုံလာသည့် သင်္ကန်း တော်သည် လွင့်လျက်ရှိနေသည်။

သာမဏေငါးဦးသည် သူတို့ထံပါးသို့ ကြွတော်မူလာသော ဘုရား ရှင်ကို သူတို့မြင်ကြသည်။ သို့ရာတွင် မည်သို့မျှ လှုပ်ရှားခြင်းမပြု။ နောက် ဆုံးတွင် အဿဇိက

“ရဟန်းဂေါတမသည် ငါတို့ဆီသို့ လိုက်လာပြီ၊ တရားအား ထုတ်ရာမှ ထွက်လာခဲ့ပြီး လာဘ်လာဘပေါများရန် ရွာတစ်ကာသို့ လှည့်လည်လျက် ရှိ၏။ သူ့ကို ငါတို့ ခရီးဦးကြို မပြုစတမ်း၊ ရှိမခိုး ကြစတမ်း၊ သပိတ်သင်္ကန်းကို လှမ်းမယူကြစတမ်း၊ သို့ရာတွင် နေရာ ကိုမူ ခင်းထားသင့်၏။ သူထိုင်လိုလျှင် ငါတို့အနားတွင် ထိုင်လိမ့် မည်”

ထွက်စပြုလရောင်ထဲတွင် ဘုရားရှင်၏ အရိပ်တော်သည် ခါတိုင်း ထက် ပိုမြင့်နေသည်ဟု ထင်ရ၏။

ရဟန်းတစ်ပါးကထ၍ ဘုရားရှင်၏ သပိတ်ကို လှမ်းယူသည်။ အ ခြားတစ်ပါးက ကိုယ်ရုံသင်္ကန်းကို လှမ်းယူသည်။ တစ်ပါးကနေရာထိုင်ခင်းပေး သည်။ ကောဏ္ဍညက ခြေလက်တို့ကို ဆေးကြောသန့်စင်ရန် စမ်းချောင်းမှ ရေ ကိုခပ်ပေးသည်။ ရဟန်းငါးဦးတို့သည် အတန်ကြာမျှ တိတ်ဆိတ်နေကြသည်။

နောက်ဆုံးတွင် အဿဇိက ပဋိသန္ဓာရ စကားစလိုက်၏။

“ရဟန်းဂေါတမ၊ ငါ့ရှင်သည်”

“ငါ့ကို ရဟန်းဂေါတမလို့ မခေါ်ကြနှင့်တော့၊ ငါသည် ရဟန်း ဂေါတမမဟုတ်တော့ပြီ”

"ရဟန်းဂေါတမသည် မှတ်ဉာဏ်ချို့ယွင်းသည့် ရောဂါစွဲကပ်လာဟန်ရှိ၏။ သူ့ကိုယ်သူပင် ပြန်၍ မသိယောင်တကား"ဟု အဿဇိက အခြား ရဟန်းများကို လှမ်းပြောလိုက်သည်။

"ရဟန်းတို့၊ ငါဘုရားကို ရှေးက ခေါ်ဝေါ်ခဲ့သော အမည်တို့ဖြင့် မခေါ်ကြကုန်လင့်၊ ငါ့ရှင်ဟု ငါ့အားပြောဆိုသုံးစွဲခြင်းမပြုကြလင့်၊ ငါသည် ကိလေသာအားလုံးမှ ဝေးကွာခဲ့ပြီ၊ ငါသည် သဗ္ဗညုတဉာဏ်တော်ကိုရသော တထာဂတအဖြစ်သို့ရောက်ခဲ့ပြီ၊ ရသော မိမိအလိုကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိခဲ့ပြီ။ ငါကိုယ်တိုင် သိမြင်ခဲ့သော ဓမ္မကို သင်တို့အား ငါဟောကြားအံ့၊ ငါဘုရားဆုံးမခဲ့သည့်အတိုင်း ကျင့်ကြံကြလျှင် တရားကျင့်ခြင်း၏ အဆုံး၌ သင်တို့သည် သင်တို့သည် လောကုတ္တရာတရားကို ကိုယ်တိုင်ကိုယ်ကျ မျက်မှောက်ပြုနိုင်ကြမည်"

"သို့ဖြစ်လျှင်ငါ့ရှင်၏ တရားမည်သည် အဘယ်နည်း"ဟု အဿဇိက မေး၏။

"ရဟန်းတို့၊ ရဟန်းမည်သည် အယုတ်တရား နှစ်ပါးကိုမမှီဝဲအပ်၊ အဘယ်အယုတ်တရားဟူမူကား

ယုတ်ညံ့လှစွာသော ရွာသူတို့၏ ဥစ္စာဖြစ်သော၊ ပုထုဇဉ်တို့အလေ့အထဖြစ်သော၊ အရိယာတို့ စီးပွားဥစ္စာဖြစ်သော စီးပွားချမ်းသာဖြစ်ကြောင်းနှင့် မစပ်သော ကာမဂုဏ်ချမ်းသာကို အဖန်ဖန်တလဲလဲခံစားခြင်းသည် တစ်ခုသော အယုတ်တရားဖြစ်၏။

အရိယာတို့၏ ဥစ္စာဖြစ်သော၊ စီးပွားချမ်းသာကြောင်းနှင့် မစပ်သော မိမိကိုယ်မိမိ ပင်ပန်းဆင်းရဲအောင် အဖန်ဖန်တလဲလဲ နှိပ်စက်ခြင်းသည် တစ်ခုသော အယုတ်တရားဖြစ်၏။ ဤတရားနှစ်ခုစလုံးကို အယုတ်တရားဟု ခေါ်ပေ၏။

ရဟန်းတို့ အယုတ်တရားနှစ်ပါးတို့ မကပ်ရောက်မူ၍ ငါဘုရားသည် မဇ္ဈိမပဋိပဒါအကျင့်ကို ထိုးထွင်း၍ သိတော်မူခဲ့ပြီ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ဧကန် သိတော်မူခဲ့ပြီ၊ ထိုအကျင့်သည် ပူဆာသိမ်း၍ ငြိမ်းခြင်းငှာ ထူးသော ဉာဏ်ဖြင့် ကောင်းစွာ သိခြင်းငှာ နိဗ္ဗာန်အကျိုးသာဖြစ်၏၊ ထိုမဇ္ဈိမပဋိပဒါသည် အဘယ်နည်း။

သမ္မာဒိဋ္ဌိ=ကောင်းစွာမြင်ခြင်း၊ သမ္မာသင်္ကပ္ပ=ကောင်းစွာကြံခြင်း၊ သမ္မာဝါစာ=ကောင်းစွာဆိုခြင်း၊ သမ္မာကမ္မန္တ=ကောင်းစွာပြုခြင်း၊ သမ္မာအာဇီဝ=ကောင်းစွာ အသက်မွေးခြင်း၊ သမ္မာဝါယာ

မော=ကောင်းစွာ အားထုတ်ခြင်း၊ သမ္မာသမာဓိ=ကောင်းစွာ တည်ကြည်ခြင်း၊ သမ္မာသတိ=ကောင်းစွာအောက်မေ့ခြင်းစသော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အရိယာမဂ္ဂသာဖြစ်လေ၏”

ပဉ္စဝဂ္ဂီငါးဦးတို့သည် လရောင်တွင် ဝင်းလဲ့လျက်ရှိသည့် ဗုဒ္ဓရှင်တော်၏ သက်န်းကို ငေးစိုက်ကြည့်ရင်း ဗုဒ္ဓရှင်တော်၏ တရားကို နာနေကြသည်။ တစ်ခါတစ်ရံတွင်လည်း တရားနာနေကြရင်း သူတို့အချင်းချင်း တီးတိုး ပြောကြသေးသည်။ ရဟန်းငါးဦးတို့သည် အနီးသို့ တဖြည်းဖြည်းကပ်လာပြီး ဗုဒ္ဓရှင်တော်၏ မျက်နှာတော်ကို မော်ဖူးလိုက်ကြသည်။

လေညင်းခတ်သည့် အသံတစ်မျှလောက်သာရှိသည့် တိုးတိတ်ညင်သာသည့် ဗုဒ္ဓရှင်တော်၏ အသံကို စူးစိုက်နားထောင်ကြသည်။

တဖြည်းဖြည်းနှင့် ညဥ့်နက်ခဲ့လေပြီ။

နွားကျောင်း၊ ဆိတ်ကျောင်းသားတို့၏ ပလွေသံကိုလည်းမကြားရတော့။ သမင်ငယ်၊ ဒရယ်ငယ်တို့၏ ပြေးလွှားဆော့ကစားသံများလည်း ဆိတ်ခဲ့လေပြီ။ ဗုဒ္ဓရှင်တော်သည် အတန်ကြာမျှ ရပ်နားပြီးနောက် ဓမ္မစကြာတရားတော်ကို ဆက်၍ ဟောတော်မူ၏။

**“ဖြစ်ရခြင်းသည် ဆင်းရဲ၏။**

**အိုရခြင်းသည်လည်း ဆင်းရဲ၏။**

**နာရခြင်းသည်လည်း ဆင်းရဲ၏။**

**မချစ်မနှစ်သက်သူနှင့် ပေါင်းဖော်ရခြင်းသည်လည်း ဆင်းရဲ၏။**

**ချစ်ခင်ရသော သက်ရှိသက်မဲ့ သင်္ခါရများနှင့် ကွေကွင်းရခြင်းသည်လည်း ဆင်းရဲ၏။**

**တောင့်တတိုင်း မပြည့်စုံရခြင်းသည်လည်း ဆင်းရဲ၏။**

**အကျဉ်းအားဖြင့် ဥပါဒါန ခန္ဓာငါးပါးတို့သည် ဆင်းရဲကုန်၏”**

ကောဏ္ဍညရဟန်းသည် ရှေ့သို့ တဖြည်းဖြည်းတိုးလာခဲ့၏။ ထို့နောက် ဗုဒ္ဓရှင်တော်၏ သင်္ကန်းများကို လက်ဖြင့် အသာထိသည်။ ကျန်ရဟန်းလေးဦးတို့သည် လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။ အဿဇိသည် သူ့မျက်နှာပေါ်တွင် စိုက်ထားသည့် ဆူးချောင်းကြီးများကို ဆွဲနှုတ်လိုက်သည်။

“ရဟန်းတို့ သစ္စာလေးပါးတရား ဟူသည်ကား”

“ရဟန်းတို့ ငါဘုရားသည် ထိုးထွင်း၍ သိအပ်သော၊ သစ္စာလေးပါးကို မြင်တတ်သော၊ ပညာမျက်စိကို ပြုတတ်သော၊ သစ္စာလေးပါးကို သိခြင်းပြုတတ်သော ဉာဏ်မဂ္ဂင်ရှစ်ပါးတည်းဟူသော အလတ်ဖြစ်သော အကျင့်သည် ကိလေသာငြိမ်းခြင်းတည်းဟူသော

နိဗ္ဗာန်အကျိုးငှာ၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့်သိခြင်းငှာ၊ သစ္စာလေးပါးကို ကောင်းစွာသိခြင်းငှာ၊ နိဗ္ဗာန်အကျိုး ငှာဖြစ်၏ ”

**ဒုက္ခသစ္စာ**

ရဟန်းတို့ ပဋိသန္ဓေရခြင်းသည်လည်း ဆင်းရဲခြင်း၏ အကြောင်းဖြစ် ၏။ ဆိုးရွားဟောင်းမြွေအိုမင်းရင့်ရော်ခြင်းသည်လည်း ဆင်းရဲခြင်း၏အကြောင်း ဖြစ်၏။ ဖျားနာခြင်းသည်လည်း ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။သေရခြင်း သည်လည်း ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ မချစ်မနှစ်သက်လိုသော သတ္တဝါသင်္ခါရနှင့်အတူတကွပေါင်းယှဉ်ရခြင်းသည်လည်းဆင်းရဲခြင်း၏အကြောင်း ဖြစ်၏။ ချစ်နှစ်သက်အပ်လိုသော သတ္တဝါ သင်္ခါရတို့နှင့် ကွေကွင်းရှဲခွာ ဖဲကြဉ်မပေါင်းယှဉ်ရခြင်းသည်လည်း ဆင်းရဲ၏။ အကြင် ပဋိသန္ဓေနေခြင်း စသော သဘောတရား၊ ငါ့အားမဖြစ်ပါမူ ကောင်းလေစွ စသည်ဖြင့် တောင့်တ ခြင်းကို မရအပ်။ ထိုတောင့်တတိုင်း မရခြင်းသည်လည်း ဆင်းရဲ၏။ အကျဉ်း အားဖြင့် ငါးပါးကုန်သော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့သည်လည်း ဆင်းရဲကုန်၏။

ဤဇာတိအစရှိသော တရားသည် ဒုက္ခဖြစ်သော အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

**သမုဒယသစ္စာ**

ရဟန်းတို့အကြင်လောကသည် တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ် သော အလေ့ရှိ၏။ နှစ်သက်ခြင်း၊ တပ်မက်ခြင်းဖြစ်၍ ဖြစ်၏။ ထိုထိုကိုယ်၏ အဖြစ် ထိုအာရုံ၌ အလွန်နှစ်သက်တတ်၏။

ထိုတဏှာသည် အဘယ်နည်း။

ရူပါရုံစသော ဝတ္ထုကာမကို တပ်မက်သော တဏှာသည်လည်း ကောင်း၊ ဘဝတဏှာ သဿတဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာကိုလည်းကောင်း၊ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာလည်းကောင်း၊ ဤတဏှာဟူသော သဘော တရား သည် ဒုက္ခ၏အကြောင်းဖြစ်သော အရိယာတို့သည် သိအပ်သော သစ္စာ မည်၏။

**နိရောသေစ္စာ**

ရဟန်းတို့ ထိုကာမတဏှာစသည်ဖြင့် ဝေဖန်အပ်သော လောဘ၏ သာလျှင် အကြင်အကြွင်းမဲ့တပ်ခြင်းကင်းရာချုပ်ရာဖြစ်သော နိဗ္ဗာန်သည်၊ အ

ကြင်စွန့်ရာဖြစ်သော နိဗ္ဗာန်သည်၊ အကြင်လွတ်ရာဖြစ်သော နိဗ္ဗာန်သည်၊ အကြင်တပ်ငြိခြင်းကင်းရာဖြစ်သော နိဗ္ဗာန်သည်ရှိ၏။

ဤနိဗ္ဗာန်ဟူသော သဘောတရားသည် ဒုက္ခ၏ ချုပ်ရာဖြစ်သော အရိယာတို့သည် သိစေအပ်သော သစ္စာဖြစ်၏။

**မဂ္ဂသစ္စာ**

ရဟန်းတို့မြတ်သော ဤမဂ္ဂင်သည်သာလျှင် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံ ၏။ ဤမဂ္ဂင်သည် အဘယ်နည်း။

(၁) သမ္မာဒိဋ္ဌိ – ကောင်းစွာမြင်ခြင်း။
(၂) သမ္မာသင်္ကပ္ပော – ကောင်းစွာကြံခြင်း။
(၃) သမ္မာဝါစာ – ကောင်းစွာဆိုခြင်း။
(၄) သမ္မာကမ္မန္တော – ကောင်းစွာပြုခြင်း။
(၅) သမ္မာအာဇီဝေါ – ကောင်းစွာ အသက်မွေးခြင်း။
(၆) သမ္မာဝါယာမော – ကောင်းစွာ အားထုတ်ခြင်း။
(၇) သမ္မာသတိ – ကောင်းစွာ အောက်မေ့ခြင်း။
(၈) သမ္မာသမာဓိ – ကောင်းစွာတည်ကြည်ခြင်း။

ဤမဂ္ဂင်ရှစ်ပါးတရားသည်သာလျှင် ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သော အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

ဤသည်တို့မှာ ဗာရာဏသီပြည် မိဂဒါဝုန်တောတွင် ဗုဒ္ဓရှင်တော် ပထမဆုံးဟောကြားခဲ့သော တရားဦးဖြစ်ပြီး ပဉ္စဝဂ္ဂီငါးဦးတို့ နှုတ်တက်အာဂုံဆောင်ကာ နောင်တွင် ပေထက်အက္ခရာတင်ခဲ့သည့် ဒေသနာတော်ဖြစ်၏။

ထိုတရားတော်ကို ဟောကြားလျက်ရှိသော ဗုဒ္ဓမြတ်စွာဘုရား၏ အသံတော်သည် တိုးလည်းမတိုးလွန်း၊ ကျယ်လည်းမကျယ်လွန်းဘဲ သစ်ရွက်တို့အကြားတွင် လေညင်းတိုက်ခတ်လျက်ရှိနေ၏။

ဗုဒ္ဓမြတ်စွာသည် ကောဏ္ဍညပေးသော နေရာတွင် ထိုင်တော်မူပြီးနောက် ရဟန်းငါးဦးတို့၏ အညစ်အကြေးပေကျံနေသော ခန္ဓာကိုယ်တို့ကို ကြည့်၍ နေတော်မမူ။ ဆူးတွေစိုက်ထားသည့် သူတို့မျက်နှာတွေကိုလည်းကြည့်တော်မူခြင်းမရှိဘဲ သစ္စာလေးပါးတရားကိုသာလျှင် ဟောကြားတော်မူ၏။

"ရဟန်းတို့ ငါသည် တထာဂတဖြစ်ပေ၏။ ငါသည် သဗ္ဗညုတဉာဏ်ကို ရခဲ့ပြီ"

ဗုဒ္ဓမြတ်စွာသည် ပဉ္စဝဂ္ဂီငါးဦးတို့ကို တရားဦးဟောပြီးနောက် ထိုနေ့တစ်ညတာလုံး စတုတ္ထဈာန်ကို ဝင်စားတော်မူ၏။ အရုဏ်တက်လောက်အချိန်

ရောက်သည့်အခါ၌ လေဘောကြီး တိုက်စပြုလာသည်။ နှင်းတို့သည် မြစ်ပြင်ပေါ်တွင် ဝေ့ဝဲလျက်ရှိ၏။

မျောက်များသည် သစ်ပင်ပေါ်တွင် ဆူညံစွာ အော်ဟစ်၍ ပြေးလွှားလျက်ရှိ၏။ သို့ရာတွင် မျောက်များသည် ခါတိုင်းနှင့်မတူ။ ဗုဒ္ဓမြတ်စွာသည် မျက်နှာသစ်ရေသုံးသပ်ရန် မြစ်ဆိပ်သို့ ကြွလာခဲ့စဉ် ပြောင်းလဲနေသော လောကအလုံးကို သတိပြုမိတော်မူ၏။

ကောင်းကင်သည် ဘုန်းကျက်သရေဖြင့် တောက်ပထွန်းလင်း၏။ နံနက်ခင်းနေခြည်ထဲတွင် မြင်ရသော ဗာရာဏသီမြို့တော်သည် ယမန်နေ့ညမီးရောင် ထိန်ဝေစဉ်ကထက် ပို၍ ခမ်းနားကြီးကျယ်နေ၏။

လိပ်များသည် ရေပြင်ပေါ်တွင် ခေါင်းဖော်ကာ ဗုဒ္ဓမြတ်စွာကို ပူဇော်သည့်နှယ်ရှိကြ၏။

## ၁၅

ထိုအချိန်၌ ကောလိတမည်သော နွားကျောင်းသူငယ်လေးသည် တောချုံများ တွင် ပုန်းကွယ်ကစားနေ၏။

ကောလိတသည် လူမမည်သာသာအရွယ်မျှဖြစ်၍ ညစ်ပတ်စုတ်ပြတ်သည့်အဝတ်အစား ဝတ်ဆင်ထားသည်။ သူ့ခန္ဓာကိုယ်သည် ကြုံလှီဖျော့တော့ကာ သူ့ဝမ်းဗိုက်သည် ဟောက်ပက်လျက်ရှိ၏။ သူ့တင်ပါးနှင့် ကျောပြင်ကြီးတို့သည် အနာစိမ်းတို့ဖြင့် ပြည့်နေ၏။ သေးငယ်ကြုံလှီသည့် သူ့မျက်နှာသည် ခြောက်သွေ့နေသော သစ်သီးခွံတစ်ခုကဲ့သို့ ရှုံ့တွနေသည်။ သို့ရာတွင် မြစ်ဆိပ်အနီး ကျောက်ဖျာတစ်ခုပေါ်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်ကာ တရားအားထုတ်နေ သော ဗုဒ္ဓမြတ်စွာကို မြင်သည့်အခါတွင်မူ နွားကျောင်းသူငယ်ကောလိတသည် တအံ့တဩဖြစ်ကာ ဆက်၍ မကစားတော့ဘဲ အနီးရှိရွာထဲပြေးဝင်ကာ မိမိမြင်ခဲ့ရသည့် အခြင်းအရာကို ပြောပြတော့သည်။

"နင်မြင်ခဲ့ရတဲ့ ရဟန်းမျိုးက ဘယ်လိုရဟန်းမျိုးလဲ ကောလိတ"

လူကြီးများက မေးကြသည်။

"ဒီလိုရဟန်းမျိုးကို ကျွန်တော်တစ်ခါမှ မတွေ့ဖူးသေးဘူး၊ ကျောက်ဖျာပေါ်မှာ ရွှေအဆင်းလို ဝင်းဝါတဲ့ သင်္ကန်းကို ဆင်မြန်းပြီး တင့်တယ်တဲ့အသရေနဲ့ တရားအားထုတ်နေတာ ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ရတယ်ဗျ၊ ဦးခေါင်းထက်မှာလည်း ရောင်စုံပန်းတွေဝဲပျံနေသလို ရောင်ခြည်တော်တွေ ဝိုးဝိုးဝင်းဝင်း ထွက်လို့ဗျ၊ ပြီးတော့ အဲဒီရဟန်းရဲ့ အရိပ်ဟာလည်း ဂင်္ဂါမြစ်ရေလိုပဲ ပြာလဲ့ ကြည်လင်လို့ဗျ၊ ကိုယ်တော်ကို ကျွန်တော်ကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရပြီး ကိုယ်တော်ဟောတဲ့တရားကိုလည်း ကျွန်တော့်နားနဲ့ တပ်အပ်ကြားခဲ့ရတယ်"

"နေစမ်းပါဦးကွ၊ အဲဒီရဟန်းက အရင်ရဟန်းတွေလို ဆူးတွေစိုက်ပြီး နွားချေးတွေ မံမထားဘူးလား"

“ကြံကြီးစည်ရာဗျာ၊ သူ့ရုပ်လက္ခဏာတော်ကို ကျွန်တော်ပြော ပြမယ်၊ ပဒိုင်းပွင့်လို အဝါရောင်သင်္ကန်းကို ဆီးလို့ဗျ၊ အရပ်တော်က မြင့်ပြီး ရွှေလိုဝင်းနေတဲ့ ဦးပြည်းတော်ကိုလည်း ကြည့်ရတာက မြင့် မြတ်တဲ့ ကျက်သရေကို ဆောင်နေတယ်၊ ဂင်္ဂါမြစ်ထဲ ရေချိုးသုံး သပ်မလို့ဆင်းတော့ အသားအရေဟာဗျာ မျက်နှာက အသားအရည် လိုပဲ ရွှေလိုဝင်းနေတယ်ဗျ၊ အဲဒီသူတော်မြတ်ဟာ ကျွန်တော်တို့ ဗာ ရာဏသီမြို့ကြီးမှာရှိတဲ့ သတ္တဝါဝေနေယျ အပေါင်းတို့ကို တရားရေ အေး တိုက်ကျွေးလိမ့်မယ်ဗျ”

“နေစမ်းပါဦးဟဲ့ ကောလိတရဲ့၊ နာမည်ကရော ဘယ်လိုခေါ်သ တဲ့လဲ”

“ဒါတော့ ကျွန်တော်လည်း မသိဘူးဗျ၊ ကျွန်တော်လည်း ခဏ လောက်သာ ဖူးမြင်လိုက်ရတာကိုး၊ ကျွန်တော့်အထင်တော့ အဲဒီ ပုဂ္ဂိုလ်ဟာ တကယ့်ကို အကျင့်သီလနဲ့ပြည့်စုံတဲ့ သူတော်မြတ်ပဲလို့ သိလိုက်တယ်ဗျာ၊ သင်္ကန်းကို ကျောက်ဆောင်ပေါ်မှာချွတ်ပစ်ခဲ့တော့ အဲဒီအနားကို ဘယ်နတ်ဘယ်ဒေဝါမှ မကပ်ရဲကြဘူးဗျ၊ သူ့ကိုမြင် တော့ မိစ္ဆာနတ်ဒေဝါတွေဟာလည်း တိမ်တိုက်တွေလိုပဲ ဝေးရာကို ရှဲသွားကြတယ်၊ အဲဒီနတ်တွေ ထွက်ပြေးတာ ကျွန်တော်ကိုယ်တိုင် မြင်လိုက်ရတယ်”

“နင့်မျက်စိက နွားတွေကိုချည်း မြင်နေကျဆိုတော့ နင့်မျက်လုံး တွေဟာလည်း နွားချေးတွေ ပိတ်ဖုံးနေမှာပေါ့ ကောလိတရဲ့”

“မယုံလည်း နေကြဗျာ၊ ကျွန်တော်တော့ သူတော်မြတ်အမှန်ကို တကယ်တွေ့ခဲ့ပြီ၊ အဲဒီသူတော်မြတ်ဟာ ဗာရာဏသီမြို့သူမြို့သား တွေကို တရားရေအေးတိုက်ကျွေးမှာပဲ”

နွားကျောင်းသူငယ်ကောလိတသည် မင်္ဂလာသတင်းကြီးကို မပြောဘဲ မနေနိုင်။ ထို့ကြောင့် မြစ်ကမ်းတစ်လျှောက်တွင် ဟိုမှသည်မှ သွားလာကာ ထိုသတင်းကို တွေ့ရာလူအား ပြောပြနေသည်။ မကြားရသေးသူကိုလည်း ပြော ပြသည်။ ကြားပြီးသူကိုလည်း ထပ်လောင်းပြောပြသည်။ ထိုသူတော်မြတ်၏ အရပ်တော်သည် ယောက်ျားဆယ်ဦးစာမျှ မြင့်သည်ဟုလည်းကောင်း၊ တောင် ကြီးတစ်လုံးစာမျှမြင့်သည်ဟုလည်းကောင်း၊ ကောလိတပြောသည့်စကားကို မယုံကြည်ကြသေး။

သို့ရာတွင် ပြောဖန်များလာတော့ ဗာရာဏသီမြို့သူမြို့သားတို့သည် သူ့စကားကို ယုံကြည်စပြုလာ၏။

တတိယမြောက်နေ့တွင်မူ မိဂဒါဝုန်တောသို့ မြို့သူမြို့သားများတို့သည် ထိုသူတော်သူမြတ်ကို ဖူးမြော်ကြည့်ရှုရန် လာရောက်စုဝေးကြသည်။ ထိုအခါ၌ ကား နောင်တော်ဗုဒ္ဓရှင်တော်၏ အရပ်တော်သည် သူတို့စိတ်ထဲတွင် မိုးကောင်း ကင်ထက်ပင် မြင့်သေးသည်ဟု ထင်နေကြလေပြီ။ မှန်ပေ၏။ ဗုဒ္ဓရှင်တော်၏ အ ရပ်တော်သည် သာမန်လူတို့ထက်မြင့်ပေသည်။ ကိုယ်လုံးတော်သည် မပိန် လွန်း၊ မဝလွန်း၊မဆူလွန်း၊မကျုံ့လွန်း၊တင့်တယ်သောအသရေကိုဆောင်နေ၏။

ထောပတ်ဆီတို့ဖြင့် ထွန်းညှိထားသော မီးရောင်ထဲတွင် ဗုဒ္ဓရှင်တော် ၏ ကြေးနီရောင်ဦးပြည်းသည် ရောင်ဝါတို့ဖြင့် ထွန်းလက်လျက်ရှိ၏။ သို့ရာ တွင် ကောင်းကင်ကြီးတမျှ အရပ်မြင့်နေသော အရပ်တော်ရှိသည်ဆိုသည်မှာမူ မဟုတ်ချေ။ မိမိတို့နှင့် ဗုဒ္ဓ၏ ဘုန်းအာနုဘော်တို့ကြောင့်သာ သူတို့စိတ်ထဲ တွင် ထင်နေခြင်းသာဖြစ်သည်။

သစ်တစ်ပင်အောက်တွင် တင်ပျဉ်ဖွဲ့ခွေထိုင်နေသော ဗုဒ္ဓရှင်တော်ကို မြင်လျှင် ထိုသို့သောရဟန်းမျိုးကို မြင်ဖူးပြီးဖြစ်သည့်အတွက် ဘာမျှ မထူးဆန်း ဟု ယူဆကာ စိတ်ပျက်လက်ပျက်ဖြင့် ညည်းတွားကြသည်။

သို့ရာတွင် ညဉ့်ဦးယံရောက်၍ ဗုဒ္ဓရှင်တော်၏ ပျားရည်ကဲ့သို့ ချိုသာ သောအသံကို ကြားရသည့်အခါတွင်လည်းကောင်း၊ ထောပတ်ဆီမီးများ၏ အ ရောင်ထဲတွင် တလက်လက်တောက်ပနေသော ဦးခေါင်းတော်မှ ရောင်ခြည် တော်များကို မြင်ရသည့်အခါတွင်လည်းကောင်း မြင်သည့်အခါတွင်မူကား ယုံ မှား သံသယရှိသူအပေါင်းတို့သည် သံသယအပေါင်းတို့လွင့်စဉ်ကုန်ကြကာ ဗုဒ္ဓရှင်တော်၏ အသံတော်နှင့်ရုပ်လက္ခဏာတော်ကို ဖူးမြော်နာကြားကြကုန်ပြီး နောက် မဂ်ဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။

လောက၌ သစ္စာလေးပါးတရားတို့သည် အဘယ်နည်း။

မဂ္ဂင်ရှစ်ပါးတို့သည် အဘယ်တို့နည်း။

ဗုဒ္ဓရှင်တော်သည် သစ္စာလေးပါးတရားနှင့် မဂ္ဂင်ရှစ်ပါးတရားတို့ကို ဟောကြားပြီးနောက် ကောဏ္ဍညသည်လည်း ရဟန္တာဖြစ်တော်မူ၏။

နွားကျောင်းသူငယ်ကောလိတသည် ယားသည်ကိုမှ မကုတ်အား။ အ နာမှသည်းစွာနာနေသည်ကိုပင် ဂရုမပြုနိုင်ဘဲ ဗုဒ္ဓရှင်တော်၏ မျက်နှာတော်နှင့် ပျားရည်ကဲ့သို့ချိုမြိန်သော အသံတို့ကိုသာ စိတ်ဝင်စားလျက်ရှိနေ၏။

ထိုညက ဗာရာဏသီမြို့၌ ရာသီဥတုသည် ကြည်လင်တောက်ပ၏။ ညဉ့်ကောင်းကင်ယံကြီးသည် နေ့ခင်းကောင်းကင်ပြင်ကြီးကဲ့သို့ ကြည်လင်ပြာ လဲ့နေ၏။ နေ့လယ်က မုန်တိုင်းတိုက်ခတ်ထားသဖြင့် ဂင်္ဂါမြစ်လယ်က လှိုင်းတံ ပိုးတို့ဖြင့် ထကြွလျက်ရှိနေ၏။ ညတွင်မိုးမြူတိမ်တို့ဟူ၍ အလျဉ်းမရှိ။ ထိုနေ့

မှစ၍ နောက်နေ့များ၌ ခေါင်းတွင် ငှက်တောင်တို့စိုက်ထားသည့် ခမောက်များကို ဆောင်းထားသည့် မင်းပျိုမင်းလွင်များ၊ မှူးမတ်များသည် မိမိတို့ အိမ်သူအိမ်သားများနှင့်အတူ မိဂဒါဝုန်တောသို့ လာရောက်၍ ဗုဒ္ဓရှင်တော်၏ တရား ကို နာကြား၏။

နွားကျောင်းသားသူငယ် ကောလိတမှာကား ထိုမင်းပရိသတ်တို့ကို ကြည့်၍ ပီတိဖြစ်လျက်ရှိနေလေပြီ။ ကောလိတသည် တစ်ခါတစ်ရံတွင် အမွေးနံ့သာတို့လူးခြယ်ထားသည့် မင်းပျိုတစ်ဦး၏ အနားသို့ သွား၍လည်းကောင်း၊ တစ်ခါတစ်ရံတွင်မုတ်ဆိတ်ကျင်စွယ်တို့ပေါက်နေသော ကုန်သည်ကြီးများအနီးသို့သွား၍လည်းကောင်း၊ 'ဦးရီးတို့မြင်ကြပြီ မဟုတ်လော၊ ကျွန်ုပ်၏ မျက်လုံးများသည် နွားချေးတို့ ပိတ်လျက်ရှိနေပါသေးသလော'ဟု ဆိုကာ ထိုသူတို့ကို ဗုဒ္ဓရှင်တော်နှင့် မနီးမဝေး သင့်တင့်လျောက်ပတ်သောနေရာတို့ကို ခေါ်ဆောင်သွား၏။

နွားကျောင်းသားသူငယ်ကောလိတသည် ဗုဒ္ဓရှင်တော်ကို မြင်ရသည့်အခါတွင် မြူးထူးရွှင်ပျော်ခြင်းတစ်မျိုးဖြစ်သကဲ့သို့ ထိုညက ကောင်းကင်တွင် လဝန်းသည်လည်း မြူးထူး၏။

ဘော်သာခွာငွေအဆင်းကဲ့သို့ ဖြူဝင်းသောလမင်းသည် ကောင်းကင်တွင်ထိန်ထိန်သာနေ၏။ ထိုညကလသာပုံမျိုးကို ဗာရာဏသီမြို့တစ်မြို့လုံး တစ်ခါဖူးမျှ မမြင်ဖူးကြသေး။

မိဂဒါဝုန်တောတွင် ဗုဒ္ဓရှင်တော်မြတ် တရားဦးဟောတော်မူပြီးနောက် လေးရက်မြောက်နေ့တွင် ကျွန်ုပ်သည် ဗာရာဏသီသို့ ရောက်သွား၏။

လမ်းတွင် တထာဂတသည် ဝါရွှေသော သင်္ကန်းကို ဝတ်ဆင်ကာ သဗ္ဗညုတရွှေဉာဏ်တော်ကိုရတော်မူသည့် သတင်းများကို ကျွန်ုပ်ကြားရသည်။ ကျွန်ုပ်သည် မိဂဒါဝုန်တောသို့ ဗုဒ္ဓရှင်တော်ကို ဖူးမြော်ခြင်းပြု၏။ နောင်တော်၏ ရုပ်လက္ခဏာသည် များစွာ ပြောင်းလဲသွားခဲ့လေပြီ။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် နောင်တော်အနားမှ မခွာတော့။ နောင်တော်ကြွချီရာနောက်သို့ အမြဲလိုက်ပါခဲ့သည်။

ဗုဒ္ဓရှင်တော်သည် ဗာရာဏသီမှ အနောက်မြောက်စူးစူးသို့ ဒေသစာရီ ကြွချီခဲ့ရာ ကျွန်ုပ်လည်း ရှင်တော်၏ ထံပါးမှ လိုက်ပါလာခဲ့သည်။ ခရီးသည် ကြမ်းတမ်းသဖြင့် ခြေထောက်တွင် ခြေနင်းမပါသော ကျွန်ုပ်တို့ခြေထောက်များသည် ကွဲရှကုန်ကြ၏။

ညချမ်းသို့ ရောက်ကြလျှင် ကျွန်ုပ်တို့သည် နီးရာစမ်းချောင်းတစ်ခုတွင် ဆင်း၍ ကိုယ်လက်သန့်စင်ကြသည်။ ထိုအချိန်၌ကား သမ္မာသမ္ဗောဓိရွှေဉာဏ်

တော်ရပြီဟူသော ဗုဒ္ဓ၏သတင်းသည် နီးဝေးအနှံ့ကျော်စောလျက်ရှိနေသဖြင့် ရွာသူရွာသားအပေါင်းတို့သည် ဗုဒ္ဓရှင်တော်ကို ဆီးကြိုပူဇော်ခဲ့ကြသည်။

ကျွန်ုပ်တို့ဒေသစာရီကြွချီလာခဲ့ရသည့် တစ်လအတွင်း၌ကား ကျွန်ုပ်တို့နောက်တွင် သံဃာအပါးလေးရာခန့်ရှိလေပြီ။ ကျွန်ုပ်သည် မကြာခဏဆိုသလိုပင် ဗုဒ္ဓရှင်တော်ထံပါးမှ လိုက်လာခဲ့ရာ ကပိလဝတ်ပြည်ကြီးအကြောင်းကိုလည်းကောင်း၊ ရွှေနန်းတော်ကြီးအကြောင်းကိုလည်းကောင်း၊ ယသော်ဓရာအကြောင်းကိုလည်းကောင်း လျှောက်တင်ကြည့်၏။

သို့ရာတွင် နောင်တော်သည် ရွှေနန်းတော်ကြီးအကြောင်းကိုလည်း ကောင်း၊ ယသော်ဓရာအကြောင်းကိုလည်းကောင်း၊ သားတော်ရာဟုလာအကြောင်းကိုလည်းကောင်း တစ်ခွန်းတစ်ပါဒမျှ ပြောဆိုခြင်းမပြု။ ကျုပ်သည် နောင်တော်စိတ်လည်လိုလည်ငြား ရွှေနန်းတော်ကြီးတွင် မတရားမှုတို့များပြားနေကြောင်း၊ ရွှေနန်းတော်သူ ရွှေနန်းတော်သားတို့သည် အတိဒုက္ခရောက်နေကြကြောင်း စသည်ဖြင့်ပြောကာ လျှောက်တင်ကြည့်၏။

"အရှင်ကိုယ်တော်တိုင် ရွှေနန်းတော်ကြီးသို့ ကြွပြီး တရားမျှတမှုတို့ ပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးတော်မူပါ ဘုရား၊ အရှင်ကိုယ်တော်တိုင် ကိုယ်ထင်ပြလိုက်သည်နှင့် ကပိလဝတ်ပြည်တစ်မြို့လုံးတွင် တရားမျှတမှုတို့ သက်ရောက်လာပါလိမ့်မယ် ဘုရား"

"ငါဘုရားသည် အားလုံးသော သံယောဇဉ်အနှောင်အဖွဲ့တို့မှ ဖြတ်တောက်ခဲ့ပြီလို့ ပြောခဲ့ပြီးပြီ အာနန္ဒာ၊ သည်ရေအလျဉ်ထဲကို ငါဘယ့်နှယ် ပြန်ရောက်နိုင်တော့မှာလဲ၊ အကယ်၍ ကပိလဝတ်ပြည်ကို ငါပြန်သွားသည့်တိုင် မင်းသားတစ်ပါးအနေဖြင့် မပြန်တော့ပြီ၊ ငါသည် သမ္မာသမ္ဗောဓိရွှေဉာဏ်တော်ရသည့် သူတော်သူမြတ်ဖြစ်နေပြီး သူတော်သူမြတ်အဖြစ်သာ ပြန်တော့မည်၊ ကပိလဝတ်ပြည်ကို ငါမင်းအဖြစ်အုပ်စိုးခြင်းဖြင့် ဘာမှထူးခြားမည် မဟုတ်၊ လူသတ္တဝါတို့အားလုံး မေတ္တာတရားကို ကိုင်စွဲမှသာလျှင် မတရားမှုတို့ ပျောက်ကွယ်တော့မည် အာနန္ဒာ"

## ၁၈

ဗာရာဏသီမှ ကျုပ်တို့ထွက်လာခဲ့၍ လေးရက်မြောက်သောနေ့တွင် ကျုပ်တို့သည် မီးပူဇော်သူတို့၏ ဝတ်ကျောင်းဆောင်တစ်ဆောင်အနီးသို့ ရောက်လာခဲ့သည်။

ထိုသူတို့မှာ လောကီပညာအရာတွင် တစ်ဖက်ကမ်းခတ်တတ်မြောက်ကြသည်ဟု ကျော်စောသော ဂိုဏ်းဆရာကြီးများဖြစ်ကြသည်။

ထိုဂိုဏ်းဆရာကြီးများက မိဂဒါဝုန်တွင် တရားဦးဟောခဲ့သည်ကို ကြားသိခဲ့ရကြောင်း၊ သို့ရာတွင် အဘယ်ကြောင့် မိမိတို့ ကိုးကွယ်နေသည့် နေမင်းကို ထည့်သွင်းဟောကြားခြင်းမပြုခဲ့သနည်းဟု လျှောက်တင်ကြသည် တွင် ဗုဒ္ဓရှင်တော်က ပြန်လည်မေးခွန်းထုတ်လိုက်၏။

ကျုပ်တို့သည် အကြောင်းတရားကို ကိုးကွယ်ခြင်းမပြု။ အလင်းရောင်ကိုပေးသည့် နေမင်းကိုကိုးကွယ်ခြင်းပြုလျှင် အဘယ်ကြောင့် ပိုးစုန်းကြူးကို ကိုးကွယ်ခြင်းမပြုကြသနည်း။ နောင်တော်သည် ထိုသူတို့ကိုးကွယ်သော မီးတောက်မီးလျှံများထက်ကြီးမားသော မီးတောက်မီးလျှံများကို လွှတ်တော်မူ၍ တေဇောကသိုဏ်းရှုစားတော်မူပြီးနောက် သစ္စာလေးပါးတရားကို ဟောတော်မူ၏။

သစ္စာလေးပါးတရားကို ဟောပြီးနောက် ဥရုဝေလကဿပသည် ယဇ်ပူဇော်ခြင်းအလေ့ကို စွန့်ပယ်ကာ ဗုဒ္ဓ၏ အဆုံးအမတွင် တည်လေ၏။

တစ်ခုသော နံနက်တွင် ကျုပ်တို့သည် ဗဟုကာ မြစ်အနီးသို့ ရောက်ကြ၏။ ထိုစဉ်အသက်အတန်ငယ်ကြီးသော ဗြဟ္မဏတစ်ဦးသည် ကျုပ်တို့နားသို့ ရောက်လာကာ

"အိုရဟန်းတို့၊ ဤမြစ်ရေတွင်ဆင်း၍ သင်တို့၏ အညစ်အကြေးများကို သန့်ရှင်းစင်ကြယ်ကြကုန်၊ ထိုအခါတွင် သင်တို့တွင်ရှိသော အညစ်အကြေးတို့သည် စင်ကြယ်ပေအံ့"

ဟု ဆို၏။

"မည်သို့စင်ကြယ်မည်နည်း ငါ့ရှင်"

ဟု ဗုဒ္ဓရှင်တော်မြတ်က မေး၏။

"အိုရဟန်း၊ သင်မကြားဖူးပြီလော၊ ဤမြစ်ရေပြင်သည် မြင့်မြတ်၏။ ဤမြစ်ရေတစ်စက်သည် ဆီမွှေးတစ်စက်ကဲ့သို့ သန့်ရှင်းစင်ကြယ်၏။ ထို့ကြောင့် ဤမြစ်ထဲသို့ ဆင်းသူအပေါင်းတို့ ကိလေသာအညစ်အကြေးမှ ကင်းဝေးပေအံ့"

"မည်သို့သော ကိလေသာအညစ်အကြေးတို့နည်း ငါ့ရှင်"

"လောဘ၊ ဒေါသ၊ တဏှာ၊ ရမ္မက်၊ ဣဿာမစ္ဆရိယစသည့် အညစ်အကြေးတို့ပင် ဖြစ်ပေ၏"

"မိမိ၏ စိတ်သည် ကိလေသာအညစ်အကြေးတို့ကို မိမိကိုယ်၌က ကင်းစင်အောင် ပြုလုပ်ခြင်းမှအပ မည်သည့်ရေကမှ ကင်းစင်အောင် မပြုလုပ်နိုင်ပြီ"ဟု ရှင်တော်ဗုဒ္ဓက မြွက်တော်မူ၏။

နံနက်ခင်း နေခြည်ထိုးသည်နှင့် သံဃာအပေါင်းတို့သည် ကိုယ်တွင်ရှံလာသည် သက်န်းတို့ကို ချွတ်လျက် ကိုယ်လက်သန့်စင်ကြ၏။

ပိန်ညင်းငှက်ငယ်များသည် ရေပြင်တွင် ရှပ်တိုက်ပြေးလွှားပျံသန်းနေကြသည်။ သံဃာတို့၏ ရေသုံးသပ်သံ၊ ရေစီးသံမှအပ မြစ်ပြင်တစ်ခုလုံးသည် တိတ်ဆိတ်နေလျက်ရှိ၏။

သံဃာအပေါင်းတို့ရေမိုးချိုးပြီး၍ ကိုယ်လက်သန့်စင်ပြီးနောက် ဗုဒ္ဓရှင်တော်သည် ကမ်းနဖူးတွင် ထက်ဝယ်ဖွဲ့ခွေထိုင်နေရာမှ ကျူရိုးတစ်ချောင်းကို ချိုးယူ၍ မှုတ်ပြလိုက်ရာ

"ရဟန်းတို့ ကျူရိုးကဲ့သို့ စိတ်ကို ဖွင့်ထားရာ၏။ ကျူရိုးသည် လေတွင် ယိမ်းသကဲ့သို့ သင်တို့သည်လည်း ဓမ္မ၏ အဆုံးအမတွင် ယိမ်းနွဲ့ရာ၏" ဟု မိန့်တော်မူ၏။

တစ်ခါတစ်ရံတွင် ရှင်တော်ဗုဒ္ဓသည် မြစ်ရေတို့တိုက်စားသဖြင့် ချောမွေ့နေသော ကျောက်ခဲတစ်လုံးကို ကောက်ပြကာ ကျုပ်တို့သည်လည်း ဘဝ၏တိုက်စားမှုကိုခံရသဖြင့် ချောမွေ့လာရကြောင်းကို ရှင်းပြတော်မူ၏။ တစ်ခါတစ်ရံတွင်လည်း ဗုဒ္ဓရှင်တော်သည် ငှက်တစ်ကောင်ကို ညွှန်ပြ၍လည်းကောင်း၊ တိမ်တိုက်တစ်ခုကို ညွှန်ပြ၍လည်းကောင်း၊ ရှည်လျားသော အရိပ်တို့ကို ညွှန်ပြ၍လည်းကောင်း ကျုပ်တို့အား ဥပမာအားဖြင့် ညွှန်ပြ၍ ဆုံးမတော်မူတတ်သေး၏။

တစ်ခါတစ်ရံတွင် အဘယ်ကြောင့် တောအုပ်တစ်အုပ်၊ နေရာတစ်နေရာတည်းတွင် တရားအားထုတ်ခြင်းမပြုသနည်းဟု သံဃာတို့က လျှောက်ကြသည့်အခါတွင် ဗုဒ္ဓရှင်တော်က

"ငါတို့သည် ရဟန်းသံဃာများဖြစ်ကြကုန်၏။ ထို့ကြောင့် ငါတို့သည် နေရာအနှံ့အပြားသို့ လှည့်လည်သွားလာနေသူများ ဖြစ်ကုန်၏။ ငါတို့သည် ခရီးလှည့်လည်သွားခြင်းဖြင့် မကွဲမကွာ အတူတကွနေကြကုန်၏။ တောအုပ်တစ်အုပ်အတွင်း သစ်ပင်တစ်ပင်အောက်တွင်သာ အမြဲတမ်းနေထိုင်လျက်ရှိကြမှု စိတ်သည် ပျံ့ လွင့်ကာ သံဃာအသီးသီးတို့သည် မိမိနေထိုင်မှီတင်းရာအရပ်ဟု အစွဲရှိရာ၏။ ထို့ကြောင့် သံဃာတို့သည် မိမိတို့၏ ကိုယ်ပိုင်ဥစ္စာ ဟူ၍ တောအုပ်အတွင်းရှိ သစ်ရိပ်ကိုပင် မပိုင်ဆိုင်အပ်၊ ကြယ်ရောင်တို့အောက်တွင်သာ ကျိန်းစက်ခြင်းပြုအပ်၏။ သံဃာတို့သည် အာသဝေါတရား မကုန်ခန်းသူများ ဖြစ်သည့်အလျောက် မိမိတို့ ကိုယ်ပိုင်ဥစ္စာဟူ၍ မရှိအပ်၊ ရဟန်းတို့၊ ငါတို့သည် အစဉ်မပြတ်လှည့်လည်သွားလာလျက် လူသတ္တဝါအပေါင်းတို့ကို တရားရေအေး တိုက်ကျွေးရာ၏"

ဟု ဟောပြောတော်မူ၏။

ထိုအချိန်၌ နောင်တော်၏ နောက်ပါးတွင် ရဟန်းသံဃာများ ခုနစ်ထောင်ခန့်ရှိနေလေပြီ။ ဗုဒ္ဓရှင်တော်သည် ရဟန်းသံဃာတို့ကို ဦးပြည်းရိတ်စေ၏။ ဖန်ရည်စွန်းသော သင်္ကန်းတို့ကို ဆင်မြန်းစေ၏။ သို့တိုင်အောင် အချို့တို့ကား မိမိတို့ ရုပ်ရည်ရူပကာယကိုကြည့်ကာ ပီတိဖြစ်နေသူတွေ ရှိနေသေး၏။ ရဟန်းသံဃာတို့ အရေအတွက်များပြားလာသဖြင့် တစ်စုတစ်ဝေးတည်း လှည့်လည်ဒေသစာရီကြွချီ၍ တရားဟောပြောရန် မဖြစ်နိုင်တော့ပြီ။ အခက်အခဲရှိလာသည်။ ရဟန်းသံဃာတို့ ကြွချီရာလမ်းတစ်လျှောက်တွင် ဖုန်ထူလှသဖြင့် ဖုန်လုံးကြီးများသည် အထက်သို့ ပျံတက်သည်မှာ ငါးရေတွင်းခန့်မျှမြင့်၏။

ဗုဒ္ဓရှင်တော်သည် ကဿပနှင့် အဿဇိတို့ကို ဆင့်ခေါ်ကာ သံဃာအချို့နှင့်အတူ တောင်အရပ်သို့ ဒေသစာရီကြွချီရန် မိန့်တော်မူပြီးနောက် ကျုပ်ကိုလည်း သံဃာတို့နှင့်အတူ အရှေ့အရပ်သို့ သွားရန်မိန့်တော်မူ၏။ သို့ရာတွင် ကျုပ်သည် ဘယ်မှ မသွားဘဲ ဗုဒ္ဓရှင်တော်ဘုရားအနီးတွင်သာ နေခွင့်ပြုရန် လျှောက်ထားတောင်းပန်လိုက်သည်။

"ငါ့အနီးတွင် နေသည်ထက် သင်တစ်ဦးတည်း ဒေသစာရီသွားသည်က ပို၍ကောင်းမည်ထင်သည် ညီတော်အာနန္ဒာ"

ကျုပ်သည် မည်သို့မှပြန်မပြောနိုင်ဘဲ မျက်ရည်ဝဲလျက်ရှိနေရာမှ၊ နောင်တော်၏အနီးတွင်ရပ်နေမိသည်။

"သင်ခေါ်လိုက်သည့် ရဟန်းသံဃာများကို ခေါ်၍ အရှေ့အရပ်သို့ သွားတော့ အာနန္ဒာ"

ကျုပ်က နှောင့်နှေးတွေဝေနေသည့်အခါတွင် ရှင်တော်ဗုဒ္ဓက

"အဘယ့်ကြောင့် ဆုတ်ဆိုင်းနေရသနည်း အာနန္ဒာ၊ အနှောင်အဖွဲ့သံယောဇဉ်တို့ကို ဖြတ်တောက်ပစ်ရန် ငါသင့်ကို သင်ကြားခဲ့၏။ အဘယ်ကြောင့် အနှောင်အဖွဲ့သံယောဇဉ်တို့ကို ဖြတ်တောက်ခြင်းမပြုသေးသနည်း၊ အဘယ်ကြောင့် ငါ့အနီးတွင် နေလိုသနည်း၊ အဖကို သံယောဇဉ်မပြတ်နိုင်၊ အမိကို သံယောဇဉ်မပြတ်နိုင်၊ ဇနီးမယားကို သံယောဇဉ်မပြတ်နိုင်၊ သားသမီးငယ်များ၏ သံယောဇဉ်မပြတ်နိုင်၊ သားသမီးငယ်များ၏ ရယ်မောသံကို သံယောဇဉ်မပြတ်နိုင်၊ ငါ့ကို သံယောဇဉ်မပြတ်နိုင်ဆိုလျှင် နိဗ္ဗာန်ချမ်းသာကို အဘယ်မှာလျှင် ရနိုင်မည်နည်း"

"နိဗ္ဗာန်ကို မရလျှင် နေပါစေဘုရား၊ အရှင်ဘုရားအနီးတွင် နေရလျှင် တော်လှပါပြီ"

ဗုဒ္ဓရှင်တော်သည် ကျုပ်ကို အတန်ကြာမျှ စူးစိုက်ကြည့်နေပြီးနောက်

"အာနန္ဒာ၊ သင့်မှာ သံယောဇဉ်တွေ၊ အနှောင်အဖွဲ့တွေ များလှချည်လား၊ ဒီလောက်တောင် အနှောင်အဖွဲ့များနေလျှင် သင့်မှာ မီးတောက်မီးလျှံအပူရှိန်တွေကို မခံစားရဘူးလား"

"ခံစားရပါတယ် ဘုရား"

"ဒီလိုခံစားရလျှင် ဒီအပူတွေကို ဘယ်တော့မှ မငြိမ်းနိုင်တော့ဘူးလား အာနန္ဒာ၊ ဘယ်တော့မှလည်း မငြိမ်းနိုင်တော့ဘူးဆိုတာ သင်မသိတော့ဘူးလား အာနန္ဒာ"

ထို့နောက်တွင် ဗုဒ္ဓရှင်တော်သည် မည်သို့မှ ပြောတော်မမူတော့ဘဲ ကျုပ်ကို လက်ဆွဲခေါ်၍ တောအုပ်တစ်ခုသို့ ခေါ်သွားကာ တောထဲတွင် စုဝေးနေကြသော ရဟန်းငယ်တို့ကို ခေါ်တော်မူ၍

"ငါ့ချစ်သား ရဟန်းတို့၊ ငါသည် အာနန္ဒာကို အရှေ့အရပ်သွားရန် စေလွှတ်ခဲ့၏။ သို့ရာတွင် အာနန္ဒာသည် ငါ့စကားကို နားမထောင်ခဲ့၊ သို့ဖြစ်လျှင် အာနန္ဒာကို ပသို့ပြုရမည်နည်း ငါ့ရှင်တို့"

အချို့သော ရဟန်းတို့သည် ထိုအကြောင်းကို ကြားရလျှင် ဒေါသထွက်သူက ထွက်လျက် ကျုပ်ကို သံဃာ့ရဟန်းဘောင်မှ ထုတ်ပယ်ပစ်ရန် ပြောကြ၏။ အချို့ကလည်း ကျုပ်ကို အပြစ်ပေးရန် ပြောကြ၏။

ဗုဒ္ဓရှင်တော်သည် တည်ငြိမ်သော အသံတော်ဖြင့်

“ချစ်သားရဟန်းတို့ အမျက်မထွက်ကြကုန်လင့်၊ တထာဂတ ထံသို့ ဦးစွာရောက်လာသူတို့သည် အမြတ်ဆုံးဖြစ်ပေ၏။ တထာ ဂတထံသို့ မည်သူဦးစွာ ရောက်လာသနည်း။ နေရဥ္စရာမြစ်ကမ်းတွင် ရှိစဉ် ဂဏာနို့ဆွမ်းကို ကပ်လာသော သုဇာတာသည် ဦးစွာ ရောက်လာသူဖြစ်ပေ၏။ ထို့နောက် ငါ့အား ဖြားယောင်း၍ ရွှေနန်းတော် ကြီးသို့ ပြန်ရန်ခေါ်သည့် အာနန္ဒာသည်ဦးစွာ ရောက်လာသူဖြစ်ပေ ၏။ သူတို့နှစ်ဦးစလုံးသည် ငါ့အား ကြည်ညိုသဒ္ဓါတရား ကြီးသူများဖြစ်ကြ၏။ သုဇာတာသည် နို့ဆွမ်းကို လှူသည့်အချိန်တွင်လည်းကောင်း၊ အာနန္ဒာသည် ငါ့အား ရွှေနန်းတော်သို့ လောကီလူ့ဘောင်သို့ ပြန်ရန် ဖြားယောင်းခဲ့စဉ်ကလည်းကောင်း ငါ့အား ကြည်ညိုသဒ္ဓါရင်း ရှိကြကုန်၏။ ထို့ကြောင့် သူတို့နှစ်ဦးအပေါ်တွင် မေတ္တာတရားမပျက်ကြကုန်လင့်”

ထိုအချိန်က ကျုပ်တို့ရဟန်းသံဃာများသည် အစုလေးစုခွဲ၍ သီတင်းသုံးကြ၏။ ကျုပ်ကား ဗုဒ္ဓရှင်တော်၏ထံပါးတွင် အမြဲရှိနေသည်။

ဝသန္တာဥတုရောက်လျှင် ကျုပ်တို့သည် ဒေသစာရီကြွချီခြင်းမပြုကြတော့ဘဲ တောအုပ်အတွင်းမှာပင် ဝါဆိုကြသည်။ ထိုအချိန်အထိ ရဟန်းသံဃာများအတွက် ဝိနည်းသက္ခာပုဒ်များကို သတ်မှတ်ခြင်းမပြုရသေး။ သာသနာ့ဘောင်သို့ ဝင်ရောက်လိုလျှင် ဦးဆံကိုပယ်ရမည်။ ဖန်ရည်စွန်းသော သင်္ကန်းကို ဆင်မြန်းရမည်။ သင်္ကန်းကို တင့်တယ်စေ၍ ရဟန်းတို့၏ ခြေအစုံကို ရှိခိုးရမည်။ သရဏဂုံသုံးပါးတွင်ရှိရမည်ဟု ပညတ်တော်မူ၏။

တစ်ခါတွင်လည်း ဗုဒ္ဓရှင်တော်သည် မိန်းမပျောက်တစ်ယောက်ကို ရှာနေသော ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်ကို တွေ့သည်တွင်

“မင်းသားတို့ သင်တို့အဖို့ မိန်းမပျောက်ကို ရှာခြင်းနှင့် မိမိကိုယ်ကို ရှာခြင်း ဤနှစ်မျိုးတွင် အဘယ်ရှာခြင်းက မြတ်သည်ဟု သဘောထားကြသနည်း”ဟု မေးမြန်းတော်မူကာ ထိုရှာခြင်းနှစ်မျိုးစလုံးတွင် မိမိကိုယ်ကို ရှာခြင်းကသာလျှင် မြတ်သောရှာခြင်းဖြစ်ကြောင်း ဆုံးမဩွာဒ်ပြတော်မူလျက် ဆွမ်းခံကြွစဉ် မည်သည့်မာတုဂါမသော်မှ ကြည့်ရှုခြင်း မပြုမူရန်၊ စက္ခုန္ဒြေချ၍ သွားလာရန် ပညတ်တော်မူလေ၏။

ဗုဒ္ဓရှင်တော်နှင့်အတူ ဒေသစာရီကြွချီလှည့်လည်ရာတွင် ရှစ်နှစ်မြောက်သည့်ကာလတွင် ကျုပ်တို့ရဟန်းသံဃာများအဖို့ တရားအားထုတ်ရန် ကျောင်းဆောင်ကြီးနှစ်ဆောင်ရှိနေလေပြီ။ တစ်ဆောင်မှာ ရာဇဂြိုဟ်ပြည်တွင်ရှိ

နေပြီး ဗိမ္ဗိသာရမင်းကြီးလှူဒါန်းသော ကျောင်းဖြစ်၍ နောက်တစ်ဆောင်မှာ သာဝတ္ထိပြည်တွင်ရှိ၍ ဝိသာခါလှူဒါန်းသော ကျောင်းဖြစ်လေ၏။

ဝိသာခါလှူဒါန်းသော ကျောင်းကို ဗုဒ္ဓရှင်တော်မည်သို့မည်ပုံရရှိကြောင်းကို ဤနေရာတွင် အလျဉ်းသင့်၍ ပြောရဦးမည်။ ဗုဒ္ဓရှင်တော်သည် မာတုဂါမများအနီးသို့ မည်သည့်အခါမှ ကြွချီတော်မူလေ့မရှိ။

ဂိမှာန္တဥတုပူပြင်းသည့်နေ့တစ်နေ့တွင် ကျုပ်တို့သံဃာများသည် သာဝတ္ထိနှင့် မလှမ်းမကမ်းတွင် သီတင်းသုံးနေကြ၏။

ဗုဒ္ဓရှင်တော်သည် တရားအလုပ်လုပ်ပြီးနောက် စင်္ကြံလျှောက်ကာ သာဝတ္ထိမြို့ရှိ ပြအိုးများ၊ ပစ္စင်များကို ငေးမျှော်ကြည့်ရှုနေ၏။

ခပ်လှမ်းလှမ်းရှိ ကျောက်ဆောင်ကြီးများမှာ နေအပူရှိန်ကြောင့် အခိုးတွေ တလူလူထွက်နေသည်ကို မြင်ရ၏။ မြေကြီးမှာလည်း ခြောက်သယောင်းကာ ပက်ကြားအက်နေသည်ကိုတွေ့ရ၏။ သံထည်ပစ္စည်းများမှာ လက်နှင့်ကိုင်လျှင်ပူနေပြီး ကျွန်ုပ်တို့၏ မြေသပိတ်များမှာလည်း ခြောက်သွေ့သဖြင့် ကွဲအက်ကုန်ကြ၏။

ထိုစဉ် ရှေ့မှ မြင်းသည်တို့ဦးဆောင်ကာ အရှေ့မြို့တံခါးမှ ထွက်လာသော ရထားတန်းကြီးတစ်ခုကို ကျွန်ုပ်တို့မြင်လိုက်ရသည်။ ထိုမျှပူပြင်းသော နေ့တွင် ထိုသို့ခမ်းနားကြီးကျယ်စွာ ခရီးထွက်လာသူသည် မည်သူဖြစ်ကြောင်း ဗုဒ္ဓက မေးမြန်းလိုက်တော်မူ၏။

> "ဝိသာခါမည်သော သတို့သမီးသည် မကြာမတင်တွင် လက်ထပ်မင်္ဂလာပွဲပြုတော့မည်ဖြစ်ပါသည်။ ထိုလက်ထပ်ပွဲသဘင်တွင် ဆင်ယင်ကျင်းပရန်အတွက် မြင်းသည်တို့ လေ့ကျင့်နေခြင်းဖြစ်ပါသည် ဘုရား"

ကျုပ်တို့က ဝိသာခါသတို့သမီးသည် ဘုရားရှင်ကို ဆွမ်းစားပင့်ဖိတ်ထားကြောင်း၊ ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းရန်လည်း တောင်းပန်လျှောက်ထားကြောင်းဖြင့် လျှောက်တင်ကြသည်။ ကျုပ်တို့အားလုံးတို့သည် ဝိသာခါသတို့သမီးအကြောင်းနှင့်တကွ ဝိသာခါသတို့သမီး၏ ဖခင် ဓနဉ္စယသူဌေးအကြောင်းတို့ကို လျှောက်တင်လိုက်သည်။

တစ်ခါတွင် ဝိသာခါသတို့သမီးသည် အခြွေအရံများနှင့် မြစ်ဆိပ်သို့ ရေချိုးဆင်းပြီး ပြန်လာစဉ် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် အခြွေအရံတို့သည် မိုးလွတ်စေရန် အပြေးအလွှားသွားကြ၏။ ဝိသာခါသတို့သမီးမှာမူ ဖြည်းညင်းစွာ သွားလျက်ရှိသည်တွင် အဖော်တို့က ဝိသာခါသတို့သမီးအား အကျိုးအကြောင်းမေးမြန်းကြ၏။

ဝိသာခါက

"အချင်းတို့၊ လောကတွင် ရေးကြီးသုတ်ပျာသွားလာမှုပြုသည် ကို မပြုလုပ်အပ်သူလေးဦးရှိ၏။ ယင်းတို့ကား ဘိသက်သွန်းလောင်း ပြီး သရဖူဆောင်းထားသည့် ဘုရင်ဇကရာဇ်လည်း တစ်ဦး၊ ရွှေက ကြိုးတန်ဆာတို့ ဆင်ယင်ထားအပ်သော ဆင်လည်းတစ်ဦး၊ တည် ကြည်သော ဣန္ဒြေရှိသော အမျိုးသမီးလည်း တစ်ဦး၊ ဝိနည်းသိက္ခာ နှင့်လျော်ညီစွာ ကျင့်ကြံနေထိုင်သော ရဟန်းလည်းတစ်ဦး ဤလေး ဦးတို့ကား ရေးကြီးသုတ်ပျာသွားလာခြင်း မပြုလုပ်အပ်သူတို့ ဖြစ် ပေ၏"

ဟု ပြော၏။

ဝိသာခါလက်ထပ်သည့်နေ့၌ သာဝတ္ထိမြို့တစ်မြို့လုံးသည် တံပိုးခရာ သံများဖြင့် မြည်ဟည်းဆူညံလျက်ရှိ၏။ သတို့သမီးနှင့် အခြွေအရံများ စီးနင်း လိုက်ပါရန်အတွက် ရွှေသားအတိပြီးသော ရထားကြီးသုံးစင်းကို လှပစွာ ပြင် ဆင်ထား၏။

ဝိသာခါ၏ ဖခင် ဓနဉ္စယသူဌေးကြီးသည် သမီးကိုချစ်သောအားဖြင့် ကျုပ်တို့ ကပိလဝတ်ပြည်တွင် တစ်ခါမှ မမြင်ဖူးသော ပုလဲစီ၊ စိန်စီ၊ မြစီသည့် ဒေါင်းမြီးသဏ္ဍာန်မကိုဋ်ကို ဆောင်းထားပေ၏။ ထိုမကိုဋ်ကို ဆောင်းထားလိုက် သည်တွင် ဝိသာခါသတို့သမီးသည် တောင်ထိပ်တွင် အမြီးဖြန့်၍ ကနေသော ဒေါင်းမနှင့် အလားသဏ္ဍာန်တူသည်ဟု ပြောစမှတ်ပြုကြသည်။ ထိုမကိုဋ်သည် ပင် ကိုးကုဋေတန်၍ ပန်းထိမ်လက်ခပင် ငွေစင်တစ်သိန်းပေးရသည်ဟု ဆိုကြ ၏။ ဝိသာခါသည် ထိုမကိုဋ်ကို ဆောင်းပြီး ရွှေတို့ဖြင့် ရက်ထားသည့် ဝတ်ရုံကို ကိုယ်တွင်ခြုံကာ ခြေတွင် ငွေကွင်းတို့တပ်ထားသည့် ခြေနင်းကို စီးလျက် လက်တွင် အဖြူရောင်သားမွေးယပ်တောင်တစ်ချောင်းကို ကိုင်ထား၏။

ရံရွေတော်တို့၏ ခေါင်းတွင်လည်း ဒေါင်းမြီးသဏ္ဍာန် မကိုဋ်ငယ်က လေးများ ဆောင်းထားကြလေရာ နေရောင်တွင် သူတို့ကိုယ်မှ ပြိုးပြိုးပြက်ပြက် ရောင်တို့ လျှပ်လျှပ်ထိန်ထိန်တောက်ပလျက်ရှိကြသည်။

ထိုနေ့ညနေပိုင်းသို့ ရောက်သည်တွင် ကျုပ်တို့သံဃာများ သီတင်းသုံး ရာ တောအုပ်ဆီသို့လာနေသော ရထားကြီးလေးစင်းကို တွေ့လိုက်ရသည်။ ထိုအချိန်၌ကားနေမင်းကြီးသည် အင်ကြင်းပင်ထိပ်ဖျားသို့ ရောက်နေပြီး ပုစဉ်း ရင်ကွဲတို့သည် ဆူညံစွာ အော်ဟစ်လျက်ရှိကြလေပြီ။

ရထားများသည် ကျုပ်တို့သီတင်းသုံးရာ တောအုပ်အနားတွင် ရပ် လိုက်ပြီးနောက် ဝိသာခါနှင့်အခြွေအရံများသည် ဗုဒ္ဓရှင်တော်အနီးတွင် ချဉ်း

ကပ်လာကြ၏။ ဗုဒ္ဓရှင်တော်သည် မာတုဂါမာများလာလျှင် ရဟန်းများအား အဝေးလွှတ်လေ့ရှိသည့်တိုင် ယခုတစ်ကြိမ်တွင်မူ မည်သို့မျှ မပြောဆို။

ဗုဒ္ဓရှင်တော်သည် ဝိသာခါကို ကြည့်တော်မူခြင်းမရှိဘဲ စက္ခုန္ဒြေကိုချ ၍ အဘယ်ကြောင့် ဝတ်ကောင်းစားလှများဖြင့် ရောက်လာသနည်းဟု မေးမြန်းတော်မူ၏။

"တပည့်တော်မသည် အရှင်ဘုရား၏ တရားတော်ကို နာယူရန် ရောက်လာခြင်းဖြစ်ပါသည် ဘုရား"

ထိုစဉ်က သာဝတ္ထိမြို့တစ်မြို့လုံးသည် သာသနာပြင်ပမှ ပုဂ္ဂိုလ်များကို ကိုးကွယ်ဆည်းကပ်ကြ၏။ ဝိသာခါ၏ ယောက္ခမဖြစ်သူ မိဂါရသူဌေးသည် လည်း အခြားသူများကဲ့သို့ပင် သာသနာပြင်ပမှ ပုဂ္ဂိုလ်များကို ကိုးကွယ်ဆည်းကပ်သူဖြစ်လေရာ ကျုပ်တို့ထံသို့ ဝိသာခါ လာရောက်ဖူးမြော်ခြင်းသည် လွန်စွာ ဆန်းကြယ်သည့် ကိစ္စရပ်ကြီးဖြစ်နေပေပြီ။ မိဂါရသူဌေးသည် ဒေါသအမျက် ခြောင်းခြောင်းထွက်လျက် ဝိသာခါကို အိမ်မှ နှင်ချလိုက်သည်တွင် ဝိသာခါက လူကြီးများကို တင်ပြသဖြင့် လူကြီးများက ဝိသာခါကို အနိုင်ပေးလိုက်ကြသည်။

ဝိသာခါသည် သူ့တွင်အပြစ်မရှိကြောင်း ထုချေပြီးနောက် မိဂါရသူဌေးကြီးအိမ်မှ ဆင်းသက်လာခဲ့ကာ မိမိအိမ်တွင် ကျုပ်တို့သံဃာများကို ဆွမ်းပင့်ဖိတ်ကျွေးသည်။

ဝိသာခါသည် ကျုပ်တို့ သံဃာတော်များကို ဆွမ်းကပ်ပြီးနောက်

"အရှင်ဘုရား၊ အရှင်ဘုရားတို့ထံမှ တပည့်တော်မသည် ဆုရှစ်မျိုး တောင်းခံလိုပါသည် ဘုရား၊ ပေးတော်မူပါ"

ဟု လျှောက်၏။

"ငါ့တွင် ဆုပေးစရာမရှိ ဝိသာခါ"

"တပည့်တော်မ တောင်းသောဆုသည် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား စသည်တို့မဟုတ်ပါ၊ တပည့်တော်မသည် သံဃာတော်တို့အား မိုးရေခံသင်္ကန်း လှူဒါန်းလိုပါသည်။ ခရီးရောက်ကာစ ရဟန်းတို့အား ဆွမ်းကပ်လိုပါသည်။ ခရီးသွားရဟန်းတို့အား ဆွမ်းကပ်လိုပါသည်။ ဖျားနာသော ရဟန်းတို့အား ဆွမ်း၊ ခဲဖွယ်၊ ဆေးဝါး လှူဒါန်းလိုပါသည်၊ သူနာပြုရဟန်းတို့အား ဆွမ်းကပ်လိုပါသည်။ ယာဂုကပ်လှူလိုပါသည်။ ရေချိုးသော ရဟန်းမများအား ရေသနုပ်ကပ်လိုပါသည်"

ထိုအခါကျမှ ဗုဒ္ဓရှင်တော်သည် ဝိသာခါ၏ အလှူကို သာဓုအနုမောဒနာပြုကာ အလှူခံရန် ခွင့်ပြုတော်မူခဲ့လေသည်။ ထို့နောက်တွင် ဝိသာခါသည် မကိုင်၌ကို ရောင်းချ၍ လှူဒါန်းဆောက်လုပ်သော ကျောင်းကိုလည်း ဗုဒ္ဓရှင်တော်သည် လက်ခံတော်မူလေသည်။

## ၂၉

ထိုနှစ်များအတွင်း၌ ကျုပ်တို့သည် ဒေသစာရီလှည့်လည်ခြင်းဖြင့် အချိန်ကုန်ခဲ့ကြ၏။ နောင်တော်သည် ဗာရာဏသီပြည်မှ ဗုဒ္ဓဂါယာသို့လည်းကောင်း၊ ထိုမှ တစ်ဆင့် ဟိမဝန္တာတောင်ခြေသို့လည်းကောင်း လှည့်လည်၍ တရားအားထုတ်၏။

ကပိလဝတ်နှင့် ကုသိန္နာရုံသို့ ဝင်ရောက်ဟောခြင်းမပြု။ ကပိလဝတ် သည် သူမွေးဖွားသည့် နေရာဖြစ်သည့်အတွက်ကြောင့်လည်းကောင်း၊ ကုသိန္နာ ရုံသည် သူပရိနိဗ္ဗာန်ဝင်ရမည့်နေရာဖြစ်သည့်အတွက်ကြောင့်လည်းကောင်း ထိုနေရာများကို ရှောင်ကွင်းခြင်းပြု၏။

ဗုဒ္ဓရှင်တော်သည် သို့ဒေသစာရီကြွချီရာတွင် လမ်းမကြီးများကို ရှောင် ကွင်းကာ တောလမ်းများ၊ တောအုပ်များကိုသာ ဖြတ်သန်းလေ့ရှိ၏။ တော အုပ်များသည် တိတ်ဆိတ်၍ တရားဘာဝနာများ အားထုတ်ရန်ကောင်းသော ဒေသများဖြစ်သည်မဟုတ်ပါလား။

ညဉ့်အခါများ၌ ဗုဒ္ဓရှင်တော်သည် သုတ္တန်နိပါတ်များကို ဟောကြား ကာ ကျုပ်တို့ကို အဆုံးအမပေးလေ့ရှိ၏။ ဗုဒ္ဓသည် သစ္စာလေးပါးနှင့်တကွ သံသရာမှ လွတ်မြောက်ရာတရားတို့ကို ကျွန်ုပ်တို့အား ဟောပြောလေ့ရှိ၏။

"ရဟန်းတို့၊ ခရီးလှည့်လည်ကြကုန်၊ လူတို့အား တရားရေအေး တိုက်ကျွေးကြကုန်"ဟု ဗုဒ္ဓရှင်တော်က အမြဲဆော်ဩဆုံးမတတ်၏။

ခရီးသွားရဖန်များလာသဖြင့် ကျုပ်တို့ခြေထောက်များသည် ပေါက်ပြဲ ကုန်ကြလေပြီ။ ကျုပ်တို့၏ ဖန်ရည်စွန်းသော သင်္ကန်းတို့သည်လည်း စုတ်ပြတ် ကုန်ကြပြီ။ တစ်ခါတစ်ရံတွင်မူ ကျုပ်တို့သည် ကျောင်းအိုကျောင်းပျက်များထဲ တွင် ညအိပ်ရပ်နားကြ၏။

ထိုအခါကျမှပင် ကျုပ်တို့ကိုယ်တွင် ပေကျံလာသော ဖုန်မှုန့်အညစ် အကြေးများကို သန့်စင်ကြရလေသည်။ မြေသပိတ်တို့ကို ဆေးကြောကြရ သည်။ စိုစွတ်နေသော သင်္ကန်းတို့ကို အခြောက်လှန်းကြရသည်။

ယခုပြန်စဉ်းစားသည့်အခါတွင် ကျုပ်တို့သည် မီးပုံတို့ကို ဖို၍ ပင်ပန်းနွမ်းနယ်စွာ တရားအလုပ်ကို အားထုတ်နေကြသော ရဟန်းပျိုများကို ကျုပ်မြင်ယောင်နေမိသည်။

တစ်ခါသော် အခွင့်ကြုံသဖြင့် သာသနာ့ဘောင်အတွင်းသို့ မိန်းကလေးအမျိုးသမီးများတို့ကို ဝင်ခွင့်ပြုရန် ဗုဒ္ဓအရှင်ကို ကျုပ်လျှောက်ထားကြည့်၏။

"တပည့်တော်တို့ သာသနာ့ဘောင်အတွင်း အမျိုးသားများကို ရဟန်းပြုခွင့်ပေးသည့်နည်းတူ အမျိုးသမီးများကိုလည်း ရဟန်းမပြုခွင့်ပေးသင့်ပါသည် ဘုရား"

"အာနန္ဒာ၊ ရဟန်းဘောင်သို့ အမျိုးသမီးများ ခွင့်ပြုလျှင် မည်သို့ငြိမ်းအေးခြင်း ရနိုင်မည်နည်း၊ မိန်းမတို့၏ ခန္ဓာကိုယ်သည် လုံဖျားနှင့်တူ၏။ မိန်းမတို့၏ အသည်းနှလုံးသည် ထောင်တန်းနှောင်အိမ်နှင့်တူ၏။ မိန်းမတို့၏ မျက်လုံးများသည် ဓားများနှင့်တူ၏။ မိန်းမတို့၏ ခန္ဓာကိုယ်သည် လှပတင့်တယ် ရှုချင်စဖွယ်သော အဆင်းရှိ၏။ ထိုအဆင်းသည် ငြိမ်းအေးမှုကို မပေးနိုင်၊ မိန်းမတစ်ယောက်နှင့်နေရခြင်းသည် ကျားလှောင်အိမ်အတွင်းသို့ သက်ဆင်းရခြင်း ထက်လည်းကောင်း၊ သူသတ်ယောကျ်ား၏ ထက်လှစွာသော ဓားအောက်တွင် လည်စင်းပေးရခြင်းထက်လည်းကောင်း ကြောက်ဖွယ်ကောင်းပေ၏။ မိန်းမတို့သည် ဣတ္ထိဘာဝဖြင့် သူတို့၏ ကိုယ်အလှကို ဖွင့်လှစ်ပြတတ်သော သဘောရှိ၏။ ငိုယောင်၊ ရယ်ယောင်၊ လမ်းလျှောက်ယောင်၊ ရပ်ယောင်၊ အိပ်ယောင်၊ လဲလျောင်းယောင်ပြခြင်းဖြင့် သူတို့၏ ခန္ဓာကိုယ်အလှကို ပြသတတ်ကြ၏။ ထိုလှည့်ဖြားမှုတို့မှ အဘယ်ယောကျ်ားသည် လွတ်ကင်းနိုင်ပေအံ့နည်း အာနန္ဒာ၊ မိန်းမတို့ ဤသို့လှည့်ဖြားခြင်းသည် ယောကျ်ားတို့အတွက်လော၊ မိန်းမတို့အတွက်လော သင်သိစ အာနန္ဒာ"

"နှစ်ဦးစလုံးအတွက်ပါ အရှင်"

"နှစ်ဦးစလုံးအတွက် မဟုတ်ပါ အာနန္ဒာ၊ သူတို့တစ်ဦးတည်း ကာမဂုဏ်စည်းစိမ်အာရုံကိုခံစားရန်သာဖြစ်ပေသည်။ မိန်းမတစ်ယောက်ကို ထိတွေ့ခြင်းထက် ကိုယ်ခန္ဓာအစိတ်စိတ်အမွှာမွှာ ကွဲအက်သွားသည်က တော်သေးသည်၊ မိန်းမတစ်ယောက်ကို ကြည့်ရခြင်းထက် နေမင်းကိုကြည့်၍ မျက်လုံး စုံလုံးကန်းသွားခြင်းက တော်သေး၏။ သတိထားလေ အာနန္ဒာ၊ နောင်တွင် ငါ့အား သာ

သနာ့ဘောင်အတွင်းသို့ အမျိုးသမီးများကို ဝင်ခွင့်ပြုရန် လျှောက်ထားခြင်းမပြုပါနှင့်”

ကျုပ်သည် နောက်ထပ် ထိုအကြောင်းကို လျှောက်တင်ခြင်းမပြုရဲတော့သည့်အတွက် နှစ်အတန်ကြာ နှုတ်ပိတ်ရေငုံနေခဲ့ရသည်။ သို့ရာတွင် စိတ်ထဲတွင်မူ အမျိုးသမီးများသည်လည်း တရားတော်၏ အဆုံးအမကို နာကြားထိုက်ပေသည် စွဲမှတ်နေလျက်ရှိ၏။

တစ်နေ့တွင်မူ အခွင့်သင့်လာပြန်သဖြင့် ကျုပ်က အရဲစွန့်လျှောက်လိုက်သည်။

“ကိုယ်တော်သည် ကျောင်းဆောင်ကြီးတစ်ဆောင်နှင့် ဥယျာဉ်ကြီးတစ်ခု ဆောက်လုပ်လှူဒါန်းရန် ဝိသာခါကျောင်းအမကို ခွင့်ပြုဖူးပါသည်။ သာဝတ္ထိ ပြည်မှ ကျောင်းအစ်မဝိသာခါသည် ချမ်းသာသူဖြစ်ပါ၏။ သို့ရာတွင် သာဝတ္ထိ နှင့်တကွ တိုင်းပြည်အသီးသီးတွင် ဆင်းရဲနွမ်းပါးသော မိန်းမအများအပြားရှိ နေပါသည်။ ဘုရား၏ အဆုံးအမကို နာယူလိုကြသူများလည်း ရှိပါသည်။ ထိုအထဲတွင် မှူးမတ်တို့၏ ကတော်မယားများ၊ မိဖုရားများရှိပါသည်။ ယခုဆိုလျှင် ဆံဖြူသွားကြွေပါးရေတို့ တွန့်လိပ်လျက်ရှိသော မိန်းမအိုကြီးတစ် ယောက်ရောက်လာကာ သာသနာ့ဘောင်အတွင်းသို့ ဝင်ခွင့်တောင်းခံပါသည် ဘုရား”

ဗုဒ္ဓရှင်တော်က ‘ထိုအမျိုးသမီးသည် မည်သူဖြစ်ကြောင်း’မေးသည်တွင် ကျုပ်က

“ကိုယ်တော်၏ မိထွေးတော် မဟာပဇာပတိ ဂေါတမီပင်ဖြစ်ပါသည် ဘုရား၊ မိထွေးတော်ဂေါတမီသည် ကိုယ် တော့်ကို နို့ချိုတိုက် ကျွေး၍ မွေးခဲ့သူဖြစ်ပါသည်။ ကိုယ်တော်ကို မွေးစားသော အမေဖြစ်၍ ညီတော် အာနန္ဒာမင်းသား၏ မွေးသမိခင်လည်းဖြစ်ပါသည်။ ယခုမိထွေးတော်က သာသနာ့ဘောင်သို့ ဝင်ခွင့်ပြုရန်တောင်းပန် လျက်ရှိနေပါသည်။ သာသနာ့ဘောင်သို့ ဝင်လိုသော မိထွေးတော် ဂေါတမီကို ကိုယ်တော်သည် အဘယ်ကြောင့်ဝင်ခွင့်မပြုပါသနည်း”

“မိန်းမတွေအကြောင်းကို သင်မသိဘူး အာနန္ဒာ”

“အရှင်ဘုရား မိန်းမသားတစ်ယောက်သည် ဘုရားရှင်သာသနာတော်၌ ရဟန်းပြုသောအားဖြင့် သောတာပတ္တိဖိုလ်ကိုလည်းကောင်း၊ သကဒါဂမ်မိဖိုလ်သို့လည်းကောင်း၊ အနာဂါမိဖိုလ်သို့

လည်းကောင်း၊ အရဟတ္တဖိုလ်သို့ လည်းကောင်း မျက်မှောက်ပြုခြင်းငှာ ထိုက်တန်ပါ၏လောအရှင်"

"ထိုက်တန်ပေ၏ အာနန္ဒာ"

"အရှင်ဘုရား မိန်းမသားတစ်ယောက်သည် သာသနာတော်အတွင်း၌ ရဟန်းပြုခြင်းဖြင့် ဖိုလ်လေးတန်ကို မျက်မှောက်ပြုခြင်းငှာ ထိုက်တန်ပါလျှင် မိထွေးတော်ဂေါတမီကို ငဲ့ညှာတော်မူပါ၊ မဟာပဇာပတိဂေါတမီသည် မွေးတော်ရင်း မဟာမာယာကွယ်လွန်ချိန်မှ စပြီး အရှင်ဘုရားကို နို့ချိုတိုက်ကျွေး မွေးမြူခဲ့ရပါသည်၊ မြောက်မြားလှစွာသော ထိုဂုဏ်ကျေးဇူးတော်တို့ကို ထောက်ထားသောအားဖြင့် တပည့်တော်တောင်းပန်ပါသည် အရှင်ဘုရား၊ ဘုရားရှင်သာသနာတော်တွင် မိန်မသား ရဟန်းဝတ်ခွင့်ပြုတော်မူပါ ဘုရား"

"အာနန္ဒာ၊ မဟာပဇာပတိဂေါတမီသည် ဂရုခံတရားရှစ်ပါးကို လက်ခံငြားအံ့၊ ထိုသို့လက်ခံခြင်းသည်ပင်လျှင် ရဟန်းခံခြင်းကိစ္စဖြစ်ပေသတည်း"

မဟာပဇာပတိဂေါတမီအတွက် ဘုရားရှင် ပညတ်တော်မူသော ဂရုခံတရားရှစ်ပါးတို့မှာ ရဟန်းမသည် ဝါတစ်ရာပင်ရသည်ဖြစ်စေ၊ ယနေ့မှဖြစ်သော ရဟန်းသစ်ကိုရှိခိုးရမည်။ ခရီးဦးကြိုဆိုရမည်။ လက်အုပ်ချီရမည်။ အရိုအသေပေးရမည်ဖြစ်၏။ ယူဇနာဝက်အတွင်း၌ ရဟန်းတစ်ပါးမှ မရှိသည့်ကျောင်းတွင် ဝါမဆိုရ။ ရဟန်းသံဃာတော်တို့ထံသို့ လပြည့်လကွယ်နေ့တိုင်း ဥပုသ်အမေးသွားရမည်။ ဩဝါဒခံယူရန်သွားရမည်။ ဝါကျွတ်ပြီးသော် ရဟန်းမသည် ရဟန်းနှင့် ရဟန်းမသံဃာနှစ်ရပ်လုံး၌ ကိုယ်ထင်မြင်သော၊ တစ်ဆင့်ကြားသော၊ ယုံမှား သင်္ကာရှိသော အပြစ်အာပတ်များကို ထုတ်ဖော်ပြောဆိုရန်ပန်ကြားရမည်။ ဂရုကအာပတ်ကြီးများသင့်သော ရဟန်းမသည် သံဃာနှစ်ရပ်လုံး၌ ပက္ခမာနက်ကျင့်ရမည်။

ဝိကာလဘောဇနာတိုင်အောင် သိက္ခာခြောက်ခုကို နှစ်နှစ်တိုင်တိုင်ကျင့်ခဲ့ပြီး သောတိက္ခမာန်တွင် သံဃာနှစ်ရပ်၌ ရဟန်းခံနိုင်ရန် ကြိုးစားအားထုတ်ရမည်။

မည်သို့သော အကြောင်းရှိသည်ဖြစ်စေ ရဟန်းမသည် ရဟန်းကို မဆဲရေးရ၊ ရေရွတ်တိုင်းထွာခြင်းမပြုရ။ ဤယနေ့မှစ၍ ရဟန်းမတို့က ရဟန်းတို့အပေါ်ပြောဆိုခွင့်မရှိပေ။ သို့သော် ရှေးရှေးက မထေရ်တို့သည် ဝိနည်းတော်များကို ကျင့်သုံးကြပေသည်ဟူ၍ကား ရည်ညွှန်းပြောဆိုနိုင်ပေသည်။ ရဟန်းမများအပေါ်တွင်ကား ရဟန်းက ပြောဆိုခွင့်ရှိသည်။

နောက်နေ့တွင် ကျုပ်သည် ဂယာအနီးရွာနိဂုံးတစ်ခုတွင် နေထိုင်လျက်ရှိသော မိထွေးတော် ပဇာပတိဂေါတမီထံ သွားရောက်ကာ အကျိုးအကြောင်း ကိုပြောပြ၏။

မိထွေးတော်သည် ဗုဒ္ဓအရှင် သဗ္ဗညုတဉာဏ်တော်ရရာအရပ်တွင် နေထိုင်လျက် တရားအားထုတ်နေခြင်းဖြစ်၏။ ထိုအချိန်၌ မိထွေးတော်မှာ အိုမင်းလှပြီ။ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ညိုသော အသားအရေတို့အပြင် ပါးရေတို့ချိုင့်ဝင်လျက်ရှိသဖြင့် မိထွေးတော်ကို ကြည့်ရသည်မှာ အလွန်မှည့်နေသော သပြေသီးနှင့်ပင်တူတော့သည်။

ကျုပ်ပြောသည့်စကားတို့ကို ကြားရသည့်အခါ၌ မိထွေးတော်ဂေါတမီသည် လက်အုပ်ချီကာ

"အရှင် အာနန္ဒာ၊ နုနယ်ငယ်ရွယ်သော မိန်းမပျိုသည် ကြာပန်းကို ဆံပင်များတွင် ပန်သကဲ့သို့ ကျွန်ုပ်သည်လည်း ဗုဒ္ဓရှင်တော်၏ စကားများကို ပန်ဆင်အပ်ပါသည်။ ကျွန်ုပ်သည် အငယ်ဆုံးသော ရဟန်းတို့၏ စကားကို နာခံပါအံ့၊ ဘိက္ခုနီမများအားလုံးသည်လည်း ရဟန်း၏စကားကို နာခံစေပါအံ့"

ဗုဒ္ဓရှင်တော်ထံသို့ ပြန်ရောက်၍ မိထွေးတော်စကားများကို ပြန်လျှောက်သည့်အခါတွင် ဗုဒ္ဓရှင်တော်သည် စိတ်နှလုံးမသာမယာဟန်ဖြင့်

"အာနန္ဒာ ရဟန်းမတို့မရှိခဲ့လျှင် ငါ့သာသနာတော်သည် အနှစ်တစ်ရာတစ်ထောင်ကြာရှည်အံ့၊ သို့ရာတွင် ရဟန်းမတို့ကို သာသနာ့ဘောင်တွင် လက်ခံမိသည့်အတွက် ငါ့သာသနာတော်သည် နှစ်အနည်းငယ်မျှသာ ကြာရှည်တော့အံ့ဟု ငါသိပြီ၊ အမျိုးသမီးတို့ကို သာသနာ့ဘောင်သို့ ဝင်ခွင့်ပြုလိုက်လေတော့ အာနန္ဒာ၊ သို့ရာတွင် အသက်အရွယ်အကြီးဆုံးသော၊ အမြော်အမြင်ကြီးသော ဘိက္ခုနီမပင်လျှင် အငယ်ဆုံးသော ရဟန်း၏ အဆုံးအမကို နာခံစေတော့အံ့"ဟု ရှင်တော်က ပညတ်တော်မူ၏။

ထိုနှစ်ဆွေဦးပေါက်စတွင် ဝေသာလီပြည်မှ အမျိုးသမီးလေးရာကို သာသနာ့ဘောင်သို့ လက်ခံလိုက်သည်။

သို့ရာတွင် ဗုဒ္ဓရှင်တော်သည် ပရိနိဗ္ဗာန် စံပြီးသည်အထိ ဒေသစာရီကြွချီရာသို့ လိုက်ပါခွင့်မပြု။

မိုးရာသီကုန်ဆုံးပြီဖြစ်သဖြင့် ကျုပ်တို့သည် ဗာရာဏသီမှ မြောက်အရပ်သို့ ဒေသစာရီလှည့်လည်ခဲ့ကြ၏။

ယခုအချိန်တွင် သာသနာ့ဘောင်အတွင်းသို့ ဝင်ရောက်လာသူ လူဦး

ရေများပြားလာသည့်အတွက် ဗုဒ္ဓရှင်တော်သည် ဝိနည်းသိက္ခာပုဒ်များကို ယခင်ကထက်ပိုတိုး၍ သတ်မှတ်ရ၏။

ဗုဒ္ဓရှင်တော်သည် မိမိဇာတိဖြစ်သော ကပိလဝတ်ပြည်သို့ ပြန်ကြွတော်မူသည်။ သို့ရာတွင် ဗုဒ္ဓရှင်တော်ကို ကြည့်ရသည်မှာ ကိုယ့်ဇာတိကို ပြန်ရသည်မှာ ဝန်လေးနေလျက်ရှိပုံရသည်။

"ယခုလောက်ဆိုလျှင် ရာဟုလာလည်း အရွယ်ရောက်လောက်ရောပေါ့ ဘုရား"

"ရာဟုလာသည် အရပ်အမောင်းထွားကျိုင်းဖွံ့ဖြိုး၍ လေးမြားအတတ်တို့ သင်ကြားတတ်မြောက်နေပြီဟု ငါကြားရသည် အာနန္ဒာ၊ သို့ရာတွင် ခမည်းတော်မင်းကြီးသည် ငါ့ကို အတန်တန်ပင့်ဖိတ်ခဲ့ရှာသည်။ တစ်ကြိမ်မှ ငါသွားမှ သင့်မည်ထင်သည် အာနန္ဒာ"

ထိုအချိန်မှာ သစ်ရွက်ရော်တို့မြေသို့သက်၍ ကောင်းကင်သည် ကြည်လင်သည့်အချိန်ဖြစ်၏။ လယ်ကွင်းများတွင် ရိုးပြတ်တို့ဖြင့် ဝင်းလက်နေကြ၏။

ဥသြသည် နံနက်လင်းသည်နှင့် သစ်ပင်ကြီးများပေါ်မှ သံသေးသံကွဲဖြင့် တေးသီမြဲဖြစ်၏။ ပန်းပွင့်များသည် ပန်းတဥ်းသည်တို့၏ ဖားဖိုမှ ထွက်သောမီးခိုများနှယ် တဝေဝေပွင့်ကြ၏။ မြစ်ယံတွင် ငါးတန်နှင့် ငါးကြင်းတို့သည် ပျော်မြူးကြ၏။ တောပန်းပွင့်တို့သည် ဖွေးဖွေးလှုပ်အောင်ပွင့်ကြ၏။

မိမိအား လာရောက်ကြိုဆိုနေသည့် အထောက်တော်များ လာနေပြီကို ဗုဒ္ဓသိတော်မူ၏။

"အမှန်အားဖြင့် ကပိလဝတ်သို့ ငါမပြန်လိုဘူး အာနန္ဒာ၊ ဇာတိသည် မိမိအတွက် ဝန်ထုပ်ဝန်ပိုးသာ ဖြစ်၏။ ငါသည် သမ္မာသမ္ဗောဓိဉာဏ်ကို ရခဲ့ပြီ၊ အနှောင်အဖွဲ့တို့မှ လွတ်ခဲ့ပြီ"

လမ်းခရီးတွင် ကျုပ်တို့သည် ကပိလဝတ်မှ အကြိုလာရောက်သောအထောက်တော်များကို စောင့်ဆိုင်း၍ ခဏမျှနားနေကြ၏။

ဗုဒ္ဓရှင်တော်သည် ဈာန်သမာပတ်ကို ဝင်စားရာမှ ထတော်မူ၏။

"ငါတို့ ဘယ်ရောက်နေကြပြီလဲ အာနန္ဒာ"

"ကပိလဝတ်ပြည်အနီးက အင်ကြင်းတောကို ရောက်နေပါပြီဘုရား"

မကြာမီတွင် အထောက်တော်များ ရောက်လာကာ သင့်တင့်လျောက်ပတ်သောနေရာမှ ဗုဒ္ဓရှင်တော်ကို ဖူးမြော်ကြသည်။

"ခမည်းတော်မင်းကြီးရော ကျန်းခံ့သာလို့ မာရဲ့လား"

"ကျန်းခံ့သာလို့ မာကြောင်းပါဘုရား"

"ငါ့ဆရာ ဗမ္ဗုဏီရောကျန်းခံ့သာလို့ မာရဲ့လား"

"ယခုနှစ်မိုးတွင်းကပင် ကွယ်လွန်အနိစ္စရောက်သွားခဲ့ပါသည် ဘုရား"

"ယသော်ဓရာရော ကျန်းခံ့သာလို့မာရဲ့လား"

"ကျန်းခံ့သာလို့ မာကြောင်းပါဘုရား၊ သို့ရာတွင် ကိုယ်တော် မရှိသည်မှစ၍ ယသော်ဓရာမိဖုရားသည် သလွန်ညောင်စောင်းပေါ် တွင် အိပ်စက်ခြင်းမပြုတော့ဘဲ ကြမ်းပေါ်တွင် အိပ်စက်ကာ အနေအထိုင်အစားအသောက်ခြိုးခြံ ကျင့်သုံးလျက်ရှိပါသည် ဘုရား"

"သားတော် ရာဟုလာရော ကျန်းခံသာလို့ မာရဲ့လား"

"ကျန်းခံသာလို့ မာကြောင်းပါဘုရား၊ ကိုယ်တော်လေးမှာ အရှင်ရှိစဉ်က အတိုင်းပါဘုရား၊ ကိုယ်တော်လေးရာဟုလာသည် လေးမြားအတတ်ကို တစ်ဖက်ကမ်းခပ်ကျွမ်းကျင်တတ်မြောက်ရုံမျှမက အသက်ရွယ်တစ်ဆယ့်ရှစ်နှစ်အရွယ်သာရှိသေးသည့်တိုင် သူ့ကို ဘယ်သူမှ မမီပါ ဘုရား"

"ငါလာသည်ကို ရာဟုလာ သိသလား"

"မသိပါ ဘုရား၊ အရှင်ပြန်ကြွလာသည်ကို ကိုယ်တော်လေး ရာဟုလာ မသိအောင် သိုဝှက်ထားကြပါသည် ဘုရား"

အမတ်ကြီးကာဠုဒါယီသည် ပိန်ပိန်ပါးပါး၊အရပ်ထောင်ထောင်မောင်းမောင်းနှင့်ဖြစ်၏။ သူ့ကိုယ်တွင် ဝတ်ထားသည့် ရွှေချည်ထိုးဝတ်ရုံကြီးနှင့် အပြာရောင်ခေါင်းပေါင်းတို့သည် နေခြည်တွင် တလက်လက်တောက်ပနေ၏။

"ခမည်းတော် မင်းကြီးရော"

"ခမည်းတော်မင်းကြီးသည် ဇရာဒုဗ္ဗလအရွယ်သို့ ရောက်ပြီး အိုမင်းမစွမ်းဖြစ်လှပါပြီဘုရား၊ သို့ရာတွင် ခမည်းတော်မင်းကြီး၏ စိတ်ဓာတ်သည် ပြင်းထန်မြဲ ပြင်းထန်နေလျက်ရှိကာ နိုင်ငံကို အုပ်ချုပ်နေလျက်ရှိပါသည်ဘုရား၊ နိုင်ငံအချင်းချင်းစစ်မဖြစ်ရသည်မှာ ကြာခဲ့ပြီဖြစ်၍ နိုင်ငံသည်လည်း ဝပြော စည်ပင်လျက်ရှိပါသည် ဘုရား"

ဤတွင် အနီးရှိမှူးမတ်တစ်ဦးက

"အရှင်ဘုရားနှင့်တကွ သံဃာတော်များအား ဆွမ်းကပ်ရန် နန်းတော်တွင် စီစဉ်ပြီးဖြစ်ပါသည် ဘုရား၊ ယခုကဲ့သို့ အိမ်စဉ်ရပ်၍ ဆွမ်းခံခြင်းမပြုရန် ခမည်းတော်မင်းကြီးက အမှာတော်ရှိလိုက်ပါ

သည် ဘုရား၊ အိမ်စဉ်ရပ်၍ ဆွမ်းခံကြွလျှင် သိဒ္ဓတ္ထကုမ္မာသည် ဖုန်းတောင်းယာစကာအဖြစ် တောင်းရမ်းစားသောက်သည်ဟု ပြည်သူပြည်သားတို့ကဲ့ရဲ့မည်ဖြစ်၍ သကျသာကီဝင်မျိုးတို့၏ဂုဏ်သရေ ကို ညှိုးနွမ်းလေမည်ဟု ခမည်းတော်မင်းကြီးစိုးရိမ်ပါသည် ဘုရား"

ဗုဒ္ဓရှင်တော်သည် မည်သို့မှ ပြန်ကြားတော်မူခြင်းမရှိ။

လမ်းတစ်လျှောက်တွင် ဖုန်တွေအလိပ်လိပ်တက်နေသည်။ ဗုဒ္ဓရှင်တော်သည် မိမိအပါးတွင် စုဝေးနေသော သံဃာအစုအဝေးကို ဝေ့ဝဲကြည့်လိုက်သည်။ ခရီးပန်းသည့်အတွက်ကြောင့်လည်းကောင်း၊ အချို့နေရာများတွင် ဆွမ်းကွမ်းရှားပါးသည်ကို ကြုံခဲ့ရသည့်အတွက်ကြောင့်လည်းကောင်း၊ သံဃာအများစုသည် ပိန်ချုံးနေကြ၏။ ရွှေနန်းတော်ကြီးသို့ ကြွခဲ့လျှင် ခဲဖွယ်ဘောဇဉ် ပေါပေါများများရှိ၍ သံဃာတို့ ဆွမ်းကွမ်းမျှတမည်ကို ဗုဒ္ဓရှင်တော်သိ၏။

ဗုဒ္ဓရှင်တော်သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူလိုက်သည့်အခါတွင် ရှေးရှေးက ပွင့်တော်မူခဲ့သည့် ဘုရားရှင်မှန်သမျှ မျက်နှာကြီးငယ် လူကုံထံ မင်းစိုးရာဇာတို့ထံတွင် ဆွမ်းခံခြင်းမပြုဘဲ ယုတ်လတ်မြတ်မရွေး အိမ်စဉ်ရပ်၍ ဆွမ်းရပ်သည်ကို မြင်လျှင် ငါလည်းနောင်တော်ဘုရားများနည်းတူ အိမ်စဉ်မပြတ် ဆွမ်းရပ်မှ သင့်မည်ဟု ဆုံးဖြတ်လျက် နန်းတော်ကြီးသို့ ဆွမ်းခံခြင်းမပြုဟု ဆုံးဖြတ်လိုက်သည်။

"မနက်ဖြန်မနက်တွင် ကပိလဝတ်မြို့တွင်းသို့ဝင်၍ အိမ်စဉ်မပြတ်ဆွမ်းရပ်တော်မူမည်"ဟု မိန့်တော်မူ၏။

ကပိလဝတ်ပြည်တွင်းသို့ ဗုဒ္ဓရှင်တော်နှင့် သံဃာအပေါင်းတို့ ဆွမ်းခံဝင်ချိန်တွင် ဝေလီဝေလင်းမျှသာ ရှိသေး၏။ လမ်းမများက တိတ်ဆိတ်လျက်။ ဒေဝဒတ်သည် ဗုဒ္ဓရှင်တော်နှင့်တကွ သံဃာများကို ဆွမ်းလောင်းခြင်းမပြုရန် အမိန့်ထုတ်ထား၏။ မြို့သူမြို့သားများသည် ဗုဒ္ဓရှင်တော်ကို ဆွမ်းကပ်လှူရန် သဒ္ဓါတရားထက်သန်သည့်တိုင်အောင် ဒေဝဒတ်၏ အမိန့်ကို ကြောက်ရွံ့ကြသဖြင့် ဆွမ်းလောင်းခြင်းမပြုရဲဘဲ ရှိနေကြသည်။

ခဏကြာမှ လူများသည် ဒေဝဒတ်အမိန့်ကို ဖီဆန်၍ ဗုဒ္ဓရှင်တော်၏နောက်ပါးမှ ပြေးလိုက်ကာ ဆွမ်းအလှူခံရန် တောင်းပန်ကြသည်။ ဗုဒ္ဓရှင်တော်သည် မည်သို့မှ မြွက်ကြားခြင်းမရှိဘဲ သူတို့လောင်းလှူသော ဆွမ်းကို ခံယူတော်မူ၏။ တစ်အိမ်တွင် ဆွမ်းတစ်ဇွန်းမျှသာ လောင်းကြသည့်တိုင် ဗုဒ္ဓရှင်တော်၏ သပိတ်ထဲတွင် ဆွမ်းတို့မောက်လျှံကျနေပေပြီ။

ထိုစဉ် နန်းမြို့တံခါးသည် ဖြည်းညင်းစွာ ပွင့်လာသည်။ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ဗုဒ္ဓရှင်တော်ဆွမ်းခံကြွရာသို့ ရောက်လာခဲ့သည်။

"ယခုကဲ့သို့ အိမ်စဉ်မပြတ် ဆွမ်းခံခြင်းမှာ မသင့်လျော်ပါ ဘုရား၊ အရှင်ဘုရားနှင့် သံဃာတော်အပေါင်းတို့အား ဆွမ်းလုပ်ကျွေး ရန် တပည့်တော်မှာ စည်းစိမ်ဥစ္စာရှိနေပါသေးသည် ဘုရား"

"အိမ်စဉ်မပြတ် ဆွမ်းခံရခြင်းသည် ငါတို့အမျိုးအနွယ်တို့ ထုံးစံ ဖြစ်တော့သည် မင်းကြီး"

"အရှင်ဘုရား၊ အရှင်ဘုရားသည် သကျသာကီဝင်မင်းသားမျိုး နွယ်ဖြစ်ပါသည်၊ ယခုတိုင်လည်း အရှင်ဘုရားသည် သာကီဝင်မျိုး ဖြစ်နေပါသေးသည်။ သာကီဝင်မျိုးဆိုသည်မှာ သူတစ်ပါးထံတွင် အလှူခံ၍ စားသောက်ရရိုးထုံးစံ မရှိပါ၊ အရှင်ဘုရားသည် သကျ သာကီဝင်မင်းမျိုးအဆက်ဆက်တို့၏ မျက်နှာတော်ကို ထောက်ထား သင့်ပါသည် အရှင်ဘုရား"

"မင်းကြီး၊ ငါတို့မျိုးရိုး အစဉ်အဆက်သည် သာကီဝင်မျိုးဖြစ် ကောင်း ဖြစ်ပေလိမ့်မည်၊ သို့တစ်မူ ငါကား ရှေးအစဉ်အဆက် ပွင့် တော် မူခဲ့ပြီးသော ဗုဒ္ဓရှင်တော်ဘုရားတို့၏ မျိုးရိုးသာ ဖြစ်သည်။ သာကီဝင်မင်းမျိုးတို့ကား လောကီကောင်းကျိုးကိုသာလျှင် သယ် ပိုးနိုင်၏။ ငါတို့ဗုဒ္ဓအစဉ်အဆက်ကား လောကီ၏အကျိုးစီးပွား ကိုသာမက လောကုတ္တရာကျိုးစီးပွားကိုလည်း ဆောင်ပေ၏။ အသင် မင်းကြီး၊ ငါတို့ ဘုရားအနွယ်တော်များသည် ဆွမ်းဖိတ်ကျွေးမည့်သူ မရှိမူက ဆွမ်း ခံ၍ စားရသော အကျင့်ရှိ၏။ ယခု ငါလည်း နောင် တော့်နောင်တော် ဘုရားတို့ကဲ့သို့ ကျင့်စဉ်အတိုင်း ဆွမ်းခံခြင်းသာ ဖြစ်ပေသည်"

ထိုအခါတွင်မှ ခမည်းတော် သုဒ္ဓေါဓနမင်းကြီးသည် ဘုရားနှင့်တကွ ကျုပ်တို့ သံဃာတော်များအား ဆွမ်းပင့်ဖိတ်၍ ကျွေး၏။ ဗုဒ္ဓရှင်တော်နှင့်တကွ သံဃာတော်တို့ ဆွမ်းဘုဉ်းပေးပြီးသည့်အခါတွင် သုဒ္ဓေါဒနမင်းကြီးက

"အရှင်ဘုရား၊ တပည့်တော်၏ သမီး ယသော်ဓရာဒေဝီသည် အရှင်ဘုရားတောထွက်သွားပြီးနောက်တွင် အရှင်ဘုရားရှိစဉ်က ကဲ့သို့ ဝတ်ကြီးဝတ်ငယ်ကို ပြုမြဲဖြစ်ပါသည်၊ အရှင်ဘုရား ဦးဆံကို ပယ်သည်ဟုကြားလျှင် ဦးဆံကိုပယ်ပါသည်၊ အရှင်ဘုရား ဖန်ရည် စွန်းသောသင်္ကန်းကို စည်းသည်ကြားလျှင် ဖန်ရည်စွန်းသော သင်္ကန်းအဝတ်ကြမ်းကို စည်းပါသည်၊ အစာအာဟာရကို အရှင် ဘုရားတို့ တစ်ထပ်သာ ဘုဉ်းပေးသည်ဟုကြားလျှင် တစ်ထပ်သာ စားပါသည်၊ အရှင်ဘုရားတို့ မြေအိပ်ရာတွင် အိပ်သည်ဟု ကြား

လျှင်ကြားချင်း မြေအိပ်ရာတွင်သာ အိပ်ပါသည်။ ရွှေနန်းတော်မှ ထွက်တော်မူပြီးသည့်နောက်မှစ၍ အရှင်ဘုရားသည် ခမည်းတော်ကိုလည်း သတိမရ၊ ကြင်ရာတော်ကိုလည်း သတိမရ၊ သားတော်ကိုလည်း သတိမရ၊ တိုင်းပြည်နိုင်ငံ စစ်မက်ဖြစ်ပွားတော့မည် ဟု သတင်းများပေါ်ထွက်နေသည့်တိုင် ပြည်တော်သို့ မဝင်၊ ရွှေနန်း တော်တွင် အကောက်ကြံမှုတို့ဖြင့် ရှုပ်ထွေးနေသည့်တိုင်လည်း ပြန် လာခြင်းမရှိ"

"ယခုပြန်လာပြီမဟုတ်လော"

ဗုဒ္ဓရှင်တော်သည် ဆွမ်းဘုဉ်းပေးပြီးနောက် ယသော်ဓရာ၏ တိုက်ခန်းသို့ဝင်ကာ

"ယနေ့တွင် ယသော်ဓရာ၊ ငါ့ကို စိတ်တိုင်းကျရှိခိုးစေ၊ မည်သူမျှ မနှောင့်ယှက်ကြနှင့်"ဟု မှာပြီး သလွန်ပေါ်တွင် စံပယ်၏။

ယသော်ဓရာသည် ဗုဒ္ဓရှင်တော်၏ ခြေဖမိုးတော်ကို မျက်နှာဖြင့် ပွတ်တိုက်ငိုကြွေး၏။ ဗုဒ္ဓရှင်တော်သည် ထိုနေ့တွင် စန္ဒကိန္နရီဇာတ်ကိုဟောတော်မူသည်ဟု ကျုပ်မှတ်သားမိသည်။

များမကြာမီတစ်ရက်တွင် ကျုပ်တို့ သီတင်းသုံးရာကျောင်းရှေ့သို့ ရထားကြီးများဆိုက်ရောက်လာကာ အခြွေအရံအပေါင်းခြံလျက် မင်းဝတ်မင်းစားများဖြင့် ဆင်ယင်ထားသည့် လူရွယ်တစ်ယောက်ကို တွေ့ရ၏။ အခြားသူမဟုတ်။ နောင်တော်၏ သားတော်ရာဟုလာပင်ဖြစ်ပေသည်။ ရာဟုလာသည် ရုပ်ရည်ချောမော၍ အရပ်မြင့်မြင့်ဖြစ်၏။ သူ့အသားသည် အကြိမ်ကြိမ်ခတ်ထားသော ရွှေပြားကဲ့သို့ ဝင်းဝါနေ၏။ ရာဟုလာသည် ကျောက်မျက်ရတနာတို့ စီခြယ်ထားသည့် အဖြူရောင်ဝတ်စုံကို ဝတ်ထားသည်။ သူ့ကိုကြည့်ရသည်မှာ နှင်းဖြူကျားသစ်ကဲ့သို့ ပေါ့ပါးသွက်လက်နေ၏။ အနီးသို့ရောက်သည့်အခါတွင် ရာဟုလာသည် သင့်တင့်လျောက်ပတ်သော နေရာတွင် ရပ်၍ ဗုဒ္ဓရှင်တော်မြတ်ကို ပူဇော်ခြင်းပြု၏။

"အဘယ်အကြောင်းကြောင့် ငါ့ထံလာသနည်း ရာဟုလာ"

"အမွေတောင်းရန် ရွှေနန်းတော်ကြီးမှ ရောက်လာခဲ့ပါသည် ဘုရား"

"ငါ့သား ရာဟုလာ၊ လောကီဥစ္စာရတနာကိုသာ အမွေအနှစ်ရယူလို၏။ စင်စစ် ထိုအမွေတို့သည်ကား ဝဋ်ဆင်းရဲမျှသာဖြစ်၏။ ငါဘုရားသည် သားတော်ရာဟုလာအား သဒ္ဓါ၊ သီလ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ စာဂ၊ပညာတည်းဟူသော အရိယာတို့၏ ရတနာ(၇)ပါးကို

သာလျှင် အမွေအနှစ်အဖြစ်ပေးတော့အံ့၊ ထိုအမွေအနှစ်တို့သာလျှင် လောကုတ္တရာအမွေအနှစ်ဖြစ်တော့သည်”ဟု မိန့်ဆိုကာ ရာဟုလာကို ဆုံးမတော်မူ၏။

ရာဟုလာသည် လည်တွင်ဆွဲထားသည့် ပန်းကုံးနှင့်တကွ ရွှေငွေ ရတနာတို့ကို ဗုဒ္ဓရှင်တော်၏ ခြေရင်းတွင် စုပုံကာ ဗုဒ္ဓရှင်တော်ပေးသော အမွေအနှစ်ကိုခံယူသောအားဖြင့် သက်န်းဆီးလေတော့သည်။

## ၂၀

ကပိလဝတ်ပြည်တွင် ဝါဆိုပြီးနောက် ကျုပ်တို့သည် ကပိလဝတ်ပြည်မှ ထွက်ခဲ့ကြ၏။ ကပိလဝတ်ပြည် မြို့သူမြို့သားများသည် တင့်တယ်သော ရုပ်ရည် ရှိ၍ အပြောအဆိုချိုသာနူးညံ့ကြသည်။ စကားနည်းကြ၍ စိတ်ထားနူးညံ့ကြ သည်။

မိန်းမများမှာလည်း ဗာရာဏသီပြည်သူများကဲ့သို့မဟုတ်ဘဲ အသားအရေစိုပြည်ဝင်းဝါကာ ကိုယ်လုံးကိုယ်ပေါက်ကျော့ရှင်းလှပကြသည်။

တစ်ခါတွင်မူ ကောလိယမင်းနှင့် ကပိလဝတ်သာကီဝင်မင်းမျိုးတို့ သည် ရောဟဏီမြစ်ကို ခွဲဝေသုံးစွဲခြင်းကို အကြောင်းပြု၍ မကျေမလည်ဖြစ် ကာ စစ်ဖြစ်မည့်အရေးသို့ ရောက်နေကြသည်။ ထိုအချိန်၌ နယ်စပ်တစ် လျှောက်တွင် ဆင်သူရဲ၊ မြင်းသူရဲ၊ ခြေလျင်သူရဲတို့အထပ်ထပ်ချကာ နှစ်ဖက် ပြည်ထောင်တို့ စစ်တိုက်ကြမည်ကဲ့သို့ ဖြစ်နေသည်။ ဗုဒ္ဓရှင်တော်သည် စစ် တပ်နှစ်တပ်ကြားတွင် ရပ်တော်မူပြီးနောက်

"အချင်းတို့ မည်သည့်အတွက် ရန်ဖြစ်နေကြသနည်း၊ သင်တို့သည် စစ်တိုက်ခြင်းကို နှစ်သက်ကြကုန်သလော"ဟု မေးတော်မူ၏။

"တပည့်တော်တို့သည် ရောဟဏီမြစ်ကို ခွဲဝေသုံးစွဲရေးနှင့် စပ်လျဉ်း၍ အငြင်းပွားနေကြပါသည်ဘုရား၊ ယခုအချိန်၌ မြစ်အနီးတွင် ရှိသည့် ဆည်ကြီးကို မည်သူကပိုင်ဆိုင်ခွင့်ရှိ၍ မည်သူက ရေလွှတ်ခွင့်ရှိသည်ဟု အငြင်းပွားနေကြပါသည်"

"သို့ဖြစ်လျှင် ထိုရေတို့ကို မည်သူပိုင်၍ မည်သူက လွှတ်သင့်သနည်း"

ဗုဒ္ဓရှင်တော်သည် သကျသာကီဝင်မင်းတို့အား ထိုသို့မေး၏။ သို့ရာတွင် သာကီဝင်မင်းမျိုး ဗိုလ်ချုပ်များက မေးခွန်းကို ဖြေဆိုနိုင်ခြင်းမပြုကြ။ ကောလိယဗိုလ်ချုပ်များကို မေးသည့်အခါတွင်လည်း မည်သူမျှ ရေရေရာရာ တိကျစွာ ဖြေဆိုနိုင်ခြင်းမရှိ။

"တပည့်တော်တို့သည် မည်သည့်အတွက် စစ်ခင်းရန် ပြင်နေကြောင်းကိုပင် ကောင်းကောင်းမသိကြပါ၊ ထိုကိစ္စနှင့်ပတ်သက်၍ အငြင်းပွားနေသည်ကိုသိသဖြင့် စစ်ခင်းရန် ပြင်လာကြခြင်းသာဖြစ်ပါသည်။ မည်သည့်အကြောင်းရင်းကြောင့် စစ်ခင်းရန်ပြင်ဆင်ကြောင်းကိုကား မည်သူမျှ မသိပါ"

ဗုဒ္ဓရှင်တော်သည် အကျိုးအကြောင်းကို မေးမြန်းသည့်အခါတွင် ကောလိယ ဗိုလ်ချုပ်တို့သည် ရွှေနန်းတော်ကြီးသို့ ပြန်သွားပြီး နောက်နံနက်တွင် ပြန်ရောက်လာကြကာ ရောဟဏီမြစ်ညာရှိ ဟိမဝန္တာတောင်တန်းတစ်နေရာ တွင် ဆည်ကြီးတစ်ခုရှိနေကြောင်း၊ ထိုဆည်ကြီးသည် ကောလိယမင်းတို့ အဆက်ဆက်က ပိုင်ဆိုင်ခဲ့သော ဆည်ကြီးဖြစ်ကြောင်း၊ ထိုဆည်မှ စီးသောရေတို့ကို သကျမျိုးနွယ်တို့ သုံးစွဲလျက်ရှိကြောင်း၊ ထို့ကြောင့် စစ်ခင်းရန် ပြင်ဆင်နေနေကြောင်းဖြင့် လျှောက်တင်ကြသည်။

"ထိုမြစ်ရေတို့သည် မည်သည့်နေရာမှ စီးဆင်းလာသနည်း၊ အချင်းတို့"

"ထိုမြစ်ရေတို့သည် ဟိမဝန္တာတောင်ထိပ်ရှိ ဆီးနှင်းတို့အရည်ပျော်ရာမှ စီးဆင်းလာခြင်းဖြစ်ပါသည် ဘုရား"

"ထိုဆီးနှင်းတို့ အရည်ပျော်အောင် မည်သူက လုပ်သနည်း"

"မိုးနတ်ဣန္ဒာက ပြုလုပ်ခြင်းဖြစ်ပါသည် ဘုရား"

ဗုဒ္ဓရှင်တော်သည် ရောဟဏီမြစ်တစ်ဖက်ကမ်းသို့ လှမ်းမျှော်ကြည့်လိုက်၏။ တစ်ဖက်ကမ်းတွင်မူ သာကီဝင်စစ်သည်များ၏ စစ်တံခွန်များ၊ စစ်တလေးများသည် လေတွင်တလူလူလွင့်နေကြ၏။

"မြတ်သော မင်းအပေါင်းတို့၊ ရောဟဏီဆည်ချောင်းရေသည် မည်မျှအဖိုးထိုက်သနည်း"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ရောဟဏီချောင်းရေ သည် အနည်းငယ်မျှသာ အဖိုးထိုက်ပါသည် အရှင်ဘုရား"

ထိုအခါ ဗုဒ္ဓရှင်တော်က တစ်ဆင့်တက်၍

"မြတ်သော မင်းအပေါင်းတို့၊ မြေကြီးသည် မည်မျှ အဖိုးထိုက်သနည်း"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မြေကြီးသည် အတိုင်းမသိ အဖိုးထိုက်ပါသည် အရှင်ဘုရား"

"မြတ်သောမင်းအပေါင်းတို့၊ လူတို့၏ အသက်သည် မည်မျှအဖိုးထိုက်သနည်း"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ လူတို့အသက်သည် မြေကြီးထက်ပင် အတိုင်းမသိ အဖိုးထိုက်ပါသည် ဘုရား"

"မြတ်သောမင်းအပေါင်းတို့၊ အဖိုးအနည်းငယ်သာ ထိုက်တန်သော ရောဟဏီဆည်ချောင်းရေကို အမှီပြု၍ အဖိုးအနဂ္ဃထိုက်တန်လှသည့် လူ့အသက်ပေါင်းကို မည်သည့်အတွက်ကြောင့် ဖျက်ဆီးလိုကြသနည်း၊ ခိုက်ရန်ငြင်းပွားအချင်းများခြင်းသည် တစ်စိုးတစ်စိမျှသာယာဖွယ်မရှိသောအချက်"ဟု ဆိုကာ ဗုဒ္ဓရှင်တော်သည် ဖန္ဒနဇာတ်ကို ဟောတော်မူသည်။

နှစ်ပြည်ထောင်မင်းများနှင့် စစ်သည်သူရဲတို့သည် အတန်ကြာမျှ တိတ်ဆိတ်နေကြသည်။ မနက်မိုးသောက်အလင်းသို့ ရောက်လတ်သည်တွင်မူ နှစ်ဖက်စစ်သည်တို့သည် မိမိတို့ပြည်များသို့ ပြန်လည်ဆုတ်ခွာသွားကြသည်။

ထိုအချိန်လောက်က ဗုဒ္ဓရှင်တော်သည် ရှေးဖြစ်တော်ပေါင်းများစွာနှင့် ဇာတ်ဝတ္ထုများကို ဟောကြားတော်မူခဲ့သည်ကို ကျုပ်အမှတ်ရနေသည်။ သို့ရာတွင် ရှင်တော်ဟောကြားသည့် နိပါတ်တော်များမှာ များပြားလှသဖြင့် ဤနေရာတွင် ကျုပ်အကုန်ပြောမပြနိုင်တော့ပြီ။

တစ်ခါက ဒေဝဒတ်သည် ဗုဒ္ဓရှင်တော်အား ကျောက်မောင်းဆင်၍ သတ်ဖြတ်ရန်ကြံစည်ခဲ့ဖူးကြောင်း၊ နာဠာဂီရိဆင်ဖြင့် နင်းသတ်ရန်ကြံစည်ဖူးကြောင်း၊ သို့ရာတွင် ဒေဝဒတ်အား မုန်းထားရန်လိုကြမည်စိုးသည့်အတွက် ထိုအတေကြောင်းများကို မည်သူ့ကိုမျှ ပြောပြခြင်းမပြုရန် သံဃာတော်များအား တားမြစ်ခဲ့၏။ သို့ရာတွင် ဗုဒ္ဓရှင်တော်သည် ဘုန်းတန်ခိုးအာနုဘော်တို့ကြောင့် အသက်မသေခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းကို သက်ရွယ်ကြီးရင့် အိုမင်းမစွမ်းယခုအချိန်ရောက်သည့်တိုင်အောင် ပြန်တွေးလိုက်လျှင် ကျောချမ်းမိသေးသည်။

ဆင်နက်ကြီးသည် အိမ်ခြေ၊ ယာခြေတို့ကို နင်းခြေကာ မြေကြီးတွင် စည်တီးသကဲ့သို့ ခွာသံကို ဖြစ်စေလျက် နင်းသတ်အံ့ဟု ဗုဒ္ဓရှင်တော်ထံလာနေပုံ၊ မိမိအားနင်းသတ်ရန်လာနေသော ဆင်နက်ကြီး၏ ရှေ့တွင် တည်ကြည်စွာရပ်နေသော ဗုဒ္ဓရှင်တော်၏ ရှေ့တော်အရောက်တွင် ဒူးတုပ်ဝပ်စင်းကာ ရှင်တော်ကို ခစားနေပုံ၊ ထိုဆင်နက်ကြီးကို ဘေးမရှိစေဘဲ ဟိမဝန္တာတောသို့ ပြန်လွှတ်ခဲ့ပုံ၊ ထိုပုံများသည် ယခုတိုင် ကျုပ်မျက်စိထဲတွင် ရေးရေးပေါ်နေကြသည်။

ဗုဒ္ဓရှင်တော်သည် တောထွက်ပြီးသည့်ကာလ၊ ကုသိန္နာရုံပြည် မိဂဒါဝုန်တောတွင်းတရားဦးဟောသည့်ကာလနှင့်စောစောပိုင်း ဒေသစာရီကြွချီသည့်ကာလများကို ပြန်စဉ်းစားလိုက်လျှင် ဖုန်မှုန့်တွေ အလုံးလိုက်ထနေသော ခရီးကြမ်းကြီးကိုသာ မှတ်မိနေသည်။

မိုးတွင်းကာလများတွင် ကျုပ်တို့သည် ရောက်ရာဒေသတွင် ဝါဆိုကြ ပြီး ထိုအတောအတွင်း၌ ဗုဒ္ဓရှင်တော်သည် သစ္စာလေးပါးတရားတို့ကိုလည်း ကောင်း မဂ္ဂင်ရှစ်ပါးတရားတို့ကိုလည်းကောင်း သို့မဟုတ်လျှင်လည်း မိမိ၏ ရှေးဖြစ်ဟောင်းအပေါင်းတို့ကိုလည်းကောင်း ဟောကြားလေ့ရှိသည်ဟုလည်း ကျုပ်မှတ်မိနေသည်။

မိုးစက်များက ငှက်ပျောရွက်များပေါ်သို့ ဖြိုးဖြိုးဖြောက်ဖြောက်ကျနေ စဉ်၊ အဝေးဟိမဝန္တာတောင်ထိပ်တွင် မိုးသားတိမ်တိုက်တို့ ညို့မှိုင်းနေစဉ် ကျုပ် တို့သည် သီတင်းကျွတ်နေရောင်ကို မျှော်ကြရသည်။ သီတင်းကျွတ်သည်ဆို သည်နှင့် ဒေါင်းတို့သည် ကြေးနီရောင်၊ မြစိမ်းရောင်၊ ရွှေရောင်တို့ တောက် နေသော အမြီးများ ဖြန့်ကာ ခုန်ပေါက်ကြလေပြီ။ ကောင်းကင်သည် မြောက်ပိုင်း လယ်သမားများ အဝတ်ဆိုးလေ့ရှိသော မဲနယ်ကဲ့သို့ ပြာလွင်တောက်ပနေစပြု ပြီ။

မနက်ခင်းနှင်းတို့သည် အစိမ်းရောင်၊ ရွှေရောင်၊ အဖြူရောင်တံခွန်များ လွှင့်ထားသည့်နှယ် ဝေ့ဝဲနေကြသည်။

ကျောက်တောင်ပြာတွေ ဝိုင်းရံထားသည့် ရာဇဂြိုဟ်ကို ကျုပ်အမှတ်ရ သည်။ ထိုနေရာတစ်ဝိုက်တွင် တစ်ခါက တောမီးကြီးလောင်သည်ကို ကြည့်၍ ဗုဒ္ဓရှင်တော်သည် ကျုပ်တို့အား ငုံးမင်းပရိတ်တော်ကို ဟောကြားခဲ့ဖူးခြင်းကို လည်း ကျုပ်သတိရနေသည်။

ကျုပ်တို့ သံဃာများကို ဆွမ်းလုပ်ကျွေးကြသော ရွာငယ်ဇနပုဒ်များကို လည်း ကျုပ်သတိရနေသည်။ ရှင်တော်ဗုဒ္ဓဦးဆောင်၍ ကျုပ်တို့သံဃာအစုအ ဝေးကြီး ဒေသစာရီလှည့်လည်နေပုံသည် စစ်တံခွန်၊ စစ်တလေးတို့မပါသော ဓမ္မစစ်တပ်ကြီးတစ်တပ်ချီတက်နေပုံနှင့်ပင် တူသေးသည်ဟု ယခုပြန်လည်စဉ်း စားလိုက်မိတော့သည်။

တောများကို ဖြတ်သန်းလာသည့်အခါ တောင်စောင်းတွင် အစွယ်သွေး နေကြသော တောဝက်အုပ်များ၊ မလ္လာမင်းတို့ စံရာတိုင်းပြည်များသို ရောက်ကာ နီးတွင် အုပ်လိုက်ပျံသန်းလာတတ်သော ချိုးအုပ်များ၊ ကပိလဝတ်ပြည်တွင် ခမ်းနားကြီးကျယ်သော ရွှေနန်းတော်အဆောင်ကြီးများ၊ ခမ်းနားကြီးကျယ်သော ရွှေကကြိုးများကို တင်ဆောင်၍ တအီအီသွားနေကြသော ရွှေနန်းတော်သုံးဆင် ကြီးများ၊ စုလစ်မွန်းချွန်းတို့ ထိုးထွက်နေသော ရွှေနန်းပြသာဒ်ဆောင်များ စ သည်တို့သည် ယခုတိုင် ကျုပ်မျက်စိထဲတွင် ရေးရေးပေါ်လျက်ရှိနေလေရာ ကျုပ်တို့ တမလွန်ဘဝသို့ ရောက်သည်အထိပင် ထိုအရာများသည် ကျုပ်မျက်စိ ထဲတွင် ပေါ်နေဦးမည်ထင်ပါသည်။

ဗုဒ္ဓ၏ကျက်သရေတော်မြတ်နှင့်စာလျှင် ကျုပ်တို့သည် သရဲတစ္ဆေများသဖွယ် အသရေကင်းမဲ့သည်ဟုလည်း ကျုပ်သတိရနေသည်။ ကျုပ်တို့ သည် ဗုဒ္ဓရှင်တော်နှုတ်ခပတ်တော်မှ မြွက်ကြားသမျှကို တတ်နိုင်သမျှ မှတ်သားကြသည့်တိုင် ကျုပ်တို့၏ မှတ်ဉာဏ်ချို့ယွင်းလာသောကြောင့်လည်းကောင်း၊ စာပေကညစ်တို့ ပျက်စီးယိုယွင်းလာမှုကြောင့်လည်းကောင်း၊ ထိုစဉ်က လိုက်လံရေးမှတ်စရာကနဲ့ကူစာရေးတို့ မရှိသည့်အတွက်ကြောင့်လည်းကောင်း မမှတ်သားမိဘဲ ပျောက်ကွယ်သွားကြသည့် ဒေသနာတော်များ၊ အဆုံးအမများ အများအပြားပင် ကျန်ရှိလိမ့်မည်ဦးမည်ဟုလည်း ကျုပ်ထင်သည်။

ဗုဒ္ဓဂါယာရှိ စိမ်းမြသော တောင်ကြားတွင် ကျုပ်တို့တစ်တွေ ဝါဆိုကြစဉ် ကာလတစ်ညတာ၌ ဗုဒ္ဓရှင်တော်သည် သုန္ဒရီပုရပိုဇ်မ၏ စွပ်စွဲခံရပုံကို ကျုပ်တို့အားပြောပြတော်မူသည်ကိုလည်း ကျုပ်မှတ်မိနေသေးသည်။

ထိုညချမ်း၌ ကောင်းကင်သည် နှင်းမြူတို့ဝေဆိုင်းကာ မှိုင်းမှုန်နေပြီး ဗုဒ္ဓရှင်တော်သည် ဈာန်သမာပတ်ဝင်စားရာမှ နိုးထတော်မူပြီးနောက် မိမိ၏ ကျောင်းသင်္ခမ်းတွင် စုဝေးနေကြသော သံဃာတော်တို့ လျှောက်ထားတောင်းပန်ကြသည့်အတွက် သုန္ဒရီပုရပိုဇ်မ၏ စွပ်စွဲခံရသည့်အကြောင်းကို ဟောပြောတော်မူခြင်းဖြစ်သည်။

ရဟန်းတို့ သာဝတ္ထိပြည်ဝယ် သုန္ဒရီမည်သော ပုရပိုဇ်မသည် ပုရပိုဇ်မတစ်ကာတို့ထက် ရုပ်ဆင်းပြည့်စုံကြွယ်ဝပြီး ရှုချင်စဖွယ်အဆင်းနှင့်ပြည့်စုံ၍ အရွယ်အားဖြင့်လည်းလုပတင့်တယ်သည့်အရွယ်ဖြစ်ပေသည်။ ထို့ကြောင့် ထိုပုရပိုဇ်မကို သုန္ဒရီဟု ခေါ်ကြခြင်းဖြစ်၏။ တိတ္ထိတို့သည် ငါဘုရားနှင့်တကွ သံဃာအပေါင်းတို့ ပစ္စည်းလေးပါးပေါများမှုကို မနာလို မရှုစိမ့်နိုင်ကြသဖြင့် အချင်းချင်း စုဝေးကြပြီးသော် “ငါတို့သည် ရဟန်းဂေါတမဖြစ်ပေါ်လာချိန်မှစ၍ ပျက်စီးခြင်းမလှ ပျက်စီးကြ၍ လာဘ်လာဘများ တစ်နေ့တစ်ခြား ခေါင်းပါးလာရုံမျှမကဘဲ ငါတို့ကိုပင်ရှိသေး၏ဟု တစ်ယောက်တစ်ဦးကမှ အသိအမှတ်မပြုကြတော့ပြီ။ အဘယ်ကိုမှီ၍ လူအပေါင်းတို့က ရဟန်းဂေါတမကို အလွန်ကြည်ညိုပြီး အလွန်ကောင်းမြတ်သော ပူဇော်သက္ကာရကို ပြုကြသနည်း” ဟုတစ်ယောက်သောတိတ္ထိက မေး၏။

ထိုအခါတွင် တစ်ယောက်သော တိတ္ထိက “ငါ့ရှင်တို့၊ ရဟန်းဂေါတမသည် မြတ်သော သာကီဝင်မင်းမျိုး၌ ဖြစ်ပွားလာသူဖြစ်ပေ၏။ ထို့ကြောင့် လူအပေါင်းတို့က ဤမျှပူဇော်သက္ကာရကို ပြုလုပ်ခြင်းဖြစ်၏”ဟု တစ်ယောက်တစ်ပေါက်နှင့် ပြောဆိုပြီးလျှင် ငါဘုရားပေါ်၌ လူအများအကြည်ညိုကင်းမဲ့စေသည့် အကြောင်းအချက်များကို ရှာကြံကြသော်လည်း တစ်ချက်မျှ မတွေ့ဖြစ်

၏။ ထိုအခါတွင် ရက်စက်ကြမ်းကြုတ်သော တိတ္ထိဆရာကြီးတစ်ဦးက "ငါ့ ရှင်တို့၊ ဤလောက၌ မာတုဂါမနှင့်ပတ်သက်၍ မတပ်မက်သောသူဟူ၍ တစ် လူမျှမရှိ၊ ရဟန်းဂေါတမသည် နတ်နှယ်တမျှ ရုပ်ဆင်းလှသူဖြစ်၏။ မိမိနှင့် အလှချင်းဂုဏ်ညီသော ရုပ်အဆင်းရှိသည့် မာတုဂါမကို ရရှိသော် ဧကန်တပ်မက်ပြီး ငြိတွယ်လိမ့်မည်၊ အကယ်၍ မတပ်မက်မငြိတွယ်လည်း လူအပေါင်းတို့က ယုံမှားအပ်သူဖြစ်ပေလိမ့်မည်၊ ငါတို့သည် ပုရပိုဇ်မသုန္ဒရီအား ရဟန်းဂေါ တမ၏ မကောင်းသတင်းပျံ့နှံ့ရလေအောင် ရဟန်းဂေါတမထံသို့ လွှတ်ကြကုန် အံ့"ဟု တင်ပြ၏။

တိတ္ထိတို့ကလည်း သုန္ဒရီပရပိုဇ်မထံလာကြ၍ အကျိုးအကြောင်းကို ပြောပြ၏။ သုန္ဒရီပရပိုဇ်မသည် စိတ်အားတက်ကြွကာ "အရှင်တို့၊ တပည့်တော်မသည် မည်သည့်အမှုကို ပြုရမည်နည်း"ဟု မေးလျှင် တိတ္ထိတို့က "ငါ့နှမ၊ သင်သည် ပထမအရွယ်တွင်တည်သူဖြစ်၏။ လှပတင့်တယ်ရှုချင်စဖွယ်သော ရုပ်အဆင်းနှင့်လည်း ပြည့်စုံ၏။ ထို့ကြောင့် ရဟန်းဂေါတမအကျိုးမဲ့ဖြစ်လေအောင် တတ်စွမ်းသမျှ ပြုလုပ်လေလော့"ဟုပြော၍ သုန္ဒရီပုရပိုဇ်မလည်း "ကောင်းပြီ"ဟု ဝန်ခံ၍ ပန်းနံ့သာလိမ်းခြယ်ကာ အာခံတွင်းကို မွှေးကြိုင်စေမည့် ကွမ်းအထုံဆေးတို့ကို ဝါးပြီးလူအများတရားနာရာ မြို့တွင်းသို့ ဝင်ကြသည့်အခါ ဇေတဝန်ကျောင်းတိုက်သို့ရှေ့ရှုသွား၏။ လမ်း၌ လူအပေါင်းတို့နှင့်တွေ့၍ "အဘယ်ကိုသွားမည်နည်း"ဟု မေးသည့်အခါတွင် "ငါသည် ရှင်တော်ဂေါတမနှင့် ဂန္ဓကုဋီတစ်တိုက်တည်း၌ နေသူဖြစ်ပေ၏"ဟု ပြောလျက် ဇေတဝန်ကျောင်းတိုက်အနီးသို့ ရောက်သည့်အခါ အတွင်းသို့မဝင်ရဲဘဲ ညဥ့်အယံကို ကုန်လွန်စေပြီးနောက် မနက်လင်းလျှင် ဇေတဝန်ကျောင်းတော်လမ်းခရီးမှ သက်ဆင်း၍ သာဝတ္ထိမြို့ဘက်သို့ ရှေ့ရှုလာလတ်သော် လမ်းခရီးတွင် လူအပေါင်းတို့က သူ့ကိုမြင်သဖြင့် "အသင် ပုရပိုဇ်မကလေး၊ ဘယ်က ပြန်လာသနည်း"ဟုမေးကြ၏။ ထိုအခါတွင် သုန္ဒရီပုရပိုဇ်မက "ကျွန်တော်မသည် ရဟန်းဂေါတမထံသို့သွား၍ ဂန္ဓကုဋီတိုက်တစ်တိုက်တည်းတွင်နေခဲ့ပြီးနောက် ဂေါတမကို ကိလေသာအတွေ့ထူးဖြင့် မြူးထူးပျော်မွေ့စေပြီး ပြန်လာခဲ့ပါသည်" ဟု စွပ်စွဲပြော၏။

တိတ္ထိတို့သည် ထိုသို့ သုန္ဒရီပုရပိုဇ်မက ငါ့အား လူအများ အထင်အမြင်လွဲအောင်ပြု၍ အများအထင်အမြင်မလွဲသောအခါ၌ သေသောက်ကြူးတို့အား ငွေပေး၍ "သွားကြလော့၊ သုန္ဒရီပုရပိုဇ်မကို သတ်၍ အလောင်းကို ဂေါတမ၏ ဂန္ဓကုဋီတိုက်အနီး ပန်းတောင်းအမှိုက်တို့ စွန့်ပစ်သည့် မြောင်းထဲသို့ စွန့်ပစ်ထားခဲ့ကြကုန်"ဟု ခိုင်းလိုက်ကြ၏။

သေသောက်ကြူးတို့ကလည်း သူတို့စေခိုင်းသည့်အတိုင်းပြုခဲ့ကြ၏။ ထိုအခါတွင် တိတ္ထိတို့က ငါတို့သည် သုန္ဒရီပုရပိုဇ်မအား မတွေ့ရသည်မှာ ကြာပြီ။ တစ်မြို့လုံး အုတ်အုတ်ကျက်ကျက်ဖြစ်၍ ပြောဆိုပြီးနောက် ကောသလမင်းကြီးထံသို့သွားကာ

"မြတ်သောမင်းကြီး၊ ငါတို့၏ တပည့်မလေး သုန္ဒရီ ပုရပိုဇ်မ သည် ပျောက်ခြင်းမလှပျောက်နေသည်မှာ ကြာရှိပါပြီ၊ ရှာ၍ပေးပါ"

ဟု ပြောကြ၏။

ကောသလမင်းကြီးသည် "မည်သည့်အရပ်တွင် သင်တို့ ယုံမှားသံသယရှိသနည်း"ဟုမေးသည့်အခါ "မြတ်သောမင်းကြီး၊ ငါတို့သည် ဇေတဝန်ကျောင်းတိုက်ကို ယုံမှားသံသယရှိပါသည်"ဟု လျှောက်တင်သည့်အတွက် "ယင်းသို့ဖြစ်လျှင် ဇေတဝန်ကျောင်းတိုက်ကိုရှာကြ"ဟု အမိန့်ပေးလိုက်၏။

ထိုအခါတွင် တိတ္ထိတို့သည် မိမိတို့လူများကို စေခိုင်းထားသည့်အတိုင်း ပန်းတောင်းအမှိုက်တို့ စွန့်ရာမြောင်းအတွင်းမှ သုန္ဒရီပုရပိုဇ်မ၏ ဥတုဇရုပ်အလောင်းကို ထုတ်ယူလာခဲ့ကြ၏။ ကောသလမင်းကြီးကိုလည်း ဂေါတမသည် သုန္ဒရီပုရပိုဇ်မကို မတော်မတရားပြုကာ သတ်၍ စွန့်ပစ်ထားကြောင်း လျှောက်ထားကြ၏။ ကောသလမင်းကြီးသည် တိတ္ထိတို့၏ စကားကို ယုံကြည်ကာ သုန္ဒရီ၏ အလောင်းကို မြို့တွင်းသို့ ယူဆောင်သွားရန် စေခိုင်းသဖြင့် တိတ္ထိတို့လည်း သုန္ဒရီပုရပိုဇ်မ၏ ရုပ်အလောင်းကို ခုတင်ညောင်စောင်းထက်တွင် တင်ကာ မြို့တွင်းသို့ ယူလာခဲ့ကြ၏။

ရဟန်းဂေါတမနှင့် သာကီဝင်ရဟန်းများသည် မမြတ်သော မေထုံအကျင့်ကို ကျင့်ရုံမျှမက သူတစ်ပါး၏ အသက်ကိုပင် သတ်ဖြတ်လေသည်။ သို့တိုင် သူတို့ကိုယ်သူတို့ သူတော်စင်သူတော်ကောင်းကြီးများအဖြစ်ကြွေးကြော်နေကြသည်ဟု ကဲ့ရဲ့ရှုံ့ချကြ၏။ သာဝတ္ထိမြို့သူမြို့သားများတို့သည်လည်း သူ့စကားကို ယုံကြည်ကြ၏။

"ဤရဟန်းတို့သည် မြတ်သောအကျင့်မှ ကင်းလွတ်ကြကုန် ၏။ အဘယ်ကြောင့်လျှင် ယောကျ်ားသည် ယောကျ်ားတို့ကိစ္စပြီး လျှင် မိန်းမကိုသတ်ပစ်ရသနည်း" ဟု ငါဘုရားနှင့်တကွ ရဟန်းသံဃာများကို ဆဲရေးကြကုန်၏။ ထိုအခါတွင် ရဟန်းတို့သည် ငါ့ထံလာရောက်၍ ထိုအကြောင်းကို လျှောက်တင်ကြကုန်၏။ "ရဟန်းတို့ ယခုကဲ့သို့ကဲ့ရဲ့သော အသံသည် ကြာမြင့်စွာ တည်လိမ့်မည်မဟုတ်၊ ခုနစ်ရက်သာလျှင် ဖြစ်ပေလိမ့်မည်၊ ခုနစ်ရက်လွန် မြောက်သွားလျှင် ကွယ်ပျောက်သွားလိမ့်မည်"

အဘူတဝါဒီ နိရယံ ဥပေတိ
ဂေါဝါဝိကတွာ နကရောမိဟာဟ
ဥဘောပိ တေ ပေစ္စသမာ ဘဝန္တိ
နိတိနကမ္မာ မနုဇာပရတ္တ။

"မိမိ မမြင်၊ မကြား၊ မသိ၊ မတွေ့ပါဘဲလျက် မြင်၏၊ ကြား၏၊ တွေ့၏၊ သိ၏ဟု မဟုတ်မမှန်ပြောလေ့ရှိသောသူသည် ငရဲပြည်သို့ ရောက်ရတတ်၏။ မကောင်းမှုကိုပြုပြီးလျှင် ငါမပြုဟုပြောဆိုသူ လည်း ငရဲကျရာ၏။ ယုတ်မာသောအမှုရှိသည့် ထိုသူနှစ်ဦးတို့သည် ဤဘဝမှ စုတေလတ်သော် တမလွန်ဘဝသို့ရောက်သော် နိရတဂတိ မှ တူမျှစွာသော ဖြစ်ကုန်ကြ၏"ဟူသော ဂါထာဖြင့် ငါချေပခဲ့ဖူး၏။

ထိုချေပချက်ကြောင့် လူအများ၏ စိတ်တွင် ထိုသို့သော မဟုတ်မတရားစွပ်စွဲချက်ကို သည်းခံရခြင်းဟူသော ခန္တီဂုဏ်၊ ကုသိုလ်ကောင်းမှု၌သာ မွေ့လျော်ခြင်းဟူသော သောဝစ္စသဂုဏ်ကို စွန့်ပစ်ခြင်းမရှိဘဲ မိမိတို့ပြုမြဲဖြစ်သည့်အတိုင်း ကောင်းမှု၌သာ ပျော်မွေ့ခြင်းရှိကြ၏။ သို့ရာတွင် တိတ္ထိတို့ကား မူးယစ်သောက်စားခြင်း၊ ကာမဂုဏ်မှီဝဲခြင်းတို့၌သာ မွေ့လျော်ကြကုန်၏ဟု သိလာကြသည့်အတွက်မင်းကြီးလည်း ထိုအကြောင်းနှင့်စပ်လျဉ်း၍ အမှန်ကို သိရန်မင်းချင်းတို့အား အစုံစမ်းခိုင်းလိုက်၏။

တိတ္ထိတို့က ငွေပေး၍ စေခိုင်းလိုက်သည့် သူသတ်ယောကျ်ားတို့သည် မူးယစ်သောက်စားကာ အဝေမတည့်၍ ခိုက်ရန်ဖြစ်ပွားကြသည်ကို တွေ့ရသည်တွင် ကောလသမင်းကြီးထံဆင့်ခေါ်၍ စစ်ဆေးသည်တွင် တိတ္ထိတို့က စေခိုင်းကြောင်းဝန်ခံကြပေ၏ဟု ဟောကြားတော်မူသော ကုဒန္တီဝါစယဇနာအသည တာအစချီသော ဂါထာတော်ကို ကျူးရင့်တော်မူခဲ့သည်ကို ကျုပ်အမှတ်ရမိသည်။

ထိုသို့ဒေသစာရီလှည့်လည်တော်မူသည့်အတောအတွင်း၌ ဗုဒ္ဓရှင်တော်သည် အကြောင်းတိုက်ဆိုင်တိုင်း ရှေးဖြစ်တော်ပေါင်းများစွာကို ဟောကြားတော်မူလေ့ရှိ၏။ ထို့မျှမက ဗုဒ္ဓရှင်တော်ရှေ့မှောက်တွင် ဖြစ်ပျက်ခဲ့သော အကြောင်းခြင်းရာတို့ကိုလည်း ဟောကြားတော်မူ၏။ ဥဂ္ဂါသေနသူဌေးသားနှင့် ကျွမ်းသမားကချေသည်တို့အကြောင်း၊ သုမနပန်းသည်အကြောင်း၊ မာဂဏ္ဍီ ပုဏ္ဏေးမအကြောင်းတို့ကိုဟော၏။ ထိုသို့ ပြောဆိုဟောပြောတော်မူရာတွင် ဗုဒ္ဓရှင်တော်သည် ဇာတ်နိပါတ်တို့ကို မည်သည့်အခါမှ နှစ်ကြိမ်ပြန်ဟောသည် မရှိ။ ဇာတ်နိပါတ်တစ်ခုလျှင် တစ်ကြိမ်သာဟောတော်မူ၏။

ဗုဒ္ဓရှင်တော်သည် မိုးတွင်းကာလများတွင် တစ်နေရာတည်း၌ နားနေကာ တစ်နေရာတည်းတွင်ပင် ဝါကပ်တော်မူလေ့ရှိပြီး ကျန်အချိန်များတွင်မူ

ဒေသစာရီလှည့်လည်ခြင်း၊ လူသတ္တဝါတို့ အကျွတ်တရားရေအေးတိုက်ကျွေး ခြင်းဖြင့်သာ အချိန်ကုန်လေ့ရှိ၏။

သို့ရာတွင် ရှင်တော်သည် တဖြည်းဖြည်းနှင့် အိုမင်းစပြုခဲ့လေပြီ။ ကျုပ်တို့သည် သက်တော်ကြီးစပြုပြီဖြစ်သော် ရှင်တော်ကို ကြည့်ကာ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် မကြာမီမှာပင် အာယုသင်္ခါရလွှတ်တော်မူမည်လောဟု အချင်းချင်းပြောဆိုမိကြသည်။

သို့ရာတွင် ဗုဒ္ဓရှင်တော်သည် ကျုပ်တို့ စိုးရိမ်သကဲ့သို့မဟုတ်။ သက်ရွယ်ကြီးရင့်သည့်တိုင် နုပျိုလန်းဆန်းနေမြဲရှိနေသည်ကို တွေ့ရသည်။ ပရိနိဗ္ဗာန်ဝင်စံတော်မူခါနီးကျမှသာလျှင် ရှင်တော်သည် နိမိတ်များပြတော်မူခဲ့သည်။

ကျုပ်၏ ကမ္ဗဋ္ဌာန်းကျောင်းငယ်အတွင်းမှ ဆီမီးခွက်သည် လေတိုးသဖြင့်တိမ်းလှုပ်လျက်ရှိ၏။ ညဥ့်နက်ပြီဖြစ်သဖြင့် ရဟန်းသံဃာတို့၏ ရွတ်ဖတ်သံ၊ လှုပ်ရှားသံတို့မကြားရတော့။ ကျုပ်သည် ကမ္ဗဋ္ဌာန်းကျောင်း နံရံထောင့်တစ်နေရာဆီသို့ ငေးကြည့်နေမိသည်။

ပြုံးတော်မူလျက် ကျုပ်အားရပ်ကြည့်နေတော်မူသော ရှင်တော်၏ ရုပ်သွင်ကို ကျုပ်မျက်စိထဲတွင် မြင်ယောင်လာပြန်သည်။

ထိုသို့ပုံတော်ကို မြင်ယောင်လာရင်းဖြင့်ပင် ကျုပ်သည်ဗုဒ္ဓရှင်တော်၏ ပရိနိဗ္ဗာန်ဝင်စံတော်မူခန်းကို အားတင်း၍ မှတ်တမ်းတင်ပေအံ့။

၂၁

ဟိမဝန္တာတောင်မှ နှင်းမြူတို့ ပြုဆင်းလာသည့်နေ့တစ်နေ့ဖြစ်၏။

လေထုသည် သစ်သီးတို့၏ ရနံ့များဖြင့် မွှေးထုံလျက်။ ပြာလဲ့သော ကောင်းကင်တွင် စွန်တို့က လေးတွဲ့စွာပျံဝဲလျက်။ မိုးရာသီကုန်ဆုံးပြီဖြစ်၍ ရှင်တော်ဗုဒ္ဓအမှူးပြုသည့် ကျုပ်တို့ရဟန်းသံဃာများသည် ဒေသစာရီလှည့်လည်ရန် ပြင်ဆင်ကြသည်။

သို့ရာတွင် ဗုဒ္ဓရှင်တော်မှာ အသက်အရွယ်အိုမင်းစပြုနေပြီဖြစ်သည့်အတွက် ကျုပ်တို့သည် ယခင်ကကဲ့သို့ ခရီးတွင်အောင်မသွားနိုင်။ နားနားနေနေသာ သွားကြရသည်။

ဗုဒ္ဓရှင်တော်သည် အရပ်တော်မြင့်ပြီး သန်မာဆဲဖြစ်၏။ မျက်နှာတော်ပေါ်တွင် အရေးအကြောင်းတို့ထင်ခြင်းမရှိ။ မျက်လုံးတော်သည် ကြည်လင်စူးရှဆဲဖြစ်၏။ ဝါရွှေသော သင်္ကန်းကိုဝတ်ရုံထားသည့် ဗုဒ္ဓရှင်တော်ကို ကြည့်ရသည်မှာ ပျိုရွယ်သော ရဟန်းများထက်ပင် နုနယ်ပျိုမျစ်နေသည်ဟု ထင်ရသေးသည်။ ရှင်တော်သည် ယခင်ကထက်ပင် သပ္ပာယ်တင့်တယ်ဟန်ကို ဆောင်နေ၏။ သို့ရာတွင် ဗုဒ္ဓရှင်တော်၏ လက်တော်များသည် တုန်ယင်သည်ထက်တုန်ယင်လာသည်ကို ကျုပ်သတိထားမိသည်။

ဗုဒ္ဓရှင်တော်သည် ကျုပ်မျက်စိထဲတွင် ဖြစ်ပျက်နေသည်ကို သိသည့်နှယ် “ငါ့အတွက် ဘာမှ မစိုးရိမ်နှင့် အာနန္ဒာ၊ ငါသည် မကြာမီပင် နောက်ဆုံးခရီးကို သွားပေတော့အံ့”

ဟု ကျုပ်ကို ပြောတော်မူလိုက်သည်။

သို့ဖြင့် ကျုပ်တို့သည် ဖုန်ထူသော လမ်းခရီးအတိုင်း ကုသိနာရုံသို့ တဖြည်းဖြည်းလာခဲ့ကြသည်။ ညနေဆည်းဆာများတို့တွင် မြောက်ဘက်မှဆင်းလာသည့်ကုန်သည်တို့၏ လှည်းတန်းများကို တွေ့ရတတ်၏။

“ချစ်သား အာနန္ဒာ၊ ပါဝါပြည်သို့ ငါတို့သွားကြအံ့”ဟု ဗုဒ္ဓက မိန့်တော်မူ၏။ ကျုပ်တို့ဆီသို့လာနေသော လူတန်းငယ်တစ်ခုကို တွေ့ရ၏။ ရှေ့ဆုံး

မှ အသက်ကြီးကြီး၊ တောင့်တင်းသော ပခုံးများရှိပြီး ကုန်သည်မျိုးရိုးကဲ့သို့ ဝတ်ဆင်လာသော လူတစ်ယောက်ပါလာပြီး သူ့နောက်မှ ဇနီးမယား သမီးသား နှင့် အခြွေအရံတို့သည် စားသောက်ဖွယ်တို့ကို ဗန်းဖြင့်ထည့်ကာ လိုက်ပါသည် ကိုတွေ့ရ၏။ ရှင်တော်သည် ဈာန်သမာပတ်ဝင်စားနေရာမှ နိုးထတော်မူလာ ကာ သူတို့ကိုမြင်လျှင် သက်ပြင်းချတော်မူ၏။

"အဘယ်ကိုရည်၍ သက်တော်ကို သက်ပြင်းချတော်မူပါသလဲ ဘုရား"

"ငါ ပရိနိဗ္ဗာန်ဝင်စံသော် အကြောင်းတရားကို ဤသူယူဆောင် လာသောကြောင့်ပင်ဖြစ်သည် အာနန္ဒာ"

တဖြည်းဖြည်းနှင့် ထိုအဘိုးအိုသည် ကျုပ်တို့အနီးရောက်လာသည်။ ခြောက်သွေ့သော အသားအရေတွင် ရှုံ့တွလျက်ရှိသော သူ့မျက်နှာကိုလည်း ကောင်း၊ တောက်ပလျက်ရှိသော သူ့မျက်လုံးကိုလည်းကောင်း၊ ဆီလိမ်းကျံ ထားသည့်အတွက် တောက်ပြောင်နေသော သူ့ဦးဆံပင်တို့ကိုလည်းကောင်း၊ ကျုပ်သဲကွဲစွာ မြင်လိုက်ရလေပြီ။

အဘယ်ကြောင့်ဟု ကျုပ်မပြောတတ်။ သို့ရာတွင် ပါဝါမြို့မှ ပန်းထိမ် သည် ကျုပ်တို့ထံ ရောက်လာမည်ကို စိတ်ထဲတွင် အလိုလိုသိနေသည်ဟု ထင်မိ သည်။ ဆွမ်းခဲဖွယ်တို့ကို လာရောက်ဆက်ကပ်မည်။ ထိုအရာများသည် နတ် သိကြားတို့ ဖန်တီးထားသည့်နှယ် မလွဲမသွေဖြစ်လာလိမ့်မည်ဟု ကျုပ်စိတ်ထဲ တွင် ထင်နေသည်။

သို့ရာတွင် ကျုပ်သည် ထိုအကြောင်းများကို မည်သူကိုမျှ မပြောရဲသ ဖြင့် နှုတ်မှ ပြောဆိုခြင်းမပြုခဲ့။ အနီးသို့ရောက်လာသည့်အခါတွင် သူ့ဇနီးများ ဝတ်ဆင်ထားသည့် ရွှေလက်ကောက်၊ ရွှေခြေကျင်းတို့ တချွင်ချွင်မြည်သံကြား နေရသည်။

"ရွှေပန်းထိမ်သည် စုန္ဒဖြစ်ပါသည်ဘုရား"ဟု အဿဇိက လျှောက် တင်သည်။

"စုန္ဒသည် ငါတို့နှင့်တကွ သံဃာတော်များ နားနေထိုင်ရန် အတွက် သရက်ဥယျာဉ်ဝယ် ကျောင်းတစ်ဆောင်ကို ဆောက်လုပ်သူ ဖြစ်ပေ၏။ စုန္ဒကို ငါတို့ ကျေးဇူးတင်ထိုက်ပေသည်"

ရွှေပန်းထိမ်သည်စုန္ဒသည် သင့်တင့်လျောက်ပတ်သောနေရာမှ ခစား ဝတ်ပြု၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရားနှင့် သံဃာတော်တို့အ တွက် ဆွမ်းပင့်ဖိတ်ကပ်လှူလိုပါသည်ဘုရား"ဟု လျှောက်တင်၏။

အသင်စုန္ဒ၊ သင်သည် ငါတို့စတင်တွေ့ဖူးကတည်းကပင် သောတာပန် ဉာဏ်အလင်းကိုရခဲ့ပြီ၊ သင်သည် ငါနှင့်တကွသော သံဃာတော်များအတွက် သရက်ဥယျာဉ်ဝယ် ကျောင်းဆောင်ဆောက်လုပ်လှူဒါန်းသည့် ဒါယကာဖြစ်ပေသည်”

ပန်းထိမ်သည် စုန္ဒသည် မြတ်စွာဘုရားကို ရှိခိုးဝတ်ပြုပြီးနောက်

“ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဘုရားနှင့်တကွ သံဃာတော်တို့သည် ကုသိုလ်အလို့ငှာ မနက်ဖြန်တွင် တပည့်တော်အိမ်တွင် ဆွမ်းစားကြွရန် ပင့်ဖိတ်ခြင်းကို လက်ခံတော်မူပါ”ဟု လျှောက်တင်၏။

ဗုဒ္ဓရှင်တော်သည်မည်သို့မှမဆို။ တိတ်တိတ်နေခြင်းဖြင့် ပန်းထိမ်သည် စုန္ဒ၏ ဆွမ်းဖိတ်ချက်ကို လက်ခံ၏။ နောက်တစ်နေ့မနက်တွင် ရှင်တော်ဗုဒ္ဓအမှူးပြုသော သံဃာတော်တို့သည် ပန်းထိမ်သည်စုန္ဒ၏ အိမ်သို့ ဆွမ်းစားကြွခဲ့ကြသည်။

ဗုဒ္ဓရှင်တော်သည် ရသယနကျမ်းနှင့်အညီ စီရင်အပ်သော စုန္ဒဆက်ကပ်သည့် ဆွမ်းဟင်းကို ဘုဉ်းပေးတော်မူ၏။ စုန္ဒဆက်ကပ်သည့် ဆွမ်းကို ဘုဉ်းပေးပြီးသည့်နောက်တွင် ဗုဒ္ဓရှင်တော်သည် မျက်နှာတော်များ သွေးရောင်လျှမ်းကာ နီမြန်းလာသည်ဟုလည်းကောင်း၊ ရောဂါဖိစီးနေသော ခန္ဓာကိုယ်တော်သည် လန်းဆန်းလာသည်ဟုလည်းကောင်း ထင်လိုက်သည်။

ဗုဒ္ဓရှင်တော်သည် ပန်းထိမ်သည် စုန္ဒဆက်ကပ်သော ဆွမ်းကို ဘုဉ်းပေးပြီးသည့်နောက်တွင် စုန္ဒကို ခေါ်လိုက်၏။

“အချင်း စုန္ဒ၊ သင်ကျနစွာ စီရင်ချက်ပြုတ်ထားအပ်သော တောဝက်သားဟင်းကို တွင်းနက်နက်တွင် မြှုပ်လိုက်လေလော့၊ အခြားသံဃာတော်များကို ဆက်ကပ်ခြင်းမပြုလေနှင့်၊ သင်ချက်ပြုတ်ထားသည့် နူးညံ့လှစွာသော တောဝက်သားဟင်းကို စားလျှင် ကောင်းစွာသော အစာကြေညက်အံ့သော ပုဂ္ဂိုလ်ကို ဤလောကတွင် ငါဘုရားမမြင်”

စုန္ဒသည် ဗုဒ္ဓရှင်တော်ကို ပူဇော်ခစားနေရာမှထ၍ မိန့်တော်မူသည့်အတိုင်းပြုလုပ်ရန် အစေအပါးများကို စေခိုင်းလိုက်သည်။

ပန်းထိမ်သည် စုန္ဒဆက်ကပ်သော ဆွမ်းကို ဘုဉ်းပေးပြီးနောက် ဗုဒ္ဓရှင်တော်သည် ကြောက်မက်ဖွယ်ရာသော ဝမ်းသွေးသွန်ရောဂါဖြစ်ပွားခဲ့လေပြီ။ ဗုဒ္ဓရှင်တော်သည် သတိဖြစ်စေလျက် ကပ်ရောက်သော ရောဂါဝေဒနာကိုသည်းခံတော်မူ၏။

အမှန်အားဖြင့် ဗုဒ္ဓသည် စုန္ဒဆက်ကပ်သော တောဝက်သားဟင်းကို ဘုဉ်းပေးသည့်အတွက် သွေးဝမ်းသွေးသွန်ရောဂါဖြစ်ခြင်းမဟုတ်။ ရှင်တော် ဗုဒ္ဓသည် အစကတည်းက ထိုရောဂါရှိနေခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ရှင်တော် ဗုဒ္ဓသည် ဈာန်သမာပတ်ကို ဝင်စားခြင်းဖြင့် ထိုစဉ်က ရောဂါကို တားနိုင်ခဲ့ သည်။ ယခုမူ ရှင်တော်သည် အာယုသင်္ခါရ လွှတ်တော်မူ၍ ပရိနိဗ္ဗာန်သို့ ဝင်စံရန်ပြဋ္ဌာန်းတော်မူပြီးဖြစ်သဖြင့် ထိုအတိုင်း ဖြစ်လာခဲ့ခြင်းဖြစ်သည်။

ထို့ပြင်ရှင်တော်ဗုဒ္ဓသည် ကပ်ရောက်အပ်သော ဝိပါတ်တော်တစ်ဆယ့် နှစ်ပါးရှိသည့်အနက် တစ်ပါးမှာ အလောင်းတော်ဖြစ်စဉ်ဘဝက ဆေးသမား တစ်ယောက်ဖြစ်ခဲ့ပြီးဆေးဖိုးဝါးခမပေးလိုသော သူဌေးသားတစ်ယောက်ကိုဝမ်း လားဆေးတိုက်ကျွေးခဲ့ဖူးသဖြင့် နောက်ဆုံးဘဝဘုရားဖြစ်တော်မူ၍ ပရိနိဗ္ဗာန် ဝင်စံတော်မူကာနီးတွင် ယခုကဲ့သို့ သွေးဝမ်းသွန်ရောဂါဖြစ်ရခြင်းဖြစ်သည်။

ပါဝါပြည်တွင် ခဏမျှနားနေပြီးနောက် ဗုဒ္ဓရှင်တော်သည် ကျုပ်တို့ အား ကုသိနာရုံသို့သွားရန်မိန့်တော်မူ၏။ ကျုပ်စိတ်ထဲတွင် နောင်တော်သည် ကြောက်မက်ဖွယ်ရာသော သွေးဝမ်းသွန်ရောဂါစွဲကပ်နေသည့်အတွက် မကြွ စေချင်။ ရာသီဥတုကလည်း ကြမ်းတမ်း။ လမ်းကလည်း မသာယာသည့်အ တွက် ပါဝါပြည်ရှိ စုန္ဒ၏ သရက်ဥယျာဉ်မှာပင် နားနေစေလိုသေးသည်။

သို့ရာတွင် ကျုပ်သည် ဗုဒ္ဓရှင်တော်၏ စကားကိုလွန်ဆန်၍ လျှောက် ထားခြင်းငှာမဝံ့။ ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန်ဝင်စံတော်မူသည့်နောက်တွင် ရှင်တော် ဗုဒ္ဓသည် မဟာသုဒဿနသုတ္တန်ကို ဟောကြားတော်မူသည့်အတွက် ကုသိနာ ရုံသို့ သွားရောက်လိုခြင်းဖြစ်သည်ဟု သိရှိရခြင်းဖြစ်သည်။

"အာနန္ဒာ ကုသိနာရုံသို့ ငါတို့သွားကြအံ့"

ကျုပ်တို့သည် ရှင်တော်ဗုဒ္ဓကို ဖေးမကာ ကုသိနာရုံသို့ ရှေ့ရှုလာခဲ့ကြ သည်။ ကျုပ်တို့ဟုဆိုရာတွင် ကျုပ်အာနန္ဒာနှင့် ရှင်ဥပဝါဏတို့ဖြစ်ကြ၏။ ရှင်ဥပဝါဏကား ဆင်ပေါက်ကြီးတစ်စီးနှယ် ကိုယ်လုံးကိုယ်ထည်ကြီးမား၍ အသားညိုညို၊ ထောင်ထောင်မောင်းမောင်းဖြစ်၏။ ရှင်ဥပဝါဏသည် ကြမ်း ကြမ်းတမ်းတမ်း၊ ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်းလုပ်စရာရှိပြီဆိုလျှင် မည်သူ့ကို မျှ လုပ်ခွင့်မပြု၊ သူကိုယ်တိုင်လုပ်ရမှ ကျေနပ်သူဖြစ်သည်။

ယခု ကုသိနာရုံသို့ ရှင်တော်ဗုဒ္ဓနှင့်အတူလာခဲ့ရာတွင်လည်း ရှင်တော် ကို ပြုစုရန် မည်သူပြုစုသည်ကိုမျှ မကျေနပ်။ သူကိုယ်တိုင်ဖေးမမှီတွဲရမှ ကျေ နပ်သူဖြစ်သည်။ ထို့ကြောင့် ကျုပ်တို့ ရှင်တော်ဗုဒ္ဓကို ဖေးမမှီတွဲ၍ ခေါ်လာကြ ခြင်းဖြစ်သည်။ သို့လာခဲ့ရာတွင် ခရီးအတန်ငယ်ပေါက်သည့်အခါ ဗုဒ္ဓရှင်တော် သည် လမ်းဘေးသစ်ပင်တစ်ပင်တွင် ထိုသို့ ကိုယ်ကိုညွှန်ပြကာ

"အာနန္ဒာ ငါ့နှစ်ထပ်သင်္ကန်းကြီးကိုလေးခေါက်ခင်းတော့"

ကျုပ်သည် ရှင်တော်ဗုဒ္ဓစေသည့်အတိုင်း ရှင်တော်ဗုဒ္ဓဆင်မြန်းသည့် ဒုကုဋ်သင်္ကန်းကြီးကို အညီအညာလေးခေါက်ခေါက်ပြီးနောက် သစ်ပင်ရင်းတွင် ခင်းပေးလိုက်သည်။ ရှင်တော်ဗုဒ္ဓသည် ကြမ်းတမ်းသောလမ်းနှင့် ပူပြင်းသော ရာသီဥတုကြောင့်လည်းကောင်း၊ သွေးဝမ်းသွန်ရောဂါကြောင့်လည်းကောင်း များစွာ ပင်ပန်းတော်မူဟန်ရှိသည်ဟု ကျုပ်ထင်မိသည်။

"အာနန္ဒာ၊ ငါ ရေငတ်လှသည်၊ သောက်ရေကို ဆောင်ချေ လော့"

"အရှင်ဘုရား လှည်းအစီး ငါးရာတို့ ဖြတ်သန်းသွားကြသော ကြောင့် ဤနားတစ်ဝိုက်တွင် ချောင်းရေသည် နောက်ကျိနေပါ သည်။ ရှေ့မနီးမဝေးတွင် ကကုဓာမြစ်ရှိပါသည်။ ကကုဓာမြစ်ရေ သည် ကြည်လည်း ကြည်လင်၏။ ချိုလည်းချို၏။ ထိုမြစ်သို့ရောက် တော့မှသာ ရေငတ်ပြေစေရန် သောက်ရေကို သောက်၍ ကိုယ်ကို အေးမြစေရန် ချိုးရေကို သုံးပါလျှင် သင့်ပါမည်"

ကျုပ်က ဤသို့ လျှောက်တင်သည်ကို ဗုဒ္ဓရှင်တော်သည် သုံးကြိမ် တိုင်မျှ ရေခပ်ရန်စေခိုင်းနေသဖြင့် ကျုပ်သည် မနေသာတော့ဘဲ ချောင်းထဲသို့ ဆင်းလာခဲ့သည်။ မကြာမီကပင် မလ္လာတိုင်းသားကုန်သည်တို့၏ လှည်းငါးရာ တို့သည် ထိုနေရာမှ ဖြတ်သန်းသွားခဲ့သဖြင့် ချောင်းရေသည် နောက်ကျိနေ၏။ ချောင်းရေသည် ရွှံ့နွံကို ရေဖျော်ထားသည့်နှယ်။ အမှိုက်သရိုက်တို့ဖြင့် မျောပါ လျက်။ ကျုပ်သည် စိတ်လေးလေးဖြင့် ချောင်းစပ်သို့ဆင်းလာကာ မြေသပိတ် ဖြင့် ခပ်အံ့ဟု ပြင်လိုက်သည်။

အလိုထူးခြားစွတကား။

မြေသပိတ်ကို စောင်း၍ ရေထဲသို့ နှစ်လိုက်သည်နှင့် ထိုနေရာတစ်ဝိုက် မှ ရေသည် မှန်သားကဲ့သို့ ကြည်လင်ကာ ကောင်းကင်ပြင်ကြီးနှင့်တကွ ကျုပ် ၏ မျက်နှာရိပ်ကို မြင်လိုက်ရသည်။

ကျုပ်သည် လန့်ဖျပ်ကာ လက်ကို ရုပ်လိုက်မိသည်။ အိပ်မက်ပင်မက် နေသလော။ ကျုပ်မျက်စိများကပင် ကျုပ်ကို လှည့်စားနေကြသလော။ မဟုတ် ပါ။ ငြိမ်သက်ကြည်လင်နေသောရေပြင်တွင် ပြာလွင်သော ကောင်းကင်ကြီး သည် မှန်သားကြေးမုံပေါ်တွင် ထင်ကဲ့သို့ အထင်းသားပေါ်လွင်နေပါ၏။ ထို အခါကျမှ ကျုပ်သည် ကျုပ်စိတ်ကို ယုံကြည်သွားကာ မြေသပိတ်ကို နှစ်လိုက် ပြီးနောက် ရေကိုခပ်လာခဲ့သည်။

ထိုနေရာတွင် ခဏနားပြီးနောက် ကျုပ်တို့သည် ကကုဓာမြစ်သို့ ရှေး

ရှုလာခဲ့သည်။ ရှင်တော်ဗုဒ္ဓသည် ကကုဓာမြစ်ထဲသို့ဆင်းကာ ချိုးရေကို သုံးသပ်သည်။ ကြည်လင်အေးမြသော ရေကိုချိုးလိုက်ရသဖြင့် ရှင်တော်ဗုဒ္ဓသည် အနည်းငယ်မျှ အမောပြေသွားဟန်ရှိသည်။

ကျုပ်သည် ရှင်တော်ဗုဒ္ဓဆင်မြန်းသည့် ရေသနုပ်တော်ကို ရေညှစ်၍ ကျန်ခဲ့ရင်း ရင်ထဲတွင် မချိတင်ကဲဖြစ်နေသည်။ ရှင်တော်သည် အာယုသင်္ခါရ လွှတ်တော်မူသည်မှာ သုံးလရှိနေပြီ။ ကုသိနာရုံသို့ရောက်လျှင် ရှင်တော်ဗုဒ္ဓ သည် ပရိနိဗ္ဗာန်စံဝင်တော့မည်။

ရှင်တော်ဗုဒ္ဓမရှိလျှင် ကျုပ်တို့သည် မည်သို့ကျေနပ်ရမည်နည်း။ ရှင်တော်သည် ကျုပ်တို့အဖို့ နောင်တော်လည်း ဟုတ်၏။ ဥပဇ္ဈာယ်ဆရာလည်း ဟုတ်၏။ ရွှေတောင်ကြီးလည်းမှန်၏။ ကျုပ်အား သံသရာမှ လွတ်မြောက်ရာ လမ်းပြရှေ့ဆောင်တော်မူသော သမ္မာသမ္ဗောဓိဉာဏ်တော်ရှင်ကြီးလည်းဖြစ်၏။

ကျုပ်သည် ရှင်တော်ဗုဒ္ဓထံပါးတွင် ဝေယျာဝစ္စပြုစုခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်မျှ ရှိလေပြီ။ ကျုပ်အဖို့သာ မဟုတ်။ ကျုပ်တို့ ရဟန်းသံဃာအားလုံးအတွက်လည်းကောင်း၊ သံသရာတွင်ကျင်လည်ကြကုန်သော လူသတ္တဝါအပေါင်းတို့အတွက်လည်းကောင်း၊ လွတ်မြောက်အောင် လမ်းပြတော်မူသော တုနှိုင်းမရသူ။ ထိုသူသည် မကြာမီ ကျုပ်တို့နှင့် စွန့်ခွာပြီး ပရိနိဗ္ဗာန်ဝင်စံတော်မူမည်ဟု တွေးလိုက်တိုင်း တရားဖြင့်ဖြေသည့်တိုင် ကျုပ်စိတ်ထဲတွင် မချိတင်ကဲဖြစ်ကာ လှိုက်လှဲ၍လာတော့သည်။ ကျုပ်သည် ရှင်တော်ဗုဒ္ဓအား အလုပ်အကျွေးပြု၍ပင် မဝနိုင်သေး။

ကျုပ်သည် ရေသနုပ်တော်ကို ညှစ်ပြီးနောက် လက်တွင်ကိုင်ခဲ့သည်။ ရှေ့မှသွားနှင့်သော သံဃာတော်များနောက်သို့ အမီလိုက်ခဲ့ရသည်။

ရှေ့သစ်ပင်ရင်းတွင် နှစ်ထပ်သင်္ကန်းကြီးကိုခင်းကာ လက်ယာနံတောင်းဖြင့် လဲလျောင်းနေသော ရှင်တော်ဗုဒ္ဓကိုလှမ်းမြင်လိုက်သည်တွင် ကျုပ်စိတ်ထဲ ထိတ်ခနဲဖြစ်သွားမိသည်။ ရှင်တော်သည် အနီးတွင်ပါလာသော စုန္ဒမထေရ်ကို အခင်းခိုင်းပြီးနောက် လဲလျောင်းနေခြင်းဖြစ်သည်။

ကျုပ်သည်လက်တွင်ကိုင်လာသည့် ရေသနုပ်တော်ကို သင့်လျော်ရာ တစ်နေရာတွင်လှမ်းပြီးနောက် ရှင်တော်အနီးသို့ ချဉ်းကပ်လာခဲ့သည်။

"အာနန္ဒာ"

"အနီးတွင်ရှိပါသည် ဘုရား"

"တစ်စုံတစ်ယောက်သောသူသည် ပန်းထိမ်သည် သားစုန္ဒနှင့်တွေ့လျှင် အချင်းစုန္ဒ၊ ငါတို့ မြတ်စွာဘုရားသည် သင်ဆက်ကပ်လှူဒါန်းသော ဆွမ်းကို ဘုဉ်းပေးသောကြောင့် ငါတို့မြတ်စွာဘုရား

သည် ပရိနိဗ္ဗာန်ပြုရ၏။ သင်သည် လာဘ်မကောင်း၊ အရမတော် လေစွဟု ပြောကာ စုန္ဒ၏ စိတ်ကို နှလုံးမသာမယာဖြစ်အောင် ပြောဆိုကောင်းပြောဆိုကြပေလိမ့်မည်”

“ထိုသို့ပြောဆိုလျှင် သင်တို့သည်စုန္ဒအားနှလုံးမသာမယာမဖြစ်အောင် ဤသို့ပြောဆို ဖျောင်းဖျကြလေ၊ စုန္ဒမြတ်စွာဘုရားသည် သင်၏ ဆွမ်းကို နောက်ဆုံးဘုဉ်းပေးပြီးနောက် ပရိနိဗ္ဗာန်ဝင်ရ၏။ ထို့ကြောင့် သင်လာဘ် ကောင်းလေစွ၊ အရတော်လေစွ၊ ဤစကားကို မြတ်စွာဘုရား၏ နှုတ်တော်မှ ငါတို့ကြားနာခံယူရလိုက်၏။ အခြားတစ်ပါးသော ဆွမ်းတို့ထက် ထူးကဲမြင့်မြတ်၍ အာနိသင်ရှိသော ဆွမ်းနှစ်မျိုးတို့သည် ရှိကြကုန်၏။ ထိုဆွမ်းတို့ကား အကြင်ဆွမ်းကို ဘုဉ်းပေး၍ မြတ်စွာဘုရားသည် သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ၏။ ထိုဆွမ်းသည်လည်းတစ်မျိုး၊ အကြင်ဆွမ်းကို ဘုဉ်းပေး၍ မြတ်စွာဘုရားသည် ခန္ဓာအကြွင်းမရှိသော ခန္ဓုပါဒါသေသနိဗ္ဗာန ဓာတ်ဖြင့် ပရိနိဗ္ဗာန်သို့ ဝင်စံရတော်မူ၏။ ထိုဆွမ်းကိုလည်း တစ်မျိုးဟု ငါဘုရားဟောကြားတော်မူ၏ဟု စုန္ဒကို ပြောလိုက်လေ၊ ဤသို့အားဖြင့် အသင်တို့သည် ရွှေပန်းထိမ်သည် စုန္ဒ၏ နှလုံးမသာမယာခြင်းကို ဖြေဖျောက်ကြလေ”

ကျုပ်သည် ရှင်တော်ဗုဒ္ဓမြတ်စွာ မြွက်တော်မူသော ထူးခြားသော ဆွမ်းနှစ်မျိုးကို သတိရလိုက်၏။ ရှင်တော်သည် သမ္မာသမ္ဗောဓိဉာဏ်တော်ကို မရသေးမီကလေးတွင် သုဇာတာသတို့သမီးဆက်ကပ်လှူဒါန်းသည့် ဃနာနို့ဆွမ်းကို ဘုဉ်းပေးခဲ့ပြီးပြီမဟုတ်လော။ ယခုလည်း ပရိနိဗ္ဗာန်စံဝင်ခြင်းမပြုမီ ပန်းထိမ်သည်စုန္ဒဆက်ကပ်သော ဝက်ပျိုသားပွမ်းသည့်ဆွမ်းကို ဘုဉ်းပေးခဲ့ပြီးပြီမဟုတ်လော။ ထိုဆွမ်းနှစ်မျိုးသည် အခြားတစ်ပါးသော ဆွမ်းတို့ထက် အာနိသင်ပိုမိုကြီးမား၍ အကျိုးပေးတူညီကြကြောင်းကို ဆိုလိုခြင်းဖြစ်သည်ဟု ကျုပ်မှတ်သားထားလိုက်သည်။

သုဇာတာသည် တောထဲသစ်ပင်ရင်းတွင် တရားကျင့်နေသော ရှင်တော်ကို မြင်လိုက်သည့်အခါတွင် သစ်ပင်ကို စောင့်သည့် ရုက္ခစိုးနတ်ဟု ထင်မှတ်မှားခဲ့သည်။ မြတ်စွာဘုရား၏ တရားတော်ကို နာယူရသည့်အခါမှ ဉာဏ်အလင်းကို ရခဲ့သည်။

စုန္ဒသည်လည်း ထို့အတူပင်။ ရှင်တော်ဘုရား၏ တရားကိုနာယူပြီးနောက် သောတာပန်ဉာဏ်အလင်းပေါက်ခဲ့ရသည်။ စုန္ဒသည် ဗုဒ္ဓရှင်တော်ကို ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့် ထိုသူပိုင်သည့် သရက်ဖြူဉယျာဉ်ဝယ် ကျောင်း

ဆောက်လုပ် လှူဒါန်းခဲ့သည်။ ဗုဒ္ဓရှင်တော် ပါဝါပြည်သို့ကြွချီလာသည်ဟု ကြားလျှင်ကြားချင်းပင် လာရောက်၍ ဖူးမျှော်ကာ ဆွမ်းပင့်ဖိတ် ဆက်ကပ်ခဲ့ သည်။

ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန်စံဝင်ရခြင်း၏ အကြောင်းရင်းသည် သူဆက်ကပ်သည့် တောဝက်ပျိုသားပြွမ်းသော ဆွမ်းဟင်းကြောင့်ဟု လူအများက ပြောကြလျှင် စုန္ဒသည် မည်မျှ စိတ်ဆင်းရဲဖြစ်ရှာမည်နည်း။

ရှင်တော်ဗုဒ္ဓသည် သုဇာတာလှူဒါန်းသော ဃနာနို့ဆွမ်းကို ဘုဉ်းပေးပြီးသောကြောင့် ဒေဝသိကာဋ္ဌာနသမာပတ်ကို (နေ့စဉ်ဝင်စားသော သမာပတ်) ဝင်စားတော်မူနိုင်ခဲ့သည်။

ယခုလည်း ကိုယ်တော်သည် စုန္ဒလှူဒါန်းသော ဆွမ်းကို ဘုဉ်းပေးပြီးနောက် ဒေဝသိကာဋ္ဌာနသမာပတ်ကို လွယ်ကူချမ်းသာစွာ ဝင်စားနိုင်သည် သာဖြစ်၏။ ထို့ကြောင့်ပင် ရှင်တော်သည် ထိုဆွမ်းနှစ်မျိုး၏ အကျိုးပေးအာနိသင်သည် အတူတူပင်ဖြစ်ကြောင်း ဟောကြားတော်မူခဲ့ခြင်းဖြစ်ပုံရသည်ဟု နောင်တွင် ကျုပ်တွေးမိသည်။

ကျုပ်သည် ကုသိနာြုံခရီးတွင် ဤသို့တွေးရင်း လိုက်ပါလာသည်။ ကုသိနာြုံပြည်မှ ပြသာဒ်ဆောင်များ၊ စုလစ်မွန်းချွန်များကို ရေးရေးပျပျမြင်ရလေပြီ။

"ကုသိနာြုံသည် ဝေးကွာသေးသလော အာနန္ဒာ"

"မဝေးတော့ပါ ဘုရား"

"ကောင်းလေစွ၊ အာနန္ဒာ၊ ဟိရညဝတီမြစ်၏ ဟိုမှာ ဘက်ကမ်း ကုသိနာြုံမြို့တော်၏ လမ်းကွေ့တွင် မလ္လာမင်းတို့လှူဒါန်းသည့် အင်ကြင်းဥယျာဉ်ရှိလေ၏။ ထိုအင်ကြင်းပင်နှစ်ပင်ကြားတွင် ငါ့အတွက် အိပ်ရာပြင်ပေတော့"

ကျုပ်တို့သည် ပါဝါပြည်မှ ကုသိနာြုံသို့ နေပူကျဲတဲတွင် လာခဲ့ကြရာ လမ်းတွင် ရှစ်ဆယ့်ငါးကြိမ်ခန့်နားနေကြသည်။ ကိုယ်တော်၏ ပကတိအားတို့သည် ဝမ်းသွေးသွန်သောရောဂါကြောင့် ပြာစစ်တွင် လောင်းထည့်အပ်သော ရေကဲ့သို့ ကုန်ခန်းခဲ့လေပြီ။

ကုသိနာြုံမြို့အနီး အင်ကြင်းတောသို့ ရောက်သောအခါတွင် နေသည် အနောက်ဘက် အင်ကြင်းပင်ထိပ်ဖျားမှ လွှော့ကျစပြုလာကာ အရိပ်များသည် ရှည်လျားစပြုလာပေပြီ။ မြောက်ဘက် ဟိမဝန္တာတောင်တန်းကြီးများသည်လည်း နှင်းမြူထဲတွင် ပျောက်ကွယ်စပြုလေပြီ။ ဟိမဝန္တာတောင်တန်းဆီမှ အေးစိမ့်သော လေသည် တိုက်ခတ်လာ၏။ အခါမဟုတ်ပွင့်ကြသော အင်ကြင်း

ပန်းတို့၏ ရနံ့သည် လေထဲတွင် မွှေးထုံလျက်ရှိနေသည်။

ထိုအချိန်၌ကား ရှင်တော် ပရိနိဗ္ဗာန်ဝင်တော့မည်ဟူသော သတင်း သည် ကုသိနာ္ရုံတွင် ပျံ့နှံ့သွားကာ နောက်ဆုံးဖူးမြော်ခြင်းဖြင့် ဖူးမြော်ရန် လာရောက်သည့် ပရိသတ်တို့သည် အင်ကြင်းဥယျာဉ်တွင် ပြည့်ကျပ်နေလျက် ရှိ၏။

ကျုပ်နှင့် ဥပါဝဏသည် အနီးတွင် ပြုစုနေရသည်။ ကျုပ်က ရှင်တော် ဗုဒ္ဓကို ယပ်ခပ်ပေးနေသည်။

ဗုဒ္ဓရှင်တော်သည် မျက်လုံးများကို မှိတ်ထားကာ

"ရဟန်း ငါ့အနီးမှ ဖဲကြဉ်လေ"ဟု ရှင်ဥပဝါဏကို မိန့်တော်မူလိုက် သည်။ ရှင်ဥပဝါဏသည် ထန်းရွက်ယပ်ကို ချကာ ခပ်လှမ်းလှမ်းသို့ ဆုတ် သွားသည်။

ရှင်ဥပဝါဏသည် ရှင်တော်ဗုဒ္ဓထံပါးတွင် အနှစ်နှစ်ဆယ်လုံးလုံး အလုပ်အကျွေးပြုခဲ့သည့် မထေရ်တစ်ပါးဖြစ်သည်။ သို့စင်လျှင် ရှင်တော်သည် အဘယ်ကြောင့် ရှင်ဥပါဝဏကို ဖဲကြဉ်ခိုင်းရလေသနည်း။ ထို့ကြောင့် ကျုပ် သည် မအောင့်နိုင်တော့သဖြင့် "အဘယ်ကြောင့် ဤသို့ဖဲကြဉ်ခိုင်းသနည်း"ကို မေးမြန်းလျှောက်ထားကြည့်၏။

"အာနန္ဒာ ဥပဝါဏတွင်အပြစ်ရှိ၍ ဖဲစေသည်မဟုတ်၊ နေ့ည၌ တစ်သောင်းသော လောကဓာတ်မှ နတ်ဗြဟ္မာတို့သည် ငါ့ကို ဖူးမြော် ရန် စည်းဝေးလာကြကုန်၏။ ဤဥယျာဉ်၏ တစ်ဆယ့်နှစ်ယူဇနာ ပတ်ဝန်းကျင်၌ ပြကတေ့နေခြင်းငှာ မတတ်နိုင်ကြသဖြင့် သားမြီး ယပ်တစ်ယပ်စာကလေးမျှ နေရာကလေးပင်လျှင် နှစ်ကျိပ်သုံးကျိပ်မျှ ဖန်ဆင်းနေကြရကုန်၏။ မြက်နွယ်သစ်ပင် ကောင်းကင်ပြင်မျှ မလပ်အောင် စည်းဝေးစုရုံးကြကုန်၏။ ရှင်ဥပဝါဏသည် ကိုယ် ကြီးမားလှသည်၊ တန်ခိုးအဘိညာဉ်လည်း ကြီးလှသည်၊ ဥပဝါဏ ၏ အပြင်မှ နေကြကုန်သော လူနတ်ဗြဟ္မာပရိသတ်တို့သည် ငါ ဘုရား၏ မျက်နှာတော်ကို ဖူးမြော်လိုသဖြင့် အရပ်ရှစ်မျက်နှာမှ လာရပါလျက် ဤအရှင်၏ ကိုယ်ကွယ်နေသောကြောင့် မျက်နှာ တော်ကို မဖူးရဟု ငြိုငြင်ကြရာသည်။ နတ်တို့မျက်စိသည် ပုထုဇဉ် တို့၏ ကိုယ်ကို ထွင်းဖောက်၍ မြင်နိုင်စွမ်းရှိကြသော်လည်း ရဟန်း တို့၏ ခန္ဓာကိုယ်အား ထွင်းဖောက်မြင်နိုင်စွမ်း မရှိကြကုန်၊ ဥပဝါဏ ကား ဆင်ဖြူပမာ ကြီးလှစွာသော ကိုယ်လည်းရှိ၏။ တန်ခိုးကြီးစွာ သော ရဟန္တာလည်းဖြစ်၏။ ထို့ကြောင့် လူနတ်ဗြဟ္မာတို့ ငြူစူခြင်း

ကင်းစိမ့်သောဌာ သူ့ကိုရှောင်ရှားစေခြင်းဖြစ်တော့သည်”

မှန်ပါ၏။ ထိုအခါကျမှပင် ကျုပ်လည်း သတိထားမိတော့သည်။ ရှင်ဥပဝါဏသည် တန်ခိုးအဘိညာဉ်လည်း ကြီးသူဖြစ်သည်။ ကိုယ်ပေါက်ကိုယ်ရောက်လည်းကြီးသူဖြစ်ညသ်။ သည်အထဲတွင် ပံ့သကူသက်န်းကြီးကလည်း ရုံထားလိုက်သေးသည်။

အရိပ်များသည် ရှည်လျားစပြုလာခဲ့ရာ အမှောင်သည် တဖြည်းဖြည်းပြိုကျလာတော့သည်။ ကုသိန္နာရုံမြို့ရိုးမှ ထွန်းညှိထားသော မီးရောင်များကို ပြောက်တိပြောက်ကျားပင် မြင်နေရသည်။ ခဏကြာလျှင် ကုသိန္နာရုံမြို့ အရှေ့တံခါးနှင့် မြောက်တံခါးမှ ငွေကကြိုးသံတချွင်ချွင်၊ ငွေနှင်တံတပြောင်ပြောင်၊ ငွေလုံရောင်တလက်လက်နှင့် လာနေကြသော မြင်းသည်တော်များကို ကျုပ်တို့ မြင်လိုက်ရသည်။

စန္ဒာ၊ သော်တာ၊ ပုဏ္ဏမီ၊ ယုန်မင်းစသည်ဖြင့် အမျိုးမျိုးခေါ်နေကြ သော လဝန်းကြီးသည် အရှေ့ဘက်သစ်ပင်ထိပ်ဖျားမှ ငြိမ့်ရွှင်စွာ ပေါ်ထွက်လာခဲ့ပေပြီ။ နုသစ်လရောင်တွင် တည်ငြိမ်လေးနက်ကာ ပူဆွေးဟန်ပေါ်နေသည့် ရဟန်းသံဃာတို့၏ မျက်နှာများကို ခပ်ရေးရေးမြင်နေရသည်။

ရဟန်းတို့သည် လဲလျောင်းလျက်ရှိသော ရှင်တော်အနီးသို့ တစ်ဦးတစ်ပါးချင်း တိတ်ဆိတ်စွာ အနီးကပ်ချဉ်းကပ်ဖူးမြော်ပူဇော်ကြပြီး တစ်ပါးချင်း တိတ်ဆိတ်စွာ ထွက်ခွာသွားကြသည်ကိုလည်း ကျုပ်မြင်နေရသည်။ သူတို့သည် ထောပတ်ဆီခွက်များထွန်းကာ ရှင်တော်ဗုဒ္ဓကို နောက်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်နေကြကုန်၏။ အချိန်အခါမဟုတ်ဘဲလျက် အင်ကြင်းပွင့်များသည် ရှင်တော်၏ ဘေးပတ်လည်တွင် ကြွေကျနေကြကုန်၏။

သို့ရာတွင် ထိုအင်ကြင်းတောတွင် အင်ကြင်းပွင့်တို့သည် ပွင့်လည်း မပွင့်၊ ကြွေလည်း မကြွေကြ။ ကိုယ်တော်၏ ပတ်ပတ်လည်တွင်သာ ကြွေကျနေကြကုန်၏။ ရှင်တော်ဗုဒ္ဓသည် မျက်လုံးများ ခါတိုင်းထက် ပိုမိုနက်ရှိုင်းချိုင့်ဝင်ကာရှိသည့်တိုင် ထိုမျက်လုံးတော်အရောင်ကား မှေးမှိန်ခြင်းမရှိ။ ထောပတ်ဆီမီးများနှင့် ဖယောင်းတိုင်မီးတောက်မှ မီးရောင်ကြောင့် ရှင်တော်ဗုဒ္ဓမျက်လုံးများသည် ပို၍ တောက်ပနေသည်ဟု ထင်ရသည်။

ရှင်တော်ဗုဒ္ဓသည် နှုတ်ခမ်းတရွရွလှုပ်လျက်ရှိရာ ထိုသို့လှုပ်နေခြင်းသည် နတ်ဗြဟ္မာတို့အား တရားရေအေး တိုက်ကျွေးနေခြင်းဖြစ်လိမ့်မည်ထင်၏။ ကျုပ်သည် အောင့်အည်းခြင်ငှာ မတတ်နိုင်တော့ဘဲ ရှင်တော်ဗုဒ္ဓအနီးသို့ ကပ်ကာ လေသံဖြင့်

“မြတ်စွာဘုရား၊ ရှေးယခင်က အရပ်ရှစ်မျက်နှာတွင် ဝါဆိုပြီး

သော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန်ရောက်လာကြ ကုန်၏။ ထိုသို့ ကြွလာသော ရဟန်းတို့ကို တပည့်တော်ဖူးမြော်ခွင့်၊ ကြည်ညိုခွင့်ရသော ရဟန်းတို့ကို ယခင်ကဲ့သို့ တပည့်တော်တို့သည် ဆည်းကပ်ဖူးမြော် ပူဇော်ခွင့်ရတော့မည် မဟုတ်ပါဘုရား"

"အာနန္ဒာ၊ သဒ္ဓါတရားထက်သန်သူတို့အဖို့ ဖူးမြော်ရာဌာန သည် လေးပါးရှိကြကုန်၏၊ ယင်းတို့ကား ငါဘုရားဖွားမြင်ရာ လုမ္ဗဏီ အင်ကြင်းတောသည်လည်း တစ်ပါး၊ သမ္မာသမ္ဗောဓိဉာဏ်တော်ကို ရရှိတော်မူရာ မဟာဗောဓိ မဏ္ဍိုင်လည်းတစ်ပါး၊ တရားဦးဟောရာ ဓမ္မစကြာတရားတော်ကို ငါဟောရာ မိဂဒါဝုန်တောသည်လည်းတစ် ပါး၊ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ငါပရိနိဗ္ဗာန်ဝင်စံရာ ကုသိနာရုံ ပြည်လည်းတစ်ပါး၊ ဤလေးပါးသော နေရာဌာနတို့သည် သဒ္ဓါ တရားထက်သန်သူတို့ ကြည်ညိုလေးမြတ်၍ မပြတ်သံဝေဂတရား ပွားများရာဌာနလေးရပ်ဖြစ်ပေသည်"

ကျုပ်သည် အမျိုးသမီးများနှင့် အများဆုံး ဆက်ဆံရသူဖြစ်၏။ ဗုဒ္ဓ ရှင်တော်သည် ရှိစဉ်ကမူ ကျုပ်၏ စိတ်ရင်းနှင့် သမာဓိကို သိပြီးဖြစ်၍ အချို့ က ပြောစရာဆိုစရာပင် ဖြစ်လာလျှင် ဗုဒ္ဓရှင်တော်က ကာကွယ်ပေးမြဲဖြစ်၏။ သို့ရာတွင် ဗုဒ္ဓရှင်တော်မရှိသည့်နောက် ကျုပ်ကို အကာအကွယ်ပေးမည့်သူရှိ မည်မဟုတ်တော့။ ထို့ကြောင့် ထိုပြဿနာတို့သည် ကျုပ်ရင်ထဲတွင် မရှင်းမ လင်းဖြစ်နေရသည်။ ထို့ကြောင့် ထိုမေးခွန်းများကို ကျုပ်လျှောက်တင်လိုက် သည်။

"တပည့်တော်တို့သည် မာတုဂါမများနှင့်ပတ်သက်၍ မည်သို့ ကျင့်သုံးရပါမည်နည်း ဘုရား"

"မကြည့်လေနှင့် အာနန္ဒာ"

"ကြည့်ခဲ့မိသော် မည်သို့ကျင့်သုံးပါမည်နည်း ဘုရား"

"စကားမပြောလေနှင့် အာနန္ဒာ"

"မြတ်စွာဘုရား၊ မလွဲမရှောင်သာသောကြောင့် စကားပြောမိ သော် မည်သို့ကျင့်သုံးရပါမည်နည်း ဘုရား"

"အမိအရင်းကဲ့သို့ သဘောထား၍ ပြောဆိုရမည် အာနန္ဒာ"

ကျုပ်သိလိုသော အဖြေများကို သိလိုက်ရပြီးဖြစ်သည့်အတွက် ရင်ထဲ တွင်ပေါ့ပါးသွားလေပြီ။ ကျုပ်သည် ထိုကိစ္စနှင့်ပတ်သက်၍ အစွန်းကျန်သည် မရှိရလေအောင် မေးခွန်းသုံးခုကို မေးခဲ့ပြီးလေပြီ။

ဗုဒ္ဓရှင်တော်ကလည်း ထိုမေးခွန်းသုံးခုစလုံးကို တိုတိုရှင်းရှင်နှင့်ဖြေ

ကြားသွားခဲ့လေပြီ။ မာတုကာမများကို မကြည့်လေနှင့်။ ကြည့်မိသော် စကား မပြောမိလေနှင့်။ ပြောမိလေသော် အမိအရင်းကဲ့သို့ သဘောထား၍ ပြောလေ ဟု ရှင်တော်က ပညတ်တော်မူခဲ့လေပြီ။

ဤမေးခွန်းများရှင်းသွားခဲ့လေပြီ။ သို့ရာတွင် ကျုပ်ရင်ထဲတွင် မရှင်း သေးသည့် နောက်ထပ်မေးခွန်းအချို့ကျန်သေး၏။ ထို့ကြောင့် ကျုပ်က ထပ် မေးလိုက်ပြန်သည်။

"မြတ်စွာဘုရား၊ အရှင်ဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် တွင် အရှင်ဘုရား၏ ဥတုဇရုပ်အလောင်းကို တပည့်တော်တို့ မည်သို့ မည်ပုံ ဆောင်ရွက်ရပါမည်နည်းဘုရား"

"အာနန္ဒာ၊ ငါ၏ ဥတုဇရုပ်ကလာပ်တော်ကို ပူဇော်မှု၌ သင်တို့ သည် စိုးရိမ်ကြောင့်ကြမရှိကြကုန်လင့်၊ ချစ်သားတို့သည် မြတ်သော အကျင့်ကိုသာ အားထုတ်ကြကုန်၊ ထိုသို့အားထုတ်၍ နိဗ္ဗာန်သို့သာ စိတ်ညွတ်ကြကုန်။ ငါ့အား ကြည်ညိုသဒ္ဓါထက်သန်ကြသော မင်း၊ ပုဏ္ဏား၊ သူဌေး၊ ပညာရှိတို့သည် ငါ၏ ဥတုဇရုပ်ကလာပ်ကို ပူဇော် ကြကုန်အံ့"

"ထိုသူတို့က မည်သို့ပူဇော်ရမည်နည်းဟု တပည့်တော်အားမေး ခဲ့သော် မည်သို့ဖြေရပါမည်နည်း"

"အာနန္ဒာ၊ စကြဝတေးမင်း၏ ဥတုဇရုပ်အလောင်းကို ဆောင် ရွက်သကဲ့သို့ ငါ၏ ဥတုဇရုပ်ကို ဆောင်ရွက်အပ်သည်"

ထိုအချိန်၌ကား ရဟန်းသံဃာများတို့သည် ငိုကြွေးကြကုန်လေ ပြီ။

"ချစ်သား အာနန္ဒာနှင့်တကွ ရဟန်းအပေါင်းတို့၊ စိုးရိမ်ပူဆွေး ခြင်း မဖြစ်ကြကုန်လင့်၊ မငိုကြွေးကြကုန်လင့်၊ ချစ်ခင်မြတ်နိုးအပ် သော သူတို့နှင့် ရှင်ကွဲကွဲရခြင်း၊ သေကွဲကွဲရခြင်း၊ ဘဝခြားလျက် လွဲရခြင်းတို့ကို ရှေးကပင်လျှင် ငါဘုရားဟောကြားခဲ့ပြီးမဟုတ်လော အာနန္ဒာ၊ ဤအရာ၌ အသစ်ဖြစ် ပေါ်ခြင်း သဘောရှိသော တရားကို ငါဘုရား၏ ကိုယ်တော်ပင်ဖြစ်လင့်ကစား၊ မပျက်မစီးပါစေနှင့်ဟု တောင့်တတိုင်းရနိုင်ရန် အကြောင်းမရှိကုန်"

"အာနန္ဒာ၊ သင်သည် ငါဘုရား၏ စီးပွားချမ်းသာကို လိုလား၍ မျက်မှောက်မျက်ကွယ်မရွေး မေတ္တာကာယကံဖြင့် ငါဘုရားကို ကာ လကြာမြင့်စွာ လုပ်ကျွေးပြုစုခဲ့လေပြီ၊ မေတ္တာဝစီကံဖြင့် ငါဘုရားကို ကာလကြာမြင့်စွာ လုပ်ကျွေးပြုစုခဲ့လေပြီ၊ မေတ္တာမနောကံဖြင့်

ငါဘုရားကို ကာလကြာမြင့်စွာ လုပ်ကျွေးပြုစုခဲ့လေပြီ၊ အာနန္ဒာ အသင်သည် ကုသိုလ်ကောင်းမှုများစွာ ပြုလုပ်ခဲ့ပေပြီ၊ ကမ္မဋ္ဌာန်းအလုပ်ကိုလည်း အားထုတ်လေတော့"

ညဥ့်နက်ခဲ့ပါပြီ။ ဖယောင်းတိုင်မီးများလည်း ငြိမ်းသွားခဲ့ပြီ။ ရှင်တော် ဗုဒ္ဓ၏ ရှေ့မှောက်တွင် ထွန်းညှိထားသည့် ထောပတ်ဆီမီးလည်း ရွှေမျက်နှာ တော်နှင့် ရွှေသကၤန်းပေါ်တွင်သာ ဖြာကျနေတော့၏။

ကျုပ်သွားရောက်ခေါ်လိုက်သဖြင့် မလ္လာမင်းမျိုးမင်းနွယ်တို့သည် လည်း ရောက်လာကြလေပြီ။ ဗုဒ္ဓရှင်တော်သည် ခြသေ့်မင်းတို့၏ လဲလျောင်း ခြင်းမျိုးဖြင့် လဲလျောင်းနေလျက်ရှိသည့်အတွက် မင်းမျိုးမင်းနွယ်တို့ ရောက်လာ ကြသည်ကို သတိပြုမိတော်မူခြင်းရှိဟန်မတူ။ မလ္လာမင်းမျိုးနွယ်တို့၏ ငိုယို ပူဆွေးသံများကြားသည့်အခါတွင် ရှင်တော်ဗုဒ္ဓသည် ကျုပ်ဘက်သို့လှည့်ကာ

"အာနန္ဒာ အဘယ်သူတို့ငိုယိုနေကြသနည်း"

"မြတ်စွာဘုရားကို ပူဇော်ရန် ရောက်လာကြသည့် မလ္လာမျိုးနွယ် တို့ ဖြစ်ပါသည် ဘုရား"

ဗုဒ္ဓရှင်တော်ကို နောက်ဆုံးပူဇော်ရန် ရောက်လာကြသည့် မလ္လာမျိုး နွယ်တို့ကို တစ်ဦးစီဖူးမြော်ကြည်ညိုခွင့်ပေးမည်ဟု စိတ်ကူးလိုက်သေးသည်။

သို့ရာတွင် ထိုသို့သာ တစ်ဦးစီ ဖူးမြော်ကြည်ညိုခွင့်ပေးလိုက်လျှင် ရှင်တော် ပရိနိဗ္ဗာန်စံတော် မမီ အားလုံးဖူးမြော်ခွင့်ပြီးချင်မှ ပြီးလိမ့်မည်။ သို့ ဆိုလျှင်ဖူးမြော်ခွင့်မရလိုက်သူတို့ နှလုံးမသာမယာဖြစ်ကြမည်ကို စိုးမိသည့် အတွက် အားလုံးကို ဖူးမြော်ခွင့်ပေးလိုက်သည်။

အရေးထဲတွင် သုဘဒ္ဒပုရပိုဇ်ကလည်း ပြဿနာပေါ်လာသေးသည်။ သုဘဒ္ဒပရပိုဇ်သည် ထိုစဉ်က ကုသိန္နာရုံသို့ ခေတ္တရောက်နေဆဲဖြစ်၏။ ယနေ့၊ မဇ္ဈိမယံတွင် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံတော်မူမည်ကို ကြားလိုက်ရ သည့်အတွက် သူလည်း ဖူးမြော်လိုလှချည့်ဟုဆိုကာ မလ္လာမင်းမျိုးတို့နှင့်အတူ လိုက်ပါလာခဲ့သည်။ အမှန်အားဖြင့် သုဘဒ္ဒပရပိုဇ်သည် သာသနာ့ပြင်ပဇာတိ ရက အယူရှိသော တိတ္ထိတစ်ဦးဖြစ်သည်။

ယခုအချိန်အခါတွင် ရှင်တော်ဗုဒ္ဓအား မေးခွန်းတွေမေးနေလျှင် ရှင် တော်ဗုဒ္ဓသည် သူသဘောပေါက်အောင် ရှည်လျားစွာ တရားဟောနေရလိမ့် မည်။ သို့ဆိုလျှင် ပင်ပန်းရုံသာရှိတော့မည်ဟု ကျုပ်သဘောရသည်။ ထို့ကြောင့် ကျုပ်က သူ့ကိုတားလိုက်ရသည်။

"ငါ့ရှင် သုဘဒ္ဒ၊ ရှင်တော်သည် များစွာ ပင်ပန်းတော်မူပါပြီ၊ သင့်မေးခွန်းများဖြင့် ညှဉ်းဆဲခြင်းမပြုပါလင့်"

သုဘဒ္ဒသည် ကျုပ်ကိုသုံးကြိမ်သုံးခါတောင်းပန်သည်။ ကျုပ်ကလည်း သူတောင်းပန်တိုင်းငြင်းသည်။ ကျုပ်တို့ငြင်းခုန်သံကို မြတ်စွာဗုဒ္ဓကြားတော်မူ ၏။

"အာနန္ဒာ၊ သုဘဒ္ဒကို မတားလေနှင့်၊ သုဘဒ္ဒမေးလိုသော၊ သိလိုသော မေးခွန်းများကိုမေး၍ ငါသည် အဖြေကို ဖြေကြားလိမ့် မည်"

ဟု မိန့်သဖြင့် ကျုပ်လည်း ခွင့်ပြုလိုက်ရသည်။

ရှင်တော်ဗုဒ္ဓသည် သုဘဒ္ဒမေးသည့်မေးခွန်းတို့ကို ဖြေဆိုခြင်းမပြုဘဲ နိဗ္ဗာန်ရောက်ကြောင်းတရားတို့ကိုသာ ဟောတော်မူ၏။ သုဘဒ္ဒလည်း ရှင်တော်၏ အဆုံးအမတွင်တည်လေသည်။ သုဘဒ္ဒ ပရပိုဇ်သည် ဗုဒ္ဓရှင်တော်၏နောက်ဆုံး သာဝကဖြစ်လေသည်။

ကျုပ်သည် ဗုဒ္ဓရှင်တော်၏အနီးတွင် သင့်တော်သော နေရာမှ ခစား ကာ ဖူးမြော်လျက်ရှိသော်လည်း ရင်ထဲကမူ ပရိဒေဝမီးသည် တောက်လောင်လျက်ရှိနေပြီး၊ မျက်ရည်တို့ကိုတတ်နိုင်သမျှ ချုပ်တည်းထားသည့်တိုင် ဘယ်က ကျလာသည်မသိ။ ပါးပြင်ပေါ်သို့ မျက်ရည်တွေ တလိမ့်လိမ့်ဆင်းလာသည်ကို ကျုပ်သတိပြုမိတော့သည်။

"အာနန္ဒာ အဘယ်ကြောင့် ငိုသနည်း"

"မြတ်စွာဘုရားမရှိသည့်နောက် တပည့်တော်တို့ကို မည်သူ လမ်းပြပါမည်နည်း ဘုရား"

"ရတနာသုံးပါးကျန်ရစ်ခဲ့လိမ့်မည် အာနန္ဒာ"

"ထိုရတနာသုံးပါးသည် အဘယ်ပါနည်း အရှင်ဘုရား"

"ဘုရား၊ တရားနှင့် သံဃာတို့ဖြစ်သည် အာနန္ဒာ"

ဤသို့ မိန့်တော်မူပြီးသည်နှင့် မြတ်ဗုဒ္ဓသည် နောက်ဆုံးတရားကို ဟောတော်မူလိုက်သည်။

**"ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊ ရဟန်းတို့ သင်ချစ်သားတို့အဖို့ ငါဘုရားနောက်ဆုံး မိန့်ကြားတော်မူလိုသည်ကား [ဝယဓမ္မာသင်္ခါရာ] ပြုပြင်ပေးရသော သင်္ခါရတရားတို့သည် ပျက်စီး ခြင်းသဘောရှိကြကုန်၏။ [အပ္ပမာဒေန သမ္ပာဒေထ]မမေ့သော သတိတရားဖြင့် ချစ်သားတို့သည် ကိစ္စပြီးအောင် အားထုတ်ကြကုန်"**

ထိုသို့ မိန်တော်မူပြီးနောက် ဗုဒ္ဓရှင်တော်သည် ဈာန်သမာပတ်မှ ဝင်စားတော်မူသော ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့လေပြီ။

ရှင်တော်၏ ဦးခေါင်းသည် ဘေးသို့စောင်းကျသွားသည်ဟု ကျုပ်ထင်

လိုက်မိ၏။ ကုသိန္နာရုံနန်းမြို့ ဇဟိုရ်စည်မှ မစ္ဆိမယံကို ကြွေးကြော်ကြသည့် စည်တီးသံများ ကျုပ်ကြားလိုက်ရသည်။

ဆီမီးသည် ငြိမ်းခဲ့လေပြီ။ သို့ရာတွင် လရောင်၏ အရောင်အဝါသည် ထွန်းလင်းနေဆဲ။

အင်ကြင်းပွင့်တို့သည် ခြသေ့်မင်းတို့၏လျောင်းခြင်းဖြင့် လျောင်း လျက်ရှိသော ဗုဒ္ဓရှင်တော်၏ ကိုယ်ပေါ်သို့ ကြွေကျနေကြသည်။ အင်ကြင်းပွင့် တို့သည် ရှင်တော်ကို ပူဇော်နေသယောင် ကျုပ်အောက်မေ့မိသည်။

ထို့နောက် တိတ်ဆိတ်လျက် ကျုပ်သည် ထိုင်ရာမှထကာ ရှင်တော် လဲလျောင်းရာသို့ လာခဲ့ပြီးနောက် အင်ကြင်းပင်ခက်ကလေးတစ်ခက်ဖြင့် ရှင် တော်ဗုဒ္ဓ၏ မျက်နှာတော်ကို တို့ထိကြည့်သည်။

"အရှင်ဘုရား"

ကျုပ်ခေါ်ကြသည်။ သို့ရာတွင် ရှင်တော်၏ ကိုယ်ခန္ဓာအစုအဝေးတို့ သည် ချုပ်ငြိမ်းတော်မူခဲ့လေပြီ။

ထို့နောက်တွင် ကျုပ်တို့အားလုံး အုတ်အုတ်ကျက်ကျက် ငိုကြွေးသံ ကြီးကို ကျုပ်ကြားလိုက်ရသည်။

ဆီနှစ်၍ မီးရှို့လိုက်သော ကြိုးတစ်ချောင်း၌ မီးတောက်သည် လျင်မြန် စွာ လောင်ကျွမ်းသွားသကဲ့သို့ ဗုဒ္ဓရှင်တော်ပရိနိဗ္ဗာန်ဝင်စံတော်မူပြီဆိုသည့် သတင်းသည်လည်း ကုသိန္နာရုံတစ်ပြည်လုံး ပျံ့နှံ့သွားတော့သည်။

နောက်တစ်နေ့မိုးသောက်တွင် ကျုပ်သည် ကုသိန္နာရုံမြို့တွင်းဝင်၍ ဘုရားရှင်ပရိနိဗ္ဗာန်ဝင်စံတော်မူသည့်အကြောင်းကို မလ္လာမင်းတို့ထံ တရားဝင် အကြောင်းကြား၏။ ကုသိန္နာရုံမှ မလ္လာမင်းတို့သည် ထိုသတင်းကို ကြားသည့် ခဏတွင် ဖြေမဆည်နိုင်လောက်အောင် ငိုကြကုန်၏။

ဘုရားရှင်၏ ကိုယ်တော်ကို လွှမ်းရန် သင်္ကန်းအစုံငါးရာကို လှူဒါန်း လိုက်ကြလေသည်။ ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် (၇)ရက် မြောက်သောနေ့တွင် ကျုပ်တို့သည် ရှင်တော်၏ ဥတုဇရုပ်ကလာပ်ကိုကုသိန္နာရုံ မြို့သို့ ပင့်ဆောင်လာခဲ့ပြီးနောက် ဘိသိက်ဆောင်တွင်ထား၍ပူဇော်ကြပြန်သည်။

မင်းညီမင်းသား၊ စစ်သား၊ ကုန်သည်၊ သူဌေးသူကြွယ်၊ လယ်သမား စသည့် အတန်းအစားမရွေးလာရောက်ပူဇော်ကြကုန်၏။

ထိုသို့အလောင်းတော်ကို ပင့်ခဲ့ရာတွင် လမ်းတစ်လျှောက်၌ ပန်းနံ့သာ တို့ဖြင့် ပူဇော်ကြသူများ၊ တူရိယာဂီတဖြင့် ပူဇော်သူများ၊ သံဝေဂကထာတို့ဖြင့် ပူဇော်သူများဖြင့် ပြည့်နှက်နေကြ၏။

မလ္လာမျိုးနွယ်တို့သည် ရှင်တော်၏အလောင်းကို ဆီမွှေးတို့ဖြင့် ပက်

ဖျန်းကာ ရွှေတလားတွင်ထည့်၏။ ထို့နောက် နံ့သာထင်းပုံပေါ်တွင် မီးပူဇော်ရန်စီမံကြသည်။

အလောင်းတော်ကို မီးပူဇော်ခြင်းဖြင့် ကိစ္စပြီးသည့်နောက်တွင် မလ္လာမင်းတို့သည် ရွှေတလားကို ဖွင့်ကြည့်၏။ အထဲတွင် ပြာမှုန့်၊ မီးသွေးစသည် တို့ကို မတွေ့ရ။ ပုလဲသွယ်ကဲ့သို့ တောက်ပနေသော အရိုးတော်နှင့် သွားတော် များကိုသာ မြင်ကြရသည်။

ထိုအခြင်းအရာများသည် လွန်ခဲ့သော (၁၅)နှစ်ခန့်က ဖြစ်ပျက်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုအချိန်၌ ကျွန်ုပ်ပင်လျှင် အိုမင်းမစွမ်းခါးကိုင်းစပြုလေပြီ။ ကျုပ်သည် ဤလောကတွင် ကြာကြာနေရတော့မည် မဟုတ်ပါ။ ကျုပ်သည် လည်း လောကီကို ငြီးငွေ့ကာ သံသရာမှ လွန်မြောက်လိုပါပြီ။ ရှင်တော်ဗုဒ္ဓ သည် လူများအပေါင်းတို့ကို သံသရာဝဋ်ဘေးမှ ကယ်တင်ရန် ကြွလာခဲ့သည်။ ရှင်တော်ဗုဒ္ဓကို မြင်သူအပေါင်းတို့သည် မေတ္တာသက်ဝင်ယုံကြည်သူတို့ဖြစ်ကြ ၍ မမြင်သူတို့သည် မျက်စိကွယ်သူများဖြစ်ကြကုန်၏။

ရှင်တော်ကြွလာစဉ်က ကမ္ဘာလောကကြီးတစ်ခုလုံးသည် အုန်းအုန်း ကျွတ်ကျွတ်ဖြစ်ကာ ရှင်တော်မြတ် ပရိနိဗ္ဗာန်ဝင်စံတော်မူသည့်အခါတွင် ယူကျုံး မရဖြစ်ခဲ့ကြသည်။

ရှင်တော်ဗုဒ္ဓနှင့် ကျုပ်သည် ငယ်ငယ်ကတည်းက အတူတူနေခဲ့ကြ၏။

မင်းသားဘဝက နှင်းမှုန်ဖုံးသော ဟိမဝန္တာတောင်ရိပ်မှ စိမ်းသောတော ထဲတွင် မြင်းစီးခဲ့ကြသည်။ ကျုပ်နှင့်အတူ မြင်းစီးခဲ့၊ ကစားခဲ့၊ စကားပြောခဲ့ သော နောင်တော်သိဒ္ဓတ္ထသည် ဘုရားစင်စစ်ဖြစ်တော်မူခဲ့ပြီ။ ရှင်တော်သည် ပရိနိဗ္ဗာန်ပြုပြီးသည့်နောက် ကျုပ်တို့နှင့်အတူရှိနေသည်ဟု ကျုပ်၏ စိတ်ထဲ တွင် ထင်နေသည်။ ကျုပ်တို့ထံသို့ ကြွလာတော်မူဦးမည်ဟုလည်း ထင်နေဆဲ ဖြစ်၏။

ကျုပ်သည် ရှင်တော်ဗုဒ္ဓအကြောင်းကို ကျုပ်သိသလောက်ရေးပြခဲ့ပြီး လေပြီ။ ရဟန်းတို့ ဝါရွှေသော သင်္ကန်းတော်ကို မမိုတ်မသုန် စောင့်ကြည့်ကြ ကုန်၏။ ရှင်တော်ဗုဒ္ဓသည် ယခင်ကကဲ့သို့ ဝါရွှေသောသင်္ကန်းကိုဆီး ကာ ကျုပ်တို့ထံသို့ လာဦးမည်ဟု လူအများက မျှော်လင့်နေကြသည်မဟုတ် လော။ ရှင်တော်ဗုဒ္ဓသည် သတ္တဝါအများကို ရင်ဝယ်သားကဲ့သို့ ယုယပိုက်ထွေး ကာ သံသရာမှလွတ်မြောက်ရာ လမ်းကြောင်းအတွက် ကယ်တင်ရန် ကြွချီတော် မူခဲ့လေသည်။ ဤသို့ပင်ကြွချီတော်မူလာဦးမည်ဟု အများက ယုံကြည်စွဲမှတ်နေ ကြပြီ မဟုတ်လော။

"အို ရဟန်းတို့၊ ဝါရွှေသော သင်္ကန်းကို မမိုတ်မသုန် စောင့်မျှော်

www.burmeseclassic.com


ကြည့်ကြကုန်၊ ဗုဒ္ဓအရောင်တော်ကို အရဟံနှင့် ဆည်းဆာတို့တွင် ကြည့်ကြကုန်၊ အရဟံနှင့် ဆည်းဆာတို့သည် ရှင်တော်ဗုဒ္ဓ၏ ဓမ္မအောင်လံများ မဟုတ်ပေလော။

"အို ရဟန်းတို့၊ သင်တို့၏ ကညစ်ပေတို့ကို ချကာ ကျန်ရစ် သော မွေ့သရီဓာတ်တော်၊ ဆင်းတုတော်တို့ကို ပူဇော်ကြကုန်"

ဗုဒ္ဓဝမ်းကွဲညီတော်ဖြစ်၍ နှစ်လိုသူဟု အဓိပ္ပာယ်ရသော ကျုပ်အာနန္ဒာသည် ဤမှတ်တမ်းကို ရေးပြီးခဲ့လေပြီ။ ရှင်တော်သည် ပန်းကုံးတို့ဆင်ယင်လျက် တောင်ထွတ်တို့၏ ငြိမ်းချမ်းခြင်းကို ယူဆောင်ကာ လူ့လောကကြီးထဲ သို့ မည်သို့မည့်ပုံဝင်ရောက်လာကြောင်းကို နှောင်းလူတို့ သိစေခြင်ငှာ ရေးခဲ့ ပြီးပြီ။

သစ်ရွက်ကြွေသကဲ့သို့လည်းကောင်း၊ သစ်ခေါက်တို့ ညှိုးနွမ်းသကဲ့သို့လည်းကောင်း၊ ပန်းလွှာတို့ နွမ်းရသကဲ့သို့လည်းကောင်း၊ ရှင်တော်ဗုဒ္ဓသည် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့လေပြီ။ သို့ရာတွင် ရှင်တော်ဗုဒ္ဓသည် ကမ္ဘာလောကကြီး တစ်ခုလုံးကို ငြိမ်းချမ်းစေရန်အတွက်လည်းကောင်း၊ လူအပေါင်းတို့အား သံသရာဘေးမှ လွတ်မြောက်ရန်အတွက်လည်းကောင်း တင့်တယ်သော အသရေဖြင့် ကြွတော်မူလာချေသည်။ ကြွတော်မူလာချေဦးမည်။

ရှင်တော်ဗုဒ္ဓ၏ လက်တော်၊ မျက်နှာတော်၊ နှလုံးတော်၊ မျက်လုံးတော်တို့တွင် မေတ္တာဓာတ်သည် ထာဝစဉ်ထွန်းလင်းလျက်ရှိနေပေလိမ့်မည်။

ဘုရားရှင်ကို ဖူးမြော်ပူဇော်နိုင်ရန် ရှင်တော်ဗုဒ္ဓချမှတ်ပေးခဲ့သော မဂ်လမ်းကို လိုက်နိုင်ရန်အတွက် မမိုတ်မသုန်ကြိုးပမ်းအားထုတ်ကြကုန်ရာ၏။

**မြသန်းတင့်**